www.burmeseclassic.com

ရှုမျှား စာပေ

# ရှုမျှား



# ကြာတော့သည်လည်း

မောင်စတား

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**တို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | တို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | တို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | တို့အရေး |

စည်းကမ်းလိုက်နာ သောကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ သောကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

# ဂျူး

## ကြာတော့သည်လည်း မောင့်စကား

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ်၊ ၁၉၉၇ ခု၊ စက်တင်ဘာလ
စာမူခွင့်ပြုချက်အမှတ် - ၃၆၆/၉၇ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈၀/၉၇ (၈)
နိုဗ်

၂၀၀၀ အုပ်
**အုပ်ရေ**
ပိုပို
**ကွန်ပျူတာစာစီ**
ပိုးကွန်မျူတာ
၁၈၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ၊ ဖုန်း ၅၄၄၂၉၁
**မျက်နှာဖုံးဖလင်**
CONQUEROR
**အတွင်းဖလင်**
ဦးထွန်းဆိုင်
**ထုတ်ဝေသူ**
ဦးတင်အုန်း (မြ ၀၉၄၃)၊ မိုးမင်းစာပေ
၉၃၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်၊ သဃ်န်းကျွန်း
**မျက်နှာဖုံးပုံနှိပ်**
သိန်းမြင့်ဝင်းအော့ဖ်ဆက် (၀၂၀၉)၊
၉၆/၁၊ ၁၁ လမ်း၊ ရန်ကုန်
**အတွင်းပုံနှိပ်**
ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ
**စာအုပ်ချုပ်**
ကိုမြင့်

ည ရှစ်နာရီပတ်ဝန်းကျင်တွင် မိုးဖွဲကလေးများ စဘင်ကျရောက်လာခဲ့သည်။ ပြတင်းမှန်မှတစ်ဆင့်ဖြတ်၍ မိုးဖွဲမိုးမှုန်ကလေးများ ကြဲပက်ဖြေးလွှားနေသည်ကို အမှတ်မထင် မြင်ရသည်။

ဘင်္ဂလားပင်လယ်အော်တစ်နေရာ၌ သူသည် သုညဒီဂရီအောက် အအေးပိုကဲသော အအေးခန်းထဲသို့ ငါးခြင်းတောင်းများ သယ်ချနေချိန် ဖြစ်နိုင်သော်လည်း မန္တလေးမြို့မှာတော့ သူမ၏ ညနေခင်းတာဝန် ပြီးဆုံးချိန်ဖြစ်လေသည်။ ည တာဝန်ယူမည့် အလုပ်သင်ဆရာဝန်က ညရှစ်နာရီထိုးရန် နှစ်မိနစ်အလိုတွင် ရောက်လာသောအခါ သူမသည် သတိလစ်မေ့မြောနေသော လူနာအား အထရိုပင်း ထိုးဆေးငါးလုံး စုပေါင်း၍ ထိုးပေးနေဆဲဖြစ်၏။ သူမ စိတ်ပေါ့ပါး လွတ်လပ်စွာ သူငယ်ချင်းကို ပြုံးပြနှုတ်ဆက်လိုက်၏။ သူ မလာ၊မချင်း ဂျူတီလဲရန် စောင့်နေရမည့်တာဝန်မှ လွတ်ကင်းသွားလေပြီ။

ဂျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"တင်တင်ဇော်. . . နှင် ညက နိုက်ဂျူတီလားလို့"

"အေးလေ"

"ဟာ. . . နေ့လယ်ကလဲ နင် မအိပ်ရဘူးပေါ့"

သူမ ကိုယ်မှာဝတ်ထားသည့် ပိုးသတ်ထားသော အစိမ်းရင့်ရောင်ဝတ်ရုံကြီးကို ဆွဲချွတ်ရင်း သူမ ရယ်မောလိုက်သည်။

"အေးဟာ. . . နေ့လယ်မအိပ်ရတာ ကိစ္စမရှိဘူး၊ ဒီနေ့ နောက်ဆုံးပြတဲ့ ဒရိုက်ဘာဇာတ်ကား လွတ်သွားတာ နာတာပဲ၊ ငါက ဒီနေ့နေ့ပွဲကြည့်မလို့ အားခဲထားတာ၊ ဂျူတီရိုး(စ်)တာကို ဘယ်သူဆွဲတာလဲမသိဘူး၊ ငါ့ကို ဒီမှာ အီးဗနင်းဂျူတီ ထပ်ထည့်ပေးထားတယ်လေ"

သူငယ်ချင်းက ကိုယ်ချင်းစာသလို ပခုံးတွန့်လျက် သူ့မျက်နှာအောက်ခြေတွင် နှာခေါင်းစည်းကို သွက်လက်စွာ တပ်လိုက်သည်။ ထို့နောက် ဗီရိုထဲမှ ပိုးသတ်ပြီးသော ဝတ်ရုံအသစ်တစ်ထည်ကို ထုတ်၍ ဝတ်ဆင်ရန် ပြင်သည်။ သူမကတော့ စားပွဲပေါ်မှ သူမဖတ်လက်စ စာအုပ်ကလေးကို ကောက်ယူ၍ ပခုံးလွယ်သော လက်ပွေ့အိတ်ထဲ ထည့်လိုက်သည်။ စာအုပ်မှာ မောင်သာနိုး ဘာသာပြန်သော မာယာကော့ဗ်စကီး၏ 'ဘောင်းဘီဝတ်မိုးတိမ်'ဖြစ်လေသည်။

"ကဲ. . . သန်းအောင် ငါသွားတော့မယ်၊ဩော်. . . ဆရာတွေ့ ဒီကို ညရှစ်နာရီခွဲလောက် ရောင်း(ဒ်)လှည့်လာမယ် ပြောတယ်၊ ချာ့(တ်)ထဲမှာ ငါ ရှစ်နာရီအချိန်အထိ ရေးဖြည့်ပြီးသား၊ အခြေအနေဘာမှမထူးခြားသေးဘူး"

"အေး. . . အေး"

"ဒီညဂျူတီမှာ နင် ကံကောင်းပါစေ"





အပြင်စင်္ကြံသို့ထွက်၍ သူမ စီးထားသော ပိုးသတ်ထားသည့် ရာဘာဖိနပ်ကိုချွတ်ကာ ခွာမြင့်ဖိနပ်ကလေးကို လဲစီးလိုက်သည်။ "အိုင်၊ စီ၊ ယူ" ဟု အတိုကောက်ခေါ်သော 'အထူးကြပ်မတ်ကုသဆောင်'၏ အုတ်လှေကားထစ်များမှ ဆင်းလိုက်သောအခါ အောက်ထပ် အရိုးကုဆောင်(အသစ်)သို့ရောက်လာ၏။ ကျောက်ပတ်တီးစည်းထားသော လက်များ၊ ခြေထောက်များ၊ အုတ်နှိုခဲ ဆွဲထားသော ခြေထောက်များ၊ စက်သီးဖြင့် မြှောက်ချိတ်ထားသော ခြေထောက်များကို အကျင့်ပါနေသော မျက်စိဖြင့် ဝေ့ခနဲ ကြည့်လိုက်ပြီးမှ အပြင်ဘက် အုတ်လှေကားထစ်ကို ဆင်းလိုက်သည်။

လူနာဆောင်ထဲက မီးရောင်တစ်ဝက်တစ်ပျက်အောက်တွင် မိုးရွာထားသဖြင့် ပြောင်လက်စိုစွတ်နေသော ကျောက်စရစ်လမ်းကို မြင်ရသည်။ ပတ်ဝန်းကျင်သည် အနည်းငယ် စိမ့်အေးလာပြီဖြစ်သည်။

မှောင်မည်းနေသော ဘိုကတော် မျက်ခုံးပင်တန်းဆီသို့ အကွေ့တွင် တစ်ယောက်ယောက်က တင်တင်ဇော်ကို စောင့်ကြည့်နေသလို စိတ်မသိုးမသန့် ဖြစ်လာသည်။ အဓိပ္ပာယ်မရှိတာ. . .။ သို့သော် ထိုအပင်တန်းဆီမှ လူရိပ်သဏ္ဌာန်တစ်ခု လှုပ်ရှားသွားသည်ကိုတော့ တကယ်မြင်လိုက်ရသည်။ သူမအနီးမှ စက်ဘီးဖြင့် ဖြတ်သွားသူများ ထမင်းချိုင့် ဓာတ်ဘူးများ ဆွဲလျက် လမ်းလျှောက်သွားကြသူများဖြင့် အသက်ဝင် လှုပ်ရှားနေသော ဆေးရုံကြီးဝင်းအတွင်းမို့ သူမဘာကိုမှ မကြောက်ပါ။ အိမ်ပြန်ရောက်လိုဇောဖြင့် ဖျားနာဆောင်(၁)နား ဆင်ဝင်အောက်မှ ခပ်သွက်သွက် ဖြတ်လျှောက်လာခဲ့သည်။ သို့သော် သူမနောက်မှ တစ်ယောက်ယောက် ကပ်လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်လာပြန်၏။ ကျောထဲကစိမ့်လာပြီး အန္တရာယ်ကို ရင်ဆိုင်ပစ်လိုသော ဆုံးဖြတ်ချက်ဖြင့် နောက်လှည့်ကြည့်လိုက်သည်။

ဆင်ဝင်မျက်နှာကြက် မီးလုံး၏ ဖျော့တော့သော မီးရောင်ဖြင့် သူမ မြင်လိုက်ရသူမှာ ဘယ်လိုမှ မျှော်လင့်မထားသောသူတစ်ဦး ဖြစ်၏။

"မိဇော်. . ."

သူမရှေ့တွင် လူငယ်တစ်ဦး ရပ်နေ၏။ အနီးကပ်၍ ရပ်နေသည်ဖြစ်သောကြောင့် သူမက မော့ကြည့်မှ နူးညံ့စွာ ပြုံးနေသော မျက်နှာကို မြင်ရသည်။ ရှည်မြင့်သော အရပ်အမောင်းနှင့် လိုင်းများသဖွယ် ဝေ့ဖွာသော ဆံပင်မတိုမရှည်အောက်မှာ သူမကို အမြဲတမ်း နှစ်သိမ့်ခဲ့သော အပြုံးမျက်နှာတစ်ခု ရှိနေသည်။

"ကြည့်စမ်း စောစောကလေးကကို နင့်ကို ငါ သတိရနေသေးတယ် သိလား"

"ဟုတ်ရဲ့လား. . ."

သူ့နှုတ်ခမ်းမှ လန်းဆန်းသော အပြုံးကြောင့် မျက်ခုံးမွှေးမွှေးအောက်မှ အနည်းငယ် ကျဉ်းသလိုရှိသော သူ့မျက်လုံးသေးသေးကလေးများ မယုံကြည်နိုင်လောက်အောင် တောက်ပသွားသည်။ အရောင်ဖြူဖျော့နေသော ဂျင်းဂျာကင်၏အောက်၌ အကွက်ကျဲကျဲ ရှပ်အကျႌကို သူ ဝတ်ထားသည်။

"နင် ဘယ်အချိန်က ရောက်နေတာလဲ၊ ငါ့ကိုလဲမခေါ်ဘူး။ အသံမပေး ဘာမပေးနဲ့၊ နင် တော်တော်ဆိုးတာပဲ"

သူ ဘာမှ ပြန်မပြောဘဲ ဂျာကင်အကျႌအောက်အိတ်များထဲသို့ လက်နှစ်ဘက် ထည့်ထားရင်း သူမကို ပြုံးကြည့်နေ၏။





"အတော်ပဲဟယ် ဒီကနေ့ည နင့်ကို မြင်လိုက်ရတာ ငါ ဘယ်လို စိတ်ချမ်းသာသွားမှန်းမသိဘူး"

"ဘာဖြစ်လို့လဲ"

"ငါ ရုပ်ရှင် ညပွဲ သွားကြည့်ချင်နေတာ အဖော်မရှိလို့ဟ၊ မနက်ဖြန်ဆို ကားလဲတော့မှာ"

သူ့အပြုံးက အနည်းငယ် လျော့သွားသည်။ ပြောပြီးပြီးချင်း သူမ နောင်တရသွား၏။ သေတော့မှာပဲ...ဒါထက် လေးနက်တဲ့ စကားတစ်ခုခု ပြောသင့်လျက်သားနဲ့၊ ဘာဖြစ်လို့များ ရုပ်ရှင်ကြည့်ဖော်အဖြစ် ဝမ်းသာပြမိပါလိမ့်။ သူ့မျက်နှာမှာ အရိပ်တစ်ခု ဖျတ်ခနဲ ထင်သွားပြီး ချက်ချင်း ပြန်ပျောက်ကွယ်သွား၏။ မြန်ဆန်လွန်းသောကြောင့် သူ့မျက်နှာအရိပ် အကဲကို သူမ မဖမ်းမိလိုက်ပါ။

"ငါ မန္တလေးကို ခုနစ်နာရီခွဲဆိုက်တဲ့ ရထားနဲ့ ရောက်လာတယ်၊ နင့်အဆောင်ကို ငါသွားတယ်၊ နင် ဆေးရုံက ညရှစ်နာရီမှ ထွက်ရမယ်လို့ ပြောလိုက်တယ်။ ငါဦးလေးအိမ်မှာ အိတ်တွေ ပစ္စည်းတွေချပြီး အခု ပြန်ထွက်လာတယ်။ နင့်ကို တွေ့ချင်လွန်းလို့ ရေတောင် မချိုးခဲ့နိုင်ဘူး။ ဖျားနာဆောင်(၃)ကို သွားတယ်။ နင်နဲ့ မတွေ့ဘူး၊ နင် အထူးကြပ်မတ်ကုသဆောင်မှာဆိုလို့ ငါ မေးစမ်းပြီး ရောက်လာတယ်။ ရှစ်နာရီထိုးပြီး ငါးမိနစ်မှာ နင့်ကို လူနာဆောင်ထဲက ထွက်လာတာမြင်ရတယ်။ နင့်ကိုတွေ့လိုက်ရလို့ ငါ ဘယ်လောက်ပျော်သွားတယ်ဆိုတာ နင် ဘယ်တော့မှ နားလည်မှာမဟုတ်ဘူး။ နင်က ရုပ်ရှင်ကြည့်ဖို့ အဖော်ရောက်လာလို့ ဝမ်းသာအားရ ဖြစ်သွားတာပဲ"

တစ်လုံးချင်း ပြောနေသော သူ့အသံမှာ နာကြည်းဟန်လည်းမပါ။ သို့သော် နှစ်ပေါင်းများစွာ ရင်းနှီးလာခဲ့သူမို့ လျော့ရဲ



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမျက်လုံးများတွင် ဝမ်းနည်း နောင်တရိပ်ကို သူမ သတိထားလိုက်မိသည်။

"မဟုတ်ဘူးလေ. . . ငါ ပြောချင်တာက. . ."

"ဟုတ်ပါတယ်၊ နှင်ပြောချင်တာက အခု ညပွဲ ရုပ်ရှင်သွားကြည့်ချင်တယ်။ အဖော်လိုနေတာ ငါရောက်လာတာနဲ့ အဆင်သင့်ဖြစ်သွားတယ်၊ ဟုတ်တယ် မဟုတ်လား၊ သာ. . . ငါလိုက်ပို့မယ်"

သူ ချာခနဲ နောက်လှည့်ထွက်၏။

"အို. . . နေဦးလေ"

သူက ခြေလှမ်းရပ်၍ လှည့်ကြည့်သည်။ ထိုအခါကျမှ သူ့လက်ထဲမှာကိုင်ထားသော ပန်းစက္ကူဖြင့် ထုပ်ထားသည့် ပက်ကင်ထုပ်တစ်ထုပ်ကို မြင်မိလေသည်။

"ရုပ်ရှင်သွားကြည့်မယ်ဆိုလဲ အိမ်ရှင်အန်တီကို အကျိုးအကြောင်းပြောပြီး ခွင့်တောင်းရဦးမယ်လေ။ နောက်ပြီး ငါ ထမင်းမစားရသေးဘူး၊ နှင်ရော ဘာမှမစားရသေးဘူး မဟုတ်လား"

"အေး"

"လိုက်ခဲ့လေ၊ အတော်ပဲ ဒီကနေ့ ငါ ထမင်းချက်ချိန်မရတာ နှင် ကံကောင်းသွားတယ်၊ ဆိုင်က ဝယ်ကျွေးရတော့မှာ"

အနည်းငယ် လျော့ရဲသော အပြုံးက ချက်ချင်း ရယ်မြူးသွား၏။ သူမ သိလိုက်သည်။ ဒါ လှောင်ပြောင်တဲ့ အပြုံးပဲ။

"နှင်က ထမင်းကိုယ်တိုင် ချက်စားသလား၊ တော်တော်ချက်တတ်နေပြီပေါ့"

"မလှောင်နဲ့"

သူမ ရှက်ပြုံးဖြင့် ခေါင်းယမ်းလိုက်မိသည်။ တကယ်ဆိုတော့ သူမသည် မိန်းကလေးဖြစ်ပေမယ့် သူ့လောက် အချက်အပြုတ်





ကျွမ်းကျင်သူ မဟုတ်ပါ။ သူမတို့နှစ်ယောက် ဆေးရုံအပြင်ဘက် ပလက်ဖောင်းအတိုင်း အဆောင်ရှိရာ အရှေ့ဘက်သို့ လျှောက်လာခဲ့ကြသည်။ လမ်းဘေးဝသည့် ခါတိုင်းညများလိုပင် စက်ဘီးများ၊ မြင်းလှည်းများ ရှုပ်ထွေးဆူညံနေသည်။

"နေပါဦး၊ နှင့်အဆောင်က ဘယ်အချိန် နောက်ဆုံးထားပြီး ဝင်ရမှာလဲ၊ ရုပ်ရှင်ကြည့်ရင် ညဉ့်နက် မနေဘူးလား"

"ရပါတယ်ဟာ၊ အန်တီက သဘောကောင်းပါတယ်"

သူကတော့ အပြစ်မဲ့ဆိုတတ်သော အစ်ကိုတစ်ယောက်လို ရယ်မောနေလေသည်။ အင်း. . . တကယ်ဆို သူ ခရီးပန်းလာမှာပဲ။ တစ်နေ့လုံး ရထားစီးလာရတာ စောစောစီးစီး အိပ်ချင်မှာပေါ့။ နောက်ပြီး ရေလည်း မချိုးရသေးဘူးတဲ့။ ငါ သူ့ကို ရုပ်ရှင်ရုံထဲခေါ်ပြီး စိတ်ညစ်ခိုင်းဖို့ မကောင်းဘူး။

"ငါတို့ ခိုင်ရွှေဝါမှာပဲ စားလိုက်ရအောင်ဟာ. . . နော်"

"ရပါတယ် မိဇော်ရာ. . .ငါကဖြစ်ပါတယ်၊ နှင့်သဘောပါ"

သူမတို့နှစ်ယောက် လူရှင်းသည့် ထောင့်စွန်းစားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်ကြသည်။ လင်းထိန်နေသော ဖန်ချောင်းမီးရောင်အောက်တွင် ဖွာကြဲနေသော ဆံပင်လှိုင်းကလေးများကို သူမ အမှတ်တမဲ့ ငေးကြည့်နေမိ၏။ ထို့နောက် မေးခွန်းတစ်ခုကို မေးလိုက်သည်။

"နှင် မန္တလေးကို ဘာလာလုပ်တာလဲ"

သူက ပါးစပ်ကိုစေ့၍ ပြုံးရင်းက သူ့လက်ထဲမှ ပက်ကင်ထုပ်ကို မြှောက်ပြသည်။

"အဲဒါ ဘာလဲဟင်"

"မွေးနေ့လက်ဆောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . .ဘယ်သူ့မွေးနေ့လဲ၊ဘယ်သူ့အတွက်. . .အို. . ."

တင်တင်ဇော် ကိုယ့်ကိုယ်ကို စိတ်ဆိုးစွာ စကားကိုရပ်လိုက်၏။ ဘုရားရေ. . . ဒီနေ့ ငါ့မွေးနေ့ပါလား၊ ဧသေလိုက်စမ်းပါတော့။ ကိုယ့်မွေးနေ့ ကိုယ်တောင် သတိမရအောင် ဘာအတွေးတွေများ ကြီးစိုးနေရပါလိမ့်။ သူမ နဖူးကို ဖျတ်ခနဲ ကိုယ်ဘာသာ ရိုက်ရင်း ရယ်မောပျော်ရွှင်မိလေသည်။ နောက်မှ သူ့ကို တအံ့တဩ လှမ်းကြည့်မိ၏။

"ဒီမွေးနေ့လက်ဆောင်လေး ပေးဖို့အတွက် ရန်ကုန်ကနေလာခဲ့တာလို့တော့ မပြောဘူး မဟုတ်ဘူးလားဟင်"

ပြုံးရယ်နေသော သူ့မျက်နှာမှာ တည်ငြိမ်သွား၏။ ခရင်ရောင်ပန်းစက္ကူဖြင့် ထုပ်ထားသော အထုပ်ပေါ်မှ ဖဲကြိုးအဖြူကလေးကို လက်ညှိုးနှင့်ထိရင်း သူမကို ငြိမ်သက်စွာ စိုက်ကြည့်နေသည်။ သူ့ကိုပြန်စိုက်ကြည့်သော တင်တင်ဇော်၏ မျက်လုံးများကို ရှောင်ဖယ်လိုဟန်ဖြင့် လာချသော ဟင်းချိုပန်းကန်မှ တစ်ဇွန်းယူသောက်၏။ ထို့နောက် ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

"ငါတို့သင်္ဘော ဘိတ်(မြိတ်)ကိုရောက်တော့ စက်တင်ဘာ ၁၅ ရက်နေ့၊ နင့်မွေးနေ့က စက်တင်ဘာ ၂၀ ရက်နေ့ဆိုတော့ နီးနေပြီလေ။ တစ်ခါတစ်လေတော့ နင့်ကို မွေးနေ့လက်ဆောင်လေးဘာလေး ပေးချင်စိတ်ပေါက်လာလိမ့်မယ်လို့များ နင် မတွေးမိဘူးလား ဇော်"

တစ်ခါတစ်လေ...။ ဟုတ်ပါရဲ့ တစ်ခါတလေတော့ သူသည် တင်တင်ဇော်၏ မွေးနေ့ကို အမှတ်တရ ရှိတတ်ပါသည်။ သို့သော် ဤကဲ့သို့ အမှတ်ရသည့် အချိန်မျိုးမှာ သူမတို့နှစ်ယောက်တစ်မြို့တည်းနေသည့် ကာလများတွင်သာ ဖြစ်တတ်ပါသည်။ ယခုလို တစ်မြို့စီနေကြသည့်အချိန်မျိုး၌ သူမ၏ မွေးနေ့ကို သတိတရရှိဖို့တော့ တော်တော်





ခဲယဉ်းပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် သူမကိုယ်တိုင် မေ့ထားခဲ့သော သူမ၏မွေးနေ့ကို သူက သတိတရရှိသည့်အတွက် ရင်ထဲမှာ မဖော်ပြနိုင်လောက်သော ကျေနပ်နှစ်သိမ့်မှုမျိုးဖြင့် လှုပ်ခတ်နေတော့သည်။

ဆန်ခေါက်ခွဲအပြား ပန်းကန်များ လာချသောအခါ သူက ဘိတ်ဆိတ်စွာ စတင်စားလေသည်။ သူ့ကို ကြည့်ရင်း တင်တင်ဇော်က အားမလို အားမရ ဖြစ်လာသည်။ ရွှန်းရွှန်းဝေအောင် ရယ်မော စကားဆိုတတ်သော လူငယ်တစ်ယောက် နှစ်နှစ်အတွင်း အငြိမ်သက်ကြီး ငြိမ်သက်သွားအောင် ဘယ်အရာကများ ပြုလုပ်လိုက်တာလဲ။

"ကဲ. . .အလျှင်တစ်ခါ ငါ ထည့်လိုက်တဲ့စာကို မပြန်ဖြစ်တဲ့ အကြောင်းပြချက်ကလေး တစ်ခုလောက် ငါ့စိတ် ကျေနပ်အောင် ပေးစမ်းပါဦး"

သူက တူကို ပန်းကန်ပေါ် အသာချလျက် သူမကို ဖျတ်ခနဲ လှမ်းကြည့်၏။

"နင်ကလဲဟာ တစ်လတည်းမှာ ငါ သင်္ဘောနှစ်ခါ ထွက်ရတယ်၊ တစ်ခါသွားရင် ၁၀ ရက်လောက်ကြာတယ်။ နင့် စာဖတ်ပြီး သင်္ဘော ပြန်ထွက်ရတာပဲ။ ငါ ရေထဲကနေ ဘယ်လိုလုပ် စာပြန်နိုင်မလဲ။ ဒါ နင်ကျေနပ်အောင်ပေးတဲ့ အကြောင်းပြချက် မဟုတ်ဘူး။ အမှန်အတိုင်းပြောတာ"

ထုံးစံအတိုင်း သူက အလျှင် စိတ်တိုပြန်လေသည်။ သူ့ရှပ်အင်္ကျီအိတ်ထဲတွင် မရမ်းရောင် ပလတ်စတစ်ဘီး အတိုကလေးကို တစ်စွန်းတစ်စ မြင်နေရသည်။ သူက ဟိုတုန်းကတည်းက ဘီး မပါလျှင် လမ်းသွားတတ်သူ မဟုတ်။

"နင့်မွေးနေ့လက်ဆောင်ကို နင့်ရှေ့မှာ ငါ ဖွင့်ကြည့်ခွင့်ရမလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လေ၊ လျှို့ဝှက်သည်းဖို ပစ္စည်းမှ မဟုတ်တာ"

သူမ အသံထွက်ရယ်မောရင်း သူလှမ်းပေးသော ကတ်ဘူးကို လက်ထဲမှာ ဆကြည့်လိုက်သည်။ သိပ်လေးပင်သော ပစ္စည်းတော့ မဟုတ်။ စာတန်းအဖြူကလေးတစ်ခု ကပ်ထားသည်။ 'ဇော့်အတွက် ၂၅ နှစ်မြောက် မွေးနေ့လက်ဆောင်၊ ၂၀-၉-၈၃' တဲ့။ လှပစွာပန်းပွင့်ဖတ် ဖော်ထားသော ဖဲပွင့်ကလေးပါလား။

"ဒါ နင့်ဘာသာနင် စည်းတာပေါ့လေ၊တော်လှချည်လား"

"ဒီလောက် မတုံးစမ်းပါနဲ့ ဇော်၊ ရန်ကုန်မှာ ပက်ကင်ထုပ်လုပ်ပြီးသား စက္ကူဘူးရောင်းတဲ့ ဆိုင်တွေ အများကြီး၊ နင့် ကတ်ဘူးကို အဲဒီအတိုင်း မ,'ဖွင့်လိုက်လို့ ရတယ်။ ဒါပေမယ့် နင် ရုပ်ရှင်ကြည့်ဦးမှာဆို၊ အပြန်မှ ဖွင့်ကြည့်ပါလား၊ မမီဘဲ နေဦးမယ်"

သို့သော် သူမ ဖွင့်ကြည့်ပြီး ဖြစ်နေပြီ။

"ဟင့်အင်း ငါ ရုပ်ရှင် မကြည့်တော့ဘူး"

အထဲမှာ သူမ တစ်ခါမှမသုံးဘူးသည့် အမျိုးသမီးအလှပြင်ပစ္စည်း သုံးလေးခုကို တွေ့ရသည်။ နီဗီယာစနိုးဘူး အလတ်စားတစ်ဘူး၊ သွားတိုက်ဆေးလိုညစ်ဘူး အသားရောင်လှလှလေးတစ်ခု၊ ဒိုရှူးမိတ်ကပ်. . .တဲ့။ နောက်ထပ် အညိုရောင် လေးထောင့်ဘူးပြားလေးတစ်ခု၊ အညိုရောင်မှာ ရွှေရောင် ရောနေသည့် အရောင်ဖြစ်၏။ ထို ဘူးပြားကလေးကို ဖွင့်လိုက်သောအခါ အဖုံး အတွင်းမျက်နှာမှာ မှန်ကလေးနှင့်။ မိတ်ကပ်အခြောက် အရောင်မျိုးစုံ၊ ဘရပ်(ရှ်) သေးသေးကလေး နှစ်ခုကို တွေ့ရသည်။ လှပသော လေးထောင့်ခွက်သေးသေး ကလေးတွေထဲမှာ အနီရောင်၊ ပန်းရောင်၊ အညိုရောင်၊ အပြာရောင်၊ အစိမ်းရောင်. . .။





သူမ ရယ်မောရင်း ဘူးကလေးကို ပြန်ပိတ်ပြီး ကတ်ဘူးထဲသို့ အစီအစဉ်အတိုင်း ပစ္စည်းများကို ပြန်ထည့်လိုက်သည်။

"ခက်တာပဲ။ နီဗီယာတော့ ငါ သုံးတတ်တယ်၊ ကျန်တာတွေ ငါ မလုပ်တတ်ဘူး၊ နင်ကလဲဟယ် ကြံကြီးစည်ရာ"

"ဘာလဲ မလိုချင်ဘူးလား"

သူ စိတ်တိုသွားဟန်ရှိသည်။ အသံက အနည်းငယ် ဆောင့်အောင့်ဟန် ပါ၏။

"ငါဖြင့် သနပ်ခါးတောင် ညီအောင် မလိမ်းတတ်ဘဲနဲ့ဟယ်၊ နင် ပိုက်ဆံကုန်တာပေါ့၊ ဒါတွေ ဈေးနည်းမှာ မဟုတ်ဘူး"

"တစ်ခါတလေ ကုန်တာပဲဟာ. . ."

သူ ခေါက်ဆွဲကို အပြီးသတ် ခပ်မြန်မြန် စားလေသည်။

"နင် ဆက်စားဦးလေ. . . မိဇော်. . ."

"ငါ မစားနိုင်တော့ဘူး"

သူမ၏ ခေါက်ဆွဲပန်းကန်မှာ တစ်ဝက်လောက် ကျန်သေးသည်။ သူ ရယ်မောကာ နင် အလျင်ကလိုပဲ ဘာစားစား မကုန်ဘူးဟု ဆိုလေသည်။

"အေးဟယ်. . .ငါ အိုင်စီယူမှာတုန်းက ပလာတာစားလာခဲ့သေးလို့ပါ"

အမှန်ကတော့ အလွန်ခင်တွယ် သံယောဇဉ်ကြီးတဲ့ နင့်ကို မမျှော်လင့်ဘဲတွေ့လိုက်ရလို့ ငါဝမ်းသာလွန်းပြီး ဘာမှမစားနိုင်တာဟု ပြောပစ်လိုက်ဖို့ ကောင်းသည်။အဲဒီလိုပြောလိုက်လျှင် သူက မနေတတ်မထိုင်တတ်သလို မျက်နှာခပ်လွှဲလွှဲနှင့် ရယ်မောလိမ့်ဦးမည်။

ထို့နောက်တော့ နှစ်ယောက်လုံး ပြောစရာစကားမရှိတော့သလို ငြိမ်သက်နေကြသည်။ မွေးနေ့လက်ဆောင်အတွက် ကျော့ရှုး



www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်ဟု ပြောလိုက်ရလျှင် ကောင်းမလား၊ ဒါဆို သိပ်စိမ်းသွားမှာပေါ့။ လွန်ခဲ့တဲ့ လေးနှစ်လောက်က သူ သူမကိုမွေးနေ့လက်ဆောင် ပေးဖူးသည်။ အနက်ရောင် ခုံထူ ယိုးဒယားဖိနပ်ကလေး ဖြစ်သည်။ ထိုဖိနပ်ကလေးကို တစ်ခါတစ်ရံမှသာ ထုတ်စီးပြီး ယခုအချိန်အထိ သိမ်းထားဆဲ ဖြစ်ကြောင်း သူ့ကို ပြောပြဖို့ မသင့်တော်ဘူးထင်ပါရဲ့လေ။ သူမတို့နှစ်ယောက်ကအလွန်ရင်းနှီးချစ်ခင်သောငယ်သူငယ်ချင်းနှစ်ဦးသာ ဖြစ်သည်။ နောက်ပြီး သူ့မှာက. . .

နေစမ်းပါဦး၊ အလွန်သွက်လက် ပျော်ရွှင်တတ်သော လူငယ်တစ်ယောက် ဘာကြောင့်သည်မျှ နှုတ်ဆိတ်နေရပါလိမ့်။

သူသည် စားပွဲပေါ်ရှိ တင်တင်ဇော်၏ လက်ကိုင်အိတ်မှ ပခုံးသိုင်းကြိုးကလေးကို ဆွဲဆန့်လိုက်၊ ပြန်ခေါက်လိုက် လုပ်နေ၏။ နက်မှောင်ပြေလျော့သော မျက်ခုံးသွယ်သွယ် နှစ်ခုကို တစ်ခုနှင့်တစ်ခု နီးကပ်လာအောင် တွန့်ချိုးထားသည်။ သူ အနည်းငယ် စိတ်ရှုပ်ထွေးလျှင် ပြုလုပ်နေကျ ပုံစံတစ်ခုပဲ။ မိန်းကလေးနှုတ်ခမ်းလို ပါးလှစ်သေးငယ်သော နှုတ်ခမ်းအစုံက ခပ်တင်းတင်း စေ့ထား၏။ တစ်စုံတစ်ရာကိုပြုလုပ်ရန် အားယူနေသူတစ်ဦးပမာ ဖြစ်သည်။ ဤ နှုတ်ခမ်းမျိုး ဤမျက်ခုံးမျိုးကို သူမ မကြာခဏ တွေ့ဖူးပြီ။

သူ သူမကို ဖျတ်ခနဲ ကြည့်၏။ ဖန်ချောင်း မီးရောင်အောက်တွင် သူ့မျက်ဝန်းများမှာ တွေ့ခါစတုန်းကလို ကြည်လင်မနေတော့ပါ။ သူ့ မျက်ဝန်းများထဲတွင် အရိပ်တစ်ခု ပိုလာသည်ကို သိသိသာသာ မြင်နေရသည်။ ဘာလဲ ဒါ ဘာသဘောလဲ။ ကြည့်ရင်းကြည့်ရင်း သူ့မျက်ဝန်းများကို သူမ မှတ်မိလာသည်။ သူ့မှာမီးကွယ်လွန်ခါနီး ရေနံချောင်းသို့ သူမ ပြန်လာစဉ်က တင်တင်ဇော်ကို ကြည့်ခဲ့သော မျက်လုံးမျိုးနှင့် တူသည်။





သူမ အထိတ်တလန့် ဖြစ်သွား၏။ သူ့ မျက်လုံးမှာ တစ်စုံတစ်ခုကို ဆုံးရှုံးလိုက်ရသော လူတစ်ယောက်၏ အရိပ်အယောင်များ ထင်ဟပ်နေလေသည်။

"နှင်. . . နှင်တစ်ခုခု ဖြစ်လာသလား. . ."

သူက သူမကို မျက်နှာလွှဲလျက် တစ်ချက် ရယ်လေသည်။

"ငါ ဘာမှမဖြစ်ပါလား"

"နှင် နေကောင်းရဲ့လား"

"ဪ. . . ခက်နေပါပြီ။ နှင် တော်တော် ဆရာဝန်နဲ့တူလာပြီပဲ။ ဪ ဒါနဲ့ နှင်တို့ ဟောက်(စ်)ဆာဂျင် သင်တန်းက ဘယ်တော့ပြီးမှာလဲ"

"မေလ။ နေဦး ငါ နှင့်ကို မေးခွန်းတစ်ခုမေးမလို့. . ."

သူက ရှောင်လွှဲမရတော့သဖြင့် သူမကို ခပ်ပေပေကြည့်၏။

"ဘာလဲဟ"

"နှင် ရန်ကုန်ကို ဒီတစ်ရက်နှစ်ရက်မှ သဘော်ဆိုက်တယ်။ အခု မန္တလေးကိုလာတယ်။ ဒါ ငါ့ကို မွေးနေ့လက်ဆောင်ပေးဖို့ သက်သက်တော့မဟုတ်ဘူး မဟုတ်လား"

မေးပြီးမှ သူမ နောင်တရသွားပြန်သည်။ ဘုရားရေ ဒါ သမားရိုးကျ ရေလာမြောင်းပေး စကားတစ်ခွန်းလို့များ သူ ထင်သွားလေမလား။ သူ့မျက်နှာကို ကမန်းကတန်း လှမ်းကြည့်တော့ သူ ပြုံးလေသည်။ သူ့အပြုံးက နူးညံ့သိမ်မွေ့လွန်း၍ သူ ဘယ်တော့မှ ဒီလိုထင်မှာမဟုတ် ဟု သူမ စိတ်သက်သာသွားသည်။

"ငါ နှင့်ကို စကားတစ်ခွန်း ပြောစရာရှိလို့ဇော်. . ."

သူမ ရင်ထဲမှာထိတ်ခနဲ ဖြစ်သွား၏။ လက်ဖျားခြေဖျားတွေ ရုတ်ခြည်း အေးစက်သွားသည်။ ဟင့်အင်း နှစ်ပေါင်းများစွာ မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော စကားတစ်ခွန်း ဖြစ်သည့်တိုင် မျက်နှာချင်းဆိုင် ပြောလျှင်တော့ သူမ ဘယ်လိုမှ နားထောင်နိုင်စွမ်းရှိမည် မဟုတ်ပါ။ယခုပင်လျှင် သူမ ရင်တဖျပ်ဖျပ်ခုန်လျက် ရှိသည်။ သူ သူမကို ကြည့်မနေပြန်ပါ။

"နင်က ငါ့ကို တစ်ခုခုဖြစ်လာသလားလို့ မေးခဲ့တယ် မဟုတ်လား။ အမှန်က တစ်ခုခုမဖြစ်သေးဘူး၊ ဖြစ်ကာနီးဆဲဆဲပဲ။ နေဦး. . .နင် နားထောင်လို့ အဆင်ပြေအောင် ငါ ဘယ်လိုပြောရမလဲ"

တဒိတ်ဒိတ်တုန်ယင်လာသော နှလုံးသားကို မသိကျိုးကျွန်ပြုလျက် သူ့ကိုအားတင်း၍ စိုက်ကြည့်မိသည်။သို့သော် သူ၏ တောက်ပမှု ကင်းမဲ့သော မျက်ဝန်းများနှင့် မည်ကာမတ္တအပြုံးကို သတိထားမိပြန်တော့ သူမ ရှက်ရွံ့စွာ မကြားရဲသည့် စကားမျိုး မဟုတ်နိုင်ဟု ယူဆရသည်။

"ပြန်ကြရအောင် ဇော်၊ လူတွေ ရှုပ်လာပြီ"

"ဟာ. . .ဘယ်လိုလဲ၊ နင် ငါ့ကို တစ်ခုခုပြောမလို့ မဟုတ်လား"

သေတော့မှာပဲ။ ကိုယ့်ပါးစပ် ကိုယ်ပိတ်ရိုက်ပစ်ဖို့ ကောင်းတော့သည်။ မှားပြန်ပြီတစ်ခါ။ ငါ ဘာဖြစ်လို့ ဒီလောက် မူပျက်နေရတာလဲ။

သူက အသံထွက် ရယ်မောရင်း ထိုင်ရာမှထကာ ပိုက်ဆံရှင်းသည်။

"လာ ငါ နင့်ကို ပြောစရာရှိတာ ဟုတ်တယ်၊ ဒါပေမယ့်ငါရှက်တယ်၊ ဒီလောက်လင်းနေတဲ့ မီးရောင်အောက်မှာ ငါ့ မျက်နှာကို နင့် မပြချင်ဘူး"





"အိုး. . ."

နေရာတွင် တောင့်တင်းစွာ သူမ ရပ်နေမိ၏။ သူမ မှတ်မိ ...ပါပြီ။ဤအပြုံးမျိုး၊ ဟုတ်တာပေါ့။ လွန်ခဲ့သည့်လေးနှစ်လောက်က ... ဤစကားများအတိုင်း သူမကို ပြောခဲ့ဖူးသည်။ သူမရင်ထဲမှာ ...စ်ခုခု လစ်ဟာသွားသလို ခံစားလိုက်ရသည်။ ဆိုင်ရှေ့မှ လှည့်ထွက် ...ခင်း ပျဉ်းမပင်အောက်ရောက်တော့ အနိုပ်ကြော င့် မီးရောင် ...စ်ဝက်တစ်ပျက်သာ စွန်းထင်းနေသော သူ့မျက်နှာကို ခပ်ဆဆ ကြည့်မိသည်။ ထို့နောက် သူ မသိအောင် ပင့်သက်ဟာင်ချက် ခိုးရှိုက် ...လေသည်။ သူမ အားတင်းလိုက်၏။

"ကဲ. . .ပြောစမ်း။ ဒီတစ်ခါ ဘယ်သူနဲ့လဲ.

သူမ အမေးကြောင့် သူက လမ်းလျှောက်နေရာမှ ... ရပ်လိုက်သည်။ ထို့နောက် သူမကို ငုံ့ကြည့်၏။

"မိဇော်. . ."

"နင် ဒီလောက် လျှို့ဝှက်သည်းမိုတွေ လုပ်မနေစမ်းပါနဲ့ ...၊ ငါ ညတစ်ညလုံး အိပ်ရေးပျက်ထားတာ၊ အခု နင် အူကြောင် ကြောင်လုပ်တာနဲ့ သိပ်အိပ်ချင်လာပြီ၊ ပြော"

"ဟုတ်တယ်. . .ငါ မိန်းကလေးတစ်ယောက်ကို. . အဲ... ကြိုးစားမလို့"

ထို့နောက် သူက အလျင် စတင်လမ်းလျှောက်၏။ သူမက နောက်မှကပ်လိုက်ရင်း အမှောင်ရိပ် မသဲမကွဲတွင် သူ့မျက်နှာကို မှေ့မက အကဲဖမ်းကြည့်လျက် တိုးတိတ်စွာ မေးမိသည်။

"ဘယ်သူလဲ. . . ဘယ်ကလဲ. . ."

"မေလဲ့မြိုင်. . .တဲ့။ ဘိတ်က. . .ငါကတော့ မြိုင်. . . လို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . ."

"မနှစ်ကဆယ်တန်းအောင်တဲ့ ကျောင်းသူဆိုတော့ငါ့ထက် ပညာအဆင့်အတန်း သိပ်မြင့်တယ်လို့ မဆိုနိုင်ပါဘူးနော်"

ခါးသက်သော လေသံမျိုးဖြင့်ပြောရင်း သူက သူ့ လက်ထဲမှာ ကိုင်ထားဆဲဖြစ်သော သူမအတွက်မွေးနေ့လက်ဆောင်ကို သူမထံ ကမ်းပေး၏။

ထို့နောက် ခြောက်သွေ့စွာ ရယ်မောလိုက်လေသည်။

* * *



# အပိုင်း တစ်

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

၁၉၅၈ခုနှစ် စက်တင်ဘာလ ၂၀ရက်နေ့ ညနေခင်း ညမွှေးပန်းများ ထူးကဲစွာ ရနံ့သင်းပျံ့လာချိန်တွင် တင်တင်ဇော်ကို မွေးဖွားခဲ့ပါသည်။ သူမ၏အမေက မွေးကင်းစကလေးအတွက် မဟာဘုတ်တိုင်ထူ၍ တွက်ချက်ရင်း ငယ်စဉ်မှာ ချူချာမယ်၊ ငယ်ငယ်က သေရင်ဋသေ မသေရင်ကြီးရင် အင်မတန်ကျော်စောမယ်ဟု သမီးငယ်ကလေးကို အရိပ်တကြည့်ကြည့် ပူပန်မဆုံးရှိခဲ့သည်။

အမေ ပူပန်သည့်အတိုင်း တင်တင်ဇော်သည် အသက်၁၀ နှစ်အတွင်း-အလွန်ချူချာသော ကလေးမတစ်ဦး ဖြစ်သည်။သူမ၏ ဘဝတွင် ကိုယ့်အကြောင်းကိုယ် ပြန်တွေးကြည့်တိုင်း ဘဝအစ အဖြစ် ပထမဦးဆုံး မှတ်မိသည်မှာ ပြောင်းဖူးဖုတ်အနံ့ ဖြစ်၏။ သူမတို့ လမ်းထိပ်က မြသီတာဆေးကုခန်းသို့ အမေက သူမကိုချီ၍ ခေါ်သွားတိုင်းလမ်းတွင် သူမက ငိုယိုငြင်းဆန်လေ့ရှိသည်။ သူမငိုတိုင်း လမ်းထိပ်ဆေးခန်းသို့ ဖြတ်မကူးမီ ထောင့်ချိုးတွင် ရောင်းသည့်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းဖူးဖုတ်နှင့် မွှားရှ် အမေက ချော့မော့လေ့ရှိသည်။ ထိုပြောင်းဖူးများကို သူမ စားချင်သော်လည်း ဘယ်တုန်းကမှ စားခဲ့ရသည်မဟုတ်။ ဗိုလ်ချုပ်လမ်းမကို ဖြတ်ကူး၍ ဆေးခန်းထဲသို့ ချော့မော့ခေါ်သွားမည်။ အပြန်ကျ သမီးကိုကျွေးမှာ သိလားဟု အမေက ပြုံးရယ်၍ နှစ်သိမ့်မည်။ထို့နောက် ခပ်မှောင်မှောင် တိုက်ခန်း ကျဉ်းကျဉ်းရှည်ရှည်လေးထဲသို့ ရောက်သောအခါ သူမ အလွန်ကြောက်သော ဆရာဝန်ကနဖူးကို စမ်းကြည့်မည်။ ထို့နောက် ဆေးခန်းအနံ့ စူးစူးရှရှ အောက်မှာ သူမကို အပူချိန်တိုင်း ပြဒါးတိုင်ဖြင့် တိုင်းကြည့်မည်။ အေးစက်သော နားကြပ်ပြားဝိုင်းဖြင့် ဟိုဟိုသည်သည် ထောက်၍ နားထောင်မည်။ ထို့နောက်တော့ ဘယ်တုန်းကမှ အသာတကြည်လိုက်ပါဖို့ စိတ်မကူးခဲ့သည့် ပို၍မှောင်သော အခန်းထဲသို့ သူမကို အမေ ပွေ့ချီခေါ်သွားမည်။ ထိုအခန်းသည် မျက်နှာကြက်တွင်ဝါကြွန်ကြွန် မီးလုံးတစ်လုံးကို နေ့ခင်းအချိန်များတွင်ပင် အမြဲတမ်း ထွန်းထားရလောက်အောင် မှောင်ပိတ်နေတတ်သည်။ ထိုအခန်းထဲမှာ သူမ ဆေးထိုးခံရမည်။

ထို့နောက် အမေက သူမကို ပြန်ခေါ်သွားမည်။ ပြောင်းဖူးသည်၏ ရှေ့မှဖြတ်လျှောက်သွားလျှင်တော့ အပြန်ကျကျွေးဖို့ ဘယ်တုန်းကမှ ကတိမပေးခဲ့ဘူးသလိုပင် အမေက လှည့်ကြည့်လိမ့်မည်မဟုတ်။ တင်တင်ဇော်က လက်ညှိုးထိုး ပူဆာလျှင်တော့ အမေတစ်ယောက်သာ ပြုံးတတ်သော အလွန်ချိုမြနူးညံ့သော အပြုံးမျိုးဖြင့် သူမကို နှစ်သိမ့်ကျေနပ်စေမည်။

"သမီးရယ်၊ ဆရာဝန်ကြီးက သမီး ပြောင်းဖူးနဲ့မတည့်သေးဘူးတဲ့၊ အဲဒါစားရင် မနက်ဖြန်ကျ ဆေးထပ်ထိုးရလိမ့်ဦးမယ်တဲ့၊ မနက်မှပဲ စားရအောင်နော်၊ သမီး မနက်ဖြန် ဆေးမထိုးချင်တော့ဘူး မဟုတ်လား"





ဤသည်မှာ သူမ မှတ်မိသော ဘဝအစ ဖြစ်သည်။

အမေ ပြောပြောပြသော သူမ၏ဘဝအစမှာ ဒီထက်ပို၍ ပျော်ရွှင်ဖွယ်ရာကောင်းသည်။

"သမီးက ငယ်ငယ်တုန်းက သိပ်ဝတာပဲ။ ဝဝကစ်ကစ်ကလေး၊နားရွက်ကားကားကလေး၊ ပါးဖောင်းဖောင်း အိအိကလေးနဲ့ ဥဏ်လဲသိပ်ကောင်းတာ၊ နှစ်လသမီးမှာ ပြုံးတတ်ပြီ၊ အသံထွက်ရယ်တတ်ပြီ၊ ငါးလမှာ သမီး မှောက်တတ်တာပဲ၊ ပေါဒီမှာ သမီး မှောက်တတ်ခါစက ဓာတ်ပုံ"

ပွင့်ရိုက်ချည်ထည်စဖြင့် ချုပ်ထားသော ဘောင်းဘီသေးသေးကလေးဖြင့် အလျားမှောက်ရင်း မျက်စိပေါက်ပိတ်လုမတတ် ကင်မရာကို မော့ကြည့်ရယ်မောနေသည့် လသမီးအရွယ်ကလေးငယ်လေး။ ထို့နောက် လှပသော ဂါဝန်ပုံဆန်းကလေးများဖြင့် ဆိုင်နေသော ကလေးမလေး၏ ဓာတ်ပုံအမျိုးမျိုး။ ဓာတ်ပုံရိုက်တိုင်းလက်ထဲမှာ မုန့်တစ်ခုမဟုတ် တစ်ခု အမြဲကိုင်လျက်တွေ့ရတော့ သူမ ရယ်မောမိသေးသည်။

နှစ်နှစ် သုံးနှစ်သမီးအရွယ် အမေရိကန်ဆံတောက် ဟုခေါ်သည့် ဘော့ပ်ဟဲယားဆံပင်ပုံကလေးနှင့် သူမ၏ဓာတ်ပုံများကိုကြည့်မိလျှင်တော့ အနည်းငယ် ကြီးကျယ်မည့် မျက်နှာပေးမျိုး တွေ့နေရပြီ။ လက်တွင် ဖန်လက်ကောက် လေးငါးကွင်းစီဝတ်လျက် မှုန်ကုပ်ကုပ် ညစ်ကျယ်ကျယ် ကောင်မလေးကို အမေကတော့ ချစ်မြတ်နိုးမဆုံးရှိလှသည်။

သူမသည် ငယ်ငယ်ကတည်းက ဇွဲကြီးသူဖြစ်သတဲ့။ ကျောင်းမနေရသေးမီ အမေက အိမ်မှာကကြိုးခ်ခွေး သင်ကတည်း၏ အမေ သူမအကြောင်းသိခဲ့သည်။ စာလုံး အသစ်တစ်ခုသင်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုအသစ်တစ်ခု မရေးတတ်မချင်း ကျောက်သင်ပုန်းနှင့်မျက်နှာမခွာတော့ပါဟု အမေက တအံ့တသြ ပြောလေသည်။ နောက်ပြီး မကောင်းမှု၊ အကုသိုလ်ကို အလွန်အမင်း ကြောက်တတ်သည့်တဲ့ သူမ၏ ကြောက်ရွံ့စိတ် ဝမ်းနည်းစိတ်များကို ရှင်းလင်းအောင် ဖယ်ထုတ်ပေးရသူမှာ အမေ ဖြစ်သည်။

တစ်ခါတုန်းက သူမ လေးငါးနှစ်သမီးအရွယ်မှာ အိုးစည်ကလေးတစ်ခုကို သမံတလင်းပေါ်တွင် လှိမ့်၍ လှိမ့်၍ ကစားနေသည်။ တစ်ချိန်တွင် သူမ လှိမ့်လိုက်သည့် အိုးစည်ကလေးသည် ကားရားကားရားသွားနေသော ပင့်ကူငယ်ကလေးတစ်ကောင်ဆီသို့ တည့်တည့်မတ်မတ်ကြီး ရောက်သွား၏။ သူမသည် အံ့သြထိတ်လန့်စွာ ငေးမောနေရာမှ ပင့်ကူကို ပိသွားစေမည့် အိုးစည်ကလေးကို ရပ်သွားအောင် ထိန်းထားလိုက်သည်။ ခဏကြာသည်အထိ အိုးစည်ကလေးအောက်မှ ထွက်လာမည့် ပင့်ကူလေးကို မယုံမရဲ စောင့်ကြည့်နေခဲ့သေး၏။ အိုးစည်အောက်မှ ဘာကောင်မှ ထွက်မလာသောအခါ သူမ ဝမ်းနည်းကြောက်လန့်စွာ ထိုနေရာမှ ထွက်ပြေးလာခဲ့မိတော့သည်။

ထိုညက အိပ်ရာမှလန့်နိုးလာချိန်တွင် တစ်ခန်းလုံး မည်းမှောင်တိတ်ဆိတ်လျက် ရှိသည်။ သူမ အာရုံထဲမှာ သစ်သား အိုးစည်ကိုယ်ထည်အောက်မှာ ပြားကပ်နေမည့် ပင့်ကူလေးကို မြင်ယောင်လျက် ငရဲကြီးမှာလည်းကြောက်၊ ပင့်ကူလေးကိုလည်း သနားပြီး ယူကျုံးမရ အသံထွက်ငိုမိလေသည်။ သူမ ငိုသံကြောင့် ဘေးမှာအိပ်နေသော အမေက နိုးသွားပြီး ထိတ်ထိတ်ပျာပျာ မေးတော့သည်။





"ဘာဖြစ်တာလဲသမီး. . .ဘာဖြစ်လို့လဲ၊ အိပ်မက်မက်သလား၊ ဘာတွေမက်လို့လဲ. . ."

ထိုအခါ သူမက ညနေခင်းက ပင့်ကူကိစ္စကို အမေ့အား အားကိုးတကြီး တိုင်တည်၍ ပြောမိသည်။ အမေက ဘာလုပ်မည်ထင်သနည်း။ အမေသည် သူမကို ပွေ့ဖက်လျက် မီးဖွင့်ကာ စေ့စေ့ကြည့်သည်။ ထို့နောက် အမေတစ်ယောက်သာ ပြုံးတတ်သော အပြုံးမျိုးဖြင့် သူမကို နှစ်သိမ့်သည်။

"ပင့်ကူလေးကို သမီးက တမင်သတ်တာမှမဟုတ်ဘဲ၊ သမီး ကစားရင်း မတော်တဆဖိမိလို့ သေသွားတာပဲဥစ္စာ၊ သမီး ငရဲမကြီးပါဘူး။ သမီးတတ်နိုင်တဲ့ ကိစ္စမှမဟုတ်ဘဲသမီးရဲ့၊ သူကံဆိုးလို့ အိုးစည်ကလေးအောက် ဝင်သွားတာပေါ့။ နေစမ်းပါဦး သမီးရဲ့၊ ပင့်ကူလေး သေသွားတာရော သေချာရဲ့လား။ သမီးက ပင့်ကူအသေလေးကို မြင်ခဲ့လို့လား"

"ဟင့်အင်း. . ."

"ဒါဆို သမီးပင့်ကူလေးမသေဘူး၊ မေမေ လောင်းရဲတယ်"

"မဟုတ်ဘူးမေမေ၊ သေသွားမှာပါ"

"ကဲ. . .လာ၊ သေမသေ မေမေနဲ့အတူတူသွားကြည့်ရအောင်၊ သေရင် အဲဒီအနားမှာ ပင့်ကူလေးရှိနေရဦးမယ်၊ ဟုတ်လား"

ထိုညက ညဉ့်နက်သန်းခေါင် နာရီပြန် တစ်ချက်ထိုးခါနီး အချိန်တွင် အမေက သူမကို လက်တွဲ၍ အိုးစည်ကလေးရှိရာသို့ ခေါ်ပြခိုင်း၏။ ညနေက ကစားခဲ့သော အိုးစည်ကလေးသည် ညနေကနေရာတွင် ရှိသေးသည်။ အမေက ဖျိုးဖျိုးဖျတ်ဖျတ် လျှောက်သွားရင်း အိုးစည်ကို ကောက်ကိုင်၍ လှည့်ပတ်ကြည့်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



သူမဘက်သို့ လှည့်ကြည့်ပြီး ပြုံးပြလေသည်။ အိုးစည်ကို လက်ထဲမှာ ကိုင်၍ သူမဆီ လျှောက်လာ၏။

"ကဲ. . .ရှာကြည့်စမ်း သမီးရဲ့ပင့်ကူလေး. . ."

သူမ မကြည့်ရဲပါ။

"ကြည့်ပါသမီးရဲ့၊ ယူလိုက် ဘာပင့်ကူမှမရှိဘူး၊ အလကား သမီးဟာ သမီးတွေးပြီး စိတ်ညစ်နေတာ"

သူမ မယုံပါ။ သို့သော် အိုးစည်ကို လေးကန်စွာ လှမ်းယူ၍ မဝံ့မရဲ လှည့်ပတ်ကြည့်မိသည်။ တကယ်ပင် ဘာပင့်ကူမှ ကပ်မနေပါ။ အိုးစည်၏ ထောင့်ပိုင်းနှင့် ဖင်ပိုင်းမှာလည်းမရှိ၊ သိမ်ဝင်နေသော အလယ်ကိုယ်ထည်မှာလည်း မရှိ၊ တော်ပါသေးရဲ့။ သူမ စိတ်ချမ်းသာသွားပါသည်။

"တွေ့လား. . .အဲဒီ ပင့်ကူလေးကဖြင့် လွတ်သွားလို့ အခု လောက်ဆို အိပ်တောင်ပျော်နေရောမယ်"

ထိုညက သူမ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ နောက်ပိုင်း ထိုအဖြစ်အပျက်ကို ပြန်တွေးသောအခါ အမေ့အပေါ်မှာ သံသယတစ်ခု ဝင်လာခဲ့သေးသည်။

'အမေဟာငါ့ထက်အလျင် အိုးစည်ကလေးကို ကောက်ယူပြီး ပင့်ကူအသေလေးကို ငါ မတွေ့အောင် ဖယ်ပစ်လိုက်တာများလား'

သို့သော် အမေ့ကို ထိုအကြောင်း ဘယ်တော့မှမမေးဖို့ ဆုံးဖြတ်ထားခဲ့သည်။

ကျောင်းစတက်သောနေ့ကို သူမ တစ်သက်မေ့တော့မည် မဟုတ်ပါ။ အမေက ဆွဲခြင်းတစ်ခုထဲတွင် ကော်ဖီ ခာတ်ဘူး၊ မုန့်ဘူး စသည်တို့ကို ထည့်ယူလျက် အိမ်မှုကိစ္စများကို ပစ်ပယ်ထားကာ





တသင်ခန်းအပြင်ဘက် စင်္ကြံတွင် ထိုင်စောင့်ပေးနေခဲ့သောကြောင့် ဖြစ်သည်။ ထိုနေ့က ကျောင်းဝတ်စုံ အသစ်ကျပ်ချွတ်ကို စ၍ဝတ်ရသဖြင့် မနေတတ် မထိုင်တတ် ဖြစ်နေသည်။ သူမတို့ကျောင်းမှာ အမှတ်(၂)အ. လ. ကဖြစ်၍ သပြေတန်းရပ်ကွက်မှာရှိသည်။ အမှတ် (၂)အ. လ. က (သပြေ) ဟု ဆိုင်းဘုတ် ရေးထားသောကျောင်း ဖြစ်သည်။ သပြေဟူသော နာမည်နှင့် လိုက်ဖက်စွာပင်သပြေသီးမှည့် အရောင် (ခရမ်းပြာရင့်ရောင်) ကျောင်းဝတ်စုံကိုဝတ်ရ၏။ ကော်လံပါသော ရှပ်အင်္ကျီအဖြူ လက်ရှည် လက်ဖောင်းကလေးကို လက်ကြယ်သီးတပ်၍ဝတ်ထားပြီး အပေါ်မှ ခရမ်းပြာရင့်ရောင် ကြိုးသိုင်းဂါဝန်ကို ထပ်ဝတ်ရ၏။

တခြား အတန်းဖော်များ ကကြီး ခခွေးကို ကြိုးစားပမ်းစား ရေးနေချိန်တွင် အမေ့ကျေးဇူးကြောင့် သူမက ညီညာလှပသော စာလုံးများဖြင့် အလွယ်တကူ ရေးသွားနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ သူမသည် ကျောင်းစာနှင့်ပတ်သက်ပြီး အမြဲဂုဏ်ယူနိုင်ဖို့ ကြိုးစားသော အလေ့အကျင့်ရခဲ့၏။

သူမဘဝတွင် ပထမ အရေးပါဆုံးမှာ အမေဖြစ်၍ ဒုတိယ အရေးပါဆုံးမှာ 'ဖြိုးကျော်' ဖြစ်သည်။

သူမ သိတတ်စ အရွယ်ကတည်းက ဘေးတွင် 'ဖြိုး' ဟု အများကခေါ်သော ကစားဖော်တစ်ဦး ရှိခဲ့သည်။ ဘယ်အရွယ်ကစပြီး သူမအနီးသို့ ရောက်လာသလဲ မသိသော်လည်း ဘဝကို စတင်မှတ်မိသော အချိန်ကာလမှစ၍ ဖြိုးကျော်နှင့်အတူ ဖြတ်ကျော်ကြီးပြင်းခဲ့ရတာတော့ သေချာသည်။

ဖြိုးကျော်သည် ပါးဖောင်းဖောင်း မျက်နှာပြည့်ပြည့် ပုံးလုံး ကလေးနှင့် ငယ်စဉ်က အနည်းငယ်ဝသည်။ သူမထက် နှစ်နှ [illegible]ပါး



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးသော ဖြိုးသည် ကျောင်းအပ်နောက်ကျလို့ပဲလား မသိ။ သူမနှင့် အတန်းတူတူပဲ ဖြစ်သည်။ဖြိုးကျော် ဟူသော လူငယ်ကလေး တစ်ယောက်ကို တင်တင်ဇော်အတွက် မွေးဖွားလာသလားဟု ထင်ရလောက်အောင်ပင် သူမအတွက် အစစအရာရာ အလွန်လိုအပ်သော အဖော်တစ်ယောက်ဖြစ်ခဲ့၏။ ကျောင်းသွားဖော်၊ ကစားဖော်ဖြစ်၍ အားကိုးဖော်၊ ငိုကြွေးဖော်လည်း ဖြစ်ခဲ့သည်။ ဖြိုးကျော် မပါလျှင် သူမ ဘာမျှမလုပ်တတ်၊ ဘယ်မှမသွားတတ်သလိုပင် ဖြစ်ခဲ့သည်။

ကျောင်းသွားဖော်သာဖြစ်ပေမယ့် ဘယ်လောက်များ ရယ်စရာကောင်းလိုက်သလဲဆိုလျှင် သူမနှင့်သူ ကျောင်းချင်းမတူခဲ့ချေ။သူမက သပြေတန်းကျောင်းဖြစ်ပြီး၊ သူက စနေနံကျောင်း ဖြစ်သည်။ ကျောင်းသို့ အမေ သို့မဟုတ် အဖေက လိုက်ပို့သော အလေ့အကျင့်ရှိခဲ့သောအခါ ပထမတန်းရောက်သည်အထိ လိုက်မပို့လျှင် အိမ်နားက ကျောင်းသွားဖော်များနှင့် ထည့်လွှတ်လို့မရအောင်ပင် ဖြစ်သွားသည်။ တစ်ခါတုန်းက အမေ လိုက်မပို့အားသောအခါ သူမက ကျောင်းမတက်တော့ဘူးဟု စိတ်ကောက်ခဲ့ဖူးသည်။ ထိုနေ့ နံနက်က ကံဆိုးရှာသော ဖြိုးကျော်သည် ခေါင်းလိမ်းဆီအရွှဲသားနှင့် ပိပြားနေအောင် ဖြီးထားသော ဘိုကေနှင့် အိမ်သို့ရောက်လာသည်။ (ခြံစည်းရိုးအပျက်ကိုငုံ့၍ ဝင်လိုက်လျှင် သူတို့အိမ်ဘက်မှ သူမတို့အိမ်ဘက်သို့ ရောက်ပါသည်။)

ထိုအချိန်က ဧည့်ခန်းမှာ ကျောင်းလွယ်အိတ်ကို ဘေးချလျက် သမံတလင်းပေါ်တွင် ခြေဆင်းထိုင်ရင်း စိတ်ကောက်နေသော ကလေးမလေးကို သူမြင်သွားသည်။ အတန်းတူဖြစ်သော်လည်း သေးညှက်သော၊ သူ့ထက်ငယ်ရွယ်သော တင်တင်ဇော်လေးကို ဖြိုးက





ညီမလေးတစ်ယောက်လိုပင် ကြင်နာလက်စဖြင့် အနီးသို့ လာထိုင်၍ ချော့သည်။

"ဟော့. . .နင် ဘာလို့ငိုနေတာလဲ၊ ကျောင်းမသွားဘူးလား"

"မေမေက လိုက်မပို့ဘူးတဲ့၊ ဟိုဘက်အိမ်က မမနီတို့နဲ့ သွားရမှာ"

"သွားပေါ့ဟ"

"မသွားဘူး"

ထိုစဉ်ကတည်းက တင်တင်ဇော် ခေါင်းမှာတတ်ပုံကို ဖြိုး ...ခဲ့သည်။ ဖြိုးက မျက်ခွံမို့မို့ကလေးအောက်မှ မျက်လုံးသေးသေး ...လေးများ မှေးစင်းသွားအောင် ရယ်ရင်း ပြဿနာကို ကူညီဖြေရှင်း ...ခဲ့သည်။

"လာ. . .မမနီတို့နဲ့အတူ ငါလဲ လိုက်ပို့မယ်၊ ဒါဆို နင် ကျောင်းသွားမလား"

သူ့လက်ထဲမှ သက္ကလတ် ဘောလုံးလေးကို ခပ်ဝေးဝေးသို့ ...ပေါက်ကာ စိတ်ကောက်နေသော ကလေးမလေးကို ဆွဲထူခဲ့သည်။

"နင် တကယ်လိုက်မှာလား. . . ဖြိုး"

"အေး. . ."

ထိုနေ့က အိမ်နားက အလယ်တန်းကျောင်းသူ ညီအစ်မ ...တွေ၏ ဘေးမှာ တင်တင်ဇော်ကို လက်တွဲလျက် ဖြိုးက လိုက်ပို့ခဲ့သည်။ ထိုနေ့က ဖြိုး သူ့ကျောင်းသို့နောက်ကျမှ ရောက်သွားဟန် ...ပါသည်။ နောက်နေ့များတွင် အမေ မအားလပ်၍ သူလိုက်ပို့ရမည် ဆိုလျှင် ကျောင်းစောစော လိုက်ပို့ရန် ကြိုတင်မှာဖို့ လောဆော် ...တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၉ ခုနှစ်၊ မတ်လတွင် ကျင်းပသော စတုတ္ထတန်း စာမေးပွဲရက် ပတ်ဝန်းကျင်ရောက်တော့ တင်တင်ဇော်အတွက် ဖြိုးကျော်ကို ဖန်ဆင်းထားခြင်း မဟုတ်တော့ပဲ ဖြိုးကျော်အတွက် တင်တင်ဇော်ကို ဖန်ဆင်းထားခြင်း ဖြစ်သွားတော့သည်။

ကစားမက်သော ဖြိုးသည် သူ့သချ်ာစာအုပ်ထဲတွင် သချ်ာပုစ္ဆာတွက်ပြီးသား အမှန်ဟူ၍ မရှိသလောက် ဖြစ်နေ၏။ မင်နီဖြင့် ခြစ်ထားသော ကြက်ခြေခတ်များ၊ ပြင်ပေးထားသော မင်နီဂဏန်းများဖြင့် ရှုပ်ထွေးနေသော သား၏ စာအုပ်ကို အမှတ်တမဲ့ မြင်မိသော သူ့အဖေက သူ့အားအပြင်းအထန် ဆူပူကြိမ်မောင်းတော့သည်။ မျက်ရည်တလည်လည်ဖြင့် အိမ်ဘက်သို့ ရောက်လာသော ဖြိုးကို မေမေက ချော့မော့၍ သူမ၏ စာကြည့်စားပွဲသို့ ခေါ်လာခဲ့သည်။

"သမီးရေ ဖြိုးနဲ့အတူ သချ်ာတွက်ဖို့ သူ့အိမ်ကလွှတ်လိုက်တာ"

ထိုအချိန်မှစ၍ သူမက ဖြိုးကို ပထမဆုံးအကြိမ်အဖြစ် ဆရာလုပ်ခွင့်ရသွားသည်။ စာမေးပွဲဖြေဖို့ ရက်ပိုင်းသာ လိုတော့သည် အထိ ဖြိုးက ဆယ့်သုံးအလီနှင့် ဆယ့်လေးအလီကို အမှားမှား အယွင်းယွင်း၊ သူမ သူ့အစား အထိတ်တလန့် ဖြစ်သွား၏။

"ဖြိုး...နှင့် တော်တော်ညံ့ပါလားဟင်..."ဟု ကရုဏာဒေါသနှင့် လွှတ်ခနဲပြောမိတော့ သူ့မျက်နှာမကောင်းစွာဖြင့် ဘာမှ ပြန်မပြောချေ။ ခါတိုင်းလို ရန်စွယ်ငေါ်ငေါ် လက်သီးဖြင့်ထုဖို့စိတ်မပါလောက်အောင် သူ့ကိုယ်သူ ဝမ်းနည်းအားငယ်နေချိန် ဖြစ်သည်။ ထို့နောက်တော့ နံနက်မှညအထိ ကလေးနှစ်ယောက် အတူစာကြည့်ရင်း ခွဲမရအောင်ရှိခဲ့သည်။





ဖြိုးမှာ မကောင်းသော အကျင့်တစ်ခုက စာကြည့်စားပွဲတွင် ခင်ပူအောင် မထိုင်နိုင်ခြင်းပင် ဖြစ်သည်။ သချ်ာသုံးလေးပုဒ် တွက်ပြီးသွင် သူက လက်ဆစ်ကလေးများကို တဖျောက်ဖျောက်ချိုးရင်း၊ သက်ကိုခါရင်း ဟိုကြည့်သည်ကြည့် ဖြစ်လာသည်။

"ဇော်...ငါ ရေသွားသောက်ဦးမယ်ဟာ"

အကြောင်းမရှိ အကြောင်းရှာပြီး ခဏခဏ ရေသွားသွားသောက်နေသောကြောင့် သူမကရေဖြည့်ထားသောသောက်ရေဖလားကိုအနားမှာချပြီး သချ်ာတွက်ခိုင်းသည်။ သည်တော့လည်းကိုယ်တော်ဘာတစ်မျိုး အကြောင်းပြပြန်၏။

"ဇော်...ငါအိမ်သာသွားဦးမယ်၊ ခဏနော်"

ကိုင်း...ဘယ်လောက်များ အငြိမ်မနေနိုင်သည့် ဖြိုးလဲ။

သူမတို့နှစ်ယောက်၏ စာကြည့်စားပွဲမှာ အမေက ဆားချိုသီးလို၊ တုတ်ချောင်းနှင့်ထိုးထားသော မရမ်းကင်လို အချဉ်တစ်မျိုးမျိုး ချပေးထားသည်။ တစ်ခါတစ်ခါ သူမ လက်ဖက်သုပ် တောင်းလျှင် လက်ဖက်သုပ်ပန်းကန်။ ဖြိုးက လက်ဖက်သုပ်မကုန်မချင်း စာမကျက်ဘဲ ထိုင်စားတတ်၍ မကြာခဏ ရန်ဖြစ်ရသေးသည်။

"ငါက အစားတစ်ခုခု စားစရာရှိရင် ကုန်အောင်စားပစ်ရှေ့..." ဟု စပ်ဖြဲဖြဲ အကြောင်းပြသေး၏။

ဘာပဲဖြစ်ဖြစ်၊ စတုတ္ထတန်းစာမေးပွဲကြီးကို ဖြိုးတစ်ယောက် အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သည်။ သို့သော် ထိုအချိန် ကတည်းက စာနှင့်ပတ်သက်လျှင် သူမနှင့်ယှဉ်၍ သူ့ကိုယ်သူ အားငယ်တတ်သည့် အကျင့်ကိုရခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် စာတွင် လောဘကြီးသည်နှင့်အညီ ပညာထူးချွန်ဆုကိုလည်း အလွန်မက်မောသည်။ ထို့ကြောင့်လည်း မူလတန်းမှစ၍ အတန်းတိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယ သုံးနေရာ၊ တစ်နေရာရာတွင် အမြဲရှိခဲ့သည်။ ထိုသို့ ဆုရအောင်လည်း ကျောင်းစာသင်ခန်းတွင်ရော၊ ပြင်ပတွင်ရော၊ ကစားချိန်ထက် စာကျက်ချိန်ကပိုများခဲ့ရသည်။ ဖြိုးနှင့်တော့ ဘာမှမဆိုင်။ ဖြိုးကတော့ မနက်လင်းသည်နှင့် အိမ်ရှေ့လမ်းပေါ်ရောက်ပြီ။ ဘောလုံးကန်ခြင်းမှာ သူ့အစဉ်အမြဲ ကစားခဲ့သော ကစားနည်းတစ်ခု ဖြစ်သည်။

"ဇော်. . .သမီးကြီးလာရင် ဘာလုပ်မှာလဲ"ဟု လူကြီးများကမေးတိုင်း ဆရာမဟု တက်ကြွစွာ သူမ ဖြေလေ့ရှိသော်လည်း ဖြိုးကတော့ တစ်မျိုးတစ်ဘာသာ။

"ဖြိုး. . . သားကြီးလာရင် ဘာလုပ်မလဲ"

"မဟာဒူး"

လူကြီးများက ဟက်ဟက်ပက်ပက်ရယ်ရင်း "ဇဟာဒူးပါကွာ"ဟု ပြင်ပေးတတ်ကြသည်။ 'ဇဟာဒူး'မှာ မြန်မာနိုင်ငံ၏ လက်ရွေးစင်ဘောလုံးသမား ဖြစ်သည်။

ပဉ္စမတန်းရောက်သောအခါ သမီးကြီးလာရင်ဘာလုပ်မလဲဟူသော မေးခွန်းအဖြေမှာ ပြောင်းလဲသွား၏။

စတုတ္ထတန်း စာမေးပွဲအပြီးတွင် အမေက သူမကို စကားပြော ယဉ်ကျေးသိမ်မွေ့အောင်ဟူသော အကြောင်းပြချက်ဖြင့် ဝတ္ထုစာအုပ်တစ်အုပ်ဖတ်ခိုင်းသည်။ ဝတ္ထုမှာ မူဝံ၏'မာလာ'ဖြစ်သည်။ သူမသည် ထူထဲလှသောဝတ္ထုစာအုပ်ကြီးကို လန့်သွားသည်။ကာတွန်းအောင်ရှိန်၏ ဦးရှုံစား ဦးဒိန်းဒေါင်၊ စိတ်ကူးယဉ်တတ်သောဖြူဖြူဖရုံညှာကလေး ခေါင်းပေါ်မှာ ဦးထုပ်သဖွယ် ဆောင်းထားသည့်





အောင်ရဲအောင်စသည့် ကာတွန်းများကိုသာဖတ်လေ့ရှိသော စတုတ္ထတန်းအရွယ် ကလေးမလေးတစ်ယောက်အတွက် မူဝံ၏မာလာမှာ ဖတ်ဖို့ မတွေးရဲအောင်ပင် ကြီးမားလေးလံလှသည်။ သို့သော် အမေက ဖတ်သင့်သည်ဟု ပေးသောဝတ္ထုကို တစ်နေ့လုံး ကြိုးစားပမ်းစား ဖတ်ခဲ့လေသည်။ ဇာတ်ဂမ်းမှာလည်း သူမတို့ ကြားဖူးနေကျပုံပြင်များထဲကလို ဘုရင်၊ ဘုရင်မများ၊ မင်းညီမင်းသားများနှင့် ထူးဆန်းသော ဇာတ်လမ်းဖြစ်ပြီး ဇာတ်လိုက်မှာလည်း သူရဲကောင်းဇာတ်လိုက်ဖြစ်လေတော့ ဖတ်ရင်းဖတ်ရင်းစာအုပ်၏ ထူထဲမှု လေးလံမှုတို့ကို မလျော့ကာ ဝတ္ထုနောက်သို့ စိတ်ရောကိုယ်ပါ ပါသွားတော့သည်။ မာလာဝတ္ထုကို အောင်မြင်စွာ ဖတ်ပြီးသွားတော့ ပဉ္စမတန်းတက်ဖို့ ရက်ပေါင်း ၂၀ လောက်လိုသေးသည်။ "ပြီးသွားပြီမေမေ"ဟု ပျော်ရွှင်တက်ကြွစွာပြောတော့ အမေက ပြုံးပြီး နောက်တစ်အုပ် ထပ်ပေးသည်။ သည်တစ်ခါ စာအုပ်က ပါးပါးကလေးဖြစ်သည်။ တက္ကသိုလ်ဘုန်းနိုင်၏ 'ကမ္ဘာကုန်ကျယ် သရွေ့ဝယ်'ပထမတွဲ ဖြစ်လေသည်။ သူမဝတ္ထုဖတ်သည့် အကျင့်ရသွားပြီဖြစ်၍ စိတ်ပါလက်ပါပင်စ၍ ဖတ်တော့သည်။ ပထမတွဲပြီးသွားတော့ ကျောင်းများပြန်ဖွင့်၍ ပဉ္စမတန်းသို့ ရောက်ပြီဖြစ်သည်။ သူမသည် ကျောင်းပိတ်ရက်များတွင် ထုပ်ဆီးတိုးတမ်း၊ ဘုတ်ဒီထိုးတမ်း၊ ခွက်ခေါက်တမ်း မကစားတော့ဘဲ၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ် ဒုတိယတွဲနှင့် တတိယတွဲကို ဖတ်နေတတ်တော့သည်။

ပဉ္စမတန်းရောက်သောအခါ သူမ၏ ရည်မှန်းချက်မှာ ပြောင်းလဲသွား၏။ သမီးကြီးလာရင် စာရေးဆရာမလုပ်မယ် ဟူသော စကားလုံး အသစ်အဆန်းဖြင့် ဖြေတတ်လာသည်။ သည်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်မှာ ဘယ်တော့မှပြောင်းလဲမှုမရှိသည့် ရည်မှန်းချက်တစ်ခုဖြစ်လေသည်။

*

"ငါးတန်းတက်ရင် နင် ငါတို့ကျောင်းမှာ လိုက်တက်ပါလား ဖြိုး"

သူမတို့ကျောင်းမှာ အလယ်တန်းကျောင်းဖြစ်၍ သူမက ကျောင်းမပြောင်းရပေမယ့် ဖြိုးတို့ စနေနံကျောင်းက မူလတန်းကျောင်းဖြစ်၍ အလယ်တန်းကျောင်း တစ်ခုခုသို့ ပြောင်းရပေမည်။

"မရဘူး၊ ငါ့ကို ဖေဖေက လည်ပေါ်ကျောင်းမှာထားမှာတဲ့၊ အဲဒီက ငါးတန်းအတန်းပိုင်ဆရာက ဖေဖေ့ မိတ်ဆွေတဲ့၊ ငါ စာမကြိုးစားမှာကြောက်လို့ ဖေဖေက အဲဒီဆရာဆီအပ်မှာလို့ ပြောတာပဲ"

သူမ စိတ်မကောင်း ဖြစ်သွားတာကို ဖြိုးက ချော့မော့၏။

"ဒါပေမယ့် လည်ပေါ်နဲ့ သပြေတန်းက နီးနီးလေးပါ . . . ဇော်ရဲ့၊ စနေနံနဲ့ သပြေတန်းလောက်တောင် ဝေးတာမဟုတ်ပါဘူး။ နင့်ကို ဟိုကောင်မလေး အိမ်နားအထိ ငါ လိုက်ပို့ပေးမှာပါ။ အဲဒီကမှ နင်က သူနဲ့ဆက်သွား၊ ငါက အဲဒီကနေ ငါ့ကျောင်းကိုဆက်သွားမယ်၊ ဟန်မကျဘူးလား"

သူမအား ကျောင်းလိုက်ပို့သည့်ဝတ္တရားကို သပြေတန်းကျောင်းမှထွက်သည်အထိ သူ ယူခဲ့သည်။

သူ့အဖေက စာကြိုးစားစေချင်၍ လည်ပေါ်ကျောင်းသို့ ပြောင်းကာမှ ဖြိုးတစ်ယောက် ပဉ္စမတန်း စာမေးပွဲကို ရှုံးလေသည်။ သူမကတော့ ဖြိုးနှင့် သူမ စာမေးပွဲတွင်းမှာ ရန်ဖြစ်ထား၍ကျရသည်ဟု ဖြိုးကို စွပ်စွဲသည်။ ရန်ဖြစ်ရသည့် အကြောင်းရင်းမှာလည်း





အလွန်မခိုင်လုံသော အကြောင်းတစ်ခုဖြစ်၏။ ပြန်တွေးကြည့်လျှင် ရယ်စရာ တော်တော်ကောင်းသည်။

စာမေးပွဲကြီးဖြေခါနီး ထုံးစံအတိုင်း တင်တင်ဇော်က သူမတို့ နှစ်ယောက်လုံးအတွက် အချိန်စာရင်းဆွဲ၍ စာကျက်သည်။ သင်္ချာအလီကျက်ဖို့ပျင်းသော ဖြိုးသည် အင်္ဂလိပ်မီးနင်းကိုလည်း အလွန်ကြောက်သည်မှာ အံ့သြစရာ မဟုတ်ပါ။

ထိုနေ့က ဖြိုးသည် သူကျက်ရမည့် အင်္ဂလိပ်မီးနင်း ၁၅လုံးကိုတော့ ရအောင်မကျက်ဘဲ အိမ်ရှေ့မှာ ဘောလုံးပိုက်လျက် မျက်နှာရိပ် မျက်နှာကဲဖြင့်လာခေါ်သော သူ့သူငယ်ချင်းကောင်လေးတစ်တွေနှင့် ဘောလုံးသွားကန်နေသည်။ညစာထမင်းစားချိန် သူပြန်မလာ၍ သူမာမီက အိမ်လာခေါ်သည်။

"ဖြိုး မရှိဘူးမာမီ၊ သူ့ကောင်လေးတွေနဲ့ လိုက်သွားတယ်၊ သူတို့လက်ထဲမှာ ဘောလုံးနဲ့. . ."

"ဟောတော်. . . ဒါလောက် စာမေးပွဲနီးနေတာကို ဟယ်၊ ဒီကလေးကလဲ သူ့အဖေသိရင်တော့ အရိုက်ခံရဦးတော့မှာပဲ၊အခုထမင်းစားဖို့ ခေါ်ခိုင်းလိုက်တာ၊ ဒုက္ခပဲ၊ စာကျက်နေတုန်းလို့ ပြောလိုက်ရမလားမသိ. . ."

"ဇော် လိုက်ရှာပေးမယ်. . ."ဟု ပြုန်းဆို ထိုင်ရာမှထလိုက်၏။ အိမ်နေရင်းဝတ်သည့် အနီရောင်ဂါဝန်ဖားဖား ကလေးအနားများ စုတ်ဖွာနေသည်ကိုပင် မလဲနိုင်ဘဲ ဖြိုးကို လိုက်ရှာသည်။ သူဘယ်မှာရှိလိမ့်မည်ကို သူမသိပြီးသား။ ထင်သည့်အတိုင်း လေးထပ်ဘောင်းဝင်းထဲသို့ ဖိနပ်ကလေးချွတ်၍ အုတ်လှေကားမှ တက်သွားသော့ သူတို့ ကောင်လေး တစ်သိုက် ဖုန်အလူးလူးနှင့်ဘောလုံးကန်ခြင်းသည်။စပို့ရှပ်အဝါရောင်ကလေးနှင့် ဖြိုးကို ထင်းခနဲ မြင်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ချင်း "ဖြိုး" ဟု အော်ခေါ် လိုက်သည်။ ဖြိုးက တော်တော်နှင့် မကြား။ သူ ရထားသောဘောလုံးကို အတွန်းအတိုက်ကြားမှ ဆွဲယူကွေ့ပတ်၍ ဂိုးတိုင်ရှိရာသို့ သယ်ပြေးသွားသည်။

"ဖြိုး. . ."

စိတ်ရှိလက်ရှိ ကုန်းအော်မှ ဖြိုးက လှည့်ကြည့်၏။ ထိုအခါ ဘောလုံးက တခြားတစ်ယောက်ဆီ ပါသွားလေသည်။ သူ တအား စိတ်တိုသွားသည်။ထို့နောက် သူမအနားသို့ အပြေးအလွှားဆောင့်ကြီး အောင့်ကြီး ရောက်လာ၏။

"ဘာတုန်းဟ. . . နင် ဘာလာလုပ်တာတုန်း"

"မာမီက ခေါ် ခိုင်းလိုက်လို့. . .ထမင်းစားတော့မယ်. . .တဲ့"

"ဟာကွာ. . ."

သူ စုတ်တစ်ချက်သပ်လိုက်ပြီး ဆံပင်ကောက်ကောက် လိမ်လိမ်ကလေးများကို ဖွာလန်သွားအောင် လက်ဖြင့်ဖွကုတ်ပစ် လိုက်၏။

"ခဏလေး၊ လာခဲ့မယ်လို့ပြောလိုက်၊ ဟာ...နေဦး... နေဦး၊ ရှာမတွေ့ခဲ့ဘူးလို့ ပြောလိုက်ဟာ၊ ပြန်. . . ပြန်၊ နင်ပြန်တော့"

"မပြန်ဘူး. . ."

သူက ခေါင်းမာသောကောင်မလေးကို မျက်မှောင်ကုတ် ကြည့်သည်။

"ပြန်. . . ဆို၊ ငါလာခဲ့မယ်"

"နင်နဲ့မှ အတူပြန်မှာ. . ."

ထိုအခိုက်ဘေးမှရပ်ကြည့်နေသော ကောင်လေးတစ်သိုက် ၏ "ဂိုး"ဟု အကျယ်ကြီး အော်ဟစ်လိုက်သံကြောင့် ဖြိုးက နောက်သို့ လှည့်ကြည့်သည်၊ သူ့မျက်နှာမှာ ရှုံ့မဲ့သွား၏။





'ကြည့်စမ်း၊ နင့်ကြောင့် ငါတို့ဘက်ကို တစ်ဂိုးဝင်သွားပြီ၊ နှမ့်ဆို ငါတို့ နိုင်ပြီးသား။ နင် တော်တော်ရှုပ်ပါလား၊ ပြန်တော့'

"ဟော့ကောင် ဖြိုးကျော်၊ လာတော့ကွာ"

တစ်ယောက်က အနားရောက်လာပြီး ခုန်ဆွခုန်ဆွဖြင့် သာနေသည်။ ဖြိုးကျော်ဆိုသည့် ကောင်ကလေးမပါလျှင် သူတို့ ဘောလုံးကစား၍ မဖြစ်တော့သလို။ သူမ ရုတ်တရက် စိတ်ဆိုး မာန်ဆိုး လှည့်ထွက်ဖို့စဉ်းစားသေး၏။ သို့သော် မဖြစ်ပါ။ သူ မပါဘဲ မပြန်နိုင်ပါ။ အထူးသဖြင့် သူက မျက်နှာထိ မျက်နှာထားနှင့် ပြန်ခိုင်း နေသောကြောင့် ပို၍မပြန်ချင်ပါ။ထိုကြောင့် နေရာမှမရွေ့ဘဲ ဆေကပ်ရပ်နေလိုက်သည်။ ဖြိုးက သူမကို ခပ်ပေပေကြည့်၍ ရွမစိုက်သည့် ပုံစံမျိုးဖြင့် ဘောလုံးကစားကွင်းထဲသို့ ပြန်ပြေးသွား သည်၊ ညနေချမ်းအချိန်မှာ တဖြည်းဖြည်းမှောင်လာပြီ။ ဖုန်ငွေ့များ ထောင်းထောင်းထလျက် ဤပတ်ဝန်းကျင်မှာ ပို၍မှောင်နေသည်။ ကောင်ကလေးပေါင်း မြောက်မြားစွာ၏ အကဲခတ်အကြည့်များကို တင်းတင်း ပြန်ကြည့်ရင်း သူမ ရပ်စောင့်နေခဲ့သည်။ ဘောလုံးကစား နေသည့် ကောင်လေးတစ်သိုက်က သူမကို ကွက်ကြည့်ကွက်ကြည့် ဖြင့် ဘာပြောမှန်းမသိပြော၍ ပြုံးဖြဲဖြဲလုပ်နေကြတာကို မြင်သော် သည်း မမှုသလို မျက်နှာပေးဖြင့် ခပ်စိုက်စိုက် လက်ပိုက်ကြည့်နေ ခဲ့လေသည်။

နောက်ဆုံး ဖြိုးကစ၍ ဘောလုံးပွဲကို သိမ်းလိုက်သည်။

"တော်ပြီကွာ၊ နောက်နေ့မှ. . ."

စောင်းတန်းအုတ်ခုံနံဘေးမှာ ပုံထားသော ဖိနပ်များစွာမှ သူ့ဖိနပ်သူ ရွေးကောက်ယူ၍ သူမဆီ ရောက်လာသည်။ ထို့နောက် အရွယ်နှင့်မလိုက်အောင် တက်တစ်ချက် ခေါက်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က နင့်ကို ဟိုကောင်တွေ ဝိုင်းကြည့်တာကို ကျေနပ်နေတာပေါ့လေ. . ."

"နင်နော်. . . ငါ့ကို ရန်မစနဲ့"

ဖြိုးကတော့ စကားတစ်ခွန်းမှ မပြောဘဲ ခေါင်းမော့လှန်၍ မခံချိ မခံသာဖြစ်အောင် အာခေါင်ကို ခြစ်၍ရယ်သည်။ သူမ ဒေါသထွက်သွား၏။

"စာမေးပွဲ ဒီလောက်နီးနေတာကြီး"

"ဘာဖြစ်တုန်း နီးတော့။ အချိန်တန် အောင်ရင်ပြီးတာပဲ မဟုတ်လား"

"အောင်ပါလိမ့်မယ် အားကြီး"

ထိုနေ့ညအင်္ဂလိပ်စာကျက်ချိန်ကျတော့ တစ်ယောက်တစ်လှည့် မီးနင်းပြန်ကြသည်။ သူမက တစ်လုံးမကျန် ချောမွေ့စွာပြန်နိုင်သော်လည်း ဖြိုးက ရှေ့ပိုင်း လေးငါးလုံးလောက်သာရလျှက် နောက်စာလုံးများကို စာလုံးပေါင်းမှန်အောင် မရွတ်နိုင်တော့ချေ။ သူမက စိတ်တိုတိုဖြင့် စာအုပ်ကိုင်ထားရာမှ သူ့မျက်နှာကို ပစ်ပေါက်ပစ်လိုက်မိသည်။

"ဘယ်လိုလုပ်စာရမလဲ၊ သူများ မီးနင်းကျက်ချိန်မှာ သွားဆော့နေတာကိုး၊ အခုပြန်ကျက် ငါ နာရီဝက်စောင့်မယ်၊ နာရီဝက်အတွင်းရအောင်ကျက်"

ဖြိုးက မျက်နှာကို လာမှန်သော စာအုပ်အား လက်နှင့်ဖမ်းထိန်းရာက မျက်နှာချိုသွေးသလို ပြုံးရယ်ပြ၏။

"ဟာ. . .ဇော်ကလဲ မိနစ်၃၀အတွင်း ဘယ်လိုလုပ်ပြီးရအောင် ကျက်နိုင်မှာလဲ၊ ငါ့ကို တစ်နာရီအချိန်ပေး"

"မပေးဘူး၊ ရအောင်ကျက်"





"ဟောဗျာ"

မျက်နှာသိပ်မကောင်းလှသော်လည်း သူက ကြိုးစား၍ ပြုံးရင်းက"အေးပါ. . . အေးပါ"ဟု သဘောတူ လက်ခံကာ စာကျက်သည်။ စားပွဲတင်နာရီကို လှမ်းကြည့်လိုက် စာအုပ်ငုံ့ကြည့်လိုက် ဘစာစာရွတ်နေသော ပါးဖောင်းဖောင်းကလေးကို သူမ မညှာမတာ လိမ်ဆွဲပစ်ချင်စိတ် ပေါက်လာအောင် စိတ်တိုနေမိ၏။ ဖြိုးက ဇော်လောက် ဉာဏ်မကောင်းတာကို သူမသိလျက်သားနှင့် ဌွတ်ပေဘပ်၍အလျှော့မပေးခဲ့သည်မှာ သူမ မှားမှန်း ပြန်စဉ်းစားမှနောင်တရသည်။ နာရီဝက်စေ့၍ သူ စာပြန်တော့ အောက်ဆုံး စာလုံးသုံးလုံးကို အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသေးသည်။

"ကြည့်စမ်း ဒီလောက်ကျက်တာတောင် နင် မရဘူး။ နင်ဘယ်လိုဖြစ်နေလဲ"

ကောင်မလေးက စွတ်အော်လိုက်သည်။ ရယ်ကျဲကျဲ လုပ်နေသော သူ့ကို စိတ်ရှိလက်ရှိ ထုနှက်ပစ်ချင်စိတ်ကများနေသောကြောင့် အရာရာကို ချင့်ချိန်စဉ်းစားရ ကောင်းမှန်းလည်းနုနယ်သည့်ဦးနှောက်က မဝေဖန်တတ်ခဲ့။ လူတစ်ယောက်နှင့်တစ်ယောက် အလေးတစ်ဦးနှင့်တစ်ဦး မှတ်ဉာဏ်၊ အာရုံစူးစိုက်မှု မတူဘတ်ကြောင်းကိုလည်း သူမ မတွက်ခဲ့မိ။ ထို့ကြောင့်လည်း သူ စိတ်နာကြည်းမည့် စကားမျိုးကို လွှတ်ခနဲ ပြောလိုက်မိခြင်း ဖြစ်သည်။

"ဒီလောက်ဉာဏ်ထိုင်းတဲ့ နင်လိုကောင်မျိုးနဲ့ အတူတူ ကျက်ရတာ ငါ့အချိန်တွေ ကုန်တယ်"

ထိုစကားအဆုံးတွင် ဘယ်လိုမှ မျှော်လင့်မထားသော အဖြစ်မျိုး ကလေးနှစ်ဦးကြားတွင် ဖြစ်ခဲ့သည်။ ကုလားထိုင်မှ ဝုန်းခနဲ ထလိုက်သော ဖြိုးကို စိတ်အလွန်ဆတ်သည့် ကောင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ် သူမ ပထမဦးဆုံးအကြိမ် ထိတ်လန့်တကြား သိလိုက်ရသည်။ နီညိုရောင် ဆံပင်ပျော့ပျော့ကလေးများအောက်မှ စိတ်ထိခိုက်နာကြည်းသွားသော မျက်နှာလုံးလုံးကလေးကို ဇော်ခပ်စိုက်စိုက် ပေကြည့်နေမိသည်။ ဖြောင့်စင်းသော နှာတံလုံးချွန်ချွန်ကလေးအောက်မှ မိန်းကလေးနှုတ်ခမ်းလို သေးငယ်စုဝန်းသော နှုတ်ခမ်းပါးကလေးမှာ တင်းနေအောင် စေ့ထားသည်။တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်၍ ပေစောင်းစောင်း ကြည့်နေရာမှ ဖြိုးက သူ့ဖတ်စာအုပ်နှင့် မှတ်စုကို မပြောမဆို ကောက်သိမ်း၍ ချာခနဲ လှည့်ထွက်သွား၏။

"ဟိတ်. . .ဒါ ဘယ်လဲ"ဆရာမ လေသံကို မလျှော့ဘဲသူမ မေးမိသေး၏။ ဖြိုးက နောက်ပြန်လှည့်မကြည့်ဘဲ ခဏရပ်၍ "နင့်အချိန်တွေကုန်တယ်ဆို၊ ငါကလဲ နင့်လို သောက်ကြီးကျယ်တဲ့ ကောင်မစုတ်နဲ့ တစ်သက်လုံး အတူ စာမကြည့်ချင်ဘူး"

ထိုအချိန်မှစ၍ ပဋ္ဌမတန်းစာမေးပွဲဖြေပြီးသည်အထိ ဖြိုးက သူမကို နာကြည်းစွာ ရှောင်ဖယ်နေ၏။ ဇော်ကလည်း ဤကိစ္စတွင် သူမ အနည်းငယ်လွန်သွားကြောင်း သိလျက်နှင့် အလျှော့မပေးလိုသော ခေါင်းမာမှုကြောင့်လိုက်ချော့ဖို့ စိတ်မကူးခဲ့ချေ။ ထိုနှစ်က ဖြိုး ပဋ္ဌမတန်း စာမေးပွဲရှုံး၏။

နောက်ဆုံးတော့ သူမက စတင်၍ ခေါ်လိုက်ပါသည်။ ဖြိုးက စာမေးပွဲကျသူမဟုတ်လား။သူမကသာ စ,မခေါ်လျှင် နာကြည်းစိတ်ဖြင့် တစ်သက်လုံးများ ကွဲသွားမလားမသိ။ အံ့မှာ ဒါတောင် ကိုယ်တော်က အင်တင်တင် လုပ်နေသေးသည်။





"မခေါ်ချင်ပါဘူး နင့်ကို၊ ကြီးကျယ်လွန်းလို့ နင်နဲ့ မခေါ်ဘဲ သဲ ငါ့ဘာသာငါ စာကျက်လို့ဖြစ်တယ်. . . သိလား"ဟု နှုတ်သီး ကောင်းလှျာပါး ရန်တွေ့သေးသည်။

"အေးပါ ဖြိုးရယ်၊ နင်က ငါနဲ့မခေါ်ဘဲ နေနိုင်မှာပါ၊ ငါက တော့ နင်နဲ့မခေါ်ဘဲ မနေနိုင်ဘူး"

"ဘာဖြစ်လို့လဲ. . ."သူက အထက်စီးလေသံဖြင့် ခပ်မိန့်မိန့် မေး၏။ သင့်လျော်သော အဖြေကို သူမ ကမန်းကတန်း စဉ်းစားလိုက် ရသည်။

"နင်နဲ့မခေါ်ရင် ငါကျောင်းကို တစ်ယောက်တည်း သွားရ တော့မှာပေါ့ဟ၊ နင်နဲ့ခေါ်မှ နင်လိုက်ပို့မှာပေါ့"

ထိုအခါ မှုန်ကုပ်ကုပ် မျက်နှာလေးက လက်ခနဲ တောက်ပ သွား၏။ လောကကြီးမှာ အရေးပါသူတစ်ယောက်၏ ညစ်ကျယ်ကျယ် အပြုံးမျိုးဖြင့် "အေးနော် နင်ကစခေါ်တာနော်" ဟု နောက်တစ်ဆင့် အသားယူလိုက်ပြန်လေသည်။

ကျောင်းစာနှင့် ပတ်သက်၍ သူမကို ဆရာတင် မေးမြန်းဖို့ အင်မတန် မာနထားသော ဖြိုးသည် သူမ ဆဋ္ဌမတန်းအောင်ချိန်တွင် ပဋ္ဌမတန်းကို ဒုတိယအကြိမ်ကျပြန်၏။

ဖြိုးနှင့်ဇော်တို့ ကျောင်းစာနှင့်ပတ်သက်၍ စိတ်သဘော အားကွဲသွားကြသော်လည်း အန်စာတုံးပစ်၍ မြွေနှင့် လှေကားကစား ခြင်း ရုပ်ရှင်နာမည်များကို ပဟေဠိဖွတ်ခြင်း စသည်တို့ကိုတော့ ကျောင်းအားတိုင်း ကစားကြမြဲ ဖြစ်သည်။ ဖြိုးက အလောင်းအစားနှင့် ပတ်သက်လျှင် အကျိုးမပေးလို့ပဲလားမသိ။ အန်စာတုံးပစ်လျှင် သူလို ချင်သော ဂဏန်းမကျတတ်ချေ။ သူက လောင်းကစားနှင့် ပတ်သက် လျှင် တံကိုဆိုးတတ်၏။ အန်စာပစ်၍ လေးဂဏန်းကျလျှင် မြွေမျို



www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်၍သုံးဂဏန်းကျပါစေ ဆုတောင်းလည်းမရတတ်။သူ့မှာ မြွေမျိုးသည်နှင့်ပင် မဂိန်းတော့ချေ။ ဇော်ကတော့ အာရုံစူးစိုက်မှုပဲ ကောင်းလို့လား၊ ကံပဲကောင်းလို့လားမသိ၊ ခြောက်ဂဏန်းကျလျှင် လှေကားတက်ရမည်ဟု သိလျှင် "ဟောကြည့်နေ၊ ခြောက်ရမှာကြည့်" ဟု ဂလောက်ဂလောက်လုပ်ပြီး ပစ်ချလိုက်၊ တကယ်ခြောက်ဖြစ်နေတတ်သည်။

ရုပ်ရှင်ကားတွေ ပဟေဠိဖွက်ပြန်တော့ ဇော်ကရုပ်ရှင်ဝါသနာကြီးသူမို့ ဇာတ်ကားနာမည်တွေကို သိနေသော်လည်း ဖြိုးကတော့ သူကြည့်ထားသည့် ဇာတ်ကားတောင် သူ ပြန်မမှတ်မိအောင် မှတ်ဉာဏ်နည်းလှ၏။ ဤဇာတ်ကားတွင် မည်သူပါဝင်ကြောင်းလည်း သဲလွန်စပေးရသေး၏၊ ဘယ်လောက်ပဲ သဲလွန်စတွေပေးပေး ဖြိုးကတော့မရတတ်ပါ။ ထို့ကြောင့်လည်း သူမ ပျင်း၍ဂစားတော့မည်ဆိုလျှင် ဖြိုးကို မုန့်တစ်ခုခုကျွေး၍ ချော့ခေါ်ရသည်။ ဖြိုးကလည်း ဘောလုံးကန်ချိန် မဟုတ်လျှင်သာ သူမဆီ စိတ်လိုလက်ရ လာကစားတတ်၍ ဘောလုံးကန်ချိန်ရောက်သည်နှင့်တစ်ပြိုင်တည်း ဘယ်လိုမုန့်မျိုးကျွေးကျွေး မလာတော့ချေ။

ဇော်တို့ ခုနစ်တန်း ရှစ်တန်းတုန်းက ဝလာစာအုပ် အလွတ်တစ်ခုထဲတွင် စာမျက်နှာတစ်ခုစီ၌ ခေါင်းစဉ်တစ်ခုစီတပ်၍ (သူငယ်ချင်းနာမည်များကို စာကြောင်းများအတိုင်း အမှတ်စဉ်ထိုးကာ)သူငယ်ချင်းများ၏ လက်ရေးတစ်မျိုးစီဖြင့် မိမိအကြိုက်ဆုံးစာရေးဆရာ၊ မိမိအကြိုက်ဆုံး အရောင်၊ မိမိအကြိုက်ဆုံး သီချင်းအဆိုတော် စသည်ဖြင့် မှတ်တမ်းသဘောမျိုး ရေးခိုင်းသည့် ကစားနည်းတစ်ခုခေတ်စားခဲ့သည်။ ဇော့်မှာ ထိုစာအုပ်မျိုးမထားသော်လည်း သူငယ်ချင်းများ၏ စာအုပ်တိုင်းမှာ ဇော့်လက်ရေးပါသည်။





ဖော်သည် ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း တစ်နှစ်စီတွင် အကြိုက်တစ်မျိုးစီ ဖြစ်နေတတ်၏။ခြောက်တန်းတုန်းက မိမိအကြိုက်ဆုံးအရောင် 'လိမ္မော်ရောင်'၊ မိမိအကြိုက်ဆုံး ရုပ်ရှင်မင်းသား 'ညွန့်ဝင်း'၊ အကြိုက်ဆုံးကစားနည်း 'ခွက်ခေါက်တမ်း' ဟု ရေးထားခဲ့၏၊ ခုနစ်တန်းမှာ အခြားသူငယ်ချင်းတစ်ယောက်၏ စာအုပ်ထဲကျတော့ တစ်မျိုး၊ အကြိုက်ဆုံးအရောင် 'အဖြူရောင်'၊ အကြိုက်ဆုံးရုပ်ရှင်မင်းသား 'ကောလိပ်ဂျင်နေဝင်း'၊ အကြိုက်ဆုံး ကစားနည်း 'ခွန်လွှတ်ခြင်း' ဟု ဖြစ်သွားသည်။ ရှစ်တန်းရောက်တော့ အကြိုက်ဆုံး ရုပ်ရှင်မင်းသား 'ကျော်ဟိန်း'၊အကြိုက်ဆုံးအရောင်'အပြာရောင်'၊ အကြိုက်ဆုံးကစားနည်း 'မရှိ'။

သို့သော် စာအုပ်အားလုံးတွင် တူညီသောအချက် ဟူ၍တစ်ခုတော့ ရှိခဲ့သည်။

မိမိ၏ ရည်မှန်းချက်၊ မိမိအဖြစ်ချင်ဆုံးအရာ ဟူသောခေါင်းစဉ်အောက်မှာ 'စာရေးဆရာ'ဟူသည့် စကားလုံးကတော့ ဘယ်တော့မှမပြောင်းလဲခဲ့ချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

သူမကို ဖြိုး ကျောင်းလိုက်ပို့ရသည့်တာဝန်သည် သူမ
ဘန်းရောက်တော့ အလိုအလျောက် ပြီးဆုံးသွားသည်။ ဇော်
တ်ရသည့်ကျောင်းမှာ အမှတ်(၁)အစိုးရအထက်တန်းကျောင်း
သည်။ ဇော်တို့အိမ်၏ အရှေ့တောင်ဘက် အဝေးပြေး လမ်းမကြီး
တွင်ရှိပြီး ရပ်ကွက်တစ်ခုခြားသောကြောင့် အနည်းငယ်ဝေးသည်
ဆိုနိုင်ပါသည်။ ကလေးနှစ်ယောက်မှာ ဆယ်ကျော်သက်အရွယ်သို့
က်လာပြီ။ တတွဲတွဲ သွားလာနေ၍ မသင့်တော်ဟူသော အတွေး
ည်း ကိုယ်စီ ဝင်လာခဲ့ပြီ။ ထို့ထက်ပို၍ အရေးကြီးသောအချက်
သူမတို့နှစ်ယောက်ကို သူငယ်ချင်းများက တီးတိုးစကားဖြင့်
နေကြပြီ။ ခင်မင်သူများကဆိုလျှင် မထိတထိ နောက်ပြောင်
ယ်တတ်ပြီ။ မိမိတို့နှစ်ယောက် အကြားတွင်ရှိသည့် ဖြူစင်သော
ဘာခဲ့သည် တစ်ချိန်ချိန်တွင် အရောင်တစ်ခုခု ပြောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



မလား ဟု တိတ်တခိုး စိုးရိမ်ပူပန်လာတတ်ပြီ။ ထိုအခါ သူမတို့ နှစ်ယောက်သည် ဆုံးဖြတ်ချက်တစ်ခု ပြိုင်တူချခဲ့မိဟန် တူပါသည်။

"ဖြိုး. . .နင် ငါ့ကို ကျောင်းလိုက်မပို့နဲ့တော့"ဟု တစ်ခွန်းသာ ပြောရလျက် သူကလည်း စိတ်ပေါ့ပါး လွတ်လပ်သွားသူတစ်ဦး၏ အမူအရာဖြင့် "အေး" ဟု လက်ခံခဲ့လေသည်။

၁၉၇၃ ခုနှစ် ဇွန်လဆန်းတွင် အမှတ်(၁)အစိုးရအထက်တန်းကျောင်း၏ တမာဆောင်ဟု အများခေါ်သော နဝမတန်းဆောင်သို့ ပြောင်းရွှေ့ကျောင်းတက်ခဲ့ရသည်။ နဝမတန်းကျောင်းသားများ များလွန်းသဖြင့် 'အေ' မှ 'ဂျီ' အထိ(၇)ခန်းခွဲ၍ထားသည့်အနက် သူမ က 'စီ' ခန်းတွင် နှစ်ရက်တိတိသာ ကျောင်းတက်လိုက်ရပြီး 'ဂျီ'ခန်းသို့ အတန်းပြောင်းရွှေ့ခံရသည်။

နဝမတန်း 'ဂျီ'သည် ကိုးတန်းဆောင် တစ်ခုလုံးတွင် အစုတ်ချာဆုံးသော အခန်းဖြစ်၏။ ထရံတို့ ပေါက်ပြဲလျက် အိမ်သာရှိသော ကုန်းမြင့်နှင့်လည်း အနီးဆုံး အစွန်ခန်းဖြစ်လေသည်။ 'ဂျီ' အခန်းထဲသို့ သူမ ပထမဆုံးအကြိမ်ဝင်သွားသောအခါ တခြားအခန်းများမှ သူမလိုပင် ပြောင်းလာဟန်ရှိသည့် ကျောင်းသူကျောင်းသား မျက်နှာစိမ်းများကို ဟိုနေရာတစ်စု သည်နေရာတစ်စု တွေ့ရသည်။ တချို့ ကျောင်းသားများက တဟေးဟေး တဟားဟားနှင့် ပျော်ရွှင်နေပုံရပြီး သူငယ်ချင်းနှင့် ခွဲလာရဟန်တူသော တချို့ကတော့ ငြိမ်သက်စွာ နေရာယူလျက် ထိုင်နေကြပြီ။ သူမသည် လွယ်အိတ်ကြိုးကို တင်းတင်းဆုပ်လျက် ကျောက်သင်ပုန်းကြီးနှင့် အနီးဆုံး ရှေ့ဆုံးခုံတန်းတွင် ဝင်ထိုင်လိုက်သည်။ ဘေးနားမှာ ထိုင်နေသော မိန်းကလေးက ကိုယ့်ကိုယ်ကို မိတ်ဆက်လာ၏။

"ငါ 'အေ' ခန်းထဲနေပြောင်းလာတာ၊ငါ့နာမည် ခင်ဝေသင်းတဲ့"





"ဟုတ်လား၊ ငါက 'စီ'ခန်းက ပြောင်းလာတာ၊ ငါ့ နာမည် တင်တင်ဇော်"

"ဟော. . .ဘိုတော့ကျွဘ်တာပဲ တင်တင်ဇော်ရေ၊ ဒီအခန်းကို ကိုးတန်းက ဆရာတွေမသင်ဘူးတဲ့"

"ဘာ. . ."

"ဆယ်တန်းသင်တဲ့ ဆရာတွေ လာသင်မှာတဲ့တော့"

"ဘုရားရေ"

ထမင်းစားကျောင်းဆင်းချိန်တွင် ကျောင်းနှင့်အိမ်ဝေးသဖြင့် ထမင်းကို ကသုတ်ကရက်စားပြီး ပြန်လာရသောအခါ သူမ ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်၊ နောက်နေ့ကျရင် ကျောင်းကို ထမင်းဘူးယူမယ်။

ညနေကျောင်းဆင်းတော့ ခါတုပေဒဖြပ်စင် နာမည်သင်္ကေတများ၊ ဗေလင်စီများတွဲ၍ ကျက်နေတုန်း ဖြိုး ရောက်လာသည်။

"အံမယ်. . .ကိုးတန်းကျောင်းသူကြီးက စာတွေ ဘာတွေ ဘောင် ကျက်နေပြီလား"ဟု အောက်ကလိ အောက်ကလာ အသံဖြင့် မခိုးမခန့် မေးသည်။

"ဒါပေါ့၊ ခုနစ်တန်းလိုတော့ [illegible]လွယ်ပါလိမ့်မလဲ"ဟု နိမ်ပေါက်ဖြင့် သူမ ပြန်ပြောလိုက်သော်လည်း သူကတော့ နာဟန်မတူချေ။ လှိုင်းနှိပ်ကလေးများ ထနေသော ဆံပင်ညိုညို ပျော့ပျော့ကလေးများကို လက်ဖြင့် သပ်တင်ရင်း ရ[illegible]ဘဲ့ကဲ့ လုပ်နေသည်။

"ငါ့ကို ဗိုက်ဆံငါးကျပ်လောက်ချေးစမ်းပါ ဇော်. . ."

"အို. . . ငါ့ မှာ ငါးကျပ်မပြောနဲ့ တစ်ကျပ်တောင်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်. . .နင် မလိမ်ပါနဲ့၊ ငါ သတင်းရပြီးသား၊ နင့်အစ်ကိုကြီးက နင် ဂုဏ်ထူးနှစ်ဘာသာပါလို့ ပိုက်ဆံငါးဆယ်ဆုချထားတာဆို. . ." ဟု သေချာပေါက်သိနေသူ၏ လေသံဖြင့်ပြော၏။

"ဟင်. . . အဲဒါတော့. . ."

သူမ၏ နှစ်ဝမ်းကွဲသော အစ်ကိုမှာ ပုလဲနှင့်ငါးသဘော်မှ အရာရှိတစ်ယောက် ဖြစ်လေသည်။ သူမကို ဆုချခဲ့သော ပိုက်ဆံကို သူမကိုယ်တိုင်ပင် သုံးရက်သည် မဟုတ်။

"အေးလေ. . .မပေးလဲရပါတယ်"ဟု မျက်နှာခပ်တည်တည်ဖြင့် ဖြိုးက ချာခနဲ ပြန်လှည့်ထွက်၏။

"နေဦးလေ ဖြိုး. . ."

သူကပဲ စိတ်ကောက်ရတယ်ရှိသေး။ သူမ အနည်းငယ်ဆူဆောင့်သောဟန်ဖြင့် တက္ကသိုလ်ဘုန်းနိုင်၏ 'သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်နိုင်' စာအုပ်ကြားထဲညှပ်ထားသော ပိုက်ဆံထပ်ထဲမှ ငါးကျပ်တန်ကလေးကို ထုတ်ပေးလိုက်သည်။

"နင့်မျက်နှာက ဘာဖြစ်နေတာလဲ၊ နင့်ပိုက်ဆံ ငါက ပြန်ဆပ်မှာပါဟ။ မသဒ္ဓါသလိုကြီး လုပ်မနေနဲ့"

"ဟော့တော်. . ."

ပိုက်ဆံချေးမည့်သူကပဲ မျက်နှာချိုသွေး ပြရဦးမည့်ပုံပဲ။ သူက သူမပေးသော ပိုက်ဆံကို မယူချင့်ယူချင်ဖြင့် လှမ်းယူ၏။

"နင် ဘာသုံးဖို့လဲ. . ."

"မစပ်စုကြေးဟေ့. . ."

သူ ပိုက်ဆံရလျှင်ရချင်း လှစ်ခနဲ ပြေးထွက်သွားတော့သည်။ ဖြိုးတစ်ယောက် ဆေးလိပ်များ သောက်တတ်နေပြီလား။ သူမတို့ အတန်းထဲမှ ကောင်လေးတချို့ အတန်းအားချိန်တွင်





ဆေးလိပ်ခိုးသောက်သည်ကို မြင်နေရသော သူမ အနေဖြင့် ဖြိုးကိုဘယ်လိုမှ စိတ်မချနိုင်ချေ။

ဖြိုးကျော်တို့အိမ်သည် တင်တင်ဇော်တို့ အိမ်နှင့် ခြံခြင်းကပ်လျက်ဖြစ်၏။ သူမတို့နေသည့်လမ်းကို ဂုဏ်မသိမ်လမ်းဟု ခေါ်ကြသည်။ အများစုက ပွဲစားများ နေထိုင်ကြသည်။ ဆန်ပွဲရုံ၊ ဆန်းလျက်ပွဲရုံ၊ ကြက်သွန်အာလူးပွဲရုံ၊ ပဲအမျိုးမျိုး ရောင်းသောပွဲရုံစသည်တို့ဖြစ်သည်။ သူမ၏ဖခင်သည် သူမ မမွေးဖွားမီနှင့် ငယ်ရွယ်စဉ်တုန်းက ပွဲစားဖြစ်သော်လည်း သူမ သိတတ်စရွယ် ရောက်လာကတည်းက နာရီပြင်ဆရာတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းသည်။ ဖြိုးတို့ ဖခင်ကတော့ ရေနံတွင်းစားပောင်းတစ်ဦး ဖြစ်လေသည်။

ဖြိုးတို့ တိုက်အိမ်မှာ နိုင်ငံခြားရုပ်ရှင် ကားဟောင်းများတွင်တွေ့ရတတ်သော ထုထည်ကြီးမားသည့် နံရံတို့ဖြင့် တည်ဆောက်ထားသည်။ လသာဆောင်ကို တခြားတိုက်အိမ်များလို အလျားလိုက်လေးထောင့်ထုတ်ထားခြင်းမျိုး မဟုတ်ဘဲ အပေါ်ထပ် ထောင့်ချိုးအခန်းနှစ်ခု၏ အစွန်များမှ အပြင်သို့ အဝိုင်းသဏ္ဍာန်ကွေ့ဝိုက်၍ထုတ်ထားသည်။ အခန်းတစ်ခုမှာ သူ့အစ်မနေသော အခန်းဖြစ်ပြီး အခြားအခန်းမှာ ဧည့်ခန်းဖြစ်၏။ ဧည့်ခန်း၏ ဟိုဘက်ကျမှ သူ့မိဘများ၏ အိပ်ခန်းဖြစ်သည်။ ဖြိုးနှင့် သူတို့၏ ဦးလေးကြီးတစ်ယောက်မှာ အောက်ထပ်၌နေသည်။

သူမတို့ အိမ်ကတော့ ကျင်တွယ်ပုံ ထောင့်ချိုးထားသည့် သမံတလင်းခင်း တစ်ထပ်အိမ်ကလေး ဖြစ်သည်။ ဖြိုးတို့ခြံလောက်လည်း ခြံဝန်းမကျယ်လှဘဲနှင့် အိမ်နှင့်ခြံစည်းရိုးအကြားရှိသမံတလင်းခင်းထားသော ကွက်လပ်မှာ လေးပေလောက်သာကျယ်၏။ ထိုကွက်လပ်ထဲတွင် နှင်းဆီပင်များကို ပန်းအိုးဖြင့် စီတန်းစိုက်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်စိုက် ဝါသနာပါသော အမေက သမ်တလင်းကို ဖောက်ထွင်ပြီး မြတ်လေးပန်းပင်ကို စိုက်ထားလိုက်သေး၏။

ကျောင်းဖွင့်စ ၁၉၇၃ ခုနှစ်၊ ဇွန်လ၊ တနင်္ဂနွေတစ်ရက်၌ မြတ်လေးရုံအောက်တွင် ကုလားထိုင်ချခြင်း၍ ဓာတုဗေဒရက်ကြီး ကယ်လိမ်များ ကျက်မှတ်နေသော သူမအခန်းသို့ ဖြိုး ရောက်လာ၏။

"ဇော်. . .ငါနင့်ကို ပြစရာတစ်ခုရှိလို့၊ အိမ်လိုက်ခဲ့စမ်းပါ"

ဟု မျက်နှာပိုးသတ်ထားရသော အမူအရာဖြင့် တီးတိုးခေါ်လေသည်။

"ဘာလဲဟင်. . .ဘာပြမှာလဲ"

ဖြိုးကတစ်ခုခုပြစရာရှိလျှင် တကယ့်အထူးအဆန်း ပစ္စည်းများဖြစ်တတ်၏။ ငယ်ငယ်တုန်းကတော့ သူ့အိမ်မှာ မှန်လှောင်ကန်ကလေးဖြင့် မွေးထားသော ရွှေငါးကလေးများ၊ ဖန်ပုလင်းအဝကျယ်ထဲထည့်ထားသော ပိုးစိမ်းကောင်ဟု သူမတို့ခေါ်သည့် ရွှေရောင်တောက်နေသော တောင်ပံစိမ်းများရှိသည့် အကောင်ကလေးများ တစ်ခါတစ်ခါ ဖန်ပုလင်းထဲတွင် ကင်းမလက်မည်းဟုခေါ်သည့် စိမ်းမှောင်သော ကင်းကြီးများကို ထည့်၍ပြတတ်သေး၏။ သံပတ်ပေးလိုက်လျှင် အစာငုံ့ငုံ့ကောက်သည့် အမွေးဖွားဖွား အဖြူရောင်ကြက်ရုပ်ကလေးများပြတတ်သေးသည်။ အသက်နည်းနည်းကြီးလာတော့ သူပြသည့် ပစ္စည်းများ ပြောင်းလဲလာသည်။ သူ့အတွက် သူ့အဖေက ဝယ်ပေးသည့် ပိုက်ကြိုးရှုံ့ဖြင့် ထည့်ဆွဲရသည့် ဘောလုံးလို၊ ဘက်တမင်တန်လို သူ ဘောလုံးကန်ရာမှ ဆုရလာသည့် ငွေဒိုင်းသေးသေးကလေးလို၊ မျက်နှာသုတ်ပဝါလို၊ ဖန်ခွက်လိုပစ္စည်းများဖြစ်တော့သည်။

ယခုလည်း သူ့ဘာပြစရာပစ္စည်း တကယ်ရှိမှန်း ဇော် ရိပ်မိသည်၊ ဘာမှငြင်းမနေတော့ဘဲ လက်ထဲက စာအုပ်ကလေးကို





ဘားထိုင်ပေါ် ပစ်ချပြီး သူခေါ် ရာသို့ လိုက်လာခဲ့သည်။ ခြံစည်းရိုးချင်းမှ ကျော်ဝင်ခြင်းဖြစ်သောကြောင့် သူ့အိမ်ရှေ့ တည့်တည့်မှမဝင်တော့ဘဲ ဘေးပေါက် သံတံခါးမှဝင်ခဲ့ကြသည်။ ထိုဘေးတံခါးနှင့်ကပ်လျက် အောက်ထပ်အခန်းမှာ သူ့အခန်းဖြစ်၏။

"လာ . . ဇည့်ခန်းကို"

ရှေ့ခန်းရောက်တော့ သူ၏တစ်ဦးတည်းသော အစ်မ မမမိုးနှင့် အတူထိုင်နေသော ဇော်၏ အစ်ကိုဝမ်းကွဲကို တွေ့ရ၏။ သူတို့ရှေ့ယောက် ဓာတ်ပုံအယ်လ်ဘမ်များကိုကိုင်ရင်း စကားပြောနေကြသည်။ သူမ ခြေဖွနင်းလျက် အစ်ကိုကြီးကို စပ်ဖြဲဖြဲလေး ပြုံးပြရင်းနောက်က ကပ်လိုက်သွားသည်။ ဖြိုးက နံရံဘွင်ချိတ်ထားသော ဘောင်သွင်း ဓာတ်ပုံများဆီခေါ်သွား၍ ဘောလုံးကန်နေသော ဓာတ်ပုံကို လက်ညှိုးညွှန်ပြ၏။ ဘောင်းဘီအစင်းကျားနှင့် ဘောလုံးကန်နေသော ဖြိုး၏နောက်မှာ ဘောလုံးသမားများ ပြေးလွှားနေသည်ကို မသဲမကွဲ မြင်ရသည်။ ဒါ တကယ့်ဘောလုံးပွဲမှာရိုက်ထားတာလေ။

"အမယ်လေး . . .ဒါများ ကြွားစရာမရှိ ခေါ်ကြွားရသေး . . ."

အမျှော်လင့်ကြီး မျှော်လင့်ထားသည့် သူမ မကျေမချမ်းပြောလိုက်လေသည်။

"ဒီဓာတ်ပုံ ငါ ကြည့်ပြီးသားကြီးကို. . ."

"ဟုတ်လား . . .ဒါပေမယ့်အခန်းထဲမှာ ပြစရာရှိသေးတယ် . . ."

သူမ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် သူ့အခန်းသို့ လိုက်သွားသည်။ သူ့စာကြည့်စားပွဲမှာ စာအုပ်သုံးလေးအုပ်သာ ရှိလေ၏



www.burmeseclassic.com

www.burmeseclassic.com



တင်းနစ်ဘောလုံးများ၊ ကြက်တောင်အစုတ်များ ပေပွနေအောင်တင်ထားသည်။

"ဘယ်မလဲ . . . ဖြူ"

"ဒီမှာ . . .ငါပြောမလို့ ဟိုဥစ္စာလေ. . .နှင်နဲ့ ငါနဲ့အမျိုးတော်ရတော့မယ်"ဟု ဖြိုးက ဘယ်လိုမှ အပိုးသတ်မရသော မျက်နှာပေးဖြင့် ရယ်ကျဲကျဲပြောလိုက်လေသည်။

"ဘာ . . ."

"ရှူး တိုးတိုး နှင်ဘာလဲမအော်စမ်းပါနဲ့၊ ညေ့ခန်းမှာ မမြင်ခဲ့ဘူးလား၊ မမနဲ့ နှင့်အစ်ကိုနဲ့ စကားပြောနေတာ"

"အဲဒါဘာဖြစ်လဲ"

"နှင်ဟာလေ. . .ကျောင်းစာတော်သလောက် ပတ်ဝန်းကျင်လေ့လာမှု သိပ်ညံ့တာပဲ၊ နှင့်အစ်ကိုနဲ့ မမနဲ့ ယူကြတော့မှာ"

"အို . . . မဟုတ်တာ"

"ဩော် . . .ဟုတ်ပါတယ်ဆိုမှ၊ နှင်မယုံရင် နဒါလေးမေးကြည့်ပါလား၊ နှင်တို့ဦးလေးတွေ နောက်လဆို မော်လမြိုင်ကနေဒီကို လာကြတော့မှာတဲ့။ မမနဲ့ အစ်ကိုကြီးနဲ့ စေ့စပ်ဖို့ . . . တဲ့"

"နှင့် ဘယ်သူပြောလဲ"

"ငါ ချောင်းနားထောင်တာပေါ့"ဟု ဖြိုးက ညစ်ကျယ်ကျယ်လေသံဖြင့် လက်မထောင်ရင်း ပြောလေသည်။ သူမ တော်တော်အံ့သြပြီး ဝမ်းသာသွား၏။ ဖြိုးတို့အစ်မ မမမိုးမှာ သူမတို့ရပ်ကွက်တွင် အလှဆုံး အသိမ်မွေ့ဆုံး အပျိုတစ်ဦး ဖြစ်လေသည်။သည်လောက်ချစ်ဖို့ကောင်းသည့် မမမိုးကို မည်သူက အမျိုးမတော်ချင်ဘဲ ရှိပါမည်နည်း။

"နှင် ငါ့ကို မျက်နှာမပူဘူးလား ဖြိုး"





"ဘာလို့ ပူရမှာလဲ"

"နှင်က မိန်းကလေးရှင်လေ။ငါကယောကျ်ားလေးရှင်လေ"

"သွားစမ်းပါ"

ဖြိုးဟာ တစ်ချက်မှ မျက်နှာမပျက်ဘဲ ရယ်မော၏။ ဖြိုး၏နှုတ်ခမ်းအထက်မှာ ခပ်ရေးရေးလေးမြင်နေရသော နှုတ်ခမ်းမွေးစစကို ကြည့်မိ၍ ဇော် တော်တော်အံ့သြသွားသည်။ ဖြိုးဟာ လူပျိုကောင် ဖြစ်နေပြီပဲ။ သူမထက် တစ်နှစ်ခွဲကြီးသောကြောင့် ယခုဆိုလျှင် သူ (၁၆) နှစ်ပြည့်ပြီးပြီ ဖြစ်လိမ့်မည်။ ထိုအချိန်မှာပင် သူမ အချက်တစ်ခုကို သတိရသွား၏။ ဘုရားရေ . . .ငါနဲ့ သူနဲ့အခန်းထဲမှာ နှစ်ယောက်တည်း မနေသင့်ပါဘဲလား။

"တခြားပြစ်ရာမရှိတော့ဘူးဆိုရင် ငါပြန်မယ်"

သူမ အသံသည် စောစောကလိုမဟုတ်ဘဲ အနည်းငယ် ငူငူရှုရှု ဖြစ်သွား၏။

"ဟာ. . .ဘာလဲ။ ဘာဖြစ်လို့လဲ" သူက နားမလည်သလို ထော်ဘရက် မေးလေသည်။ နောက်ပြီး သူ့ခုတင်ပေါ် ပစ်ထိုင်ချလိုက်၏၊ သူမကို စူးစူးစမ်းစမ်း လှမ်းကြည့်သော သူ့မျက်လုံးအစုံကို ရုတ်ချင်းမျက်နှာ လွှဲပစ်လိုက်မိတာ ဘာကြောင့်ပါလိမ့်။

"ငါ စာကျက်ရဦးမယ် . . . ဟ"

"အမယ်လေး. . . စာများ ဘယ်အချိန်ကျက်ကျက်ရတာပဲ နေစမ်းပါဦး၊ ငါ စကားကောင်းပြောမလို့ နှင် သိပ်စာတော်ချင်တာ ဘာဖြစ်လို့လဲ ဇော်"

"ဟောတော် . . .စာတော်ချင်တာဟာ စာတော်ချင်လို့ပေါ့ဟ"

"ရှင်းပါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သောကြောင့် သူမ မျက်စောင်းထိုးပစ်လိုက်မိသည်။ ဖြိုးက မျက်နှာထား ခပ်တည်တည်ပြင်၍ "နင် ဆယ်တန်းအောင်ရင် ဘာလုပ်မှာတုန်း ...ကဲ" ဟု မေးသည်။

"အိုး...တက္ကသိုလ်တစ်ခုခုမှာ ဆရာမ ဝင်လုပ်မယ်၊ ပြီးရင် စာရေးဆရာမဖြစ်အောင် လုပ်မှာပေါ့ဟ"

"အော့ ဩော် ..."

သူ၏ သရော်သလို ရေရွတ်သံကို သူမ ဂရုမစိုက်ပါ။

"ငါက ဆယ်တန်းကို ဂုဏ်ထူးအများဆုံးရအောင် ကြိုးစားမှာ" ဟု တစ်ဆင့်တက်၍ ပြောမိပြန်၏။

"ဒါပေမယ့် နင်က အခုမှ ကိုးတန်းရှိသေးတာ"

"ဖြိုးရာ. . . ဒီလောက်မတုံးစမ်းပါနဲ့၊ ကိုးတန်းစာနဲ့ ဆယ်တန်းစာပေါင်းပြီး ဆယ်တန်းမေးခွန်းထုတ်တာ၊ နှစ်နှစ်စာ ဖြေရမှာသိရဲ့လား၊ ဒီတော့ ကိုးတန်းကတည်းက စာတွေပိုင်နေရင် ဆယ်တန်းကျတော့ သက်သာတာပေါ့"

ဖြိုးက သူမကို စေ့စိုက်ကြည့်ရင်း ပခုံးတွန့်ကာပြုံးလေသည်။ ထို့နောက် ရုတ်တရက် သတိရသွားသလို . . . "ဒါနဲ့ နင့်ကို ဟိုကောင်လိုက်သေးသလား မိဇော်"

"ဘယ်ကောင်လဲ"

"မနှစ်တုန်းက နင့်ကို ရည်းစားစာပေးတဲ့အကောင်ဟာ... နင့်မှာ ရည်းစားစာပေးတဲ့ လူတွေ ဘယ်လောက်များနေလို့ မမှတ်မိရပြန်တာတုန်း"

သူမ အော်ဟစ်ရယ်လိုက်မိလေသည်။ အဲဒီကောင်လေးကို သူမ အာရုံထဲမှာ တစ်ခါ ထည့်မစဉ်းစားဘူးချေ။





"အေးပါဟာ . . . ငါမေ့နေလို့ပါ။ မလိုက်ပါဘူး၊ ငါအပြတ် ပြီးသားဥစ္စာ၊ နင် သူနဲ့လမ်းမှာတွေ့ရင် ရန်လိုမနေနဲ့ဦး၊ သူက န်းကျနေရစ်ခဲ့တာ ဥစ္စာ။ စိတ်ပူမနေစမ်းပါနဲ့"

"ဟား ဟား . . . စိတ်မပူနဲ့ဆိုပြီး မိဇော်လေးတစ်ယောက် ားမှာ စိုးလို့ပါဗျာ" သူက အသံခြစ်၍ ရယ်မောပြန်တော့ သူမ သထွက်သွား၏။ သူမ ခါးထောက်ပစ်လိုက်သည်။

"ဒီမယ်ဖြိုး... ငါ့မျက်နှာစေ့စေ့ ကြည့်ထားစမ်း၊ ငါ့ထက် အဆင့်အတန်းနိမ့်တဲ့လူမျိုးများ ငါ့တစ်သက် မမှန်းဘူးနော်းလည်

သူ့မျက်နှာမှ ရယ်မောရိပ်သည် ရုတ်တရက် ပျောက်ကွယ် ၏။ အပြုံး ရိပ်ရိပ်ကလေးပင် မကျန်ခဲ့ချေ။ သူက သူမကို ဒုးတစ်ချက်ကြည့်ရင်း အသံတိတ်ဆိတ်နေခိုက် သူမက ရက် လှည့်ထွက်လာခဲ့သည်။ ထိုအခါချိန်အထိ သူ့ထံမှ ဘာ သံမျှမကြားရချေ။

ကျောင်းဖွင့်ပြီး တစ်ပတ်အကြာ အင်္ဂါနေ့ ကျောင်းတက် ခေါင်းလောင်းထိုးချိန်၌ သူမတို့ အတန်းထဲသို့ ကျောင်းသားသစ် ယာက်ရောက်လာခဲ့သည်။

တခြားယောကျ်ားလေးတွေ ဆံပင်ရှည်ရှည်၊ မတိုမရှည် ပုံစံတွေ ထားနေချိန်တွင် ကျောင်းသားသစ်ကတော့ တိုနံ့နံ့ လေးမှာ ထောင်နေသည်။ အရုပ်မနိမ့်မမြင့် ကိုယ်လုံးခပ်ပိန် ပြီး မျက်နှာကျပုံ ဘိုကပြားဆန်၍ သွယ်လျလှပသည်။ သူက ဖြစ်ပေမယ့် ရိုးတိုးရှန့်တန့် အမူအရာ လုံးဝမရှိ။ ထူးဆန်းစွာ သူ့လက်ထဲမှာ ထမင်းဘူးတစ်ခုပါလာ၏။ ထမင်းဘူးကို



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေး ခုံတန်းနောက်ဆုံးခုံ ထောင့်စွန်း (နံရံနှင့်ကပ်လျက်) တွင် အလျှင်ချထားလိုက်၏။ ပြီးတော့ နက်မှောင်ရွှန်းလက်သော မျက်လုံးများဖြင့် တစ်တန်းလုံးကို ဝေ့ခနဲတစ်ချက်ကြည့်ကာ ဆရာ့ထံ စာရွက်တစ်ခု သွားပေးသည်။ ဆရာကမော့ကြည့်ရင်း စာရွက်ကို ယူကာ အေးအေး သွားထိုင်ဟု တစ်ခွန်းသာပြောလျက် ရီဂျစ်စတာ စာအုပ်ကိုဖွင့်ပြီး နာမည်စာရင်း စတင်ခေါ်သည်။ ကျောင်းသားသစ်က ရှေ့ဆုံးခုံတန်း ဘယ်သူမှ မထိုင်ချင်၍ လွတ်နေသော ဆရာ့စားပွဲနားက နေရာတွင်အသာဝင်ထိုင်၏။ သူမ၏ဘယ်ဘက် သုံးလေးပေအကွာလောက်မှာရှိသော ကျောင်းသားသစ်ဆီသို့ သူမ၏မျက်စိက လှစ်ခနဲရောက်သွားသည်။ သူ့ပုံစံက ပြုံးရယ်ခဲမည့် မျက်နှာထားမျိုး၊ နှာတံချွန်ချွန်အောက်မှ ပါးလျသောပါးစပ်မှာ ပုံပန်းကျနသေသပ်လှသည်။ ထိုကျောင်းသားကတော့ မှတ်စုစာအုပ်ဖွင့်၍ ငုံ့ကြည့်နေလေသည်။

ယောက်ျားလေး နာမည်စာရင်းတွင် နောက်ဆုံးနာမည်ခေါ်တော့မှ သူက မတ်တတ်ရပ်ပြ၍ ထူးသည်။

"မောင်နန္ဒ တဲ့။ နာမည်ကလဲ မင်းသားနာမည်ကြီး"

ကျောင်းသားအားလုံး၏ မျက်ဝန်းပေါင်းစုံ သူ့ထံစူးစိုက်အကဲခတ်နေကြမှန်း သိလျက်နှင့် သူ့ပုံစံမှာ နေသားတကျရှိနေသည်။ ဤအခန်းမှာ သူတစ်ပတ်လုံးလုံး နေခဲ့ပြီးသား အခန်းတစ်ခုဖြစ်သလိုပင်၊ မာနလည်း နည်းနည်းတော့ကြီးပုံပဲ။

ထိုနေ့က အင်္ဂလိပ်စာအချိန်မှာ ပထမဆုံး သင်ခန်းစာထဲမှ မီးနင်းများကို ဆရာက တစ်ယောက်ချင်း လက်ညှိုးထိုး၍ မေးသည်။ ညကျက်ခဲ့ရန် အိမ်စာပေးလိုက်သော မီးနင်းများဖြစ်လေသည်။ ဆရာက နန္ဒကို ကျောင်းသားသစ်ဖြစ်မှန်း သတိထားမိဟန်မတူဘဲ မေး၏။နန္ဒက ယနေ့မှ ကျောင်းအပ်သော ကျောင်းသားသစ်ဖြစ်





ကြောင်း တစ်ခွန်းမှမဖြေရှင်းဘဲ သွက်လက်စွာ ထဖြေလိုက်လေသည်။

ခင်ဝေသင်းက တင်တင်ဇော်ကို လက်တို့လျက် "ဟော့... ဒါ ပေဒင်ဟောလိုက်မယ်၊ သူ ကိုးတန်းနှစ်ကျဖြစ်ရမယ်" ဟု ခပ်တိုးတိုး အတင်းပြော၏။

ထိုနေ့မှာပင် သူမနှင့် ကျောင်းသားသစ်ကလေးတို့အကြားတွင် ရန်စတစ်ခု ဖြစ်ပွားခဲ့သည်။

နေ့လယ်စာ ထမင်းစားကျောင်းဆင်းချိန်တွင် ဇော်က သက်သုတ်ပဝါလေး ခုံတန်းပေါ် ချခင်းသည်။ ထို့နောက် ထမင်းဘူးကို သက်သုတ်ပဝါပေါ် တင်လျက် အဖုံးဖွင့်သည်။ အမေဘာဟင်းနဲ့များ ထည့်ပေးလိုက်ပါလိမ့်။ သူမ အဖေမှာ နာရီပြင်ဆရာတစ်ဦးဖြစ်ပြီး အမြဲလိုလို ပိုက်ဆံပြတ်လပ်နေတတ်သောကြောင့် ဟင်းကောင်းပါမည်ဟု မျှော်လင့်၍ မရချေ။ ထင်သည့်အတိုင်းပင် ကန်စွန်းရွက်နှင့် မှိုပေါက်ကြော်၊ ဘဲဥကြော်နှင့် ဇော် အလွန်ကြိုက်သော ငါးပိထောင်းစပ်စပ်။ ထို့နောက် ထမင်းဘူးဖွင့်လျက်သားကလေးကို လက်သုတ်ပဝါနှင့် တစ်ပါတည်း မ.ကိုင်လျက် ငါးပိထောင်း ကြိုက်တတ်သော နောက်ခုံတန်း တစ်တန်းကျော် သူငယ်ချင်းမိန်းကလေးထံ ထမင်းသွားစားရန် လှည့်ထွက်လိုက်သည်။

ထိုအချိန်မှာပင် တစ်ယောက်ယောက်က သူမ၏ညာဘက် တံတောင်ဆစ်နားကို ခပ်ပြင်းပြင်း ဝင်တိုက်ထည့်လိုက်သောကြောင့် သူမ ယိုင်သွား၏။ လက်မှာကိုင်ထားသော ထမင်းဘူးက ခွပ်ခနဲ အောက်မှောက်ကျသွားသည်။

မီးတောက်လုမတတ် ဒေါသမျက်လုံးများဖြင့် တိုက်လိုက်သူအား လှမ်းကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားသစ်သည် အုံ့ဩအားနာနေဟန် ပုံစံဖြင့်နီး ကပ်စွာ မတ်တတ်ရပ်လျက် ရှိသည်။ သူ့လက်ထဲမှာလည်း နောက်ဆုံး ခုံတန်းမှပြန်ယူလာခဲ့သော ထမင်းဘူးကလေးကို ကိုင်လျက် . . .

"ဆောရီး . . ."

"ဘာ . . ."

ဤကိစ္စ၌ သူမကို ပျာပျာသလဲ တောင်းပန်သင့်ပါလျက် "ဆောရီး"ဟု တစ်ခွန်းသာဆိုသော ထိုလူငယ်လေးကို ဇော် အရမ်း စိတ်ဆိုးသွားလေသည်။ တကယ်ဆို ထမင်းဘူးတစ်ခုလုံး သူ့ကြောင့် မှောက်ကျတဲ့ ဥစ္စာပဲ။ ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ ဘာညာ ပြောသင့်တာပေါ့။

"နင် မျက်စိကန်းနေသလား၊ လူတစ်ယောက်လုံးကို မမြင် အောင် နင် မျက်စိကန်းနေလို့လား"

စိတ်ရှိလက်ရှိ အော်ဟစ် ရန်တွေ့ပစ်လိုက်သောအခါ သူ့မျက်နှာပျက်သွား၏။ ဇော်သည် မှောက်ကျနေသော ထမင်းဟင်း များကို ငုံ့ကြည့်ကာ ဒေါသထွက်ရာမှ ဝမ်းနည်းလာသည်။သူငယ်ချင်း မိန်းကလေးနှစ်ယောက် ဇော့်အနား ရောက်လာပြီးချော့သည်။

"လာပါ တင်တင်ဇော်ရယ် . . . ဘာမှပြောမနေပါနဲ့၊ သူလဲ တမင်တိုက်တာမှ မဟုတ်တာ။ တို့မှာ ထမင်းတွေအများကြီးထည့် လာတာ၊ ငါတို့နဲ့အတူစား"ဟု တွဲခေါ်ဖျောင်းဖျလေသည်။ တခြား တစ်ယောက်က ထမင်းဘူးနှင့် လက်သုတ်ပဝါကို ပြန်ကောက်လျက် အကျအန ပြန်ချည်ပေး၏။ ထို့နောက် ထမင်းဟင်းတို့ကို ခပ်သွက် သွက် တံမြက်စည်းလှည်း၍ အမှိုက်ကော်သည့် ဂေါ်ပြားထဲသို့ စုပုံ လှည်းထည့်နေ၏။ ကျောင်းသားသစ်က သူမ၏ ထမင်းဟင်းများ ကိုသာ ငေးမောရင်း ခပ်ငိုင်ငိုင်ရပ်နေလေသည်။ ဘာလုပ်ရမှန်းမသိ





တော့သည့် ပုံစံမျိုး။ တင်တင်ဇော်ကတော့ ထမင်းထဲမှာ မြင်နေရ သည့် ကန့်စွန်းရွက်ကြော်နှင့် ငါးပိထောင်းအလုံးကလေး ကိုကြည့်ပြီး ဝမ်းနည်းရာမှ အားငယ်ရက်စွဲ့လာသည်။အခုတော့ သူ ငါ့ထမင်း ဟင်းကို မြင်သွားပြီပေါ့။ ငါ့အိမ်အခြေအနေကိုလည်း သူ အကဲခတ်မိ သွားပြီပေါ့။

သူမ ရှက်နေရာမှ ချာခနဲ လှည့်ထွက်လိုက်ရသည်မှာ ရစ်ဝဲ ပြည့်လျှံလာသည့် မျက်ရည်များကြောင့်ဖြစ်၏။ သူမနေရာသို့ ပြန်မ ထိုင်သေးဘဲ ပြတင်းပေါက်အနားသွားရပ်ကာ တမာပင်တွေကို ငေးမောကြည့်နေရင်း မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်ပစ်လိုက် ရသည်။ ထမင်းမရှိတော့၍ မုန့်ဝယ်စားရန် မုန့်ဖိုးတစ်ပြားမှမရှိပါ။ သူမကို အိမ်က မုန့်ဖိုးမပေးလိုက်ပါ။

"ဟိတ် . . . ဒီမှာ"

ဇော့်အနားသို့ တစ်ယောက်ယောက်လာရပ်ပြီး ခပ်တိုးတိုး ခေါ်သည်။ သူပဲဖြစ်မှာပါ။ အခုမှ တောင်းပန်မလို့ပေါ့လေ။ ဇော် လှည့်မကြည့်ပါ။ မျက်ရည်များ ရီဝေနေသေးသောကြောင့် ဖြစ်သည်။

"ဟော့. . . နင့်နာမည်လဲ ငါမသိဘူး။ ငါတောင်းပန်ပါ တယ်ဟာ၊ ဟိုဘက်က ကောင်တစ်ယောက်ကို ငါ ရှောင်လိုက်ရလို့ပါ။ ငါ့ထမင်းဘူး နင့်နေရာမှာ တင်ထားခဲ့တယ်၊ နင် စားလိုက်ပါ"

"ဘာပြောတယ်"

သူမ တအံ့တဩ လှည့်ကြည့်လိုက်သည်။ အနီးကပ်ရပ်နေ သော ကျောင်းသားသစ်၏ စိမ်းမှောင်သော မျက်ဝန်းတို့နှင့် ရင်ဆိုင် ဆိုက်ရသည်။ သူက မပြုံးမရယ် ခပ်တည်တည်။

"ငါ မုန့်ပဲ သွားစားလိုက်မယ်"

"မစားဘူး၊ နင့်ထမင်းဘူး နင် ပြန်ယူသွား"



www.burmeseclassic.com

www.burmeseclassic.com



"မယူဘူး၊ နင်စားလိုက်"

ကျောင်းသားသစ်က လှည့်ထွက်သွားသည်။ ဇော် ကိုယ့်ခုံတန်းဆီသို့ ခပ်သွက်သွက်ပြန်လျှောက်ခဲ့သည်။ သူမ နေရာတွင် သူ့ထမင်းဘူးကလေး တင်ထားသည်။ အဖုံးဖွင့်လျက်သား ကော့ပျံနေသော ဆန်မွှေး အကောင်းစား၊ ထမင်းဘူးအံထဲမှာ ပုစွန်တုပ်ကြော်နီနီရဲရဲအကြွေးလိုက် မြင်ရသည်။ နောက်ပြီး အသားသုပ်လားဘာလား ခရမ်းချဉ်သီး အရွက်တို့နှင့်ရောပြီး သုပ်ထားသည့် ဟင်းတစ်ခွက်၊ ထမင်းကိုလည်း ပုစွန်ဆီကြော်ရည်ဆမ်း၍ နယ်ထားဟန်တူပါသည်။ ဆာလောင်မွတ်သိပ်စွာ သူ့ ထမင်းဟင်းအနံ့ကို ရှူရှိုက်ရင်း တလိပ်လိပ်တက်လာသော အားငယ်ရှက်ရွံ့မှုကို မျိုချပစ်လိုက်ရ၏။

"ဟေ့ . . . နန္ဒ"

အတန်းပေါက်ဝ ရောက်ခါနီးသော ကျောင်းသားသစ်က လှည့်ကြည့်သည်။ ဇော် သူ့ထမင်းဘူးကို လက်နှစ်ဘက်နှင့် မ ကိုင်ကာ ပြတင်းပေါက်သို့ သယ်ယူသွားသည်။ သူမ ဘာလုပ်တော့မည်ကို ရိပ်မိဟန်ဖြင့် သူက လက်ကာပြလျက် ခပ်သွက်သွက် ပြန်လျှောက်လာသည်။

"ဟေ့ . . . ဟေ့ . . . မလုပ်နဲ့လေ"

သို့သော် သူမ ပြတင်းပေါက်မှ သူ့ထမင်းဟင်းများကို သွန်ချပစ်လိုက်တော့သည်။ သွန်ပြီးချိန်ကျမှ သူအနီးသို့ရောက်လာသည်။

"ရော့. . . နင့်ထမင်းဘူး၊ ကျေရော"

နန္ဒက သူမကို ဘာမှမပြောဘဲ စိုက်ကြည့်၏။ သူ့မျက်လုံးများ တောက်ပလွန်းသောကြောင့် ဇော် အမှားတစ်ရပ်ကျူးလွန်လိုက်





ပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။ သူမတို့နှစ်ယောက်ကြားတွင် ...စတစ်ခု ဖြစ်ခဲ့ပြီ။

သူ စကားတစ်ခွန်းမှ မပြောပါ။ သူ့ထမင်းဘူးကိုသာ ငြိမ်သက်စွာ လှမ်းယူလျက် သူ့နေရာသူ ပြန်သွားလေသည်။

ထိုအချိန်မှစ၍ နန္ဒနှင့် တင်တင်ဇော် တစ်ယောက်ကို တစ်ယောက် မျက်နှာချင်းမဆိုင်မိအောင် ကြိုးစားသည်။ဆိုင်မိလျှင်လည်း မျက်လုံးချင်းမဆုံမိအောင် ကြိုးစားသည်။ အရုပ်ပုသလောက် ...ခေါင်းမာသော ကောင်မလေးကို သူကမြင်ပြင်းကတ်ဟန်ရှိသလို ရုပ်ရည်ချောမောသလောက် ဘဝင်မြင့်ဟန်ရှိသော ကောင်လေးကို သူမကလည်း မျက်မုန်းကျိုးနေသည်။ ထို့ထက်ပို၍ဆိုးသည်မှာ သူ အင်္ဂလိပ်စာတော်သောကြောင့် သူမတွင်ဖြစ်ပေါ်လာသည့် မနာလိုစိတ်ပင် ဖြစ်လေသည်။

အတန်းထဲတွင် စာဖတ်ပြရသည်ဖြစ်စေ၊ မေးခွန်းများဆရာမေး၍ ဖြေရသည်ဖြစ်စေ၊ သူထရပ်၍ဖြေလျှင် သူမ အံ့ဩငေးမောနေလောက်အောင် သူ့အင်္ဂလိပ်အသံထွက်များက ပီသပေါ့ပါးလှသည်။ ...ကေ သူငယ်ချင်းများက လက်တို့၍ "အဲဒီကောင် အင်္ဂလိပ်စာ ...တော်တာပဲနော်" ဟု တီးတိုးချီးမွမ်းသည်ကိုပင် သူမ မခံရပ်နိုင်။

"အိုး. . .သူ့အဖေက ဆရာဝန်ဆိုပဲ၊ ပညာတတ်မိဘကမွေးတဲ့ကောင် ဒီလောက်မှမရရင် ညံ့တော့မှာပေါ့"

ဇော်က အတန်းပညာ လုံးဝမတတ်သည့်ဘုန်းကြီးလူထွက်ဖခင်နှင့် လေးတန်းအထိသာ ပညာသင်ခွင့်ရသော တောရွာသူမိခင် ...မှ မွေးဖွားကြီးပြင်းသူဖြစ်သည်။ အမေက သိပ်စာတော်ချင်၍ ကြိုးစားကျောင်းတက်လိုသော်လည်း အမေ့မိခင်က မိန်းကလေး ...သော သေစာရှင်စာတတ်ရင်တော်ပြီဟု ကျောင်းမှနုတ်၍ ဈေးသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းတတ်အောင် သင်ကြ
ပေးခဲ့သည်တဲ့။ ထို့ကြောင့်လည်း အမေက သူ့သမီးကိုစာ
စေချင်သည်။ အမြင့်မားဆုံးသော ရာထူးကိုမှရစေချင်သည်
အမေက သူမစာဖတ်လျှင် လက်ဖက်သုပ်၊ အချဉ်ထုပ်များ ဘေး
အရန်သင့် ချပေး၍ ဆေးပေါ့လိပ်ကြီးခဲလျက် မအိပ်မနေ ထို
စောင့်ပေးတတ် သည်ကလွဲ၍ သူမနားမလည်သည့် စာများ
ပတ်သက်လျှင် အကူအညီရသူ မဟုတ်ချေ။

သို့သော် ဇော်လည်း နန္ဒလိုတတ်ကျွမ်းအောင် ဘာကြော
မကြိုးစားနိုင်ရမည်နည်း။

နောက်ပိုင်းတွင် ဆရာဦးကိုကြီးကိုယ်တိုင် နန္ဒ၏ အင်္ဂလိ
စာတော်မှုကို သတိထားလာမိခဲ့သည်။ အတန်းထဲတွင်တစ်ယောက်
စာမေးတိုင်း အဖြေမှန်မဖြေနိုင်ကြလျှင် နောက်ဆုံးနန္ဒဆီ လက်ညှိ
ထိုး၍မေးတတ်သည်။ နန္ဒက ခပ်သွက်သွက်မတ်တတ်ရပ်၍ ဖြေလို
သမျှ အဖြေအားလုံး မှန်သည်ချည်းပင်ဖြစ်လေသည်။

တစ်နေ့မှာတော့ အဋ္ဌမတန်းတွင် အင်္ဂလိပ်စာ ဂုဏ်
လည်းရခဲ့သော၊သပြေတန်းကျောင်းတစ်ခုလုံးတွင် အမှတ်အများဆုံး
ခဲ့သော၊ အနည်းငယ်မာနသွေးကြွလျက်ရှိသော တင်တင်ဇော်အတွ
အရှက်ရစေမည့် အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့သည်။ ဆရာ
တင်တင်ဇော်ကို ဖြေခိုင်းသော ဝါကျတစ်ကြောင်း မှားသွားခြင်း
ဖြစ်လေသည်။ ဇော် မှားသွားသော မေးခွန်းကိုပင် ဆရာက နန္ဒ
လက်ညှိုးထိုး၍မေးတော့ နန္ဒက မတ်တတ်ရပ်၍ ဖြေလိုက်သောအ
ဆရာက သဘောတူစွာ ခေါင်းညိတ်၏။ ထို့နောက် တင်တင်ဇော်အ
ဤကဲ့သို့ မဖြေသင့်ကြောင်း ဆရာက ညွှန်ကြား၍ မှတ်ခိုင်းသည်





နန္ဒက သူမကို လုံးဝလှမ်းမကြည့်သော်လည်း ဇော်ကတော့ သူ
မ်းကြည့်နေသည်ဟုပင် ခံစားရ၏။ အတန်းသားအားလုံးက နန္ဒကို
ားကျသလို ငေးနေချိန်မှာပင် စူးနစ်သောခံစားမှုဖြင့် သူမ
တ်တရက် ဆုံးဖြတ်ချက်တစ်ခုချလိုက်၏။

"ငါ ကြိုးစားရမယ် . . . ကြည့်နေ၊ တစ်ချိန်ချိန် နောင်နှစ်
ါင်းများစွာကြာလာတဲ့အခါ ဒီအတန်းသားအားလုံးက တင်တင်ဇော်
ဆိုတာ ငါတို့နဲ့ တစ်တန်းတည်းနေလာခဲ့တာလို့ ဂုဏ်ယူပြောပြ
ားချင်လာအောင် ဖြစ်စေရမယ်"

နန္ဒကတော့ သူသည် မခံချင်စိတ်ကြီးမားလှသော
ောင်မလေးတစ်ယောက်၏ စိတ်ကိုဆွပေးလိုက်မိပြီ ဖြစ်ကြောင်း
ယ်တော့မှ သိနိုင်မည်မဟုတ်ပါ။

သူမတို့နှစ်ယောက်သည် အတန်းထဲတွင် ထူမင်းဘူးယူ
သူများ ဖြစ်သောကြောင့် တစ်ယောက်နှင့်တစ်ယောက် မဆုံမိစေ
 အတော်ကြိုးစားရပါသည်။ နန္ဒသည် ညောင်လှရပ်ကွက်လား၊
င်ဘပွဲရပ်ကွက်လား၊ အဲသည်ဘက်မှာ နေသည် . . .တဲ့။ သူ့အဖေ
 ရေနံဆရာဝန်ဟု သိရသည်။ ညနေကျောင်းဆင်းချိန်တွင် ရေနံ
းမဟုတ်သော ဂျစ်ကား အစိမ်းရောင်ကလေးဖြင့် လာလာကြို
ည်ကို တစ်ခါနှစ်ခါ မြင်ရဖူးသည်။ ကျောင်းအလာကိုတော့ တစ်ခါ
 မမြင်ရဘူးပါ။ နန္ဒသည် ပထမဆုံးအကြိမ် ကျောင်းစရောက်
ည့်နေ့မှလွဲ၍ ကျန်ရက်များတွင် သူမထက်အလျင် ရောက်ရောက်
တတ်သောကြောင့်ဖြစ်သည်။

နန္ဒသည် အင်္ကျီအဖြူကို လက်တိုဘယ်တော့မှမဝတ်၊လက်
ည်ကို လက်ဖျံအလယ်ပိုင်းတွင် အခေါက်ပြား ကြီးကြီးခေါက်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တတ်သည်။ လုံချည်ကျတော့ မာစရိုက်အစိမ်းပြောင်လုံချည်ကို အမြဲဝတ်ပြီး တစ်ခါတစ်ရံမှ အစိမ်းကွက်စိတ်စိတ်ကလေးများ ဝတ်တတ်သည်။ ဇော်တို့ကျောင်းသည် ကျောင်းဝတ်စုံနှင့် ပတ်သက်၍ ဟန်လာနေ့နှင့် သောကြာနေ့တွင်သာ စည်းကမ်း ကင်းကျပ်ထား၏။ ကျန်သည့်ရက်များတွင် အခြားအရောင်များ ဝတ်ဆင်ခွင့်ရှိပါသည်။ သို့သော် နန္ဒကတော့ တစ်ချိန်လုံး အင်္ကျီအဖြူ လုံချည်အစိမ်းဖြင့်သာ အမြဲတွေ့ရသည်။ သူ့ကိုကြည့်လိုက်လျှင် လောလောလတ်လတ်ရေချိုး သန့်ဝင်ထားပြီးသား လူလို ရှင်းသန့်နေတတ်သည်။ သူ့ကို မနာလို သည့် အကြောင်းရင်းများထဲတွင် အင်္ကျီအဝတ်အစားသပ်သပ်ရပ်ရပ် ဝတ်တတ်ခြင်းလည်းပါ၏။

ဇော်ကတော့ ယခုနှစ်ကျမှ ထဘီဝတ်ကျင့်ရသူမို့ ထဘီ လည်း ခဏခဏပြင်ဝတ်ရပြီး အင်္ကျီကိုထဘီထဲထည့်မဝတ်ရလျှင် မနေတတ်ချေ။ ဇော့်ကိုကြည့်လိုက်လျှင် အမြဲတမ်း ဖိုသီဖတ်သီနှင့် ချည်းတွေ့ရမည်။

တစ်ခါတော့ အလွန်ကြီးကျယ်သော နန္ဒတစ်ယောက် တစ်တန်းလုံး၏ ပဟာစရာ ဖြစ်သွားဖူးသည်။

ဆရာမဒေါ်ခင်နွယ်နွယ်သည် ဇီဝဗေဒသင်လျှင် အနိမ့် အမြင့်မရှိသော တစ်သမတ်တည်းသောအသံဖြင့် စာသင်တတ်သူ ဖြစ်၍ စိတ်အာရုံ စူးစိုက်မထားလျှင် ပျင်းစရာကောင်းသည်ဟု သူငယ်ချင်းများက ဝေဖန်ကြဖူးသည်။ ဇော်ကတော့ သတ္တဗေဒရော ရုက္ခဗေဒပါ စိတ်ဝင်စားသူမို့ ဆရာမစာသင်သည်ကို ပျင်းစရာကို ဘယ်တုန်းကမှမထင်ခဲ့ချေ။

နန္ဒကတော့ ဇီဝဗေဒကိုပဲ စိတ်ပါဝင်စားမှု နည်းလေ သလား မသိ။ တစ်ခါက ဒေါ်ခင်နွယ်နွယ့်အချိန်တွင် အိပ်ငိုက်သွား





သာ ဆရာမ မိသွားသည်။ ဇော်တို့က ဆရာမဆီမှာ အာရုံစိုက်နေ၍ မြင်ရသော်လည်း ဆရာမကတော့ သူ့ကို မြင်မှာပေါ့။ ဆရာမသည် ခေါင်းထိပ်ဖျားနှင့် နဖူးနားထင်ဘေးတို့တွင် ချွေးစို့လာသည်အထိ ဟပ်၏ အစာလမ်းကြောင်းကို အပင်ပန်းခံ၍ စာသင်နေချိန်ဖြစ် လေသည်။ ဆရာမက စာသင်ရင်း ခဏရပ်လျက် ခပ်မဲ့မဲ့ပြုံး၍ "ဟော့... ဟိုတစ်ယောက်" ဟု လှမ်းအော်သည်။ ထို့နောက် ရှေ့ဆုံး ခုံတန်း အလယ်မင်းလမ်းဘေးဖျားတွင် ထင်းထင်းကြီးထိုင်ငိုက်နေ သော နန္ဒဆီသို့ ရေးလက်စ မြေဖြူဖြင့်ပေါက်ပစ်လိုက်လေသည်။ ထိုအခါကျမှ နန္ဒက ပြူးပြူးပျာပျာဖြင့်ထ၍ မတ်တတ်ရပ်၏။

"ညက တော်တော် အိပ်ရေးပျက်သလားကွ" ဟု ဆရာမ အမေးတွင် တစ်တန်းလုံး ဝါးခနဲရယ်မောလိုက်ကြလေသည်။ နန္ဒ၏ ဖြူဝင်းသောပါးမှာ ပန်းသွေးရောင်လွှမ်းသွားပြီး မျက်လွှာလေးချလျက် တုန်မလှုပ် ပြုံးနေတော့သည်။

နောက်ပိုင်းကျတော့ နန္ဒတို့က ပါးသွားပြီ။ ဆရာမ ဒေါ်ခင်နွယ်နွယ်၏ အချိန်ရောက်လျှင် ဟိုး နောက်ဆုံးခုံတန်း နံရံနှင့် ကပ်လျက် ချောင်ကျကျနေရာသို့ သွားသွားထိုင်တတ်သည်။ အဲဒီ နေရာတွင်လည်း သူငိုက်နေတာပဲ။ အတန်းထဲတွင် ငိုက်တတ်သူဟူ၍ ဇော်တို့ခုံ၏ နောက်တစ်တန်းကျော်မှ ကောင်မလေးရယ်၊ နန္ဒရယ် နှစ်ယောက်သာ ရှိလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ထိုနှစ် သီတင်းကျွတ်ပွဲတော်ကျောင်းပိတ်ရက်သည် သူမထံသို့ ခါတိုင်းနှစ်များလို မြူးဆိုင်လှပစွာ ရောက်လာခြင်းမဟုတ်ဘဲ ခြောက်သွေ့စွာ ရောက်လာခဲ့သည်။ ဖော်တို့ ဂုဏ်မသိမ်လမ်းသည် မြို့မတောင်ရပ်၏ အဓိကလမ်းမဖြစ်ပြီး နှစ်စဉ်သီတင်းကျွတ်ပွဲလမ်းဆောင် ကျင်းပရာ လမ်းလည်းဖြစ်သည်။ သူမတို့ အိမ်ရှေ့အပါအဝင် တစ်လမ်းလုံး မီးပုံးများ စီတန်းချိတ်ထားပြီး မီးပုံးများအကြားတွင် အတွန်းရေးထားသောစက္ကူသေတ္တာ မီးပုံးကလေးများလည်း ကြားညှိချိတ်ထားလေသည်။ လမ်းထောင့်ချိုးများတွင် မြတ်စွာဘုရား၏ ဆင်းပွားတော်ပုံတူများ၊ မာရ်နတ်ရုပ်များ၊ အာဠာဝကဘီလူးရုပ်များ၊ ဆိုင်းများ စုံနေအောင်ထွန်းပြီး ဗုဒ္ဓဝင်ဇာတ်တော်လာပြခန်းများ ပြုလုပ်ထားသောကြောင့် ဖော်တို့လမ်းသည် ရေနံချောင်းမြို့တွင် သီတင်းကျွတ်ပွဲတော်၏ အစည်ကားဆုံးလမ်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ် သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် ယခင်နှစ်များလို စိတ်လွတ်ကိုယ်လွတ် မပျော်နိုင်အောင် စိတ်တင်းကျပ်နေသည်မှာ အင်္ဂလိပ်စာတော်အောင် ဘယ်လိုလုပ်ရမလဲ ဟူသော အတွေးကြောင့် ဖြစ်သည်။

ဇော် အင်္ဂလိပ်စာ ကျူရှင်ယူပါသည်။ မြို့မမြောက်ရပ်တွင်ရှိသော 'သိန်းကောလိပ်' ကျူရှင်ဖြစ်သည်။ ဆရာက သူမတို့မိသားစု ချို့တဲ့မှန်းသိ၍ ကျောင်းလခလွတ် တက်ရောက်သင်ကြားခွင့်ပေးခဲ့သည်။ ကျူရှင်တွင်သင်ရသော အင်္ဂလိပ်စာသင်တန်းသည် စာမေးပွဲအတွက် ပြီးပြည့်စုံကြောင်း သူမသိ၏။ သို့သော်ဤမျှနှင့် မကျေနပ်နိုင်ပါ။ ကျောင်းသင်ခန်းစာများ၊ လေ့ကျင့်ခန်းများ၊ အင်္ဂလိပ်သဒ္ဒါများကို ဆရာသင်သမျှ သူမအကုန်လေ့လာနာယူပြီး ဖြစ်သော်လည်း တစ်ခုခုလိုနေသေးကြောင်း သူမ သိသည်။ ထိုသို့သိရသည်မှာ နန္ဒကြောင့် ဖြစ်သည်။

စာမေးပွဲရက်မတိုင်မီ တစ်နေ့ဆီက နေ့ခင်းထမင်းစားကျောင်းဆင်းချိန်တွင် ဇော် ထမင်းဘူး ပြန်သိမ်းပြီး စာရေးခုံတန်း၏ အောက်ထပ် လွယ်အိတ်တင်သည့် ခုံတန်းပေါ် သို့ပြန်တင်ခိုက်မှာသူမခြေထောက်အနီးတွင် လွင့်ကျနေသော စာရေးစက္ကူပြာပြာ အခေါက်ကလေးကို မြင်လိုက်ရသည်။

ဇော် ငုံ့ကောက်လိုက်ပြီး စဉ်းစားရခက်နေ၏။ သူမတွင် ဤကဲ့သို့ စာရေးစက္ကူလှလှလေးဖြင့် ရည်းစားစာပေးမည့်သူ တစ်ယောက်မျှမရှိပါ။ ဇော်သည် အနည်းငယ် စပ်စုလိုသော စိတ်ဖြင့် တစ်နေရာရာမှ လွင့်ကျနေဟန်ရှိသော စက္ကူပြာခေါက်ကလေးကို ဖွင့်ဖတ်လိုက်၏။

သူမ အလွန်အံ့သြသွားသည်။





မင်အပြာဖြင့်ရေးထားသော စာလုံးများမှာ အင်္ဂလိပ်စာများ ဖြစ်လေသည်။ သို့သော် သူမ၏ နဝမတန်းအဆင့် အင်္ဂလိပ်ဘာသာ အခြေခံဖြင့် ပေးစာတစ်စောင်ဖြစ်မှန်းသိ၏။ စာ၏ထိပ်တွင် တပ်ထားသည့် နေ့စွဲမှာ ၃-၁၀-၇၃ နေ့စွဲဖြစ်သည်။ သူမတို့ရေးနေကျ 'ဒီးယား' ဆိုသော စကားလုံးဖြင့်မစပါ။ နာမည်တစ်ခုနှင့်စထားသည်။ နာမည်၏နောက်တွင်ကော်မာခံ၍ သူမ မသိသောစကားလုံးတစ်လုံး(ထိုစဉ်က ဘီလပ်(ဗ်) (ဒ်) ဟူသော စကားကို သူမ မသိခဲ့ပါ) ပြီးမှ ကျွန်ုပ်၏သား ဟူသော အဓိပ္ပာယ်ရသည့် စကားစုကိုဖတ်ရ၏။

ဟင် . . . ဒါဖြင့် ဒါရည်းစားစာလည်း မဟုတ်ပါလား။

စာရွက်မှာ နှစ်ရွက်ဖြစ်သည်။ လက်ရေးကျဲ၍ စာပုဒ်တစ်ခုနှင့်တစ်ခု တစ်ဆက်တည်း ရေးထားသည်။နောက်စာရွက်အောက်ခြေကိုကြည့်လိုက်တော့ လက်မှတ်တစ်ခုကို လှပစွာရေးထားပြီး၊ သူ့အထက်တွင်'သင်၏ချစ်လှစွာသောမေမေ'ဟူသောအင်္ဂလိပ်စကားစုကို မြင်ရသည်။ သူမ၏ ထိုးထွင်းဉာဏ်ဖြင့် ပထမဆုံး သတိရလိုက်သည်မှာ နန္ဒဖြစ်၏။

ဒီစာဟာ နန္ဒစာပဲဖြစ်ရမယ်။ နန္ဒ၏ ထိုင်ခုံနေရာသည် သူမနှင့်အနီးဆုံးမဟုတ်လား။ ဟုတ်မှာပါ။ ဒီအတန်းထဲမှာ ပညာတတ် မိဘမှပေါက်ဖွားလာသော ကျောင်းသားဟူ၍ သူရှိတာပဲ။ ကျန်လူများမှာ သူမကဲ့သို့ လက်လုပ်လက်စား မိဘများ၊ ပွဲစားရှင်သည်များ၊ ဆေးလိပ်ခုံပိုင်ရှင် မိဘများမှမွေးဖွားသော သားသမီးများသာ ဖြစ်သည်။ သူမတို့ မိဘများသည် သားသမီးထံ အင်္ဂလိပ်ဘာသာဖြင့် စာရေးမည့်သူများ မဟုတ်ကြပါ။ နန္ဒ နေရာဆီသို့ကြည့်လိုက်တော့ သူ့ခုံရှည်ပေါ်မှာ စာအုပ်တစ်အုပ်ပွင့်လှုပ်သွားသဖြင့် လွင့်နေဟန် ရှိသော ဖရိုဖရဲစာရွက်များကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စာ၏အစကနာမည်သည် နန္ဒ နာမည်ကိုအင်္ဂလိပ်လို ရေးထားခြင်းလည်းမဟုတ်ပြန်ပေ။ ထိုစဉ်က သူမဘယ်လောက်တုံးလိုက်သလဲဆိုလျှင် အဲန်-အို-အီး-အယ်လ်ဆိုသော နာမည်ကို အသံပင်မထွက်တတ်ချေ။ စာကို နန္ဒစာဟုထင်ကတည်းက သူမ အပြင်းအထန် ကြိုးစား၍ ဖတ်တော့သည်။ တချို့စာကြောင်းများကို သူမ မဖတ်တတ်ပါ။ သူမ သိသလောက် ဘာသာပြန်ကြည့်သော စာမှာ အောက်ပါအဓိပ္ပာယ်အတိုင်းဖြစ်၏။

“သားရေးလိုက်တဲ့စာကို မေမေမျှော်လင့်နေခိုက်မှာလက်ခံရရှိပါတယ်။ အောက်တိုဘာကျောင်းပိတ်ရက်မှာ သားဆီကို မေမေ မလာနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်။ သားဖေဖေဆီက (ထိုစာလုံးအချို့ကို သူမ မသိပါ)လာမယ့် သားရဲ့မွေးနေ့အတွက် သားနှစ်သက်မယ့်လက်ဆောင်တစ်ခု မေမေဝယ်ထားပြီးပြီ။ ဒီလက်ဆောင်ကို သားအလွန်နှစ်သက်လိမ့်မယ်လို့ မေမေမျှော်လင့်တယ်။ မင်းရဲ့အန်တီ မင်းဆီလာတဲ့အခါ အဲဒါကို ယူလာပါလိမ့်မယ်”

နောက်ကစာပိုဒ်တစ်ခုလုံးကို သူမလုံးစေ့ပတ်စေ့ ဘာသာ မပြန်တတ်ပါ။ မသိသော စကားစု သုံးလေးခုပါ၏။ ထို့ကြောင့် ကျော်၍ ဖတ်လိုက်သည်။

“ဇီဝဗေဒဟာ အလွန်ခက်ခဲတဲ့ဘာသာရပ် မဟုတ်ပါဘူး။ သား ကြိုးစားနိုင်ပါတယ်။ သားမှာ စွမ်းအင်ရှိကြောင်း မေမေသိပါတယ်။ မေမေပေးလိုက်တဲ့‘ရော်ဘင်ဆင်ကရူးဆိုး’ကို မင်းဖတ်ပြီး ပြီလို့ မေမေမျှော်လင့်ပါတယ်။ အချိန်စာရင်းနဲ့စာကျက်ဖို့ မေမေ ပြောထားတာကို မမေ့ပါနဲ့။ မင်းဖေဖေရဲ့ စကားများကို မင်းနာခံပါ။ ည အိပ်ရာဝင်ရင် မင်းရဲ့ သွားတွေကို သန့်ရှင်းပြီးမှအိပ်ပါ။

“ကျေးဇူးပြု၍ မေမေ့ရဲ့ အချစ်ကို မင်းဖေဖေကိုပေးလိုက်ပါ။”





စာထဲ၌ မည်မျှစိတ်ပါဝင်စားနေသနည်းဆိုလျှင် သူမ အနီးအတွင် တစ်စုံတစ်ယောက်လာရပ်မှန်းပင် မသိလိုက်ပါ။

“အဲဒါ ငါ့စာ ဖြစ်လိမ့်မယ်”

ရုတ်တရက် အနားကပ်၍ ခပ်တိုးတိုးပြောသံကြောင့် သူမ ရုတ်ခနဲ လှည့်ကြည့်လိုက်သောအခါ နန္ဒကိုတွေ့လိုက်ရသည်။ နန္ဒ မျက်နှာက ခပ်တည်တည်။ သူမမျက်နှာ ရဲခနဲရှက်သွေးဖြန်းသွား၏။ ဘုရားရေ . . . နန္ဒ အချိန်မရွေးရောက်လာနိုင်တာကို ငါဘာဖြစ်လို့ မေ့နေပါလိမ့်။

“ဒါပေမယ့် . . . နင့်နာမည်လဲမဟုတ်ဘူး”ဟု သူမရှက်ရမ်း ရမ်းသလို လွှတ်ခနဲ စကားသံထွက်သွား၏။

“နိုဝယ်လ်ဆိုတာ ငါ့ အိမ်နာမည်လေ”

ထိုအခါကျမှ ထိုစာလုံးပေါင်းကို ထိုသို့အသံထွက်မှန်းသူမ သိပါသည်။ သူ့ထံစာကို ပြန်ပေးရင်း ဘယ်လိုတောင်းပန်ရမလဲ စဉ်းစားနေရသည်။ သူများစာကိုဖွင့်ဖတ်တာ အင်မတန်ရိုင်းတယ် ဆိုသည့် အတွေးမျိုးတော့ သူမ တွေးတတ်ပါသေးသည်။

“ငါ့ခြေထောက်နား လွင့်ကျနေတာတွေ့လို့ ငါကောက်ပြီး ဖတ်လိုက်တာ”

“ရပါတယ်၊ ငါ့စာအုပ်ကြားကနေ လွင့်ကျသွားတာဖြစ်လိမ့်မယ် ”

ထိုခဏ၌ သူမတို့နှစ်ယောက်အကြား၌ အမြဲတမ်းရှိခဲ့သော ရင်းကျပ်မှုသည် ကွယ်ပျောက်နေ၏။

“နင့်အမေက နင့်ကို သိပ်ချစ်တာပဲနော်”

“အေး...အမေတွေရဲ့ ထုံးစံအတိုင်းပေါ့ဟာ၊ နင့်အမေရော နင့်ကို မချစ်ဘူးလား. . .”နန္ဒက စိတ်လိုလက်ရမေးနေသော



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်တာပေါ့..."ဟု သူမက ခပ်ကြွားကြွားကလေး ပြန်ဖြေလေသည်။ ကမ္ဘာလောကတွင် အခြားအရာများနှင့်ယှဉ်လျှင် သူမက နိမ့်ကျချင် နိမ့်ကျနိုင်သော်လည်း အဖေနှင့်အမေ၏ ချစ်ခြင်းမေတ္တာကို စံထား၍ နှိုင်းယှဉ်လျှင်အစစအရာရာထက် သူမသာလွန်ကြောင်း ဇော် အမြဲဂုဏ်ယူလေ့ရှိပါသည်။

သို့သော် သူမအမေသည် အင်္ဂလိပ်စာမတတ်ပါ။ထို့အပြင် သူမကို စာမည်သို့ ကျက်ရမည် ဖြစ်ကြောင်းလည်း လမ်းမညွှန်တတ်ပါ။

ထိုအချိန်ကတည်းက နန္ဒနှင့် သူမ်ကြားရှိ ကွာခြားမှုကို သူမ သိခဲ့ပြီ။

နန္ဒသည် ကိုယ်ပိုင်စွမ်းအင်ရှိမည်။ ထက်မြက်မည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချစိတ်ရှိမည်။ သို့သော် သူသည်သူ့မိဘကတီထွင်လမ်းညွှန်ပေးလိုက်သော လမ်းကြောင်းအတိုင်း သက်သက်သာသာ လျှောက်လှမ်းနေရသူဖြစ်၏။ သူမကတော့ နန္ဒလို ကံမကောင်းခဲ့ပါ။ သူမမှာ ကိုယ်ပိုင်စွမ်းအင်ရှိသည်ပဲထား၊ ထက်မြက်သည်ပဲထား၊ သူမက ပို၍သာသည်မှာ ကြိုးစားလိုစိတ်ဖြစ်သည်။ သို့သော် မိမိကိုယ်ကို ယုံကြည်စိတ်မှာ တစ်ခါတစ်ခါ ပျောက်ပျောက်သွား၏။ သူမသည် ကိုယ်လျှောက်ရမည့်လမ်းကို ကိုယ့်ဘာသာရှာဖွေ၍ လမ်းရှင်း၍ လျှောက်ရမည်ဖြစ်သည်။ တူညီသောအချိန်အတွင်း နန္ဒနှင့်ယှဉ်နိုင်စေရန် သူမက သူ့ထက်အဆပေါင်းများစွာပို၍ အပင်ပန်းခံရမည်။

ထိုအတွေးသည် သူမကိုတစ်လျှောက်လုံးနှိပ်စက်နေသည်။

သူမ၏စိတ်တင်းကျပ်နေမှုကို အစ်ကိုကြီးဆီမှာ ဖွင့်ဟပြောချင်စိတ်ပေါက်လာ၏။ သူမ ပတ်ဝန်းကျင်တွင် သူမကို ကူညီနိုင်သူမှာ





အစ်ကိုကြီးတစ်ယောက်သာရှိသည်ဟု အလိုလိုသိနေသည်။အစ်ကိုကြီး ရန်ကုန်မပြန်မီ ပြောပြမှဖြစ်မည်။

"အစ်ကိုကြီး . . . ဇော် အင်္ဂလိပ်စာသိပ်တော်ချင်တယ်။ ဘာတွေဖတ်ရမလဲ"

ထိုအချိန်၌ အစ်ကိုကြီးသည် သူတစ်ခါမှ သတိမပြုဘူးသော စိတ်အားထက်သန်မှုနှင့် စိတ်ဓာတ်ကျမှုကို ကောင်မလေး၏မျက်နှာတွင်တစ်ခုချင်း အကဲခတ်မိသွား၏။ သူက တင်တင်ဇော်၏ဆံနွင်ကို ချစ်စနိုးဖွလျက် အင်္ဂလိပ် စာအုပ်များများဖတ်ရမယ်၊ ရမ်မာစာအုပ်ကောင်းကောင်းဖတ်ရမယ်၊ လေ့လာဖို့အချိန်တွေ အများကြီးရှိပါတယ်ကွာ ဟု အားပေးနှစ်သိမ့်၏။

"အစ်ကိုကြီး ရန်ကုန်ပြန်ရောက်ရင် မိဇော်အတွက် စာအုပ်တွေရှာပြီးပို့ပေးလိုက်မယ် ဟုတ်ပြီလား၊ နားမလည်တာရှိရင် မရှက်နဲ့ ဆရာမတွေကို မေး..."

နောက်တစ်နေ့ အစ်ကိုကြီး ရန်ကုန်ပြန်သွားပြီး၊ နောက် တစ်ပတ်အကြာတွင် သူမအတွက်စာအုပ်များ လူကြုံနှင့်ပို့ပေးလိုက်လေသည်။

ဇော်သည် ထိုစာအုပ်များရသည့်နေ့က အပျော်ကြီးပျော်သွား၏။ ဖြိုးက ယခုတလော ရှောင်ဖယ်ဖယ်လုပ်နေသည်ကိုပင် မေ့လျော့ပြီး ဖြိုးကို သွားကြွားဖို့ စိတ်ကူးရသည်။ စာအုပ်များကို ပိုက်လျက် တံခါးဖွင့်ထားသော ဖြိုးအခန်းထဲသို့ ခြေဖျားထောက်၍ ဝင်သွားမိ၏။

ထိုအချိန်မှာ ဖြိုးသည် စားပွဲတွင်ထိုင်၍ စာရေးနေခိုက်ဖြစ်၏။ အံမယ် သူက စာတွေဘာတွေ ကျက်နေပါလား ဟူသော အတွေးဖြင့် ဖြိုး ပခုံးပေါ်မှကျော်၍ သူမ ဖတ်လိုက်သည်။



www.burmeseclassic.com

အို…လက်စသက်တော့ ကိုရွှေဖြိုးက ကဗျာတွေ ဘာတွေ ရေးနေတာကိုး၊ မှန်းစမ်းဘာတွေပါလိမ့်။

"တွယ်တာလှပေမယ့်

ကွယ်ရာကပဲ ချစ်တော့မယ်…"

ဖြိုးက ကမန်းကတန်း သူ့စာအုပ်ကို ပိတ်ပစ်လိုက်ပြီး ဝုန်းခနဲ ထရပ်၏။

"မိဇော် နှင်ငါ့အခန်းထဲကို ဘာလို့တိတ်တိတ်ကလေး ဝင်လာတာတုန်း" ဟု သူက ခပ်ဆောင့်ဆောင့် မေးခဲ့လေသည်။

"အို…ခါတိုင်းလဲ ငါဒီလိုပဲ ဝင်တာပဲ"ဟု သူမ အနည်းငယ် မခံချင်စွာ ပြန်အော်မိ၏။ ဖြိုးကို စေ့စေ့ကြည့်တော့ ဖြိုး မျက်နှာလွှဲပစ်သည်။

"ကဲ ပြော၊ ဘာခိုင်းမလို့လဲ"

ဇော့်ရင်ထဲမှာ စူးစူးရှရှအောင့်သွား၏။ သူ့ဆီလာတိုင်း သူမ အမြဲတမ်းတစ်ခုခုခိုင်းဖို့ဟု သူထင်လေသလား မသိပါ။

"မခိုင်းပါဘူးဟ။ ငါ နှင့်ကိုကြွားစရာရှိလို့လေး နှင် စိတ်ဝင်စားနိုင်ရဲ့လား"

"ဘာလဲ"

"ဒီမှာ"

သူမက လက်ထဲကစာအုပ်များကို ဖြိုး၏ ခုတင်ပေါ် ဖြန့်ချလျက် ပြမိသည်။

"အစ်ကိုကြီးက ငါ့အတွက် ပေးလိုက်တာတွေ"

အငယ်တန်းစာစီစာကုံးဟု အခေါ်ဟွယ်ပြန်လို့ရသော ဂျူနီယာ အက်ဆေး၊ ဦးထွန်းငြိမ်း အင်္ဂလိပ်မြန်မာ အဘိဓာန်၊ နိုင်ငံခြား





ကျောင်းသားများအတွက် အင်္ဂလိပ်သဒ္ဒါ၊ လန်းနား(စ်) ဒစ်ရှင်နာရီ၊ အင်္ဂလိပ် အီဒီယမ်များ။

ဖြိုးကစာအုပ်များကို သိပ်စိတ်မဝင်စားသလို တစ်ချက်သာ ကြည့်သည်။ ထို့နောက် အစွမ်းကုန်အလိုလိုက်ရန် ဆုံးဖြတ်ထားသော အင်္ဂကိုတစ်ယောက်၏ အပြုံးမျိုးဖြင့်…

"ကဲ… ဟုတ်ပြီ။ ဒါပေမယ့် နှင် အင်္ဂလိပ်စာတော်ပြီးသားပဲ ဟုတ်လား၊ ရှစ်တန်းမှာ အင်္ဂလိပ်စာ ဂုဏ်ထူးတောင်ရခဲ့သေးတာပဲ"

"ဒါပေမယ့် . . . ငါ အဲဒီထက် ပိုတတ်ချင်တယ်လေ"

သူမ မျက်နှာမှ မာနရိပ်နှင့် အခံရခက်သောအရိပ်ကို သူ အကဲခတ်မိသွား၏။

"ငါ ဗေဒင်ဟောလိုက်မယ်။ နှင်တို့အတန်းထဲမှာ နှင့်ထက် အင်္ဂလိပ်စာတော်တဲ့လူရှိရမယ်"

ဖြိုးက မချိုမချဉ်ပြုံးရင်းပြောတော့ သူမ လန့်ဖျပ်သွား၏။

"ငါ့မျက်နှာက အဲဒီလောက်တောင် ထင်ရှားနေသလား သယ်…"

မဖြစ်ဘူး၊ ရှေ့လျှောက်ပြီး ငါ့ခံစားမှုတွေ သူများမမြင်အောင် ဖောက်ဖို့လိုနေပြီ။

"သူက မိန်းကလေးလား ယောကျ်ားလေးလား…"

သူမ အနည်းငယ်တုံ့ဆိုင်းနေပြီးမှ ယောကျ်ားလေး ဟု ပြောသည်။ ထို့နောက် မျက်နှာပေါ် မှာပြောင်းလဲသွားမည့် သူ့အမူအရာ မလွတ်အောင် စောင့်ကြည့်နေမိသည်။ သူက ခပ်မဲ့မဲ့ပြုံးပြီး ခေါင်း တစ်ချက်ဆတ်ပြလိုက်သည်။ သူဘာမှ ဆက်မမေးတော့ပါ။

သူမက ခုတင်ပေါ် တွင်ဖြန့်ထားသည့် အင်္ဂလိပ်စာအုပ်များ ကို ပြန်ကြည့်လိုက်မိသည်။ အင်္ဂလိပ်စာအုပ်များကို မြင်လိုက်ချိန်က

www.burmeseclassic.com



ပြသသော သူ၏ စိတ်ပါဝင်စားမှုမှာ နည်းပါးလွန်းသည်။ ခုနစ်တန်းကျောင်းသား ဖြိုးနှင့် ကိုးတန်းကျောင်းသူ ဇော်တို့ တန်ဖိုးထားသည့် အရာချင်းတော့ ဘယ်တူနိုင်မလဲလေ။ ဖြိုးနှင့် စကားပြောလျှင် သူမစိတ်ကို တစ်ထစ်လျှော့ထားဖို့ လိုလိမ့်မည်။

"ဒါနဲ့ နင် စောစောက ပိတ်လိုက်တဲ့ စာအုပ်ထဲမှာ ဘာတွေရေးနေတာလဲ"

"နင် မြင်လိုက်ပြီးသား မဟုတ်လား"

"ဩော်...နည်းနည်းလေးမြင်လိုက်တာပါ။ နှစ်ကြောင်းပဲ"

"တော်ရောပေါ့"

"အဲဒါဘယ်သူ့ကဗျာလဲ၊နင်ရေးတာလို့တော့ မကြွားနဲ့နော်"

"သူငယ်ချင်းတစ်ယောက်ဆီမှာတွေ့လို့ ငါကြိုက်လို့ကူးထားတာပါဟာ"

ဖြိုးမျက်နှာက မဟုတ်တာလုပ်ထားမိသည့် ကလေးတစ်ယောက်၏ မလုံမလဲမျက်နှာမျိုး ဖြစ်နေသည်။

"ဩော် . . . ဩော် ခံစားတတ်တယ်ပေါ့။ ပြောစမ်းပါဦး ဒီကဗျာနဲ့ဘယ်သူ့ဆီ ရည်းစားစာပေးမလို့လဲ"

ဖြိုးမျက်နှာက သူမတို့ပြောနေသည့် စကားနှင့်မဆီမဆိုင်စွာ ခပ်တင်းတင်း ဖြစ်သွား၏။

"ဒါ နင့်အလုပ်မဟုတ်ဘူး"

ခပ်ရိုင်းရိုင်းပြောသော သူ့စကားကြောင့် သူမ အနည်းငယ်စိတ်ခုသွားလေသည်။

"ဟုတ်သားပဲ...ငါ တောင်းပန်ပါတယ်၊အခု အင်္ဂလိပ်စာအုပ်တွေ ငါ လာပြမိတာလဲ ငါမှားတယ်၊ နင့်အလုပ်မှ မဟုတ်တာနော်၊ ငါ သွားတော့မယ်"





သူမစာအုပ်များကို ကောက်သိမ်းပြီး လှည့်ထွက်ဖို့ ပြင်သည့်အခါ သူက စာအုပ်များကို လက်ဖြင့်ဖိထား၏။ သူ့မျက်နှာမှာ မှုန်ကုပ် ဖြစ်နေသည်။

"နေဦး၊ နင် စိတ်ဆိုးမသွားနဲ့ဦး၊ ဒီအကြောင်းကို ငါ လူကာနဲ့ဆွေးနွေးချင်လိမ့်မယ်လို့ နင်ထင်သလား၊ နောက်ပြီး ငါ မဆွေးနွေးချင်ဆုံး လူကနင်ပဲ။ နင့်ဘာသာ နင် လောဘတကြီး အင်္ဂလိပ်စာပဲကျက်နေစမ်း ... သိလား"

ထို့နောက် သူ့မျက်နှာတွင် ရယ်မြူးသောဟန်က ချက်ချင်းရောက်လာသည်။

"အဲဒီကောင်က ချောသလား ..."

"ဘယ်ကောင်လဲ ..."

"အင်္ဂလိပ်စာတော်တယ်ဆိုတဲ့ကောင်..."

"နင့်ထက်တော့ ချောတာပေါ့"

သူမ့ သမခံချင်အောင်ပြောလိုက်၏။သူ့ဂရုစိုက်ဟန်မတူပါ။

"ကြိုးစားစမ်းပါဇော်၊ ဒီကောင်ကို နင် နိုင်ဖို့ဆိုရင်ငါ ဘာပဲပေးရ..., ပေးရ"

"အမယ်၊ တယ်လဲ ငါ့အပေါ် စေတနာထားလိုက်ပါလားယ်"

ဇော်၏ ခပ်လှောင်လှောင် အပြောကို မသိကျိုးကျွန်ပြုကာ အလေးအ...က်ထပ်ပြော၏။

"ဒီကောင်က နင့်ကိုနိုင်သွားမှာစိုးလို့ပါ"

*



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ဦးသည် သူ့ဘဝတွင် နိမ့်ကျအားငယ်မှုဟူ၍ ဘယ်တုန်းကမှ မရှိခဲ့လျှင် အာဃာတဆိုသည်လည်း ဘယ်တော့မှ ရှိလိမ့်မည်မဟုတ်။ သူသည် အရာရာတွင် ကျေအေးလွယ်လိမ့်မည်။ နောက်ပြီး လောဘဆိုသည်လည်း သူ့တွင်ရှိလိမ့်မည်မဟုတ်။ သူသည် အရာရာကို ပေယျာလကန် သဘောထားလိမ့်မည်။ ထိုကဲ့သို့သော လူအမျိုးအစား၏ အကောင်းဆုံး နမူနာမှာ နန္ဒ ဖြစ်၏။

နန္ဒအပေါ် တင်တင်ဇော်က တစ်ဖက်သတ်မနာလိုစိတ် ဖြင့် အာဃာတထားမိသော်လည်း သူက သိပ်ရိပ်မိဟန်မတူ သို့မဟုတ် အလေးအနက် မထားတာလည်းဖြစ်နိုင်သည်။

ထို့ကြောင့်လည်း သူ့မွေးနေ့အတွက် တစ်တန်းလုံးကို အုန်းနို့ခေါက်ဆွဲကျွေးဖို့ ဖိတ်သောအခါ မိန်းကလေးအားလုံးကို ဖိတ်ရန် သူမကို တာဝန်ပေးခြင်း ဖြစ်လိမ့်မည်။

နန္ဒမွေးနေ့သည် ဒီဇင်ဘာလ(၁)ရက်၊ စနေနေ့တွင်ကျ ရောက်၏။ သောကြာနေ့မှာ သူမကိုသူက ထိုအကြောင်း လာပြော သည်။

"ငါတို့အိမ်က တော်တော်ဝေးတယ်ဆိုတာ ငါသိပါတယ် ဖိတ်ရတာလဲ အားနာပါတယ်၊ ဒါပေမယ့် ငါ့မှာသူငယ်ချင်းတွေ ဘယ် လောက်များတယ်ဆိုတာ ဖေဖေ့ကိုကြွားချင်လို့၊ ဖေဖေကပြောတယ် လေ၊ ငါသိပ်ကြီးကျယ်ပုံမျိုးနဲ့ ငါ့မှာ သူငယ်ချင်းမရနိုင်ဘူးတဲ့"

အဲဒါဟုတ်တာပဲ။စိတ်ထဲကသာသူမကျိတ်၍ ထောက်ခံ သည်။

"ဖေဖေ့ကားက ဂျစ်ကားသေးသေးလေးဆိုတော့တစ်တန်း လုံးဆန့်မှာမဟုတ်တဲ့ အတူတူ ..."

ထိုအခါ သူမ သူ့စကားကို ဖွတ်ဖြတ်ပြောလိုက်မိ၏။





"နေပါဦး၊ နင့်မွေးနေ့ညစာခံပွဲကို လူ(၄၆)ယောက်လုံးတက် သိမ့်မယ်လို့ နင် မျှော်လင့်ထားတယ်ပေါ့"

နန္ဒက သူမ စကားသံမှသရော်သလိုဟန်ကို မသိချင်ယောင် ဆောင်၍...

"အေးပါဟာ... ငါ စကားပြောလောကြီးသွားလို့ပါ။ တစ်ဝက်လောက်တော့ ငါ့ကိုချီးမြှင့်ကြမှာပါ၊ နင်တို့နေ့လယ် ဆယ့်နှစ် နာရီမထိုးခင် ညောင်လှဘတ်စ်ကားနဲ့ လာခဲ့ရမှာပဲ။ ငါနဲ့ဝင်းဇော်နဲ့ ဘုန်းထိပ်ကနေ နင်တို့ပါလာမယ့်ကားကို..."

"နင်မှားသွားပြန်ပြီ၊ နင့်မွေးနေ့ပွဲကို ငါလာနိုင်မှာ မဟုတ် ဘူး"

သည်တစ်ခါတော့ နန္ဒ သိသိသာသာ မျက်နှာမကောင်း ဖြစ်သွား၏။

"ဘာဖြစ်လို့လဲ... နင် စနေနေ့မှာ ဘာအလုပ်ရှိသလဲ"

အသင့်တော်ဆုံးသော အဖြေကရှိပြီးသား။

"မေမေ နေမကောင်းလို့မေမေ့အလုပ်တွေ အများကြီး ကူ လုပ်ရမယ်..."

"ဘာအလုပ်တွေလဲ...ဆောရီး၊ ငါ ငပ်စုချာရောက်သွားပြီ။ နင်ဟာ နင်မလာနိုင်ဘူးဆိုလို့ ငါစိတ်မကောင်းပါဘူး၊ အမှန်အတိုင်း ပြောရရင် ဒီတစ်တန်းလုံးမှာ ငါ အလာစေချင်ဆုံးက နင်ပဲ"

အိုး...။ သူမ မယုံကြည်နိုင်စွာ သူ့ကိုမော့ကြည့်မိ၏။ ထို စကားကိုပြောလိုက်သူ၏ မျက်နှာမှာ ခပ်တည်တည်ပင်၊ အတန်းထဲ တွင် အင်္ဂလိပ်စာဖြေစဉ်တွေ့ရလေ့ရှိသော သေချာမှုမျိုးကို ယခုလည်း တွေ့နေရသည်။ နက်မှောင်ရွှန်းလက်သော မျက်လုံးများကို လှ သပ်သော မျက်တောင်စင်းစင်းများဖြင့် အနားကွပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပိုမိုအားကောင်းနေတာဖြစ်မှာပဲ။ မချိုမသားပုံစံမျိုး၊ ရှိုး
ရှန့်တန့်ပုံစံမျိုး လုံးဝမရှိဘဲ ဤစကားကို သူပေါ့ပေါ့ပါးပါးတဖေ
ပြောချလိုက်ခြင်းဖြစ်၏။ သူမသည် အနည်းငယ် အားနာသွားသ
မျက်နှာကို ငုံ့ချပစ်လိုက်၏။

သူမ၏ စာရေးခုံတန်းပေါ်မှာ သူ့လက်ဖဝါးနှစ်ဘ
ထောက်ထား၏။ သူ့လက်သည်းများကို ညီညာသေသပ်စွာ တိတိ
ညှပ်ထားသည်။ လက်ခုံပေါ်နှင့်လက်ချောင်းများ၏ အရင်းဆုံးအ
အပိုင်းများပေါ်တွင်ရှိသော မွေးညင်းနုနုများကရွှေရောင်လက်နေ

ဘုရားရေ…သူ့လက်ချောင်းခပွပွဟာ သိပ်သေသပ်လှ
လဲ့။

သူ့ဘယ်ဘက်လက်သူကြွယ်မှာ ရွှေလက်စွပ်ကို ကျော
ပါဘဲ ဝတ်ထား၏။ လက်စွပ်ပေါ်ရှိ ရွှေဖြင့်ဖော်ထားသော အင်
စာလုံးမှာ သူမဘက်က ဇောက်ထိုးကြည့်တော့လည်း အဲန်ပ
နေသည်။

"ငါ ကြိုးစားပါမယ်"

သို့သော် သူ့မွေးနေ့ပွဲသို့ သွားဖြစ်မည်မဟုတ်မှန်း သေ
ပေါက်သိသည်။

ငါ့ဆုံးဖြတ်ချက်တစ်ခုကို ပြင်ဆင်ပစ်ရလောက်အော
နင့်မျက်လုံးတွေက မစွမ်းဆောင်နိုင်သေးပါဘူး၊ ဒါပေမယ့် ဒီ
နင်ငါ့ကိုကြည့်လိုက်တဲ့ မျက်လုံးတွေအတွက် မွေးနေ့လက်ဆေ
တစ်ခုခုတော့ လူကြုံနဲ့ပေးလိုက်မှာပါ။

နောက်တစ်နေ့စနေနေ့တွင် ဇော် မနက်ခင်းကတည်
အလုပ်ရှုပ်နေ၏။ သူမမှာ ချမ်းသာသမျှ ကိုယ်ပိုင်ပစ္စည်းမှာ စာ
များသာဖြစ်သောကြောင့် မွေးနေ့လက်ဆောင်ကို စာအုပ်တစ်ခုခု





ထားသည်။ ဒါဖြင့် ဘာစာအုပ်ပေးရမလဲ၊ အများအားဖြင့်တော့
မဝယ်ပေးထားသော ဝတ္ထုစာအုပ်များသာ ဖြစ်သည်။ သူ ဝတ္ထုမှ
ရဲ့လား၊ ကိစ္စမရှိပါ။ သူမ ပေးလျှင်(သူ့လက်ထဲရောက်လျှင်) သူ
မှာပါပဲ။ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်များကိုစဉ်းစားသည်။
ယ်ချင်းလို့ပဲဆက်၍ခေါ်မည်ခိုင်'ကောင်းတော့ကောင်းပါရဲ့။
နာမည်က သူစဉ်းစားစရာဖြစ်နေမလား။ 'ညီမလေးရယ် စိုးရိမ်
ယ်'…မဖြစ်သေးပါ။ ယောကျ်ားလေးတစ်ယောက်ကို ပေးဖို့
င်းသည့်ဝတ္ထုနာမည်မျိုးမဟုတ်။ 'နွေကန္တာဦး'… မဖြစ်သေးပါ။
သိန်းသန်းထွန်း၏ဝတ္ထုတွေများ ကြိုက်တတ်လေမလား။ စာအုပ်
ပွနေအောင်ရှာကြည့်ပြီး မသင့်တော်မည့်စာအုပ်များ ပြန်ထည့်
၏။ သိန်းသန်းထွန်း၏'အချစ်ရူးလေးရဲ့အချစ်ဦး'၊ 'မပန်ပါနဲ့
ချင်တယ်'၊ အချစ်ဝတ္ထုတွေကိုလည်း သူ့ကို လက်ဆောင်ပေးဖို့
င်းပါ။ နောက်ပြီး သိန်းသန်းထွန်း၏ဝတ္ထု များမှာ အစ်ကိုကြီး၏
များဖြစ်ကြသည်။ သူ့တစ်ပါးကိုပေး၍ မဖြစ်။

စာအုပ်သေတ္တာအောက်ဆုံးတွင် စိတ်တွေပြားစရာမလို
ခေါင်းစဉ်ဖြင့် သိမ်မွေ့သည့်ဝတ္ထုစာအုပ်ကို တွေ့သွား၏။

တက္ကသိုလ်ဘုန်းနိုင်၏ 'ချစ်သော ဤကမ္ဘာ' ဖြစ်သည်။
… ဒီစာအုပ်ကတော့ ခေါင်းစဉ်အနေနဲ့ရော အကြောင်းအရာ
နဲ့ရော နန္ဒကို လက်ဆောင်ပေးဖို့ အသင့်တော်ဆုံးဖြစ်မှာပဲ။

"စာအုပ်တွေ ပွလို့ ဘာလုပ်နေတာလဲဟ"

ဖြိုးက သူမအနီးတွင် ဝင်ထိုင်ပြီး စပ်စုလေသည်။ ဇောဇော
ဘောလုံးကန်ရာမှ ပြန်လာပုံရသည်။ စွပ်ကျယ်လက်ပြတ်နှင့်
ကဲ့ကဲ့ကြီးကို ခပ်တိုတိုဖိုသီဖတ်သီ ဝတ်ထားသည်။ အရွ
လိုက်အောင် ကိုယ်ကာယလေ့ကျင့်ခန်း လိုက်စားသူပီပီ ကြွက်သားစို



www.burmeseclassic.com

www.burmeseclassic.com



နေသော သူ့လက်မောင်း၊ လက်ဖျံများမှာ ကျစ်လျစ်လှသည် နှုတ်ခမ်းမွှေးရေးရေးနှင့် ပေါင်းလိုက်တော့ သူမထက် ငါးနှစ်လော ပိုကြီးသွားသလို ထင်ရ၏။

သူမ စာအုပ်သေတ္တာထဲသို့စာအုပ်တွေ ပြန်ထည့်နေလို သည်။ တစ်အုပ်ပဲချန်ထားလိုက်၏။

"နင် ဒီစာအုပ် ဖတ်ဖူးလားဖြိုး"

"ချစ်သော၍ကမ္ဘာ...မဖတ်ဖူးဘူး၊ငါက တက္ကသို ဘုန်းနိုင်ကို မကြိုက်ဘူးဟ"

"အမယ်... ဘာဖြစ်လို့"

"ဟာ ... သူ့ဝတ္ထုတွေက စိတ်ကူးယဉ်နေတာချည်းပဲ၊ သ လွမ်းတတ်တဲ့လူတွေ၊ ငါနဲ့တော့မဖြစ်ပါဘူးဟာ"

သူမ သဘောကျစွာ အသံထွက်အောင်ရယ်မောမိ၏။

"ဟုတ်ပြီ... ဒါဖြင့် အခု ငါကယောကျ်ားလေးတစ်ယော ကို လွမ်းခိုင်းမလို့လေ"

"ဘယ်သူတုန်း ..."

"နင့် ..."

"ဘယ်ကကောင်တုန်း..."

ဖြိုးမျက်နှာထားက လူတစ်ယောက်ကို လည်ပင်းညှစ်သ တော့မည့်ရုပ်မျိုး ဖြစ်သွား၏။ သူမ သဘောကျစွာ ရယ်လိုက် သည်။

"တို့အတန်းထဲကလေ ..."

"ဘာလဲ... အင်္ဂလိပ်စာသိပ်တော်တယ်ဆိုတဲ့ကောင်လေ

သူမ အံ့ဩတုန်လှုပ်သွားသည်။

"နင်ဘယ်လို သိသလဲ..."





"ဒီမယ်မိဖော် နင် ပါးစပ်ဟာရင်အူဘယ်နှစ်ခွေရှိတယ် ဆို ငါ သိပြီးသား၊ လုပ်မနေနဲ့။ နင်တို့နှစ်ယောက်က ဒီအဆင့်တောင် ကျက်နေကြပြီလား" သူ့အသံက အံကြိတ်ထားရင်း ပြောသည့် စကား မျိုးဖြစ်နေ၍ သူမ ကမန်းကတန်း ခေါင်းယမ်းပစ်လိုက်လေသည်။

"မဟုတ်ဘူး...မဟုတ်ဘူး၊ ဒီကိစ္စက သိပ်ရိုးသားပြီး သိပ် ပါတယ်၊ ဒီနေ့ သူ့မွေးနေ့ညစာပွဲမှာ အုန်းနို့ခေါက်ဆွဲကျွေးမယ်၊ တန်းလုံးဖိတ်တယ်။ ငါမသွားချင်ဘူး၊ အဲဒါကြောင့် ခင်ဝေသင်း ရင် ဒီစာအုပ်ကို မွေးနေ့လက်ဆောင်အဖြစ် ပေးလိုက်မလို့ ..."

"ဘာမှ ပေးမနေနဲ့၊ ဒီကောင်ရောင့်တက်သွားမယ်"

အင်း...ဖြိုးကတော့ ဒီကနေ့သူမဘာပြောပြောအတိုက်အခံ တော့မှာပဲ။

"နေပါဦး၊နင်ကငါ့ကိုဘာမလုပ်နဲ့၊ ဘာမပေးနဲ့လို့အမိန့်ပေး ဘယ်တုန်းကရသွားတာလဲ"

သူမစကားက ဖြိုးကို ခပ်ပြင်းပြင်း ထိမှန်သွားပုံရ၏။ သူ နဲ့ထရပ်လိုက်သည်။ နောက်ပြီးသူမကိုလည်း အနှစ်နှစ်အလလ နဲ့ပြီးထားခဲ့သည့် ရန်သူတစ်ယောက်လို ကြည့်သည်။

"အေး... နင့် ဒီစာအုပ်ကို နင့်စိတ်နဲ့ နင်ပေးပေါ့၊ငါ ဘာမှ ဘူး၊ နင်နဲ့လဲရှေ့ဆက်ပြီး အပေါင်းအသင်းလုပ်ဖို့ စိတ်မကူး ဘူး"

"နေဦးလေ ဖြိုး..."

သူဘာဖြစ်လို့ ဒီလောက် ဒေါသကြီးရတာပါလိမ့်၊ ဖြိုးကဲ ထွက်သွားရာမှ တန့်ခနဲရပ်လိုက်သည်။ သည်တော့မှ သူ့လက် ကိုင်ထားသောအရာကို သူမမြင်မိသည်။ ကြီးမားသော သီးဖြူဖြူပွပွနှစ်လုံး တစ်ခိုင်တည်းတွဲနေသည်။ အိုး...သူ



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးသွားသွားကန်သည့် သူတို့ လည်ပေါ်ကျောင်းနံဘေးက ခြံမှာ မာလကာသီးတွေ အများကြီးရှိတာပဲ။နောက်ပြီး သူမ မာလကာသီး ကြိုက်တတ်မှန်းလည်း သူသိထားသည်။

"ဘာတုန်း..."

"နင့်လက်ထဲက မာလကာသီးလေးတော့ ငါနဲ့ အဆက် အသွယ်မဖြတ်ခင်ပေးခဲ့ပါဦးဟယ်..."

"ခွေးမ..."

သူ့မျက်နှာထားက နည်းနည်းပြေလျော့သွားပြီး သူ့လက် ထဲက မာလကာသီးခိုင်ကို သူမဆီ ခပ်သာသာ ပစ်ပေါက်ပေးလိုက် လေသည်။ သူမ ဆီးအဖမ်းလိုက်မှာ သူမ လက်ထဲက 'ချစ်သော ဤကမ္ဘာ' စာအုပ်က အောက်သို့လွတ်ကျသွား၏။သူက အောက်ကျ နေသည့်စာအုပ်ကိုလာကောက်ခိုက် သူမက မာလကာသီးတစ်လုံးကို ချက်ချင်း ကိုက်စားပစ်လိုက်သည်။

"ချိုလိုက်တာနော်၊ နင် စားဦးမလား..."

"မစားဘူး"

သူက စာအုပ်ကို ရှေ့ဖုံးနောက်ဖုံး သေသေချာချာကြည့်ပြီး စိတ်လျှော့လိုက်သူတစ်ဦး၏ မျက်နှာမျိုးဖြင့်...

"အေးလေ၊နင် သင့်တော်မယ်ထင်လို့ လုပ်တဲ့အလုပ်ကို ငါ နှောင့်ယှက်ဖို့မကောင်းပါဘူး၊ ပေးချင်ပေးလိုက်ပါ။ ငါ ပက်ကင် စက္ကူလေးနဲ့ သေသေချာချာထုပ်ပေးပါ့မယ်"ဟု စစ်ပြေငြိမ်းစကား ဆိုသည်။

"ဟင့်အင်း...ငါ မပေးတော့ပါဘူး၊ ပေး။ ငါ ပြန်သိမ်းလိုက် တော့မယ်၊ နင် မှန်ပါတယ်။ သူ ရောင့်တက် သွားမှာပေါ့"





သူမသည် စာအုပ်ကို သေတ္တာထဲပြန်ထည့်လိုက်၏၊ ထို ... သူ့မျက်လုံးများ လက်ခနဲတောက်ပသွားပြီး ပူဆာသည့်မုန့်ကို ...သော ကလေးငယ်တစ်ဦးကဲ့သို့ ကျေနပ်သွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ဒီဇင်ဘာလ ဒုတိယပတ်တွင် ပထမအစမ်းစာမေးပွဲမှ [illegible]တ်များ ကြေညာသောအခါ သူမ၏ အင်္ဂလိပ်ဘာသာ အမှတ်မှာ [illegible] ဖြစ်ပြီး နန္ဒက (၈၈) မှတ်ရလေသည်။ 'ဂျီ'ခန်းတစ်ခုလုံးတွင် [illegible]တ်စုစုပေါင်း သူမ အများဆုံးဖြစ်သော်လည်း သူမ မကျေနပ် [illegible]နန္ဒနှင့်ပတ်သတ်လျှင် အစစအရာရာ သူမက သာလိုသည်။ [illegible]နမှုအဆင့်အတန်း နိမ့်ကျနေသည့်တိုင်အောင်ပေါ့။

နန္ဒကတော့ သူမ၏ မလိုတမာ သဘောထားကို အတတ် [illegible] မသိဟန်ဆောင်၍ တစ်ခါတစ်ရံ လိုက်လိုက်လျောလျောပင် [illegible]တတ်သည်။ သူမအား သိသိသာသာ လိုက်လျောနေသည်ဟု [illegible]ရှားစေသည့် အချက်တစ်ချက်မှာ သူမထံမှစာအုပ်ငှား၍ ကူးခြင်း [illegible] ဖြစ်သည်။ ယခုတလော နန္ဒက သူမဆီမှ ဘိုင်အိုမှတ်စုကိုငှားပြီး [illegible]နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလေ ဘိုင်အိုချိန်မှာ အိပ်မငိုက်အောင် ဘယ်လိုမှမတတ်နိုင်ဘူး၊ ငါ့စာအုပ်ထဲမှာ ဘာမှမပြည့်စုံဘူး။ ပထမအစမ်းတုန်းက ငါ တက်(က်)(စ်)ထဲက ကျက်တာ"

သူ့ဘိုင်အိုမှတ်စုများကိုပြသည့်အခါ သူမ ရယ်ချင်သွားလေသည်။ သူ့လက်ရေးမှာ ခပ်သော့သော့ အယက်တန်းကျကျ လက်ရေးမျိုးဖြစ်သည်၊ ခေါင်းစဉ်နှင့် သရုပ်ဖော်ပုံများမှာတော့ အကျအနပင်။ တစ်ပိုဒ်နှစ်ပိုဒ်အပြီးတွင် သူ့လက်ရေး အလွန်သော့သွားသည်။ ထို့နောက်တော့ ဘာမှဖတ်လို့မရသည့် လက်ရေးများ အတွန့်အကွေးများအဖြစ် အဆုံးသတ်သွားကော့သည်။

"အဲဒီနေရာရောက်တော့ ငါ ငိုက်သွားပြီ"ဟု နန္ဒက မရှက်တငသလို ခပ်ပြုံးပြုံးပြောလျှင် သူမ နန္ဒကို အသေအချာ စိုက်ကြည့်မိသည်၊ ပြုံးလိုက်တော့ သူ့မျက်လုံးများက ခပ်ကည်ကည် နေစဉ်လောက် မစူးရှဘဲ နူးညံ့သွားလေ့ရှိသည်။ လောကကြီးမှာ လိုတာကို ရနိုင်မှန်းသိနေတဲ့ ကောင်လေးတစ်ယောက်ရဲ့ မျက်လုံးမျိုးပဲ။

ထိုလူစားမျိုးသည် သူတို့ဂုဏ်သိက္ခာကို အသက်နှင့်ရင်း၍ ကာကွယ်တတ်ကြသည်။ လိုချင်တာကိုရလေ့ရှိသော ထိုလူငယ်မျိုးနှင့် ရနိုင်သည်ထက်ပို၍ လိုချင်ဟန်တူသော ဖြိုးလိုလူငယ်မျိုး၏ ပဋိပက္ခမှာ ကိုးတန်းကျောင်းသူတစ်ယောက်အဖို့ နားလည်နိုင်သည်ထက်ပို၍ ရှုပ်ထွေးလေသည်၊

သိပ်မကြာမီမှာပင် ထိုအဖြစ်အပျက်က ပေါ်ပေါက်လာခဲ့၏။

ထိုနေ့ နေ့လယ် ထမင်းစားကျောင်းဆင်းချိန်တွင် မကြာသေးမီရက်ပိုင်းများဆီက ထုံးစံအတိုင်း မနေ့က ငိုက်ထားခဲ့သည့် ဇီဝဗေဒမှတ်စုကို သူ ကူးနေသည်၊ ဇော်က သူ့ထက် ထမင်းစား





နှေးကွေးသဖြင့် ထမင်းကို ခုမှပဲ့ကစသတ်တုန်းရှိသည်။ သူက ဇော့်မှတ်စုကို ကြည့်ကူးနေရာမှ ဟင်ချက်ရယ်လိုက်သည်။ သူမတို့နှစ်ဦးကြားရှိ မင်းလမ်းမှာ သုံးလေးပေသာ ကွာသဖြင့် သူ ရယ်လိုက်သည်ကို သည်အတိုင်း ကြားရသည်။

"အင်း .. ငါတော့ ဒီဖားကြောင့် ဒုက္ခရောက်တော့မှာပဲ"

သူမ ထမင်းဘူးကို မထောက်ခနဲပိတ်လိုက်ရာက သူ့ကိုလှမ်းကြည့်လိုက်၏။ သူက ဘယ်သူ့ကိုမျှ ကြည့်ပြောနေခြင်းမဟုတ်။

"ဖားက နင့်ကို ဘာလုပ်လို့လဲ"ဟု သူမ လိုက်လျောစွာမေး၏။

"ဟား...ဖားသေးသေးကလေးတစ်ကောင်မှာ ဒီလောက်သွေးကြောတွေများနေမှတော့ ငါ ဒုက္ခရောက်တော့မှာပေါ့။ ဟဲရောတစ်တွေ ဆစ်စ်တင်းမစ်တွေနဲ့ ရှုပ်ယှက်ခတ်နေတာ၊ဒီကောင့်ကို ပြင်ပလက္ခဏာကတည်းက ဒုက္ခပေးနေတာဟ။ ဒီမှာကြည့်စမ်း..."

သူက ဖားပြုပ်၏ ပြင်ပလက္ခဏာများ သရုပ်ဖော်ပုံကို သူကြီးတားပမ်းစား ကူးဆွဲထားပုံအား သူမဘက်သို့ ထောင်၍ပြသည်။ ဇော် ခစ်ခနဲ ရယ်လိုက်မိလေသည်။

"နင့် ဖားက ဗိုက်ပူနံကားကြီး"

"တီကောင်တွေ တစ်ထွေးကြီး မျိုထားလို့ပါဟာ"

ထမင်းဘူးပြန်သိမ်းရင်း သူမ ဝေ့ခနဲ အနိမ့်မည့်ဟန် ရှုံ့မဲ့ပြသောအခါ သူ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ တစ်ခါမှသူ ဒီလို မရယ်ဘူးသဖြင့် သူမ တအံ့တသြ လိုက်ရယ်မိ၏။ နာရီမိနစ်များမှာ တိုက်ထားသလို ကွက်တိ အချိန်ကိုက် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် သူပ၏ အတန်းတက်ရာဆီသို့ ဘယ်တုန်းကမှ မလာဘူးသော ဖြိုးတစ်ယောက်က သူမတို့ အနီးသို့ ပြုန်းခနဲ ရောက်လာသည်။ အနီးကပ်၍ တစ်ယောက်ယောက် ရပ်လိုက်သလို သူမစိတ်ထဲက သိလာချိန်မှာပင် နန္ဒ၏ရယ်သံက တိခနဲ ပြတ်သွားသည်။

"ဘာတွေသဘောကျနေလဲ မိဇော်"

"ဟယ် ... ဖြိုး ...နင်"

ဖြိုးသည် သူမ၏ ဘယ်ဘက်ပခုံးစွန်းနားတွင် နီးကပ်စွာ ရပ်နေသည်။ သူ့မျက်နှာမှာ ဒေါသကို အတတ်နိုင်ဆုံး မျိုသိပ်ထားရသည့်ပုံမျိုး၊ ပထမတော့ ဖြိုး တစ်ယောက်ယောက်နဲ့ ရန်ဖြစ်လာသလားဟု ထင်သွားသည်၊ ဘယ်လောက်များတုံးလိုက်သည့် ဇော်လဲ။

"နင် ဘာလာလုပ်တာလဲ..."

"ဪ... ထမင်းစားကျောင်းဆင်းချိန်မှာ နင် ဘယ်လိုအချိန်ဖြုန်းသလဲ သိချင်လို့"

ဟာ ... သူ့စကားက ဘယ်လိုလဲ။

"နင်တို့ကျောင်းလဲမပိတ်ဘဲနဲ့"

"နင့်ဆီလာဖို့ ကျောင်းပိတ်စရာမလိုပါဘူးဟာ"

သူက နန္ဒရှိရာသို့ ပေစောင်းစောင်း အကဲခတ်ရင်း ခပ်ဆတ်ဆတ်ပြောတော့ နန္ဒက စာကူးနေရာမှ စူးစမ်းသလို လှည့်ကြည့်သည်။ ဖြိုးက နန္ဒမျက်လုံးကို မရှောင်ဘဲ ပြန်စိုက်ကြည့်နေ၏။ ဖြိုးမျက်လုံးမှ မုန်းတီးမှုများသည် နန္ဒမျက်လုံးများဆီသို့ ချက်ချင်းကူးစက်သွား၏။ သို့သော် နန္ဒက ချက်ချင်းပင် မျက်နှာလွှဲပြီး တင်တင်ဇော်ကိုကြည့်၍ ပြုံးပြသည်။ ထို့နောက် ခုံတန်းမှ မတ်တတ်ရပ်၍ အပြင်သို့ ထွက်လာသည်။





"တင်တင်ဇော်... နင့်သူငယ်ချင်းနဲ့ မိတ်ဆက်မပေးတော့ဘူးလား"

အနောက်တိုင်း အနည်းငယ်ဆန်သော နန္ဒ စကားကြောင့် ဇော် မနေတတ် မထိုင်တတ် မတ်တတ်ရပ်လိုက်မိလေသည်။

"ဟုတ်ပါရဲ့...သူက ငယ်ငယ်ကတည်းက ငါ့သူငယ်ချင်းလေ၊ ဖြိုးကျော်တဲ့၊ ဖြိုး ...သူက နန္ဒ"

နန္ဒကကြိုးစား၍ ပြုံးပြကာ "တွေ့ရတာဝမ်းသာပါတယ်" ဟု ယဉ်ကျေးစွာ စကားစပြောလေသည်။ ဖြိုးက နန္ဒကို ခပ်စိုက်စိုက်ကြည့်၍ အသိအမှတ်ပြုသလို ခေါင်းတစ်ချက် ဆတ်ပြရင်း သူမဘက်သို့ ချာခနဲလှည့်၏

"မိဇော် ... ငါနဲ့ အတန်းပြင် ခဏလိုက်ခဲ့စမ်းပါ"

သူမရုတ်တရက် မျက်နှာထားရခက်သွားပြီး အိုးတိုးအတဲဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

"စကားပြောစရာရှိလို့ပေါ့ဟ" ဖြိုး မျက်နှာက ခပ်တင်းတင်း။ နန္ဒကို လောကတွင်ရှိသည်ဟု မအောက်မေ့သည့်ပုံစံမျိုး။ နန္ဒကို လှစ်ခနဲ ကြည့်လိုက်တော့ အနည်းငယ် မျက်နှာပျက်နေသည်ဟု ထင်လိုက်၏။ နန္ဒက ဖြိုးနှင့် သူမကို ဘာထင်သွားမလဲ၊ သို့သော် နှိုင်းပက္ခအကြားတွင် ကြာကြာရပ်နေချင်စိတ်မရှိ၍ ဖြိုးနှင့်အတူ အပြင်ထွက်လိုက်သွားသည်။ ရင်ထဲမှာ အလိပ်လိပ် ထက်လာသော ဒေါသကို အတင်းမျိုချ၍ ဖြိုးကို ခပ်မာမာ အပြစ်တင်လိုက်မိလေသည်။

"နင် တကယ်ရိုင်းတယ်"

"ဪ ...ဟုတ်လား၊ ငါ ရိုင်းမှန်း ခုမှသိသလား"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာလာလုပ်တာလဲ"

"ငါ တမင်သက်သက် လာကြည့်တာ"

"ငါ ထင်သားပဲ၊ ဒီလိုလုပ်လို့ နင် ဘာအကျိုးရှိမှာလဲ"

ထိုအခိုက် အတန်းထဲမှ နန္ဒ နှင့် ဝင်းဇော် တွဲသုတ်ထွက်လာ၏။ နန္ဒမျက်နှာကခပ်ပြုံးပြုံး။ ဝင်းဇော်က တစ်စုံတစ်ခုပြောလိုက်သောအခါ နန္ဒက (လိုအပ်သည်ထက်ပိုမို၍) ခပ်ကျယ်ကျယ် လှောင်ရယ်ရယ်လေသည်။ နန္ဒ ဒီလိုရယ်တာမျိုး ဘယ်ခါမှမကြားဖူးပါ။ ခပ်လျှော့လျှော့ရပ်နေသော ဖြိုး ကိုယ်လုံးက မတ်သွား၏။ အပြင်မှာ ရပ်စောင့်နေသော ဖြိုး၏ သူငယ်ချင်းကောင်လေးက "ဖြိုးကျော်... ပြန်ကြစို့" ဟုလောဆော်သည်။ အန္တရာယ်၏ အငွေ့အသက်ကို သူ ခံစားမိဟန်တူပါသည်။

"ဟုတ်တယ်ဖြိုး... နင်ပြန်မှ ကောင်းမယ်" သူမကလည်း ပြန်စေချင်လှပြီ။

နန္ဒက သူမတို့အနီးမှ ကပ်လျက် ဖြတ်လျှောက်သွားသည်။ သူ့မျက်နှာက မထီတရီအပြုံးနှင့်။

"ပြန်မယ်၊ ဒါပေမယ့် ဒီကောင့်ကိုဆွဲထိုးပြီးမှ ပြန်မယ်" အံ့ကြိတ်၍ ဖြိုးက ပြောသောအခါ ဘေးတိုက်မြင်နေရသော နန္ဒ ပါးပြင်မှာ ရဲခနဲဖြစ်သွား၏။ သူက လမ်းလျှောက်ရာမှ ရပ်လိုက်ပြီး ဇော်တို့ဘက်သို့ လှည့်ကြည့်သည်။ သူမ အလွန်ရှက်ကာ မျက်နှာပူနွေးလျက် သူတို့နှစ်ယောက်ကို တစ်လှည့်စီ ကြောင်ကြည့် နေမိသည်။

"ဘယ်သူ့ကိုထိုးချင်တာလဲ" နန္ဒက အေးစက်စက် မျက်လုံးများဖြင့် မေးသည်။

ဘုရားရေ၊ ဇော် ဘာလုပ်ရပါ့မလဲ။





"မင်းကို...။ မိန်းမလိုမိန်းမရ စောင်းမြောင်းရယ်လို့ ဆွဲထိုးချင်တာ" ဖြိုးက အံ့ကြိတ်၍ ခပ်တိုးတိုးပြောရင်း ရှေ့တစ်လှမ်းတိုးသည်။ နန္ဒကလည်း ရှေ့တစ်လှမ်းတိုးလာ၏။ ဟင့်အင်း...ဒီလိုမလုပ်ရဘူး။

"စမ်းကြည့်လေ..."

ဖြိုးအရပ်က နန္ဒထက် သုံးလက်မလောက် မြင့်နေပြီး ကိုယ်ခန္ဓာချင်းကလည်း တခြားစီ။ သို့သော် နှစ်ဦးလုံး၏မျက်နှာမှ မာကျောမှုမှာတော့ အတူတူ ဖြစ်၏။

'ဟေ့ကောင် ဖြိုးကျော်...ပြန်စို့။ ကိုယ့်ကျောင်း မဟုတ်ဘဲနဲ့"

"ဖြိုးကျော်ဆိုတဲ့ကောင်က နေရာမရွေးဘူး နားလည်လား၊ ဟေ့ကောင် ဒီနေ့ည မင်းနဲ့ငါနဲ့ တစ်ယောက်ချင်းချမလား၊ သတ္တိရှိရင် ချိန်းလိုက်လေ"

အို... ။

"အေး...အချိန်မရွေးပဲ၊ ကြိုက်တဲ့နေရာပြော... "

ဟန့်တားမည့် သူမ စကားက နန္ဒ၏ စကားအောက်မှာ ဖိမ်ဝင်သွားသည်။ ဖြိုးက ခပ်မာမာလေသံဖြင့် နေရာနှင့် အချိန်ကို သတ်မှတ်၏။

"ဒီကျောင်းရှေ့က ပန်းခြံကိုလာခဲ့... ညရှစ်နာရီ"

"အို...ဖြိုး၊ ငါပြောတာ နားထောင်စမ်း။ နင် မှားနေပြီ"

"မမှားဘူး၊ ငါ ဒီနေ့လုပ်သမျှ အကုန်မှန်တယ်"

ဖြိုးက ချာခနဲ ထွက်သွားသည်။ ဇော်သည် တစ်ကိုယ်လုံး တုန်၍ မတ်တတ်ရပ်ရင်း ငေးမောကျန်ခဲ့၏။ အခန်းနီးချင်းများက ငေးမောကြည့် ကြည့်နေကြသည်ကို မြင်ရလျှင် ဘယ်လို ရှက်မှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ရှက်မိသည်။ ကျောင်းပြန်တက်ခါနီးပြီမို့ ကျောင်းသား ကျောင်းသူ များက တဖြည်းဖြည်း စည်ကားလာပြီ။

"တင်တင်ဇော် အခန်းထဲပြန်ဝင်တော့လေ"

နူးညံ့သော နန္ဒအသံအဆုံးတွင် သူမ မျက်ရည်ရစ်ဝဲလျက် ခေါင်းငုံ့ပြီး အတန်းထဲဝင်ခဲ့သည်။ သူမနောက်မှ နန္ဒ ကပ်လျက် ဝင်လာသည်။

"နန္ဒ နင်ညကျ တကယ်မလာဘူး မဟုတ်လား"

"လာမှာ..."

"ဟင့်အင်း... မဖြစ်ဘူး၊ နင် မလာနဲ့။ နင် ဖြိုးအကြောင်း မသိဘူးနော်။ ဒီကောင်က အရမ်းလက်မြန်တာ"

နန္ဒက သူ့နေရာဝင်ထိုင်ရင်း ပြုံးနေလေသည်။

"စိတ်မပူပါနဲ့ တင်တင်ဇော်ရာ"

ထို့နောက် ကူးလက်စ စာကို ဆက်ကူးသည်။ သူ့ကြည့်ရ သည်က အေးအေးဆေးဆေး ပါပဲလား။

"နင် ဘောက်ဆင် ထိုးဖူးတယ်ပေါ့"

"တစ်ခါမှ မထိုးဖူးဘူး"

"နင် ရူးနေလား၊ ဖြိုးက လည်ပေါ်ကျောင်းမှာ ချိန်းပွဲခဏ ခဏလုပ်ပြီး လက်သီးထိုးနေကျ၊ သူနဲ့ချပြီဆိုရင် သူဘယ်တော့မှ မရှုံးဘူး"

"ယုံပါတယ်"

"ဟင်... ဒါနဲ့များတောင်..."

နန္ဒက ဇော့်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်၏။ သူမ မျက်နှာမှ ပူပန်ရိပ်ကို သူ အကဲခတ်မိသွားဟန်ရှိသည်။

"နင် ဘာလို့ ဒီကောင်အတွက် မပူရတာတုန်း"





"ဟာ...သေတော့မှာပဲ၊ နင်နဲ့ ဖြိုးနဲ့ချရင် ဖြိုး နိုင်မှာ သေချာပေါက်၊ ငါ သူ့အတွက် ဘာပူစရာလိုလဲ"

"ကိစ္စမရှိပါဘူး၊ ညနေကျောင်းဆင်းရင် ငါ နည်းနည်း ပါး လေ့ကျင့်မှာပေါ့။ လက်သီး ဘယ်လိုထိုးရတယ်ဆိုတာလေ"

"ဘုရား ဘုရား..."

နန္ဒက ရယ်မောရင်း စာအုပ်ကို ပြန်ငုံ့ကြည့်သည်။

ဇော် သည်ကိစ္စကြီးကို မေ့ပစ်လိုက်ချင်သည်။ ညရှစ်နာရီ ချိန်းခဲ့မှာ၊ မဖြစ်ဘူး မဖြစ်ဘူး။

"ငါ သူ့ကို ရအောင်တားမယ် နန္ဒ"

နန္ဒက သူ့လက်ထဲက ဖောင်တိန်ကို အသံမြည်အောင် ချ၍ ဇော့်ကို အေးစက်စက်ကြည့်၏။

"နင် အဲဒီလို မလုပ်ရဘူး"

"ဘာဖြစ်လို့ မလုပ်ရမှာလဲ"

"ငါ့ဂုဏ်သိက္ခာ အတွက်ပေါ့"

နုနယ်သွယ်လျသော လက်ချောင်းကလေးများမှာ လူ ယောက်နှင့် ယှဉ်ထိုးသတ်ဖို့ မဟုတ်။ သူမ ခေါင်းခါယမ်း လိုက်မိ သည်။ ဘာအကြောင်းကြောင့်များ သည်လို ချိန်းပွဲတစ်ခုဖြစ်ပေါ် ရပါလိမ့်။ ဘယ်သူ့အတွက် ဖြစ်လာရပါလိမ့်။ ဇော့် အတွက် သည်ဟု လက်မခံချင်သလို ဖြစ်နေသည်။

"ကဲ...နင့်မျက်နှာကြည့်ရတာ ညက ငါ့မေးရိုး ကျိုးသွား မယ့် အတိုင်းပဲ။ ငါ တစ်ချက်တလေတော့ ပြန်ထိုးနိုင်မှာပါ တင်ဇော်ရယ်။ နေပါဦး၊ သူ့အသားက သဲအိတ်လောက်တော့ ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဟာသမလုပ်နဲ့ သဲအိတ်က နင့်ကို ဘာမှမလုပ်ဘူး။ ဖြိုးက နင့်ကို ဆော်မှာသိလား။ ဒါဖြင့် နင် သဲအိတ်ကိုတော့ လက်သီးနဲ့ ထိုးဖူးတယ်ပေါ့"

"ကြဲကြဲဖန်ဖန်"

ပြောရင်း နန္ဒက ခပ်ဖွဖွ ရယ်မောလိုက်သောအခါ ဇော် ရှေ့ဆက်စကားပြောဖို့ အင်အား ကုန်ခန်းသွားတော့သည်။

ညရှစ်နာရီအချိန်သည် တင်တင်ဇော်အတွက် ရုက္ခဗေဒ စာကြည့်ချိန်ဖြစ်သည်။ ညခုနစ်နာရီမှ ရှစ်နာရီအတွင်း သူမ ကျက်မှတ်နေသည့် ဖားပြုပ်၏ အစာခြေခြင်းအကြောင်းကိုလည်း အာရုံဝင်စား၍ ရခဲ့သည်မဟုတ်ပါ။ တစ်နာရီအတွင်း ဖြိုး၏ အခန်းမီးမှိတ်ထားသည်ကို သုံးကြိမ်သွားကြည့်ပြီးပြီ။ ဖြိုးကို စိတ်ပြောင်းအောင်လုပ်ဖို့ ဇော် လက်လျှော့ရတော့မလို ဖြစ်နေပြီ။ ထိုအကြောင်းကို ရိပ်မိ၍လားမသိ၊ ညစာစားချိန် ပတ်ဝန်းကျင်တွင် လိုက်ရှာသည်ကိုပင် ဖြိုးနှင့် မတွေ့ရချေ။ ဖြိုးသည် သူမကို တမင်ရှောင်နေကြောင်း သူမသိသည်။ ကဲ ဖြိုးကတော့ သူစတဲ့ ပြဿနာ သူဘယ်တော့မှ လက်လွှတ်မှာမဟုတ်။ နန္ဒကရော...

နန္ဒ၏အဖေသည် ဤကိစ္စကို တစ်နည်းတစ်ဖုံဖြင့် သိသွားလိမ့်မည်။ ထိုအခါ တင်းကျပ်စွာ တားမြစ်လိမ့်မည်။ နောက်ပြီး နန္ဒက ညောင်လှမှာနေသည်ပဲ။ ပန်းခြံနှင့်ညောင်လှမှာ အနည်းဆုံး တစ်မိုင်ခွဲတော့ရှိမည်။ သူ လာဖြစ်မှာ မဟုတ်ပါဘူးလေ။ စိတ်က ဖြေသိမ့်ခွေတွေးသော်လည်း သည်သို့ မဖြစ်နိုင်မှန်း အခိုင်အမာ သိနေ၏။

ငါ ဘာဖြစ်လို့ နန္ဒအတွက် စိတ်ပူရမှာလဲ။ နန္ဒကို ငါ ဘယ်တုန်းကမှ ကြည့်လို့ရခဲ့တာ မဟုတ်ဘူး။ အမြင်တောင် ကတ်မိ





တာ။ မဆိုင်ဘူးလေ၊ ဒီကိစ္စက အင်အားမမျှတမှုပဲ။ တစ်ဖက်တ်ပွဲကြီးဖြစ်နေမှာကို မလိုလားတဲ့ စိတ်ကြောင့်ပါ။

တစ်ခုတော့ရှိပါရဲ့၊ နန္ဒက အဖော်တွေအများကြီး ခေါ်လာ ဖြိုးကို ဝိုင်းချလျှင်ကော။ ဟင့်အင်း. . . နန္ဒသည်လို ဘယ်တော့မှ ပ်မှာမဟုတ်။ သူလိုလူမျိုးက ဂုဏ်သိက္ခာကို အင်မတန် ထိန်းသိမ်းတ်သူမျိုး။

ဇော့်မျက်လုံးများက စားပွဲတင်နာရီကို ခဏခဏ ကြည့်မိကာ်သား ဖြစ်နေသည်။ ဖားပြုပ်၏ အစာခြေအဖွဲ့ကို သည်နေ့ ဘယ်ည်းနှင့်မျှ စိတ်ဝင်စား၍ မရတော့သည့်အဆုံး ဖြုန်းခနဲ မတ်တတ်စ်လိုက်မိ၏။ သူမ ပန်းခြံသို့ လိုက်သွားချင်သည်။ သို့သော် မဖြစ်ါ။ သူမသည် အပျိုအရွယ် မိန်းမငယ်လေး တစ်ယောက်ဖြစ်သည်။ က်ိုပေးမည့် အစ်ကိုမောင်များလည်း မရှိပါ။ ခြော်. . . ငါ့နှယ်. ဘယ်လောက်များ ကြောင်လိုက်သည့် အတွေးပါလိမ့်။ ဘယ်ကို မောင်ကရောယောကျ်ားလေးနှစ်ယောက် လက်သီးထိုးသတ်ပွဲ နမကို လိုက်ပို့ပါမည်နည်း။ သူမ ပြန်ထိုင်လိုက် ပြန်သည်။

ရှစ်နာရီတိတိ ထိုးသောအခါ သူမ ရင်ထဲမှာ တလှပ်လှပ်ောက်လာသည်။ ထို့ကြောင့် စာအုပ်ပေါ် မျက်နှာမှောက်ချလျက်သက်စွာ စိတ်လှုပ်ရှားနေမိသည်။ အချိန်တွေ ကုန်ခဲလွန်းလှသည်။ လှမ်းလှမ်း အိပ်ခန်းဆီမှ အမေ လှမ်းကြည့်နေလျှင် သမီးလေး င်ကိန်နေပြီ ဟု ထင်လိမ့်မည်။ သူမ အဖြေမသိရမချင်း ဒီညပျော်မည် မဟုတ်ပါ။

စိတ်အာရုံထဲတွင် ယောကျ်ားလေးနှစ်ယောက်၏ ရင်ဆိုင်ပွဲ မြင်ယောင်လာသည်။ လက်မောင်း၊ လက်ဖျံ၊ ကြွက်သားများ ချစ်သန်မာသော ဖြိုးက မြန်လည်း မြန်လိမ့်မည်။ အလုံးအရပ်



www.burmeseclassic.com

www.burmeseclassic.com



ပိုသေးသွယ်သော နန္ဒကတော့ လက်သီးနှင့်ထဲမိလျှင် ယိုင်သွားနိုင်သည်။ အဆင်မသင့်လျှင် မြေပေါ်တောင်လဲကျသွားနိုင်သည်။ ဘယ်တုန်းကမှ လက်သီးမယိုးဘူးသူမို့ အရှောင်အတိမ်းလည်း ...း ကျင်လိမ့်မည် မဟုတ်။ ပွဲကို ဘယ်အချိန်မှာရပ်သင့်ပြီဟု ဆုံးဖြတ်...နည့် ဒိုင်လူကြီးမှ ရှိပါ့မလား။

ဘုရားရေ . . .

...သွေးချင်းချင်းနီ၍ အကာအကွယ်မဲ့နေသော နုဖတ်သည့် ...ျက်နှာပေါ်သို့ ဆက်တိုက်ကျလာမည့် လက်သီးများ၏ဒဏ်ကို နန္ဒ ဘယ်လောက်ကြာအောင် တောင့်ခံနိုင်မှာလဲ။ သူမ ထိုင်နေရာကနေ ငုန်းနေ ထလိုက်ပြန်သည်။ ဒီတစ်ခါတော့ ပြန်မထိုင်တော့ဘဲ ...ပြီ ဖြိုးတို့ အပြန်ကို ဒီကနေ စောင့်မနေနိုင်ပါ။

သူမ အိမ်အပြင်သို့ ထွက်လိုက်သည်၊ သမဲဝါလင်းမင်းထား...အိမ်ငြိုးသည် နောက်ဘက်တွင် အုပ်ပေါ်တိုင်း ကာထား...လည်း လက်ယာဘက် (ဖြိုးတို့ခြံဘက်) ခြံစည်းရိုးမှာ သစ်သားတန်းဖြစ်...ကျက်နေသော အပိုင်းတစ်ခုရှိ၏။ ထိုအပိုင်းသည် ဇော်နှင့် ဖြိုးတို့ ကမ္ဘားဘာ...တည်းက အသုံးပြုလာသော တံခါးပေါက်ဖြစ်သည်။ သူမ ခြံငိုင်းအစပ်မှာ မတ်တတ်ရပ်လျက် ဖြိုးအခန်းရှိရာဘက် စဘုတ္ထ...ဖြိမ် လှမ်းကြည့်မိသည်။ သူ့အခန်းမီးမှိတ်ထားဆဲ။

သူမ၏ အသိစိတ်က စာကြည့်စားပွဲသို့ ပြန်သွားရန် တိုက်တွန်းနေပါလျက် နေရာကနေ မလှုပ်မယှက်ရပ်နေမိသည်။ ဖြိုးတို့ခြံဘက်မှ ...ချက်ပန်းနံ့သည် ဇော့်ကို အခါတိုင်းလို မယစ်မူးစေခဲ့ပါ။

အခုအချိန် နန္ဒတော့ မြေပေါ်မှာ လဲနေလောက်ပြီထင်ပါရဲ့၊ သူ ...ာ ညောင်လှုပြန်ဖို့ အဖော်မပါပါကဲ့လား။





သူမ ခြေထောက်များ နာကျင်လာ၍ နောက်ဆုံး ...ွေ့ ...လိုက်ချိန်တွင် အိမ်ရှေ့လမ်းပေါ်မှ ခြေသံများ စကားပြောသံများ ကြားရသည်။ ဖြိုး ပြန်လာပြီလား။

...ရာသီသို့ ပီပြင်စွာဝင်လာပြီဖြစ်၍ ဘို့နာရီဆိုလျှင် ...မ်းများပေါ်မှာ လူခြေတိတ်ဆိတ်နေပြီ။ ဖြိုးဘို့ပဲ ဖြစ်ရမည်။ အိမ်ရှေ့ဘက်ဆီသို့ (အမှောင်ရိပ်တွင်းမှ) လှမ်းကြည့်လိုက်သည်။ ...တ်လေးနဲ့ရှုကာ လမ်းမတတ်မီးတိုင် အလင်းရောင်ဖြင့် ...သန်ခါ ...က်တဲ့ငည်းရိုး၏တစ်ဘက် လမ်းမပေါ်မှာ ဖြိုးနှင့် ...ကောင်လေး နှုတ်ဆက်လမ်းခွဲနေကြသည်ကို မြင်ရသည်။ သူမရင်ထဲက အေးစက်ကာ ဒိတ်ခနဲ တုန်လှုပ်သွားသည်။ နေဦး...သူ အိမ်ထဲဝင်ပြီး ...ည်အထိ စောင့်ရမည်။

ခဏနေတော့ သူ့အခန်းမီး ဖျတ်ခနဲ လင်းသွားသည်။ ...ပြီ... ဒီအချိန် ငါသွားရမှာပဲ။

အိမ်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ခြံစည်းရိုး ...ကိုကျော်၍ ခင်ပြီး သူ့အိမ်ဆီ အပြေးသွားမိသည်။ ကိုက်ထဲဝင် ...ည့် ဘေးကံခါးကို သူ မပိတ်ရသေးပေ။ ထိုတံခါးမှ သူ့ ...ချေလျက် ...သွား၏။ ဖြိုး အခန့်တံခါးပိတ်ထားသည်။ ...ခါးမှာ ...ခါးပေါ် ...နှင့် ...ပြည့်မဟုတ်တဲ့ အပေါ်ဘက်တွင် ...လောက် ...ခံနေ၍ မီးရောင်ကို မြင်နေရသည်။ ...အပေါ်အစ... ...ကောင်း ချင်း ပွင့်တိုက်သံတော့ ကြားရ၏။

. . .

အသံ ပေးစရာ ... ပေးရင်း တံခါးဖွဖွ ခေါက်လိုက်သည်။ ...ခါးက ကျွီခနဲ ပွင့်သွားသည်။ သူ အိပ်သွားဟန် မရှိပါ။ ...ပုံရပါသည်။ အ...း သူမ သုတ်ခနဲ ဝင်လိုက်ပြီး ...ခါ



www.burmeseclassic.com

www.burmeseclassic.com



သူက တံခါးကို အကျယ်ကြီးဆွဲဖွင့်၍ ချတ်လက်စအင်္ကျီကို ပြန်ဝတ်ထားလိုက်လေသည်။ မီးရောင်တွင် မှုန်မှိုင်းနေသောသူ့မျက်လုံးများထဲ၌ အောင်နိုင်မှုကို ရှာကြည့်သောအခါ မတွေ့ရ။ အံ့သြစရာပါလား။ သူ ရှုံးလာခဲ့လေသလား။ သို့သော် ဆုံးရှုံးမှု အရိပ်အယောင်ကိုလည်း မမြင်ရပါ။

"ဒီကောင် ညောင်လှမှာနေတယ်ဆိုတာ နင် ဘာလို့စောစောစီးစီး ပြောမပြတာလဲ"

သူ့အပြစ်တင်သံ တိုတိုပြတ်ပြတ်ကြောင့် သူမ ဒေါသထွက်သွားတော့သည်။

"ဩော် . . .ပြောချိန်ကောရလို့လား။ နင့်ကို ငါတွေ့မှမတွေ့ရတော့တာ။ ပြောစမ်းပါဦး။ အဲဒါက ဘာထူးခြားလို့လဲ"

"ငါ မနက်ကျမှပြောမယ်၊ ညဥ့်နက်နေပြီ . . . နင် ပြန်တော့"

"မပြန်ဘူး . . . ပြော" သူမ ခေါင်းမာစွာရပ်နေ၏။

"ဒေါ်လေး မအိပ်သေးဘူး မဟုတ်လား၊ ဒီလာမှန်း ဒေါ်လေး သိရဲ့လား"

"အဲဒါ ငါ ပူရမယ့်အလုပ်ပါ ဖြိုးရဲ့။ အခု နင့်အလုပ်က ပြောပြဖို့ပဲ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ"

"ကောင်းပြီလေ"

မသာယာလှသော မျက်နှာဖြင့် သူက ခပ်တိုတိုပြော၏။

"ဒီကောင် ညောင်လှကနေ ကားနဲ့လာတယ်။ ဒီလိုမှန်း သိရင် ငါ ပန်းခြံထဲမချိန်းဘူး၊ ဂေါက်ကွင်းကို ချိန်းမှာပေါ့၊ အခုတော့ ငါ့နယ်လို ဖြစ်သွားတာပေါ့၊ အဲဒါကို ငါ မခံနိုင်ဘူး"

"အနိုင်အရှုံးက ဘယ်လိုလဲ ..."





"နင် စိတ်ဝင်စားလှချည်လား၊ဒါ ယောကျ်ားတွေအလုပ်ပါဟ "

"ပြောစမ်းပါ၊ နင်မပြောရင် ငါ ညကျအိပ်လို့ရတော့မှာမဟုတ်ဘူး"

"ဩော်...ဩော်...နင့်သူရဲကောင်းအတွက် စိုးရိမ်တာပေါ့လေ၊ ဟုတ်လား။ သိပ်စိတ်မပူပါနဲ့၊ တွဲခေါ်မယ့်သူ သူ့ဒရိုင်ဘာပါပါတယ်"

ဖြိုး၏ သရော်တော်တော်အသံကြောင့် သူမ အခံရခက်သွား၏။

"နင် သိရဲ့လား၊ သူက သူ့တစ်သက်မှာ လက်သီးတောင် ဘယ်လိုဆုပ်ရမှန်း သိတာမဟုတ်ဘူး၊ ပွဲကတစ်ဖက်သတ်ကြီးပဲ၊ ဒီတော့ သူ ရှုံးတယ်ပေါ့၊ ဟုတ်လားဖြိုး"

ဇော့် မျက်နှာဆီမှ ပူပန်သောကကို သူ မသက်မသာ အကဲခတ်မိသွား၏။

"အေး ...လက်သီးချင်းယှဉ်တဲ့ နေရာမှာတော့ သူ ရှုံးသွားတာပေါ့လေ၊ ကဲ...နင်သိပြီ မဟုတ်လား၊ ပြန်တော့"

သူက သူမကို လက်ဖြင့် ခပ်သာသာ တွန်းသည်။

"နေပါဦး၊ ဘယ်နေရာမှာတော့ သူနိုင်သွားသလဲ"

ဖြိုးက ခေါင်းတစ်ချက်ယမ်းလျက် စိတ်မရှည်သလို တော်သပ်လိုက်လေသည်။

"နင့်ဟာနင် ပြန်မလား ... ငါ ဆွဲထုတ်ရမလား မိဇော်၊ ငါ အခု သိပ်ဒေါသထွက်နေတာနော်"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးမျက်နှာမှ ထူးခြားသောအရိပ်ကို ဘယ်လိုမှ အကဲမဖမ်းနိုင်မီ သူမ နောက်ဆုတ်လိုက်ရ၏။ ထို့နောက် စိတ်ကိုထိန်းချုပ်လျက် ချာခနဲ လှည့်ပြန်လာခဲ့သည်။

နောက်တစ်နေ့နံနက် ဇော် ကျောင်းသို့ရောက်သောအခါ နန္ဒ ကျောင်းတက်လိမ့်မည်မဟုတ်ဟု ထင်ထားရာက အံ့ဩသွား၏။ အခန်းထဲဝင်ဝင်ချင်း သူ့နေရာမှာ ငြိမ်သက်စွာထိုင်၍ သင်္ချာတွက်နေသော နန္ဒကို တွေ့လိုက်ရလေသည်။ သူမ အနည်းငယ် စိတ်အေးသွားသော်လည်း သူ့မျက်နှာကို မြင်လိုက်ရပြန်တော့ စိတ်မကောင်းဖြစ်သွားသည်။

သူမေးစေ့မှာ ပလတ်စတာတစ်ခု၊ နဖူးမှာ ပလတ်စတာတစ်ခု၊ ဘယ်ဘက်မျက်လုံးအောက် ပါးရိုးပေါ်တွင် ခပ်ညိုညို ပွန်းပဲ့ရာတစ်ခု။ သူက လွယ်အိတ်ကို ခုံပေါ်ပစ်တင်လိုက်သည့် ဇော့်ကို မော့ကြည့်၍ ပြုံးပြသည်။

"ဂွတ်ဒ်မောနင်း တင်တင်ဇော်..."

"ဘုရား ဘုရား၊ နင့်ကြည့်ရတာ သစ်ပင်ပေါ်က လိမ့်ကျထားသလိုပါပဲလား။ တော်တော်ခံရခက်သလား"

"သိပ်မနာပါဘူး"

ဇော် ခုံတန်းပေါ်တွင် လေးပင်စွာ ဝင်ထိုင်လိုက်၏။ နန္ဒမျက်နှာက ကြည်လင်နေသည်။

"နင့်ကို ကားမောင်းပြီးပို့တာ ဘယ်သူလဲဟင်"

"ဖေဖေ့ ဒရိုင်ဘာ၊ နင် ဘယ်လိုသိလဲ"

"အိုး... ငါ ညကိုးနာရီမှာ ဖြိုး ပြန်လာတော့ မေးကြည့်တာပေါ့။ မနက်ထိ မအောင့်နိုင်လို့လေ။ ဩော် ငါနဲ့ဖြိုးက အိမ်ချင်း





ပ်လျက်ဆိုတာ နင့်ကို ပြောမပြရသေးဘူးထင်တယ်။ ကဲ ပြောစမ်းပြီး သူ့ကို နင် တစ်ချက်မှ ပြန်မထိုးလိုက်ဘူးလား..."

"နှစ်ချက်ပဲ ထိုးလိုက်နိုင်တယ်။ ဒီကောင်က မွေးရာပါအားကစားသမားပဲ ဟ"

"ဖြစ်မှဖြစ်ရလေ၊ ဒဏ်ရာတွေများသလား"

"အို...မများပါဘူး၊ နဖူးက ငါ မှောက်လျက်လဲတုန်း အောက်ကကျောက်တုံးနဲ့ ဆောင့်မိတာထင်ပါရဲ့၊ ကွဲသွားတာ နှစ်ချက်ချုပ်ရတယ်"

"ဘုရားရေ...နင် မနာဘူးလား...မအော်ဘူးလား"

ဟပြဒဏ်ရာကိုချုပ်တာ သူမ တစ်ခါမြင်ဖူးသည်။ ဖြိုးသစ်ပင်ပေါ်မှ လိမ့်ကျစဉ်က ဒူးဆစ်ကွဲသွား၍ ချုပ်ရခြင်းဖြစ်သည်။ ထိုနေ့က ဆေးခန်းထဲတွင် သူမ မူးနေ၍ တန်းလျားပေါ် လှဲအိပ်နေခဲ့၏။ နန္ဒကတော့ဆူးထူးရသည့်အကြောင်း ပြောပြနေသလို အေးအေးဆေး ရှိလှသည်။

"နည်းနည်းတော့ နာတာပေါ့၊ အော်ရင် ဖေဖေက တီးမှာ ဒီလိုဖြစ်မယ်မှန်း သိလျက်နဲ့ ငါ့ဆုံးဖြတ်ချက်နဲ့ ငါသွားတာပဲ၊ အော်ပါဘူး။ မေးစေ့ကတော့ ပွန်းပဲ့ရုံ ဆေးလိမ်းရုံပါပဲ၊ လက်မကျိုး ခြေထောက်မကျိုးဘူး...ကဲ..."

"ဒိုင်လူကြီးမပါဘူးလားဟင်"

သူက အသံထွက်အောင် ရယ်မော၏။

"နင်က ဘယ်လို မျှော်လင့်ထားလို့တုန်း၊ ဘာဒိုင်လူကြီးမှ ဘူး၊ သူ့မှာ သူငယ်ချင်းနှစ်ယောက်ပါတယ်၊ ကျောက်တုံးခြေရင်း ထိုင်စောင့်နေကြတယ်။ ငါ့မှာ ကိုမောင်အေးပါတယ်၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ ထိုင်ကျန်ရစ်တယ်။ တို့နှစ်ယောက်တည်းချတာပဲ။ ငါက အလျှင်စထိုးတာပဲ။"

"အိုး..."

"ဒါပေမယ့် မထိဘူး၊ သူ ရှောင်လိုက်တယ်။ သူ ပြန်ထိုးတော့ ငါ မရှောင်နိုင်ဘူး၊ နင် ပြောတဲ့စကား သိပ်မှန်တယ်။ သူက သဲအိတ်လို မဟုတ်ဘူးဆိုတာလေ... ငါ သင်ခန်းစာ ကောင်းကောင်း ရတာပေါ့။ ဒါပေမယ့် ငါ ကျေနပ်ပါတယ်"

"ဘာဖြစ်လို့..."

"နင် ငါ့အတွက် စိတ်ပူဖော်ရလို့ပေါ့... ဟ"

သူမ မျက်နှာနွေးခနဲ ဖြစ်သွား၏။ ဇော် ဘာမှမပြောနိုင်တော့ပါ။ သူ့ဆီမှ မျက်နှာလွှဲ၍ ထမင်းဘူးနှင့် လွယ်အိတ်ကို အောက်ခုံတန်းကြားထဲ ထိုးထည့်နေလိုက်သည်။

"ဩော်... ဒီကောင်က ငါ့ကိုမေးသေးတယ်၊ ငါ မှောက်သွားတော့လေ၊ မင်း လက်သီးတစ်ခါမှ မထိုးဖူးဘူးလားတဲ့။ ငါလဲ ဘာရမလဲ ရုပ်ရှင်ထဲမှာတောင် မကြည့်ဖူးဘူးလို့ ဖြေလိုက်တာပေါ့။ ဟုတ်တယ်လေ။ ငါက လက်သီးထိုးတဲ့ကား ကြိုက်တတ်တာမှ မဟုတ်တာ။ အဲဒီတော့ သူက ဘာလုပ်တယ်ထင်တုန်း"

"ငါ ဘယ်သိမလဲ"

"ရယ်တာပေါ့ဟ၊ ဟက်ဟက်ပက်ပက်ရယ်တာပေါ့" ဇော် အံ့ဩစွာ ငိုင်သွားသည်။ ဒါ ရယ်စရာမှ မဟုတ်ဘဲလေ။ သို့သော် သူမ ဘာထင်မြင်ချက်မှ မပေးပါ။ လွယ်အိတ်ထဲမှ သင်္ချာစာအုပ်ကိုသာ ထုတ်လိုက်သည်။

"ငါ ဆုံးဖြတ်လိုက်ပြီ။ ဒီနှစ်နွေမှာ ငါ ဘောက်ဆင်ထိုး သင်တော့မယ်"





သူမ အံ့ဩစွာ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ နန္ဒ၏ နုဖတ်သော မျက်နှာလေးမှာ အနည်းငယ် ရင့်ကျက်လာသလို ထင်မိ၏။ ဒဏ်ရာကြောင့် ထင်ပါရဲ့လေ။ သူ သိပ်မခံချင်ဖြစ်နေမလား၊ မကျေပွဲပြန်နွှဲချင်လေသလား။

"နေပါဦး၊ ရေနံချောင်းမှာ ဘောက်ဆင်သင်တန်းရှိလို့လား။ နင် ဘယ်သွားသင်မှာလဲ"

"ဖြိုးကျော်က သင်ပေးမယ်တဲ့"

"ဘုရားရေ..."

ဘာတွေဖြစ်ကုန်ကြပါလိမ့်။ သူတို့နှစ်ယောက်ကို သူမ လိုက်မမီနိုင်တော့ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

နောက်ထပ်ဖြစ်သည့် အဖြစ်အပျက်များမှာတော့ ဇော်
ယ်လိုမှ မမျှော်လင့်သည့်ကိစ္စများ ဖြစ်လေသည်။

နန္ဒနှင့် ဖြိုးကျော်ကို ဒီဇင်ဘာကျောင်းပိတ်ရက် နံနက်ခင်း
တွင် အမြဲလိုလိုတွဲလျက်သား တွေ့ရသည်။ နံနက်လေးနာရီတွင်
ကျော်က သူငယ်ချင်းတစ်ယောက်နှင့်အတူ ညောင်လှအထိ လမ်း
လျှောက်ထွက်လေသည်။ ဇော်က မိန်းကလေး ဖြစ်နေ၍ တစ်ကြောင်း၊
လေးနာရီ အိပ်ရာထရမှာပျင်း၍ တစ်ကြောင်း၊ သူတို့နှင့်အတူ
လျှောက်ဖို့ လုံးဝ စိတ်မဝင်စားချေ။

ဖြိုးက ခေါင်းစွပ်ဆွယ်တာ လက်ရှည်နှင့် အားကစား
င်းဘီနှင့် ကင်းဗတ်(စ်) ဖိနပ်နှင့် တက်ကြွစွာလမ်းလျှောက်ရာမှ
ချိန်တွင် ဇော်ကတော့ အိမ်ရှေ့အုတ်ကန်မှာ မျက်နှာသစ်တုန်း
သည်။ လမ်းလျှောက်ပြန်လာတိုင်း အမြဲလိုလို ဖြိုးကျော်၏
ာ နန္ဒပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်တို့အိမ်ရှေ့ ခြံစည်းရိုးသည် ဆန္ဒင်းမကင်းပုံ ဆန်ခါ ကွက်ကျဲကြီးများဖြင့် ကာရံထားခြင်းဖြစ်၍ တံခါးမဖွင့်ရသော်လည်း လမ်းမကို အတိုင်းသား မြင်နေရသည်။ ဇော် မျက်နှာသစ်ချိန်သည် သူတို့နှစ်ယောက် ဇော်တို့ အိမ်ရှေ့သို့ရောက်ချိန်ဖြစ်သည်။

သူတို့ လက်ထဲမှာ အကြော် သို့မဟုတ် ကောက်ညှင်းပေါင်း သို့မဟုတ် စမူဆာတစ်ခုခု ပါလာတတ်သည်။

"ဒီမှာဟေ့ အအိပ်ကြီးတဲ့မိဇော်ဖို့"ဟု မချိုမချဉ်ပြုံးကာ ဖြိုးက မုန့်ထုပ်ကိုမြှောက်ပြမြဲဖြစ်သည်။ ဇော်က မျက်နှာသစ်ပြီးလျှင် သနပ်ခါးဗင် မလိမ်းနိုင်တော့ဘဲ အပြေးအလွှား မျက်နှာသုတ်၊ အပြေး အလွှားခေါင်းဖြီးပြီး အမေ့ကို အသိပေးကာ ဖြိုးတို့ အိမ်သို့ ခြံစည်းရိုး ပျက်မှ ကျော်ဝင်သွားတတ်သည်။ ထို့နောက် ဖြိုးတို့မာမီ ဖျော်ပေးသည့် ကော်ဖီကို သုံးယောက်အတူသောက်ကြသည်။

တစ်ခါတုန်းကတော့ ကော်ဖီသောက်ချိန်တွင် ဖြိုးက နန္ဒ အပေါ်မနာလိုသည့် တင်တင်ဇော်၏ သဘောထားကို အကုန် ဖော်ကောင် လုပ်လေသည်။

"သိလား နန္ဒ၊ မင်းကို ဒီကောင်မလေး ကျိတ်ပြိုင်နေတာ မင်း အင်္ဂလိပ်စာတော်တာ သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတာ"

နန္ဒက မအံ့သြဘဲ ခပ်ဖွဖွရယ်မောရင်း တိတ်ဆိတ်နေသည်။ သူသိပြီးသာ ဖြစ်မှာပေါ့လေ။ ဇော်ကတော့ မျက်နှာပူလျက် ကော်ဖီကို သာ ငုံ့သောက်နေရာမှ တစ်ချက်တော့ ဖြိုးကို လိမ်ဆွဲမိ၏။ ဖြိုးက မနာဘဲနှင့်...

"အောင်မယ်လေးဗျာ..."ဟု ပြောင်စပ်စပ် အော်သော အခါ နန္ဒက ဇော်တို့နှစ်ယောက်ကို မျက်လွှာပင့်၍ အကဲခတ်လေ သည်။





"မဟုတ်ဘူးလား၊ နင် အစ်ကိုကြီးဆီကနေ အင်္ဂလိပ်စာအုပ် ... မှာယူတာလေ။ နင့်တောင် ငါ့ လာကြွားပါသေးရော"

ဖြိုးက နည်းနည်းမျှမလျှော့။ ဇော်ကသာ နန္ဒကို အားလည်း ... ရှက်လည်းရှက်ပြီး ကြည့်ကိုမကြည့်ရဲတော့ချေ။

"တင်တင်ဇော်ကလဲ အင်္ဂလိပ်စာ တော်ပါတယ်၊ နယ် ...ာင်းသူတစ်ယောက်အနေနဲ့ မဆိုးပါဘူး၊ တခြားဘာသာတွေများ ...ကို့ ဘယ်လိုမှ လိုက်မမီဘူးလေ"ဟု နန္ဒက သူမဘက်မှ လိုက်လိုက် ...လျော ပြောသေး၏။ သူက ဇော်နှင့် ခင်မင်ရင်းနှီးလာသည့်တိုင် ...ခါ သလို 'ဇော်' ဟု မခေါ်ချေ။ အမြဲတမ်းနာမည် အပြည့်အစုံသာ ... တတ်သည်။

"အထူးသဖြင့် ဘိုင်အိုမဟုတ်လား..."ဟု သူမက စကား ...ာက်ပေးတော့ နန္ဒက အသံထွက်အောင်ရယ်၏။

"အေး...အထူးသဖြင့် ဘိုင်အိုပေါ့"

ထို့နောက် ဘာမှနားမလည်ဘဲ ကြောင်နေသည့် ဖြိုးကို ...ဘိုချိန်မှာ နန္ဒအမြဲ ငိုက်တတ်သည့်အကြောင်း ပြောပြကြသည်။

"မင်း စဉ်းစားကြည့်ပေါ့ကွာ၊နေ့ခင်းကြောင်တောင်အတန်း ...မှာ လူတွေအများကြီးနဲ့ကြောက်ရမယ့် ဆရာရှိနေတာတောင် ငိုက် ...တာ၊ ည လူခြေတိတ်ချိန် အနားဘယ်သူမှမရှိဘဲ ငါတစ်ယောက် ...း စာကျက်နေတဲ့အခါ ဘယ်လောက် အိပ်ချင်လိုက်မလဲဆိုတာ။ ... ဘိုင်အိုနဲ့ကတော့ ဘယ်တော့မှအကျိုးပေးမှာ မဟုတ်ပါဘူး၊ ...က ငါ့ကို ဆရာဝန်လုပ်စေချင်တာလေ... ဟား ဟား..."

နန္ဒက စိတ်ပျက်လက်ပျက် ညည်းညူ ပြုံးရယ်သည်။ ...တ သူ့ကို ဘယ်လိုအားပေးရမှန်းမသိဘဲ ငိုင်တွေနေခိုက် ဖြိုးက ...ကြပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း...မိဇော်နဲ့အတူ စာလာကြည့်ပါလား၊ မငိုက်အောင်"

ဇော် ထိတ်ခနဲ တုန်လှုပ်ကာ ဖြိုးမျက်နှာကို ကမန်းကတန်း လှမ်းကြည့်လိုက်မိ၏။ သူ ဘာသဘောနဲ့ ဒီလိုပြောလိုက်တာပါလိမ့်။ နန္ဒနှင့်ဇော်ကို ယခုထိ မသင်္ကာဖြစ်တုန်းလား။ သို့သော် ဖြိုးမျက်နှာမှာ ပြောပြီးမှ ချက်ချင်းနောင်တရသွားသည့် ပုံစံမျိုးဖြင့် အိုးတိုးအတ ဖြစ်သွားသည်။

"မဖြစ်ဘူးကွ၊ မင်း အကြံပေးတာတော့ ကျေးဇူးတင်ပါ တယ်" ဟု နန္ဒက ရုတ်တရက် ဖြေလိုက်လေသည်။ ဖြိုးကကျေနပ်သွား သည့် မျက်နှာထားကို ဟန်ဆောင်နိုင်ခြင်းမရှိ။ ဇော်ကတော့ မခံချင် ဖြစ်သွား၏။ အဖေယ် ငါနဲ့အတူစာကျက်ဖို့ဟာကို သူက ငြင်းရလောက် အောင် သူက ဘာမို့လဲ။ နန္ဒကို အမှတ်မထင် မျက်စောင်းထိုးလိုက် မိသည်။

"မျက်စောင်းမထိုးနဲ့လေ တင်တင်ဇော်ရဲ့။ ဘာကြောင့် နင်နဲ့အတူ စာမကျက်ချင်သလဲဆိုတာ ငါ့မှာ ရှင်းပြဖို့ အဆင်သင့်ရှိပါ တယ်။ ဒါပေမယ့် အခုတော့ ရှင်းမပြသေးဘူး၊ တို့ဆယ်တန်းအောင်ရင် ရှင်းပြမယ်... ဟုတ်ပြီလား..."

နန္ဒက ကလေးတစ်ယောက်ကို ချော့သလို ပုံစံမျိုးဖြင့် ဇော် ကို ပြုံးစစနှင့်ပြောသောအခါ ရင်ထဲလှုပ်ရှားလျက် ကျေနပ်သွားတော့ သည်။

"အေးနော်... ဒီအကြွေးကို နင် မမေ့နဲ့"

ခဏနေမှ ဖြိုးကို သတိရပြီးလှမ်းကြည့်တော့ ဖြိုးကထိုင်ရာမှ ထထွက်သွားပြီး သောက်ရေအိုးစင်မှ ရေတစ်ခွက် ခပ်သောက်လိုက် လေသည်။ သည်လိုဆိုပြန်တော့ ဇော့် ရင်ထဲမှာ တစ်ခုခုဆုံးရှုံးသွား သလိုပင် တစ်မျိုးကြီးခံစားလိုက်ရသည်။ ဖြိုးက ရေသောက်ပြီး





သော်လည်း ထမင်းစားပွဲသို့ ပြန်မလာတော့ဘဲ သူ့အခန်းထဲဝင်သွား သည်။ သူတို့ကြက်တောင်ရိုက်ဖို့ ရက်ကက်တွေသွားယူတာ ဖြစ်မှာပါ ဟု ဖြေသိမ့်တွေးသော်လည်း မဟုတ်မှန်းသိနေ၏။

နန္ဒကလည်း အဖြစ်အပျက်ကို ရိပ်မိသွားဟန်တူသည်၊ ချက်ချင်း စကားလွှဲပစ်၏။

"အင်း...ဘိုင်အိုမှတ်စု အမြဲကူးလို့လွယ်အောင် ဆယ်တန်း ရောက်ရင်လဲ နင်နဲ့ တစ်ခန်းတည်းကျပါစေလို့ ငါ ဆုတောင်းတယ် ဆိုလား...တင်တင်ဇော်"

ထိုညနေက ဇော့် စာကြည့်စားပွဲသို့ ဖြိုး ရောက်လာသော အခါ ဇော် စာအုပ်ကို ခဏချလျက် ဖြိုးကို စိတ်လိုလက်ရ စကားပြောဖို့ ကြိုးစားမိသည်။

သူက ဇော့်စားပွဲမှ လက်ဖက်သုပ်ကို တစ်ဇွန်းအလျှင်ခပ်စား လိုက်သေးသည်။ ပြီးမှ ဇော့်ကို ခပ်စိုက်စိုက်ကြည့်၍ "ဟိုကောင် နင့်ကို ကြိုက်နေသလား မိဇော်"ဟု အရင်းမရှိ အဖျားမရှိ မေးလိုက်လေ သည်။

အဲလိုကြီး တိုက်ရိုက်မေးလိုက်တော့ သူမ ဘာဖြေလို့ဖြေရ မှန်းပင် မသိတော့ချေ။ မျက်နှာလည်းနွေးခနဲပူသွား၏။ဘယ်ကောင်လဲ ဟုလည်း အပိုစကားတွေ မမေးချင်တော့ပါ။ အတန်ကြာသည်အထိ စိတ်ဆိုတ်နေပြီးမှ...

"ငါ့ကို...ဟုတ်လား။ အကျီကို ထဘီထဲ အမြဲထည့်ဝတ် တတ်တဲ့ ဖိုသီဖတ်သီ ကောင်မလေးကိုလား၊ ဘယ်သူက ကြိုက်မှာလဲ ဟာ နင် အစိုးရိမ်မကြီးစမ်းပါနဲ့။ နင် သူများသွားမမေးနဲ့နော်... ရှက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးက ဘာပြောရမှန်းမသိသလို ဇော့်စာအုပ်ပုံကို လက်ဖြ
ဖွနေပြီးမှ "နင် မသိလို့ဖြစ်မှာပါ"ဟု စိတ်မသက်မသာ ညည်းညူ

"ဒီမယ် ဖြိုးရဲ့ ယောက်ျားလေးတစ်ယောက်က မိန်းကလေး
တစ်ယောက်ကို ကြိုက်ပြီဆိုရင် အဲဒီ မိန်းကလေးက သိကိုသိရမယ်"

"မဟုတ်ဘူး၊ မသိနိုင်ပါဘူး"

"သိနိုင်တယ်ဟာ၊လောင်းမလား မိန်းကလေးတွေဒီလော
မအ,ဘူး"

"အ,တဲ့မိန်းကလေးတွေ အ,ပါတယ်ဇော်ရဲ့၊ ဥပမာ..."

ဖြိုးက ဇော့်ကို မျက်လုံးမေ့စင်း၍ကြည့်ရင်း မရယ်ချ
ရယ်ချင်ရယ်လိုက်သောအခါ ဇော် စိတ်တိုသွား၏။ သို့သော် သူ
အတိုက်အခံပြောဖို့ စိတ်မကူးတော့ပါ။ ဖြိုး ခဏခဏ ပြောသ
ဇော်က စာကလွဲပြီး ဘာမှသိသူမဟုတ်။ ပတ်ဝန်းကျင်လေ့လာ
သိပ်ညံ့သည့် ဇော်ပဲလေ။

"ထားပါလေ၊ ဒီကိစ္စကို နင်နဲ့ ဆက်မပြောချင်တော့ပါဘူ
ဒီလောက်သိရရင် ကျေနပ်ပါတယ်။ တစ်ခုတော့ ငါ တကယ်
တောင်းတယ် သိလား၊ ဆယ်တန်းရောက်ရင် နင်နဲ့ဒီကောင်
တစ်တန်းတည်း မနေရပါစေနဲ့" ထိုစကားပြောပြီး လှစ်ခနဲ ပြန်ထွ
သွားသော ဖြိုးကို ဇော် အကြာကြီး ငေးကြည့်နေခဲ့သည်။

တစ်နေ့တည်း နန္ဒနှင့်ဖြိုးကျော်က တင်တင်ဇော်န
ပတ်သက်ပြီး ဆုတောင်းခဲ့ကြသည်။ သို့သော် သူတို့နှစ်ယောက်
ဆုတောင်းတွေက ဆန့်ကျင်ဘက် ဖြစ်နေ၏။ ထိုနှစ်ယောက်
တစ်ယောက်သာလျှင် ဆုတောင်းပြည့်ပြီး နောက်တစ်ယောက်
တော့ လွဲလိမ့်မည်။





၁၉၇၄ ခုနှစ် ဇွန်လတွင် ကျောင်းများပြန်ဖွင့်သောအခါ
ဖြိုး၏ ဆုတောင်းက ပြည့်ခဲ့သည်။

နန္ဒက ဒသမတန်း 'ဒီ'တွင် ရောက်သွားပြီး ဇော်က ဒသမ
တန်း 'စီ'သို့ ရောက်သွားလေသည်။

ထိုနေ့က ကျောင်းမှပြန်လာပြီး ထိုသတင်းကို ပြောသော
အခါ ဖြိုးမှာ ကလေးတစ်ယောက်ပမာ ခုန်ပေါက်လျက် ပျော်ရွှင်နေ
တော့သည်။

"တော်ပါသေးရဲ့ ဇော်ရာ၊ နင်နဲ့ ဒီကောင်နဲ့ တစ်ခန်းတည်း
ဘာဆိုရင် နေ့တုန်းက ငါ သင်ပေးတဲ့ လက်သီးထိုးနည်းကို သူ ပြန်
အသုံးချရဖို့ သိပ်နီးစပ်နေတော့မှာ"

"မဟုတ်ကဟုတ်ကပြောတဲ့နေရာမှာ နင်ဟာလေ
တစ်ယောက်ကို မရှိဘူး"

ဇော်က မျက်စောင်း သာသာလေးထိုးလျက် ရေရွတ်သော
အခါ ဘယ်လိုရယ်သံမျိုးမှန်းမသိ၊ ဇော် အသွင်မှုန်းတီးသည့် အသံခြစ်
ခြစ်နည်းမျိုးဖြင့် သူ ရယ်မောလေသည်။

၁၉၇၄ ခုနှစ်သည် သူ ခုနစ်တန်းအောင်၍ ရှစ်တန်း
တက်ရသည့်နှစ်ဖြစ်၏။ ထို့ပြင် သူ့ဖေဖေ ကွယ်လွန်သောနှစ်လည်း
ဖြစ်၏။

ကျောင်းမှာ ဖြိုး မျှော်လင့်ထားသည်ထက်ပင် နန္ဒနှင့်
တင်တင်ဇော်တို့နှစ်ယောက် ဝေးကွာသွားခဲ့သည်။ နံနက်ကျောင်း
တက်ချိန် ကျောင်းဆင်းချိန်တွင်လည်း နန္ဒနှင့်မတွေ့။ နေ့လယ်ထမင်း
စား ကျောင်းဆင်းချိန်တွင်လည်း မတွေ့ပါ။ နန္ဒရော တင်တင်ဇော်ရော
ကျောင်းသို့ ထမင်းဘူးယူမြဲဖြစ်သော်လည်း သူက သူ့အခန်း၌ သူ



www.burmeseclassic.com

www.burmeseclassic.com



စားပြီး ဇော်က ဇော့်အခန်းမှာပဲ စားလေ့ရှိသည်။ နောက်ပြီး ထမင်း ကျောင်းတက်ခါနီးအချိန် သူ မုန့်ဆိုင်တန်းသွားလျှင်လည်း ဇော် အတန်းရှေ့မှဖြတ်လျှောက်တိုင်း ဇော့်ဘက်သို့ လှည့်ကြည့်သည် လွှဲ၍ ပြုံးပင်မပြချေ။ အလွန်မာနကြီးသော နန္ဒတစ်ယောက် မာန ပြုံးမပြခြင်း မဟုတ်မှန်းလည်း ဇော်သိထားသည်မို့ သူ့အပြုံး မ်ရကောင်းလားဟုလည်း စိတ်မတိုခဲ့ချေ။ နန္ဒက ကျူရှင် လုံးဝမယူသ ကျူရှင်မှာ ဆုံရအောင်လည်း အခွင့်အရေး မရကြချေ။ သူနှင့်ဇေ တွေ့ရချိန်မှာ စနေ ၊တနင်္ဂနွေ ကျောင်းပိတ်ရက်များသာ ဖြစ်လ ထိုရက်များတွင်တော့ ဇော့် အိမ်သို့ရောက်လာပြီး သူ ငိုက်ထားသေ မှတ်စုများပြရင်း ဇော့် မှတ်စုကို တစ်နေကုန် ထိုင်ကူးတတ်လေသည်

"နင် ဒီစာအုပ် အိမ်ယူချင်ယူသွားလေ၊ အိမ်ကျမှကူးပေ့" ဟု ဇော်က လိုက်လျောသော်လည်း သူက လက်မခံ။

"ငါ အိမ်ယူသွားရင် စာကူးရင်း နင်နဲ့စကားအကြာ ပြောလို့ဘယ်ရတော့မလဲ...ဟ"

ထိုစကားမျိုးကို နန္ဒသည် နည်းနည်းမှ မျက်နှာမပျက် ပြောနိုင်၏။

ဇော်က "ဟာ...ဘာတွေလဲ" ဟု ခပ်နောက်နောက် စ လျှောချပစ်သည့်တိုင် သူကတော့ ငြင်းလည်းမငြင်း၊ ဖြေလည်းမ ရှင်း၊ တစ်ဆင့်လည်း တက်မလာချေ။ သူ့ မျက်နှာကတော့ အပြစ်က စင်သူ လူငယ်လေးတစ်ယောက်၏ မျက်နှာမျိုးပဲ၊ စဉ်းစားရ မခက် ဘူးလား။

ဤနေရာတွင် နန္ဒနှင့် ဖြိုးက ပြောင်းပြန်ဖြစ်၏။





"ဒါပေမယ့် နင် အံ့ဩစရာတစ်ခု ပြောရဦးမယ်၊ ငါ့ကိုပေး ညီးစားစာမှန်သမျှ ဖြိုးကို ငါ အကုန်ပြတာပဲသိလား နန္ဒ"

ဇော်က လွှတ်ခနဲပြောလိုက်မိတော့ နန္ဒ အပြုံးက ပျက်ပြယ် ၏။ သူ တုန်လှုပ်သွားဟန်တူပါသည်။

ဇော်နှင့် ဖြိုးအကြားမှာ ကွက်လပ်ရှိသည်ဟုများ ထင်ခဲ့လျှင်၊ ကွက်လပ်၌ သူ နေရာယူချင်သည်များဖြစ်ခဲ့လျှင် သူ မှားသွား ဒိမ့် ...ဟု ဇော်တစ်ယောက်တည်း ကျိတ်ရန်လိုနေခဲ့၏။

"ဟုတ်လား... ဒါဖြင့် နင်က နင့်အချစ်ကိစ္စကို ဖြိုးကျော်ရဲ့ မပါဘဲ မရွေးချယ်ဘူးလို့ ဆိုလိုတာလား"

"ဒါပေါ့... ဖြိုးက ငါ့ရဲ့အတိုင်ပင်ခံ သူငယ်ချင်းလေ"

ကဲ...မှတ်ပြီလား၊ ဇော် ခွတ်နှစ်၍ ပြောပစ်လိုက်သည်။

"သိပ်ကောင်းတာပေါ့"

"ဘာကောင်းတာလဲ"

ဇော်က မျက်စောင်းထိုး၍ ခပ်ဆတ်ဆတ် မေးသောအခါ ဘ ရယ်မောလေသည်။ သူ့ရယ်သံမှာ အပြစ်ကင်းစင်လွန်း၍ စောက ယူဆထားသမျှအတွက် ဇော်အားနာသွားသည်။

နန္ဒက ဖြိုးကို ခပ်ငေးငေးကြည့်နေ၏။ ဖြိုးကတော့ ဤ များသည် သူနှင့် မသက်ဆိုင်သလို သူ လက်လွှဲကစားသော ဘားတန်းများရှိရာသို့ ထသွားလေသည်။

"ဟေ့ဟေ့... ဒီလို ရှောင်မသွားနဲ့လေ...ဖြိုးကျော်၊ ထင်မြင် ချက်ကလေး ပေးစမ်းပါဦး"

ဖြိုးက သံဘားတန်းနှစ်ခုကြားတွင် မတ်တတ်ရပ်လျက် နှစ်ခုကို တင်းတင်းဆုပ်ထားရာက လှည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာထင်မြင်ချက်တုန်းကွ"

"တင်တင်ဇော်ရဲ့ ရည်းစားဖြစ်ဖို့လိုအပ်တဲ့ အရည်အချင်းတွေနဲ့ပတ်သက်ပြီး မင်း သတ်မှတ်ထားတာတွေ ရှိရင်ပြောတာပါ"

"တော်စမ်းပါ နန္ဒရယ်၊ အရည်မရ အဖတ်မရ စကားတွေနဲ့ အချိန်ဖြုန်း မနေစမ်းပါနဲ့" နောက်ထပ် ဆက်ပြောလာစရာ ရှိသေးသည်ဟုထင်ရသော ဤစကားမျိုး၏ အဓိပ္ပာယ်ကို ဇော် ကြောက်ပါသည်။

ဖြိုးက အသံထွက်အောင် ရယ်မောရင်း ကိုယ်ကိုလှဲရန်အားယူလိုက်၏။ ပြီးမှ မြေပေါ်ခြေပြန်ထောက်ကာ...

"ငါ သတ်မှတ်ချက်တော့မရှိပါဘူးကွာ၊ သူ့ သတ်မှတ်ချက်တွေထဲကတစ်ခုတော့ ငါ သိတယ်"

"ဖြိုးနော်၊ နင် ဘာတွေလျှောက်ပြောနေတာလဲ"

"အမှန်တွေလေ၊ သိလား နန္ဒ၊ မိဇော်က သူ့ထက် ပညာအဆင့်အတန်း နိမ့်တဲ့လူကို တစ်သက်လုံးမမှန်းဘူး... တဲ့"

ထိုခဏ၌ အားလုံးငြိမ်သက် တိတ်ဆိတ်သွားသည်။ သစ်ရွက်လေတိုးသံပင်လျှင် မကြားရအောင် တိတ်ဆိတ်သွားခြင်း ဖြစ်ပါသည်။ ပတ်ဝန်းကျင်တစ်ခုလုံး၏ ငြိမ်သက်မှုကိုဖြိုခွဲပစ်ဖို့ ဇော် ကြိုးစားသေးသော်လည်း ဘာကစပြီး ပြောရမှန်းမသိအောင် ဆွံ့အသွားလေသည်။

အမှန်ကတော့ သည်တုန်းက ဖြိုးစကားကို ငြင်းလိုက်ဖို့ကောင်းသည်ဟု နှစ်ပေါင်းများစွာကြာမှ နောင်တရခဲ့သည်။

ဇက်တင်ဘာလကုန်ခါနီး သောကြာနေ့ တစ်နေ့တွင် ဇော်တို့အတန်းပိုင်ဆရာမ ဒေါ်ခင်ညွန့်ညွန့်က နဝမတန်း ပညာသင်နှစ်





အတွက် ပညာရည်ချွန်ဆုပေးပွဲကို တနင်္ဂနွေနေ့တွင် ကျင်းပမည့်အကြောင်းနှင့် ထိုဆုပေးပွဲသို့ တင်တင်ဇော် ဆုယူရမည့် အကြောင်းကို သတင်းထုတ်ပြန် ကြေညာသောအခါ ဇော် အရမ်းဝမ်းသာသွား၏။ ဘယ်လောက်များ တုံ့လိုက်သလဲဆိုလျှင် ဇော့် အဖေနှင့်အမေကို ဤသတင်း ပြောပြီးလျှင်ပြီးချင်း ပထမဆုံး သတိရလိုက်သည်က ဖြိုးကို ကြွားရန်ဖြစ်လေသည်။

ညနေကျောင်းဆင်းမှ အပြန်တွင် ဖြိုးရှိရာသို့ ခုန်ပေါက်ပြေးသွားမိသည်။ ဖြိုးက သူ့အခန်းထဲ၌ မရှိပါ။ သူ့ဘားတန်းဆီမှာလည်း သူမရှိပါ။ ခက်တော့တာပဲ၊ ဇော်က သိပ်ကြွားချင်လှပြီ။ သူ ဘယ်များသွားနေပါလိမ့်နော်။ သူ့မာမီကို မေးကြည့်သောအခါ မသိ ဟုဖြေ၏။ ဇော် စိတ်ပျက်လက်ပျက်ဖြင့် ခြံစည်းရိုးအပျက်မှကျော်ဝင် ပြန်လာခဲ့၏။ အိမ်ရောက်တော့ ဇော်တို့ အိမ်ရှေ့မှာ ဖြိုးကို ရက်ကက်တစ်ချောင်းသက်ထဲမှာကိုင်ရင်း မတ်တတ်ရပ်လျက် မေမေနှင့်စကားပြောနေသည်ကို တွေ့ရသည်။

"ဟိတ် ဖြိုး၊ ငါ နင့်သွားရှာတာ...ဟ"

ဖြိုးက သူ့လက်ထဲမှ စာအုပ်တစ်အုပ်ကို ဇော့်ကို လှမ်းပေး၏။

"ရော့... နန္ဒက ပြန်ပေးလိုက်တာ၊ နင့်စာအုပ်တဲ့"

ဇော် လှမ်းယူလိုက်၏။ နန္ဒ ငှားထားသော ဇော်တို့ကျောင်းမှ သင်္ချာလေ့ကျင့်ခန်းစာအုပ် ဖြစ်လေသည်။

"ငါစာအုပ်ထဲ အကုန်လှန်လှော ရှာကြည့်ပြီးသားဟ၊ ဘာရည်းစားစာမှ မပါပါဘူး"ဟု ဖြိုးက ပြုံးဖြဲဖြဲဖြင့် အသိပေးသောအခါ ဇော် မျက်စောင်းထိုးပစ်လိုက်မိလေသည်။ ဖြိုး က လှည့်ထွက်တော့မည် လုပ်ပြီးမှ သတိရသွားသလို...



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... နင် ငါ့ကို ဘာလို့လိုက်ရှာနေတာလဲ"ဟု မေး၏။

ထိုအခါကျမှ ဇော်က ဝမ်းသာအားရ ကြွားလိုက်မိလေသည်။

"ဒီမယ် ဖြိုး၊ ကိုးတန်းတုန်းက စာမေးပွဲမှာ ငါ ပထမရတယ်လေ၊ သန်ဘက်ခါ ဆုယူရမှာတဲ့။ အဲဒါ နင့်ကို ကြွားမလို့ လိုက်ရှာတာပေါ့"

"ပထမ... ဟုတ်လား" သူ့အမူအရာမှာ မယုံနိုင်သလို ဇဝေဇဝါဖြစ်နေ၏။

"အေးပေါ့ဟ၊ ကိုးတန်းအားလုံး စုစုပေါင်းခုနစ်ခန်း ရှိတယ်လေ၊ ခုနစ်ခန်းလုံးမှာ ငါ ပထမ... ဟ၊ နင် ဝမ်းမသာဘူးလားဟင်... ဖြိုး"

"အေး အေး... ဝမ်းသာပါတယ်ဟာ၊ နင် သိပ်တော်တာပဲ နော် မိဇော်"

ဟင့်... သူ့ ဝမ်းသာပုံကြီးကလည်း။ မျက်နှာကမသာမယာနဲ့ပါလား။

"ဖြိုး... နင် နေမကောင်းဘူးလားဟင်၊ နင် ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူးဟာ၊ ငါက နင် ပထမရတဲ့အတွက် ခုန်ပေါက် ပျော်ရွှင်ပြရမှာလား၊ ကဲ..."

"အိုး... ခုန်ပေါက်ပြရမှာပေါ့။ နန္ဒနဲ့ငါ တစ်ခန်းတည်းမကျတာတောင် နင် ခုန်ပေါက်ပျော်ရွှင်ပြခဲ့သေးတာ။ အခုဟာက နင့်သူငယ်ချင်းတစ်ယောက်လုံး ပထမဆုရတာပါဟာ၊ ဒါကို နင်က အေးတိအေးစက်နဲ့"





ဇော်က နှုတ်ခမ်းစူ၍ ရန်တွေ့သလိုပြောတော့ ဖြိုးက က်မသာ နေရာရွှေ့၍ ရပ်ပြီးမှ...

"ငါ အမှန်အတိုင်းပြောရမလား မိဇော်"ဟု ခပ်တည်တည် ၏။ သူမ နားမလည်ပါ။

"ပြောပေါ့၊ ဘာကိုပြောမှာတုန်း"

သူ့ကို မော့ကြည့်လိုက်သောအခါ နှုတ်ခမ်းမွေးရေးရေးနှင့် ပုံစံပေါက်နေသော မျက်နှာဖြင့် သူစိမ်းတစ်ယောက်၏ မျက်လုံး ကို တွေ့လိုက်ရသည်။ ဖြိုးဆီမှာ တွေ့ရလိမ့်မည်ဟု သူမဘယ်တုန်း မှ မမျှော်လင့်ခဲ့သော မျက်လုံးမျိုး။

"မိဇော်... မိန်းကလေးတစ်ယောက်ဟာ ဒီလောက်တော် သို့မကောင်းဘူး။ သိလား"

ထိုစကားကိုပြောလျှက် ဖြိုးက ရုတ်တရက် လှည့်ထွက်သွား သာအခါကျမှ ဇော် အစစအရာရာအတွက် နောင်တရသွားခဲ့ တော့သည်။

ဇော် ဘယ်တော့မျှမမေ့နိုင်သည့် နေ့တစ်နေ့မှာ ၁၉၇၄ခု က်တို့ဘာလ တတိယပတ် အင်္ဂါနေ့တစ်နေ့ ဖြစ်သည်။ ထို နေ့ ညနေခင်းဆီကမှ ဇော်သည် သူမကိုယ် သူမ လူကဲခတ် ာ်တော်ညံ့ကြောင်း ဝန်ခံလိုက်ရလေသည်။

အင်္ဂါနေ့ညနေခင်း ဇော် သိန်းကောလိပ်မှ ပြန်လာစ န်တွင် ဖြိုးက အိမ်သို့ရောက်လာ၏။ သူတို့ဆွေမျိုးများရှိရာ ောက်ဘက်ရွာတစ်ရွာမှ ပေးလိုက်သော မြေပဲဆန်များကို ဇော် အိမ်သို့ တစ်ဝက်ခွဲ၍ လာပေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...အတော်ပဲ မေမေရေ၊ ဇော် လက်ဖက်နဲ့စားဖို့ မြေ
တွေဗျ" ဟု ကုန်းအော်ကာ ဝမ်းသာအားရ လှမ်းယူ လိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ဖြိုး" ဟု ခါးကိုညွတ်လျက် နောက်တ
နောက်တောက်ဆိုလျှင် သူက ခါတိုင်းလိုမဟုတ်ဘဲ မရယ်မပြုံး ရှိနေ
သည်။ သူမကို မကြည်လင်သော မျက်နှာထားမျိုးလည်း မဟုတ်
ပြန်ချေ။ သူမစိတ် အနည်းငယ်ပူပန်သွား၏။

"ဖြိုး... နင် နေကောင်းရဲ့လား၊ စာတွေရော လိုက်နိုင်ရဲ့
လားဟင်"

သူ ဘယ်လိုမှ သည်းခံနိုင်ပုံမပေါ်သော ထိုမေးခွန်းကို
ဇော်က မနေနိုင်မထိုင်နိုင် မေးလိုက်မိသောအခါ ဖြိုး မျက်နှာပျက်
သွားလေသည်။

"နင့်အကူအညီလိုရင် ငါ ပြောပါ့မယ်" ဟု နှိမ့်ချဟန်ဖြင့်
သရော်လိုက်သည်။

ဘုရားရေ... ငါက အဲဒီလိုဆိုလိုတာမဟုတ်ပါဘူး။ သို့သော်
ဘယ်လို ဖြေရှင်းရှင်း ရတော့မည်မဟုတ်သည်ကို ဇော် သိထား၏။
မြေပဲထည့်ပေးသော ဇလုံကို သူက လှမ်းယူလျက် ပြန်ထွက်မည်ပြု
ပြီးမှ ဇော့်ကို လှည့်ကြည့်ပြန်သည်။

"လောလောဆယ် ငါ နင့်ကို တိုင်ပင်စရာတစ်ခုရှိနေတယ်
ဒါပေမယ့် နင် စာကျက်များပျက်မလားလို့" သူ့မျက်နှာထားက
အလုပ်ကိစ္စ ဆွေးနွေးမည့် သိပ်မရင်းနှီးလှသော မိတ်ဆွေတစ်ဦး၏
မျက်နှာထားမျိုး ဖြစ်နေသည်။ ဇော် မခံချင်ဖြစ်သွားကာ နှုတ်ခမ်းကို
မဲ့ပစ်လိုက်၏။

"မသရော်ပါနဲ့ ဖြိုးရယ်၊ နင့်အတွက်ဆိုရင် ငါ့မှာ ဘာအလုပ်
ရှိရှိ အားရမှာပေါ့"





"ကျေးဇူးတင်ပါတယ်" သူက ခပ်တည်တည် ပြောတော့
ဇော် အနည်းငယ် ဝမ်းနည်းသွား၏။

"နင် ဘာဖြစ်နေလဲ..."

သူ ဘာဖြစ်နေသည်ဆိုတာ သိပ်မကြာခင်မှာဘဲ ဇော် သိရ
သည်။ ထိုညက ဇော့် စာကြည့်စားပွဲသို့ သူလာရပ်၍ အားတုံ့အားနာ
ပုံမျိုးဖြင့် စကားစလေသည်။

"စာတစ်ခုကလွဲပြီး ဘာမှ အာရုံမထားတဲ့ နင့်အတွက်တော့
ဒီကိစ္စက ဟာသတစ်ခုဖြစ်နေမှာပဲ. . ." တဲ့။

"ဟုတ်လား၊ ဟာသဆို ကောင်းတာပေါ့၊ ငါ ရယ်ချင်နေ
တာနဲ့ အတော်ပဲ၊ 'ပြောစမ်းပါဦး ဘာပြဿနာပေါ်' လို့လဲ. . . ဟင်"
ဟု သူမ ဖတ်လက်စ ဓာတုဗေဒစာအုပ်ကို ပိတ်ရင်း စကားထောက်
ပေးလိုက်သည်။

"အင်း. . . အဲ. . . ဟို ဥစ္စာလေ၊ ငါ ရည်းစားထားတော့
မလို့"

"ဘာ. . ."

သူက ဇော့်ကိုမကြည့်ဘဲ ဘစ်ဘင်း စားပွဲတင်နာရီလေး၏
ရောမဂဏန်းကွက်များကို ငေးစိုက်ကြည့်နေသည်။ သူမ ထိုင်ရာမှ
ခုန်းခနဲ ထရပ်ပစ်လိုက်မိသည်။

"နင်က. . . ဟုတ်လား. . ."

"အေး. . ."

"ဘယ်သူနဲ့လဲ. . . ဘယ်ကလဲ. . ."

"တို့အတန်းထဲကပါ၊ နာမည်ပြောလဲ နင် သိမှာမဟုတ်ဘူး၊
ဆုံတိုက်ထဲကပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇော် မတ်တတ်ရပ်ရာမှ ခပ်ဖြည်းဖြည်းလေး ပြန်ထိုင်လို ၏။ ဪ. . . ဒီလိုလား. . .။ ဖြိုးကျော်က တင်တင်ဇော် မဟုတ် တခြားမိန်းကလေးတစ်ယောက်ကို ချစ်နေမိပြီဆိုတဲ့ သဘောပေါ့။ ဖြ မျက်နှာကို သူမ စေ့စေ့ကြည့်မိသည်။ သူက မျက်မှောင် အနည်း တွန့်ချိုးလျက် နှုတ်ခမ်းတင်းတင်း စေ့ထားသည်။ ဇော့်ကို မကြည့်ပါ။ ဇော့်မျက်နှာကို စိုက်ကြည့်ပြီး ပြောလိုက်စမ်းပါ ဖြိုး ငါ နင့်ကိုချစ်နေတာမဟုတ်ဘူး၊ အခု ငါ တခြားကောင်မလေး ရည်းစားဖြစ်တော့မယ်လို့ ပြောပစ်လိုက်စမ်းပါ။ သို့သော် ဇော်သည် အခြေအနေကို ခဏချင်း ထိန်းသိမ်းလိုက်သည်။

"အဲဒီတော့ . . .ငါက ဘာအကူအညီပေးရမလဲ. . .

သည်တော့မှ ဖြိုးက ဇော့်ကို ဖျတ်ခနဲ ငုံ့ကြည့်သည်။ ဇော မျက်လုံးမှာ မျက်ရည်စတွေ့ရလိမ့်မယ်လို့များ မမျှော်လင့်လိုက်လေ ကိုရွှေဖြိုးရေ. . .။ ဖြိုးက ဘာမှမပြောဘဲ ဇော့်ကို ခပ်ကြာကြ ငေးကြည့်နေသောအခါ သူမ၏ လှောင်ပြောင်ချင်စိတ်က အံ့ဩ လောက်အောင် လှစ်ခနဲ ပေါ်လာ၏။

"နေပါဦး၊ နင် ငါ့ကို ရည်းစားစာတော့ မရေးခိုင်းဘူး မဟုတ်လား"

ခုနစ်တန်း၊ ရှစ်တန်းတုန်းက ဇော်သည် သူငယ်ချင်း မိန်းကလေးများအတွက် ရည်းစားဆီ ပြန်စာများ မကြာခဏ ရေးပေး ဖူးလေသည်။

"မလိုပါဘူး၊ နင် သဘောတူ မတူ လာမေးတာပါ"

"အို. . . ဟုတ်လား၊ ငါ သဘောမတူရင်. . ."

"နင် သဘောမတူရင် ဆက်မလုပ်ဘူးပေါ့ဟ၊ ရှင်းနေ တာပဲ"





"ဆက်မလုပ်ဘူး။ အဲဒီကောင်မလေးကို နင် ချစ်နေတဲ့ ဟိုင်အောင်ပေါ့လေ၊ ဟုတ်လား"

"တော်စမ်းပါ မိဇော်၊ အချစ်ဆိုတာ နင် နားလည်ထားတာ ထက်ပိုလေးနက်တယ်. . . သိလား"

ဒီလောက်နာကျင်သွားသော စကားသံကို အကဲခတ်ရလျှင် သူ ဒီမိန်းကလေးကို တော်ရုံတန်ရုံ ချစ်တာမဟုတ်လောက်ဘူး။

"သဘောတူပါတယ်၊ ဘာမတူစရာရှိသလဲ. . ."သည် တားကို အားယူနေဖို့မလိုဘဲ လွယ်လင့်တကူ ပြောနိုင်သည့်အတွက် သူမကိုယ် သူမ အလွန်ကျေးဇူးတင်ပါသည်။ ဖြိုးက ဟက်ခနဲ ရယ်မော၏။

"ဒီကောင်မလေး လှသလား၊ မလှဘူးလား၊ မစုံစမ်းဘဲနဲ့ပေါ့၊ အကျင့်စာရိတ္တ ကောင်းသလား၊ မကောင်းဘူးလား၊ စိတ်မဝင်စား ဘဲနဲ့ပေါ့။ ဟုတ်လား. . . မိဇော်"

သေတော့မှာပဲ။ သူ ဒီလို အဓိပ္ပာယ်ကောက်လိမ့်မည်ဟု သူမ မထင်ခဲ့မိပါလား။ အခုတော့ သူ ဘာပဲဖြစ်သွားပစေ၊ သူမက သယျာလကန် သဘောထားသည်ဟုပင် သူ ထင်ချေတော့မည်။ ဇော် ဘာပြန်ပြောရမလဲ။ အပြင်းအထန် စဉ်းစားယူရသည်။

"ဒီလိုလေ လူတစ်ယောက်မှာ သူ့လုပ်ပိုင်ခွင့်ဆိုတာ ရှိ တယ်။ အဲဒီလုပ်ပိုင်ခွင့်ကို တခြားတစ်ယောက်က အကြောင်းကိစ္စ ကြီးကျယ်ဘဲနဲ့ ဖျက်သိမ်းပိုင်ခွင့်မရှိဘူးလေ။ အဲဒါကြောင့် ငါက ဘေးမှာရပ်နေတဲ့ သဘောပါ ဖြိုးရာ။ တကယ်လို့ အဲဒီ ကောင်မလေး နဲ့ ပတ်သက်တဲ့ တစ်ခုခုက နင်ထိခိုက်လောက်အောင် ကြီးကျယ်တဲ့ ကိစ္စတစ်ခုဖြစ်လာရင် ငါက နင့်လုပ်ပိုင်ခွင့်ကို ဖျက်ခိုင်းမှာပေါ့။ အခုဟာကတော့ သာမန် ဖြစ်ရိုးဖြစ်စဉ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ စကားလုံး ကြီးကြီးကျယ်ကျယ်တွေ ဘယ် လောက်ပြောပြော၊ ဒါ သာမန်ကိစ္စလို့ နင် ယူဆတယ်ဆိုတာ ငါ သဘောပေါက်ပါတယ်။ ကဲ. . . ငါ့သာမန်ကိစ္စလေးအတွက် နင့် စာကျက်ချိန် တော်တော်လျော့သွားပြီ။ ငါ သွားတော့မယ်"

ဘုရားရေ၊ ဖြိုးက ရပ်နေရာမှ ဖြုန်းဆို လှည့်ထွက်သွား လေသည်။ ဇော် အံ့ကြိတ်လျက် ကျန်နေခဲ့သည်။ မနေနိုင်တော့၍ တစ်ခွန်းတော့ လှမ်းအော်ပစ်လိုက်သေး၏။

"ဖြိုး. . .နင့်ဟာသက ငါ့အတွက်တော့ မရယ်ရပါဘူး"

သို့သော် ဖြိုးကတော့ လုံးဝလှည့်မကြည့်တော့ပါ။ စား ကို လက်သီးနှင့် ထိုးပစ်ချင်စိတ်ကို ဇော် အတတ်နိုင်ဆုံး ထိန်းချု ထားသည်။ အနည်းဆုံး အိမ်တံခါးဝမှ ဖြိုး ထွက်သွားသည့်တိုင် အောင် ထိန်းထားရမည်။ သူ့အိမ်သူ ပြန်ရောက်လောက်သော အချိန်ကျကာမှ သူမ လက်သီးကို တင်းကျပ်နေအောင် ဆုပ်ထာ လိုက်သည်။

စားပွဲကိုတော့ လက်သီးနှင့် မထိုးဖြစ်ပါ။ သူမ ရှေ အိပ်ခန်းထဲမှာ ဖေဖေရှိနေသည် မဟုတ်လား။

ဇော်သည် ဆုပ်ထားသော လက်သီးအစုံပေါ် မေးေ ထောက်လျက် နာရီလေးကို စိုက်ကြည့်ရင်း ရင်ထဲကဒေါသနှင့်ဘယ် မှ မဆီမဆိုင်သော မျက်ရည်စများ လိမ့်ဆင်းကျသွားကြောင်း အံ့သြ အသိအမှတ်ပြုလိုက်ရလေသည်။

*   *   *



အခန်း(၆)

ဖြိုး၏ အူကြောင်ကြောင်နိုင်လှသော ရည်းစားထားခြင်း ကိစ္စကြောင့် ဝမ်းနည်းအားငယ်နေသော တင်တင်ဇော်အတွက် တိုးထပ် ဝမ်းနည်းစရာတစ်ခုက သိပ်မကြာမီမှာ ပေါ်ပေါက်လာ သည်။

နန္ဒတို့အဖေ ပြောင်းရွှေ့မိန့် ကျလာခြင်းပင် ဖြစ်လေသည်။ ထိုအချိန်မှာ ဇော်တို့ စာမေးပွဲအတွက် လျှောက်လွှာတွေ ပို့ပြီးသားဖြစ်နေသည်။ ထို့ကြောင့် စာမေးပွဲပြီးမှ နန္ဒက လိုက်သွား မည်။

သူ့အဖေက ဆရာဝန်ဖြစ်စေချင်လှသော နန္ဒမှာ ဇီဝဗေဒ အလိုလိုနေရင်း ငြီးငွေ့ အိပ်ငိုက်လျက်ရှိသည်။ ဘိုင်အိုတစ်ဘာသာ ကြောင့်ကျလျှင်တော့ ငါကိုယ်ငါ သတ်သေလိုက်မှာဟု ရယ်စရာ ပြောသော်လည်း သူ တကယ်စိတ်ညစ်နေကြောင်း ဇော် သိ၏။ ဇော်က စာကျက်ဖို့ အပိုင်းများ ခွဲခြားသတ်မှတ် ပေးရလေသည်။ သတ္တဗေဒ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပုဒ်၊ ရုက္ခဗေဒ နှစ်ပုဒ်ဖြေရမည်။ ကိုးတန်းသင်ခန်းစာ နှစ်ပုဒ် ဆယ်တန်းသင်ခန်းစာ နှစ်ပုဒ် ဖြေရမည်။ ထို့ကြောင့် ကိုးတန်းသင်ခန်းစာကို အပိုင်ကျက်နိုင်လျှင် ဆယ်တန်းသင်ခန်းစာကို လွှတ်လိုက်နိုင်ကြောင်း ဇော်က အကြံပေးမိ၏။

"ယုန်ကို လွှတ်ပစ်လိုက်ကွာ၊ ဖားနဲ့ ပိုးဟပ်နှစ်ကောင် အပိုင်ကျက်"

"ဖားက ခက်တယ် တင်တင်ဇော်"

"နင့်ဘိုးအေမှပဲ၊ ယုန်က ပိုတောင်ခက်သေးတာ၊ သွားမကျက်နဲ့"

ထိုနှစ်က လျှော့ချသည့် သင်ခန်းစာထဲတွင် ယုန်တစ်ကောင်လုံးပါသွားသောအခါ ဇော်က "ဘယ့်နှယ်ရှိစ. . ." ဟု မျက်စပစ်လိုက်မိတော့သည်။

"နင် ဆရာဝန်လုပ်မှာလား တင်တင်ဇော်"

နန္ဒက အတည်ပေါက်မေး၏။

"တစ်စက်မှ ဝါသနာပါတာ မဟုတ်ဘူး၊ နင် မသိဘူးထင်တယ်၊ ငါက သွေးမြင်ရင် မူးတတ်တယ်. . . ဟ"

သို့သော် အမေကတော့ တစ်ဦးတည်းသော သမီးကို ဆရာဝန်ဖြစ်စေချင်လှသည်တဲ့။ ဇော်ကတော့ နှစ်ရှည်လများ ပိုက်နေကုန်မည့် အသက်မွေးဝမ်းကြောင်းပညာဖြစ်၍လည်းကောင်း၊ သွေးမြင်လျှင်မူးပြီး အန်တတ်သောကြောင့်လည်းကောင်း၊ တက္ကသိုလ်ဘုန်းကြီး၏ ဝတ္ထုများကို အားကျပြီး တက္ကသိုလ်မှာ ကထိကဆရာမလုပ်ချင်စိတ်ဝင်နေ၍လည်းကောင်း၊ စာရေးဆရာမ မဖြစ်ဖြစ်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ထားး၍လည်းကောင်း၊ ဆရာဝန်လိုင်းကို ယူဖို့ ဘယ်တုန်းကမှ စိတ်မကူးချေ။





ဇော်တို့ ဆယ်တန်းနှစ်ကစ၍ သိပ္ပံထူးချွန်ဆု ဟူသော ခေါင်းစဉ်ဖြင့် ဓာတု၊ ရူပအဓိက အမ်အက်စ်စီဘွဲ့အတွက် ထောက်ပံ့ကြေး တစ်ရာကျပ်ပေး၍ ကျောင်းသားများကိုခေါ်ခဲ့သည်။ ထိုဆုကိုရရန် အနည်းဆုံး ဂုဏ်ထူးသုံးခု (သင်္ချာ၊ ရူပနှင့် ဓာတု) တွင်ပါရမည်။ ကျန်ဘာသာသုံးခုအနက် တစ်ခုခုတွင် အမှတ်(၉၀) ကျော်ရမည်။ ထိုအမှတ်(၉၀) ကျော်သော ဘာသာရပ်အတွက် သိပ္ပံထူးချွန်ဆုရမည်ဖြစ်သည်။ အိမ်စီးပွားရေး အခြေအနေအရလည်းကောင်း၊ ဇော်၏ဝါသနာအရလည်းကောင်း၊ ဇော်နှင့် အသင့်တော်ဆုံးသော ပညာရပ်လမ်း ဖြစ်သည်။

"ငါက အမ်အက်စ်စီပဲ ယူမှာ"ဟု နန္ဒကို ပြောမိသည်။ "နင်ရော"ဟု မေးတော့ နန္ဒက ငါတော့ ဘီအက်စ်စီပေါ့ဟု ရယ်မောရင်းဖြေလေသည်။ ထို့နောက်. . .

"ဒါဆိုလဲ တင်တင်ဇော်ရယ်၊ ဘိုင်အိုတွေ အင်္ဂလိပ်စာတွေကို အောင်ရုံဆို တော်ရောပေါ့" ဟု ရန်စကားပြော၏။

"အို. . .ငါကလေ ဘာသာခြောက်ခုလုံး ဂုဏ်ထူးလိုချင်တာသိလား"

နန္ဒ ပြောင်းရွှေ့ရတော့မည်ဖြစ်၍ ဝမ်းနည်းသော်လည်း ဝမ်းနည်းမှုကို သူ မသိစေရဟု ဆုံးဖြတ်ထား၏။ ဖြိုး ရည်းစားထားသလိုပေါ့လေ။

ဒါနဲ့ ဖြိုးရည်းစားထားသည့် ကိစ္စကို နန္ဒအား ဖောက်သည်ချချင်နေသည်မှာ တစ်ပိုင်းသေမတတ်ဖြစ်၏။ သို့သော် သူမ မပြောပါ။ ဒီလိုပြောလိုက်လျှင် ရေလာရန် မြောင်းဖောက်ပေးသည်ဟု ထင်သွားလျှင် မခက်ပေဘူးလား။ နင် ပြောင်းသွားရင် ငါတော့ အထီးကျန်နေတော့မှာ ဟူသော စကားမျိုးပင် ဇော်မပြောခဲ့ချေ။ သူ



www.burmeseclassic.com

www.burmeseclassic.com



ရေနံချောင်းမှာ ရှိခြင်း မရှိခြင်းသည် ဇော့်ဘဝတွင် ဘာမျှအရေးမပါ ဟု သူ ထင်စေချင်သည်။

စာမေးပွဲရက်များတွင် တင်တင်ဇော်တစ်ယောက် မမြင်ဘူးသော၊ နာမည်တောင် မသိရသော ဖြိုး၏ရည်းစားကို မနာလိုရန်အချိန်ပင် မရှိခဲ့ချေ။ စာမေးပွဲမှာ ဧပြီလ(၇)ရက်ဖြစ်ပြီး၊ ဖြိုးတို့ထက် စောတော်တော်နောက်ကျ၏။ ထိုရက်များဆီက ဖြိုးသည် ဇော့်အတွက် ညစာကျက်ရင်းသောက်ရန် လက်ဖက်ရည်ဖန်ဖန် ဝယ်ပေးခြင်း၊ လိုအပ်သည့်မှတ်စုများ ကူးပေးခြင်း၊ နန္ဒအိမ်နှင့်ဇော့်အိမ်ကို ညသန်းခေါင်အထိ ခြေကျင်လျှောက်၍ စာရွက်မေးခွန်းကြိုအလဲအလှယ်လုပ်ပေးခြင်း စသည်တို့ကို ဝတ္တရားမပျက် ဆောင်ရွက်ပေးခဲ့သော်လည်း သူ့ကောင်မလေးနှင့် ပတ်သက်၍ တစ်ခွန်းမှ ထပ်မပြောခဲ့ချေ။

နောက်ဆုံးဖြေရသည့် ဘာသာမှာ သင်္ချာဖြစ်၏။

သင်္ချာဖြေပြီး နောက်တစ်နေ့မှာတော့ နန္ဒတစ်ယောက် ရန်ကုန်သို့ ပြန်ရလေသည်။ မပြန်မီ စာမေးပွဲနောက်ဆုံးနေ့က နန္ဒနှင့်ဇော်သည် ဖြိုးကို အဖော်ခေါ်လျက် ရွှေဘုံသာရှိ ဖူးစာကုန်းသို့ လမ်းလျှောက်သွားကြလေသည်။

ရုပ်ရှင်ဝါသနာပါသော တင်တင်ဇော်က နန္ဒအား ရုပ်ရှင်ကြည့်ရန် အဖော်စပ်သေးသော်လည်း နန္ဒက အေးအေးဆေးဆေး လမ်းလျှောက်ပြီး စကားပြောရန် တစ်နေရာရာမှာ ထိုင်ချင်သည်ဟု အဖော်စပ်၏။ တစ်ယောက်နှင့် တစ်ယောက် ဘယ်လိုမှမလိုက်လျောနိုင်ဘဲ ဖြစ်နေကြစဉ် ဖြိုးက ဝင်၍ ဆုံးဖြတ်ပေး၏။





"ရုပ်ရှင်ဆိုတာ ဘယ်အချိန်ဖြစ်ဖြစ် ကြည့်လို့ရတာပဲ၊ သူငယ်ချင်းနှစ်ယောက် ရေနံချောင်းမြေပေါ်မှာ အေးအေးဆေးဆေး လမ်းလျှောက်တဲ့ရက်ကတော့ နောက်ထပ် မရနိုင်ဘူး"

ထိုနေ့ညနေက နေလုံးကြီးဝင်သွားသည်ကို စောင့်ကြည့်ရင်း ဖူးစာကုန်းထိပ်တွင် သုံးယောက် ထိုင်စကားပြောနေခဲ့ကြသည်။ ဆီကရက် သောက်တတ်နေပြီဖြစ်သော ဖြိုးက ငါ ဆေးလိပ်သွားဝယ်ဦးမယ်ဟု အသိပေးပြီး လှစ်ခနဲထွက်သွားခိုက် နှစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ ဇော် ရင်တဒိတ်ဒိတ် ခုန်လာသည်။ အိပ်ရေးက သည်း ရက်ပေါင်းများစွာ ဆက်တိုက်ပျက်လာခဲ့သူမို့ အနည်းငယ် နွမ်းတောင်စင်းလျက် ဝမ်းနည်းလာကာ မျက်ရည်လည်ပြီး မျက်လုံးများ ကျိန်းစပ်လာသည်။

နန္ဒက မှတ်စုစာအုပ်ကလေးထုတ်လျက် တင်တင်ဇော်တို့ အိမ်လိပ်စာကို ရေးမှတ်သည်။ ထို့နောက် ရုတ်ခြည်း (အဆက်အစပ်မရှိဘဲ) မေးခွန်းတစ်ခု မေးသည်။

"နင့်ထက် ပညာအဆင့်အတန်း နိမ့်တဲ့လူကို မစဉ်းစားဘူးဆိုတဲ့ နေရာမှာ နင့်ထက် ဂုဏ်ထူးနည်းတဲ့လူရော အကျုံးဝင်သလား"

ဇော် အိပ်ငိုက်ချင်နေရာမှ မျက်လုံးကျယ်သွားသော်လည်း ချက်ချင်း တုန်လှုပ်သွားသည်ကို ဖုံးကွယ်သည့်အနေဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်မိတော့သည်။

"ဒါ ရယ်စရာမဟုတ်ဘူး. . ."

"ဝမ်းနည်းပါတယ်၊ နင်က ပေါက်ကရတွေလာမေးနေတာကိုး. . .ဟ။ အလကား ဖြိုးက သူ ထင်ရာတွေ လျှောက်ပြောနေတာပါ ဟာ၊ အချစ်မှာ အဲဒါတွေမလိုပါဘူး၊ ငါ့ဘက်က အမြင်ပြောရလျှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



နန္ဒက ငြိမ်သက်စွာ ရှေ့ကို ငေးနေသည်။ အတန်ကြာ သည်အထိ ဘာစကားမှ မပြောတော့ပါ။

ဇော်က သူ့မျက်နှာကို ဘေးတိုက် လှမ်းကြည့်လိုက်မိ၏။ တောက်ပနေကျ မျက်ဝန်းများ ဖျော့မှိန်နေ၏။ အိပ်ရေးပျက်ထားသ မို့လားမသိ၊ မျက်ကွင်းများလည်း အနည်းငယ် ညိုရောင်သန်းနေ သည်။ ပန်းသွေးတောက်နေကျ ပါးပြင်ပင်လျှင် ဖြူဖျော့ဖျော့ ဖြစ်နေ သည်။ မည်းနက်သော မျက်တောင်များက စင်းကျနေသည်။ သူတစ် ခုဆက်ပြောမလားဟု မျှော်လင့်သေးသော်လည်း ဘာမှဆက်မပြော ချေ။

ဇော် မေးခွန်းတစ်ခု မေးမလို့ကြံနေတုန်း ဖြိုးက ပြုန်းခ ပြန်ရောက်လာသည်။ ဘယ်လောက်များ မှတ်ဉာဏ်ကောင်းလို သလဲ ဆိုလျှင် နောင်နှစ်များစွာ ကြာလာသည့်အချိန်၌ နန္ဒကို ဘာမေ မလို့ပါလိမ့်ဟု စဉ်းစားသောအခါ မမှတ်မိတော့ချေ။

နောက်တစ်နေ့ ထွန်းပဝင်းကားဖြင့် နန္ဒ ရန်ကုန်သို့ ပြ သွားသည်။

ချော့မွေ့တည်ကြည်ပြီး ဘဝင်နည်းနည်းမြင့်သော နန္ဒသည် သူမဆီသို့ စာတစ်စောင် ရေးလိုက်သေး၏။ ထိုစာကို ဇော် မပြန်ပြ သည့်အတွက် ဇော့်ကို စိတ်ခုသွားဟန်တူ၏။ နောက်ထပ် ဘာစာ မရေးတော့ချေ။ အဖြစ်အပျက်ကို ပြောပြလျှင် နန္ဒ ယုံမှာမဟုတ်။

ဇော်တို့ အိမ်နောက်ဖေးသမံတလင်းခင်း အုတ်လှေကား ထစ်ပေါ်မှာ ထိုင်လျက် နန္ဒ၏ စာကို အကျအန ဖတ်နေချိန်မှာ ဖြိုး ရောက်လာခဲ့သည်။

"ဘယ်သူ့စာတုန်း. . ."





"နန္ဒဆီက. . ."

"ငါ့ ပြမလား. . ."

"ဖတ်လေ. . ."

စာမှာ အင်္ဂလိပ်လိုရေးထား၏။ အနက်ရောင် အင်္ဂလိပ် လုံးများမှာ သေသပ်ပြီး ကျဲသည်။

ချစ်သော တင့်တင်ဇော်

ချစ်သောမှာ သူ့အမေကရေးသော ဘီလစ်(ဗ်)(ဒ်) စကား ဟုတ်ဘဲ ဒီးယားစကားလုံး ဖြစ်သည်။

ငါ နင့်ကို သတိရတဲ့အကြောင်း ပြောပြချင်လို့ ဒီစာကိုရေး က်ပါတယ်။ ငါ့အဖေက ရန်ကုန်မှာပဲ အလုပ်ပြောင်းရွှေ့ရတယ်။ ခြေခံပညာ အထက်တန်း စာမေးပွဲအောင်စာရင်းတွေ ဇူလိုင်လ ောက်ဆုံးပတ်မှာ ထွက်လိမ့်မယ်၊ ငါ အင်္ဂလိပ်စာနဲ့ သင်္ချာ ထူးရတယ်။

နင် ဂုဏ်ထူးဘယ်နှစ်ခုရတယ်ဆိုတာ ငါ့ဆီ စာပြန်လိမ့်မယ် ငါ မျှော်လင့်ပါတယ်။ နင် ဆေးတက္ကသိုလ်မှာ ပညာသင်ဖို့ ငါ ကြံပေးချင်ပါတယ်။ ငါ့ထက် မြင့်မားနေရင် ငါ မနာလိုမဖြစ်တဲ့ င် ဝမ်းတောင်သာမိမယ် ထင်ပါတယ်။ နေပူတုန်း မြက်ခြောက် မ်းရတယ်. . . ဆိုတဲ့ စကားတစ်ခုရှိတယ်။ အခွင့်အရေးဆိုတာ ဝမှာ နှစ်ခါမလာနိုင်ဘူး။

ငါ ဘယ်တော့မှ မမေ့နိုင်တာတစ်ခုက. . .



www.burmeseclassic.com

www.burmeseclassic.com



သူမဆီမှာ ယခုတိုင် ကျန်ရစ်သော စာအပိုင်းအစမှာ သည်မျှသာ ဖြစ်သည်။ ဇော် မှတ်မိသမျှတော့ စာတစ်စောင်လုံးမှာ ဖြိုးကျော်ဆိုသည့် နာမည်တစ်လုံးမျှမပါချေ။ ဖြိုးက အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စာကို အတတ်နိုင်ဆုံး ကြိုးစားဖတ်ရင်း တောက်တစ်ချက် ခေါက်၏။ သူ့မျက်နှာမှာ စော်ကားခံလိုက်ရသူ နီရဲလျက်ရှိသည်။

"ဒီကောင်က ငါ ဖတ်ရင်နားမလည်အောင် အင်္ဂလိပ်လို ရေးလိုက်တာပေါ့လေ" ဒေါသ အကြီးအကျယ်ဖြစ်လျက် စာရွက်ကို ဟိုလှန်သည်လှန် ကြည့်ရာက ဗြုန်းခနဲ ဆုတ်ဖြဲ ပစ်လိုက်တော့သည်။

"ဖြိုး. . . မလုပ်နဲ့"

ဇော် အော်ဟစ်ဟန့်တားလိုက်သော်လည်း နောက်ကျသွားသည်။ စာရွက်၏ အပေါ်ပိုင်းသာ သူမ လက်ထဲပါလာလျက် စာရွက်အောက်ပိုင်းမှာ ဖြိုးလက်ထဲသို့ ပါသွားလေပြီ။

"အလကားအချောက်" ပြောရင်းဆိုရင်း ဖြိုးက သူ့လက်ထဲမှာပြကျန်ရစ်သော စာရွက်ကို လုံးချေပစ်လိုက်သေး၏။ ဇော့်ကိုယ်ခန္ဓာကို အရိုက်ခံလိုက်ရသည်ထက်ပင် နာကျင်လျက် ဒေါသရော၊ မုန်းတီးခြင်းရော၊ ခံစားလိုက်ရသည့်အတွက် ရုတ်တရက် ဘာမပြောနိုင်ဘဲ ကြောင်ငေးနေမိသည်။

သူနှင့် မျက်နှာချင်းဆိုင်ရှိနေလျှင် သူ့ကို စိတ်လိုက်မာန်ပါ တစ်ခုခု ကိုယ်ထိလက်ရောက် လုပ်ပစ်မိမှာစိုး၍ အိမ်ထဲသို့ ခြာခနဲ ပြန်လှည့်ပြေးဝင်လာခဲ့မိသည်။

ဤသည်မှာ ဇော့်အတွက် ပြုပြင်၍မရသော အမှားတစ်ခု ဖြစ်ခဲ့၏။





နန္ဒ၏ လိပ်စာမှာ ဖြိုးလက်ထဲက ကြေမွနေသော စာရွက်အပိုင်းအစထဲတွင် ကျန်ရစ်ခဲ့ကြောင်းကို အိပ်ခန်းထဲရောက်မှ ပြန်စဉ်းကြည့်မှ သိရတော့သည်။

ချက်ချင်း ပြန်တောင်းဖို့ကျတော့ ဖြိုးကို စိတ်အနာကြီးနာနေချိန်မို့ မျက်နှာချင်းဆိုင်ဖို့ ဝန်လေးနေခဲ့သည်။ ဖြိုးကျော်ဟာ နည်းနည်းမှ မတရားဘူးဟု လည်ချောင်းဝအထိ ဆို့နင့်တက်လာသော ခံစားချင်မှု ဒေါသများကို ကြိတ်မှိတ်မျိုသိပ် နေခဲ့ရလေသည်။

နန္ဒ၏ စာနှင့်ပတ်သက်၍ ဇော် နှစ်ရက်တိတိ ဖြိုးကို မျက်နှာချင်းလည်းမဆိုင်၊ စကားလည်း မပြောချေ။ ဖြိုးကလည်း အလျှော့မပေးဘဲ သူမကို ရှောင်နေ၏။ သုံးရက်မြောက်သောနေ့တွင်တော့ ဆယ်တန်းအောင်စာရင်းများ ထွက်လေသည်။

တစ်သက်လုံးက ဇော့် အောင်စာရင်းတို ကြည့်ပေးခဲ့သော ဖြိုးသည် ထိုနေ့နံနက်ကလည်း ဇော့်အတွက် အောင်စာရင်းသွားကြည့်ပေးခဲ့သည်။ အောင်စာရင်းမထွက်မီ တစ်ပတ်အလိုကတည်းက သူငယ်ချင်းတစ်ယောက်၏ တယ်လီဖုန်းသတင်းဖြင့် သိခဲ့ပြီးသော ဇော်သည် အောင့်စာရင်းကို မိမိကိုယ်တိုင် သွားကြည့်ဖို့ အင်တင်တင် ဖြစ်နေခိုက် ဖြိုးက သူမ ရှိရာသို့ ရောက်လာ၏။

"ဇော်. . . နင် ဂုဏ်ထူးငါးဘာသာနဲ့အောင်တယ်" ဟု မျက်နှာခပ်တည်တည်ဖြင့် ဝတ္တရားမပျက် လာပြောလေသည်။

ဇော်က သူ့ကို လုံးဝအလျှော့မပေးရန် ဆုံးဖြတ်ထားသူမို့ သူ့စကားကို မကြားဟန်ဆောင်ကာ ထမင်းပန်းကန်ပြားများကို ဆေးနေလိုက်သည်။ သည်လောက်ဆို သူမ စိတ်ဆိုးဆဲဖြစ်ကြောင်း သူ သိသွားပေပြီ။ ထို့နောက် ဇော် ပန်းကန်ဆေးသည့် အနီးတွင်



www.burmeseclassic.com

www.burmeseclassic.com



သူ ပေကပ်ရပ်နေသည်။ ဇော်ကို စကားပြောချင်နေကြောင်း သူမ သိ၏။ ဇော် လှည့်မကြည့်ပါ။ အချိန်ဆွဲပြီး ပန်းကန်များကို ဆပ်ပြာ အထပ်ထပ် တိုက်ဆေးနေလိုက်၏။

"ဇော်. . .ငါပြောတာ ကြားလား"

သူမ မဖြေပါ။ သူ စိတ်ပျက်သွားဟန်ဖြင့် ခြေထောက်ကို ဟိုရွှေ့သည်ရွှေ့ လုပ်နေသည်။ အတန်ကြာသွားသည်။ နောက်ဆုံး တွင် ပန်းကန်အထပ်လိုက်ကို မ,ရင်း ဇော် မတ်တတ်ရပ်လိုက်၏။ ထို့နောက် သူ့ကိုမကြည့်ဘဲ အပြစ်တင်လိုက်သည်။

"ဟိုတစ်နေ့က အဖြစ်အပျက်အတွက်၊ နင် ငါ့ကိုတောင်းပန် သင့်တယ်"

"အေး. . . ဟုတ်တယ်၊ ငါ မှားသွားတယ်"

ဇော် အံ့ဩလွန်း၍ ဖြိုးကို မော့ကြည့်လိုက်မိသည်။ သူ့ မျက်နှာမှာ တကယ်စိတ်မကောင်းသည့် အမူအရာမျိုးဖြစ်၏။ပေကပ် ကပ်နိုင်လှသော ဖြိုးတစ်ယောက် သည်လောက် လွယ်လင့်တကူအပြစ် ဝန်ခံခြင်းမှာ အလွန်ရှားပါးလှပါသည်။

"ငါ ဘာကြောင့် အဲဒီလိုဖြစ်သွားရတယ်ဆိုတာ နင် မမေး တော့ဘူးလား ဇော်. . ."

ဇော်သည် နံရံတစ်ခုကဲ့သို့ မတ်မတ်ရပ်လျက် လေးပင်သော ပန်းကန်တစ်ထပ်ကို လွှတ်ချ လိုက်မိတော့မလို ဖြစ်သွား၏။

ဘာလဲ. . . ဒါ တင်တင်ဇော့်အတွက် အခွင့်အရေး ပေးတာ လား။ နင့်ရည်းစားကို ဘေးမှာထားပြီး ငါ့ကို နန္ဒနဲ့ ဝန်တိုပြဦးမလို့ လား။ မလိုချင်ဘူး။ အပြည့်အဝမဟုတ်ရင် မိဇော်ဟာ ဘာတစ်ခုမှ မလိုချင်ဘူး။ ဒါကို နင် အခုသိစေရမယ်။





ဇော် ဖြိုးကို စူးစူးရဲရဲ ကြည့်လိုက်၏။ ဘယ်လောက်ပဲ တောင်းပန် တောင်းပန် နင့်ရဲ့ တစ်ကိုယ်ကောင်းဆန်မှုကိုလည်း ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး သိလား။ သူမ အံကြိတ်လိုက်မိသည်။

"ဘာကြောင့် အဲဒီလို ဖြစ်သွားတယ်ဆိုတာ ငါ စိတ်မဝင် စားပါဘူး။ ငါ စိတ်ဝင်စားတာတစ်ခုတည်းပဲ ရှိတယ်၊ နင် ဆုတ်ဖြဲယူ သွားတဲ့ နန္ဒရဲ့ စာအပိုင်းကလေး ဘယ်ရောက်သွားသလဲ။ အဲဒါကို ငါ ပြန်လိုချင်တယ်"

ဖြိုး၏ ကိုယ်ခန္ဓာမှာ နာကျင်စွာ အရိုက်ခံလိုက်ရသလို ယိုင် သွား၏။ ထို့နောက် ဇော့်ရှေ့မှ ချာခနဲ လှည့်ထွက်လိုက်လေသည်။ ခပ်လှမ်းလှမ်းရောက်မှ ပြန်လှည့်မကြည့်ဘဲ တိုတိုပြတ်ပြတ်ပြော၏။

"ငါ လုံးခြေပြီး လွှင့်ပစ်လိုက်ပေါ့၊ နင်တို့ အိမ်ဝိုင်းထဲမှာပဲ လွှင့်ပစ်ခဲ့တာ. . ."

ကိစ္စပြတ်သွားပြီ။ နန္ဒဆီ စာပြန်ဖို့ လမ်းစပိတ်သွားပေပြီ။ ခင်မတန်မာနကြီးသော နန္ဒတစ်ယောက် ဇော့်ဆီမှ ပြန်စာမရဘဲ နှုတ်ဆက်ယမြောက်စာကို ရေးလိမ့်မည်မဟုတ်ကြောင်း တစ်ယောက် ယောက်နှင့် ဆယ်လေးတစ်လေး လောင်းလိုက်ချင်သည်။

တကယ်ပင် နန္ဒဆီမှ နှစ်ပေါင်းများစွာ ကြာသည်အထိ ဘာ အဆက်အသွယ်မှ မရတော့ချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း နှစ်

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

၂-၂-၇၆

ရေ. . .

ဒီနေ့ကျောင်းစတက်တယ်။ ဘယ်တုန်းကမှ မရည်ရွယ်ဘူးတဲ့ ောင်းကို ရောက်လာရလို့လားမသိဘူး။ အူကြောင်ကြောင်ကြီး ေတော့မဆိုးလှပါဘူးလေ။ ဆယ်တန်းတုန်းက ဘာသာတွေကိုပဲ သင်နေရတာပါ။ အဆင့်မြင့်လာတာတစ်ခုကလွဲလို့ပေါ့။ နင် ခါပြောဖူးတာ ငါ သတိရသေးတယ်။ မိန်းကလေးတစ်ယောက် ာ ဒီလောက်တော်နေဖို့မကောင်းဘူး ဆိုတာလေ။ အခု ငါ့ရဲ့ ောင်းဝင်တဲ့ ဆီရီယယ်လ် နံပါတ်က (၅၀) တဲ့။ ကျောင်းသား (၁၅၅) ောက်။ ဒါဆိုရင် နင် ပြောသလောက် မတော်တော့ပါဘူးနော်၊ င် ကျေနပ်နိုင်ရဲ့လား။

ဂျူစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စာကို လုံးခြေပစ်လိုက်သည်။

ဆေးပညာလည်း ဝါသနာမပါလှဘဲ ဝတ်စားဆင်ယင်မှု အတတ်ပညာလည်း စိတ်မဝင်စားနိုင်သူ တင်တင်ဇော်အတွက် မန္တလေးဆေးတက္ကသိုလ်သည် ဆေးပညာသင်ကြားရာလည်းဖြစ်ပြီး စာပေအနုပညာ ဆည်းပူးလေ့ကျင့်ရာ ဒေသတစ်ခုဖြစ်သည်။

ပထမနှစ် ခုံနံပါတ်များကို နာမည်အစစာလုံး အင်္ဂလိပ် အက္ခရာအလိုက် ပြန်စီစဉ်လိုက်သည့် အချိန်တွင်တော့ တင်တင်ဇော် သည် အဖွဲ့(၄)သို့ရောက်သွားပြီး ဘုရားပေးသော သူငယ်ချင်း တစ်ယောက်ကိုရခဲ့သည်။ ထိုလူငယ်မှာ အသွင်အပြင်အနေနှင့်ရော စရိုက်လက္ခဏာအနေနှင့်ရော သူမနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၏။ သူမတို့နှစ်ဦးအကြား တူညီသောအရာဟူ၍ စာပေအနုပညာ ဝါသနာ ကြီးလွန်းခြင်း တစ်ခုသာရှိလေသည်။

ကျောင်းသို့ရောက်ကာစ သူ့ဆံပင်မှာ သူမ၏ အမေရိကန် ဆံတောက်ထက်ပင် ရှည်လျားသေး၏။ ဆံပင်ရှည်ရှည်၊ အရပ် ရှည်ရှည်၊ နှာခေါင်းက နည်းနည်းတို၏။ လမ်းလျှောက်လျှင် တင်ပါးကိုလိမ်၍ ပခုံးတစ်ဘက်ကိုမြှင့်၊ ပခုံးတစ်ဘက်ကို နှိမ့်၍ နှိမ့်ထားသော ပခုံးဘက်မှ တံတောင်ဆစ်ကို အနည်းငယ်ကွေး၍ လမ်းလျှောက်လေ့ရှိသည်။ မျဉ်းဖြောင့်လိုတန်းနေသော မျက်ခုံးထူထူ မှာ နည်းနည်းတို၏။ မျက်မှောင်မကုတ်ဘဲ မျက်မှောင်ကုတ် နေသလို ထင်ရသော ရှုတည်တည်မျက်နှာပေးရှိ၏။ အသားမှာတောင်တွင်းကြီး သားပီသစွာ အညိုဘက်သို့လု၏။ အပေါ်နှုတ်ခမ်း မဆိုစလောက်လန် ၍ အောက်နှုတ်ခမ်း အနည်းငယ်ထူသော်လည်း ရယ်လိုက်လျှင် ပြေပြစ်သွားတတ်သောကြောင့် သိပ်အရုပ်ဆိုးသည်ဟု မဆိုနိုင်ပါ။ နိုင်ငံခြားရုပ်ရှင်မင်းသား ဂျိမ်း(စ်)ကိုဘန်းနှင့် တူသည်ဟု သူ့ကိုစလျှင် ဆဲသလိုပင် နာတတ်၏။





သူနှင့် ဇော်က လက်တွေ့အဖွဲ့(၄)တွင် အတူတူဖြစ်သော ကြောင့် မျက်မှန်းတန်းမိရာက ဝါသနာချင်းတူကြောင်း အမှတ်မထင် သိပြီး ခင်မင်ရင်းနှီးသွားခြင်းဖြစ်သည်။ စာရေးရန် အလွန်ဝါသနာပါ သော တင်တင်ဇော်ကို အံ့ဩစွာ နားလည်ရာမှ အလွန်ခင်မင်ရင်းနှီး သော မိန်းကလေးသူငယ်ချင်းအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ တစ်တန်း လုံး မိန်းကလေးများတွင် သူ အခင်မင်ဆုံးမှာ တင်တင်ဇော် ဖြစ် ကြောင်း၊ သူက နှစ်များစွာကြာမှ ဖွင့်ပြောခဲ့သည်။

ယောကျ်ားလေးသူငယ်ချင်းကို ရှေ့က 'ကို' တပ်၍ 'ရှင်' ဟု ဘယ်တုန်းကမှ မပြောခဲ့ဘူးသော တင်တင်ဇော်သည် သူ့ကိုလည်း 'နင်' 'ငါ' သုံး၍ စကားပြောခဲ့သည်။ သူ အဲဒီတုန်းက တော်တော်ကသိကအောက် ဖြစ်သွားကြောင်း နောက်ပိုင်းကျမှပြန် ပြောပါသည်။ သူနှင့်ဇော် အတော်အတိုက်အခံ ပြောလိုက်ရသေး၏။ သူ့အသက်က တင်တင်ဇော်ထက် တစ်နှစ်ကျော်ကျော် ကြီးသည့် အတွက် ဇော်က သူ့ကို ကိုဝင်းမြင့်ဦးဟုခေါ် ရမတဲ့။ သွားစမ်းပါ။ တစ်နှစ်တည်း ဆရာဝန်ဖြစ်မယ့် လူအချင်းချင်းပဲ။ ဘယ်တော့မျှ မလျှော့သည့် တင်တင်ဇော်ကတော့ 'နင်' 'ငါ' ဆက်၍သုံးခဲ့လေသည်။

သူက ယောကျ်ားလေးဆိုတော့ စာအုပ်ရှာဖွေ လေ့လာ သည့်ကိစ္စတွင် ပို၍နှံ့စပ်သည်။ ဇော်ထက်လည်း အမြင်ကျယ်ပြီး ဇော်က သူ့လောကဘာသာစုံ လက်လှမ်းမမီဘဲရှိနေ၏။ ဇော်တို့ ယောက် စာသင်ခန်းဘေးတွင်ဖြစ်စေ၊ လက်တွေ့ခန်းထဲတွင်ဖြစ် စေ စကားပြောကြလျှင် ကျောင်းစာအကြောင်းဘယ်တော့မျှမပါ။

"တင်တင်ဇော်၊နင် အမှောင်ခေတ်မှချစ်သူများ ဖတ်ပြီးပြီ လား"

"ဘာ. . . ဘယ်သူရေးတာလဲ၊ ဟင့်အင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"နင်က အချစ်ဝတ္ထုရေးမယ့်သူဆိုတော့ အဲဒီစာအုပ်ကို ဖတ်သင့်တယ်၊ မနက်ဖြန် ငါ ယူခဲ့မယ်"

သူက သူမထက် ပို၍ သာသည်မှာ အရာဝတ္ထုများအပေါ် ပန်းချီအမြင်ဖြင့် မြင်တတ်ခြင်းပင်ဖြစ်သည်။ ရုက္ခဗေဒလက်တွေ့ခန်း တွင်ပင်စည်များ၊ အမြစ်များကို ခါးလယ်ဖြတ်ပိုင်း အမြင်အာ အကာကြည့်မှန်ပြောင်းဖြင့် ကြည့်ရသည်။

"တင်တင်ဇော်. . .ဒီမှာကြည့်စမ်း၊ ပီကာဆိုဟာ ကျူဘ ဇင်း ပန်းချီမဆွဲခင် ဟောဒီ ဆလိုက်ကို ကြည့်ဖူးပုံရတယ်"

သူ ရယ်စရာပြောလျှင် မျက်နှာက ဘယ်တော့မှမပြုံးဘဲ မျက်လုံးကသာ ရယ်မောလေ့ရှိ၏။

"အဲ. . .ပီကာဆို ဆိုမှသတိရတယ်၊ နင်ငါ့ကို 'လစန္ဒာနဲ့ခြေ ပိုက်ဆံ' စာအုပ်ရှာပေးမယ်ဆို. . . ဝင်းမြင့်ဦး"

"အေးပါဟာ၊ ငါတောင် အဲဒီစာအုပ်ကို မဖတ်ဖူးသေးဘူး"

သိပ်ခင်မင်ရင်းနှီးသွားသောအခါ သူက သူမတို့ ဘော် ဆောင်သို့ လာလည်ပြီး စာအုပ်များ အပေးအယူလုပ်ရင်း ဖတ်ပြီး သော ဝတ္ထုများ၊ ကဗျာများ၊ ဆောင်းပါးများအပေါ် ဝေဖန်ကြသည်။ သူနှင့်ဇော်နှစ်ယောက်လုံး စာနှင့်ပတ်သက်လျှင် အလွန်လောဘကြီး ကြ၏။ ကျောင်းစာကို ဆိုလိုခြင်းမဟုတ်ပါ။ ကျောင်းစာကိုတော့ အနည်းငယ်ပင် ပျင်းရိငြီးငွေ့သေး၏။

ပထမနှစ် အမ်ဘီဘီအက်(စ်) စာမေးပွဲဖြေသောအခါ တင်တင်ဇော် သင်္ချာဘာသာကျလေသည်။ ဇော်တို့ ကျောင်း၏ထုံး အတိုင်း ဆပ်ပလီမင်ထရီ (နောက်ဆက်တွဲ) စာမေးပွဲကို နောက် ခြောက်ပတ်အကြာတွင် ပြန်ဖြေရ၏။ ဝင်းမြင့်ဦးမှာ ဘာသာလေး ကျလျက် ခြောက်ဘာသာလုံး ပြန်ဖြေရလေသည်။ သူမတို့ စိတ္တရမဏ





က်ကွက် ဘော်ဒါဆောင်ရှိ မိန်းကလေးများအနက် ဇော်တစ်ယောက် သာ စာမေးပွဲကျသည်ကို ရှက်ရကောင်းသည်ဟုလည်း မအောက်မေ့ ချေ။ ဆယ်တန်းနှင့် ပထမနှစ်အကြား အချိန်ကာလ နှစ်နှစ်အတွင်း စာမေးပွဲနှင့်ပတ်သက်၍ အမြင်ပြောင်းလဲသွားခြင်းမှာ မြန်ဆန်လွန်း ၍ သူမကိုယ်တိုင်ပင် လိုက်မမီတော့ချေ။ ခပ်လွယ်လွယ် ကောက်ချက် ချလျှင်တော့ တန်ဖိုးထားသည့်အရာ ပြောင်းလဲသွားခြင်းကြောင့် ဟု ဆိုရတော့မည်။

၁၉၇၇ခု၊ နိုဝင်ဘာလတွင် စာမေးပွဲအပြီး ကျောင်းပိတ်ရက် တွင် ဇော် ရေနံချောင်းသို့ တစ်လပြန်သောအခါ အမေက တအံ့တသြ သူမနာ ဖြစ်နေတော့၏။ အမေ့ဘဝတွင် တင်တင်ဇော် စာမေးပွဲကျ သည်ကို တစ်ခါမှ မကြုံဘူးသောကြောင့်ဖြစ်သည်။

ပို၍ အံ့ဩတုန်လှုပ်သွားသူမှာ ဖြိုးကျော် ဖြစ်၏။

တင်တင်ဇော် ဝယ်လာသော မန္တလေးထိုးမုန့်နှင့်လမုန့် များကို ဖြိုးတို့အိမ်သို့ ကိုယ်တိုင်သွားပို့ခဲ့သည်။ ထိုအချိန်မှာပင် ဖြိုးကျော် အား သူမ သင်္ချာဘာသာရှုံး၍ ကွန်ပတ်စာမေးပွဲပြန်ဖြေရန် မကြာမီ အချိန်အတွင်း မန္တလေးသို့ ပြန်ရဦးမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ဖြိုးက သူမရှေ့တွင်ပင် လမုန့်ကိုဖြေ၍စားရင်း "ကျတယ်...ဟုတ် လား" ဟု ပြုံးပြုံးပျာပျာ မေးလေသည်။

"အေး. . . ခုနစ်ဘာသာရှိတာ တစ်ဘာသာကျတယ်။ အဲဒီ တစ်ဘာသာကို ပြန်ဖြေရမယ်"

ဖြိုးက သူမကို ငေးမောရင်း ခေါင်းယမ်းနေလေသည်။

"ဘယ့်နှယ်လဲ ဖြိုးရဲ့၊ မိန်းကလေးဆိုတာ သိပ်တော်ဖို့မ ကောင်းဘူးဆို" သူမ ရယ်မောရင်း ခနဲ့ဖြစ်အောင် ခနဲ့လိုက်သော အခါ ဖြိုးက မျက်နှာပျက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ တင်တင်ဇော့်အိမ်သို့ ဖြိုးကျော်ရောက်လာသောအခါ အိမ်နောက်ဖေး သမံတလင်းပြင် ကျဉ်းကျဉ်းကလေးတွင် ပက်လက်ကုလားထိုင် ချခင်းလျက် စာအုပ်တစ်အုပ် ဖတ်နေသော တင်တင်ဇော်ကို တွေ့ရသည်။

"မိဇော်. . ."

တင်တင်ဇော်က စာအုပ်အထူကြီးကို လက်ညှိုးနှင့်ညှပ်၍ ပိတ်ထားရင်း မေးငေါ့ပြ၏။ ပက်လက်ကုလားထိုင် ဘေးတွင် ခွေးခြေ တစ်ခုချထားပြီး၊ ၎င်းအပေါ်တွင် ကွာစေ့လှော်ပန်းကန် တင်ထားသည်။

"အဲဒီ ပန်းကန်ကို အောက်ချပြီး ထိုင်လိုက်တော့ဟာ"

ဖြိုးကျော်က ပန်းကန်ကို ဖယ်၍ထိုင်ရင်း ကွာစေ့ကော် စားလိုက်သည်။ တင်တင်ဇော် ဖတ်နေသောစာအုပ်မှာ လက်သုံးလုံး မကထူသော ကတ်ထူအဖုံးနှင့် ဆိုက်(၈) အကြီးစားစာအုပ် တစ်အုပ် ဖြစ်၏။ စာအုပ်အဖုံး ကတ်ထူအရောင်မှာ အနီရောင် ဖျော့ဖျော့ဖြစ်ပြီး၊ ထောင့်စွန်းနေရာများတွင် တြိဂံပုံ အနက်ရောင် ပိတ်စဖြင့် ကပ်ချုပ်ထားသည်။

"နင်တို့ ကျောင်းကစာအုပ်တွေက ဒီလို ထူကြတာပဲလား"ဟု ဖြိုးက မသက်မသာမေးလိုက်သောအခါ တင်တင်ဇော်က ဟက်ခနဲ ရယ်မောလေသည်။ ပြောင်စပ်စပ်မျက်နှာပေးဖြင့် စာအုပ်၏ ကပ်ထူအဖုံးကိုလှန်၍ မျက်နှာဖုံးကိုပြ၏။

"ဒီမှာ ဖတ်ကြည့်"

ဆရာကြီး ရွှေဥဒေါင်း၏ ဟစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များ ဟူ၏။ ဖြိုးက မျက်မှောင်တွန့်လိုက်သည်။

"ဒါ ကျောင်းစာလား. . .၊ နင်ကျတာ သင်္ချာဆို. . ."





သူမ ဟက်ဟက်ပက်ပက်ရယ်မောရင်း "ငတုံး"ဟုတစ်ခွန်း ပြောဆဲသည်။ ဖြိုးက ကွာစေ့ပန်းကန်ကို ပေါင်ပေါ်တင်လျက် တဆောက်ထောက်စားရင်း "နင် အခုချိန်မှာသင်္ချာတွက်နေဖို့ မကောင်းဘူးလား"ဟု လေသံဖျော့ဖျော့ဖြင့် အပြစ်တင်လိုက်၏။ သူမ ခေါင်း ခါယမ်းလိုက်သည်။

"ငါ တစ်နှစ်လုံး သင်္ချာအတွက် လေ့ကျင့်ချိန်ပေးခဲ့တာ ခင်းချက်တောင်မရှိဘူး။ ဒါကြောင့်ကျတာ၊ အခု ငါသင်္ချာကို နှစ်ပတ် အချိန်ပေးပြီး လေ့ကျင့်မယ်၊ ဘာ့လို့မအောင်ရမှာလဲ"

"နင် ထပ်ကျသွားရင်ကော. . .၊ ကျရင်ကျောင်းထွက်ရမှာဆို"

တင်တင်ဇော် စုတ်တစ်ချက်သပ်လျက်. . ."ဘယ်လိုနည်းနဲ့မှမကျဘူး"ဟု အသံမာမာဖြင့် ဖြေလိုက်လေသည်။

သူမတို့နှစ်ယောက်လုံး ကျောင်းစာနှင့် ပတ်သက်သော အကြောင်းအရာများကိုသာ ကြိုးစားပြောဆိုနေလျက် ဖြိုးကျော်၏ အချစ်ကိစ္စ၊ တင်တင်ဇော်၏ အချစ်ကိစ္စတို့ကို အတတ်နိုင်ဆုံး ရှောင်ဖယ်နေကြသည်။ ဖြိုးကျော်သည် ဆယ်တန်း စာမေးပွဲကို လောလော ဆတ်ဆတ်လတ်လတ် ရှုံးထားသူဖြစ်ပြီး၊ သူ့ရှစ်တန်းနှစ်က ရည်းစားဖြစ်ခဲ့သော ကောင်မလေး၏ နောက်တွင် ရည်းစားနှစ်ယောက် ထားပြီးပြီဖြစ်၏။ တင်တင်ဇော်ကတော့ ကျောင်းစာသင်ခန်းမှာ မျက်လုံးချင်းဆုံ၍ တစ်ခါတစ်ရံ ရင်ခုန်ပျော်ရွှင်ရသော ခပ်ကြောင်ကြောင် အဖြစ်မျိုးမှတစ်ပါး သူမမှာ အချစ်ကိစ္စဟူ၍ အာရုံထားနိုင်လောက်အောင် အချိန်မရခဲ့ချေ။

တင်တင်ဇော်သည် ပြင်ပကမ္ဘာသို့ စူးစမ်းလေ့လာရန် (စာပေနှင့် ပတ်သက်၍)လောဘကြီးနေခဲ့သော အချိန်များသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

ဖြိုးနှင့် စကားပြောနေချိန်မှာပင် အမေက တင်တင်ဇော်ကို စာအိတ်တစ်ခု လာပေးသည်။ ထိုအချိန်သည် စာပို့သမားစာဝေသည့်အချိန် ဖြစ်သည်။ စာအိတ်မှာ အဖြူရောင်ဖြစ်၏။ ဝင်းမြင့်ဦး၏ လက်ရေးပဲ။ သူ့ လက်ရေး အလွန်လှသည်။ ဇော်သည် ဖြိုးရှေ့မှာပင် စာကို ဖောက်ဖတ်လိုက်၏။

တင်တင်ဇော်. . .

သတိရစွာ စာရေးလိုက်တယ်။ ဒေါ်အုံးဆင့်ဆီသွားပြီး မေးပြီးပြီ။ (ဒေါ်အုံးဆင့်မှာ ဇော်တို့ သင်္ချာ ဆရာမဖြစ်၏) နှလျှော့ရမှာ၊ ချန်ရမှာတွေကို နောက်မှာ ရေးပေးလိုက်ပါတယ်။

ဝတ္ထုဆက်မရေးနိုင်ပါ၊ ကဗျာတော့ရေးတယ်၊ ကဗျာစာအုပ်တွေရပါတယ်။

နင်ကော စာဆက်ရေးဖြစ်သေးလား။

ငါ ရေးထားတာတွေရယ်၊ မိုးဝေထဲက ကဗျာတွေရယ် ရှိတယ်။

ဖတ်ပြီးဝေဖန်ကြတာပေါ့။ ငါ့ရေးဖော်တွေထုတ်တဲ့ ကဗျာစာအုပ်နှစ်အုပ်လည်း ရှိတယ်။

အောင်ရင်တော့ ကဗျာစာအုပ်ထုတ်မယ်လို့ စိတ်ကူးထားတယ်။

စာအကြောင်း ပြောရအောင်. . .

ဆရာမက ပြောတယ်၊ သူ့ သင်္ချာနဲ့တော့ မထွက်ရဘူးတဲ့၊ နင်က အောင်မှာပါ၊ စိုးရိမ်ပူပန်စရာမရှိ။





နင့်. ခုံနံပါတ်က(၂၂)လား (၂၃)လား မသေချာဘူး။ မခင်စန်းနွယ်တို့လည်း ပြန်ရောက်နေကြပြီ။ကနေ့ရောက်တာတဲ့။ သူတို့အတန်း ဒု-အမ်ဘီလည်း ဖွင့်နေပြီလေ။ နင်နိုဝင်ဘာ(၁၉)ရက်နေ့ ပြန်လာမယ်ဆိုတာ သိရတယ်။ (နောက်စာရွက်တွင် ရေးထားသမျှမှာ သင်္ချာနှင့်ပတ်သက်၍ ကြည့်ရမည့် အပိုင်းများ ဖြစ်သည်။)

အမှတ်(၄၀)ရရင် အအောင်ပေးမှာပါ။ ဒု-အမ်ဘီအတွက် စာအုပ်တွေ ဝယ်ထားပေါ့ဟာ။ အဆောင်ပေးမယ်လို့ကြားတယ်။ ဆယ်ယောက်လောက်ပေးမှာတဲ့။ နင်ရမယ်ထင်တာပဲ။

ဝင်းမြင့်ဦး

စာကြွင်း. . .

နားကြပ်နဲ့ထောက်ပြီး ဓားပြတိုက်ရမယ့် အလုပ်မျိုးကတကယ် စက်ဆုပ်စရာကောင်းတာပဲ။ ထမင်းတစ်လုတ်အတွက် ထင်းခုတ်လည်း စားနိုင်ပါတယ်တဲ့။ သခင်ကိုယ်တော်မှိုင်းဂ၊ ပြောဖူးတယ်။ တို့သာ အတော်ဆုံးလူမိုက် ဖြစ်နေရတယ်။

စာကိုဖတ်ပြီးသွားသောအခါ အမြဲတမ်းရင်ထဲမှာ လေးလံနေသော ထုထည်ကြီးတစ်ခုက ပြုတ်ကျသွားသလို ခံစားရသည်။ ...ဘက္ကသိုလ်ကို ဝါသနာမပါဘဲ ရောက်လာရသူမှာ တင်တင်ဇော်...စ်ယောက်တည်း မဟုတ်ကြောင်း ပို၍သေချာသွားသောကြောင့်...သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိဇော်. . . ငိုင်လှချည်လား၊ ဘယ်သူ့စာလဲ. . ."

သူ့အသံကိုကြားမှ ဖြိုးရှိသေးမှန်း သတိရသွား၏။ နှုတ်မပြောတော့ဘဲ စာကို ပေးဖတ်လိုက်သည်။ ဖြိုးက စာဖတ်ပြီးသွားသည်အထိ စကားတစ်ခွန်းမှ မပြောဘဲ၊ တင်တင်ဇော်ကို ငေးကြည့်နေသည်။ သူ့ မျက်နှာမကောင်းလှပါ။

"အဲဒါ. . . ငါ့ရဲ့အခင်ဆုံးယောကျ်ားလေးသူငယ်ချင်းပဲ ဘယ့်နှယ်လဲဖြိုး. . . ဘယ်လိုသဘောရလဲ. . ."

"အင်း. . . ငါ သဘောရတာ ပြောရမယ်ဆိုရင်တော့ တင်တင်ဇော်နဲ့ဖြိုးကျော်ဆိုတာ ဘာမှမတူညီဘူး၊ နင်သိရဲ့လား တို့နှစ်ယောက် တဖြည်းဖြည်း ဝေးသွားနေကြပြီ"

ထိုစကားကို ဖြိုးက လေးလေးနက်နက် ပြောလိုက်ခြင်းဖြစ်၍ တင်တင်ဇော် အံ့ဩဘန်လှုပ်သွားသည်။ သူ ဘာကိုဆိုလိုတာပါလိမ့်။ မေးလိုက်ဖို့လည်း မကောင်းတတ်ပေ။

ထို့နောက် ဖြိုးက ပြုန်းခနဲ မတ်တတ်ရပ်၏။

"သွားလိုက်ဦးမယ်ဟာ၊ ငါ လုလုနဲ့ ချိန်းထားတယ်. . ."

လှည့်ထွက်သွားသော ဖြိုး၏ အပြာရင့်ရောင် စပို့(တ်) ရှပ်အင်္ကျီနောက်ကျောမှ အဖြူရောင်စာတန်းကို တင်တင်ဇော် ငေးကြည့်နေမိ၏။ **Don't Follow Me. . .** တဲ့။

၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလတွင် တင်တင်ဇော်သည် ဒုတိယအမ်ဘီသို့ သူများထက် နှစ်ပတ်နောက်ကျပြီး တက်ခဲ့ရသည်။ ဝင်းမြင့်ဦးနှင့် တင်တင်ဇော်မှာ ဒုတိယအမ်ဘီတွင် ပို၍စည်းလုံးညီညွတ်ခဲ့၏။





ဝင်းမြင့်ဦးနှင့် တင်တင်ဇော်မှာ အချိန်နည်းနည်းအားလျှင်ညက (သို့မဟုတ်) ယခင်တစ်ပတ်က ဖတ်ခဲ့သည့်ကဗျာများအကြောင်းစာအုပ်များအကြောင်း မမောနိုင် မပန်းနိုင် အများတကာခုလောက်အောင် စကားဖောင်ဖွဲ့ရုံမျှ အားမ ယူးသဖြင့်ဆက်ဖက်ရည်ဆိုင်မှာ အတူထိုင်၍ ငြင်းကြခုန်ကြသေးသည်။မင်္ဂလာဒမ်း အဆုတ်ရောဂါကု ဆေးရုံနှင့်မျက်နှာချင်းဆိုင် ဘေးစမ်းဆက်ဖက်ရည်ဆိုင်၊ ငှင်းဆိုင် ပိတ်ပစ်ပြီးသည့်နောက်တွင် ဝင်းသီတာဆက်ဖက်ရည်ဆိုင်၊ ယုဇနလက်ဖက်ရည်ဆိုင် စသည်တို့တွင် တာမေ့အမြော စကားပြော၍ ကောင်းလှသည်။

အတန်းတူ မိန်းကလေး ယောကျ်ားလေး အချို့က တင်တင်ဇော်တို့နှစ်ယောက်ကို အတွဲသဖွယ် သဘောထား၍ စကြနောက်ကြသော်လည်း တင်တင်ဇော် မဖြုလှပေ။ သူတို့ မသိသေး၍ နယ်စရာကောင်းနေသော အချက်နှစ်ခုရှိ၏။ တစ်ခုမှာ ဝင်းမြင့်ဦးသည် တင်တင်ဇော်နှင့် တစ်ခန်းတည်း အဆောင်နေ သူငယ်ချင်းခင်စန်းနွယ်ကို ချစ်မြတ်နိုးနေခြင်းဖြစ်ပြီး၊ နောက်တစ်ခုမှာ တင်တင်ဇော်၏ စာကြည့်စားပွဲတွင် ငယ်သူငယ်ချင်း ဖြိုးကျော်၏ ကိုယ်တစ်ပိုင်း ဓာတ်ပုံကလေးကို ထောက်မှန်ကလေးထဲတွင် အကျအနထည့်လျက် အပေါ်မှတင်တင်ဇော်၏ ဓာတ်ပုံဖြင့် လူမသိအောင်ဖုံးလျက် တိတ်တခိုး အလွမ်းဖြေနေခြင်းပင်ဘည်း။

ကျောင်းစာနှင့်ပြင်ပစာ နှစ်မျိုးရောထွေးလျက် ဦးနှောက်နှင့် အလုပ်ရှုပ်နေသော တင်တင်ဇော်က စာမှန်မှန် မပြန်နိုင်သော်လည်း ဖြိုးကတော့ သူမဆီ စာမှန်မှန်ရေးလျက်ရှိသည်။ သူသည် စာရေးလျှင် အမြဲတမ်း 'ဇော်ရေ. . . နေကောင်းရဲ့လား' အစချီလျက်ရေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် အဆောင်ရတယ်ဆို. . . ဒေါ်လေးက ပြောတယ် အဆောင်ထမင်းဟင်းဆိုတာ ညံ့တတ်တယ်လို့ ဒေါ်လေးက တဖွဖွ ပြောနေတယ်၊ နင်ကလဲ အစားနည်းလွန်းတော့ ဒေါ်လေး စိတ်မချ ဘူးပေါ့ဟာ။ အစားများများစားဟ၊ ရုပ်ရှင်တွေသိပ်မကြည့်နဲ့။ ဒီတစ် ခေါက် နင်လာတုန်းက နင် စိတ်ဆင်းရဲမှာစိုးလို့ မပြောလိုက်တာ နင် သိပ်ပိန်တာပဲ။ ငါ စိတ်မကောင်းဘူး။ ဘာအားဆေးတွေ စားရ ဝမလဲ၊ ဆရာတွေမေးပြီး စားဦး. . ."

တစ်ခါတော့ ရေနံချောင်းဂ၊ လူကြုံဖြင့် အမေက ပုံစွန် ခြောက်ကြော်၊ ငရုပ်သီးကြော်၊ လက်ဖက်နှပ်များ ထည့်ပေးလိုက်သည် နည်းတူ ဖြိုးက တင်တင်ဇော်အတွက် အားဆေးပုလင်းများထည့် ပေးလိုက်သေး၏။ ဘားပလက်စ်တစ်ပုလင်းနှင့် ဖျူရာမင် ဘီဝီ တစ်ပုလင်း ဖြစ်လေသည်။ တစ်ခန်းတည်းနေသော ခင်စန်းနွယ်က တင်တင်ဇော် ခဏခဏ ကြားလွန်း၍ နားကြားပြင်းကတ်လာဟန် ဖြင့် ထမင်းစားခန်းမှ ပြန်လာတိုင်း အားဆေးတွေ လုလုသောက် တတ်သော့ကြောင့် ဝှက်ထားရသေး၏။

ဖြိုးသည် သူ့အချက်ကိစ္စကို ဘယ်တော့မျှ စာထဲထည့်မရေး သူ့ရည်းစား၏ နာမည်လေးမျှပင် မပါချေ။

"ဟိုတစ်နေ့က ငါMix Double ကြက်တောင်ရိုက် ပြိုင်ပွဲ မှာ မနီနီနဲ့အတူ တွဲရိုက်ရတယ်။ မနီနီကို နင် သိတယ်မဟုတ်လား ငါတို့လမ်းထဲကပဲလေ။ ငါတို့နိုင်တယ်။ ဆုရတဲ့အထဲမှာ မျက်နှာသုတ် ပဝါလေးက သိပ်လှတာပဲ။ နင်ကြိုက်တဲ့ အပြာနုရောင်လေးဟာ





င်လိုချင်လား၊ ငါ မသုံးဘူး၊ သိမ်းထားတယ်"ဟု တင်တင်ဇော် ပြာရောင်ကြိုက်တတ်သည်ကိုလည်း သတိထားမိပြန်သေး၏။

"သွေးမြင်ရင် မူးတတ်တဲ့ နင့်အကျင့်ကို ငါသိတယ်၊ လွန်ခဲ့ ဆယ်နှစ်လောက်တုန်းက ငါ မာလကာပင်ပေါ်က လိမ့်ကျတာ င်မှတ်မိတယ်မဟုတ်လား။ ဒူးခေါင်းကွဲသွားတော့ ချုပ်ရတာလေ။ ဒီတုန်းက နင် မူးလဲသွားတာ ငါ ဘယ်တော့မှ မမေ့ဘူးမိဇော်။ အခု လူသေတွေခွဲနေရပြီမဟုတ်လား။ လူသေဆိုတာ သွေးမထွက် မယ့် နင့်အတွက် ငါစိတ်ပူတာပဲ။ နင် ခွဲနေရင်း မမူးဘူးလား။ ရာဦးမင်းထွဋ်ကပြောတယ်၊ အစာမရှိဘဲ အကြာကြီး မတ်တတ် ်ရရင် မူးတယ်တဲ့။ နင်လဲ အဲဒီစာသင်ချိန်ဆို ကော်ဖီလေး လေးသောက်သွားပေါ့ဟာ"

လူကြီးသူမသဖွယ် မိုင် (၁၉၀) အဝေးမှ လှမ်းစိတ်ပူ တ်သေး၏။

ဖြိုး ပူပင်စွာ စာလှမ်းရေးသော ခန္ဓာဗေဒ ခွဲစိတ်ခန်း လောင်းစင်တွင် တင်တင်ဇော် ဘာမှမဖြစ်ခဲ့ပါ။ ခွဲခန်းသို့ င်ရသည့် နှစ်စရက်များဆီက အဆောင်မှာ ဝက်သားအဆီ တဝင်း ကျွေးလျှင် သူငယ်ချင်းတစ်စု လှည့်ပင်မကြည့်ဘဲ အိမ်မှ ပါလာ သော ငါးပိကြော်၊ ပုစွန်ခြောက်ကြော်၊ လက်ဖက်သုပ်တို့နှင့် စားပြီး ဝက်သားဟင်းကို အတတ်နိုင်ဆုံး အာရုံမှဖျောက်ထားခဲ့ရသည်။ အုပ်ပိုင်း ဝမ်းဗိုက်ပိုင်း ခွဲစိတ်ရသော ကာလများတွင် ဆိတ် လီစာ၊ ဝက်အသည်းအဆုတ်ကို အော်ဂလီဆန်စွာ တွန်းထုတ် ရင်း အကြော်တစ်ချပ် စမူဆာတစ်ခုနှင့် စားခဲ့ရပေါင်းများလာ သောအခါ တစ်သက်လုံး ဘာအသည်းအူမှ မစားနိုင်တော့အောင် ဖြတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးကလည်း ဘယ်တုန်းကမှ စိတ်ပူရကောင်းမှန်းမသိ သော၊ တင့်တင်ဇော်ကိုယ်တိုင်လည်း မူးဝေဖို့ပင် စိတ်မကူးခဲ့ဘူးသော ဇီဝကမ္မဗေဒ လက်တွေ့ချိန်တွင် တင်တင်ဇော် နှစ်ကြိမ် မူးဝေခဲ့သည်။

ပထမတစ်ကြိမ်မှာ သွေးနှင့်ပတ်သက်သော ဇီဝကမ္မဗေဒ လက်တွေ့ချိန်ဖြစ်၏။ ကျောင်းသား ကျောင်းသူများသည် ကိုယ့်သွေး အုပ်စုကို ကိုယ့်ဘာသာခွဲခြားရ၏။ အပ် ခပ်တုတ်တုတ်တစ်ချောင်းနှင့် အရက်ပြန်စိမ်သော ဂွမ်းပုလင်းများနှင့် ချပေးထား၏။ ကျောင်းသား တိုင်း မိမိ၏ လက်ညှိုးထိပ်မှ သွေးကို ဖောက်လျက် လေးထောင့်မှန် ပြားချပ်ပေါ် တင်ကာ သွေးစစ်ရသည်။ တင်တင်ဇော်သည် မိမိ လက်ထိပ်မှ သွေးကို အပ်နှင့်ဖောက်ဖို့ ဘယ်လိုမှကြိုးစားအားတင်း၍ မရဘဲရှိနေ၏။ သူများတွေက သွေးကိုစစ်နေပြီ။ တင်တင်ဇော်မှာ ယခုထိ သွေးမရသေး။ တင်တင်ဇော်နှင့် တွဲရသည့် မိန်းကလေး သူငယ်ချင်းကလည်း သူ့ကိုယ်သူ မဖောက်ရဲ။ သည်တော့နှစ်ဦး သဘောတူ တစ်ယောက်လက်ထိပ်ကို တစ်ယောက်ဖောက်ပေး ကိုင်ပင်ကြသည်။ ဇော့်လက်ညှိုးကို သူဖောက်ပေးသော အ မျက်စိတစ်ချက် မှိတ်ထားရုံမှ တစ်ပါး တခြားဘာ ပြဿနာမှမရှိ သူ့ လက်ညှိုးထိပ်ကို ဇော် ဖောက်ဖို့ကျတော့ ပြဿနာ အကြီးအ ကျယ်ဖြစ်တော့၏။ တင်တင်ဇော်သည် သူ့လက်ညှိုးထိပ်ကို ဘယ်လိုမှပေါက်အောင် မစိုက်နိုင်ဘဲရှိနေ၏။ တစ်နေရာမှ ဝင်းမြင့်ဦး က တင်တင်ဇော့်အဖြစ်ကို မြင်သွား၏။

"ညံ့လှချည်လား တင်တင်ဇော်၊ နင်လုပ်တာနဲ့ ဟိုမှာ Pa Shock ရတော့မယ်၊ ပေး. . ."

ဝင်းမြင့်ဦးက ဖောက်လိုက်တော့ တစ်ချက်တည်းနှင့်သွေး တွေ အများကြီးရလာသည်။ မိမိလက်မှ သွေးများကို ကြည့်လိုက်





ငယ်ချင်း၏လက်မှ သွေးများကို ကြည့်လိုက်နှင့် တဖြည်းဖြည်း ပြန်၍ မူးဝေလာသည်။ သူငယ်ချင်းတွေ မသိအောင် ခပ်ရှက် ဖြင့် ကြိုးစားထိန်းချုပ်ထားသော်လည်းမရ။ ဝင်းမြင့်ဦးက ဘင်ဇော့် နဖူးဆံစပ်မှ ချွေးများကို မြင်ဖြစ်အောင်မြင်သွား၏။ ယ်လိုက်မလားဟု စိုးရိမ်ပေမယ့် သူက ပြုံးပင်မပြုံးပါ။

"ဟာ. . . နင်မူးနေပြီ။ လာ. . . လာ၊ အပြင်ထွက်၊ ဒီထဲက ပိတ်တယ်" အပြင်သို့ တွန်းတွန်းတိုက်တိုက်ပို့၏။ ထိုနေ့က အခန်း ဘက် စင်္ကြံတွင် ငါးမိနစ်လောက်ကြာအောင် ထိုင်စနေခဲ့ရသည်။

နောက်တစ်ကြိမ်မှာ ဖား၏နှလုံးကို ထိန်းချုပ်သော နာဗ် ထိန်းအားကို စမ်းသပ်သည့် လက်တွေ့ခန်းတွင်ဖြစ်၏။ မနှစ်အမ်ဘီတွင် တင်တင်ဇော် ဖားအကောင်ရေများစွာ၊ ဝက် ကောင်ရေများစွာ ခွဲစိတ်ခဲ့ဖူးပါသည်။ သို့သော် ထိုဖားများ၊ ဝက် မှာ အသေများ ဖြစ်ကြ၏။ ယခုတစ်ကြိမ် စမ်းသပ်ခံဖားမှာ အရှင် ၏၊ ဖားကို အသေခွဲလျှင် ဖား၏ နှလုံးသေသွားပြီဖြစ်သော ှ့် ဖားကို အရှင်ခွဲရခြင်းဖြစ်သည်။ ဖား၏ဦးနှောက်ကို သေသွား င် အလျှင်လုပ်ရသည်။ အရပ်အလွန်ရှည်ပြီး ဝဖိုင့်လျက်၊ ည်ချောမောသော ဆရာကြီး ဦးရှာရာဇင်းက တင်တင်ဇော်တို့ကို တွေ့စမ်းသပ်နည်း အဆင့်ဆင့် အစအဆုံးပြသသွား၏။

ဖားကလေးကို သနားပါတယ်။ သူ့ကို တို့မေးဆေးပေး ကြရအောင်ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် တစ်ဖွဲ့လုံး ပြုံးပြုံးပြော၏။ ဖားကိုဘယ်လို မေ့ဆေးပေးမလဲ၊ သူမစိတ်ဝင် ချိန်တွင် ဆရာက ဖား၏ နောက်ခြေထောက်နှစ်ချောင်းကို ၍ လွှဲယမ်းကာ အုတ်နံရံနှင့် ဖား၏ခေါင်းကို အရှိန်ပြင်းပြင်း သည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေ့" လွှတ်ခနဲ အာမေဋိတ်သံ ထွက်သွား၍ ဇော်
ကမန်းကတန်း နောက်ဆုတ်လိုက်ရသည်။ ဖားကလေးသည် မူးနေ
သတိလစ်သွားလေသည်။ ထိုအခါ ဆရာက "ကဲ. . . အချိန်တိ
ကျကျရမှ ဖြစ်မယ်"ဟု ခပ်သွက်သွက်ပြောပြီး ဖားကို စားပွဲပေ
မှောက်လျက်တင်၍ ဖား၏ မျက်လုံးနှစ်လုံးကြား အထက်တည့်
တည့်နေရာကို သံချွန်ရှည်ဖြင့် ထိုးဖောက်ပစ်လိုက်၏။ တင်တင်ဇော်
သည့်တစ်ခါ အာမေဋိတ်သံ မထွက်တော့ပါ။ နောက်သို့ ခြေတစ်လှမ်
ထပ်ဆုတ်လျက် ပါးစပ်ကို လက်ဝါးဖြင့် အမှတ်မထင် အုပ်ထား
သည်။ ဆရာက ဖား၏ ဦးနှောက်တွင်းရောက်သွားသော သံချွန်ကို
ဦးနှောက် ကြေမွသွားအောင် ရည်ရွယ်ချက်ဖြင့် မွှေယမ်းပစ်လိုက်
သေးသည်။ တင်တင်ဇော့်ဗိုက်ထဲက တရစ်ရစ်နာလျက် မူးနောက်
လာတော့သည်။ မျက်လုံးများ ပြာဝေနေသော်လည်း ဖား၏ ဦးခေါင်း
ထဲမှ သံချွန်ကို ဆရာဆွဲထုတ်လိုက်သည်ကို လည်းကောင်း၊ ဖား၏
တဖြည်းဖြည်း လည်ပတ်၍ရသည့် သံဖြူဒရမ်လုံးနှင့် ဆက်ထား
သော လက်တွေ့ခွဲစိတ်သည့် သစ်သားခုံ သေးသေးကလေးပေါ်
ပင်အပ်လေးချောင်းဖြင့် ခြေကားရား စိုက်လျက်တင်လိုက်သည်ကို
လည်းကောင်း မြင်ရ၏။ ထို့နောက် ဖား၏ဝမ်းဗိုက်အရေပြား ကလေး
ကို ညှပ်ဖြင့်အသာ စုဆွဲပြီး ကတ်ကြေးဖြင့် လည်ချောင်း တစ်လျှောက်
ထိ အောက်မေးရိုးအစပ်ထိ တောက်လျှောက် ကိုက်ညှပ်ခွဲပစ်သည်
ကို ဝိုးတဝါးမြင်ရသေးသည်။ ထို့နောက် ဘလှုပ်လှုပ်ခုန်နေသော
နှလုံး၏ အပေါ်ပိုင်းကို ယံချိတ်သေးသေး ရှည်ရှည်ကလေးဖြင့် ထိုး၍
ကော်လိုက်သောအခါ နီရဲသော နှလုံးကလေးက အပေါ်သို့မြောက်
တက်လာသည်။ ဤအချိန်မှာ တင်တင်ဇော် အမူးဆုံးအချိန် ဖြစ်၍
အပြင်ထွက်ပြီး လေအေးအေး ရှူချင်စိတ်ပေါက်လာသည်။ သို့သော်





လက်တွေ့လုပ်နည်း အဆင့်ဆင့်ကို လွှတ်သွားမည်စိုး၍ အပြင်မထွက်
ဘဲ အံကြိတ်၍တင်းနေသည်။ လည်ပတ်နေသော သံဖြူဒရပ်ပေါ်
ပတ်ထားသည့် အနက်ရောင်မင်ခံစက္ကူပြားပေါ်မှ ဂရပ်ဖ်မျဉ်း လှိုင်းများ
ပေါ်လာသည်ကို အစအဆုံး ကြည့်နေလိုက်နိုင်၏။

"တာမေးပွဲကြီး လက်တွေ့မေးခွန်းတွေထဲမှာ ဒီသင်ခန်းစာ
ပါသည့်မေးမှာလား ဆရာ"ဟု ပူပင်သောကဖြင့် မေးမိသေး၏။ ဆရာ
က ခပ်ပြုံးပြုံးဖြင့် "ဟာ. . .မေးမှာ၊ မေးမှာ သေချာကြည့်ထား" ဟု
ပြောသည်။

ဇီဝကမ္မဗေဒ လက်တွေ့စာမေးပွဲမှာ မနိုက်၍ ကံဆိုး
ကောင်းဖြေရခြင်း ဖြစ်လေသည်။

ဒီဥစ္စာများ ငါ မကျလို့ကတော့ စာမေးပွဲကျသွားပစေ၊ဒါကို
ငါမလုပ်ဘူးဟု ဆုံးဖြတ်ချက် ချလိုက်မိ၏။

*   *   *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

၁၉၇၉ ခုနှစ်၊ မေလတွင် တင်တင်ဇော် တတိယအမ်ဘီ ရောက်၏။

တင်တင်ဇော်သည် ဆေးရုံသို့ စတင် သင်ကြားရသည့် ပတ်မှာပင် မူးလဲခဲ့၏။

ထိုနေ့က အိပ်ရာထနောက်ကျသဖြင့် မနက်ကော်ဖီနှင့် တာကို (ထမင်းစားခန်းသို့သွား၍) မစားနိုင်ခဲ့ချေ။ ခွဲစိတ်ရုံ(၂) တ်တော့ ဆရာက 'ကိုလော့စတမီ' Colostomy သင်ခန်းစာကို ဆောင်ထဲတွင်သင်သည်။ ဆရာကမတ်တတ်ရပ်ပြီး ကျောင်းသား လည်း မတ်တတ်ရပ်လျက် မှတ်စုစာအုပ်ထဲတွင် လိုက်ရေးမှတ် သည်။

လူနာမှာ စအိုအထက်ပိုင်း ကင်ဆာရောဂါဖြစ်သည်။ စအို လုံးဖြတ်ပစ်ပြီး၊ အူမကြီးအောက်ပိုင်းကို ဝမ်းဗိုက်အပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



အခွဲလိုက်ထုတ်၍ ပလတ်စတစ်အိတ်ဖြင့် စွပ်လျက် အညစ်အကြေး စွန့်ရသူဖြစ်သည်။ တင်တင်ဇော်တို့ အဖွဲ့သားအားလုံး Colostomy အား စုပြုံဝိုင်းကြည့်ကြသည်။ သည်မျှ သန့်ရှင်းလတ်ဆတ်သော အူ ကို သူမ တစ်ခါမှ မမြင်ဘူးချေ။ အူမှာ အခွဲလိုက် အရည်စိုစွတ် လျက် နီရဲနေသည်။ ဇော့် စိတ်အထင် အနည်းငယ်ပင် လှုပ်လာသ လိုရှိ၏။ ကြည့်ရင်းကြည့်ရင်း သူမ မူးဝေလျက် အမြင်အာရုံ ပြာသွား သည်။ သူမ ယိုင်ခနဲ ဖြစ်သွားသည်ကို ဆရာက မြင်သွား၏။

"ဘာဖြစ်လဲ. . . မူးသလား. . ."

ထို့နောက် ဆရာက အလုပ်သင်ဆရာဝန်အိပ်ခန်းသို့ခေါ် သွားစေ၏။ ဖြူဖွေးသော အိပ်ရာခင်း ခင်းထားသည့် ခုတင်ပေါ် လှဲအိပ်ခိုင်း၏။ ဇော့်ကို သွေးခုန်နှုန်းစမ်းကြည့်ပြီး ဘေးက မှန်တံခါး သူကိုယ်တိုင် ဖွင့်လေသည်။ ထို့နောက် မျက်နှာကျက်ပန်ကာ ဖွင့်လိုက်သည်။ ဆရာဦးခင်မောင်ညွန့်နှင့် ဆရာဦးဟန်စော အထဲဝ လာကြသောအခါ သူမကို သွေးဖိအားတိုင်းခိုင်း၏။ ထို့နောက် ခုတင် ခြေရင်းကို မြှင့်ခိုင်းပြန်သည်။ ခဏကြာတော့သူမ သက်သာသွားပြီး အန်ချင်စိတ်လည်း ပျောက်သွားသည်။ သို့သော် ဆရာကြီး ဦးအောင်ညွန့်က အခန်းထဲဝင်လာပြီး ငါးရာနှုန်း ဂလူးကို့(စ်) ပုလင်း ကြီး သွေးကြောမှသွင်းပေးရန် အမိန့်ပေးသည်။

ထိုနေ့က နှစ်နာရီကြာအောင် သည်းညည်းခံကာ ထိုအခန်း ထဲတွင် ငြိမ်သက်စွာ လဲလျောင်းနေခဲ့ရသည်။ အပြန်ကျတော့ ဆရာ ဦးခင်မောင်ညွန့်က သူ့ လင်းရှိဟာ ကားစိမ်းကလေးဖြင့် အဆောင် အထိ လိုက်ပို့ပေးလေသည်။

တင်တင်ဇော့်အဖြစ်မှာ တစ်ဆောင်လုံး ပြောစမှတ်ဖြစ်၍ ကျန်ခဲ့သည်။





ထိုအကြောင်းကို အမေ့ဆီ စာတစ်စောင်၊ ဖြိုးဆီသို့စာ တစ်စောင် ရေးပို့လိုက်သေးသည်။ ဇော့်ထံမှ စာရလျှင်ရချင်း ရက်မ ဆိုင်းဘဲ စာပြန်ဖို့လေ့ရှိသည့် ဖြိုးသည် တစ်လလုံးလုံး ထိုစာကို မပြန် နိုင်ရှိနေသည်။ ဖြိုးဘာကြောင့် စာမရေးပါလိမ့်။ စာထဲမှာ ဖြိုး ညည်းမခံနိုင်မည့် အကြောင်းအရာတစ်ခုခုများ ပါသွားလေသလား စိတ်ပူလျက်ရှိသည်။

မထင်မှတ်သည့် အချိန်ကျမှ ဖြိုးဆီက စာကိုရသည်။ ဖြိုး၏ စာကို ၁၉၇၉ ခု၊ ဇူလိုင်လ၏ မိုးသည်းသော နေ့လယ်ခင်းတစ်ခုတွင် ရရှိသည်။

ဇော်. . .

နေကောင်းရဲ့လား။

ငါ နင့်ဆီ စာရေးဖို့ကြိုးစားတာ တစ်လလောက်ရှိပြီ။ ဒါပေမယ့် ဘယ်လိုမှရေးလို့မရဘူး။ ငါ့စိတ်တွေ အရမ်းလေလွင့်နေတယ်။ ဒီစိတ်ဝေဒနာမျိုးကို နင် မခံစားဘူးလို့ နင် ကိုယ်ချင်းစာတတ် မှာလည်း မဟုတ်ဘူး။ လွန်ခဲ့တဲ့ ငါးနှစ်က ဖေဖေ ဆုံးသွားတုန်း က ငါ ငယ်လည်းငယ်သေးတယ်။ တအားကြီးလည်း ပူဆွေး မနေခဲ့ရဘူး။ အခုတော့ ငါ့ဘဝမှာ တစ်ဦးတည်းကျန်ရစ်တဲ့ မာမီ က သားအိမ်ကင်ဆာနဲ့ ဆရာဝန် နေ့တိုင်းပြနေရပြီ။ ဇော်ရေ ဆရာကပြောတယ်။ မာမီ့ရောဂါက အဆင့်(၄) တောင် ရောက်နေပြီတဲ့။ ဘာမှ လုပ်မနေနဲ့တော့တဲ့။ ဓာတ်ကင်ရုံပဲရ မယ်၊ ခွဲလို့လည်း မရတော့ဘူးတဲ့။ အလွန်ဆုံး ခြောက်လပဲလို့ ခန့်မှန်းတယ်။ မာမီ့ကို စိတ်ချမ်းသာအောင်ထားပါတဲ့။ အဲဒါ ငါ ဘာလုပ်ရမလဲဟင်. . .။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား ဇော် သူ့ကို ဘယ်လို နှစ်သိမ့်ဖျောင်းဖျနိုင်မည်လဲ။ ထိုနေ့တစ်နေ့လုံး သားအိမ်ကင်ဆာနှင့်ပတ်သက်သည့်ရောဂါလက္ခဏာများ၊ ခံစားရသည့် ဝေဒနာများ၊ ကုထုံးများ၊ ဆေးဝါးများအကြောင်းကို နောက်ဆုံးနှစ်အပိုင်း(ခ)မှ အစ်မတစ်ယောက်ထံ မေးကြည့်နေမိသည်။

အလွန်အေးဆေးနူးညံ့သော ဖြူးတို့ မာမီကို မျက်စိထဲတွင် မြင်ယောင်လျက် သနားမိသည်ကတစ်မျိုး၊ အလွန် ဖျက်ရည်နိုင်သော ဖြူးတစ်ယောက် သူစိတ်ညစ်ညူးလျှင် သွားထိုင်နေကျ ခြံထောင့်က ကောရာဇ်ပင်ကြီးအောက်မှာ ထိုင်လျက် ဝမ်းပန်းတနည်း ငိုယိုနေမည့်ဟန်ကို မြင်ယောင်ပြီး စိတ်ထိခိုက်မိသည်ကတစ်မျိုး၊ အမျိုးမျိုးသော ထိခိုက်ကြေကွဲမှုတို့ဖြင့် ညတွင်ဖတ်နေကျ ပြင်ပစာများကိုပင် မဖတ်နိုင်ဘဲ ရှိနေသည်။

ဖြူး၏ ပူပင်သောကကို ဘယ်လောက်ပဲ မျှဝေခံစားလိုသည်ဟု ပြောပြော၊ တကယ်တမ်း စိတ်သောကရောက်ရသူမှာ ဖြူးသာ ဖြစ်ပေလိမ့်မည်။ အသက်(၁၇)နှစ်အရွယ်တွင် အားကိုးစရာဖခင်ဆုံးရှုံးခဲ့ရပြီးသော ဖြူးသည် အသက်(၂၂)နှစ် အရွယ်တွင် မိခင်ကို ထပ်မံ ဆုံးရှုံးရဦးမည်ဆိုပါက ခံနိုင်ရည်မှရှိပါ့မလား။ အပြင်ပန်းအားဖြင့် ခပ်ပေပေ မာကျောဟန်ရှိသော ဖြူးသည် စိတ်ဆိုးလွယ်ထိခိုက်လွယ်၍ ဝမ်းနည်းလွယ်သော စိတ်နှလုံးနူးညံ့သူ တစ်ဦးသာဖြစ်သည်။





ဖြူး . . .

ငါအများကြီး ဝမ်းနည်းပါတယ်။ ဒါ အလွန်တုန်လှုပ်ဖို့ ကောင်းတဲ့ ဆုံးရှုံးမှုကြီးတစ်ခုပဲ။
ဒါပေမယ့် တို့ လူသားတွေဟာ သေခြင်းတရားကို တို့ထင်ထားတာထက် ပိုပြီး ခံနိုင်ရည်ရှိကြပါတယ်။

ဟာ. . .သေတော့မှာပဲ။ ဘယ်လောက်တုံးလိုက်တဲ့ နှစ်သိမ့်နည်းလဲ။ မတော်တဆ ငါ့အဖေနဲ့ ငါ့အမေ တစ်ယောက်ယောက်ဆုံးတော့ ငါ့ကိုလာပြောခဲ့ ဆိုတာလေး ပြန်ကြားရင် သေတော့မယ်ဆိုရင် ငါ ဒီလို အကြောင်းအကြောင်း စာမျိုးရေးနိုင်ပါဦးမလား။

တင်တင်ဇော်သည် ရေးလက်စ စာရွက်ကို ဆွဲဖြုတ်လျက် ခြေခြ ပစ်ပေါက်လိုက်မိသည်။

နောက်တစ်ရွက် ထပ်ရေးရ၏။

ဖြူး . . .

နင် သတ္တိ အများကြီးရှိဖို့လိုနေပြီ။
ဘဝတစ်လျှောက်လုံး နောင်တကင်းကင်း နေထိုင်သွားဖို့ တရားမမှုအပြင် ကိုယ့်ကိုယ်ကို အားတင်းခြင်းဆိုတာလည်း မရှိမဖြစ် လိုအပ်ပါတယ်။
ငါ ရေနံချောင်းကို ဒီလကုန် ပြန်လာခဲ့ဦးမယ်။ အခု လောလောဆယ် နင်တစ်ယောက်တည်း သတ္တိရှိရှိ ရင်ဆိုင်ထားနှင့်နိုင်လိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ (၁၇)ရက်နေ့ ညနေလေးနာရီ ထွက်သော ခေတ္တရာမန်းကားဖြင့် တင်တင်ဇော် ရေနံချောင်းသို့ ပြန်လာခဲ့သော သည်။ အိမ်သို့ နံနက် ငါးနာရီ ဆယ်မိနစ်ကျမှရောက်၏။ နံနက် ပိုင်းတွင် ဖြိုးတို့အိမ်သို့ ချက်ချင်း ကူးသွားလိုက်သည်။

ထင်သည့်အတိုင်း အပြုံးအရယ်နည်းပါး၍ စိတ်သော ရောက်နေဟန် မျက်နှာထားမျိုးဖြင့် ဖြိုးကို တွေ့လိုက်ရတော့သည်။

"ဖြိုး. . ."

ဖြိုးက တင်တင်ဇော်ကို အပြုံး မည်ကာမတ္တဖြင့် ခေါင်း ကြိုပြုပါသည်။

"ငါ မာမီ့အတွက် ကော်ဖီဖျော်နေတာ၊ မာမီက ပေါင်မုန့် မီးကင်ထောပတ်သုတ် စားချင်လို့. . . တဲ့"

အသံက အဖျားဆွတ်၍ တိမ်ဝင်သွားသည်ဟု ထင်မိ သဖြင့် ဖြိုးကို ခပ်တွေတွေ ငေးစိုက်ကြည့်မိသည်။ ဖြိုးမျက်လုံး မျက်ရည်စများ မတွေ့ရပါ။ သူ့ဘေးနားမှာ ပေါင်မုန့်ထောပတ်သုတ် နှစ်ချပ် ပန်းကန်ပြားထဲ ထည့်ထားပြီးသားတွေ့ရ၏။ တစ်ညလုံး ကားပေါ်တွင် စဉ်းစားထားသည့် ဖြေသိမ့်စကားများသည် ညိုးမှိုင်း သော ဖြိုးမျက်လုံးများအောက်တွင် ပျောက်ကွယ်ကုန်ကြသည်။

"နင်. . . ကျောင်းကခွင့်ယူလာတာလား"

"အေး. . . စနေ၊ တနင်္ဂနွေနဲ့ပေါင်းပြီး ခွင့်နှစ်ရက်ယူ ခဲ့တာ၊ အောက်တိုဘာအထိ မစောင့်နိုင်တော့လို့လေ"

"အလကားသက်သက် အလုပ်ရှုပ်တာပေါ့ ဇော်ရာ၊ ငါ စာတစ်စောင်လောက် ရေးလိုက်ရင်ကိုပဲ ငါအားတင်းလို့ရမှာ အောက်တိုဘာကျ တွေ့နိုင်သေးတာပဲ၊ အေးလေ. . . အောက်တိုဘာ အထိ မာမီ ရှိနေသေးရင်ပေါ့"





ဖြိုးက စကားပြောရင်း မွှေလက်စဇွန်းကို ကော်ဖီပန်းကန် ထဲသို့ ပစ်ချလျက် ပြတင်းပေါက်ဘက်သို့ ချာခနဲ လှည့်ထွက်သွား သည်။ တင်တင်ဇော်မှာ ကော်ဖီပန်းကန်ကို ငုံ့စိုက်ကြည့်လျက် ငိုင်တွေစွာ ရပ်ကျန်နေခဲ့၏။ ဟိုဘက်လှည့်ငေးနေသော ဖြိုး နောက် ကျောကို အူကြောင်ကြောင်လှမ်းကြည့်ရင်း ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်နေသည်။ သူ့ပခုံးကို ကိုင်လျက် နှစ်သိမ့်ပေးဖို့ တင်တင်ဇော် မဝံ့မရဲ ဖြစ်နေလေသည်။ သူ့အနီးသို့ သွားရပ်ပြီး သူ့လက်ကို အားပေးသလို ဆုပ်ညှစ်ပစ်လိုက်ရမလား စဉ်းစားဆဲ သူက စားပွဲဘက်သို့ ပြန်လှည့်လာခဲ့သည်။ သူ့မျက်ဝန်းများ မျက်ရည် ဝိုင်းထင်းနေခြင်း မရှိပါ။ အနည်းငယ် ရီဝေလျက်သာရှိသည်။ သူက ဇော့်ကို ပြုံးပြလိုက်သေး၏။ ထို့နောက် ကော်ဖီပန်းကန်ကို မ,လျက် "လာ. . . အပေါ်ထပ် သွားရအောင်" ဟု ခေါ်သည်။ တင်တင်ဇော် က ပေါင်မုန့်ပန်းကန်ကို မ,လျက် သူ့နောက်မှ လိုက်လာခဲ့၏။

"ဇော်. . . မာမီ့ကို သူ့ရောဂါအကြောင်း အသိမပေးရ သေးဘူး"

လှေကားတစ်ဝက်တွင် ဖြိုးက သတိပေးသလိုလို ခပ် တိုးတိုး ပြောသည်။

"အေးပါ. . . ငါနားလည်ပါတယ်"

ဖြိုးတို့မာမီသည် ခုတင်ပေါ်တွင် ခေါင်းအုံးသုံးလုံးဆင့် လျက် နောက်ကျောမှီကာ ခြေဆင်းထိုင်နေ၏။ သနပ်ခါး ခပ်မှုန် မှုန် လိမ်းထားသည်။

"ဟော. . . ဇော်ပါလား၊ ဘယ်တုန်းကရောက်လဲ သမီး"

အသံက လူမမာတစ်ယောက်၏ ချည့်နဲ့သော လေသံမျိုး မဟုတ်သဖြင့် သူမ ပထမဆုံးအကြိမ် စိတ်သက်သာရာရသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုမနက်ပဲ မာမီ"

"ဖြိုး. . . ဖော့်အတွက် ကော်ဖီဖျော်ချည်ဦး"

"နေပါစေ မာမီ၊ အခုပဲ အိမ်က ထမင်းကြော်စားလာခဲ့ပါတယ်။ မာမီတို့စားဖို့ ထိုးမုန့်လာပို့တာပါ"

"အေး. . .အေး မာမီနဲ့တော့ တည့်မယ်မထင်ပါဘူးကွယ်၊ ဆရာ့ မေးကြည့်ရဦးမယ်"

"မာမီက နေမကောင်းဘူးလားဟင်. . . ဘာဖြစ်လို့လဲ"

ဖြိုးတို့မာမီက ဖော့်ကို ခပ်ပြုံးပြုံး အကြာကြီး စိုက်ကြည့်နေသည်၊ တင်တင်ဖော့်ရင်ထဲ ထိတ်ခနဲ မလုံမလဲ ဖြစ်သွား၏။ ငါ့မျက်နှာပေါ်မှာ ဘယ်လို အရိပ်အယောင်မျိုးတွေ့သွားလို့ပါလိမ့်။ ငါ ဟန်မဆောင်တတ်သေးပါဘူး။

"သွေး ခဏခဏ ဆင်းနေတာပဲကွယ်၊ သားအိမ်အနာလို့ ပြောတာပဲ၊ ကင်ဆာတွေ ဘာတွေလား မပြောတတ်ပါဘူး"

သူမ ကျောထဲက စိမ့်သွား၏။ ဖြိုးကို လှမ်းကြည့်လိုက်ချင်စိတ်ကို အတင်းမျိုသိပ် ထိန်းချုပ်ထားရသည်။

"ရန်ကုန်မှာ မမမိုးလည်း ရှိသားပဲ၊ ရန်ကုန် သွားပြကြည့်ရင်ကောင်းတယ် မာမီ"

"မကွေးမှာတော့ ပြပြီးပြီ"

"ဘာတဲ့လဲ. . . ခွဲရမတဲ့လား"

"ခွဲစရာမလိုဘူးလို့ ပြောတာပဲ"

"အို. . . ဒါဆို ကင်ဆာမဟုတ်လို့ပေါ့ မာမီရဲ့"

ကြည့်စမ်း ဘယ်လောက်တုံးလိုက်တဲ့ နှစ်သိမ့်စကားမျိုးလဲ၊ ရောဂါကိုသိပြီးနေသော ဆရာဝန်တစ်ယောက်၏ မျက်နှာဖုံးစွပ်





သမှုကို သူမ ရင်ဆိုင်ဖို့ ခက်ခဲစွာ ကြိုးစားရဦးမည်ဖြစ်သည်။ မာမီ ကလုံးများတွင် သူ့ကိုယ်သူသိနေသော အရိပ်တစ်ခုကို မြင်ရသည်။

"မာမီ. . . ကော်ဖီတွေ အေးကုန်လိမ့်မယ်။ ပူပူလေး သောက်ပါဦး" ဖြိုးက ကြင်နာစွာ ကော်ဖီပန်းကန်ကို လှမ်းပေး၏။ မျက်နှာမှာ နောင်တ တရားနှင့်ကြင်နာမှုကို မာမီ အကဲဖမ်းမိ ဘူးတာ ဖြစ်နိုင်သည်။ ဖြိုးဟာ မာမီကို ဒီလောက် ကြင်နာပြဖို့ ကောင်းဘူး။

သူမနှင့်ဖြိုး တစ်ယောက်မျက်နှာ တစ်ယောက် တိတ်ဆိတ် ကြည့်နေမိကြသည်။

"မိုးအတွက်က သူ့အိမ်ထောင်နဲ့သူ၊ စိတ်ပူစရာမရှိပါဘူး ။ ဟောဒီသား ဖြိုးအတွက်သာ မာမီ စိတ်ပူတာ၊ ပညာကလည်း ထိ ဆယ်တန်းမအောင်. . ."

"အို. . . မာမီကလဲ၊ မာမီ မသေနိုင်သေးပါဘူး"

ဖြိုး အသံက ခပ်တိမ်တိမ်၊ ခပ်အက်အက်။

"ဖြိုးက ယောက်ျားလေးပဲ မာမီ၊ သူ့ဘဝသူ ဆိုးဆိုးရွားရွား အောင်တော့ ကာကွယ်နိုင်မှာပေါ့။ သူ့အတွက်တော့ စိတ်မပူ ဖော်တို့လည်း ရှိသားပဲ။ မာမီသာ ရောဂါမြန်မြန်ပျောက်ဖို့ ပါ"

ထိုနေ့ညက မာမီ အရမ်းကိုက်ခဲနာကျင်နေသောကြောင့် လ်ဂျက်ဆင် ဆေးတစ်ပြား ဖြိုးက တိုက်လိုက်တာ မြင်ရသည်။ မီအား ဒူးဆစ်နှင့် ပေါင်များကို နှိပ်ပေးနေသော ဖြိုးအနီးတွင် င်ဖော်က ထိုင်လျက် ကျောင်းစာသင်ခန်းက အကြောင်းများ၊ က အကြောင်းများကိုပြောပြ၍ ဖြိုး၏ စိတ်ကို ကြိုးစားလွှဲ ပေးခဲ့ရသည်။ မာမီ အိပ်ပျော်သွားတော့မှ ဖော်တို့ အော



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆင်းလာခဲ့ကြသည်။ ညှော်ခန်းမှာ ထိုင်လျက် ညဆယ်နာရီ
သည်အထိ ရောဂါအကြောင်း ပြောဖြစ်ခဲ့ကြ၏။

"နောက်ဆုံးကျရင် အဲဒါက ဘယ်လိုဖြစ်မှာလဲ မိဇော်"

သူက ကင်ဆာဆိုသော စကားလုံးကို အတတ်နိုင်
ဖျောက်ဖျက်၍ စကားပြောပါသည်။

"နောက်ဆုံး ဟုတ်လား၊ ဒီရောဂါတွေရဲ့ နောက်ဆုံး အ
အနေဟာ တစ်မျိုးတည်းလိုလိုပါပဲ။ တခြားနေရာတွေကို ပြန့်ကူးမ
ဥပမာ အသည်း၊ အဆုတ်၊ အရိုး စသည်ဖြင့်ပေါ့၊ အသည်းကို
သွားရင် အသည်းက ကြီးလာမယ်။ မာလာမယ်။ အစားအသော
စားချင်စိတ် ကုန်ခန်းသွားမယ်။ အဆုတ်ကို ပြန့် သွားရင်မော
ရင်ကျပ်မယ်၊ ချောင်းဆိုးမယ်၊ ကံမကောင်းရင် သလိပ်ထဲမှာ
သွေးနပါနိုင်တယ်။ အရိုးကို ရောက်သွားရင် အရိုးမှာ အကျိတ်
ဘာတွေ ဖြစ်လာနိုင်တယ်။ အရိုးက ကိုက်မယ်။ အူကို ပြန့်သွားပြီဆို
ဝမ်းသွားမယ်။ အမည်းရောင်၊ အညိုရောင်၊ သွေးရောင် အမျိုး
ဖြစ်နိုင်တယ်။ ဒီကြားထဲမှာ သွေးဒလဟော ဆင်းတတ်တယ်။
ခဏခဏ သွင်းရမယ်။ ပတ်တူးက အစ်မကြီးက ဒီအ
ပြောလိုက်တယ်"

ဖြိုးက မျက်နှာမကောင်းလှဘဲ စားပွဲကို တဒေါက်
ခေါက်လျက် ငြိမ်သက်နေသည်။

"ရန်ကုန်ကို ခေါ်သွားဖို့ကောင်းတယ် ဖြိုး၊ ဟိုမှာ
နဲ့ နေရတာ ပိုပြီး အဆင်ပြေမယ်၊ အထူးသဖြင့် ဒီရောဂါသည်
သားက ပြုစုတာထက် သမီးက ပြုစုတာက ပိုအဆင်ပြေ
အသံကို တည်ငြိမ်အောင် ကြိုးစား၍ တိုက်တွန်းမိ၏။





"မမက နောက်လ လာခေါ်မယ် . . . တဲ့၊ လောလောဆယ်
မှာ ဒီမှာ မြန်မာဆေးဆရာနဲ့လည်း ကုနေသေးတယ် . . . ဟာ၊ ဘာနဲ့ပဲ
ပျောက်ပျောက်ဆိုတဲ့ သဘောပေါ့ဟာ"

"အေးလေ . . . မြန်မာဆေးတွေ ဟိုသယ်သွားပေါ့။ ဟိုမှာ
လည်း မြန်မာဆေးဆရာတွေ ရှိတာပဲ။ ဟိုက ပိုတောင်စုံဦးမယ်။ နင်
အနယ်လ်ဂျက်ဆင် များများဆောင်ထားရမှာပဲ။ တစ်နေ့ နှစ်ကြိမ်
ကြိမ်စားမှ သက်သာမယ်၊ သွေး သိပ်ဆင်းရင် သွေးထိန်းဆေးတွေ
ဘာတွေစားဖို့ ထိုးဖို့လိုမယ်တဲ့၊ ဘာဆိုတုန်းပဲ ငါ မေ့သွားပြီ။ ဒါနဲ့
ရင် ဆေးရုံတက်ပြီး သွေးသွင်းရမှာ"

"မာမိက ဆေးရုံမတက်ဘူး . . . တဲ့၊ အိမ်မှာပဲ သေမယ်
. . ."

"ဘုရားရေ . . ."

ဖြိုးက မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး စားပွဲပေါ် မျက်နှာ
ချလျက် အတန်ကြာအောင် ငြိမ်သက်နေသည်။

တင်တင်ဇော် ထိုင်ရာမှ ထသွားပြီး ဖြိုး ထိုင်နေသော
ယောက်ထိုင် ကုလားထိုင်ပေါ် (အစွန်းဘက်ကျကျ) ဝင်ထိုင်
၏။ သူ့ပခုံးစွန်းကို ခပ်ဖွဖွကိုင်လျက် "ဖြိုး . . ." ဟု တစ်ခွန်း
ခေါ်ပြီး ဘာဆက်ပြောရမည် မသိတော့သဖြင့် ပင့်သက်တစ်ချက်
လိုက်မိပြီး သူ့ တီရှပ် အကျီလည်ပင်း အထက်မှာ ပေါ်နေသော
ပေါ်က ဆံပင်လိမ်လိမ်ကလေးများကို လက်ဖြင့်ဖွလျက် ပြန်သပ်
လိုက်မိသည်။ သူက ဗလုံးဗထွေး လေသံခပ်တိုးတိုးဖြင့် "ငါ
ဝေဒနာခံရတာကို မမြင်ချင်ဘူး၊ ငါ ရင်မဆိုင်ရဲဘူး" ဟု ညည်း
လေသည်။

တင်တင်ဇော့်ရင်မှာ နာကျင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဖြူးရယ်၊ ဘယ်သူမှ ကိုယ့်မိဘရဲ့ ဝေဒနာကို ရင်မဆိုင်ရဲကြပါဘူး။ ဒါပေမယ့် နင် ရင်မဆိုင်ဝံ့လို့ သတ္တိမရှိလို့ မျက်နှာလွှဲ ထွက်ပြေးနေရုံနဲ့ ဒီဝေဒနာက သူ့ လွှန်မြောက်နိုင်မှာ မဟုတ်ဘူး။ ငါပြောတာ နားထောင်စမ်း။ ဆေးရုံမှာ နောက်ဆုံးအချိန်ကိုစောင့်နေတဲ့ ဝေဒနာသည်တွေ အများကြီးရှိတယ်။ ကံကြမ္မာဟာ နင့်တစ်ယောက်တည်းကို ကွက်ပြီး ဒီအဖြစ်ဆိုးကြီး ကျရောက်စေခဲ့တာမဟုတ်ဘူး။ တစ်ချိန်တည်းမှာ ဒီဝေဒနာမျိုးကို အမေတွေအများကြီး ခံစားနေရတယ်။ သားတွေ သမီးတွေ အများကြီးက အမေတွေကို သေမင်းလက်က ကယ်တင်ဖို့ မဖြစ်နိုင်မှန်းသိလျက်နဲ့ ကြိုးစားနေကြတယ်။ သူတို့အတွက်က အမေတွေရဲ့ဝေဒနာ ပျောက်ကင်းသွားဖို့ဟာ အကြီးမားဆုံး လိုအင်ဆန္ဒဖြစ်တယ်။ ဒါပေမယ့် ဒီဆန္ဒကို ဘယ်သူမှ မပြည့်နိုင်ဘူး။ နည်းနည်းချင်း ရက်ကို နောက်ဆုတ်ထားဖို့ပဲ တတ်နိုင်မယ်။ ကမ္ဘာလောကမှာ ဒီ လိုအင်ဆန္ဒ မချုပ်ငြိမ်းမချင်း ဘယ်သူမှ ဆိတ်ငြိမ်ရာကို ရှာမတွေ့ဘူး။ အခု အချိန်မှာ မာမီ့အတွက် အလိုအပ်ဆုံးက ဒီတရားကို မာမီ ဉပါဒါန် ကင်းကင်း၊ နှောင်ဖွဲ့မှု ကင်းကင်း ကျင့်ကြံနိုင်အောင် ဘေးက ကူညီပေးဖို့ပဲ"

ဖြူးက မျက်နှာကို စားပွဲမှခွာ၍ တင်တင်ဇော့်ဘက်သို့ လှည့်ကြည့်လေသည်။ မျက်ရည်စများ စွန်းထင်းနေသော ညိုးနွမ်းသည့် မျက်နှာကို သူမ အတိုင်းအဆမရှိ ကြင်နာမြတ်နိုးစိတ်ဖြင့် ငေးမောကြည့်နေလိုက်တော့သည်။

"ကျေးဇူးတင်ပါတယ်ဟာ. . . ရှေ့ဆက်ပြီး ငါသတ္တိကောင်းဖို့ လိုလာပြီဆိုတာ ငါ သိပါတယ်၊ အခု ငါ ဘာတွေဆက်လုပ်ရမလဲ ပြောပါဦး. . ."





ယောက်ျားကလေးတစ်ယောက်၏ အားကိုးရာမဲ့စိတ်ထိခိုက်နေပုံကို သူမ မကြည့်ရက်ပါ။ အထူးသဖြင့် ထိုယောက်ျား လေးသည် ဆိုးငယ်ရှယ်စဉ်ကလေးဘဝတည်းက သူမ တိတ်တခိုး ကွယ်တာခဲ့ရသူဖြစ်နေ၍ ပို၍ပင် မကြည့်ရက်ပါ။ သို့သော် ဤအချိန်သည် သူ့အတွက် အရေးကြီးဆုံးသော အချိန်မဟုတ်ဘူးလား၊ သူမဘက်က အတတ်နိုင်ဆုံး တည်ငြိမ်စွာ ဖြေသိမ့်ရပေမည်။

"ဘာတွေလုပ်ရမယ်ဆိုတာ နင် မာမီကို ဘယ်လောက်အထိ စိတ်သက်သာရာ ရစေလိုတယ်ဆိုတဲ့ အချက်ပေါ်မှာ မူတည်တယ်ပဲ"

"ငါလား. . . ငါ. . . အတတ်နိုင်ဆုံး. . ." သူ့အသံက ထွက်ကွဲရာမှ တိမ်ဝင်သွား၏။

"ဟုတ်ပြီ။ ပထမဦးဆုံး နင့်အချိန်တွေအားလုံးနီးပါးကို ဒို့အတွက် ပေးရမယ်။ သည်းခံစိတ်ရှည်ရမယ်။ ဝေဒနာ ဆိုးဆိုး ရှားခံရလေ လူတွေဟာ စိတ်တိုတတ်လေလေပဲ။ ဒါကို နင် အမြဲသတိရနေရမယ်။ အကိုက်အခဲသက်သာအောင် ဆေးကျွေးဖို့ နှိပ်နင်းပေးဖို့ နင် ဘယ်တော့မှ မပျက်စေနဲ့။ ဝေဒနာပိုဆိုးစေမယ့် အစားအစာတွေ မကျွေးမိအောင် ဆရာဝန်တွေ ဆေးဆရာတွေကို မေးပြီးမှကျွေးရမယ်။ တည့်တဲ့ အစားအစာတွေ စာရင်းနဲ့မှတ်ပြီး ကျွေးရမယ်။ သူ နေ့တိုင်း ဘုရားအာရုံပြု ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်နိုင်အောင် နင် အဆင်သင့် လုပ်ပေးရမယ်။ မျက်စိညောင်းလို့ ကိုက်လို့ စာမဖတ်နိုင်တဲ့အချိန်မှာ မာမီ့ကိုယ်စား နင်က တရားစာအုပ်တွေ ဖတ်ပြပေးရမယ်၊ ဘယ့်နှယ်လဲ. . . ဒါတွေက နင် လုပ်နေကျမဟုတ်လို့ သိပ်များ ခဲ့နေမလား"



www.burmeseclassic.com

www.burmeseclassic.com



သူက အနည်းငယ် စိတ်တည်ငြိမ်လာဟန်ဖြင့် ပြုံးလျက် ခေါင်းယမ်းလေသည်။

အောက်တိုဘာ ကျောင်းပိတ်ရက်တွင် တင်တင်ဇော် ရေနံချောင်းသို့ ပြန်လာသောအခါ ဖြိုးတို့မာမီ ရန်ကုန်မှာ ဆုံးသွားသည်။

ထိုအချိန်မှစ၍ ဖြိုးသည် ရန်ကုန်က (ဇော့်အစ်ကိုကြီးနှင့် အိမ်ထောင်ကျသော) မမမိုး၏ အိမ်မှာ အမြဲတမ်းလိုလိုနေပြီး ရေနံချောင်းသို့ တစ်ခါတစ်ရံမှ ပြန်လာတော့သည်။

ထို့ကြောင့် ကျောင်းပိတ်ရက် အမေ့အိမ်သို့ တင်တင်ဇော် ပြန်တိုင်း သူ့ကိုမတွေ့ရဘဲ တစ်ခါတစ်ရံမှ (သူ ရေနံချောင်း ပြန်လာခိုက်နှင့် ကြုံမှ) တွေ့ရတော့သည်။

* * *



အခန်း(၃)

၁၉၇၉-၈၀ မန္တလေး ဆေးတက္ကသိုလ် မဂ္ဂဇင်းတွင် ...ာင်ဇော်၏ ပထမဦးဆုံးဝတ္ထုတိုကလေး ပုံနှိပ်ဖော်ပြခြင်း ခံရလေ ...၏။

သူငယ်ချင်းများက တကယ့်အဖြစ်အပျက်လားဟုမေးတော့ ... ခေါင်းယမ်းလျက် ရယ်မောနေခဲ့ရသည်။ ရင်ထဲမှာတော့ဆွတ်ပျံ့ ...ချင်စွာ ဖြိုးကို သတိရမိလေသည်။ ဒီအချိန်ဆို ဖြိုး ဘယ် ...ာလေးနဲ့ တွဲနေမှာပါလိမ့်။

ငယ်စဉ်က ဖြိုးကို သူမ နားလည်သလိုရှိသော်လည်း ...လေကြာလေ ဖြိုးအပေါ် နားမလည်လေ ဖြစ်လာသည်။ ဖြိုးသည် ...ည်းဖြည်း အသိရခက်လာ၏။ သူ့မျက်ဝန်းတွင်တွေ့ရတတ်သော ...ယာဇဉ်အရိပ်ငွေ့များကို သူမ တလွဲအဓိပ္ပာယ် ကောက်မိတော့ ...သို့ ဖြစ်သွားသော ဆယ်တန်းနှစ်ဆီက အဖြစ်အပျက် တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်တော့မှ မေ့မည်မဟုတ်ပါ။ အကယ်၍ မေ့သွားလျှင်လည်း ပြန်သတိရအောင် ကြိုးစားပုံဖော်ယူရမည်။ ဖြိုးနှင့် ပတ်သက်၍ဘာ မျှော်လင့်ချက်မျှမထား ဖြစ်စေရန် သူမ ဂရုစိုက်ရဦးမည်။

တစ်ခန်းတည်းနေသော သူငယ်ချင်း ခင်စန်းနွယ်က ည တွင် မှန်ပေါင်ထဲမှ ဇော့်ဓာတ်ပုံကိုဖြုတ်ပြီး ဖြိုးဓာတ်ပုံကို ခဏခဏကြည့်ကြောင်း ရိပ်မိသိရှိသော်လည်း လူရှေ့သူရှေ့တွင် ဘယ်တော့မျှ စ,တတ်သူ မဟုတ်ပါ။ ညအိပ်ရာဝင် စာကျက်ပြီး နေကြစဉ် ဇော့် ခုတင်ဆီ ကူးလာတတ်သည်။ ဓာတ်ပုံကိုတောင်း ကြည့်တတ်သည်။

"ဖြိုးကျော်ဟာ ဘယ်လိုပုံစံမျိုးလဲ မိဇော်. . ."

"ဖြိုးကလား. . . ဖြိုးရဲ့အရပ်က ငါးပေကိုးလက်မ ရှိတယ် အားကစားသမားတစ်ယောက်ရဲ့ ကိုယ်လုံးမျိုးနဲ့။ ဆံပင်က နည်းနည်း ဖွာပြီး လှိုင်းရိပ်ကလေးတွေနဲ့။ သူ့မျက်နှာကတော့ ယောကျ်ားမဆန် ဘူး။ မျက်နှာလုံးလုံးကလေး၊ မေးစေ့ပဲ နည်းနည်းသွယ်တယ်။ ဓာတ်ပုံထဲကအတိုင်း မျက်လုံးနည်းနည်းကျဉ်းပြီး မျက်ခွံမို့တယ် လမ်းသွားရင် ဒူးဆစ်နားကနေ လုံချည်စကို နှစ်ဘက်မ,ပြီး လေးလေး ပင်ပင် ခြေလှမ်းကျဲကျဲ လျှောက်တတ်တယ်။ အထက်တန်း တစ်ယောက်လို လမ်းမသွားတတ်ဘူး။ လုံချည်ကိုတော့ ခပ်ရှ ရှည်ဝတ်တတ်တယ်။ သူ့ သွားကလေးတွေက ဖြူဖွေးပြီး သိပ် တာပဲ။ ရယ်လိုက်ရင် ရှုတည်တည်မျက်နှာက ချစ်ဖို့ကောင်းသွား တတ်တယ်။ စိတ်တိုလွယ်တယ်၊ ငါ့အပေါ်မှာ သိပ်လဲကောင်းတ တယ်၊ သိပ်လဲဆိုးတတ်တယ်။ မဆိုးမကောင်းဆိုတဲ့ အခြေအနေမျိုး မရှိဘူး"





"နင်နဲ့ဖြိုးကျော်ရဲ့ အကြောင်းတွေကို ငါ့ကို ပြောပြစမ်းပါ" ဟု ခင်စန်းနွယ်က တစ်ခါတစ်ရံ စိတ်လိုလက်ရ မေးတတ်သေးသည်။

"ငါ့အဖြစ်က နင့်လောက်ကံမကောင်းပါဘူး ခင်စန်းနွယ် ရယ်. . ." ငယ်စဉ်ဘဝရုပ်ပုံများကို ခင်စန်းနွယ် မြင်ယောင်လာ အောင် ပြောပြရလေသည်။

နောက်ဆုံးတွင် ခင်စန်းနွယ်က မှတ်ချက်ချသည်။

"သူဟာ သူ့ဘဝသူ အားငယ်နာကြည်းနေတဲ့လူဖြစ်ရ မယ်၊ နောက်ပြီး အဲဒီဘဝကနေ လွတ်မြောက်အောင် ကြိုးစားဖို့ကျ တော့ သူ အားလျော့ပြီးသားဖြစ်နေတယ်၊ အဲဒါ နင့်အတွက် ကံဆိုး တာပဲ"

"သူ ငါ့ကို ချစ်သလား. . ."

"ဟောတော်. . . ဒါကို နင် အသိဆုံးဖြစ်မှာပေါ့"

"ဟင့်အင်း. . . ငါ သိတာကတော့ သူ ရည်းစားတွေ သည်လဲ တွဲနေတာပဲ။ ရည်းစားတစ်ယောက် ထားခါနီးတိုင်း ငါ့ကို အသိပေးတိုင်ပင်တာပဲ"

နောက်ဆုံး နှစ်ယောက်သားအဖြေရှာ၍ မရဘဲ တဝဲလည် လည် စဉ်းစားရင်း အိပ်ပျော်သွားကြသည်။

အခြေအနေနှင့် အချိန်အခါကို တိုင်းထွာတွက်ချက်ရာတွင် အမြတ်မ်း မှန်ကန်လေ့ရှိသော တင်တင်ဇော်သည် မိမိကိုယ် မိမိ စာပေနယ်သို့ဝင်ရောက်ရန် အချိန်ကျပြီဟု ၁၉၈၀ ခုနှစ်တွင် စတင် ဆုံးဖြတ်ခဲ့သည်။

ရှုမဝသို့ ပထမဆုံးအကြိမ် ပို့မိသောဝတ္ထုတိုကလေးကို ဝင်းမြင့်ဦးအား အလျှင်ဆုံးပြပြီးမှ ပို့ခြင်းဖြစ်သည်။ ဝင်းမြင့်ဦးက ညောင်ရှိလေသံသုံးလျက် "အင်း. . . နည်းနည်းတော့ ကဗျာဆန်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နင့်ဝတ္ထုက ချစ်ကိုယ်တွေ့အခန်းမှာ သုံးဖို့ပဲကောင်းတယ်
ပို့လေ. . . အရွှေခံရမှာပါ''ဟု နှစ်သိမ့်အားပေး၏။ ထိုဝတ္ထုကို ၁၉၈
ခုနှစ်၊ ဇွန်လတွင် ပို့လိုက်၏။ ရှုမဝမဂ္ဂဇင်းတိုက်မှ ရွေးချယ်ကြောင်
သို့မဟုတ် ပယ်ကြောင်း အကြောင်းကြားစာ တစ်ခုတလေမျှ မလ
သောအခါ ဖြိုးဆီ အပူကပ်ရပြန်၏။ ရန်ကုန်မှာနေသော ဖြိုး
စာလှမ်းရေးလျက် စာမူနာမည်၊ ကလောင်နာမည်၊ ပေးပို့သော နေ့
အတိအကျ ရေးထည့်လျက် စုံစမ်းခိုင်းလိုက်လေသည်။

ဖြိုးထံမှ စာကို ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာတွင်ရသည်။

သူ မဂ္ဂဇင်းတိုက်သို့ သွားသည့်အကြောင်း၊ စာမူကို မဖတ်
သေးကြောင်း၊ ဖတ်ပြီးလျှင် အကြောင်းပြန်မည်ဖြစ်ကြောင်း စာထဲ
ထည့်ရေးသည်။

"အမယ်. . . အဖိုးကြီးက ငါ ရေးတာထင်နေသေးတယ်
မင်း ဝတ္ထုလားတဲ့။ တင်တင်ဇော်ဆိုတဲ့ နာမည်ကြီးပါလျက်သား
ဇော်ရေ ငါ့ရုပ်က စာရေးဆရာ သိပ်ဖြစ်ချင်နေတဲ့ရုပ်များ ပေါက်
သလားဟာ. . ."

ဖြိုးသည် ဘယ်တုန်းကမှ စာရေးဆရာဖြစ်ချင်သူ မဟု
ပါ။ စာဖတ်တတ်သူပင် မဟုတ်ပါ။ ငယ်စဉ်ကတော့ တင်တင်ဇေ
မူဝံဝတ္ထုများကို ဖတ်စဉ် သူကလည်း မူဝံဝတ္ထုများကို မက်မော
လိုက်ဖတ်လေ့ရှိသည်။ ဇော် တက္ကသိုလ်ဘုန်းနိုင်ကို စွဲမက်စွာ ဖတ်
စဉ် သူက ရောင်နီ၏ ဝတ္ထုများကို ဖတ်လေသည်။ တင်တင်ဇေ
ခင်ဆွေဦး ဝတ္ထုများကို မြတ်နိုးစွာဖတ်၍ ခင်ဆွေဦး၏ ဇာတ်လို
ယောကျ်ားများကို စွဲလမ်းနှစ်သက်လာသည့်အခါ ဖြိုးက မိန်းမဝတ္ထု
များကို မဖတ်ဘူးဟု ကြွေးကြော်လျက် တင်းခံနေခဲ့သည်။ သူမ
နှစ်ယောက် အကြားရှိ အကြိုက်နှင့် တန်ဖိုးထားမှုမှာ တစ်စတစ်





ပြားလာလေသည်။ ဇန်းမော်တင်အောင်၏ဝတ္ထုများကို သူမ ရှာဖွေ
နေချိန်တွင် ဝါဒဖြန့်တာများလွန်းတယ်၊ ပျင်းစရာကြီးဟု ဖြိုးက
ပင်ကြည့်ဖော်မရချေ။

ဘာသာပြန်စာအုပ်များကို ဖတ်သည့်အကျင့်ရလာချိန်တွင်
ကောင်းသည်ဟု သူမ ထင်သော 'လေရှူးသုန်သုန်' ဝတ္ထုကို ပေး
ဖူး၏။ ဖြိုးက နာမည်တွေကလည်း ခက်လိုက်တာ၊ နောက်ပြီး
အုပ်ကြီးကလည်း အထူကြီး ဟု ငြင်းဆန်ခဲ့သည်။

"မဟုတ်ဘူး ဖြိုး၊ ခဏပဲ။ ပြီးကျ ဒီနာမည်တွေနဲ့ ရင်းနှီးသွား
ပါ ဖတ်ကြည့်စမ်းပါ။ ဒါက ပျင်းစရာမကောင်းပါဘူး။ တော်လှန်
နောက်ခံ အချစ်ဝတ္ထုပါ။ ဒီမိန်းမဟာ သူ့တစ်သက်မှာ ဒီတစ်ပုဒ်
ခဲ့တာ၊ ဒီထဲက ယောကျ်ားဇာတ်လိုက်ရဲ့ ဇာတ်ကောင်စရိုက်ကို
တ်တဲ့လူတွေ လက်ဖျားခါလောက်အောင် ဘယ်လိုဖွဲ့ထားခဲ့သလဲ
ာ မတွေးတတ်အောင်ပဲ"ဇော် တဖွဖွပြော၍ ငွတ်ဖတ်ခိုင်းခဲ့
ည်။ သူ ထိုစာအုပ်ပထမတွဲ ကို သူမ စိတ်ကျေနပ်အောင်ယူထား
က် ချောင်ထိုးထားဟန်တူပါသည်။ "ဖတ်ပြီးပြီလား" မေးတိုင်း
င့်အင်း" ဟု ဖြေတတ်သည်။

ပါရဂူ၏ စိတ္တရလေခါနှင့်ဒီဗျာကို ဖတ်ဖို့ သူမ ကြိုးစား
တ်တွန်းခဲ့ဖူးသည်။

နာမည်တွေက ပါဠိနာမည်တွေဟာ. . . ပျင်းစရာကြီးတဲ့။
လက်လျှော့ရတော့မလို ဖြစ်သွားသည်။ သို့သော် ကြိုးစားကြည့်
ည်။

"ကဲ. . . ဒါဖြင့် ဘာသာပြန်ထဲက ခပ်ပေါ့ပေါ့ သွက်သွက်
ာက်ဝတ္ထုကို ဖတ်ကြည့်ဟာ"ဟု အလစ်(စ်)တဲ(ရ်) မက်ကလင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးသည့် 'နတားရွှန်းခဲတပ်မှ အမြောက်ကြီးများ' ဝတ္ထုကို ပေး
ပြန်သည်။ သူသည် ဇော့်ကို အားနာဟန်ဖြင့် ကြိုးစားဖတ်ပါသ

နောက်ပိုင်းတွင် သူမ တကယ် လက်လျှော့လိုက်တော့

တစ်ခေါက် တစ်ခေါက် မန္တလေးမှ ပြန်လာတိ
တင်တင်ဇော် သယ်လာသည်မှာ ရှားပါးစာအုပ်များသာဖြစ်၏။ အ
တစ်ဝတ်စာကို လေးဆယ်ငါးဆယ်ပေး၍ ဝတ်ရမှာ နှမြောတွ
သော တင်တင်ဇော်သည် စာအုပ်တစ်အုပ်ကို နှစ်ဆယ်၊ သုံး
ပေး၍ လေးငါးအုပ် တစ်ပြိုင်တည်းဝယ်ရန် နှမြောတွန့်တို သူ မ
ပါ။ စတိုင်ပင် ၇၅ကျပ်နှင့် အိမ်ကပို့သော ငွေကို ခြိုးခြံချွေ
ရသမျှပိုက်ဆံကို ရုပ်ရှင်ကြည့်ခြင်း၊ စာအုပ်ဝယ်ခြင်းတို့တွင် သုံး
သည့်အခါ ပတ်ဝန်းကျင်က အံ့ဩလေသည်။ ဆေးတက္က
ကျောင်းသူတစ်ယောက်၏ အဆင်အပြင် ဘာတစ်ခုမှမရှိဘဲ၊ မျ
မှာ သနပ်ခါးမရှိဘဲ၊ အဝတ်အစားအသစ် လဲပြောင်းဝတ်ဆ
မရှိဘဲ ကာလများစွာ ဖြတ်သန်းလာခဲ့သည်။ သူမ၏အ
စာအုပ်သေတ္တာထဲတွင် စာအုပ်များသာ တဖြည်းဖြည်းတိုး
သူမကိုယ်မှ ဝတ်စုံများမှာ တဖြည်းဖြည်း နွမ်းလာခဲ့သည်။

၁၉၈၀ ခုနှစ်၊ ဇွန်လကပို့ထားသောဝတ္ထုသည် ၁၉၈
ဇွန်လထုတ် ရှုမဝမဂ္ဂဇင်းတွင် ပါလာခဲ့သည်။ ထိုသတင်းကို
ဦးဆုံး ပြောပြသူမှာ ဝင်းမြင့်ဦး ဖြစ်သည်။

"တင်တင်ဇော် နင့်ဝတ္ထု ဒီလရှုမဝထဲမှာ ပါလာ
ဒါပေမယ့် ငါထင်တဲ့အတိုင်း ချစ်ကိုယ်တွေ့ကဏ္ဍပဲ" ဟု သူက
ဝမ်းမသာသင့်သလို ပြောလေသည်။

ဘယ်ကဏ္ဍကပဲပါပါ၊ တင်တင်ဇော်ကတော့ ပထမ
သည့် ဝတ္ထုကားလား မဂ္ဂဇင်းမှာ ပါလာသည်မို့ အလွန်ကျေ
ရွှင်လျက် ကုံ့ံ ဝတ္ထု ကိုယ်ပြန်ဖတ်လို့ မဆုံးနိုင်အောင် ရှိလေ





၁၉၈၁ခုနှစ်၊ ဇူလိုင်လ၏ နံနက်ခင်းတစ်ခုတွင် ဇီဇဝါ
ာင်ပေါ်က မိုးကောင်းကင်သည် ပြာလဲ့၍ တိမ်ကင်းစင်လျက်ရှိ
သည်။ အရွက်ကြွေတစ်ခုမှမရှိဘဲ ရွက်သစ်တို့ဖြင့် စိမ်းစိုလျက်ရှိသော
ဆောင်ရှေ့က ဇာဒ်ပင်ကြီးသည် ခါတိုင်းနေ့များထက် ပိုမို
က်သရေရှိနေသည်။ အဆောင်ရှေ့ ကျောက်စရစ်ခင်း လမ်းဘေး
စိမ်းလန်းကာစ မြက်ပင်တို့သည် မိုးငွေ့မိုးနံ့ဖြင့် ပိုမို စိမ်းမှောင်
ရှိကြသည်။

ဤကဲ့သို့ နံနက်ခင်းမျိုးတွင် ဖြိုး မန္တလေးသို့ ရောက်လာ
ည်ဟု ဘယ်တုန်းကမျှ မထင်ခဲ့ပေ။

ထိုနေ့နံနက်ခင်းက ဖြိုးရောက်လာသောအချိန်မှာ သူမ
ညက အိပ်ရေးပျက်ထားသောကြောင့် အိပ်ရာကနိုးကာစ ရှိ
သည်။ ရေချိုးခန်းသို့ မျက်နှာသစ်သွားရန် ရေခွက်နှင့် ဆပ်ပြာ
ကို ဆွဲလျက် အခန်းပြင်သို့ ထွက်လိုက်သောအခါ အဆောင်
ခါး၏ အပြင်ဘက် (၇၄) လမ်းပေါ်မှာ အဆောင်ဘက်သို့
က်လာသော ဖြိုး၏ သဏ္ဌာန်ကို မြင်လိုက်ရ၏။

တင်တင်ဇော်သည် မယုံနိုင်စွာ အံ့ဩတကြီး ငေးကြည့်
ည်။

ဖြိုးသည် လှမ်းကြည့်နေရင်းပင် ဝင်းတံခါးဝသို့ ရောက်
၏။ ကံကောင်းထောက်မစွာ တင်တင်ဇော်၏ အခန်းသည်
ခါးအဝင်အပေါက်နှင့် မျက်နှာချင်းဆိုင်ဖြစ်၏။ ဇော့် မျက်လုံး
၏ ဆွဲငင်အားကြောင့်ပဲလား မသိ။ ဖြိုးက အပေါ်ဘက်သို့
သုံးဝေ့ကြည့်သည်။ သူ ဇော့်ကိုမြင်သွား၏။ ခပ်တည်တည်
ာထားတွင် အပြုံးတစ်ခု လှစ်ခနဲပေါ် လာလေသည်။ ဖြိုးသည်
တိုင်းလိုပင် စပို့(တ်)ရှပ်အဝါနုရောင်နှင့် ရှားရောင် ယောလုံချည်



www.burmeseclassic.com

www.burmeseclassic.com



ကို သေသပ်စွာ ဝတ်ထားသည်။ ဇော်သည် အံ့ဩသွားသော အ
အရာကို ရှုတ်ခြည်းပြန်ထိန်းလျက် ခဏစောင့်ဟူသော အမူအ
ါးကာပြခဲ့ပြီး မျက်နှာသွားသစ်ရလေသည်။ အလ
ဘံမှ စာရထားသည်။ စာထဲမှာလည်း သူ လာမည်
အင : အရိပ်အမြွက်မျှ မပါပါ။

တစ်ခန်းတည်းနေသော သူငယ်ချင်း ခင်စန်းနွယ်ကို ခပ်
တိုး ကျိတ်၍အကြောင်းကြားရသည်။ (နောက်ဆုံးနှစ် အပိုင်း(က)
သူမတို့ အသစ်ပြောင်းရသည့် ဇီဇဝါဆောင်မှာ ငါးယောက်တစ်ခ
ဖြစ်၏။)

ခင်စန်းနွယ်က အံ့ဩဝမ်းသာသွားဟန်ဖြင့် ချက်ချင်
ထွက်ကြည့်ရန်ပြင်သည်။

"နေဦးဇလေဟာ၊ ငါနဲ့မှ အတူလိုက်လာခဲ့ပါ။ နင်နဲ့မိတ်ဆ
ပေးမှာပေ့ါ။ တစ်ခုတော့ရှိတယ်၊ သူက ရန်ကုန်မှာ အနေကြာပေမ
ပညာတတ်တစ်ယောက်မဟုတ်တော့ သိပ်ယဉ်ကျေးဖွယ်ရာဖို့ မမျှ
လင့်နဲ့နော်။ သူက ခပ်ရိုးရိုးပဲ"

"အေးပါဟ. . . ငါ နားလည်ပါတယ်။ နင့်ကို နှစ်ပေါ
နှစ်ဆယ်ကျော်ပြုစားထားတဲ့ ယောက်ျားတစ်ယောက်ကို မြင်ဖူး
တင်ပါ"

တင်တင်ဇော် မလုံမလဲရယ်ရင်း သနပ်ခါးကို ပျော့ရှင်
သွားလေသည်။ ခင်စန်းနွယ်က သူ့ အာချိမိတ်ကပ်ကို တင်တင်
လိမ်းဖို့ ချပေးသည်။

"ရော့. . . တစ်ခါတလေလေးတွေ့ရတဲ့ ငယ်ချစ်ဦးရှေ့
လှလှပပလေး ပြင်ဆင်သွားစမ်းပါဟာ"





"ငယ်ချစ်ဦး. . .ဟုတ်လား၊ ပေါက်တတ်ကရ။ ဟို အိုင်ချင်း
ကလိုပါပဲဟာ။ မကြွင်သာသည်၊ မင်းမှာသူနှင့်၊ အယူငယ်ကန်းတဲ့၊
မ်းသူကို မြှုလို့ရစ်ရတော့မလား. . .ဆိုတာလေ"

ခင်စန်းနွယ်က ကရုဏာသက်ရတော့မလို၊ ရယ်မောရ
တော့မလို ခေါ်ခွဲမရသော မျက်နှာဟန်အမူအရာဖြင့်. . . "ဒါပေမယ့်
ကြည့်ရဘာ ဒီအတွက် နည်းနည်းမှ ထိခိုက်ပုံမရပါလား"ဟု
မ်း၏။

ခုခုကို ဘယ်တော့မှရနိုင်မှာ မဟုတ်မှန်းသိနေတဲ့
တစ်ယောက်ရဲ့ ခံစားချက်မျိုး အတိုင်းပဲပေ့ါ။အဖြေကိုသိနေတဲ့
တစ်ယောက်ဟာ အဲဒီအဖြေရဲ့ အဆိုးအကောင်းကို ကြိုတင်ခံစား
သားဖြစ်နေပြီ. . .ဟ"

ဖြိုးက တင်တင်ဇော့်ကို ဇာဒ်ပင်အောက်မှာ မတ်တတ်ရပ်
ကိစောင့်နေ၏။

"ဖြိုး. . .သူက မန္တလေးဆေးတက္ကသိုလ်တစ်ခုလုံးမှာ အခင်
ဆုံး သူငယ်ချင်း ခင်စန်းနွယ်တဲ့။ ခင်စန်းနွယ်. . .သူကတော့
ငယ်ငယ်ကလေးတည်းက ကစားဖော်လေ၊ ဖြိုးကျော်. . .တဲ့"

ဖြိုးက တွေ့ရတာဝမ်းသာကြောင်း လောကဝတ်စကား
မဆိုတတ်ဘဲ သိမ်မွေ့စွာ ပြုံးပြလေသည်။

"ဟုတ်ကဲ့. . .တင်တင်ဇော့်စာထဲမှာ ခင်ဗျားနဲ့ ကိုဝင်းမြင့်ဦး
ကြောင်းထည့်ရေးဖူးပါတယ်"

"တို့ကလဲ မိဇော် ခဏခဏပြောနေလို့ ဖြိုးကို မြင်ဖူးချင်
ကြာပြီ"

ခင်စန်းနွယ်က မိမိထက် အသက်ငယ်သော သိဟောင်း
ဟောင်းတစ်ယောက်ပမာ ရင်းရင်းနှီးနှီး စကားပြောတော့ဇော်



www.burmeseclassic.com

www.burmeseclassic.com



ရယ်ချင်သွား၏။ 'ဖြိုးဆိုတဲ့ ဆယ်တန်းမအောင်သေးတဲ့ကောင်လေးဟာ ငါ့ထက်နှစ်နှစ်နီးပါးကြီးပြီး နင့်ထက်သုံး နှစ်နီးပါးကြီးတယ်...ဟဲ့' ဟု ရယ်မောဟန့်တားလိုစိတ်ပေါက်သွားသည်။ သို့သော် သူမ မရယ်ပါ။

"ဖြိုးက စနေ တနင်္ဂနွေ ကျောင်းပိတ်ရက်မှာလာဖို့ ကောင်းတယ်။ ဒီနေ့ တို့ကလပ်စ်ရှိတယ်။ မိဇော် နင်နဲ့ အကြာကြီး စကားပြောနိုင်မှာမဟုတ်ဘူး"

ခင်စန်းနွယ်က ဖြိုးအတွက် တင်တင်ဇော် ကျောင်းလစ် တော့မည်ကို သိသဖြင့် ကြိုတင်၍ သတိပေးစကားပြောခြင်းဖြစ် ပါလိမ့်မည်။

"မတတ်နိုင်ဘူးဗျာ။ ကျွန်တော်က တွေ့ချင်ပြီဆိုရင်၊ ကိုယ်လဲ အဆင်ပြေမယ်ဆိုရင် ချက်ချင်း ကောက်ထွက်လာခဲ့တတ်တာ။ နောက်တစ်ပတ် ကျွန်တော် ခရီးထွက်ရမှာ။ ဒီမှာ နှစ်ရက်ပဲ နေနိုင်မှာ"

ထို့နောက် ဇော့်ဘက်သို့ လှည့်၍...

"မိဇော် နင် ကျောင်းသွားတက်လေ။ ညနေ ငါဘယ်အချိန် ပြန်လာရမလဲ။ ဒီမှာ နင်ကြိုက်တတ်တဲ့ ပုလဲက အိကလဲယားမုန့်" ပုလဲမုန့်တိုက်တံဆိပ်ပါသော စက္ကူဘူးနှင့်အတူ စက္ကူအိတ်ကလေး တစ်ခုပါပေး၏။

တင်တင်ဇော် ဘာမှ မငြင်းသာတော့ဘဲ သူတို့နှစ်ယောက် ၏ အဆုံးအဖြတ်ကို အောင့်သက်သက်နှင့် နာခံရလေသည်။ သူ ကမ်းပေးသော ကတ်ဘူးနှင့်စက္ကူထုပ်ကိုယူလျက်... "အေး... ဒါဖြင့် နင် ညနေလေးနာရီကျမှလာခဲ့တော့" ဟု အားတုံ့အားနာပုံစံဖြင့် ပြောမိသည်။





ဖြိုး နှုတ်ဆက်၍ ထွက်သွားသောအခါ ခင်စန်းနွယ်ကို [illegible]တောင်းတစ်ချက်ထိုး၍ ခပ်ကျိတ်ကျိတ် အပြစ်ဆိုမိသည်။

"ခွေးမ...သူတို့မှာ နေ့တိုင်းတွေ့နေရတာ။ ငါ့မှာ တစ်နှစ် [illegible]စ်ခါလောက် တွေ့ရတာ၊ ဒါကို ကိုယ်ချင်းမစာဘူး။ နောက်ပြီး [illegible] အတန်းမတက်လို့ စာမေးပွဲကျသွားမှာလဲမဟုတ်ဘူး"

ခင်စန်းနွယ်က အလိုလိုက်သော အစ်မတစ်ယောက်၏ [illegible] ပြုံး၏။

"နင်က ဒါပဲသိတာကိုး၊ နင်သိပ်တွေ့ချင်လဲ နင့်မျိုးသိပ် [illegible]ဲ၊ ဘာကြောင့်လဲဆိုတော့ မိန်းကလေးဆိုတာ ယောကျ်ား [illegible]ယောက်ရဲ့ တန်ဖိုးထားရာပဲဖြစ်သင့်တယ်။ နင်ပဲပြောဖူးတယ်။ [illegible]ဘဝမှာ သူတန်ဖိုးအထားဆုံးက နင်ပဲဆို..."

"အေးလေ..."

"အဲဒီတန်ဖိုးထားမှုကို နည်းနည်းမှ မလျှော့စေနဲ့။ နင် [illegible]လပ်စ် ဖျက်ပြီး သူနဲ့တွေ့ရအောင် သူက နင့်ရည်းစား လား"

အပေါ်ထပ်သို့ ပြန်တက်လာရင်း ခင်သန်းနွယ် မှန်သည် [illegible] တွေးမိ၏။

အိကလဲယားမုန့်ဘူးကို ဘေးမှာချလျက် စက္ကူအိတ်ထဲက [illegible]ည်းကို ဆွဲထုတ်ကြည့်သည်။ မိန်းမကိုင်လက်ကိုင်ပဝါ ရောင်စုံများ [illegible]လေသည်။

"ဟယ်...လှလိုက်တာ မိဇော်၊ ငါ့ တစ်ထည်ပေး" ၁၏

"အံမယ်...ဘယ်ရမလဲ။ အသက်နဲ့လဲပြီး ကာကွယ်[illegible]ဖြတ်ထားပြီးသားဟေ့..."

"ကောင်မစုတ်..."

ပါ"



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါမှာ ခပ်ပါးပါး ကျစ်လျစ်ပြီး အကွက်ရေးေ ကွဲကွဲများ ဖော်ထားသည့် ဇာနားတပ် ပုံစံဆန်းကလေးများဖြစ်ေ ပန်းနုရောင်၊ အဝါနုရောင်၊ အပြာနုရောင်၊ ချောကလက်ရောင် မီးခိုးနု၊ ခရမ်းနု စုစုပေါင်းဆယ်ထည်ဖြစ်သည်။ ဇော့်ရင်ထဲမှ ထိထိခိုက်ခိုက် နာကျင်သွားသည်။

တစ်ခါမှ လက်ကိုင်ပဝါ လက်ဆောင်မပေးဘူးသော ဖြိ တစ်ယောက် ဘာစိတ်ကူးပေါက်ပြီး ပေးတာပါလိမ့်။ ဖြိုးသည် သမီးရည်းစားချင်း လက်ကိုင်ပဝါ မပေးရ ဟူသော အူကြော ကြောင် သတ်မှတ်ချက်တစ်ခုကို အမြဲ ယုံကြည်လိုက်နာသူဖြစ်ေ တင်တင်ဇော်နှင့်သူ ဘယ်တော့မျှ သမီးရည်းစားမဖြစ်နိုင်ဟူသေ ယုံကြည်ချက်မျိုး သူ့မှာ ရှိနေလေသလား။

"ကားရှုပ်တယ်နော် မိဇော်၊ ကယ်ရီယာအဝွမ်းကို ဖြိ ကိုင်ထား။ ငါ့ခါးကို ခယောင်လို့မှ မထိလိုက်နဲ့"

"အံမာ. . .ငါက နင့်ခါးများ ကိုင်ချင်လွန်းလို့"

ဖြိုးက ငယ်စဉ်တုန်းက ဇော် အလွန်မုန်းတီးသော အာခေါင်ခြစ် ရယ်နည်းမျိုးဖြင့် ရယ်လေသည်။

"မဟုတ်ပါဘူးဟာ၊ မိဇော်ကလဲ။ ငါက ခါးကိုင်ရင် ယားတတ်တယ်။ မတော်တဆ စက်ဘီးလက်ကိုင်ကို မထိန်းနိုင်ဘဲ တ လ်သွားရင် နင် မြှုတ်ကျကျန်နေခဲ့မှာ စိုးလို့ပါ။ နင်ကလဲ ဒေါသ ''

၏ အား

ဇော့် မျက်နှာစူပုပ်လျှက် ရှိသည်။

ကမ်းပေ

အလကားပါ။ သူ့မရေတွက်နိုင်တဲ့ ရည်းစားတွေကျ ခါး

နင် ည

မိသ ချင် ယားမှာမဟုတ်ပါဘူးဟု မလိုတမာတွေးနေမိ၏။





ဖြိုး၏ စက်ဘီးနောက်မှာ ထိုင်လိုက်ရင်း ဖြိုးနောက် ကျောကို မသိမသာပါးနှင့်ကပ်ရင်း ရင်ထဲမှာ ကြေကွဲဝမ်းနည်း ဘမြန်သည်။ ယောကျ်ားလေး တော်တော်များများ၏ ကိုယ်နံ့လို ချွေးရှုဘဲ ဖျော့မှိန်လတ်ဆတ်သော သူ့ကိုယ်နံ့ကို တင်တင်ဇော် ပထမ ဦးဆုံးအကြိမ် သတိထားမိပြီး အနည်းငယ်ယစ်မူးလာ၏။ သူ့အကျီအပြာနုရောင်မှာ ရေမွှေး၊ ပေါင်ဒါနံ့ မမွှေးဘဲ လောလော ဆတ်လတ် မီးပူတိုက်ထားသည့် လတ်ဆတ်သောအနံ့သာ မွှေးနေ သည်။

"ဩော် မိဇော်၊မနေ့ညနေက ငါမေးထားတာ နင် မဖြေ သေးဘူးနော်"

"ဘာတုန်း .."

"ငါ အစ်ကိုကြီးသင်္ဘောမှာ လိုက်သွားမယ့် အကြောင်းလေ။ နင် ငါ့ကို သဘောတူ မတူ မဖြေရသေးဘူး"

တင်တင်ဇော်ညက တစ်ညလုံး စဉ်းစားပြီးဖြစ်သော်လည်း တိတ်တရက် မဖြေနိုင်ဘဲရှိနေသည်။ အစ်ကိုကြီး၏ သင်္ဘောမှာ ငါး ဖမ်းသင်္ဘောဖြစ်၍ သင်္ဘောသားဖြစ်လျှင် ဖြိုးမှာ မလွဲမရှောင်သာဘဲ ငါးကိုကိုင်ရတော့မည်ဖြစ်သည်။ ဖြိုးက နေရာတကာ အသန့်အပြန့် ကြိုက်တတ်သူ၊ ကြော့ကြော့လေးနေချင်သူ၊ ဤအလုပ်နှင့်သူ လုံးဝ ကိုက်ညီခြင်းမရှိပါ။ သင်္ဘောပေါ်၌ အရာရှိငယ်အဖြစ် လိုက်ပါနိုင် လျှင်တော့ သက်သာမည်။ သို့သော် သင်္ဘောနို့(မ်) အော့ဖစ်ဆာ၏ သောက်ဖဖြစ်နေရုံမျှနှင့် ဆယ်တန်းမအောင်သေးသော လူငယ် တစ်ယောက်သည် အရာရှိငယ်ဖြစ်မလာနိုင်ပါ။

"နင် ငါးတွေ ရွှေးနေရမှာပေါ့ဖြိုး..."

"ဩော် ... ဒါကတော့ သူများလုပ်ရင် လုပ်ရမှာပေါ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



"တချို့ငါးတွေက ဆူးတောင် အကြီးကြီးတွေတဲ့။ ပြီးတော့ အရမ်းချော်နေတာတဲ့။ လက်ကို ငါးရိုးစူးတာ၊ အသားပြဲလို့ ချုပ်ရတာ အများကြီးဖြစ်ဖူးတယ်ဆို... အစ်ကိုကြီးပြောဖူးတယ်"

"မိဇော်ရာ၊ ငါ ကလေးမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကို အန္တရာယ်ဖြစ်အောင် ဘယ်သူလုပ်မှာလဲ"

"ဒါပေမယ့် နင်က ဘယ်တော့မဆို နမော်နမဲ့နဲ့၊ မာလကာပင်ပေါ်တက်တုန်းကလဲ လိမ့်ကျလို့ ဒူးပြဲလို့ချုပ်ရဲသေးတယ်"

"ဟာ...အဲဒါ ငယ်ငယ်တုန်းပါ"

"ထားပါ... ထားပါ၊ မနှစ်ကဆို နင်လူကြီး ဖြစ်နေပြီပဲ။ မိုးရေထဲ ဘောလုံးထွက်ကန်တာ ကျောက်ခဲနဲ့ ခလုတ်တိုက်လို့ ခြေမကွဲပြီး ချုပ်ရသေးပါရော"

"အဲဒါက နိုင်ချင်ဇောနဲ့၊ ကစားတာကိုးဟ..."

"အေး... အဲဒါမျိုးပေါ့၊ အခုလဲ မြန်မြန်ပြီးချင်ဇောနဲ့ ငါးတွေ ကမန်းကတန်း ရွေးတဲ့အခါ ပြုရှမသွားဘူးလို့ ဘယ်သူပြော နိုင်မှာလဲ၊ နောက်ပြီး နင်တို့သင်္ဘောတွေက သင်္ဘောဆရာဝန်လဲ သပ်သပ်ပါတာ မဟုတ်ဘူး"

"ခက်လိုက်တာ ဇော်ရာ..."

သူအတော် စိတ်ပျက်သွားသည်။ ဘာစကားမှ ဆက်မပြောတော့ဘဲ စက်ဘီးကိုသာ ဂရုတစိုက် နင်းလျက်ရှိ၏။ စာတိုက်ကွေ့သို့ရောက်တော့ ဖြိုး ဘယ်ဘက်ကွေ့ရမှာဟု ဇော် သတိပေးမိသည်၊

"အေးပါ...ငါ သိပါတယ်၊ နောက်က ကားသာ ကြည့်ပေးပါ" ဖြိုးက ရန်စမပြေသေးသလို အသံ ဝေါက်ဆတ်ဆတ်ဖြင့် ပြော၏။

"ဖြိုး... ဒီလမ်းအမြင့်ကြီးကို နင်းနိုင်ပါ့မလား၊ ငါဆင်းပေးရမလား"ဟု မျက်နှာချိုသွေးလိုက်မိတော့ "မဆင်းနဲ့..."ဟု သူ ခပ်ဆတ်ဆတ် ပြောသည်။





"ရေနံချောင်းမှာ ဘယ်နေရာမှ စက်ဘီးပေါ် ကမဆင်းဘဲငါ နင်းလာတာ၊ ဒီအမြင့်လောက်တော့ သိပ်အားစိုက်စရာမလိုပဲ နင်းနိုင်တယ်" သူ့လေသံက နည်းနည်းပြေပြစ်လာသည်။

ဘုရားကြီးရောက်၍ စက်ဘီးအပ်ဖြစ်သည်အထိ သူမတို့နှစ်ယောက် စကားမပြောဖြစ်ကြတော့ပါ။ သစ်သားနတ်ရုပ်တု၊ ဘိုးတော်ရုပ်တုများ ထုလုပ်ရောင်းချသော ဆိုင်တန်းများကို သူက စိတ်မဝင်စားသလို တစ်ချက်သာ လှမ်းကြည့်သည်။

ပန်းဝယ်ရန် ဈေးဝယ်ခေါ်နေသူများ၏ အသံမျိုးစုံ အောက်တွင် နှင်းဆီပန်းနံ့၊ ငွေပန်းနံ့များ မွှေးကြိုင်နေသည်။

သူမတို့သည် စောင်းတန်းတစ်လျှောက် စည်းကားလှသော ဘုရားဖူးပရိသတ်ကို ရှောင်ရှား၍ ဘုရားရုပ်ပွားတော်၏ ရှေ့မျက်နှာစာသို့ ခပ်ဖြည်းဖြည်း လျှောက်သွားကြသည်။ တင်တင်ဇော်က အမျိုးသမီးအများစု ပုဆစ်တုပ်ထိုင်ရှိခိုးနေသောအုပ်စုနားတွင် နေရာလွတ်တွေ့၍ ဝင်ထိုင်လိုက်သည်။

"နင် ရှေ့သွားရှိခိုးလေ... ဖြိုး"

ရှေ့မှာ အမျိုးသားများ အတွင်းထဲအထိ ဝင်ရောက်ကန်တော့နေကြသည်။

"မသွားပါဘူး..."

ဇော့်အနီးမှာသာ သူ ဝင်ထိုင်၍ ကန်တော့သည်။ ဇော်သည် ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးသည့် အလေ့အကျင့် မရှိသူမို့ မဟာမြတ်မုနိဘုရားကြီးသို့ ရောက်တုန်းရောက်ခိုက်ငါးပါးသီလခံ၍ ဘုရားဂုဏ်တော်၊တရားဂုဏ်တော်၊သံဃာဂုဏ်တော်အထိ အကြာကြီး ရှိခိုးအာရုံပြုနေလိုက်သည်။ ဆုတောင်းကျတော့ ဒီနှစ်စာမေးပွဲအောင်ပါစေ၊ မိသားစုတစ်ခုလုံး ဘေးဒုက္ခအပေါင်းမှ ကင်းဝေးပါစေ ဟု ဆုတောင်းမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေးနှင့် ပတ်သက်၍ သူမ တစ်ခါမျှ ဆုမတောင်းဘူးပါ။ ဆုတောင်းများမှာ အလွန်ကြောက်ပါသည်။

ဘုရားကန်တော့ပြီး ခေါင်းပြန်မော့လိုက်သောအခါ ဘေးနားက ရွှေချထားသည့် အုတ်တိုင်ကြီးကို မှီရပ်နေလျက် သူမကို ငေးကြည့်နေသော ဖြိုးကို တွေ့ရ၏။ ဖြိုးက သူမထံမှ ချက်ချင်း မျက်နှာလွှဲလျက် ရှေ့မှ ထွက်သွားလေသည်။ ဇော် ကမန်းကတန်း ထိုင်ရာမှထ၍ သူ့နောက်သို့ လိုက်သွားရသည်။

"ဖြိုး...ပြတိုက်ဘက်မသွားဘူးလား"

"မသွားတော့ဘူးဟာ၊ လာပါ ဟိုဘက်မှာကြေးစည်ကြီးကို ထမ်းနေတဲ့ ပြဟ္မာကြီးနှစ်ယောက်ရုပ်တုတွေရှိတယ် မဟုတ်လား သွားရအောင်"

ဘုရားရင်ပြင်တော်ကို ဖြတ်လျက် သူက ဇော့်ကို စောင့်ရင်း ခြေလှမ်းခပ်ကျဲကျဲ ခပ်ဖြည်းဖြည်း သွားသည်။ ကြေးသွန်းရုပ်တုကြီးများရှိရာသို့ အလျင်ဝင်ကြည့်ကြတော့ သူက ကလေးပမာရွှင်လန်းစွာ ပြုံးသည်။

"ငါ မာမိနဲ့လာတိုင်း ဒီအရုပ်ကြီးတွေကို ကိုင်ကိုင်ပြီး ဆုတောင်းခိုင်းတယ်သိလား၊ ခေါင်းမကိုက်ပါစေနဲ့၊ ဗိုက်မနာပါစေနဲ့ ဆိုတာလေ..."

လူများစွာ အကြိမ်ကြိမ် အဖန်ဖန် ကိုင်တွယ်ပွတ်သပ်ထားသဖြင့် ဝင်းလက်နေသော အရုပ်ကြီး၏ ဗိုက်ကို ဖြိုးက လက်ညှိုးဖြင့် ထောက်လိုက်လေသည်။ ပြီးမှ သတိရသွားသလို ဇော့်ဘက်လှည့်ကြည့်မေး၏။

"အဲဒါတွေကို နင် ယုံလားမိဇော်"

"ဟင့်အင်း..."





သူမ တုံးတိတိ ငြင်းပယ်လိုက်မိသည်။

"ဒါနဲ့ငါသဘောလိုက်ဖို့ကိစ္စ ပျက်သွားပြီလို့ ငါ ယူဆလိုက်ရမှာလား"

သူမ အံ့သြစွာ မော့ကြည့်လိုက်သည်။ သူက အရုပ်ကြီးကို လက်ထောက်မှီလျက် ဇော့်ကို ခပ်စိုက်စိုက်ကြည့်၏။

"ဒါကတော့ဖြိုးရယ်... နင့်စိတ်ကူးနဲ့ နင်မဟုတ်လား၊ သိပ်လိုက်ချင်လိုက်သွားပေါ့၊ ငါက နင့်အတွက် စိတ်ပူလို့ပြောတာပါ။ ညည သင်္ဘောကုန်းပတ်ပေါ်ထွက်ရင်း၊ ပွဲစင်မှာတာဝန်ကျစောင့်ရင်း ရေထဲချော်ပြုပ်ကျသွားမှာ ငါ အရမ်းစိုးရိမ်တာ..."

သူက ခေါင်းမော့လှန်လျက် ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"နင်ကလေ... အဖွားကြီးကျနေတာပဲ။ မာမိရှိရင်တောင် ဒီလောက်စိတ်ပူမှာမဟုတ်ဘူး။ ငါ့ရည်းစားတွေလဲ ဒီလောက် ပူတတ်ကြပါဘူး။ နင်နဲ့ မမနဲ့ တွဲထားဖို့ကောင်းတယ်။ မမက များ သူငယ်နှပ်စားကလေးကျနေတာပဲ။ ကဲ...အခု ငါ ဒီ ပ်ကို မလုပ်ပါဘူးတဲ့၊ ငါ ဘာလုပ်ရမလဲ"

သူမ မဆိုင်းမတွ ဖြေလိုက်ပါသည်။

"နင် ဆယ်တန်းအောင်အောင် အလျင်လုပ်ရမှာပေါ့"

"တော်စမ်းပါဟာ... ဒီစာမေးပွဲကို ငါ ဘယ်နှစ်ခါ ေလဲ"

သူ့လေသံမှာ ခါးသီးလှသည်။ ဘုရားဖူးများ အုပ်စု တ်လာသဖြင့် သူမတို့နှစ်ယောက် စကားပြတ်သွား၏။

"လာ... သွားစို့"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးက အလျှင်စထွက်၏။ ကြေးစည်ကြီးကို ထမ်းထားသော ပြဿာကြီးနှစ်ယောက်၏ စောင်းတန်းထဲမှာ လူရှုပ်နေသဖြင့် တော့ဘဲ အပြင်မှသာ ရပ်ကြည့်ပြန်ထွက်ခဲ့ရသည်။

"အေးလေ၊ ငါနဲ့နင်က သူငယ်ချင်းပဲ၊ နင့်ရည်းစား တောင် မတားတဲ့ကိစ္စ ငါ တားဖို့လဲ မကောင်းဘူးထင်ပါရဲ့"

"အံမာ... ဒီလိုလေသံနဲ့တော့မပြောနဲ့ မိဇော်၊ နင့်သ တူညီချက်ကိုလိုချင်လို့ ရန်ကုန်ကနေ အချိန်ကုန်ခံ ရထားခံ ပြီး လာခဲ့ရတာ၊ ငါ့ဘဝမှာနင်ဟာ အမြဲအရေးကြီးနေတယ်။ အ ကို ငါ့ရည်းစားတွေကို အသိပေးတိုင်ပင်တာတောင် မဟုတ်ဘူး"

စိတ်တိုသွားသော သူ့အမူအရာကြောင့် ဇော် ရယ်မိ

"အေး အေး...ငါ နားလည်ပါတယ် ဖြိုးရယ်... လိုက်သွ သင်္ဘောပေါ်မှာ ဂရုတစိုက်နေပါ။ ငါ စိတ်မပူအောင် မကြာမကြာစာရေးပါ၊ နင့်ဆီက စာလာရမယ့်ရက်မှာ စာ မ ရင် ငါ ဟိုတွေးဒီတွေးနဲ့ စိတ်ကိုမချဘူး၊ ညညအိပ်လို့ တောင် ဖြိုး...၊ နင် ယုံရဲ့လား"

ပြောပြီးမှ တင်တင်ဇော် နောင်တရသွားသည်။
ဇေ ...ဒါ ငါ ဖွင့်ပြောသင့်တဲ့စကားမဟုတ်ပါလား။ သူ ဘယ်
ဆိုသွားမလဲ။ ဖြိုး မျက်နှာကို ကမန်းကတန်း မော့ကြည့်တော့ နံ
နရောင်ခြည်အောက်မှာ သူ နူးညံ့စွာ ပြုံးလေသည်။

သဖြင့် ၎ "နင်စာရေးဆရာမသာလုပ်ဖို့ စိတ်ကူးနေတယ်၊ နင့်
ထောက်ထိခိုက်မယ့်စကားမျိုး လွှတ်ခနဲ ပြောတတ်တဲ့အကျင့်က မ
ကြာ သေးဘူးနော်၊ ငါ့ရှေ့မှာ နင် ဘာပြောပြော နင့် အတွက်မထူးခြား
တခြားယောက်ျားလေးတွေနဲ့ စကားပြောတဲ့အခါ နင် သတိ
ကောင်းတယ်။ သူတို့ဟာ ယောက်ျားတွေဆိုတော့ နင် အမြဲမှတ်





သူမ ခစ်ခနဲ ရယ်လိုက်သည်။

"ဟုတ်တယ်၊ နင် ပြောတာမှန်တယ်။ ဒါပေမယ့် နင်က တော့ ယောက်ျားမဟုတ်ဘူးလားဟင်..."

"ငါနဲ့ပက်သတ်ပြီး နင် အမြဲတမ်း စိတ်ရှင်းရှင်းထားလို့ရ တယ်။ ငါ့အမှုကိစ္စနဲ့ နင့် မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတာမှ ထိခိုက်စေရဘူး၊ အဲဒါကို နင် တစ်သက်လုံး ယုံထားလို့ရတယ်၊ သိလား ဇော်"

ရင်ထဲမှာ သိမ့်ခနဲ နူးညံ့စွာ လှုပ်ရှားသွားသည့် ခံစားမှုက အလျှင်လာသည်။ ထို့နောက် တဖြည်းဖြည်း နေရာယူလာသည်က နုးနည်းစွာ နှမြောတမ်းတခြင်းပင် ဖြစ်၏။

ထိုအချိန်ကတည်းက တင်တင်ဇော် သိသင့်သည်။ ဖြိုး သည် တင်တင်ဇော်နှင့် အနီးဆုံးနေရာမှာရှိလျက်သားနှင့် အဝေးဆုံး နေရာသို့ရောက်အောင် သူ့သဘောနှင့်သူ ထွက်ပြေးနေသူ တစ်ယောက်သာ ဖြစ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ကြံတိုင်းအောင်ဟီးနိုးကား မင်္ဂလာဒုံနယ်မြေသို့ ဝင်ချိန် ည် နံနက် ၉-နာရီခွဲပြီး ၁၀-မိနစ် ဖြစ်သည်။ ပုံမှန် ရန်ကုန်-ဈေးတန်းသို့ ဝင်ချိန်မှာ ၈-နာရီခွဲ ၉-နာရီဟု ကြားဖူးထားရာ၊ ည်အတိုင်းဆိုလျှင် ကားတော်တော် နောက်ကျနေပြီ။ လမ်းတစ်ာက်လုံး အပူအပင်ကင်းစွာ အိပ်မောကျခဲ့သော တင်တင်ဇော် ည် ယခုမှ စိုးရိမ်စိတ်ကဝင်ရောက်လာသည်။

ကားဂိတ်မှာ ဖြိုး စောင့်မှစောင့်နေပါ့မလား။ တကယ်ဆို ံမှ တယ်လီဖုန်းဖြင့် သူမတို့ အိမ်အနီးက ပွဲရုံသို့ လှမ်းဆက် ကြောင်းကြားခိုင်းပြီးမှ ရန်ကုန်ကိုလာဖို့ မကောင်းဘူးလား။ လွန်ခဲ့ ာ ၂-နှစ်တုန်းကဆိုလျှင် သူမ စာမေးပွဲအောင်ကြောင်း မန္တလေးမှ ်လိုက်သော ကြေးနန်းသည် ၅-ရက်တိတိကြာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သူမ၏ကြွေးနန်းစာမရသေး၍ မြို့ စောင့်မ
ဘူးဆိုပါက ဘယ့်နှယ်လုပ်မလဲ။ မြို့စာထဲတွင် ဇူလိုင်တစ်လ
သင်္ဘောမထွက်ရဟု ပါသော်လည်း အရေးပေါ် သူတို့သင်္ဘောထွက်
လျှင် ဘယ့်နှယ်လုပ်မလဲ။ ထိုမေးခွန်းများကို မင်္ဂလာဒုံ အဝင်
ကတည်းက ကိုယ့်ကိုယ်ကို မေးမိသည်မှာ အကြိမ်ကြိမ်ရှိပြီ။

သူမ အငှားကား ငှားရမည်။ ကြည့်မြင်တိုင် အိမ်လိပ်စာ
ပြောပြ၍ လိုက်ပို့ခိုင်းရမည်။ အငှားကားခ ဘယ်လောက်တောင်း
နည်း။ အငှားကားခ ဘယ်လောက် တောင်းတောင်း အရေးမကြီး
အရေးကြီးသည်မှာ အိမ်တိုင်ရာရောက် လိုက်ပို့ပေးဖို့သာဖြစ်ပါသည်
ရန်ကုန်မှာ ဘယ်သူ့ကိုမှ စိတ်ချရလိမ့်မည် မဟုတ်ပါ။

အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့၊ မရမ်းကုန်းမြို့န
လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ ကမာရွတ်မီးပွိုင့်အနီးတွင် ပျား
ခပ်မျှ ရှုပ်ထွေး စည်ကားလှသော ကားများ၊ လူများကိုကြည့်ရင်း
တလှုပ်လှုပ်တုန်ကာ မူးနောက်လာ၏။ ဘုရားဘုရား၊ ကားဂိတ်
မြို့ရောက်နေပါစေ။

ငါ့နှယ်နော်၊ ဖေဖေ အနောက်ဘက်ရွာတွေက ပြန်လာ
အထိ စောင့်ပြီးမှ ဖေဖေနဲ့အတူ လာသင့်တာ။ ဆရာဝန် မှတ်ပုံ
စာအုပ်ထုတ်တာ တစ်ပတ်နှစ်ပတ် နောက်ကျရုံနဲ့ ဘာဖြစ်သွား
လို့လဲ။ အလွန်ဆုံးဖြစ်လျှင် ဆေးခန်းအဖွင့် နောက်ကျဖို့ပဲဖြစ်
သည်။ နောက်ပြီး ရန်ကုန်က ဆေးခွဲတမ်း လွတ်သွားရုံပဲရှိမည်။

မီးနီတွင် အကြာကြီးစက်သတ်လျက် စောင့်နေသော
ကားပေါ်မှာ ဇော် နေမထိထိုင်မသာ ရင်ပူလာတော့သည်။

ထိုအချိန်တွင် ဂျာမန်ဒဿနပညာရှင် ဟေဂယ်
ဆောင်ပုဒ်ကို သူမ ကြိုးစားပမ်းစား နှလုံးသွင်းနေရသည်။





'မှားယွင်းမှုကို စိုးရိမ်ပူပန်ခြင်းသည် တိုးတက်မှုကို
ပိတ်သည်း စေသည်' ဟူ၏။ သူမ အားတင်းလိုက်ပါသည်။ လောက
မှာ မြို့ ဆိုတာမရှိဘူးလို့ ယူဆထားလိုက်လျှင် ဘယ့်နှယ်နေမလဲ။
တစ်ဦးတည်း ကြည့်မြင်တိုင်သို့ ရောက်အောင်သွားရမည်။ အငှား
ကို မယုံရဲလျှင် သူမ ဘတ်စ်ကားဖြင့် သွားနိုင်သည် မဟုတ်လား။

ရေနံချောင်းမှာတုန်းက ရန်ကုန်ကိုမကြာခဏ သွားရသော
သည် အသိအကျွမ်း တစ်ယောက်ကို သူမ မေးခဲ့ပြီးသား။ မြို့ထဲ
နေ ဘယ်ကားစီးလျှင် ကြည့်မြင်တိုင်သို့ရောက်နိုင်သလဲ၊ ယခု
ကုန်မှာ ဘတ်စ်ကားလိုင်းတွေနံပါတ်တွေပြောင်းနေသည်တဲ့။
ကြည့်မြင်တိုင်သို့သွားလိုလျှင် အမှတ် ၁၂၊ အမှတ်၃၃၊ အမှတ်၃၂
ပါတဲ့။ ဘယ်နားကနေစီးရမလဲဟု သူမ မေးတော့ ထိုလူက
ပြပါသည်။ အနော်ရထာလမ်းက စီးပါ။ ဆူးလေဘုရားလမ်းနှင့်
အနော်ရထာလမ်းဆုံ မီးပွိုင့်အနီးတွင် တွေ့သမျှအမှတ် ၁၂ ၃၃၊
၃၂ ဘယ်ကားပေါ် တက်တက် ကြည့်မြင်တိုင်သို့ ရောက်သည်ဟု
တိတိကျကျ ဖွယ်ရာ အဖြေပေးပါ သည်။ တစ်ခုပဲ တင်တင်ဇော် အ
ခက် ခက်နေ၏။ အနော်ရထာလမ်း ဆိုတာ ဘယ်နားမှာရှိမှန်း သူမ
သိပါ။

တွေးတောရင်း ရင်ထဲမှာ မူးနောက်လာပြန်ပြီး ရင်တဒိတ်
ခုန်လာ၏။ ဟောဟိုမှာ ကြည့်မြင်တိုင်မြို့နယ် ဆိုပါလား။
က အရှိန်မှန်မှန်ဖြင့် မောင်းလာသည်။ လက်ဝဲ လက်ယာ
လက်ဖောင်းပေါ်၌ မှတ်တိုင်တွင် လူတွေရှုပ်ထွေး များပြားလွန်းလှ
၏။ ထို့နောက် ကားသည် လာလမ်းမှ လက်ဝဲဘက်သို့ ထောင့်မှန်
ကျ ချိုးကွေ့လိုက်သည်။ ခပ်ဝေးဝေး မောင်းမိသွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



လမ်းကျယ်တစ်ခုသို့ ရောက်လာပြီး ထိုလမ်းကျယ်အတိုင်း (လက်ယာ
ဘက်သို့ထောင့်မှန် ပြန်ချိုး၍) မောင်းပြန်သည်။ ထို့နောက်
ကားလမ်းသည် အနည်းငယ် နိမ့်ဆင်းသွား၏။

မြေပြင်အနိမ့်မိုပ္ပိုင့်လမ်းဆုံမှာ မီးနီမိ၍ ခဏစောင့်ရပြ
သည်။ လက်ဝဲဘက်မှာ မီးရထားဖြတ်သွားသည့် ရထားလမ်းအမြင့်
အောက်က ကားသွားသည့် လမ်းပေါ်မှာကန့်လန့်ဖြတ်၍ တံတား မြ
လုပ်ထားသော မီးရထားလမ်းဖြစ်သည်။ အောက်ဘက်ကားလမ်း
ကားများဖြတ်သွားကွေ့လာနေကြသည်ကို မြင်နေရသည်။ထို့နောက်
မီးစိမ်းသွားသည်။ ကားသည် ရှေ့တည့်တည့် ပြန်တက်သည့်လမ်း
အတိုင်းမောင်းလာသည်။ လမ်း၏ လက်ယာဘက်တွင် ဘုရား
ထီးတော် ပြုလုပ်သော သံခွေအဆင့်ဆင့် ရွှေချပြီးသား တချို့တို့နှင့်
သံထည်အတိုင်း တချို့မြင်ရသည်။ အစ်ကိုကြီးနေသောလမ်းမှာ
ထီးတန်းလမ်း ဖြစ်ပါသည်။ ဤနေရာတွင် ဆင်းလိုက်ရမည်လား
ဝေခွဲမရ ဖြစ်နေသည်။ ဒီနားဆိုပုလဲနှင့်ငါးသဘော်ကကပ်တီး
ဦးမောင်မောင်ဦးအိမ် ဟု မေးရတာပိုလွယ်လေမလား။ တွေဝေနေစဉ်
ကားက ကြည့်မြင်တိုင် ဒေသကောလိပ်ဟူသော ဆိုင်းဘုတ်တပ်ထား
သည့် အဆောက်အဦးကို ဖြတ်ကျော်သွားသည်။

အို . . . ဒီအနားပဲ ဖြစ်ရမည်။

ဖြိုးက ပြောဖူးသည်။ သူတို့လမ်းသည် ကောလိပ်၏
နောက်ဖေးဘက်လမ်း ဖြစ်သည်တဲ့။ သို့သော် ကားဂိတ်ကို ဆက်လိုက်
သွားဖို့ ကောင်းမည်ဟု တစ်ဘက်က ဖြိုးကို မျှော်လင့်ရပြန်သည်
မှူးနောက်နေသော ခေါင်းကို တတ်နိုင်သမျှ ကြည်လင်အောင်
ကားပြတင်းမှ ခေါင်းထုတ်လျှက်ဆိုင်းဘုတ်များကိုမော့ကြည့်လာ





သည်။ အနောက်ပိုင်းဆေးရုံကြီး။ သီတာရုပ်ရှင်ရုံ၊ ဖြိုးနှင့်မတွေ့လို့
ဒီကားကားပြန်စီးရင် ဟောဒီရုပ်ရှင်ရုံကို ပြန်ဖြတ်သွား ရမှာပဲ။ ပြီးမှ
ကြည့်မြင်တိုင်ကောလိပ်ကိုရောက်မည်။ ဤလမ်းသည် နှစ်လမ်း
မောင်းဖြစ်သည်။ ဟိုရှေ့မှာ ကားများသည်ဘက်သို့ လာနေကြတာကို
တော် မြင်ရသည်။ ထို့နောက် ကံကောင်းထောက်မစွာ အမှတ်၁၂
ဒိုင်းကားလေးကို မြင်လိုက်ရသည်။ ဇော် ဘတ်စ်ကားစီးလျှင် ဤလမ်း
ကိုရောက်ကြောင်း သေချာသော အမှတ်၁၂ ကို စီးရမည်။

မြို့ထဲ ကုန်ဈေးတန်းလမ်းကားဂိတ်သို့ရောက်ရန် ရှုပ်ထွေး
သောသော လမ်းအဆင့်ဆင့်ဖြင့် ကားကိုပျင်းရိငြီးငွေ့ဖွယ်ရာ စီးရပါ
သည်။ နောက်ဆုံးတော့ သူမ ရင်ဆိုင်ဖို့ကြောက်လှသော ခရီးဆုံး
ကားဂိတ်သို့ ကားဆိုက်ရောက်သည်။ညာဘက်တွင် 'ကြံတိုင်းအောင်၊
ပြန်သား' ဟူသော ဆိုင်းဘုတ်အဝါကြီး ချိတ်ထားသည့် တိုက်ခန်း
ကျဉ်းကျဉ်းကလေးအနီးမှာ လူတွေစုရုံးနေသည်။ ထိုလူအုပ်ကြားထဲ
၌ သူမ ရင်တဒိတ်ဒိတ်ခုန်စွာ ဘုရားတ, ရင်း ဖြိုး ကို လိုက်ရှာမိ
သည်။ လူအုပ်နှင့်ခပ်လှမ်းလှမ်း ပိတ်ထားသော တိုက်ခန်းတံခါး
ရှေ့ခြမ်းချပ်၏ရှေ့မှာရပ်နေသော ဖြိုးကို သူမ တွေ့လိုက်ရသည်။

"ဖြိုးရေ . . ."

သူမ မရှက်နိုင်တော့ပါ။

ဖြိုးက ကားအနီးသို့ လျှောက်လာရင်း ကားပြတင်းဝများဆီ
သို့ မျက်လုံး ရွေ့လျားကြည့်သည်။ ဖြိုးကိုတွေ့လိုက်ခြင်းကြောင့် ဘယ်
လောက် စိတ်ချမ်းသာ လုံခြုံသွားကြောင်း ဘယ်တော့မှဖော်ပြနိုင်စွမ်း
ရှိတော့မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးက သူမကို လက်မြှောက်ပြရင်း ခပ်သုတ်သုတ် လျှောက်လာ၏။

ဖြိုးသည် ဇော် အလုပ်သင်ဆရာဝန်ဖြစ်နေစဉ် မန္တလေးသို့ လာစဉ်တုန်းကအတိုင်း အကွက်ခပ်စိတ်စိတ် ပလေကပ်လုံချည် အပြာနုရောင် ဝတ်ထားသည်။ အင်္ကျီမှာ အကွက်ကျဲကျဲကြီးများဖော်ထားသည့် အညိုကွက်ဖြစ်သည်။ အင်္ကျီ၏ အိတ်ပေါ်တွင် Henery Hillဟု စာတန်းကလေးပါသည်။ သူ့ဆံပင်များကို သေသေသပ်သပ် ဖြီးထားပြီး နှုတ်ခမ်းမှာ စီးကရက်က တွဲလွဲချိတ်လျက်။

"ဟိတ်. . . မိဇော် ဆင်းခဲ့လေ၊ နင် ဘာဖြစ်လို့ ထိုင်နေတာလဲ" သူမ နံဘေးက ကားကိုယ်ထည်ကို လက်ဖြင့်ပုတ်သည်။

"အေးပါ. . .လူတွေ ဆင်းနေကြတုန်းမို့ပါ" သူမ အသံများ ပျော်ရွှင်မှုကြောင့် မသိမသာ တုန်ယင်နေသည်။ ရန်ကုန်အဝင်မှစ၍ ပူပင်ခဲ့ရသော သောကထုထည်ကြီး ပြုတ်ကျသွားသောကြောင့်လားမသိ။ တင်တင်ဇော် တစ်ကိုယ်လုံးပေါ့ပါး လွတ်လပ်သွားသည်။

"ပေး. . .နင့်အိတ်တွေ၊ ဒီအပေါက်ကချပေး"

ဇော့်မှာ ပါလာသည့် တစ်ခုတည်းသော လက်ဆွဲအိတ်ကို ဖြိုးထံ ချပေးလိုက်ပြီးမှ တင်တင်ဇော် အောက်သို့ဆင်းသည်။ ဖြိုးက သူမ၏အိတ်ကို ပခုံးမှာ လွယ်ထားသည်။

"ပေးလေ ဖြိုး. . . ငါ သယ်ခဲ့မယ်"

"ရပါတယ်၊ ငါပဲသယ်ပါ့မယ်။ ဘတ်စ်ကားဂိတ်အထိ ခပ်ဝေးဝေးလျှောက်ရဦးမှာ။ တခြားဘာမှ မပါတော့ဘူးလား"

"ဟင့်အင်း"

"လာ . . ."





ဖြိုးက ရှေ့မှ ထွက်သွားသဖြင့် ခြေလှမ်းခပ်ကျဲကျဲကို ...အောင် သူမ ခပ်သုတ်သုတ် လိုက်ရသည်။

"ဖြိုးရယ်၊ ငါတစ်လမ်းလုံး စိတ်တွေပူလိုက်ရတာ၊ နင်မှ ...ကြိုပါ့မလားလို့"

ဖြိုးက နောက်ပြန်လှည့်ကြည့်ကာ မျက်မှောင်ကြုတ် သည်။

"ဩော်. . .ဟုတ်တယ်၊ နင် ကြိုခိုင်းလျက်သားနဲ့ ငါ ...မကြိုဘဲနေမလားဟ။ နင်က တစ်ခါမှ ရန်ကုန်ကို ရောက်ဖူးတာ ...ဟုတ်ဘူး။ ငါ့မှာ ဘာအလုပ်ရှိရှိ အဲဒီအလုပ်ကို ပစ်ထားရမှာ ...

ရှေ့တည့်တည့် လမ်းကျယ်ကြီးသို့ ရောက်တော့ ဖြိုးက ...ရပ်၏။

"တို့ ဟိုဘက်ကိုကူးရမယ်။ နင် ညာဘက်ကို ကြည့်စရာ ...ဘူး။ ဘယ်ဘက်ကိုပဲကြည့်။ ကားနည်းနည်းရှင်းရင် ကူးမယ်"

"ဖြိုး. . .ဒါ ဘာလမ်းလဲဟင်"

"ဒါ. . .မဟာဗန္ဓုလလမ်း၊ တို့လာခဲ့တာ ကုန်ဈေးတန်း ... လာ. . . ကူးမယ်"

"အို. . . နေဦး"

ဘတ်စ်ကားတစ်စင်း ခပ်လှမ်းလှမ်းမှာ လာနေသော...ကြောင့် သူမ နောက်သို့ ပြန်ဆုတ်လိုက်လေသည်။ ဖြိုးက လမ်းလယ် ...တ်ကာမှ နောက်ပြန်ဆုတ်ကာ သူမ ကျန်ရစ်ခဲ့သောပလက်ဖောင်း ...သို့ ပြန်တက်သည်။ ထို့နောက် ခပ်ဆတ်ဆတ် လေသံဖြင့် ...တာလဲ. . . ဘာဖြစ်လို့ နောက်ကျန်နေခဲ့ရတာလဲ"ဟု ဟောက် ...သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို. . .ငါ ကြောက်လို့ပေါ့"ဟု သူမ ပြန်အော်ပစ်လိုက် သည်။ ဖြိုးက ရယ်မောလေသည်။

"နင် ဒီလမ်းကို ဒါလောက်ကြောက်နေရင်ဒုက္ခပဲ။ တော မှန်း လူသိလိုက်တာ။ ဒီလိုသာဆို အကြာကြီး စောင့်နေရမှာပေါ့ လာလာ. . .ငါ့လက်ကိုတွဲ ငါ ကူးရင်လိုက်ကူးနော်"

ထို့နောက် သူမလက်တစ်ဘက်ကို ဆောင့်ဆွဲသလို ဆုပ် ကိုင်၍ ခပ်သွက်သွက် လမ်းဖြတ်ကူးသည်။ တစ်ခါမှ ဖြိုးက လက်ကိုင် တာကိုမကြုံဘူးသော ဇော်သည် သူ လက်ကိုကိုင်ဆုပ်ထားတာ လည်း ရင်ခုန်စရာမကောင်းပါလားဟု ပြုံးမိသည်။ ဟွန်း. . . သူ့ရည်းစားတွေဆိုရင်တော့ ခပ်ဖွဖွ ရွရွ ကလေးထိကိုင်မှာပေါ့လေ လမ်းလယ်ခေါင်တွင် တစ်လမ်းလုံးကို ဟိုဘက်သည်ဘက် ခြားထား သော အုတ်ခုံတန်း မြင့်မြင့်ကလေးပေါ် ရောက်တော့ ခဏရပ်သည်။ ထိုအခိုက် လမ်းတစ်ဘက်ထိပ်(ညာဘက်)ရှိ ရွှေရောင်ဝင်းလက် နေသော ဘုရားတစ်ဆူကို မြင်ရသည်။ ဒါ ဆူးလေစေတီ ပဲဖြစ်ရမယ်

"ဖြိုး . . ."

"လာ. . .အခု ဖြတ်ကူးမယ်"

သူက စကားပြောခွင့်မပေးဘဲ လမ်းကိုဖြတ်ကူးသည်။ တစ်ဘက် ပလက်ဖောင်းပေါ် ရောက်တော့မှ တင်းကျပ်စွာ ဆုပ်ကိုင် ထားသော သူ့လက်ကို ဖြေပေး၏။

"ကဲ. . .ပြော၊ စောစောက ဘာပြောမလို့လဲ"

"ဟင့်အင်း. . .မပြောတော့ဘူး"

"ဘာလဲဟ၊ ဒါစိတ်ကောက်တာလား"သူက စတင်၍ ဘုရားရှိရာသို့ ပလက်ဖောင်းအတိုင်း လမ်းလျှောက်သွားရင်း မျက် မှောင်ကုတ်ပြန်သည်။





"မဟုတ်ပါဘူး၊ စောစောကပြောချင်တယ်။အခု မပြောချင် တော့ဘူး။ စိတ်ဆိုတာ တစ်သမတ်တည်းဘယ်တော့မှ မရှိနိုင်ဘူး ဆိုတာ နင် မသိဘူးလား"

"အရူးမ"

ဖြိုးက တစ်ခွန်းတည်း ကောင်းချီးပေးလေသည်။ သည် ခါတော့ ဖြိုးရယ်နေကျ ဇော် အလွန်မုန်းတီးသော အာခေါင်ခြစ် ရယ်သံမျိုးဖြင့် သူမ အော်ရယ်ပစ်လိုက်သည်။ ဖြိုးက လမ်းလျှောက် နေရာမှ တုံ့ခနဲ ရပ်ကာ ပြူးပြူးပျာပျာ လှည့်ကြည့်၏။

"နင် ဘာဖြစ်လို့အကျယ်ကြီးရယ်ရတာလဲ။ ဒါ ရန်ကုန် မြို့လား. . .နောက်ပြီးမိန်းကလေးဆိုတာ အဲလို မရယ်ရဘူး"

တင်တင်ဇော် ဘာမှ ပြန်မပြောဖြစ်ပါ။ လက်ဝဲဘက်ရှိ သေတ္တာထဲမှ နာရီများကို တစ်ဆိုင်ပြီးတစ်ဆိုင် ငေးမောရင်း သူ့ နောက်က လိုက်လာသည်။ ရသာမုန့်တိုက် ဟူသော ခေါင်းစီး ထားသည့် ဆိုင်ခန်းကို သူမ မော့ကြည့်လိုက်သည်။

"ဓိဇော်. . . နင် သိပ်ဆာနေပြီလား"

ဖြိုး လေသံက ကြင်နာသောအရိပ်အယောင်သို့ ချက်ချင်း ပြောင်းသွားသည်။

"ဟင့်အင်း. . .သိပ်မဆာပါဘူး၊ နင်နဲ့တွေ့လိုက်ရတာ ငါ ပျော်သွားတာ၊ ဆာတာတောင် မေ့သွားတယ်"

သူမ လွှတ်ခနဲ ပြောလိုက်ပြီးမှ သူ့မျက်နှာ ကမန်းကတန်း ကြည့်တော့ သူက မဲ့ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတွေနဲ့စကားပြောရင် နင် ရှေ့လျှောက် သင်ထားဖို့လိုလာပြီနော်၊ စောစောက ငါ့ကို ပြောတဲ့စကားမျိုး ဘယ်ယောက်ျားမှ သွားမပြောလိုက်လေနဲ့ နင် ဒုက္ခရောက်သွားမယ်"

"အို့. . . ငါကလဲ ဘယ်ယောက်ျားနဲ့တွေ့လို့မှ ဒီလောက်ဝမ်းမသာနိုင်ပါဘူး"ဟု သိသိကြီးနှင့် ဖွတ်ဆက်ပြောမိပြန်သည်။ ဖြိုးက သူမ၏ ခေါင်းမှဆံပင်ကို လက်နှင့် ဖျတ်ခနဲဖွလျက် တဟားဟား ရယ်လေသည်။

အစ်ကိုကြီးနှင့်မမမိုးတို့နေအိမ်မှာ တိုက်ခံအိမ် အမျိုးအစား ဖြစ်၏။ အောက်ထပ်မှာ အိမ်ငှားတစ်အိမ်ထောင်ရှိပြီး အပေါ်ထပ်မှာမှ အစ်ကိုကြီးတို့မိသားစု နေကြသည်။ အပေါ်ထပ်ကြမ်းပြင်ကို ချောမွတ်၍ လက်နေအောင် တိုက်ထားလေသည်။ အစ်ကိုကြီး ရုံးက ထမင်းစားပြန်မလာသေးပါ။ မမမိုးသည် ကလေးလေးယောက် ရှိ သည်အထိ ဇော်တို့ ငေးမောခဲ့ရသည့် အပျိုဘဝက အလှများရှိနေ သေးဆဲဖြစ်သည်။ "ကားနောက်ကျ လိုက်တာနော်"ဟု မမကပြောပြီး ဇော့်အိတ်ကို တစ်ခုတည်းသော အခန်းထဲသို့ သွားထားသည်။

"မိဇော် လာမယ်ဆိုလို့ ငါ ပုစွန်ချက်ထားတယ်"ဟု ပြောပြီးမီးဖိုချောင်ရှိရာ အောက်ထပ်သို့ ဆင်းသွားသည်။ ရေနံချောင်းသို့ ခဏခဏ ဖြိုးနှင့် လိုက်လာပြီး ဇော်နှင့် ရင်းနှီးခင်မင်နေပြီဖြစ်သော သားအကြီးနှင့် သမီးက ဇော့်အနားမှာ ဝင်ထိုင်လျက် ရေနံချောင်း သတင်းများကို စတင်မေးမြန်းတော့၏။

"မိဇော်. . .ငါ ကော်ဖီဖျော်လိုက်မယ်၊ နင် မျက်နှာ သစ်ခဲ့ပြီးသားလား" ဖြိုးက ကော်ဖီဖျော်ရန်ထသွားရင်း မေး၏၊





"ဟင့်အင်း . . ."

"သွားလေ။ အောက်မှာသွားသစ်ချည်၊ သမီး လိုက်ပို့လိုက်"

"ဖြိုးကလဲဟယ်. . .မထူးပါဘူး၊ ခဏနေတော့ ရေချိုးမှာပဲ ဥစ္စာ၊ အဲဒီကျမှ တစ်ခါတည်း သွားတိုက်တော့မယ်"

မိန်းကလေးသဖွယ် ကျွမ်းကျင်စွာဖြင့် ဖြိုးက ကော်ဖီဖျော် လေသည်။ မုန့်ကို ယိုးဒယားမှလာသော အဆောင်တက် ဘစ်စကစ် ဘူးထဲမှနှိုက်ယူ၍ ပန်းကန်ပြားထဲထည့်ပေး၏။ သူမကော်ဖီသောက် နေစဉ် ဖြိုးက ရှေ့တည့်တည့်မှ ထိုင်ကြည့်နေ၏။

"ဆံပင်ကလဲ ဘာပုံကြီးမှန်းမသိဘူး၊ ဆရာဝန်. . .တဲ့၊ ဘယ်သူမှ ယုံမှာမဟုတ်ဘူး"ဟု အားမနာပါးမနာ ရှုံ့ချ၏။

"ဘာဖြစ်လဲ. . .ငါ့ဘာသာ ဘာပုံပေါက်ပေါက် နင့်အပူ မပါဘူး"

သူမ ခပ်ရှက်ရှက်ဖြင့် ငေါက်ပစ်လိုက်မိသည်။ ဖြိုးက အော်ဟစ်ရယ်ပြန်သည်။ ထို့နောက် မျက်နှာတည်တည်ဖြင့်. . .

"ငါ အကောင်းပြောမလို့ မိဇော်၊ ရန်ကုန်ရောက်တုန်း ဆံပင်ပုံစံလှလှလေး ပြင်သွားစမ်းပါဟာ၊ နင့်ပုံက ပုံတုံးကြီး၊ နင် လှချင်ဘူးလား"

"ဩော်. . .မိန်းကလေးပဲဟာ၊ မလှချင်ဘဲ ဘယ်ရှိပါ့မလဲ"

"အေး. . .ဒါဆို။ နင် ဒီနေ့နေ့လယ် ခေါင်းလျှော်ဟာ။ မြို့ထဲမှာသွားပြင်လိုက်၊ငါ လိုက်ပို့မယ်။မမတို့ ဘယ်မှာဆံပင်ပြင်သလဲ ငါ မေးပေးမယ်။ သူတို့ ခဏခဏ သွားပြင်နေကျဟ။ နောက်ပြီး ငါ ပေးတဲ့ ဟိုမိတ်ကပ်တွေရော နင် သုံးတတ်ပြီလား၊ သုံးရဲ့လား"

"ဟင့်အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်. . ."

ဖြိုးက စိတ်ပျက်လက်ပျက် စုတ်တစ်ချက်သပ်၍ ညည်းေ သည်။

"ငါမှ မလုပ်တတ်တာ. . .ဖြိုးရဲ့"

"မလုပ်တတ်စရာမရှိပါဘူးဟာ. . . အခုပါလား။ ငါ ပြော မယ်"

"အင်း. . .ပါတယ်၊ နေပါဦး နင်က ဘယ်သူပြင်တာ ကြည့်ဖူးလို့လဲ" ရယ်ချင်စိတ်ဖြင့် သူမ ခပ်လှောင်လှောင် မေးေ ဖြိုးက ရှက်ကိုးရှက်ကန်း ပြုံးလေသည်။

"ထိုင်တော့ မကြည့်ဖူးပါဘူးဟာ. . .မေးကြည့်တာ ငါ့ကောင်မလေးကို မေးကြည့်တာလေ . . ."

သူမမှာရှိသော ရယ်မော လှောင်ပြောင်ချင်စိတ် ရုတ်ခြည်း ပျောက်ကွယ်သွားပြီး ပူလောင်သော မနာလိုဝန်တိုခြင်း တမြည့်မြည့် ဝင်ရောက်လာသည်။ မျက်နှာပျက်မသွားအောင် သူ ကြိုးစားပြုံးလိုက်ရ၏။

"နေပါဦး၊ နင့်ကောင်မလေး အဲ. . .ဘယ်သူ . . ."

ဟန်လုပ်၍သာ မေးရသည်။ မနှစ်က ဇော်ကို မွေးေ လက်ဆောင်ပေးရင်း ပြောသွားခဲ့သည့်နာမည်ကို ဇော် တစ်သ မမေ့နိုင်တော့ပါ။

"မြိုင်. . .တဲ့၊ မေလဲ့မြိုင်"

"သူက လှသလား"

ဖြိုးက အဓိပ္ပာယ် ဖော်ရခက်သောအပြုံမျိုးဖြင့် ခပ်မဲ့ ပြုံးလေသည်။





"မဆိုးဘူး၊ နင် ငါ့ကောင်မလေးတွေအပေါ် စိတ်ဝင်စားမှု ာပြီ။ အလျှင်တုန်းကလို ပစ်စလက်ခတ် မဟုတ်တော့ဘူး"

ထို့နောက် ပင့်သက်တစ်ချက် ရှိုက်သည်။ "ငါ့မျက်စိထဲ ာ့ လှတာပေါ့ဟ"

"အခု သူက ဘယ်မှာလဲ။ ဒီ ကောလိပ်မှာလား"

"ထားဝယ် ကောလိပ်မှာ. . .ဒါပေမယ့် အခု ရန်ကုန် ောက်နေတယ်"

"ဟုတ်လား. . .ငါနဲ့မိတ်ဆက်ပေးပါလား ဖြိုး . . ."

ကောင်မလေးနှင့်တွေ့လျှင် ပြုံးပြရမည့် မျက်နှာထားကို ခွဲချည်းသက်သက်မဖြစ်စေရန် မှန်ထဲမှာကြိုတင် လေ့ကျင့်ရဦး ည်။

"မဖြစ်ပါဘူး"

"ဘာလို့ မဖြစ်ရမှာလဲ. . .ငါ တွေ့ချင်တယ်လေ"

ဖြိုးက မျက်နှာညိုညိုဖြင့် ငွတ်ငြင်း၏။

"ဒါပေမယ့် ငါက မတွေ့စေချင်ဘူးလေ"

နေ့လယ် ခေါင်းလျှော် ရေချိုးပြီးတော့ သူမတစ်ခါမှမရောက် သော ဆံပင် အလှပြင်ဆိုင်သို့ ဖြိုးက ခေါ်သွားသည်။ မိုနာလီဇာ င်အလှပြုပြင်ရေး ဟူ၏။

"ဖြိုး. . .နင် ဒီကို ခဏခဏ ရောက်ဖူးသလား"

"ထပ်သရီး. . .တစ်ခါမှတောင် မရောက်ဖူးဘူး။ နင်က သူမမို့လိုက်ပို့ရတာ။ မမက သူ့ကလေးတွေနဲ့၊ သူ့ ယောက်ျား တာနဲ့၊ နင့်ကို ဒီနေ့လိုက်မပို့အားလို့ ငါ လိုက်ပို့ရတာ၊ ရှင်းပြီ ။ မနက်ဖြန် နင် သိမ်ဖြူလမ်းကို သွားရမယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးဝန်ကြီးဌာနမှာ နင်တို့ မန္တလေးဆင်း ဆရာဝန်တွေမ ဘူး၊ ရန်ကုန်ဆင်း ဆရာဝန်တွေပါ တွေ့ရမယ်။နင် တောဂိုက်ပေါ် နေလို့မဖြစ်ဘူးလေ''

ဆံပင်အလှပြုပြင်ဆိုင် မှန်တံခါးကို တွန်းဖွင့်၍ ဝင်သေ အခါ မိုးပွဲ့ဖွဲ့ပင့်ရွာစပြုပြီ။ အထဲမှာ အမျိုးသမီးသုံးလေးယောက် ဖြိုင်တူ ဆံပင်ပြင်နေကြသည်။ ထိုင်စောင့်နေသူများမှာ အဖော်မှာ ဖြစ်ဟန်တူပါသည်။ ဖြိုးက ''သွားလေ''ဟုခပ်တိုးတိုး ဆိုသည်။ သူ့ အူကြောင်ကြောင် ပုံစံကို ဆံပင်ကိုင်သည့် မိန်းကလေးတစ်ယောက် မြင်သွား၍ ပြုံးရွှင်စွာ နှုတ်ဆက်လေသည်။

''ထိုင်ပါဦး အစ်မ၊ ဆံပင်ဖြတ်မှာလား ကောက်မှာလား ဘယ်လိုပုံမျိုးကြိုက်သလဲ''

''ဖြိုး. . . ငါ ဘာပုံဖြတ်ရမှာလဲ''

လွှတ်ခနဲမေးမိတော့ ဖြိုးက မျက်လုံးပြူး၍ အံကြိတ်ပြသည်။

အိမ်မှာကတည်းက ဖြိုးက တတွက်တွက် သင်ထားသည် ဟိုရောက်ရင် နင့်ဟာနင်ပြော၊ ငါ့ဘက်လှည့်မမေးနဲ့။ ကုပ်ဝဲ နောက်ဘက်မှာ အတွင်းကိုလိပ်ပြီး ကုပ်ထားတဲ့ပုံစံ ဆံပင်ပွပွလေး ပြော။ ရှေ့ဆံပင်ကျတော့ ဒိုင်ယာနာပုံစံလို့ပြောဟု သူ အတန် မှာပြီးသားဖြစ်၏။ အမျိုးသမီးလေးက ဖြိုးနှင့် သူမကို ဘာထင်သွ မလဲမသိ။ ခစ်ခနဲ တစ်ချက်ရယ်သည်။

ဖြိုးက ရှက်ကိုးရှက်ကန်းပုံစံမဖြစ်အောင် မျက်နှာကို တည်တည် ထိန်းချုပ်လျက်ဖြေသည်။

''နင် ကြိုက်တဲ့ပုံလုပ်ပေါ့ဟာ။ ငါက ဘာနားလည်မှာလဲ ကြာဦးမှာဆိုရင် ငါ ဟိုဘက်နားသွားလိုက်ဦးမယ်''





''ဟင့်အင်း. . .မသွားရဘူး၊ ငါ တစ်ယောက်တည်း၊ နင် ကြာကြီးမထားခဲ့နဲ့''

''ဟာ. . .သေတော့မှာပဲ''

ဖြိုး၏ မျက်နှာမှာ သိသိသာသာ ရှက်သွေးဖြန်းသွား၏။

ထို့နောက် ဘာမှမပြောဘဲ ပေကပ်ရပ်နေသည့် ခင်တင်ဇော်ကို ကြည့်ကာ စိတ်တိုတိုမျက်နှာထားဖြင့် သူ လိုချင် သော ပုံစံကို ပြောပြတော့သည်။ မိန်းကလေးက ပြုံးရွှင်စွာ ခေါင်း ညိတ်သည်။

''ဒါဆိုရင်...ဒီအတိုင်းဖြတ်လို့ ကြာကြာခံမှာ မဟုတ်ဘူး အစ်မ၊ ကောက်ဆေးနဲ့ပုံစံသွင်းယူရမယ်''

''ဘယ်နှစ်နာရီလောက် ကြာမှာလဲဗျ''

''သုံးနာရီနီးပါး ကြာမယ်''

''ကိစ္စမရှိဘူး ရတယ်'' ထိုစကားကိုပြောလျက် ဖြိုးက ဝင်ခနဲ အပေါက်ဘက်သို့ ထွက်သည်။

''ဖြိုး. . .ဘယ်လဲ . . .''

''ငါ စီးကရက်သွားသောက်မလို့၊ ခဏလေးရယ်၊ ငါ ချက်ချင်းပြန်လာမယ်၊ နင် ဘာမုန့်စားချင်သေးလဲ''

''ဟင့်အင်း''

ကောက်လိပ်ကလေးများဖြင့် သူမ၏ဆံပင်ကို လိပ်နေစဉ် ပြန်ဝင်လာသည်။ သူ့လက်ထဲမှာ ပီကေထုပ်ကလေးတွေ ပါလာ ခပ်လှမ်းလှမ်း ကုလားထိုင်ပေါ်မှာ အကျအနထိုင်လျက် ပီကေ ရင်း၊ မဂ္ဂဇင်းတစ်အုပ်ကို ဖတ်ရင်း စိတ်ရှည်လက်ရှည် စောင့်တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဘက် လှည့်ကြည့်ရင်း မျက်လုံးချင်းဆုံတော့ ဖော့်ရွှင်စွာ မျက်စိမှိတ်ပြလိုက်မိ၏။ ဖြိုးက မျက်နှာကြီး ရှက်ကိုးရှက်ကန်းဖြစ် သွားကာ ပါးစပ်လှုပ်ရုံလှုပ်၍ 'ခွေးမ'ဟု ဆဲပြလေသည်။

*   *   *



အခန်း(၅)

နံနက် ၉နာရီအရောက် ကျန်းမာရေးဝန်ကြီးဌာနရုံးသို့ သွားရန် သူမ ဝီရိယကောင်းစွာ ရှစ်နာရီကတည်းက မှန်ရှေ့ရောက် နေပြီ။ စာရေးသည့်ဘက်တွင် စိတ်အာရုံ ထူးစိုက်ရလွန်းသဖြင့် ဥပ်လျှိုး ဖောက်ကွယ်လုနီးပါးဖြစ်နေသော သူမ၏ အလှအပပြင်ချင်စိတ်ကို ယခုတော့ ပြန်လည်ဖော်ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။ သူမသည် မိမိကိုယ် ပိုင်၏ မိန်းကလေးအဖြစ်ကို နှစ်ပေါင်းများစွာကြာအောင် မေ့လျော့ နေခဲ့သည်။ယခုသတိတရပြင်ဆင်ဖို့ ကြိုးစားပြန်တော့ မှန် ရှေ့ကပင် မခွာနိုင်အောင်ရှိတော့သည်။ မူလက တင်တင်ဇော်၏ ဆံပင်မှာ ပခုံး ပေါ်ထိ မညီမညာကျနေသော ဒိုင်ယာနာဆံပင်ပုံမှ ရှည်လာသည့် ဆံပင်ရှည်များဖြစ်၏။ ယခုမူလှပစွာဖြတ်၍ အတွင်းသို့ ကုပ်ထွေးသော ညှပ်သားပေါ်နေသည့် ဆံပင်ပွပွဝဲဝဲ ကလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသားနုရောင် ဒိုရှူးမိတ်ကပ်ကိုညှိအပြီးတွင် တယ်လီဖုန်း မြည်သံက ဆူညံလာသည်။ သူမ ခုန်ထလိုက်ပြီး ဖုန်းဆီသို့ အပြေး သွားမိ၏။ ဘုရားစင်နားက ခုံမြင့်ရှည်ကလေးပေါ်မှ အနီရောင် တယ်လီဖုန်းကို ကောက်ကိုင်နားထောင် လိုက်သည်။

"အမိန့်ရှိပါရှင်၊ ဦးမောင်မောင်ဦး အိမ်ကပါ"

"ကိုဖြိုးကျော်ရှိလား. . ." အသံမှာ မိန်းမသံဖြစ်သည်။ ဒါ ဖြိုးရဲ့ ကောင်မလေးပဲဖြစ်ရမယ်။ ဘာကြောင့်မှန်းမသိရဘဲ ရင်တဒိတ်ဒိတ်ခုန်လာသည်။

"ဖြိုး ရေခပ်နေပါတယ်၊ ခဏ ကိုင်ထားပါနော်၊ သွားခေါ် လိုက်ဦးမယ်"

ဖုန်းခွက်ကို ခုံမြင့်ပေါ်မှာ အသာတင်ခဲ့ပြီး ပြတင်းပေါက် ကိုယ်တစ်ပိုင်းပြူ၍ အောက်ဘက်လမ်းထောင့် ရေစက်ရှိရာ ငုံ့ကြည့်လိုက်၏။ ရေစက်မှာဖြိုးက ရေပြည့်ရန်စောင့်နေ၏။

"ဖြိုးရေ. . . နင့်အတွက် ဖုန်းလာနေတယ်"

ဖြိုးက အောက်မှမော့ကြည့်ကာ ခေါင်းညိတ်ပြ၏။ နောက် ရေပြည့်သော စတီးလ်ဗာလီချိုင့်ကြီးကို ဆွဲလာလေသည်။

မနေ့ညကလည်း ညနေ ၆ နာရီလောက်က ထွက်သွား လိုက်တာ ည ၉ နာရီလောက်မှ ဖြိုးပြန်လာသည်။ ဒါနဲ့ဆော် ဒီနေ့မနက်ကြီး ဖုန်းလှမ်းဆက်နေပြန်ပြီ။

ဇော် မှန်တင်ခုံရှေ့ ပြန်ထိုင်ကာ စောစောကထက် ပို စိတ်ပါဝင်စားစွာ မျက်နှာကို မှုန်လက်နေအောင် ခြယ်သတော့သည်။

"မြိုင်လား. . . အေး. . .အေးပါ၊ ဒီလိုမပြောပါနဲ့ ရယ် . . ."





ဟွန်း၊ သူ့ရည်းစားကိုပြောတဲ့ စကားသံကျတော့ နူးနူးညံ့ညံ့ လေး။ ငါ့များဆို ဒေါ်လိုက် ဟစ်လိုက်ရတာ။ သူမ နှုတ်ခမ်းစု၍ ဘော်ဖွာဖွာကလေးဖြင့် ပါးနီကို မထိတထိ တို့လိုက်သည်။

"ကိုကို မအားဘူးလေကွာ. . .ကျန်းမာရေးဝန်ကြီးဌာန ကို ပို့ရဦးမှာ။ နေ့လယ်လောက်မှ လာခဲ့မယ်"

အံမယ်. . .ကိုကို. . .တဲ့။ ဟားဟား. . .ဟိုက ဘာတွေများ နေသလဲမသိ။ သူမ နှုတ်ခမ်းဆိုးဆေးကို နီရဲနေအောင်ဆိုးပစ်ရင်း ထဲမှာ အလိပ်လိုက်တက်လာသော မလိုတမာစိတ်များကို ဖွတ် နှိမ်ပစ်နေရသည်။

"မြိုင်ကလဲကွာ. . . ကိုကိုပြောတာ နားထောင်စမ်းပါဦး၊ တစ်ယောက်တည်း ဘယ်လိုလုပ်လွှတ်မလဲ၊ မနေ့ကမှ ရန်ကုန် က်ဖူးတာဥစ္စာ... ရုံးကပြီးရင် ကိုကို လာခဲ့မှာပေါ့။ ညနေပွဲ ကြည့် တာပဲ. . . နော်. . . မြိုင်"

တင်တင်ဇော် စိတ်တိုတိုဖြင့် ဆံပင်ကို ခပ်ကြမ်းကြမ်း ပြီး ပစ်လိုက်မိ၏။ ရုပ်ရှင်ကြည့်ဖို့ ချိန်းတာဖြစ်မှာပေါ့၊ နေနှင့်ဦး၊ တို့ တွေ့ချိန်မရအောင်ကို အချိန်ဆွဲပြီး တခြား ခေါ်သွားလိုက်ဦး မယ်။

သို့သော် တစ်ခဏအတွင်း တင်တင်ဇော့်မှာ ရှားပါးလှစွာ သော စိတ်ကောင်းကလေး ဝင်လာသည်။

အင်းလေ. . . ကောင်မလေးက ထားဝယ်ကောလိပ် မှာတဲ့ ကုန်နဲ့ အဝေးကြီးရယ်။ သူ့ခမျာ ရန်ကုန်ရောက်တုန်း ရောက်ခိုက် ချစ်သူနဲ့ တွေ့ချင်ရှာမှာပေါ့။ ငါ တစ်ကိုယ်ကောင်းဆန်လို့ မဖြစ် လေ။ ကိုယ့်စိတ်ကိုယ် လိမ္မာအောင် ပြန်၍ ချိုးနှိမ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . မိဇော်. . . မြန်မြန်လေးလုပ်စမ်း၊ ကိုးနာရီထိုးတော့မယ်"

သူ နောက်မှလာရပ်၍ ခပ်ငေါက်ငေါက်ကလေးလောဆော်၏။ ကြည့်ပါလား၊ သူ့ရည်းစားကို စကားပြောတဲ့လေသံနဲ့များကွာပါ့။ ဟိုကို မနိုင်တိုင်း ငါ့ကို စွတ်ဟောက်နေတာ။ သူမ နှာခေါင်းရှုံ့၍ မဲ့ပြလိုက်သည်။

"နင်ပဲ လှလှပပလေးလုပ်ဆို. . ."

"အေးလေ. . .ခုဟာကတော့ လွန်လွန်းနေပြီ၊ ငါ အမြင်ကတ်လာပြီ"

သူမ လှောင်ရယ် ရယ်လိုက်တော့ သူ တကယ်စိတ်ဆိုးသွားဟန်ဖြင့် လက်သီးဆုပ်ဖြင့် ရွယ်လေသည်။ အဝတ်အစားသစ်သစ် တောက်တောက်ပပဟူ၍ တစ်စုံတည်း ရှိသော အလုပ်သင်ဆရာဝန်ဘဝက ချုပ်ထားသည့် အစိမ်းရောင် ဝတ်စုံကလေးကို ထုတ်ဝတ်လိုက်သည်။ သူမ အဝတ်အစား လဲမပြီးခင်မှာပင် ဖြိုးရောင်ပြီး၍ အင်္ကျီလုံချည် ကပျာကသီလဲနေပြီ။

"ဟိုရောက်လို့ နင့်သူငယ်ချင်းတွေ ဘာတွေ တွေ့နေရင် ငါနဲ့ မိတ်ဆက်မပေးနဲ့နော်. . .မိဇော်"

"ဘာဖြစ်လို့လဲ. . ."

"ငါ ဆရာဝန်လူတန်းစားနဲ့ စကားပြောလို့မှမရတာ..."

"ပြောမရဘူးရယ်လို့ မရှိပါဘူးဟယ်. . .နင်ကလဲ"

"ဩော်. . .ခက်လိုက်တာ၊ မပြောချင်ဘူးဟာ"

ဖြိုးမျက်နှာက မှုန်ကုပ်ကုပ်ဖြစ်နေပြီး တွေ့နေကျ ရွှင်လန်းမှုကို သူ့ထံမှာ မတွေ့ရပါ။ သူ စိတ်အနှောင့်အယှက် ဖြစ်နေဟန်ရှိသည်။





ငါလာတာ သူတို့နှစ်ယောက်အတွက် အနှောင့်အယှက်ဖြစ်သွားလေသလား။ အဲဒီမှာ အတန်းထဲက တစ်ယောက်ယောက်နဲ့တွေ့ရင် သူတို့နဲ့ပဲသွားစရာရှိတာ သွားလိုက်တော့မယ်။ ခွဲစိတ်ကိရိယာပစ္စည်းဆိုင်ရယ်၊ ဂုဏ်ရှုပ်ရှင်ရုံဘေးက ဆေးပစ္စည်းအရောင်းဆိုင်ရယ်၊ အဲဒီမှာ ဘာပစ္စည်းတွေထုတ်သလဲဆိုတာ မေးကြည့်ရမယ်။ အဲဒါတွေက ဘယ်နားကနေ သွားရမှန်းမသိ။

ကံဆိုးလှစွာ ကျန်းမာရေးဝန်ကြီးဌာနတွင် သူငယ်ချင်းတစ်ယောက်နှင့်မျှမတွေ့ပါ။

ဆမ(ဆရာဝန်မှတ်ပုံတင်) စာအုပ်ကလေးထုတ်ပြီး အပြန်တွင် ဖြိုးက ၂၃ ရက်နေ့တွင် ဆေးထုတ်ခွင့် ရမည်ဆိုသော ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်ရှေ့မှ ခေါ်သွား၍ ပြသည်။ ဂုဏ်ရုပ်ရှင်ရုံနှင့်ကပ်လျက် ဖြစ်သည်။ ထိုဆိုင်ထဲတွင် လူရှင်း လျက်ရှိပြီး ဘယ်သူငယ်ချင်းမှ မတွေ့ရပါ။

"နင့်ကောင်မလေးနဲ့ ချိန်းထားတာ ဘယ်အချိန်လဲ"

"နေ့လယ်လို့ပဲ ပြောထားတာ၊ ဘယ်အချိန်ရယ်လို့ မဟုတ်ဘူး၊ နှစ်နာရီ သုံးနာရီလောက်မှ သွားရင်လဲရပါတယ်"

"စောစောသွားလိုက်ပါဖြိုးရယ်. . .သူလဲ ကြာကြာတွေ့ချင်မှာပေါ့ ငါဒီကအပြန် ခွဲစိတ်ကိရိယာဆိုင်မှာ အပ်သွားထုတ်ပြီးရင် ပြန်လိုက်တော့မယ်။ သနားပါတယ်. . ."

ဖြိုးက အော်ရယ်မည်ပြုပြီးမှ ထိန်းချုပ်ကာ သူမကို ငုံ့ကြည့်နေလေသည်။

"ဒါ. . .နင် အတည်ပြောနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . .အတည်ပါဟာ၊ ငါ ကိုယ်ချင်းစာပါတယ်၊ နင့်ကို ငါတစ်ယောက်တည်း အပိုင်စီးထားဖို့ ငါကလဲ စိတ်မကူးပါဘူး၊ အဲဒီလို အထင်ခံရတာလဲ ငါ ၁မ်းနည်းပါတယ်"

သူမ တကယ်စိတ်မကောင်းစွာ ခပ်တိုးတိုး ရေရွတ်မိခြင်း ဖြစ်သည်။ သူက သက်ပြင်းတစ်ချက်ရှိုက်၏။

"ခက်တယ် ဇော်ရာ. . . မြိုင်က နင်နဲ့ငါနဲ့. . ."

ထို့နောက် သတိရသွားသလို စကားတစ်ပိုင်း တစ်စဖြတ် ရပ်သွားပြီး အိုးတိုးအတ ဖြစ်နေသည်။ ဖြိုး ဆက်မပြောလိုသော စကားစု၏အဓိပ္ပာယ်ကို ဇော် ရိပ်မိလိုက်ပါသည်။ သူမ ခေါင်းယမ်း ခါ၍ မရယ်ချင့်ရယ်ချင် ရယ်လိုက်၏။

"အင်း. . .ဒါကတော့ ငါ့ရဲ့အင်မတန် ဆိုးရွားလှတဲ့ ကုသိုလ်ကံပဲပေါ့ ဖြိုးရယ်. . ."ဟု ပြောင်သလို နောက်သလို ညည်းညူ မိသော်လည်း ထိုအချိန်၌ သူမရင်ထဲမှာ တကယ်နာကျင် ခံရခက်နေ ကြောင်း ဇော် တစ်ဦးတည်းသာ သိပါသည်။

မြိုင့်အတွက် လေယာဉ်လက်မှတ် ဝယ်ပေးရန် ဆိုလား မရေမရာ အကြောင်းပြချက်ဖြင့် ဖြိုး မနက်ကတည်းက ထွက်သွား သည်မှာ နေ့လယ် နှစ်နာရီကျမှ အိမ်ပြန်လာ၏။ အိမ်ရောက်တော့ လည်း သူ့ကောင်မလေးအကြောင်း၊ လေယာဉ်အကြောင်း စကားစ စပ်လိုဟန်ဖြင့် တခြားစကားများသာပြောဖြစ်ကြသည်။

"နင် ဘာစာအုပ်တွေ ဝယ်မယ်လို့ ဆုံးဖြတ်ထားလို့လဲ စာရင်းရှိလား၊လိုက်ရှာရတာ သိပ်ပင်ပန်းမှာ။ တစ်နေ့ရာနဲ့ တစ်နေ့ရာ အဝေးကြီး၊ ငါ တစ်ယောက်တည်းသွားကြည့်ပေးလို့ ဖြစ်မလား မိဇော်





"မရဘူး၊ ငါက ဘာဝယ်မယ်လို့ သတ်မှတ်ချက်မရှိဘူး၊ ဟို ရောက်လို့တွေ့တဲ့ စာအုပ်ထဲက ငါ့မှာ ရှိသင့်တယ်လို့ ငါ ယူဆတဲ့ စာအုပ်တွေ့ရင် ငါ ဝယ်မှာပဲလေ. . . ရှင်းပလား"

"ရှင်းပါ့"

သူမ ဂျီးများ၍ လိုက်လံရွေးချယ်သော ဆိုင်ပေါင်းစုံသို့ သူ ညည်းမညူ လိုက်ပို့ပေးသည်။ ပထမ ဗိုလ်ချုပ်လမ်းပလက်ဖောင်း (၁၁ လမ်း၊ ၃၂ လမ်းကြား) ။ နောက်ပန်းဆိုးတန်း။ တဖြည်းဖြည်း ညနေ့ချက်နာက အံ့ဩရိပ်ကို သူမ မမြင်အောင် ဖုံးကွယ်ထားနိုင်စွမ်း ရှိပါ၏။ ဇော် ဝယ်သမျှစာအုပ်များကို လွယ်အိတ်ထဲ တချို့ထည့်၊ တချို့ လက်ကကိုင်လျက် မမောမပန်း သယ်ပေး၏။

ထို့ထက်ပို၍ ဖြိုးကို ကျေးဇူးတင်မိသည်မှာ ရွှေတိဂုံစေတီ တော်၏ ညရှုခင်းကို စိတ်အေးချမ်းစွာ ကြည့်ညိုရန် လိုက်ပို့ပေးခြင်း ကြောင့် ဖြစ်သည်။ စနေနေ့ည ၇ နာရီတွင် သူမတို့နှစ်ယောက် စာအုပ်တစ်ပွေ့စီဖြင့် ရွှေတိဂုံဘုရားသို့ ရောက်ကြသည်။ စေတီတော် ကို အောက်မှပင့်၍ မီးမောင်းများ ထိုးပေးပူဇော်ခြင်းဖြစ်ပြီး ညည်းမှောင်နေသော ကောင်းကင်ဝန်းကျင်နောက်ခံတွင် ရွှေတောင် ကြီး ထီးထီးမားမား ပေါ်လွင်နေသလို ဝင်းလက်နေ၏။ ဗုဒ္ဓဘာသာ ကို အလွန်ယုံကြည် မြတ်နိုး၍ ကိုးကွယ်သူဖြစ်သည့်တိုင် တွေ့တွေ့ သမျှ ဆင်းတု၊ စေတီတို့ကို မကြည်ညိုတတ်သူ တင်တင်ဇော် ပင်လျှင် ရွှေအဆင်းဝင်းပလျက်ရှိသော စေတီတော်ကို ဖူးမြော်ရင်းဦးချရှိမခိုး ဘဲ မနေနိုင်လောက်အောင် သပ္ပာယ်လှသော ရှုခင်းဖြစ်လေသည်။

စောစောဆီကရှိသော မနာလိုဝန်တိုစိတ်များ၊ လောဘ ဒေါသများ အားလုံး ကင်းစင်ပပျောက်သွားသည်ကို အံ့ဩဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



သတိထားလိုက်မိသည်။ ဘယ်လောက်ထိ စိတ်ငြိမ်းချမ်းသွားသလဲ ဆိုလျှင် ဘုရားကန်တော့အပြီး ဆုတောင်းလေ့ရှိသော ဆုတောင်းမျိုး ကိုပင် မတောင်းမိတော့လောက်အောင် ဖြစ်သွားသည်။

ဘုရားမှပြန်ဆင်းလာတော့ ည ခုနစ်နာရီခွဲပြီးပြီ။ အာဇာနည်ကုန်းဘက်မှ ဆင်း၍ မြေနီကုန်းအထိ ခြေကျင်လျှောက် ကြပါသည်။

မြေနီကုန်းညဈေးသို့ဝင်လျက် စာအုပ်များကို စိတ်ကြိုက် ရှာဖွေပြန်သောအခါ ဖြိုးက ဘာမဆိုခွင့်လွှတ်ရန် အဆင်သင့် ဖြစ်နေ သော အစ်ကိုတစ်ဦး၏မျက်နှာပေးဖြင့် ဘေးက စိတ်ရှည်စွာ လိုက်ပါ ခဲ့လေသည်။ မြေနီကုန်းညဈေးတွင် စာအုပ်နှစ်အုပ်သာရသည်။ အင်္ဂါနေ့နှင့် အခြားဝတ္ထုများဟူသော ဂျာမန်ဘာသာမှ မြန်မာ ဘာသာပြန် စာအုပ်တစ်အုပ် နှင့် ဒေါ်ခင်မျိုးချစ်၏ မိုက်ကယ်လ် အိန်ဂျလို စာအုပ်တို့ဖြစ်သည်။

အိမ်ပြန်ရောက်တော့ ဝယ်လာခဲ့သောစာအုပ်များကို ဖုံး ထပ်ရာက တစ်ခုချင်းလိုက်ကြည့် ကျေနပ်နေရပြန်သည်။ ဖြိုးက သူမအား အနှောင့်အယှက်မပေးဘဲ ထမင်းစားပွဲလေးကို ပြင်ဆင် သည်။ အောက်ထပ်မီးဖိုချောင်မှ ပန်းကန်များ၊ ထမင်းများကို သူ ဘာသူ တိတ်ဆိတ်စွာ သယ်၏။ သူမအနီးတွင် သင်ဖြူးဖျာခင်းလျက် အိမ်စာလုပ်နေသော သားကြီးက "ဟာ...အန်တီဇော့် စာအုပ်တွေက လဲ အများကြီး"ဟု တအံ့တသြ အော်ဟစ်လေသည်။

"ဇော်. . .ထမင်းစားစို့၊ သားကြီး မာမီတို့ စားပြီးပြီလား"

"စားပြီးပြီ။ လေးလေးတို့ကို စောင့်နေသေးတယ်၊ မလာနိုင် တာနဲ့စားလိုက်တာ၊ အခု တီဗွီသွားကြည့်ပြီ"





"နင့် စာအုပ်တွေထဲမှာ ငါ အံ့သြဆုံး တစ်အုပ်ပါတယ် သိလား. . .ဇော်"

"ဘာစာအုပ်တုန်း. . ."

"ဈေးအကြီးဆုံးစာအုပ်လေ၊ မြန်နန္ဒာဆိုလား. . ."

"သြော်. . .အေး၊ ဟုတ်တယ်နော်၊ သုံးဆယ့်ငါးကျပ် ...ာင်ပေးရတာ"

"တခြားစာအုပ်တွေ ဆယ့်ငါးကျပ်နှစ်ဆယ် အလွန်ဆုံးပဲ ဟုတ်လား၊ ဒီစာအုပ်က ဘာတွေကောင်းလို့လဲ"

"ဒါ ကြည်အေးရေးတဲ့စာအုပ်ပဲ. . .ဟ။ သိပ်ရှားတာ၊ ငါ ...ရော ဖတ်ပြီးသား၊ အိမ်မှာ မရှိလို့ဝယ်ရတာ၊ မန္တလေးမှာတုန်းက ...မရဘူး"

"ကိုင်း. . .ဒါလောက်တန်ဖိုးကြီးလှတဲ့ စာအုပ်ဘယ်လောက် ကောင်းသလဲ၊ ဖတ်ကြည့်လိုက်ဦးမယ်"

ည တင်တင်ဇော် အိပ်ပျော်သွားချိန်အထိ သူ ကြည်အေး၏ မောင်ကိုကိုနှင့် မြန်နန္ဒာကိုဖတ်ဆဲ။ ဇော် ရေချိုးခန်းဝင်ရန် ညတရေးနိုး တော့ ညဆယ့်နှစ်နာရီခွဲပြီးပြီ။ ထိုအချိန်အထိ ဇော့်ခြေရင်းက ခုံစောင်း ...လေးမှာ ထိုင်လျက် သူဝတ္ထုဖတ်နေဆဲ။ ဇော် လှေကားမှ ပြန်တက် လာတော့လည်း ဇော့်ကို မော့ကြည့်နှုတ်ဆက်ဖော်ပင် မရချေ။

မိန်းမစာရေးဆရာကို မဖတ်ဘူးဟု ကြွေးကြော်ထားသော ဖြိုးတစ်ယောက် ကြည်အေးဆိုသည်မှာ မိန်းမစာရေးဆရာ ဟုသိမှ သိပါလေစ။ သို့သော် သူ၏ မိန်းမစာရေးဆရာများ တွင် ခြွင်းချက် တစ်ယောက်ရှိပြီး ထိုတစ်ယောက်မှာ တင်တင်ဇော်ဖြစ်၏။ ဇော့် ဝတ္ထု ...သော မဂ္ဂဇင်းမှန်သမျှ သူ့ဆီမှာရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဝတ္ထုဖတ်၍ အအိပ်နောက်ကျသော်လည်း နောက်တင် နေ့ ဇော်အိပ်ရာမှနိုးချိန်တွင် ဖြိုးမရှိတော့ချေ။ မမကသာ ဖြိုး အတင်းကို မျက်နှာမကောင်းလှစွာ ခပ်မဲ့မဲ့ ပြောပြသည်။

"ဇော်ရေ. . . သူ့ကောင်မလေးကို လေဆိပ်လိုက်ပို့ဖို့ လား၊ အစောကြီး အစောကြီး ထွက်သွားတာပဲ။ ဘယ်အချိန် ပြန်လာ မလဲတော့ မပြောတတ်ဘူးဟေ့. . ."

ယနေ့ နံနက်ခင်းကတည်းက ဖွဲဖွဲကလေး ရွာနေသော မိုး သည် နေ့လယ်ခင်းတွင် သဲသဲမဲမဲ ရွာချတော့သည်။ အိမ်ရှေ့ဝရန်တာ အထက်တံစက်မြိတ်မှ ကြိုးဖြင့် ချိတ်ဆွဲ၍ အဆင့်ဆင့် တန်းစီထား သော သစ်ခွပန်းအိုးများထဲသို့ မိုးရေစက်များ တစ်ချက်တစ်ချက် သည်းပက်နေသည်။ အောက်ဆုံးတန်း အိုးကြီးကြီးများဖြင့် စိုက်ထား သော အဝါရောင်သစ်ခွပွင့်များလှပစွာ ယိမ်းနွဲ့နေပုံကို ငေးစိုက် ကြည့်နေရင်း ဇော့်ဘဝ၏ မျှော်လင့်ချက်ကင်းမဲ့နေပုံကို ပထမဆုံး အကြိမ် တွေးမိလေသည်။

ဟောဟို သစ်ခွပန်းကလေးကိုကြည့်။ ရုပ်ဝတ္ထုတစ်ခုမှာ တော့ စိတ်ဆန္ဒဆိုတာ မရှိနိုင်။ ထို့ကြောင့် ရုပ်ဝတ္ထုတစ်ခုမှာ ဆင်းရဲ ဒုက္ခဆိုတာလဲ မရှိနိုင်။လူ့ဘဝတွင်ဖြစ်ပေါ်နေသော ဆင်းရဲဒုက္ခ အပေါင်းသည် လိုချင်တပ်မက်မှု စိတ်ဆန္ဒကြောင့်သာဖြစ်သည်။ ထိုသို့ဆိုလျှင် စိတ်ဆန္ဒကို မည်ကဲ့သို့ ထိန်းချုပ်မည်နည်း။

ဂျာမန်ဒဿနိကဗေဒပညာရှင် ရှိုပင်ဟောင်ဝါ၏ အလို အရဆိုလျှင် ရသခံစားမှုဖြင့် (ဥပမာ-သဘာဝအလှ၊ ဂီတတို့ဖြင့်) လိုအင်ဆန္ဒများကို ခေတ္တခဏသာ ထိန်းချုပ်ထားနိုင်မည်။ ရသခံစား





မှုဆုံးသည်နှင့် ဘဝ၏ အနိဋ္ဌာရုံများအကြား ပြန်လည် ရောက်ရှိ လာမည် ဖြစ်သည်။ နောက်ဆုံးတစ်ခု ကိုယ်ကျင့်တရားအရ စိတ်လို အင်ဆန္ဒများကို ခေတ္တခဏ ထိန်းချုပ်ထားနိုင်မည်။ ထို့အပြင် ဘာသာတရားရှိသေးသည်။လောကကြီးသည် ဆင်းရဲဒုက္ခအတိပြီး အပြင့် တပ်မက်မှုများကို စွန့်ပစ်ခြင်းဖြင့် ဆင်းရဲဒုက္ခမှ လွတ်မြောက် နိုင်သည်ဟူသော အယူအဆမျိုးကို ဘာသာတရားတွင် တွေ့ရသည်။ ထို့ကြောင့် ဘာသာတရားသည် စိတ်ဆန္ဒကို အနည်းငယ် ထိန်းချုပ် နိုင်စွမ်းရှိပါသည်. . .တဲ့။ ထိုသို့ဆိုလျှင် စိတ်ဆန္ဒကို လုံးဝထိန်းချုပ် နိုင်ရန် မည်သည့်အရာကို အားကိုးရမည်နည်း။ ရှိုပင်ဟောင်ဝါ ကတော့ ပြောခဲ့ပါသည်။ လောကကြီးအကြောင်း အမှန်အတိုင်း ပိုင်းခြားသိမြင်ခြင်းဖြင့်သာ စိတ်ဆန္ဒကို ထိန်းချုပ်နိုင်ပြီး ပြည့်စုံသော လွတ်မြောက်မှုကို ရနိုင်ပါသည်. . .ဟူ၏။

ခက်နေသည်မှာ လောကကြီးအကြောင်း အမှန်အတိုင်း ပိုင်းခြားသိမြင်ဖို့ပင် ဖြစ်လေသည်။ လောကကြီးတစ်ခုလုံးကို မဆို ထားနှင့်။ လူတစ်ယောက်၏ အတွင်းစိတ်သဏ္ဍာန်ကိုပင်၊ ပိုင်းခြား သိမြင်နိုင်စွမ်း တင်တင်ဇော် တွင်မရှိပါ။ သည်သို့ဆိုလျှင် ဇော့်ကို ရှိုပင်ဟောင်ဝါက မည်သည့် အကူအညီမျှမပေးနိုင်သည်မှာသေချာ လှ၏။

ချမ်းစိမ့်စိမ့် မိုးဖွဲအောက်မှာ အကျီပါးပါးကလေးဖြင့် ကြက်သီးမြမြ ထရသော ခံစားမှုကို မက်မောစွာ ခံစားရင်း ဘုရားစင် အောက်ခြေနံရံတွင် ထောင်ထားသော ဂီတာကိုသွားယူ၍ တဒေါင် ဒေါင် တဒင်ဒင် အသံထွက်အောင်ကြိုးများကို တစ်ခုချင်း လိုက်ထိတို့ နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂီတသည် လိုအင်ဆန္ဒကို ခေတ္တ ကွယ်ပျောက်စေသတဲ့

သူမ ဂီတာမတီးတတ်ပါ။ ဖြိုးကတော့ စိတ်ရှည်လက်ရှည် လက်ကွက်များ တစ်ကွက်ခြင်းပြ၍ တီးစေသားပဲ။ ဇော်သည် ကြိုးများပေါ်တွင် ဖိပြီး အသံမြည်အောင် တီးခတ်နိုင်စွမ်းမရှိပါ။ ထက်ပို၍ လက်ကွက်များကိုဖိဆွဲပြီး မရွှေ့နိုင်ပါ။ သူမ၏ လက်ထိပ် များကို သနားလှသည်။

လှေကားကို တဒိုင်းဒိုင်း ပြေးတက်လာသံဖြင့် ပျဉ်ခင်း ကြမ်းပြင်ဝရန်တာ သိမ့်ခနဲ သိမ့်ခနဲ လှုပ်ရှားသွားသည်ကို ခံစား လျှင်တော့ ဖြိုး ပြန်ရောက်လာပြီဟု သိလိုက်သည်။ ဤကဲ့သို့ဝရန်တာ ပျဉ်ခင်းအထိ တုန်ခါလာအောင် လှေကားမှ ခပ်ကြမ်းကြမ်း ခပ်မြန်မြန် တက်လာတတ်သူမှာ ဤအိမ်တွင် ဖြိုးတစ်ယောက်သာ ရှိသည်။

"ဟိတ်. . . မတီးတတ်ဘဲနဲ့ ဂီတာကြီးကို ကိုင်မနေစမ်းနဲ့

ချစ်သူနှင့် တစ်နယ်စီ ခေတ္တခဏ ခွဲခွာလာခဲ့ရသူ တစ်ဦး အနေဖြင့် ဖြိုး၏အသံမှာ ရွှင်လန်းလွန်းသည်။ ပြောပြောဆိုဆို အမယ်လေး ချမ်းလိုက်တာဟု တဆတ်ဆတ် တုန်ယင်သောအသံ လုပ်ယူလျက် ဝရန်တာကြီးတန်းမှ သူ့ပုဆိုးကိုဆွဲသည်။ သူ့ကိုမော့ကြည့် လိုက်သောအခါ သူ့တစ်ကိုယ်လုံးရွှဲလျက်ရှိ၏။ သူ ထီးပါသွားပုံမရ

"မိဇော်တို့များ အားကိုးရတယ်ဟာ၊ တကယ်ပဲ၊ ဒီပုဆိုး လေးတွေ အင်္ကျီလေးတွေ၊ အထဲကြိုးတန်း ရွှေ့လှမ်းပေးဖို့ လုံးဝ စိတ် ကူးဘူး။ အခု ဒီပုဆိုးက မိုးနည်းနည်းပက်နေလို့ စိုထိုင်းနေပြီ ဘယ့်နှယ်လုပ်မလဲ"

"လဲသေလိုက်"

"ပြတ်သားလှချည်လား"





သူ စပ်ဖြီးဖြီးပြုံးလျက် ငုံ့ကြည့်သည်။ သူကတော့ အမြဲ ရွှင်လန်းတက်ကြွနေမည့် သူသာတည်း။ သူ၏ ပျော်ရွှင်မှုကို ဇော် နားလို ဖြစ်လာသည်။

ယခုလည်း စိုရွှဲနေသော ပုဆိုးနှင့်အင်္ကျီကို အိမ်နေရင်းဝတ် သည့် (သူ့အဆိုအရ ခပ်ထိုင်းထိုင်း ဖြစ်နေသော) ဝတ်စုံဖြင့် လဲလှယ် ဝတ်ဆင်ရင်း လေကလေး တချွန်ချွန်နှင့်ရှိတော့သည်။ သူသည် ရသ တစ်ခုခုကို အမြဲခံစားနေခြင်းအားဖြင့် စိတ်အလိုဆန္ဒကို မသိလိုက် မသိဘာသာ ထိန်းချုပ်နေပြီးသောလူတစ်ယောက်၏ ပုံစံမျိုးဖြစ် သည်။

"တွေးမနေနဲ့၊ ငေးမနေနဲ့၊ ပေး နင့်လက်ထဲက ဂီတာ"

သူမဆီမှ ဂီတာကို ဖျတ်ခနဲဆွဲယူလျက် သူမ အနီးတွင် ထိုင်ကာ အသံစမ်းကြိုးညှိပြီး မျက်မှောင် မပြေတပြေဖြင့် ခေါင်း တစ်ချက် ဆတ်၏။

"ဇော်. . .နင် ဘာတွေတွေးနေလဲ။ ထမင်းရော စားပြီးပြီ လား"

ဇော် ဘာတွေတွေးနေကြောင်း သူ့ကို ပြောပြလိုက်လျှင် ဦးနှောက်ခြောက် သွားဦးမည်။ သူမ၏ အဖြေကို မစောင့်ဘဲ ချင်းတစ်ပုဒ် သူ ညည်းလေသည်။

"ဘာကြောင့်များလဲ×× နားမလည်စိတ်နဲ့ ×× သံသယ ပြင်ပါနဲ့ ×× အချစ်နှင်းဆီဖြူ ×× မောင့်မှာနှလုံးသားမရှိတော့လို့ပါ ခြော် ဘယ်သူ့ကံလဲ ×× စဉ်းစားမိတယ် ×××

ကြည့်ချင်ခဲ့လည်း ×× မကြည့်နိုင်ရဲရဲ ×× အကွယ်အဖုံးရှိမှ စောင့်မျှော်ကြည့်နိုင်သူ ×× ဘဝအထုံအဆက်က ×× နိမ့်ချ



www.burmeseclassic.com

www.burmeseclassic.com



လွန်းခဲ့တယ် ×× ဩော် ×× နှင်းဆီဖြူရဲ့ ×× အငေး
လူတစ်ယောက်ပါ ×××"

အမြဲတမ်းတက်ကြွနေမည်ဟု ဇော် ထင်ထားသောမျက်
များမှာ ယခုတော့ ရီဝေလျက်ရှိလေသည်။

"မပျော်ပါဘူး နှင်းဆီဖြူ ×× အချစ်မဲ့တဲ့ဘဝ ×× မပျော်ပါ
နှင်းဆီဖြူ ×× နှလုံးသားမဲ့ဘဝ ×××"

"နောက်ကျိတဲ့ရေဟာ ×× ရေကြည်တွေလို မပြတ်သား
×× ပြုံးနိုင်ရယ်နိုင်သော်လည်း ×× မချစ်နိုင်တဲ့လူ ×× ဩော်
မဝေးရဲ ×× မနီးရဲ ×××"

ဇော်ထိုင်ရာမှ ထလိုက်ပြီး သူ့အနီးမှ တိတ်ဆိတ်
လှည့်ထွက်လာခဲ့သည်။

"အချစ်မျက်လုံးများ ×× မကြည့်နိုင်စွမ်းတော့
အနံ့အဆင်းမဲ့တဲ့ ×× အလေ့ကျပန်းလို ×× မျက်လွှာချပြီး
တစ်ဘက်ကိုလှည့်မိတယ် ×× ဩော် ×× ပုန်းရှောင်ခြင်း
ရင်ဆိုင်ခြင်းရဲ့အလယ် ×××"

"မပျော်ပါဘူး ×× နှင်းဆီဖြူ ×× အချစ်မဲ့တဲ့ဘဝ ×××"

"ဟာ. . . မိဇော် ခဏခဏ"

သီချင်းသံ တိခနဲရပ်သွားသည်။ သူ့အသံကလည်း
ထိတ်လန့်တကြား။ လေ့ကားမှဆင်းတော့မည့် ဇော်သည် သူ့
ကမန်းတန်း လှမ်းကြည့်မိ၏။

"ဘာလဲ၊ ဘာအရေးကြီးပြန်ပြီလဲ"

"နင့်ရဲ့မြန်နန္ဒာစာအုပ်၊ ငါ့လွယ်အိတ်ထဲမှာ၊ အဲဒါ မိုး
ရွာတော့. . ."





"ဘုရားရေ...ဘယ်မလဲ နင့်လွယ်အိတ်"

သူမ လှစ်ခနဲ သံခိုတ်ဆီ ပြေး၍ချိတ်ထားသော သူ့
အိတ်ထဲသို့ ရှာကြည့်မိသည်။ ကတ်ထူဖုံးဖြင့် ကြည်အေးစာအုပ်
စိုရွှဲလျက်ရှိ၏။

"ဟင်. . .ကြည့်စမ်း၊ စိုရွှဲနေတာပဲဟယ်၊ နင် တော်တော်ဆိုး
သားပြီး၊ ဘာကိစ္စ ဒီစာအုပ်ကို ထည့်ယူသွားရတာလဲ"

"ဟာ. . .ငါ ဇာတ်သိမ်းပိုင်းဆက် ဖတ်ချင်လို့ ယူသွားတာ
ဟ။ ဒီယူခဲ့၊ ဒီနားဖြန့်ထားရအောင်"

သူမ စူစူအောင့်အောင့်နှင့် သူ့ထံ စာအုပ်ယူသွားသည်။
ဂီတာကို ကြမ်းပေါ် ချလျက် သူ့ပွရောင်းရောင်း အင်္ကျီအောက်
ဖြင့် စာအုပ်ထဲမှ ရေစိုစာရွက်တစ်ရွက်ချင်း ဖိဖိပြီး သုတ်ပေး
သည်။ စာမျက်နှာအစွန်းများတွင်သာ မိုးစိုရွှဲနေပြီး အလယ်စာမျက်နှာ
များမှာ မိုးထိုင်းရုံသာရှိသည်။

"အခုဖတ်ပြီးသွားပြီလား. . ."

"အေး. . .ပြီးပြီ"

"ကြိုက်သလား. . .ကောင်းသလား"

"ကောင်းသလား မကောင်းသလားတော့ ငါ မဝေဖန်တတ်
ဘူးဟ၊ သိပ်လဲမကြိုက်လှပါဘူး၊ အဲဒီထဲမှာ ငါကြိုက်တာ
ခုတည်းပဲရှိတယ်။ ကဗျာလေးတစ်ပုဒ်. . ."

"အံမယ်. . ."

"မရယ်နဲ့၊ တကယ်ပြောတာ၊ ငါ ဆယ်တန်းနှစ်တုန်းက
ည်းက ငါ သိပ်ကြိုက်တဲ့ကဗျာတွေကို မှတ်စုထဲ ကူးထည့်တတ်
အဲဒီမှာ စာအုပ်တစ်အုပ်ထဲက ကဗျာလေးတစ်ပုဒ် ကြိုက်လွန်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ငါ ကူးထားတာရှိတယ်။ ခဏခဏပြန်ဖတ်လို့ အလွတ်တောင် ရနေပြီ။ အဲဒီကဗျာလေး အခု ဒီစာအုပ်ထဲမှာ ပါလာတယ်။ ဒါပေမဲ့ ငါ ကူးတဲ့စာအုပ်က ဒီစာအုပ်မဟုတ်ဘူး။ မဆန်းဘူးလား"

"မဆန်းပါဘူး၊ နှင်ဖတ်ဖူးတဲ့စာအုပ်က ဒီထဲက ကဗျာကို ကူးရေးခံစားထားတာ ဖြစ်ရမယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီဝတ္ထုထဲက ကဗျာတွေက ကြည်အေးရဲ့ မူပိုင်တွေပဲ"

"ဟုတ်ပါ့မလား. . ."

"အော်. . . ဟုတ်ရာက ပိုသေးတယ်။ နှင်ကြိုက်တဲ့ ကဗျာ ကဘာယ်ဟာလဲ ငါ့ရှာပြစမ်း"

"နေဦး ငါပြမယ်"သူ စာအုပ်ကို ရွရွကလေးကိုင်၍ စာရွက် များကို လှန်လေသည်။ ဇော်က မျက်နှာချင်းဆိုင်မှ ဇောက်ထိုး ကြည့်ရင်း စာမျက်နှာနံပါတ်များကို ဇောက်ထိုး လိုက်ဖတ်နေသည်။ စာမျက်နှာ ၁၀၆၊ ၁၁၀၊ ၁၂၅ ကျော်သွားပုံရပါသည်။ စာရွက်များ နောက်မှရှေ့သို့ ပြောင်းပြန်လှန်ပစ် ပြန်သည်။ ၇၁. . .၊ နောက်ထပ် နှစ်ရွက် သုံးရွက်ရှေ့ဆက်လှန် ပြန်သည်။ သူ့မျက်လုံးများကို ကြည့် သည်မှာ ကဗျာကို တွေ့သွားပုံရသည်။ သို့သော် သူက ချက်ချင်းပင် စာအုပ်ကို ပိတ်ပစ်လိုက်သဖြင့် ဇော် ကြည့်လိုက်ချိန်တွင် စာအုပ်ပိတ် သွားပြီ။

"နေပါစေတော့ဟာ၊ ငါ မပြတော့ပါဘူး"

"အို. . .နှင်ဘယ်လိုဖြစ်နေလဲ၊ ခုပြမယ်၊ ခုမပြဘူးနဲ့"

ဖြိုးက ခပ်ဟက်ဟက် ရယ်မော၍ ဂီတာကို ပြန်ကောက် ကိုင်သည်။





"နှင် ပြောသလိုပေါ့ဟာ၊ လူတစ်ယောက်ရဲ့ စိတ်ဟာ တစ်ချိန်နဲ့တစ်ချိန် မတူဘူးဆိုတာလေ။ စောစောက ငါပြချင်တယ်၊ အခု ငါမပြချင်တော့ဘူး၊ အဲဒါ ဆန်းသလား"

ဇော် သူ့ကို စေ့စေ့ကြည့်မိ၏။ ဖြိုး၏မျက်နှာတွင် ဟိုတုန်း ကလို အဓိပ္ပာယ်ဖော်ရခက်သော အပြုံးက ရေးရေးထင်ဆဲ။ သူ့ကို ဆွဲဆောင့်လုပ်ယမ်းပစ်လိုက်ချင်စိတ်တွေဖြင့် ဇော် မချင့်မရဲဖြစ်လာ သည်။ သူ ချထားသောစာအုပ်ကို ဇော် ကောက်ယူလိုက်သည်။

"လူတစ်ယောက်ကြိုက်တယ်ဆိုတဲ့ ကဗျာကိုကြည့်ပြီး၊ အဲဒီ လူရဲ့ခံစားမှု စံချိန်ကို လေ့လာသတ်မှတ်လို့ရတယ် ဖြိုး၊ အခု နှင် ကြိုက်တယ်ဆိုတဲ့ ကဗျာကို ငါ တွေ့အောင် ရှာပြမယ်၊ ကြည့်နေ..."

သူလှန်လှောခဲ့သော စာမျက်နှာတစ်ဝိုက်ကို ဇော် အထပ် ထပ်ရှာသည်။ ကဗျာတစ်ပုဒ်တွေ့သည်။ လင်းထဲက မြနန္ဒာကို ညွှန်း၍ စပ်ထားသောကဗျာ။

"သိပါတယ်၊ သိပါတယ်၊ ဒီကဗျာကို နှင် တွေ့အောင် ရှာနိုင်ပါလိမ့်မယ်၊ နှင်က ပါးနပ်တာကိုး။ ငါ မပြချင်တာလဲ နှင်က ပါးနပ်လွန်းလို့ပဲ။ မိန်းကလေးတစ်ယောက်ဟာ အမှန်တရားကို ထောက်စပ်ကြည့်မြင်တတ်တဲ့ တက္ကဗေဒ အမြင်လဲရှိမယ်၊ ပြီးတော့ ပါးလဲ ပါးနပ်မယ်ဆိုရင် အဲဒီမိန်းမရဲ့ရှေ့မှာ ကိုယ့်ဘဝကို ဘယ်တော့မှ ချမပြ ဖို့နဲ့၊ မှားသွားမယ်"

"အလဲ့. . တယ်ဟုတ်ပါလား၊ ဘယ်ပညာရှိက ပြောခဲ့တာလဲ"

"ဖြိုးကျော်ဆိုတဲ့ ပညာရှိက ပြောတာလေ၊ နှစ်ပေါင်းများစွာ ကြာအောင် ပညာတော်တဲ့ မိန်းမတစ်ယောက်နဲ့ ရင်းနှီးလို့ရလာတဲ့ ဘဝ အမြင်ပေါ့၊ ဘယ့်နှယ်လဲ ဒီအမြင် မနိပ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်နိုင်တာပေါ့၊ ဒါပေမယ့် နင်ကြိုက်တယ်ဆိုတဲ့ ကဗျာကို ငါတွေ့ပြီ၊ နင် ယုံလား"

"ကဲ. . .ဒါဆိုလဲ ပြစမ်းပါဦး၊ နင့်ရဲ့ ပါးနပ်လျင်မြန်မှု ဉာဏ်ရည်ကို စစ်ကြည့်ရအောင်"

ဇော် စာမျက်နှာ ၆၄ နှင့် ၆၅ မှ ကဗျာတစ်ပုဒ်ကို သူ့ရှေ့ ဖြန့်ပြလိုက်သည်။ သူ ပြုံးမဲ့မဲ့ဖြင့် ငုံ့ဖတ်နေ၏။

နေရှိန်ဝင်းဝင်း၊ နေ့ကြည်လင်းမှု
ဖန်ဆင်းလိုက်သော၊ နှင်းဆီတော၌
မက်မောရိပ်သာ
မောင်လာချင်လဲ၊ လာခက်ခဲ၏။
လက်တွဲသိမ်းပွေ့၊ ကြင်မွေ့ခေါ်ငင်
မက်မောခင်မည်၊ မထင်ဝံ့စား
စကားမသွက်၊ ဖွင့်ဟခက်ခဲ
မြေအက်ကြားမှ၊ မြက်ပွင့်မျှသာ
နှမတစ်နေ့၊ မေ့ရစ်မည်။

ဖြိုးမျက်နှာကို စေ့စေ့ကြည့်ပြီး လူလည်ကြီး အပြုံးမျိုးဖြင့် တင်တင်ဇော်က ပြုံးပြလိုက်သည်။ ဖြိုးက ရုတ်ခနဲ မျက်နှာလွှဲကာ ဂီတာကို ကောက်ကိုင်၍ ထိုင်ရာမှထ၏။

"နေဦးလေ ဖြိုး၊ ဒီကဗျာနဲ့ပတ်သက်ပြီး နင့်နဲ့ငါ ဆွေးနွေး ချင်သေးတယ်"

"ငါ လက်ဖက်ရည်ဆိုင်သွားမလို့ ဇော်"

သူ ဂီတာကို နေသားတကျ ပြန်ထားသည်။

"မသွားနဲ့ဦး၊ ငါ နင့်ကို ပြောစရာရှိသေးတယ်"





ဇော် ကမန်းကတန်း ထိုင်ရာမှထ၍ သူ့အင်္ကျီစကို လှမ်းဆွဲ လော့ သူ ရုန်းထွက်သည်။

"လွှတ်စမ်း၊ မမ မြင်သွားရင် မကောင်းဘူး"

"မြင်ပစေပေါ့၊ မြင်တော့ဘာဖြစ်မလဲ၊ နင် ငါပြောမယ့် စကားကို နားထောင်မလား မထောင်ဘူးလား"

ဇော် သူ့အင်္ကျီစကို မလွှတ်တမ်းဆွဲဆုပ်ထားသည်ကို သူက လက်ဖြင့် ခပ်သာသာ ဖြေယူသည်။

"ဒီမယ် မိဇော်၊ လူတစ်ယောက်ဟာ ကိုယ်ယုံကြည်ရာ ဘဝ ကို ကိုယ့်ဘာသာရွေးချယ်ခဲ့လို့ သူ့မှာ ဆင်းရဲဒုက္ခဆိုတာ ကြုံရရင် အဲဒီဒုက္ခကို သူ ကျေကျေနပ်နပ် ခံလိမ့်မယ်။ အဲဒီအတွက် ဘေးလူက လိုက်ပြီး ပူပန်ပေးစရာမလိုဘူး၊နားလည်လား၊ ငါ သင့်တော်တယ် ထင်လို့ရွေးမိတဲ့လမ်းကို ငါ့ဘာသာ ငါလျှောက်မယ်၊ဒီအတွက် နင် ပူစရာလဲမလိုဘူး၊ သနားစရာလဲမလိုဘူး၊ နှစ်သိမ့်စရာလဲမလိုဘူး။ နင် နားလည်တယ်မဟုတ်လား။ လွှတ်တော့. . ."

သူ့အင်္ကျီစကို ဆုပ်ကိုင်ထားသော သူမလက်များ အလို လျောက်ပြေလျော့သွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၆)

ရေန်ချောင်း
၂၀-၆-၈၅

ရေ . . .

မာမီ မဆုံးခင် နင့်ဆီကို ငါ စာရေးလိုက်တုန်းက အင်မတန်
မဲ့တဲ့ စာတစ်ကြောင်း ထည့်ရေးလိုက်မိတယ်။ (နင် သတ္တိ
များ ကြီးရှိဖို့လိုနေပြီ)ဆိုတဲ့ စာကြောင်းလေ။
ယ့်အမေတစ်ယောက်လုံး လပိုင်းအတွင်း ဆုံးရှုံးရတော့မယ့်
ယ် လူသားမှာမှ သတ္တိမရှိနိုင်ဘူးဆိုတာ အခုမှ ငါ ကိုယ်ချင်းစာ
တဲ့ အတွက် ငါ့ကို ခွင့်လွှတ်စေချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ ဘာသတ္တိမှမရှိတော့ဘူး ဖြိုး။ မေမေ့မှာ အဆုတ်ကင်ဆာ ဖြစ်နေပြီဆိုတဲ့ အသိကိုရကတည်းက ရှိပြီးသားသတ္တိတွေအားလုံး ပျက်ပြားကုန်ပြီ။

ရေးလက်စဖောင်တိန်ကို အသာချ၍ စာရွက်ပေါ်မှ တိတ်ဆိတ်စွာ ကျသွားသော မျက်ရည်တစ်စက်ကို လက်ဖြင့်အသာ တို့ထိသုတ်ပစ်လိုက်ရသည်။ ခပ်လှမ်းလှမ်း ခုတင်ပေါ်မှာ အသ မှန်မှန်ရှူလျက် အိပ်ပျော်နေသော အမေ့ကို ဝေဝါးသော မျက်လုံး အစုံဖြင့် လှမ်းကြည့်မိ၏။

ဆယ်တန်းမှာ ဂုဏ်ထူးငါးဘာသာရပြီး ဆေးတက္ကသိုလ် အမှတ်မီပါလျက် သိပ္ပံထူးချွန်းဆုဖြင့် ရူပဗေဒအဓိက အမ်အက်စီ သာယူမည်ဟု ခေါင်းမာလှစွာသော သမီးအား ဆရာဝန်လုပ်ဖို့ နှ အတင်းတိုက်တွန်းခဲ့သော အမေ။

ဘယ်လိုမှ ချော့မော့ဖျောင်းဖျ၍ မရသည့်အဆုံးတွ "သမီးရယ် . . . ၊ အမေ ဒီလောက်ချူချာနေတာများ ငဲ့စမ်းပါ အမေ့သမီး ဆရာဝန်ဖြစ်တော့ အမေ့မှာရှိသမျှ ရောဂါတွေ ပျော ကင်းအောင် သမီး ကုမပေးနိုင်ပေဘူးလားသမီး . . ." ဟုတောင်း နားချယူခဲ့သော အမေ။

ယခုတော့ အမေသည် သမီးဆရာဝန်တစ်ယောက် အ ဖြင့် ဘယ်လိုမှ ကုသပျောက်ကင်းနိုင်မဲ့ည်မဟုတ်တော့သော ရော ကို ရင်ဝယ်ပိုက်ဆောင်ရှိချေပြီ။ ကံကြမ္မာကို အပြစ်မတင်တတ်သော တင်တင်ဇော်ကတော့ မိမိကိုယ်မိမိသာ အပြစ်တင်မိ၏။

ငါ ဘာဖြစ်လို့ မေမေ့ရောဂါကို စောစောစီးစီး ရှာဖွေမ တွေ့ ခဲ့တာလဲ။





ချောင်းခဏခဏ ဆိုးတတ်သော အမေ့အား စမ်းသပ် ကုသရင်း ရောဂါထင်မြင်ချက်များ တစ်ခုပြီးတစ်ခု စဉ်းစားတွေး တောသည့်အထဲတွင် အဆုတ်ကင်ဆာရောဂါကို တစ်ခါမှထည့်သွင်း စဉ်းစားဖူးကြောင်း၊ မြတ်စွာဘုရားသိလျှင် သူမကို ခွင့်လွှတ်လိမ့် မည်မဟုတ်ပါ။ တင်တင်ဇော်သည် ထိုရောဂါကို ကြောက်လန့်စွာ မေ့လျော့ထားခဲ့လေသလား။ သို့မဟုတ် အမေဟာ ဘယ်တော့မှ အဆုတ်ကင်ဆာ ဖြစ်မှာမဟုတ်ဘူးဟု ယုံကြည်စိတ်ချထားခဲ့လေ သလား မသိနိုင်။

ခဏခဏဖျားပြီး အဆက်မပြတ်ချောင်းဆိုးသော မေမေ့ကို သူမ အလုပ်သင်ဆရာဝန်အပြီး၊ မန္တလေးသို့ အမေ လာခေါ်စဉ်က ဓာတ်မှန်ရိုက်ကြည့်ဖူးသည်။မသင်္ကာဖွယ်ရာ ဓာတ်မှန်တွေ့ရှိချက် ကြောင့် သလိပ်စစ်ရန်လိုပါသည်ဟု မှတ်ချက်ပေး၏။ ထိုအခါ မေမေ့ အား သလိပ်စစ်ကြည့်သည်။ တီဘီပိုး မတွေ့သောကြောင့် မန္တလေးမှ ပျော်ရွှင်စွာ ပြန်လာခဲ့သည်မှာ တင်တင်ဇော်၏ ပထမဆုံးအမှားဖြစ် သည်။ ဒုတိယအမှားမှာ နောက်တစ်နှစ်အကြာ လွန်ခဲ့သည့် နှစ်လက ချောင်းဆိုး၍ ဖျားပါလျက် နောက်တစ်ကြိမ် ဓာတ်မှန်ရိုက်မကြည့်မိ အမေ အင်အားယုတ်လျော့စေမည့် စထရက်ပ်တိုမိုင်စင် ဆေးများကို ထိုး ပေးခဲ့ခြင်းဖြစ်သည်။ တတိယအမှားမှာ သွေးစစ်ကြည့်လျှင် ရလာ မည့်အဖြေကို ထိတ်လန့်ကြောက်ရွံ့စွာ အီး၊အက်(စ်)၊ အာ(ရ်)ကို နောက်ဆုံးအကြိမ်အထိ စစ်မကြည့်ခဲ့ခြင်းဖြစ်သည်။ ယခင်တစ်ပတ် ကမှ သွေးစစ်ကြည့်ခဲ့မိတော့ အီး၊အက်(စ်)၊ အာ(ရ်)မှာ တစ်နာရီမှာ ၁၁၀ မီလီမီတာ ဖြစ်၏။ ထိုအခါကျမှ မကွေးသို့ ကမန်းကတန်း ပြေး၍ ဓာတ်မှန်ရိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အမှားမှားကို တွေးတောစဉ်းစားရလျှင် နောင်တ တရားကြီးစွာဖြင့် အိပ်၍ပင် ပျော်မည်မဟုတ်ချေ။

မေမေ့ရောဂါဟာ နောက်ဆုံးအဆင့်ကို ရောက်နေပြီ ဖြူ ရေ။ ဘယ်ဘက်ခြမ်းက ဒုတိယနံရိုးနဲ့ တတိယနံရိုးကို ကင်ဆာဆဲလ် တွေက စားကုန်ပြီ။ ညာဘက် အဆုတ်အပေါ်ပိုင်းကိုလဲ နည်းနည်း ပြန့်နေပြီ။

ဝေဒနာသည်တစ်ဦးအနေဖြင့် ကင်ဆာနောက်ဆုံး အဆင့် ကျမှသိသည်ဆိုခြင်းမှာ အံ့ဩစရာမရှိသော်လည်း ထိုဝေဒနာသည် မှာ ဆရာဝန်တစ်ယောက်၏ အမေ ဖြစ်နေလျှင်တော့ အံ့ဩစရာ မကောင်းဘူးလား။ ရောဂါကိုမသိမီ ခဏခဏဖျားသဖြင့် ပဋိဇီဝဆေး များလဲပြောင်းပေးရင်းက တစ်ချိတစ်ချို အဖျားက ပြန်တက်တက်လာ သောအခါ ဇော် အလွန် စိတ်ဆင်းရဲခဲ့ရသည်။ ဇော် သွားဖွင့်ရသော ဆေးခန်းမှာ အိမ်နှင့် သုံးမိုင်နီးပါးဝေးသော ညောင်လှရပ်ကွက်မှာ ရှိ၏။ (ဇော်တို့ယခုနေသော အိမ်မှာ ဖြူးတို့အိမ်နှင့် ကပ်လျက်မဟုတ် တော့ပါ။ မြေနီခင်ရပ်ကွက်သို့ ပြောင်းရွှေ့နေရပြီဖြစ်သည်။ မူလက အိမ်ကို ဇော် ဆေးကျောင်းတက်နေစဉ် ရောင်းပစ်ခဲ့ရပြီ။) လူနာ ကလည်း သိပ်မရသည့်ကြားထဲ ခရီးကဝေးလွန်း၍ ပြန်လာရသည့် အခါ ခြေလက်များ တောင့်တင်း၍ မလှုပ်ရှားချင်လောက်အောင် ဖြစ်နေချိန်တွင် အမေ့ကို ပြုဒါးတိုင်တိုင်းကြည့်တိုင်း အမေ့မှာ အဖျား သွေးရှိနေကြောင်း သိရသောအသိက ဘယ်လောက်များ ပုံလျက် သားလဲကျဖို့ကောင်းလဲ။ တစ်ခါတစ်ခါတော့ အမေ့ကို အပြစ်ကင် မိ၏။





"နေ့လယ်က အမေရေချိုးသေးလား"

"အေး... ခဏလေးချိုးတာပါ"

"အမေကလဲ ဘာဖြစ်လို့ရေချိုးရတာလဲ၊ အဆုတ်ကို အအေး ...ခံမှာစိုးလို့ ရေမချိုးပါနဲ့လို့မှာထားလျက်နဲ့ သိပ်ခက်တာပဲဗျာ၊ ...န်တော့်မှာ အဝေးကြီးကနေ ပြန်ပြန်လာရတာ အိမ်ရောက်တော့ ...မေဖျားနေရင် အားကိုလျော့လျော့သွားတာပဲ"ဟု ညည်းသလိုဆို ...တော့ အမေ မျက်နှာမကောင်းခဲ့ပါ။

"သမီးရယ်၊ အမေနောက်မချိုးတော့ပါဘူး၊ အဖျားလဲမရှိ ...တော့ဘူးထင်လို့၊ ဘာမှ မဖြစ်လောက်ဘူးထင်လို့ အမေ ချိုးမိတာ ..."တဲ့။

ဘုရား ဘုရား၊ ဝေဒနာသည် အမေ့ကို ပျော်အောင်ကုမ ...နိုင်တဲ့ သမီးက အမေ စိတ်ဆင်းရဲအောင် အပြစ်ဆိုခဲ့မိပြီ။ ထို ...သိမှာ သူမကို နှိပ်စက်၍ မဆုံးနိုင်အောင် ရှိတော့သည်။ ဘာဆိုင် ...နည်း။ ကင်ဆာရောဂါသည် အမေအတွက် ရေချိုးခြင်းနှင့် အဖျား ...တ်ခြင်းမှာ ဘာဆိုင်သနည်း။ မိုက်မဲလှစွာသော တင်တင်ဇော်သည် ...က်ရည်တွေတွေကျလျက် အတတ်နိုင်ဆုံး မျိုသိပ်ထားသော အသံဖြင့် ...ဝင်ရင်း စားပွဲပေါ် မျက်နှာ မှောက်ချလိုက်သည်။

တင်တင်ဇော်ကို ဆရာဝန်အဖြစ်သို့ တွန်းပို့ခဲ့သော အမေ ... ခံစားခွင့်က ဒါပဲလား။ အမေ့အား ပြုစုချိန်မှာ လူနာကြည့်ချိန် ...တာလျှင် နည်းပါးလှသည်။ ညဆယ်နာရီ ဆယ့်တစ်နာရီမှ အမေ့ ...သို့ပြန်ရောက်သော တင်တင်ဇော်သည် အမေ့အား ဘယ်အချိန် ... ပြုစုပါမည်နည်း။ ဇော့်မှာ လုံလောက်သော ပိုက်ဆံအပိုမရှိပါ။ ...င်တင်ဇော် ဆေးခန်းသို့ တစ်ရက်မသွားလျှင် အမေ့အတွက် ...ာင်းနိုးရာရာ ခါတ်စာဖိုး နှင့် သားအမိသားအဖသုံးယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အကျူမိန်းကလေးအတွက် ထမင်းဖိုး၊ လခ မရနိုင်ပါ။ တင်တင်ဇော် သည် အဖေနှင့်အမေကို ပြုစုနိုင်အတွက် ဆေးခန်းသို့ မှန်မှန်သွား ပေမည်။ တင်တင်ဇော် ဘယ်တော့မှ မေ့နိုင်မည်မဟုတ်သော ဆရာဝန်အဖြစ်ကို ခါးသီးလှသော နေ့တစ်နေ့ရှိသည်။

အမေ့ကို မကွေးမှာ ဓါတ်မှန်သွားရိုက်တော့ ဓါတ်မှန်အဖြေ ကို နောက်တစ်နေ့မှရမည်ဟု ချိန်းလိုက်သဖြင့် နောက်တစ်နေ့ တစ်ယောက်တည်းသွားယူရသည်။ ထိုနေ့သည် တင်တင်ဇော်အတွက် ဘဝပျက်သောနေ့သာဖြစ်သည်။ ခြေလှမ်းများကို လှမ်းမှန်း မသိလှမ်း ခဲ့ရသော ရက်ဖြစ်သည်။ ချစ်လှစွာသောမိခင် နောက်လအနည်းငယ် အတွင်း လူ့လောကမှ ထွက်ခွာသွားရမည်ဟူသော အသိဖြင့် မည်သူ သည် လောကအလယ်တွင် ခြေလှမ်းမှန်မှန် လှမ်းနိုင်မည်နည်း။ ထိုညတွင်အမေ့ဓာတ်မှန်နှင့်ဆရာဝန်၏ ရောဂါ မှတ်ချက်စာရွက်ကို လိပ်၍ ဆေးခန်းဗီရိုထဲမှာထားရင်း မျက်ရည်ကို အတတ်နိုင်ဆုံး ထိန်း ထားရင်း အမေ့ကို မျက်နှာထားမပျက် လိမ်ညာနိုင်အောင် စဉ်းစား ခဲ့ရသည်။

ထိုညကလာသမျှ လူနာကို "နေကောင်းသွားမှာပါ၊ ဆေး မှန်မှန်ထိုးနော်"။ "အမယ်လေး. . . ဒီလောက်ရောဂါလေးများ ရေးကြီးခွင်ကျယ်လုပ်လို့၊ ပျောက်ရမှာပေါ့"။ "စိတ်ချပါ အခေါ်ရ ဘရောဂါမှ မရှိပါဘူး"။ "ဦးလေး မနက်ဖြန် ညနေအထိ အဖတ်မစား ရသေးဘူးနော်". . .စသည်ဖြင့် လောကဝတ္တရားအတိုင်း ပြုံးရွှင် စွာ နှစ်သိမ့်လျက်ရှိသော ဆရာဝန်မကလေးအား၊ သူတို့အားထားရ ဆေးကုသမှု ခံယူနေချိန်တွင် ဆရာဝန်မကလေး၏ အမေသည် သူ့ ထက်ကြီးကျယ်လှသော သေလုနီးပါး ကင်ဆာရောဂါ ဝေဒနာ ခံစားရင်း သမီး ဆရာဝန်မကလေး၏ အပြန်ကို အားတင်းစောင့်နေ





သည်။ ထိုအဖြစ်ကို ပြန်စဉ်းစားတိုင်း အမေ့အတွက် အချိန်မပေး ခဲ့ဘဲ ဘာမှမဟုတ်သည့် အပယိက ရောဂါအသေးအမွှားကလေး များ အတွက် အားပေးစကားပြောနေရသည့် ကိုယ့်အဖြစ်ကို ကိုယ် ရွံမုန်းဖွယ်ကောင်းလျက် စက်ဆုပ်ရွံရှာလှသည်။

လောကတစ်ခုလုံး ကြားလောက်အောင် အကျယ်ကြီး အော်ဟစ် ငိုကြွေးပစ်ချင်စိတ်ဖြင့် ကိုယ့်ကိုယ်ကို သံပတ်တင်းရင်း တင်းရင်း တဖြည်းဖြည်း ပျော့ခွေလျက်ရှိပြီ။

မေမေ့ကို ရန်ကုန်လာပြဖို့ ငါ ပိုက်ဆံတော်တော်စုယူ ရတယ်။ ဓာတ်ရောင်ခြည်ဌာန အထူးကုဆရာဝန်ကြီး နဲ့ဖြစ်ဖြစ်၊ ခွဲစိတ်ကု ဆရာဝန်ကြီးနဲ့ဖြစ်ဖြစ် (ခွဲဖို့ လုံးဝ မဖြစ်နိုင်တော့တာ ငါ သိနေပါတယ်)ပြကြည့် အကြံ ဉာဏ်တောင်းချင်သေးတယ်။ ငါ့စာရရင် ရေနံချောင်း လိုက်လာဖို့ စိတ်မကူးပါနဲ့။ ငါ ရန်ကုန်မှာ နင့် အကူအညီ အများကြီးလိုနေပြီ။

ငါနဲ့မေမေ ဇွန်လ ၂၉ ရက်နေ့ ကြံတိုင်းအောင်ကားနဲ့ လာခဲ့မယ်။ ရန်ကုန်ကို ၃၀ ရက်နေ့ မနက်ရောက်မယ်။ နင် ကားဂိတ်ကနေကြိုနှင့်ပါ။

ပူးတွဲပါ စာကို အစ်ကိုကြီးကို ပေးပေးပါ။

ဇော်သည် ရန်ကုန်သို့ မေမေ့အတွက် သွေးဖိအားတိုင်း ရန် ကိရိယာ၊ နားကြပ်၊ ဆေးထိုးပိုက်များ၊ အပ်များ၊ ဆေးများအစုံ ဝယ်လာခဲ့ရလေသည်။ ဤရောဂါဖြင့် မကြာခဏ နောက်ကြောတက် တတ်သည်၊ ရင်ကြပ်နိုင်သည်။ သွေးပေါင်ချိန်နည်းနည်းကျသည် ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဆိုဟာမင်-ဂျီအကြောဆေး သွင်းပေးရသည်။အစားအသော နည်းနည်းပျက်လျှင် ဘားပလက်(စ်)ဘီတွဲကို ထိုးပေးရသည် မိုရီယာမင် ဆိုဟာမင်ဂျီ အုပ်စုသည် ကင်ဆာဆဲလ်များကို ပြန့်ပွားေ သည်ဟု သံသယရှိနေသည့်တိုင်အောင် ထိုဆေးကိုထိုးပေးမှ မတ် ထိုင်ခြင်း၊ စကားပြောခြင်းတို့ကို အားစိုက်ဖို့မလိုဘဲ၊ ပြုလုပ်နိုင်ေ လိမ့်မည်။

မမမိုးက ဟင်းတစ်ခုခုကို ချက်မည်ပြုတိုင်း "ဇော်နေ ဒေါ်လေးနဲ့ ဒီဟင်းနဲ့ တည့်ပါ့မလား. . ."ဟု ဇော့်ကို အလျင်မေး ရှိသည်။ တင်တင်ဇော်ကလည်း တတ်သမျှ မှတ်သမျှ ပညာ အသိဉာဏ်နှင့် ခေါင်းပူအောင် စဉ်းစားပြီးမှ တည့်မယ်ထင်ပါ (သို့မဟုတ်) မတည့်ဘူးထင်ပါရဲ့ ဟု ထင်မြင်ချက်ကို သာပြောနိုင်၏ မြန်မာ အယူအဆအားဖြင့် အနာကိုပွစေသည်၊ ရင်းစေသည်ဆိုသော အမဲသား၊ ပုစွန်၊ ငါးသလောက် စသည်များကို မတည့်ဘူးထင်သည် နေ့လယ်စာကို အမေ တစ်ပန်းကန် ကုန်အောင် စားနိုင်သော်လည် ညစာကိုမူ မဖြစ်စလောက် တို့ရုံပင့်ရုံသာ စားနိုင်၏။ နောက်တစ်ရက် မှစပြီး ညစာကို သီတာရုံနားက ကြေးအိုး (ကြာဇံ)ကို ဝယ်၍ တိုက် သည်။

ရုံးသို့ ၉ နာရီအရောက်သွား၍ ညနေ ၄ နာရီခွဲမှ ပြန်လာ ရသော အစ်ကိုကြီးကိုယ်စား အားလပ်နေသော ဖြိုးက ဆေးကုခန်း ရှာခြင်း၊ လိုက်ပို့ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းတို့ကို ဆောင်ရွက်ပေးသည် ဆရာက မေမေ့ကို ဆေးရုံကြီး သူ့ရုံးခန်းသို့ ချိန်းလိုက်၏ တင်တင်ဇော်သည် ဆရာဝန်ဘွဲ့ကို မန္တလေးမှယူခဲ့သူပီပီ ရန်ကုန် ဆေးရုံကြီးကို ဘုရားစူး တစ်ခေါက်မှမရောက်ဘူးချေ။





သူ့ထံမှ အချိန်များကို လုယူ၍ သူ့ကိုခိုင်းရတာကို အားနာ ခိုး၍လားမသိ။ ဖြိုးသည် သူကောင်မလေး ရန်ကုန်တက္ကသိုလ်သို့ က်ရောက်နေရပြီဖြစ်ကြောင်း စကားစပ်၍ပင် မပြောချေ။သားကြီး စကားမစပ်ဘဲ ပြောပြ၍သာသိရသည်။

"အန်တီဇော်၊ လေးလေးဆီကို နေ့လယ်က မမြိုင် ဖုန်းဆက် တယ်။ ညနေအဆောင်ကို လာခဲ့ပါလို့ မှာသွားတယ်"

"ဟင်. . . ဘယ်သူကလဲ၊ မေလှဲမြိုင်လား. . ."

"ဟုတ်တယ်၊ အန်တီ သိတယ်မဟုတ်လား၊ အဲဒီ မမြိုင်က လေးရဲ့ရည်းစားလေ။ အခု သူက စံရိပ်ငြိမ်မှာ ဘော်ဒါဆောင် တာ"

"သူက ထားဝယ်ကောလိပ်မှာဆို. . ."

"ဟာ. . . အန်တီကလဲ၊ ထားဝယ်မှာ နှစ်နှစ်ပဲ တက်ရတဲ့ အခု ဒီရောက်လာပြီလေ" သားကြီးက လူကြီးသူမသဖွယ် ့ကို ရှင်းပြလေသည်။

ညနေ ၅ နာရီထိုးတော့ ဖြိုး ရေချိုးပြီး အကျီလဲ ပြင်ဆင်နေ ည်ကို မေမေ့အနားမှာထိုင်ရင်း သူမ ငေးမောကြည့်နေမိသည်။ မေက ဆေးရုံကြီးမှအပြန် ပင်ပန်း၍လားမသိ။ စိပ်ပုတီးလက် တ်ရင်း အိပ်ပျော်နေသည်။

"ဇော်. . .တို့တွေ ဒီနေ့ညနေ ဘယ်မှသွားစရာမရှိဘူးနော်"

"အေး. . ."

"ဦးချစ်တင်ဆီ မနက်ဖြန်မှ သွားရမှာပါနော်"

"အေး. . ."ခရမ်းဦးချစ်တင်မှာ မေမေပြမည့် မြန်မာ ဆရာကြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို. . . ငါ အခု အပြင်ခဏသွားမလို့၊ နည်းနည်းမှိုးချုပ်မယ်"

ဘယ်သွားမည်ဟုမပြော။ သူတတ်နိုင်သမျှ လျှို့ဝှက်ထားချင်ဟန် တူပါသည်။

သူက ဆံပင်ကိုအပြီးသတ်ဖြီးလျက် လွယ်အိတ်အနက်ကလေးကိုချိတ်မှ ဖြုတ်ယူလိုက်လေသည်။

"သြော်. . . ဖြိုး ခဏ"

လှေကားမှ ဆင်းတော့မည့်ဖြိုးက ဘာလဲဟူသော မျက်နှာပေးဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။

"နင် အပြန်ကျရင် မြေနီကုန်း ညဈေးကနေ သင်္ဘောသီးမှည့်တစ်လုံးလောက် ရှာဝယ်ခဲ့စမ်းပါ။ မေမေက စားချင်လို့. . . တဲ့"

"အေး အေး. . . ဒါပေမယ့် ငါ မြေနီကုန်းရောက်မယ်လို့ နင် ဘယ်လို အတွေးပေါက်လိုက်တာလဲ၊ ငါ မြို့ထဲသွားမှာလို့ ဘာဖြစ်လို့ မတွေးသလဲ"

ဖြိုးက မျက်မှောင်ကြုတ်၍ စူးစူးစမ်းစမ်း မေးလေသည်။ သူမ မေမေ မနိုးစေလို၍ အသံကိုထိန်းကာ ရယ်မောရင်း သူ့နားတိုး ကပ်သွားလိုက်သည်။

"စံရိပ်ငြိမ်က ကမာရွတ်မှာလေ. . .၊ ကမာရွတ်ကနေအပြန်မှာ မြေနီကုန်းကိုဆင်းပြီး သင်္ဘောသီးဝယ်ခဲ့၊ ပြီးမှ ၁၂ ဖြစ်ဖြစ် ၄၂ ဖြစ်ဖြစ် ပြန်စီးခဲ့ ကြားလား။ ငါ ရန်ကုန်ကို သိပ်မကျွမ်းကျင်ပေမယ့် ဒီလောက်တော့ မှန်းတတ်နေပါပြီ။ ဘယ့်နှယ်လဲ ငါ မှန်းတာ ခရီးစဉ်မှန်ရဲ့လား ဖြိုး"

ဖြိုးက အော်ဟစ်ရယ်မောမလို ခေါင်းမော့လှန်ပြီးမှ မေမေကို သတိရသွားသလို ထိန်းချုပ်လျက် ပြုံးရုံပြုံးလေသည်။





"မှန်လိုက်တာ နင် မဆိုးဘူး၊ ဆုချတဲ့အနေနဲ့ နင့်ဖို့မင်းကွတ်သီးပါဝယ်ခဲ့မယ်၊ ဟုတ်ပြီလား"

ညပိုင်း ထမင်းစားပြီးသောအခါ ကြဲတိုင်းအောင်ကားဂိတ်မှ ဖြိုး သွားယူလာပေးသော ဖေဖေ့စာကို မေမေ့အား ဖတ်ပြလိုက်သည်။

"သမီးမေမေရဲ့ ကျန်းမာရေးကို ဂရုစိုက်ပါ။ ခါတ်ကင်တာကတော့ ဖေဖေ သဘောမကျဘူး၊ ခါတ်ကင်ခြင်းဖြင့် ပျောက်ကင်းမယ်လို့ သမီးက တတ်အပ်သေချာသိလျှင်တော့ တစ်မျိုးပေါ့။ သို့သော်ဖေဖေ့ ဆန္ဒဆိုရင် မြန်မာသမားတော်ကောင်းနှင့် ပြသကြည့်စေလိုသည်။ မြန်မာသမားတော်ကို သေချာစွာပြ၍၊ သူ ချိန်းသည့်အတိုင်းသွား၍၊ သူ့ ကုသနည်းအတိုင်း လိုက်နာ၍ စိတ်ချရမှ ပြန်ခဲ့စေလိုသည်"

မေမေကလည်း ခါတ်ရောင်ခြည်ကင်၍ ကုသဖို့ အလွန်ကြောက်လန့်နေသည်။ ဖေဖေကလည်း သူ့မိန်းမကို ခါတ်ကင်ကုသဖို့ ခွင့်မပြုနိုင်ပဲနေသည့်အတွက် သူမသည် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ဆုံးဖြတ်ချက်တစ်ခုကို ချရတော့သည်။ အမေ့ကို ခါတ်ရောင်ခြည်ကင်၍ ကုသခြင်း မပြုလုပ်စေရ။

နောက်တစ်နေ့ နေ့လယ်တွင် လေးဘီးကားကလေးဖြင့် ကျွန်းသာလမ်းရှိ မြန်မာသမားတော်ဆေးခန်းသို့ မေမေ့ကို သွားပြသည်၊ ဆရာကြီးက သူ့ဆေးစားပြီး နောက်တစ်ပတ် ပြန်လာပြဖို့ ပြောသဖြင့် ဖေတို့ ပြန်ရမည့်ရက်မှာ နောက်တစ်ပတ် နောက်ဆုတ်သွားရလေသည်။ ထိုတစ်ပတ်အတွင်း မေမေ့ကို ရွှေတိဂုံဘုရားသို့ပင်ရောက်လိုက်ပို့သည်။

ဘုရားမှအပြန် ပင်ပန်းသောကြောင့် မေမေ အိပ်ရာပေါ်တွင် လှဲ၍နားနေရသည်။ နေ့လယ်စာ ထမင်းလည်း သိပ်မစားနိုင်



www.burmeseclassic.com

www.burmeseclassic.com



ချေ။ တင်တင်ဇော်မှာ ဗျာယာခတ်လျက် မေမေ့ကို သွေးဖိအားတိုင်းသည်။ သွေးဖိအား နည်းနည်းကျနေ၏။

"မေမေ အားဆေးထိုးပါလား. . ." ဇော့်မှာ ဆိုဟာမင်းထိုးဆေးများ ကတ်လိုက်ပါလာခဲ့သည်။

"အေး၊ ထိုး. . . ထိုး"

အမေက ဆေးထိုးဖို့ ဘယ်တုန်းကမှ ကြောက်ရွံ့ခဲ့သူ မဟုတ်ချေ။ ဇော် အပြေးအလွှား ရေနွေးတည်၍ ဇလုံကို ဆပ်ပြာတိုက်ဆေးကာ ရေနွေးထည့်သည်။ ဆေးထိုးပိုက်များ၊ အပ်များကို ခပ်ကြာကြာစိမ်၍ထားရင်း ဘုရားသို့ မေမေ့ကို ခေါ်သွားတာ မှားများ မှားသလားဟု နောင်တရနေမိ၏။

အို. . . မမှားပါဘူး။ ရွှေတိဂုံဘုရားဆိုတာ ရောက်ခဲဘိခြင်း။ မေမေဟာ ရေနံချောင်း ပြန်သွားပြီးရင် နောက်တစ်ခေါက် ရွှေတိဂုံကိုဖူးဖို့ လာနိုင်တော့မှာ မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကို ဘဲလောက်ပဲ လှည့်စားလှည့်စား လအနည်းငယ်အတွင်း ရင်ဆိုင်ရတော့မည့် မိသားစုကံကြမ္မာကို ဇော် ရိပ်စားမိနေပြီ။ အပ်စိမ်ထားသော ရေနွေးဇလုံထဲသို့ ဇော့် မျက်ရည်တစ်စက်နှစ်စက်ကျသွား၏။

"ဟာ. . . မိဇော်"

ဘေးနားမှာ တိတ်ဆိတ်စွာလာရပ်သော ဖြိုး၏အာမေဋိတ်သံကြောင့် မော့ကြည့်မိသည်။ ဖြိုးက မျက်နှာမကောင်းလှစွာ ရပ်နေ၏။

"နင်. . . ဒီလို အားငယ်စိတ်ပျက်နေလို့ မဖြစ်ဘူးလေ၊ ဒေါ်လေး ရိပ်မိသွားတော့မှာပေါ့။ ပေး ပေးဇလုံ၊ ငါ သယ်ခဲ့မယ်။ နင့်မျက်ရည်တွေ သုတ်ပြီးမှ အပေါ်တက်ခဲ့. . ."





ခါတိုင်းလိုပင် မေမေ့ကို ဆေးထိုးတော့ တည်ငြိမ်သော ...က်သည် အနည်းငယ်မျှပင် မတုန်ယင်ခဲ့ချေ။ ဘားပလက်(စ်) ...အားဆေးကိုပါ တင်ပါးမှာ ထပ်ထိုးပေးလိုက်သည်။ မေမေကတော့ ...ဤဆေးများသည် မေမေ့ဝေဒနာကို ပျောက်ကင်းစေနိုင်မည်ပ ...ဒ်မြင်နေမည်လားမသိနိုင်။ ဆေးထိုးရာတွင် အနည်းငယ် ...က်နှာမရှုံ့ချေ။

"ဒေါ်လေး မနာဘူးလား. . ."ဖြိုးက မျက်နှာမဲ့စွာ ရယ် ...တော့. . .

"မနာပေါင်၊ ကျုပ်သမီးက ကျုပ်ကို မနာအောင်ထိုးငေါ ...ာ"ဟု ဂုဏ်ယူသော မျက်နှာထားဖြင့် ခပ်မိန့်မိန့် အမေ ဖြေလေ ...ည်။

အမေဟာ ငါ့ကို ...ပ်ယုံကြည်ကိုးစားတာပါလားဟု ပထမ ...အကြိမ် နောက်ကျစွာ အမြင်မှန်ရပြီး ဘာမှမတတ်နိုင်တော့သည့် ...မီးတစ်ယောက်၏ မချိလှသော ဝေဒနာဖြင့် မျက်ရည်ဝဲလာ ...သည်။ ထို့ကြောင့် ဇလုံထဲမှ ဆေးထိုးပိုက်များကို နေသားတကျ ...မထည့်ရသေးခင် ဇလုံကိုမ,လျက် ကမန်းကတန်း ဆင်းလာ ...သည်။

"ဇော်. . .မမက ငါ့ကို ရေနံချောင်းမှာ ခဏ သွားနေစေ ...င်တယ်၊ ငါကလဲ ရေနံချောင်းအိမ်မှာ ခဏဖြစ်ဖြစ်သွားနေချင် ...ည်၊ အဲဒါ နင် ဘယ့်နှယ်သဘောရလဲ"

ဇော်က မေမေစားရန် သင်္ဘောသီးလှီးနေစဉ် အနီးသို့ ဖြိုး ...က်လာပြီး တိုင်ပင်လေသည်။ ဇော် အံ့ဩစွာ သူ့ကိုမော့ကြည့် ...ည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေနံချောင်း. . .ဟုတ်လား၊ နှင့် ကောင်မလေးက ရန်ကု တက္ကသိုလ်မှာ မဟုတ်လား. . ."

သူက သက်ပြင်းတစ်ချက်ကို ဇော် ကြားနိုင်လောက်အော ချယ်လောင်စွာရှိုက်၏။

"နင်က ငါ့ကို မိန်းမကိစ္စနဲ့ပဲ တစ်ချိန်လုံး နစ်မြုပ်နေ ဘစ်ယောက်အဖြစ် မြင်လိုက်ပြီပေါ့. . .ဟုတ်လား မိဇော်၊ ငါ့ ချော့ားတာဝန်တွေ၊ ဝတ္တရားတွေ၊ လူမှုရေးတွေ၊ ဘာမှမရှိရ ကာသား၊ ငါ ဘာလုပ်လုပ် မိန်းမကိစ္စအတွက်လို့ချည်း နင် ထင်နေ စိမ်ယ်လောက် ကြာသွားပြီလဲ. . ."

သူ့အသံမှာ တကယ် ယူကျုံးမရသော လူတစ်ယောက် အသံမျိုးဖြစ်နေသည်။ ဇော် စိတ်မကောင်းစွာ ငြိမ်သက်နေ အခွံသင်ပြီးသော သဘောသီးကို ပန်းကန်ပြားထဲ စိတ်ထည့်နေလို သည်။

"ပြီးတော့ ငါ ပြောမယ်၊ မြေနီခင်ကနေ ညောင်လှကို ဆေးခန်းသွားရတာ ဘယ်လောက်ဝေးသလဲ၊ နင်ရော ဒေါ်လေး ငါတို့ တိုက်မှာနေဖို့ အစ်ကိုကြီးနဲ့မမက စီစဉ်ချင်တယ်. . . ဒေါ်လေးကို ညတုန်းက မမက ပြောနေတယ်"

ဇော်တို့ ယခုနေသောအိမ်မှာ မြို့၏မြောက်ဘက်ခြမ်း ဆေးခန်းသွားဖွင့်သော ညောင်လှရပ်ကွက်မှာ မြို့၏ တောင်ဘက် ဖြစ်သည်။ ထိုရပ်ကွက်နှစ်ခုကြား လမ်းပန်းဆက်သွယ်ရေးမှာ ည ပိုင်းနှင့်ညပိုင်းတွင် အလွန်ခက်ခဲလှသည်။

"ဟုတ်တော့ဟုတ်တယ်၊ ငါ ပြန်လာရတာလဲ နှစ်ဆင့် နောက် မေမေ ညည စပ်(က်)လင် သောက်ချင်တာ၊ ခေါက်ဆွဲ





းချင်တာဆိုရင် သိပ်ခက်တယ်။ ဖေဖေ မြို့ထဲသွားဝယ်ရင် အဝေး ကြီး၊ ဒါပေမယ့် ဖြိုးရယ်. . . နင်တို့အိမ်မှာ လာနေဖို့ကျတော့. . ."

"နင်တော်တော်ခေါင်းမာတယ် မိဇော်၊ နေရာတိုင်းမှာ ခေါင်းမာလို့ ကောင်းမလား။ နင် ဒေါ်လေးအတွက်လဲ ကြည့်ဦးမှပေါ့။ အရေးတကြီး ဆေးတွေဘာတွေ ပြေးဝယ်ရင်တောင် နင်တို့ ရပ်ကွက် က ဝေးပါဘိနဲ့။ နောက်ပြီး ငါရေနံချောင်းမှာ လာနေတဲ့ အချိန်ဆိုရင် နင့်အတွက် အကူအညီလဲရမယ်၊ ဆေးပညာနဲ့ မပတ်သက်တဲ့ အကူ အညီပေါ့လေ။ ဥပမာ. . ."

"ဘာလဲ. . ."

ဖြိုးမျက်နှာမှာ ရယ်မြူးရိပ်ကလေး မသိမသာထင်လာ၏။

"နင် ကြက်ပေါင်းဆီ မလုပ်တတ်ဘူးဆို၊ ဒေါ်လေးကို ကြက်ပေါင်းဆီတိုက်ဖို့ မမက ပြောတယ်လေ၊ ငါ ကောင်းကောင်းလုပ် ပေးနိုင်တယ်၊ ဘယ့်နှယ်လဲ ဇော်။ နှစ်လ သုံးလလောက် အလုပ်လက်မဲ့ ဖြစ်နေမယ့် ငါးဖမ်းသဘောက သဘောသားတစ်ယောက်ကို နင် ဘမင်း ကျွေးမထားနိုင်ဘူးလား"

ဇော် စိတ်လက်ပေါ့ပါးစွာ ရယ်မောလိုက်မိတော့၏။

ရေနံချောင်းသို့ ပြန်သောအခါ ဇော်တို့သားအမိ မြေနီ ခင်အထိ ပြန်မတက်တော့ဘဲ၊ မြို့ထဲက ဖြိုးတို့ အိမ်မှာပင် နေ လိုက်ကြသည်။ ဖေဖေကတော့ မြေနီခင်နေလိုက်၊ မြို့ထဲမှာနေလိုက် အတည်တကျ မဟုတ်ပေ။ ဇော်က မမမိုးနေခဲ့သော အခန်းမှာမေမေ နှင့်အတူနေရသည်။ ဖြိုးကတော့ သူ ယခင်ကနေခဲ့သော အောက် ထပ်ရှိ ဘေးတံခါးအနီးက အခန်းတွင်နေလေသည်။ ဖြိုး ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေစဉ် ကာလများတွင်တော့ သူတို့၏ ဦးလေးကြီးတစ်ယော သာ ပျင်းရိငြီးငွေ့ဖွယ်ရာ နေထိုင်လျက် ရှိသည်။

ဖြိုး ရေနံချောင်းမှာရှိစဉ် ဖြိုးကသူမ၏ ဆေးခန်းသို့ အသွား အပြန် အဖော်လိုက်ပေးသော တာဝန်ကိုယူခဲ့သည်။ ဇော် မရှက်တ ဝန်ခံရလျှင်တော့ ဖြိုးထံမှနီးစပ်မှုကြောင့် ရလာမည့်အကြင်နာမျာ မျှော်လင့်ခဲ့သည်။ ဖြိုး၏ ထိန်းချုပ်နိုင်စွမ်းအား၊ ခံနိုင်ရည်စွမ်းအား မထိတထိ စမ်းသပ်လိုစိတ်များတစ်ခါတစ်ခါ ပေါ်လာခဲ့ဖူးသည် သို့သော် တစ်ခါတစ်ရံမှ ပေါ်လာတတ်သော ဤ စိတ်ရိုင်းမျိုး ရိုးသားရှက်ရွံ့စွာပင် ဇော် တွန်းဖယ်ထုတ်နိုင်ခဲ့သည်။ ခင်ဝမ်း နှင်းဆီဖြူရဲ့ အဝေးကလူတစ်ယောက် သီချင်းကို မက်မောစွာ သီ ခံစားနေသော ဖြိုးအား ဇော် ဘယ်လိုနည်းနှင့်မျှ ဒုက္ခမပေးသင့်ပ

မေမေ့အတွက် ကြက်ပေါင်းဆီနေ့တိုင်း လုပ်ရသဖြ ဘစ်နေ့ကို ကြက်တစ်ကောင်နှုန်း ဝယ်ရသည်။ မေမေ၏ ကုသိုလ် ကြောင့်လား မသိ၊ မေမေ နေမကောင်းသောရက်များတွင် ဇေ ဆးခန်းသည် ယခင်လို ခြောက်သွေ့မနေဘဲ လူနာများလာ ည်။ မေမေကောင်းမှုကုသိုလ်ပြုရန် ရည်ရွယ်ချက်ဖြင့် တစ်နေ ဘစ်နေ့ ဝင်သမျှပိုက်ဆံထဲမှ ငါးကျပ်ကို ဆေးခန်းက လက်တို နို့မှုန့်ဘူး အခွံထဲ ထည့်ထည့်ထားပြီး စုခဲ့သည်။

မေမေ၏ ရောဂါပြန့်ပွားနှုန်းမှာ မယုံကြည်နိုင်လော အောင် မြန်ဆန်လာသည်။ ရန်ကုန်တုန်းက ကြမ်းပြင်တွင် ပက်လ အိပ်နိုင်သေးသော်လည်း ရေနံချောင်း ပြန်ရောက်ပြီး မကြာမီပ ခေါင်းအုံးလေးလုံးဆင့်၍ ကျုံ့ကျုံ့ထိုင်ကာ မျက်နှာမှောက်ချရ အိပ်ရသောအဆင့်သို့ ရောက်လာသည်။ မေမေ့ မျက်နှာ အနည်းယ





အန်းလာတော့ ဇော် သူ့ဘိလက်လွှတ် တိတ်တဆိတ် ငိုကြွေးမိ ည်။ အနီးတွင်ရှိသော မေဖေကလည်း ဘုရားကု ကုရုံကလွဲ၍ အား အကူအညီမပေးနိုင်။ ဖြိုးကလည်း ဇော်ခိုင်းသမျှ လုပ်ပေးရုံ ၍ ဆေးတစ်ခုခုစတင်သုံးစွဲရန် (သို့မဟုတ်) ပြောင်းလဲရန် တ် ညွှန်ကြားမှုမပေးနိုင်။ ဇော်သည် တိတ်တိတ်ကလေး ကျိတ် စိတ်ဆင်းရဲ မခံနိုင်တော့ဘဲ စာအဆက်အသွယ် မပြတ်သော မြင့်ဦးထံ စာရေးလိုက်မိသည်။

ဝင်းမြင့်ဦးရေ. . .

ငါ ဘာဆက်လုပ်ရမှန်းမသိတော့လို့ နင့်ဆီ စာရေးလိုက်တာပါ။

ငါ့မှာရှိသမျှ အင်အားတွေလဲ ပျောက်ပျက်ကုန်ပါ ပြီဟာ ငါ့ဘဝလဲ ပျက်သွားပါပြီ။ မေမေက စီအေလန်း နောက်ဆုံးအဆင့်မှာ ရောက်နေပြီ။ ငါ ဘာတွေလုပ်ရ မယ်ဆိုတာ ငါ့ဆီ စာရေးပါ။ ကိုယ့်အမေရဲ့ သေလုမြော ပါးဝေဒနာကို ငါ့ဆုံးဖြတ်ချက်နဲ့ ဆေးမကုနိုင်တော့ဘူး

စာပြန်ရန် လိပ်စာပြောင်းသွားသည့်အကြောင်း စာထဲထည့် ပြီး ဖြိုးတို့အိမ်လိပ်စာကို ရေးထည့်ပေးလိုက်၏။

တင်တင်ဇော် စာရေးပြီး တစ်ပတ်အကြာတွင် မမျှော်လင့်ဘဲ ချောင်းသို့ ဝင်းမြင့်ဦး လိုက်လာခဲ့သည်။ သူရောက်လာချိန်မှာ ၏အစောကြီး လေးနာရီလောက်ဖြစ်၏။ တင်တင်ဇော်ရော၊ အမေ ၊ တစ်နာရီထိုးမှ အိပ်ပျော်သွားသဖြင့် သူ အိမ်ပြင်က နိုးနေသည် ကြားရချေ။ အောက်ထပ်မှာအိပ်သော ဖြိုးက ကြားသွားပြီး တံခါး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပေးခြင်းဖြစ်သည်။ ပြီးမှ ဇော်တို့အပေါ်ထပ်သို့ တက်လာပြီး အခန်းတံခါးကို ပုတ်နှိုးသည်။

"ဇော်. . . မိဇော်၊ အောက်မှာ နင့်သူငယ်ချင်း ဝင်းမြင့်ဦး ရောက်နေတယ်"

"ဟင်. . . ဘယ်သူ"

"ဝင်းမြင့်ဦးတဲ့၊ တောင်တွင်းကြီးက. . . တဲ့"

"ဟာ. . ."

ဇော် မေမေ့အနီးတွင် လှဲနေရာမှ ဝုန်းခနဲ ထထိုင်လိုက်၍ မေမေပင် လန့်နိုးသွားလေသည်။

ဝင်းမြင့်ဦးမျက်နှာမှာ အရေးတကြီး ပူပင်သောကရောက်နေဟန်ရှိသည်။

"နင် ဘာဖြစ်လို့ စောစောစီးစီး စာမရေးတာလဲ၊ အခုနေ မားသားကြီး ဘယ့်နှယ်နေသလဲ၊ နေကောင်းရဲ့လား။ အေးဟာ— ငါ့မေးခွန်းက ကြောင်တယ်နော်၊ ငါ ဆိုလိုတာက သက်သက်သာသာရှိရဲ့လားလို့"

"အင်း...အိပ်ပျော်နေတာ၊ နင်လာမှ မေမေနိုးသွားတာ၊ အခု ပြန်အိပ်နေတယ်"

"နင် ဘာတွေလုပ်ထားသလဲ၊ ထိုးဆေး စားဆေး"

ဇော်က သူမ ပေးထားသမျှ ဆေးအမျိုးအမည်များကို ဝင်းမြင့်ဦးအား ရွတ်ပြလိုက်သည်။

"မဆိုးပါဘူး၊ နင် ဒိုက်ယူရက်တစ် ဘာပေးသလဲ..."

"ဟင့်အင့်၊ ငါ ဘာပေးရမှန်းမသိလို့။ လက်ဆစ်(က်)(စ်)နဲ့ရင် မေမေများ သိပ်အားယုတ်သွားမလားလို့"





"အေးဟာ... ဒိုင်ရုတ္တွန်ပေးတာပဲ ကောင်းပါတယ်၊ တစ်ခြမ်းလောက်ပေါ့"

နံနက်မိုးလင်းတော့ ဝင်းမြင့်ဦး အပေါ်ထပ်တက်ပြီး အမေနှင့် စကားထိုင်ပြောလေသည်။ အမေ ကြာကြာစကား မပြောနိုင်သော်လည်း မန္တလေးသို့ အမေလာလည်တိုင်း မကြာခဏ စကားလက်ဆုံပြောခဲ့သော်၊ မုန့်အတူသွားစားဖော်၊ ရုပ်ရှင်အတူ ကြည့်ဖော်ပင်ဖြစ်ခဲ့သော ဝင်းမြင့်ဦးကို အမေ ချက်ချင်း မှတ်မိသည်။

"ခင်စန်းနွယ်ရော မပါဘူးလား" ဟု အမေက သတိတရ မေးတော့ ဝင်းမြင့်ဦးက ကျေနပ်နေသည်။

"မပါဘူးအမေ၊ ကျွန်တော်နဲ့ ကျွန်တော့်မိန်းမက တစ်မြို့စီနေရတာ၊ ဝတ္ထုတွေထဲကအတိုင်းပဲ" ရယ်မော၍ ဖြေရှင်းလေသည်။

နေ့လယ်ပိုင်း ဝင်းမြင့်ဦးက ဈေးသို့သွားပြီး အမေ့အတွက် ဟောလစ် တစ်ပုလင်း၊ နက်(စ်) ကော်ဖီမှုန့်တစ်ပုလင်း၊ ကိတ်မုန့်၊ ဘီလ်ဗင်း ပတ်(ဖ်)မုန့်တစ်ထုပ် ဝယ်သည်။

"ငါ ညနေကျ နင့်ဆေးခန်းနှစ်ခုလုံး လိုက်ခဲ့မယ်။သမဝါယမဆေးခန်းရော. . . ကိုယ်ပိုင်ဆေးခန်းရော. . ."

ညနေတိုင်း ကားကြုံစောင့်ရသည့် တင်တင်ဇော့် ဒုက္ခကို ပြောပြတော့ ဝင်းမြင့်ဦး စိတ်ပျက်လက်ပျက် ဖြစ်သွား၏။မြင်းလှည်းတစ်စီးလုံး အသွားအပြန် အော်ဒါငှား၍ ကုန်ကျမည့် ငွေနှင့် ဆေးခန်းက ဆေးဖိုးနှုတ်ပြီး အကျန်ငွေနှင့် တွက်ချက်ပြတော့ သူ တော်တော်သနားသွားဟန် တူပါသည်။

"နင့်ထရန်စပို့(တ်)က မလွယ်ပါလားဟာ. . . နင် လူနာများသလား"

"မများဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမြင့်ဦးက တင်တင်ဇော်ကို မိုက်မဲသူတစ်ယောက်အား ကရုဏာသက်သည့် အကြည့်မျိုးဖြင့် ကြည့်လေတော့သည်။ ဆေးခန်း ရောက်တော့ တင်တင်ဇော်က လူနာတွေကိုကြည့်နေခိုက် သူက ဆေးဗီရိုထဲ မွှေနှောက် ရှာဖွေကြည့်လေသည်။ လူနာရှင်းသွားတော့ သူက လက်ဖျားခါသောဟန် လုပ်ပြလျက်"တင်တင်ဇော်... နင့် ဆေးခန်းမှာ ဆိုလျူကောတက်(ဖ်)လဲ မရှိပါလား"ဟု မေး၏။ တင်တင်ဇော် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

"အေးဟာ. . . ဒီတစ်ခုပဲ မရှိတာပါ"

"နင် ဘယ်သူ့အားကိုးနဲ့ ဘယ်လို စိတ်ချယုံကြည်ပြီး ပနယ်စလင်တွေ၊ စထရက်(ပ်)တိုမိုင်စင်တွေ ထိုးနေနိုင်တာလဲ၊ ဧာ စောက နင် ပနယ်စလင်ကို မစမ်းဘဲတောင် ထိုးပေးလိုက်တာလေ"

"ဘုရားသခင် အလိုတော်အရပေါ့ ဝင်းမြင့်ဦးရယ်. ."

"နင် မကြုံဘူးသေးလို့ပါဟာ၊ နင် ငါ့လိုကြုံဖူးရင် ဖျားသွားမယ်၊ ငါ တစ်ခါတုန်းက စထရက်(ပ်)တိုမိုင်စင်ရှော့(ခ်)ဘွေ့ဖူးတယ်။ ကလေးမလေး အသက်က ၅ နှစ်လောက်ပဲ ရှိသေးတယ်။ ဆေးလဲ ထိုးပြီးရော၊ ကလေးလဲ အပေါက်ဝရောက်ရော၊ ဝေါခနဲ အန်ချပစ် လိုက်တာ။ သူတို့ ကမန်းကတန်းပဲ ပြေးဝင်လာတဲ့အချိန် ငါကြည့်လိုက် တော့ အသက်မရှိတော့ဘူး။ နင် မကြုံဖူးဘူး မဟုတ်လား။ ဘယ် ကြောက်မလဲ၊ ကံကြမ္မာဆိုတာ အမြဲတမ်း ကိုယ့်ဘက်မှာ အကောင်းမရှိ နိုင်ဘူးလေ။ ရှော့(ခ်)ဖြစ်ရင် လုပ်ရမယ့်ဆေးတွေ အစုံရှိနေတော့ နင် စိတ်ရဲရဲကုနိုင်တာပေါ့"

သူမ တွေဝေငေးမောလျက် ပြုံးမိ၏။ ဝင်းမြင့်ဦး မှန်ပါ သည်။ သူမမှာ ဆိုလျူကောတက်(ဖ်)တစ်လုံးဖြစ်ဖြစ် ရှိဖို့ကောင်း သည်။ စိတ်သောကနှင့်ငွေကို မေမေ့အတွက် ရတတ်သမျှ ဝေမျှသုံးစွဲ





နေချိန်မို့ သူမ တခြားကိစ္စများအတွက် စိတ်သောကရောက်ချိန် နေခဲ့ပါ။

နောက်တစ်နေ့နံနက်တွင် ဝင်းမြင့်ဦးက ဈေးသို့ ခေါ်သွားပြီး ဆိုလျူကောတက်(ဖ်) တစ်ဘူး ဝယ်ပေးသည်။ အမေ့အတွက် ဆေးကဲတော့ သူမမှာ ကတ်လိုက်ရှိလေသည်။ ထို့နောက် အမေ့ အတွက်လိုသည့် ဆေးဝါး၊ ခါတ်စာဝယ်နိုင်ရန် ဇော့်လက်ထဲသို့ ငွေငါးရာ ထည့်ပေး၏။ သူမ ဝမ်းနည်းစွာ ငြင်းပယ်ရန် ကြိုးစားသော် လည်း ဝင်းမြင့်ဦးက ဇွတ်ပေး၏။

"နင့်ဆေးခန်းက တစ်လ ဘယ်လောက်ဝင်လို့ နင်က ငြင်း နေတာလဲ၊ ကျောင်းတုန်းက ငါ ငတ်ပြတ်နေတုန်းက နင် အမြဲတမ်း ငါ့ကိုကူညီခဲ့တာပဲ၊ အပြန်အလှန်သဘောနဲ့ မဟုတ်ရင်တောင် ဒီ ငွေဆဲကို နင် ယူသင့်တယ်။ ဒီပိုက်ဆံက ပြန်ပေးစရာလဲမလိုဘူး။ နင့်အတွက် ပေးတာလဲမဟုတ်ဘူး။ အမေ့အတွက်ပေးတာ"

သူမ မငြင်းသာတော့ဘဲ စိတ်အားငယ်စွာ လက်ခံထား လိုက်ရလေသည်။

"ဝင်းမြင့်ဦးရယ်. . . တစ်နှစ်တည်းအောင်တဲ့သူချင်း နင်က ဘာကောင်းပြီး ငါကဘာလို့မကောင်းတာလဲ"ဟု မချင့်မရဲ မေးတော့ ဝင်းမြင့်ဦးက သူ့ထုံးစံအတိုင်းမေးစေ့ကို လက်ညှိုးကွေး ဖြင့် သပ်လျက် ပြုံးပြီး ဖြေသည်။

"နင်တို့ ရေနံချောင်းမှာ ဆရာဝန် ၂၆ ယောက်ရှိတယ်။ ငါ ဆေးခန်းဖွင့်တဲ့ ဆပ်သွားမှာ ငါ တစ်ယောက်တည်းရှိတယ်။ ဆပ်သွားနဲ့ နှစ်မိုင်ပတ်လည်မှာ လှည်းတွေနဲ့လာမယ့် လူနာတွေ အများကြီးရှိတယ်။ ငါက နေရာရွေးလဲကောင်းတယ်။ဟာသလဲပြော တတ်တယ်။ နင် စိတ်အေးလက်အေးဖြစ်တဲ့ တစ်နေ့ကျမှ ငါ့ဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလာလည်ဦး။ ငါနဲ့ လူနာတွေနဲ့ လုံးချာလိုက်ပြီး ငါ ဟာသနဲ့ ဘယ်လိုကုတယ်ဆိုတာ နင် လာကြည့်ဦး..”

အောင်သူကားဖြင့်ပြန်ရန် ည ၉ နာရီခွဲတွင် သူ ဖြိုး၏ အိမ်မှထွက်သည်။ သူ့ကို အိမ်ရှေ့လမ်းကျဉ်းကလေးအထိ လိုက်ပို့တော့ သူက လှည့်ပြန်ကာနီးမှ စိတ်မချနိုင်သလို ရပ်တန့်နေပြန်သည်။

“ဘယ်လိုမဆိုဒီအဖြစ်မျိုးက ကြုံကြရမှာချည်းပဲ တင်တင်ဇော် နင် သိပ်မှုပျက်မနေနဲ့ဦး၊ သိလား။ တကယ်လို့ အဲ ဟိုဒင်း အဓိက တကြီး အကြောင်းကိစ္စရှိရင်၊ ငွေတွေဘာတွေ ထပ်လိုရင် နင် ငါ့လိပ်စာသိနေတာပဲ၊ လူလွှတ်ပြီးမှာလိုက်။ ကိုဖြိုးကျော် ဖြစ်ဖြစ်လွှတ်လိုက်။ ဆပ်သွားမှာ ကားပေါ်က ဆင်းရင် ဘယ်သူ့ကိုမှ မေး ဒေါက်တာဝင်းမြင့်ဦးကို သိကြတယ် ကြားလား”

“အေး..” သူမ၏အသံမှာ တိမ်ဝင်သွား၏။

“ငါ စိတ်ချသွားမယ် တင်တင်ဇော်.. ပြောစမ်း၊ နင် သတ္တိရှိတယ်မဟုတ်လား”

သေတော့မှာပဲ။ သူမ တင်းဆည်ထားသမျှ အကုန်ပြေလျော့ကုန်တော့သည်။ တစ်ချက်ရှိုက်ငင်လျက် ခေါင်းကို တအားယမ်း ပစ်လိုက်မိ၏။

“မရှိဘူး... မရှိတော့ဘူး... ငါ့မှာ ဘာသတ္တိမှမရှိတော့ဘူး၊ ဝင်းမြင့်ဦးရဲ့”

ထို့နောက် သူကပဲ သူမ ပခုံးကိုစတင်၍ သိုင်းဖက်လိုက်လေသလား။ သူမကပဲ သူ့ရင်ခွင်ကို စတင်မှီတွယ်လိုက်မိလေသလား မသိတော့ချေ။ အိမ်မှာ စိတ်တည်ငြိမ်စွာ ဆုံးဖြတ်ချက်ချနိုင်သော





မိန်းမကြီးတစ်ယောက်ပုံစံမျိုးဖြင့် လွတ်လွတ်လပ်လပ် ကျခွင့်မရသော မျက်ရည်များကို ယခုမှ သွန်ချလျက် ရှိုက်ငိုလိုက်မိတော့သည်။

“ဟာ.. တင်တင်ဇော် မငိုနဲ့လေ၊ မငိုနဲ့ညီမလေးရဲ့၊ ဒါ မဆန်းပါဘူး။ ဘယ်သူ့အတွက်မှ မဆန်းပါဘူး” ပြောပြောဆိုဆို ဇော့် နောက်ကျောကို ကလေးချော့သလို လက်ဖြင့် အသာပုတ်လေသည်။

“ခက်လိုက်တာ... ဒါဆို ငါဘယ်လိုစိတ်ချပြီး ပြန်ရတော့မှာလဲ”

ဇော် သတိဝင်လာပြီး နောက်တစ်လှမ်း ဆုတ်လိုက်၏။ မှတ်သားပဲ။ ပြန်ရမယ့်လူ စိတ်မဖြောင့်အောင် ငါ ဘာဖြစ်လို့ ဒီလောက် စိတ်ပျော့ညံ့ရပါလိမ့်။

“ပြန်ပါဟာ.. စိတ်ချပြီးပြန်၊ ငါဘာမှမဖြစ်တော့ပါဘူး”

“နင် တကယ်ပြောနေတာလား”

“တကယ်ပါဟ.. အိုကေပါတယ်၊ ပြန်တော့...”

သူက လှည့်ထွက်မည်လုပ်ပြီးမှ...

“ဟာ.. မဖြစ်ဘူး၊ နင်အိမ်ထဲ အလျင်ပြန်ဝင်”ဟု ပေကပ်ကပ် ရပ်နေပြန်၏။ ဇော် သူ့ကိုပြုံးပြပြီး ချာခနဲ လှည့်ပြေးလာခဲ့မိလေသည်။

တိုက်အိမ်တံခါးကို တွန်းဖွင့်ဝင်တော့ ဖြိုးကို ညှိခန်းမှာ တော်တတ်ရပ်လျက် တွေ့ရသည်။ တရုပ်ကတ်မှန်များ ပင့်တင်ထားသော ပြတင်းဝမှာ ရပ်နေခြင်းဖြစ်သည်။ ဇော်နှင့်ဝင်းမြင့်ဦး၏ အဖြစ်အပျက်ကို သူ အစအဆုံး မြင်လိုက်ဟန်တူပါသည်။ သူ့ မျက်လုံးများ ရီဝေညိုးငယ်နေ၏။ ဖြိုးက ဇော့် မျက်နှာကို စူးစူးစိုက်ကြည့်ကာ တစ်ခုခုပြောလိုက်တော့မလို နှုတ်ခမ်းပြင်ပြီးမှ ဘာမှမပြောဘဲ ငြိမ်သက်စွာ ငေးမောကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအပေါ်တက်ရန်လှေကားထစ်သို့ ရောက်မှ "မိဇော်. . ဟု သူ လှမ်းခေါ်၏။ သူမ လှည့်ကြည့်လိုက်သည်။ "ဒေါ်လေး မအိ သေးဘူး၊ နင့်မျက်ရည်တွေ သေချာသုတ်ပြီးမှ အခန်းထဲဝင်. . " ခပ်တိုးတိုး သတိပေးလေသည်။

၁၉၈၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် အမေ ကွယ်လွန်သည်။

အမေ ကွယ်လွန်သောညက ကြာမြင့်စွာ မရေးဘဲထား သော ဒိုင်ယာရီစာအုပ်ကိုဖွင့်၍ ရေးမိသည်။

နောက်ဆုံးရေးထားသော နေ့စွဲမှာ ၃၁-၅-၈၅ ဖြစ်၏။

ကျွန်မကိုယ်ခန္ဓာထဲမှာ သံပတ် တော်တော်များများ ေ လျော့ကုန်ပြီ။

ကြိုးဖြတ်ချလိုက်သော အရုပ်တစ်ခုကဲ့သို့ မြေပေါ်ပုံလျ လဲကျသွားရန် အချိန်မှာလည်း တဖြည်းဖြည်းနီးလာပြီ။

ကျွန်မ ဘေးမှာထူမပေးမည့်သူ တစ်ဦးတလေမျှမရှိပါ (ဝမ်းမနည်းပါနဲ့)

အယူသီးသော ကျွန်မအတွက် တရားမဲ့မှုဟူသည် မရှိပါ

တင်တင်ဇော်သည် ထိန်းချုပ်ထားလျက် လျှံကျလာသည့် မျက်ရည်ပေါက်များအကြားမှ စာမျက်နှာအသစ်တစ်ခု ရေးလိုက် သည်။





၂၅-၉-၈၅

မေမေမရှိတော့တဲ့ဘဝမှာ ကျွန်မ ဘာမျှော်လင့်ချက်နဲ့ ဆက်လက် ရပ်တည်နေတာလဲ. . ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

မိုးငွေ့နှင့်ဆောင်းငွေ့ရောယှက်လျက် နံနက်ခင်းသည် စိမ့်စိမ့်ကလေးသာ အေးနေသည်။

ကြည့်မြင်တိုင်အိမ်၏ ခါတိုင်း နံနက်ခင်းများကဲ့သို့ပင် တင်တင်ဖော်သည် ဈေးဝယ်ခေါ်သော ဈေးသည်များ၏ အသံမျိုးစုံဖြင့် နိုးလာခဲ့သည်။ ဘေးမှာအိပ်သော ကလေးတစ်ရှိုက်က အိပ်ရာထ နောက်ကျသော ဖော့်ကို နှိုးလျက် အိပ်ရာများ၊စောင်များ ကူညီခေါက်သိမ်းပေးကြလေသည်။

ပထမဆုံး သတိရလိုက်သည်မှာ ဤအိမ်တွင် ဖိုးမရှိသည့်အကြောင်း ဖြစ်၏။ စက်တင်ဘာ ၁၄ရက်နေ့ ပြန်ရောက်မည်ဟု ဖိုး စာထဲတွင်ပါသော်လည်း မနေ့က ရန်ကုန်သို့ အစ်ကိုကြီးတို့သင်္ဘော ရောက်မလာပါ။ ယနေ့လည်း မရောက်နိုင်ဟု သတင်းရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ဆိုလျှင် သူမသည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအ
လျှောက်လွှာခေါ်ယူ ကျင်းပသော လက်ထောက်ဆရာဝန်ရာထူး
အတွက် စာမေးပွဲကို ဖြေရတော့မည် ဖြစ်သည်။ ယနေ့နောက်ဆုံးထ
၍ ခြောက်ထပ်ရုံးတွင် စာမေးပွဲဝင်ခွင့်ကတ်ပြား သွားထုတ်ရမည်
ဖြိုးက ခန့်မှန်းသည့်အတိုင်း မရောက်လာနိုင်တော့၍ သူမတ
တည်း သွားရပေမည်။

အင်း. . . ကမ်းနားလမ်းခြောက်ထပ်ရုံးဆိုတာ ရေနံချော
ကို မြန်တိုင်း ကားကွေ့ကွေ့သွားတဲ့အခိုက် မြင်နေရတဲ့ အဆော
အဦကြီး ဖြစ်မှာပဲ။ ဒါဆိုရင် ကုန်ဈေးတန်းအထိ ဘတ်စ်ကားစီးပြ
ခြေလျှင်လျှောက်ရှာလို့ရကောင်းပါရဲ့။ ရုံး ရှာရဦးမှာနဲ့ အထပ်ရှာ
မှာနဲ့ စောစောထွက်မှ ဖြစ်မယ်။ ဖြိုး . သည်နေ့ရောက်လာလ
ဘယ်လောက်များ ကောင်းလိုက်မလဲနော်၊ ဖြိုးနှင့်မတွေ့ရတာ တစ်
နီးပါးရှိပြီ။မေမေဆုံးပြီး မေမေ့အသုဘမြေချပြီးသည်အထိ ဖော်
အတူ ဖြိုး ရှိနေခဲ့သည်။ ဖြိုးသည် သူငယ်ချင်းတစ်ဦးအနေနှင့် သူ
အပေါ် ကောင်းနိုင်သည်ထက် များစွာပိုခဲ့ကြောင်း ဖော် အသိဖြစ်

ဖြိုး ဟိုဘလောက ရေးလိုက်သည့်စာထဲတွင်တော့ သူမအ
အိမ်ထောင်ပြုသင့်ပြီ...တဲ့။

နင် အခု အချိန်အထိ ရည်းစားမရှိ ဘာမရှိနေရတာ
မငြီးငွေ့သေးဘူးလား။ သင့်တော်တဲ့ တစ်ယောက်ယော
ကို နင် ခေါင်းညိတ်လက်ခံလိုက်ဖို့ ကောင်းနေပြီ။
ဟိုတစ်နှစ်က နင် ပြောဖူးတဲ့ နှင့်ကို လက်ထပ်ခွင့် တောင်း
တယ် ဆိုတဲ့ နင်တို့ အတန်းထဲက လူကိုပဲ ဖြစ်ဖြစ်လေ. . .





ဖြိုးသည် သူမ၏နှလုံးသားကို ငယ်စဉ်ကလိုပင် လျှစ်လျူရှုမြ
ာကား။

"နေရိပ်ထဲမှာနေရပါမှ ×× စိန်စီလမ်းမှာ လျှောက်လှမ်းရပါ
× ပန်းမွေ့ရာပေါ်မှာ စံစားရပါမှ× × မောင်နဲ့အတူနေမှဲ့သူ× ×
တ်ရပါမောင်ရယ်×××နေပူထဲလည်း နေရဲပါတယ်×× ခရောင်း
းကိုလည်း ဖြတ်ရဲပါတယ်×× ဆူးမွေ့ရာပေါ်လည်း အိပ်ရဲပါ
ယ်× ×အသာစံလည်းအတူ× ×အနာခံလည်းအတူ× × အေးအတူ
မှ× ×မငြူစူဘဝ× × နေပြပါမယ်× ×"

ပါးပြင်ပေါ်အစက်များအဖြစ် တို့ပြီးသား မိတ်ကပ်ကို
ညီးနှင့်လိုက်ညှိရင်း သီချင်းညည်းရင်း သူမ အနည်းငယ်ပင်
ိုက်မိသေး၏။

လောကကြီးမှာ မိန်းမတွေဟာ သူတို့လိုချင်တာကိုရအောင်
အခွင့်အရေးမကြုံရှာဘူးနော်။

သူမ၏သဘောထားကို ဖြိုး မသိဘဲမနေပါ။ ဖြိုးသည် ဖော့
ပါ်မှာ တစ်ခါတလေလေးမျှ ညွှတ်နူးစိတ်မရှိဟု သူမ လုံးဝ
င်ပါ။

"အားနွဲ့တယ်ရယ်လို့မထားခဲ့နဲ့ မောင်ရယ်××အချစ်
ွက်ဆိုရင် × × စွန့်စားရဲတဲ့ ခွန်အားအသည်း × × မောင့်လိုပဲရှိ
ယ်× ×.×"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ သီချင်းညည်းသံမှာ တယ်လီဖုန်းခေါင်းလောင်း ကြောင့် ပြတ်သွား၏။

သူမ မှန်တင်ခုံမှ ခပ်သွက်သွက် ထရပ်လိုက်၏။ ဖြိုးတို့ သ များ သည်နေ့ပြန်ရောက်မှာလား။ သည်အချိန်တွင် ကလေး များ ရေချိုးနေဆဲဖြစ်ပြီး မမနှင့်သားအငယ်က ဈေးသွား ဖြစ်သည်။ သူမ ရင်တဒိတ်ဒိတ် ခုန်လျက် တယ်လီဖုန်းဆီ အပြေး ၍ ကောက်ကိုင်လိုက်သည်။

"အမိန့်ရှိပါရှင်. . "

"ကိုဖြိုးကျော်ရှိလား. . "

အမျိုးသမီးအသံဖြစ်၏။ အိုး. . . သူမ၏ ကြည်လင် သောစိတ်များ ချက်ချင်း နောက်ကျိသွားတော့သည်။ ကောင်မလေး ဖြစ်မှာပဲ။

"မရှိပါဘူး" သူမ၏အသံများ ခပ်ပြတ်ပြတ် ဖြစ် အောင် ဂရုတစိုက် ထိန်းလိုက်ရသည်။

"သူ ဘယ်သွားတာလဲဟင်. . . ဒါမှမဟုတ်. . ."

"သူတို့သင်္ဘော ပြန်မရောက်သေးပါဘူး"

"၁၄ ရက်နေ့ ပြန်ရောက်မယ်ဆိုလားလို့. . ."

သူမ စိတ်မရှည်နိုင်အောင် ဖြစ်သွား၏။

"ဟုတ်ပါတယ်ကွယ်၊ အစကတော့ ၁၄ ရက်နေ့ ပြန် ဖို့ပါပဲ၊ အခြေအနေအရ မရောက်နိုင်သေးပါဘူး။ ဒီနေ့လဲ မ ပါဘူး. . တဲ့။ မနက်ဖြန်ဖြစ်တော့ ရောက်လိမ့် မယ်လို့ ခန့်မှန်းကြ

"အခု စကားပြောတာ မမမိုး မဟုတ်ဘူးနော်"

အမျိုးသမီးကလေး၏ စပ်စုဟန် အမေးကြောင့် အနည်းငယ် ပြုံးလိုက်မိသည်။





"မဟုတ်ပါဘူးကွယ်၊ အစ်မက ရေနံချောင်းက ဧည့်သည်ပါ"

ထို့နောက် တယ်လီဖုန်း အဆက်အသွယ် ချက်ချင်းပြတ် က်သွား၏။ သူမ ဘယ်သူဘယ်ဝါမှန်း တစ်ဘက်က ရိပ်မိသွား ရှိပါသည်။ သူမသည် တယ်လီဖုန်းကို ဖြည်းညင်းစွာချ၍ က်တစ်ချက်ရှိုက်ပြီးမှ လှည့်ထွက်လာခဲ့သည်။

မျက်နှာပေါ်မှာ ကရင်း(မ်)ပတ်(ဖ်)ရိုက်လိုက်ရင်း ရင်ထဲက ခံစ်နာကျင်လာ၏။ စောစောက မေ့ထားသော ဖြိုးနှင့် သူမ၏ အနေမှန်ကို ပြန်လည်သတိရသွားအောင် တယ်လီဖုန်းက သတိ က်သလို ဖြစ်သွားပါသည်။ သီချင်းဆက်ညည်းချင်စိတ်လည်း က်ကွယ်သွား၏။ စိတ်မပါစွာ ပါးနီကို ခပ်ဖွဖွဆိုးလိုက်သည်။ ဆိုးဆေးကိုတော့ မုန့် စားပြီးမှပဲ ဆိုးတော့မည်။ သမီးနှင့်အတူ အုန်းနို့ခေါက်ဆွဲ သွားဝယ်ဖို့ ဆုံးဖြတ်ထားသည်။

သူမ ထိုင်နေရာမှထရပ်လိုက်စဉ် တယ်လီဖုန်းခေါင်းလောင်း ယ်လောင်စွာ မြည်လာပြန်သည်။ အပေါ်ထပ်တစ်ခုလုံး သူမ တည်းသာ ရှိ၍ တယ်လီဖုန်းကို သူမ သွားကိုင်ရပါသည်။

"အမိန့်ရှိပါရှင်. . ဦးမောင်မောင်ဦး အိမ်ကပါ"

"ကိုဖြိုးကျော် ရှိပါသလား. . "

ဟား၊ ဘယ်လိုလဲ ဖြိုးက ဈေးကောင်းလှချည်လား၊ သို့သော် တစ်ခါ အသံမှာ ရွယ်ကျအားသံဖြစ်၏။

"မရှိပါဘူးရှင် . . သူတို့သင်္ဘော ပြန်မရောက်သေးပါဘူး"

"ဘယ်တော့ရောက်မလဲ ခင်ဗျ"

"အဲ. . ကျွန်မကဧည့်သည်ပါ၊ သိပ်တော့မသိပါဘူး၊ မနက် တ်ရောက်လိမ့်မယ် ထင်ပါတယ်၊ ကိစ္စအရေးကြီးလို့လား. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . အရေးမကြီးပါဘူး၊ သူက စက်တင်ဘာလလယ် ပြန်ရောက်မယ်ဆိုလို့ပါ"

"ဟုတ်ကဲ့ . . ဒါဖြင့်"

"အန်တီဇော်ရေ . . ဒီနေ့ကျ ရေနံချောင်းကားကြီး အဆော ကြီးဝင်တာပဲဗျ၊ သား မြင်ခဲ့တယ်"

အနီးကပ်၍ ကျယ်လောင်စွာ အော်ပြောလိုက်သံကြောင့် သူမ ကမန်းကတန်း ဖုန်းခွက်ကို လက်ဖြင့် ပိတ်ထားလိုက်ရသည်။ လှည့်ကြည့်တော့ သားငယ်က သူမ အနီးတွင်ရပ်၍ စပ်စု၏။

"အန်တီ . . ဘယ်သူလဲ"

"ရှူး . . တိုးတိုး၊ အန်တီ ဖုန်းပြောနေတယ်လေကွယ်" သားငယ် ခပ်ဝေးဝေးရောက်သွားမှ ဇော် စကားပြောခွက်ပေါ်မှ လက်ကို ပြန်ဖယ်လိုက်၏။

"ဒီမှာ မနက်ဖြန်မနက်ကျမှ တစ်ခေါက် ထပ်ဆက်ကြည့်ပါ ဦးနော် ဒါပဲမဟုတ်လား"

တစ်ဘက်မှ ပင့်သက်ရှိုက်သံကို ထင်ရှားပြတ်သားစွာ ကြားလိုက်ရပြီး ကမန်းကတန်း တားမြစ်သံ ဆက်တိုက်ကြားရသည်။

"နေပါဦး . . ခဏလေး . . ကျွန်တော် သိချင်တာလေးမေး ပါရစေ"

"ဟုတ်ကဲ့ . ."

"အခု စကားပြောနေတာ တင်တင်ဇော်တော့မဟုတ် ဘူးနော်"

သူမ အံ့သြစွာ ငြိမ်သက်သွား၏၊ သူမအသံကို ဖမ်းမိ လောက်အောင် ရင်းနှီးခင်မင်သူတော့ မဟုတ်နိုင်ပါ။

"ဝမ်းနည်းပါတယ် . . ကျွန်မ တင်တင်ဇော်ပါ"





"ကြည့်စမ်း . . ဒါ ဝမ်းနည်းစရာ မဟုတ်ပါဘူး တင်တင်ဇော်၊ ဝမ်းသာစရာပါ။ ကိုယ် ဘယ်လောက်အထိ ဝမ်းသာသွားသလဲ မင်း သိမှာမဟုတ်ဘူး"

ဘုရားရေ . . ဘယ်လိုယောက်ျားပါလိမ့်။ ပျာယာခတ်နေ သော သူ့အသံမျိုး တစ်ခါမှ မကြားဖူးဘူးဟု ထင်မိသည်။

"မင်းကိုယ့်အသံကို မမှတ်မိဘူး ထင်တယ်။ ဟော့ . . မင်း နားထောင်နေတုန်းပဲ မဟုတ်လားဟင် . ."

သူ့အသံမှာ စိတ်လှုပ်ရှားသူတစ်ဦး၏အသံဖြစ်သော် လည်း အသံမှာ ဘေးသို့ ပြန့်မသွားဘဲ လုံနေသည်။

"နားထောင် နေပါတယ်၊ အခုပြောတာ ဘယ်သူပါလိမ့် . ."

"အေးလေ . . မင်းမမှတ်မိတာ အံ့သြစရာတော့ မဟုတ်ပါ ဘူး ဒါပေမယ့် ကိုယ် သဲလွန်စတစ်ခုနှစ်ခုပေးရင် မင်း ကိုယ့်နာမည်ကို မှတ်မိကောင်းပါရဲ့နော်"

ဘယ်လိုလဲဟ။ ကြောင်လှချည်လား။

"ဘယ့်နှယ်လဲ တင်တင်ဇော်၊ ကိုယ်ပြောကြည့်ရမလား၊ အကယ်လို့ မင်း ကိုယ့်ကို မသိဘူးဆိုရင် ကိုယ် တယ်လီဖုန်း ချလိုက် တော့မှာပါ"

ဇော် အနည်းငယ် စိတ်ဝင်စားစွာ မျက်မှောင်တွန့်ချိုးလျက် ပြုံးလိုက်မိ၏။ မဆိုးပါဘူး။

"စမ်းကြည့်လေ . ."

ထို့နောက် တယ်လီဖုန်းထဲမှာ ရယ်မောသံကြားရ၏။

"ကိုယ် ငယ်ငယ်တုန်းက အင်္ဂလိပ်စာ သိပ်တော်တယ်၊ ဒါပေမယ့် ဘိုင်အိုချိန်မှာ အမြဲတမ်း အိပ်ငိုက်တတ်လို့ မင်းဆီက မှတ်စုငှား . . ."



www.burmeseclassic.com

www.burmeseclassic.com



"အိုး. . . သိပြီ"

ဇော်သည် တအားပျော်ရွှင်လျက် ရင်ထဲမှာ တဒိတ်ဒိတ် တုန်ယင်လှုပ်ရှားကာ လက်ဖျားများ အေးစက်သွားတော့၏။

"နန္ဒ. . . နန္ဒ မဟုတ်လားဟင်. . ."

ဇော့်အသံမှာ စိတ်လှုပ်ရှားမှုကြောင့် တိမ်ဝင်သွားဝါသည်။ သူ နှောက်တစ်ကြိမ် ရယ်မောပြန်သည်။ ဟုတ်မှာပေါ့။ ဒီလို ခပ်ဖွဖွ နူးနူးညံ့ညံ့ ရယ်မောတတ်တာ နန္ဒကလွဲလို့ ဘယ်သူဖြစ်ဦးမှာလဲ။

"ဟုတ်တယ်. . . ကိုယ် နန္ဒပါ၊ မင်းကို သိပ်တွေ့ချင်တယ်။ ကိုးနာရီမှာ ရုံးသွားရမယ်။ ကိုယ် အဲဒီကို လာခဲ့ရမလား။ ဒါမှမဟုတ် မင်းရော အလုပ်သွားရတော့မလား။ ဘယ်မှာ လုပ်သလဲ"

"နေပါဦး. . . ခဏ နေပါဦး၊ ဖြည်းဖြည်းပြောပါ။ တို့ အခု ခြောက်ထပ်ရုံးကို စာမေးပွဲ ကတ်သွားထုတ်ရဦးမယ်။ ကံဆိုးချင်တော့ တို့အခုထိ အလုပ်မဝင်ရသေးဘူးလေ။ ရုံးက ဘယ်အချိန် ဆင်းတာလဲ"

"ကိုယ့်ရုံးက ညနေ လေးနာရီမှာ ဆင်းတယ်။ ဒီလိုလုပ်လေ အခု မင်း မြို့ထဲကိုထွက်လာခဲ့။ ကိုယ်တို့ ဒီမှာဆုံရအောင်"

သူမ၏ လက်များ တုန်ယင်လာသဖြင့် တယ်လီဖုန်းခွက်ကို လက်နှစ်ဘက်ဖြင့် ထိန်းကိုင်ထားရပါသည်။

"တို့ ဘယ်ကိုလာခဲ့ရမလဲ"

"ခြောက်ထပ်ရုံးကို လာမှာဆို၊ ကိုယ် ရုံးရှေ့ပေါ်တီကို အောက်က စောင့်နေမယ်။ မင်း ကိုယ့်ကို မှတ်မိမယ်မထင်ရင် ကိုယ့် အကျီအရောင်ကို ရှာကြည့်။ ကိုယ် မေးလ်စပို့(လ်)ရှပ် ချောကလက် ရောင်ဝတ်ထားတယ်။ ဒါပေမယ့် ကိုယ်ကမင်းကို မှတ်မိမှာပါ"





"နေဦးလေ. . . နန္ဒရယ်၊ တို့ ခြောက်ထပ်ရုံးကိုအကြာကြီး ...ရမှာ တစ်ခါမှ မရောက်ဖူးဘူး"

"ဟောဗျာ"

တယ်လီဖုန်းထဲမှ ရယ်မောသံကို ကြားရပြန်သည်။

"ဒါဖြင့် မင်း အဲဒီအနားမှာ ဘယ်နေရာကို သိသလဲ၊ ...နားလမ်း တစ်လျှောက်ပေါ့"

"ဟင့်အင်း"

"ဒါဖြင့် မဟာဗန္ဓုလလမ်း တစ်လျှောက်ရော သိလား"

"အင်း. . . ဟိုလေ၊ တို့ အစိုးရခွဲစိတ်ကိရိယာအရောင်းဆိုင် ...တော့သိတယ်၊ လမ်း ၃၀ ထောင့်ကလေ"

"အိုကေ. . . မင်း အဲဒီဆိုင်ကိုလာခဲ့၊ ကိုယ် အဲဒီက စောင့် ...ယ်။ အခုချက်ချင်းလာမှာလား"

"ခဏလေး အဝတ်အစားလဲပြီးရင် လာမှာ"

"ကိုယ့်အိမ်က ၃၁ လမ်းမှာပဲ နီးနီးလေးရယ်၊ ကိုယ် အလျင် ...ပြီး ရောက်နေမှာပါ။ ပြီးမှ ခြောက်ထပ်ရုံးကို ကိုယ်လိုက်ပို့မယ်၊ ... ဘာရောင်ဝတ်လာမလဲ"

သူမ ခဏ စဉ်းစားလိုက်၏။ ထင်းခနဲ ချက်ချင်း မြင်လွယ် ... အရောင်မျိုး။ သိပ်လည်း မရှိုင်းစေရဘူးလေ။

"တို့ အကျီ အဖြူရောင်နဲ့ လုံချည်အနက်ရောင် ဝတ်ခဲ့မယ်"

"အိုကေ၊ မင်း ၃၂ ကို စီးလာရင် ပိုမြန်မယ်ထင်တယ်။ နေဦး ...ဈေးတန်းမှာ ဆင်းပြီး လမ်းနည်းနည်းလျှောက်ရမယ်။ လာတတ် ...နော်"

"အင်း. . . လာတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကိုယ် ဆယ်မိနစ်နေမှ အိမ်ကထွက်မယ်နော်
ဘာမေးချင်သေးလဲ"

"ဟင့်အင်း. . . ရပြီ"

"ဒါဆို ဖုန်းချလိုက်တော့"

သူ့အမိန့်အတိုင်း သူမ တယ်လီဖုန်းချလိုက်သည်။ ထို့
နောက် တယ်လီဖုန်းအနီကလေးကို မယုံကြည်နိုင်သလို စိုက်ကြည့်
ငေးမောရင်း ရင်ထဲမှာ မောပန်းစွာ ပျော်ရွှင်လာသည်။

သူမသည် အတတ်နိုင်ဆုံး ငယ်ရုပ်ပေါ်လွင်စေမည့်
လည်ပင်းကော်လာမှာ ဖဲပြားပွင့်အနက်ကလေး တပ်ထားသည့် အဖြူ
ရောင်ကျိုင်းတုံ့စ ရှပ်အင်္ကျီလက်ရှည်အပွကို ဝတ်လိုက်သည်။ထို့နောက်
ထိုင်းဆစ်(ခ်)လုံချည်အနက်ရောင်ကိုဝတ်သည်။ မှန်ထဲမှာ ကိုယ့်ကို
ကိုယ် စေ့စေ့စပ်စပ်ကြည့်ရင်း ငါ့ကို နန္ဒ မှတ်မိပါ့မလားဟု တွေဝေး
မိ၏။ စောစောက စိတ်မပါတပါ ဆိုးထားသောပါးနီကို အနည်းငယ်
ညှိလိုက်သည်။ ထို့နောက် နှုတ်ခမ်းဆိုးဆေး ပန်းနုရောင်ကို သေသေ
ချာချာ အနားသတ်၍ ဆိုးလိုက်သည်။

အံ့ဩစရာပဲနော်။ နန္ဒနဲ့ ဒီလို ပြန်ဆုံရလိမ့်မယ်လို့ သူမ
မျှော်လင့်မိခဲ့ပါသလား။

ဒါဖြင့် ဖြိုးနဲ့ နန္ဒနဲ့ အလျှင်ကတည်းက ဆက်သွယ်နေမိပြီး
သား ဖြစ်သည်ပေါ့။ ဖြိုးက စာထဲမှာ ထည့်မရေးပါ။ ဘာကြောင့်မရေး
ချင်သည်ကိုလည်း သူမ ရိပ်မိသလိုရှိ၏။

ဖြိုးသည် ငယ်ငယ်ကအတိုင်း ဘာတစ်ခုမှ မပြောင်းလဲသေး
ပါလား။

* * *



# အပိုင်း သုံး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ရွှေဘုံသာလမ်းကျယ်ကြီးကို ဖြတ်ကူးလိုက်စဉ်မှာပင် သူမ ရင်ခုန်ပျော်ရွှင်လာပြီး လက်ဖျားများ စတင်အေးစက်လာသည်။ သူ ဘယ်လိုပုံစံမျိုးဖြစ်နေပြီလဲ။

လမ်း ၃၀နှင့် မဟာဗန္ဓုလလမ်း၏ထောင့်ချိုးရှိ အပြာနုရောင် ဆေးသုတ်ထားသော ခွဲစိတ်ပစ္စည်းကိရိယာ အရောင်းဆိုင်ကို အဝေးကတည်းက လှမ်းမြင်ရသည်။ ဆိုင်ရှေ့မှာ လူသုံးလေးယောက်ခန့် စုပြုံရပ်နေကြသည်။ ဖြတ်သွားဖြတ်လာ လူတွေကလည်း ဒီနေ့မှ များလိုက်တာ။ နန္ဒက ဘယ်မှာလဲ။

ဆိုင်ရှေ့မရောက်မီ တဖျပ်ဖျပ် ခုန်နေသောနှလုံးမှာချက်ချင်း နူးညံ့ငြိမ်သက်သွား၏။ နှစ်ပေါင်းဘယ်လောက်ပဲ ကွဲကွာသွားပါစေ၊ လူတွေ ဘယ်လောက်ပဲ ရှုပ်ထွေးနေပါစေ၊ နန္ဒ၏ပုံစံမှာ အလျှင်တန်းက



www.burmeseclassic.com

www.burmeseclassic.com



လိုပင် လူအများနှင့် ရောမသွားဘဲ ကွဲပြားစွာ သီးသန့်ပေါ်လွင်လျက် ရှိပါသည်။ ၂၉လမ်းကို ဖြတ်ကူးလိုက်စဉ်မှာပင် သည်ဘက်ကို လှမ်းမျှော်ကြည့်နေသော နန္ဒ၏ အပြုံးမျက်နှာကို တွေ့ရသည်။

သူသည် ငယ်စဉ်ကလိုပင် ဆံပင်ခပ်တိုတို ညှပ်ထားပြီး နက်မှောင်သန်စွမ်းသော ဆံပင်များက နဖူးပေါ်မှာ ဝဲကျမနေဘဲ ကြမ်းတမ်းစွာ အပေါ်သို့ထောင်နေသည်။ နားထင်ဘေးမှာ ခပ်တိုတို ဆံစအနည်းငယ်သာရှိသည်။ မျက်နှာကတော့ လောကကြီး၏ ဖိနှိပ် ထုထောင်းမှုဒဏ်ကို တစ်သက်လုံး မခံခဲ့ရဘူးသူတစ်ယောက်၏ နူးညံ့ ၍ ဖြူပြင်းနုဖတ်သည့်မျက်နှာ။ နှာခေါင်းချွန်ချွန်အောက်က ပါး သေသပ်သော နှုတ်ခမ်းပါးများမှာ ပန်းနုရောင် စိုလက်နေမြဲ။ နောက် ပြီး. . . ဘုရားရေ ဘေးပတ်ဝန်းကျင်ကို တစ်ခဏမျှ မေ့လျော့သွားစေ မည့် ညို့ယူနိုင်စွမ်းဖြသော မျက်လုံးများနှင့်ပါတကား။

"တင်တင်ဇော်. . ."

နန္ဒက ခပ်သွက်သွက် လျှောက်လာပြီး ဇော့်အနီးမှာကပ်၍ ရပ်သည်။ မေးလ်စပို့(တ်)ရှပ် ချောကလက်ရောင်နှင့် လုံချည်မှာ ဆီးရောင်ရခိုင်လုံချည် အကွက်စိတ်စိတ်ကလေးများ ဖြစ်သည်။ သူမ အိုးတိုးအမ်းတမ်း ပြုံး ပြလိုက်ရုံမှလွဲ၍ ဘာစကားမှမပြောနိုင်လောက် အောင် ကြောင်အ,နေတော့သည်။

"ကြည့်စမ်း. . . ငယ်ငယ်တုန်းက အတိုင်းပါပဲလား။ဗိုလ်လာ တာတစ်ခုပဲရှိတယ်"

အိုး. . .လုပ်ပြီ နန္ဒတို့ကတော့ တွေ့တွေ့ချင်းကို မဆင်မခြင် ပြောပစ်လိုက်ပြီ။

"လာ. . . တင်တင်ဇော်၊ မင်းဘာစားခဲ့ပြီလဲ"





နန္ဒ၏ပုံစံမှာ တင်တင်ဇော်နှင့် မနေ့တစ်နေ့ကအထိအဆက် အသွယ်မပြတ်သော ငယ်သူငယ်ချင်းတစ်ဦးကဲ့သို့ ရင်းရင်းနှီးနှီးရှိ သည်၊

"မစားခဲ့ရဘူး"

"လာ. . ."သူက တစ်ခွန်းတည်းဆိုလျက် ရှေ့မှလျှောက် သွားသည်။ ဇော် သူ့နောက်က ကပ်လိုက်လာခဲ့သည်။

"တို့ မတွေ့ကြတာ ဆယ်နှစ်ကျော်ပြီ ထင်ပါရဲ့နော်. . ."

နန္ဒက ခပ်ငေးငေး ပြုံးရင်း စကားစ၏။ ယခုအချိန်မှာတော့ တွေ့စလို သူမ သိပ်ရှက်မနေတော့ပါ၊

"အင်း. . .ဆယ့်တစ်နှစ်ပေါ့"

"အခုတော့ မင်း ကိုယ်ထင်ထားတဲ့အတိုင်း ဆရာဝန်ပဲ ဖြစ်နေရတာပါပဲ၊ မဟုတ်ဘူးလား. . ."သူက ပြုံးမလိုလိုနှင့် မခံချင် အောင် စ,လေသည်။

"ဒါကတော့. . .မေမေက. . ."

"အေးလေ. . .ဘာပဲဖြစ်ဖြစ် ကိုယ်ပြောဖူးသားပဲ၊ မင်းဟာ ဆရာဝန်ပဲ ဖြစ်ဖို့ကောင်းတာပါ။ ဘယ်လောက် အံ့ဩစရာကောင်း သလဲ။ တို့ ဒီမနက်ဆုံကြတာ ဘယ်လောက်ထူးဆန်းသလဲနော်"

"မထူးဆန်းပါဘူး၊ မြို့နဲ့အဲ. . . နန္ဒနဲ့ တွေ့ပြီးနေကြမှတော့ တစ်နေ့လဲ တွေ့ဖို့ပဲရှိတော့တာပဲ"

နန္ဒက မဟာဗန္ဓုလလမ်း၏ တောင်ဘက်ပလက်ဖောင်းပေါ် အရောက်တွင် ခဏရပ်လျက် သူမကို စိုက်ကြည့်၏။

"မင်း ထင်သလား၊ မြို့ကျော်က ကိုယ်နဲ့မင်းကို တွေ့ပေး မယ်လို့ မင်းထင်နေသလား၊ ဒီအတိုင်းဆိုရင် ဟိုတုန်းကလိုပဲ မင်း ကြောင်အ, နေတုန်းပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဇော် သူ့ကို နားမလည်နိုင်စွာ မော့ကြည့်မိသည်။ နံနက်
နေရောင်ခြည်နုနုက သူ့မျက်လုံးများကို ပိုမို့တောက်ပစေပြီး
နှုတ်ခမ်းမှာ မထိတရိအပြုံးက ခိုဘွယ်ဆဲ။

"ဘာပြောတာလဲ. . .ဟင်. . ."

"ကိုယ် ဖြိုးကျော်နဲ့တွေ့တာ ခြောက်လလောက်ရှိပြီ
ဘဲ့ဩလား. . ."

ခြောက်လ၊ဟုတ်မှာပါပဲ။ ဖြိုးက ခြောက်လလုံးလုံး
အကြောင်းမပြောဘဲ မျိုသိပ်ထားနိုင်မှာပါပဲ။

"ကိုယ် သူနဲ့တွေ့လိုက်ရတော့ မင်းကို တွေ့လိုက်
လောက်နီးပါး ဝမ်းသာသွားတယ်။ ဒါပေမယ့် သူက မင်းနဲ့အဆ
အသွယ်မရှိဘူးလို့ ပြောတယ်"

"ဪ. . ."

သူမ မအံ့ဩတော့ပါ။ နန္ဒက သူ့လက်ထဲမှာ ကိုင်ထား
စာအုပ်နှစ်အုပ်ကို ပိုက်ဆံအိတ် အနက်ရောင်ကလေးဖြင့် တဖျတ်
ရိုက်လျက် တောင်ဘက်သို့ ဆက်လျှောက်လေသည်။

"ကိုယ်မယုံပါဘူး။ မင်းအစ်ကိုနဲ့သူ့အစ်မနဲ့ အိမ်ထောင်
ထားတာ ဆယ်တန်းနှစ်ကတည်းက ကိုယ်သိနေခဲ့တာပဲ။ ဒီမိသား
နှစ်စုက အဆက်အသွယ်မရှိဘူးဆိုတာ လုံးဝ မယုံနိုင်ဘူးလေ။
ဘယ်လောက်ပဲငြင်းငြင်း မင်းနဲ့ ပတ်သက်တာမှန်သမျှ သတင်း
ရခြား သူနဲ့ဆက်ပြီး တွေ့နေခဲ့တယ်။တစ်ချိန်ချိန်မှာ မင်းနဲ့တွေ့
ဆိုတဲ့ မျှော်လင့်ချက်က ကိုယ့်မှာ အမြဲရှိနေတယ်လေ"

သူမ၏ ရင်သည် နူးညံ့စွာ စတင်ခုန်လာပြန်၏။သူ့မျက်
ကို မသိမသာ ခိုးကြည့်မိတော့ ရှက်ကိုးရှက်ကန်း ပုံစံမျိုးမတွေ့





သချာမှုတစ်မျိုးကိုသာ တွေ့ရသည်။ ငယ်စဉ်က အတန်းထဲမှာ
လိပ်စာဖြေစဉ် တွေ့ရလေ့ရှိသော သေချာမှုမျိုးပါပဲ။

"ဒါနဲ့မင်းဘာကြိုက်တတ်သလဲမသိဘူး။ ကော်ဖီသောက်
သား၊ ဒါမှမဟုတ် မိန်းကလေးတွေ ကြိုက်လေ့ရှိတဲ့ မုန့်ဟင်းခါးတို့
ဘာတို့. . ."

သူမ ဟက်ခနဲ ရယ်ချလိုက်မိ၏။

"တို့က တခြားနေရာတွေမှာ မိန်းမဆန်ချင် ဆန်မယ်။
နေရာမှာတော့ မိန်းမ မဆန်ဘူး။ တို့ မုန့်ဟင်းခါး လုံးဝ မကြိုက်ဘူး"

နန္ဒက ရယ်မော၏။

"ဟုတ်လား၊ ကိုယ်နဲ့မင်းနဲ့ ဒီတစ်ချက်တော့ တော်တော်
နဲ့ကျင်သွားပြီ၊ ကိုယ် မုန့်ဟင်းခါးသိပ်ကြိုက်တယ်ကွ။ ဒါဖြင့်
တ်ဖက်ရည်ဆိုင်မှာပဲ တစ်ခုခုသောက်. . ."

အနီးပတ်ဝန်းကျင်တွင် လက်ဖက်ရည်ဆိုင် ခပ်ကြီးကြီး
ပါ။ လမ်းအကျယ်တစ်ခုနှင့် ဘေးလမ်းကြား၏ ထောင့်စွန်းတွင်
င်းသော ပလက်ဖောင်းဆိုင်ကလေးသို့ ခေါ်သွား၏။

"ဒီဆိုင်က အဆင်အပြင်ရော အစားအသောက်ရော ခပ်ညံ့
ကွ။ ဒါပေမယ့် ရုံးနားနီးနီးထိုင်မှ ကောင်းမယ်လေ။ ကိုယ် မင်းကို
ပို့ပြီးရင် ရုံးကို ကမန်းကတန်း ပြေးရဦးမယ်။နောက်နေ့ ကျတော့မှ
ိ ၊လက်ဖက်ရည် ကောင်းကောင်းရတဲ့ ဆိုင်ကို လိုက်ပို့ပေးမယ်
တ်လား"

"ရပါတယ်ကွယ်။ တို့က အကောင်းနဲ့အညံ့ သိပ်မခွဲတတ်
ကြံ့သလိုပဲပေါ့"

နန္ဒက နောက်တစ်ကြိမ် တအံ့တဩ ရယ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



“ဟား။ ဒီနေရာမှာလဲ ကိုယ်နဲ့ဆန့်ကျင်ပြန်ပြီ။ ကိုယ် အကောင်းနဲ့အညံ့ကို ခွဲလဲ ခွဲတတ်တယ်။ အကောင်းလဲ သိပ်ကြို တတ်တယ်”

သူမ ယုံပါသည်။

သူ့အတွက် လက်ဖက်ရည်မှာပြီး ဇော် ဘာသောက်မ မမေးဘဲ ဇော့်အတွက် ကော်ဖီမှာသည်။ သူမ မုန့်မစားနိုင်ပါ။ ရင်ထဲ ဟာနေသလို ကတုန်ကယင် ဖြစ်နေသော်လည်း ကော်ဖီတစ်ခွ နှင့်ပင်ဝသွား၏။ ရင်တလှပ်လှပ် ခုန်လျက် သူ့လက်ချောင်းများကိုသူ ငေးမောနေမိသည်။ ငယ်စဉ်က တည်းက သွယ်လျှနုးညံ့သည့် လ ချောင်း များ ဖြစ်သည်။ ယခင်ကလို မွေးညင်းများမှာ ရွှေရောင်လ ဆဲ။ အကျီအဖြူ လက်ရှည်ဖြင့် အမြဲတွေ့ခဲ့ဖူးသော နန္ဒ၏လက်မော တို့ကို စပို့(တ်)ရှပ်လက်တိုအောက်မှာ ပထမဦးဆုံးအကြိမ် မြင်တွေ့ ခြင်း ဖြစ်လေသည်။ ချောမွတ်၍ ဖြူဝင်းသော တံတောင်ဆစ် အထ နားဆီတွင် ပြားစေ့ခန့် ခပ်ညိုညို အမာရွတ်ကလေးက ထင်းနေသည် သူ ဘာဒဏ်ရာရခဲ့ပါလိမ့်။

နန္ဒကတော့ သူမကော်လံမှာ တပ်ထားသော ဖဲပွင့်အန ကလေးကို ကြည့်၍ ပြုံးနေလေသည်။

“မင်းအလျှင်ကလိုကလေးလေးလိုပဲ၊ သိလား တင်တင်ဇေ သိပ်ချစ်စရာကောင်းတယ်”

အို. . .။ သူမ ရေနွေးပန်းကန်ကို အောက်သို့ ကမန်း တန်း ပြန်ချပစ်လိုက်ရသည်။ နန္ဒကတော့ သူ မဆင်မခြင် ပြောလိုက် မှန်း သတိရပုံမပေါ်ပါ။

“ကဲ. . . ပြောစမ်းပါဦး။ ဆယ့်တစ်နှစ်အတွင်း မင်းရဲ့ အတ္တုပ္ပတ္တိကို. . .”





“ပြောစရာသိပ်မရှိပါဘူး၊ မန္တလေးဆေးတက္ကသိုလ်ကို တ်ရတယ်။ ၁၉၈၃မှာ ဆရာဝန်ဖြစ်တယ်။ ရေနံချောင်းမှာပဲ ခန်းဖွင့်တယ်။ ၁၉၈၅ ခုနှစ်က မေမေဆုံးသွားတယ်။ အခုဖေဖေနဲ့ နှစ်ယောက်တည်း. . .”

“ကောင်းပြီ၊ ကိုယ့်အကြောင်းကတော့ ဒီလို အတိုချုပ်ပြော ရဘူး၊ နည်းနည်းရှည်တယ်။ ညနေ ရုံးဆင်းမှပြောပြမယ်။ အခု ခြောက်ထပ်ရုံးကို သွားကြစို့”

ရုံး တတိယထပ်သို့ ရောက်သောအခါ ကိုးနာရီသုံးဆယ် င်ရှိနေပြီ။

နန္ဒက ရှေ့မှခေါ် သွားပြီး သူ လက်မှတ်ထိုးခိုင်းသော စားပွဲ လက်မှတ်ထိုး၍ မှတ်ပုံတင်ပြကာ ဝင်ခွင့်စာရွက် ထုတ်ရလေ ည်။ ဖြေဆိုရန်ဌာန ပညာရေးတက္ကသိုလ် ဟူ၏။

“ပညာရေးတက္ကသိုလ်ကို တို့ တစ်ခါမှ မရောက်ဖူးဘူး နန္ဒ”

နန္ဒက ခေါင်းတစ်ချက်ညိတ်ကာ ရယ်မောပြန်သည်။

“ယုံပါတယ်၊ ဒါပေမယ့် မပူပါနဲ့၊ မနက်ဖြန် စနေနေ့ပဲ၊ ယ်တို့ ရုံးပိတ်တယ်၊ ဘီအီးဒီအထိ ကိုယ်လိုက်ပို့မယ်၊ အခု မင်း ယ်သွားစရာရှိသေးလဲ”

“မရှိပါဘူး”

“ဒါဆိုရင် မင်း ကြည့်မြင်တိုင်ကိုပြန်တော့၊ ကိုယ်ဘတ်စ် န်းအထိ လိုက်ပို့ပေးမယ်”

“ဟာ. . . မလိုပါဘူး၊ ရပါတယ်။ ဒီလမ်းက ကမ်းနားလမ်း တ်လား၊ ဒီလမ်းကျော်ရင် မဟာဗန္ဓုလလမ်း မဟုတ်လား၊ အဲဒီက ျာ်ရင်. . .”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး၊ ဒီလမ်းရဲ့မြောက်ဘက်က ကုန်သည်လမ်း အဲဒီရဲ့မြောက်ဘက်ကမှ မဟာဗန္ဓုလလမ်း၊ အဲဒီရဲ့ မြောက်ဘက်ကအနော်ရထာလမ်း၊ အဲဒီကနေ မင်း ကားစီးရမှာ၊ လာပါကွာ. . . ကိုယ် လိုက်ပို့ပါ့မယ်"

သူက ရှေ့က လှည့်ထွက်မည့်ဟန်ပြင်သည်၊

"နန္ဒရုံးက ကိုးနာရီဆို၊ သိပ်နောက်ကျနေပြီ၊ ဘာရုံးလဲ. . ."

"ကိုယ် တောင်းပန်ရမှာပေ့ါ။ ဂျပန်ကုမ္ပဏီက ဖွင့်ထားတဲ့ ရုံးကွ၊ သူတို့က တိကျတယ်၊ ရုံးချိန်နောက်ကျရင် တောင်းပန်လို့ မဆုံးတော့ဘူး။ ဒါပေမယ့် မင်း ယောင်နန ဖြစ်နေမှာစိုးတယ်"

"အိုး. . . ဒီအတိုင်း တည့်တည့်လျှောက်သွားရင် တစ်နေရာ ချိန်မှာ ဘယ်ဘက်ကိုချည်း ကားတွေသွားနေတဲ့ အနော်ရထာလမ်း တွေ့မှာမဟုတ်လား"

နန္ဒက ခေါင်းမော့လှန်၍ ရယ်ပြုံးပါသည်။ သူရှက်သွားသည်။

"ဘာလဲ တို့ပြောတာ မှားသွားသလားဟင်. . ."

"မမှားပါဘူး မှန်ပါတယ်။ ကိုယ် သဘောကျလို့ပါ။ အိုး ကိုယ့်ရုံးက မဂိုလမ်း အောက်ဆုံးဘလောက်မှာ။ မင်း မှတ်တိုင်နဲ့ အနီးဆုံးလျှောက်ဖို့ ဒီလမ်းကနေသွားတော့၊ လမ်းဖြတ်ကူးရင် သတိ ထားနော်။ ဪ. . .နေဦး၊ ညနေ ရုံးဆင်းရင် ကိုယ်တို့ ဘယ်မှာတွေ့ မလဲ။ မင်းအိမ်ကို လာခေါ် ရမလား။ ကိုယ် အဲဒီကိုနှစ်ခေါက် ရောက်ဖူး တယ်"

သူမ တွေဝေစွာ စဉ်းစားနေမိသည်။ အစ်ကိုကြီး၏ အိမ်က နေ သူစိမ်းယောက်ျားတစ်ယောက်နှင့် အပြင်ထွက်လိုက်ဖို့ သူ မစဉ်းစားရဲပါ။





"လာမခေါ်နဲ့ တို့လာခဲ့မယ်၊ လက်ဖက်ရည်ဆိုင်တစ်ခုခုကို ချိန်း. . ."

"မင်း ဘယ်လက်ဖက်ရည်ဆိုင်ကို သိသလဲ"

ဇော် မဖြေတတ်ပါ။

"ဆူးလေဘုရားလမ်းကို မင်းသိမှာပေ့ါ။ ရုပ်ရှင်ရုံတွေ ဂုဏ် ကို့ ပပဝင်းတို့ ရှိတဲ့လမ်း"

"အင်း. . .သိတယ် သိတယ်၊ ဂုဏ်ရုံဘေးက ဆေးဆိုင်မှာ ဆေးနှစ်ခါ ထုတ်ဖူးတယ်"

"ဒါဆို မင်း လက်ရွှေးစင် လက်ဖက်ရည်ဆိုင်ကို သိမှာပေ့ါ။ အဲဒီဆေးဆိုင်နားကလေ။ အဲဒီ လက်ရွှေးစင် လက်ဖက်ရည်ဆိုင် ကိုလာခဲ့။ ညနေ လေးနာရီမှာ ရုံးဆင်းတာဆိုတော့ ကိုယ် လမ်း လျှောက် ဦးမှာနဲ့ဆိုရင် မင်း လေးနာရီဆယ့်ငါးမိနစ် အရောက်လာခဲ့ ရပါ့မလား"

"ရပါတယ်၊ လက်ရွှေးစင်၊ လေးနာရီဆယ့်ငါးမိနစ်နော်"

"အေး. . . မင်းစောရင် တစ်ခုခုမှာပြီးသောက်နှင့်၊ ဟုတ်ပြီ နော်" ထို့နောက် သူ ချာကနဲ လှည့်ထွက်သွားသည်။ သူမ နောက်က နေ ရပ်ကြည့်ငေးမောနေခိုက် သူကတော့ လုံးဝနောက်ပြန် လှည့်မ ကြည့်ပါ။

"အေးလေ။ အံ့ဩစရာတော့ မရှိပါဘူး၊ ကိုယ်က မဂ္ဂဇင်း ညည်းနည်းပါးပါး ဖတ်တာကလွဲရင် မြန်မာဝတ္ထုမှ သိပ်မဖတ်ဖြစ်ဘဲ"

"နင်ဟာလေ. . . ယေင်ယေင်တုန်းကလိုပဲ သိပ်ကြီးကျယ်တုန်း ပါဘဲလား နန္ဒ"



www.burmeseclassic.com

www.burmeseclassic.com



ဇော် သူ့ကို မျက်စောင်းထိုးပစ်တော့ သူ ပြုံးရယ်လိုက်ေ
သည်။

"မဟုတ်ပါဘူး၊ ကိုယ်က အံကျင့်မရှိလို့ပါ။ ဖြူးကျော် ပြော
မင်း ဝတ္ထုရေးနေတယ်ဆိုတော့မှ မင်းရဲ့ကလောင်နာမည်ကို မေ
မင်းဝတ္ထုတွေ လိုက်ရှာဖတ်ဖြစ်တယ်"

"ပြောပါဦး၊ ဘယ့်နှယ်နေသလဲ"

"တစ်ပုဒ်နှစ်ပုဒ်ကလွဲရင် ကောင်းပါတယ်။ ကိုယ့်အကြိ
နဲ့ညီတယ်။ မဆိုးပါဘူး။ မင်းကို ဒီလောက်အထိ မျှော်လင့်မထား
အမှန်ပဲ။ ဒါပေမယ့် မင်းဝတ္ထုတွေထဲက ဇာတ်ကောင်တွေက မြန်
မဆန်ဘူး။ စိတ်ဆိုးချင်လည်း ဆိုး"

သူမ ခေါင်းယမ်းလိုက်၏။

"မဆိုးပါဘူး၊ မြန်မာမဆန်ဘူးလို့ လူတွေ ပြောကြတာမျ
ပြီ၊ ဘယ့်နှယ်လဲ၊ အမေရိကန် သိပ်ဆန်နေသလား"

"မဟုတ်သေးဘူးကွ၊ အမေရိကန် မဆန်ပါဘူး၊ ပြင်သ
ဆန်တာ"

သူမ အံ့ဩသွား၏။

"မင်း ပြင်သစ်ဝတ္ထုတွေတော်တော်များများ ဖတ်ဖူးလား—"

"ဟင့်အင်း. . . မဖတ်ဖူးပါဘူး။ ကမ္ဘာ့ဝတ္ထု မြန်မာပြန်တွေ
လောက်ပဲ ဖတ်ဖူးတာ"

"ဆား(ထ်) ရေ ဖတ်ဖူးလား. . ."

"ဘယ်သူ. . ."

"ဆား(ထ်)။ ယန်း ပေါလ်ဆာ့(ထ်)လေ"





နန္ဒက သူမကို တစ်လုံးချင်း အသံထွက်ပြသဖြင့် ဇော်
သဘောကျစွာ ရယ်လိုက်ပြီး ခေါင်းယမ်းလိုက်၏။

"ဟင့်အင်း. . . နှစ်ပုဒ်ပဲ ဖတ်ဖူးတယ်။ မြန်မာပြန်ပြီးသား
တစ်ပုဒ်၊ အင်္ဂလိပ်ဘာသာပြန် တစ်ပုဒ်။ ဘာဖြစ်လို့လဲ၊ နင်ကြိုက်
လို့လား"

"ကမူးလောက် မကြိုက်ပါဘူး။ သူကပိုပြီး ဆီးရီးယပ်စ်
ဖြစ်တယ်။ ဒါပေမယ့် သူတို့ရဲ့ ဘဝနဲ့ပတ်သက်တဲ့ အမြင်တွေက တော်
တော်ဖျားဖို့ ကောင်းတယ်. . .နော်။ မင်းဖတ်တဲ့ မြန်မာပြန်က ဘာလဲ"

"နာမည်ကြီးအောင်လုပ်နည်း. . .တဲ့။ ဘယ်သူ ဘာသာ
ပြန်တာလဲတောင် မေ့သွားပါပြီ"

သူက ကော်ဖီပန်းကန် နံရံကို လက်သည်းဖြင့် တခေါက်
ခေါက်ခေါက်လျက် ခေါင်းတစ်ချက်ဆတ်သည်၊

"မမေ့နဲ့လေ၊ မြသန်းတင့် ဘာသာပြန်တာပါ။ ကိုယ်တော့
အဲဒီဝတ္ထုကို သိပ်ကြိုက်တယ်။ ကိုယ်ပြောရင် မင်း အံ့ဩမှာပဲ။ အဲဒီ
ဇာတ်လိုက်ကို ကိုယ် ရယ်လဲရယ်ချင်တယ်၊ သနားလဲ သနားတယ်...
သိလား"

"ဟင့်အင်း. . . တို့တော့ မကြိုက်ပါဘူး။ ဘယ့်နှယ်သူ
နာမည်ကြီးချင်တာနဲ့ပဲ အပြစ်မရှိတဲ့လူတွေကို လိုက်သတ်ရမယ်လို့"

သူက ရယ်မောလေသည်။

"သူက လူတွေကိုလဲ သိပ်မုန်းတာကိုးကွ။ သူ လူမုန်းတဲ့
အချက်အလက်တွေကလဲ ခပ်ကြောင်ကြောင်ပေမယ့် တကယ်တွေး
ကြည့်တော့ ကိုယ်ချင်းစာနိုင်ပါတယ်။ နောက်ပြီး ဘဝမှာဘာမှ
ကျော်စော မှုမရှိတဲ့ သူညံသက်သက် လူတစ်ယောက်ရဲ့ ခံစားချက်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မင်း နည်းနည်းလေးမှ ခံစားမကြည့်ဘူးလို့ပါ။ ဘယ်ခံစားရ မင်းဟာ မင်းဘဝမှာ အကောင်းဆုံးတွေကိုချည်း ရခဲ့တယ်။ အေး . . အကောင်းဆုံးလို့ လူတွေ သတ်မှတ်တဲ့ အရာတွေကိုပေါ့"

"အို. . . ဒီလိုမပြောပါနဲ့ နန္ဒရဲ့။ အဲဒီ အကောင်းဆုံး ဆို တွေကိုရဖို့ တို့ ဘယ်လောက် ကြိုးစားခဲ့ရတယ် ထင်သလဲ။လောက အကျိုးဆိုတာ အကြောင်းရှိမှ ရလာမှာပဲ"

သူက တင်တင်ဇော်၏ ဒေါပွသွားသော မျက်နှာထား မျက်တောင်ခတ်ဘဲ ငေးစိုက်ကြည့်၍ ခေါင်းတစ်ချက် ညိတ် ပြုံးလေသည်။

"အိုကေ. . . တို့ငြင်းမနေကြစို့နဲ့ကွာ။ တို့နှစ်ယောက် အ ပြန်တွေ့ကြတာ၊ တို့ ပျော်ရွှင်ရမယ့်အချိန်တွေကို ဆား(ထ်)ကြေ အပျက်စီးမခံနိုင်ဘူး ဟုတ်ပြီလား။ လာ. . . ထ၊ အေးအေး ချမ်းရှိတဲ့ တစ်နေရာကို သွားကြမယ်"

ဇော်တို့နှစ်ယောက် လက်ရှေ့စင် ကဖီးထဲမှ ထွက်လာချိ တွင် ငါးနာရီထိုးရန် ဆယ်မိနစ်အလို ဖြစ်နေပြီ။ ဆူးလေဘုရားလမ်း ညနေခင်းသည် မှုံနေ့ာက်စရာ ကောင်းလောက်အောင် ကားများ လူများ ရှုပ်ထွေးဆူညံလျက်ရှိသည်။

"တင်တင်ဇော်. . . ဘယ်သွားချင်လဲ"

"ဘယ်နေရာက အေးချမ်းသလဲ၊ လူတွေသိပ်မရှုပ်မယ့် နေရာ. . ."

"အဲဒါတော့ ဘုရားပဲရှိတာပဲ။ ဘုရားတောင် ရွှေတိဂုံနဲ့ ဆူးလေက လူသိပ်စည်ကားတယ်။ လာကွာ၊ ကိုယ် ဗိုလ်တစ်ထောင် ဘုရားကို လိုက်ပို့မယ်။ မင်း ရောက်ဖူးလား"





"ဟင့်အင်း. . ."

ထို့နောက် သူမတို့သည် ဆင်း၍ ဘတ်စ်ကားစီးကာ ဘုရားသို့ တူ သွား ကြပါသည်။ ညနေခင်းဖြစ်၍ ဘတ်စ်ကားမှာ လူကြပ်လှ သာကြောင့် ဇော်နှင့်နန္ဒ ကိုယ်လုံးချင်းထိနေသည်။ သူ့ကိုယ်က ပြာနံ့လား၊ ရေမွှေးနံ့လား၊ လတ်ဆတ်သည့်အနံ့ မှိန်မှိန်ကလေး သည်။ ဆိုးရွားလှသောအကြောင်းတစ်ခုမှာ နန္ဒက စကားငုံ့၍ ပြော တိုင်း သူမ၏ဆံပင်နှင့် နန္ဒမျက်နှာနှင့် ထိထိသွားခြင်းပင်ဖြစ် သည်။ သူမ ခေါင်းမလျှော်ရတာ နှစ်ပတ်လောက် ရှိသွားပြီ၊ မဖြစ် ဘူး။ အခုညနေ ပြန်ရောက်ရင် ခေါင်းလျှော်ဦးမှပါ။ သူမ၏ ပင်များ ဖုန်စော် ဂျီးစော် နံနေလျှင် မခက်ပါလား။ နန္ဒဆိုတာ လွှန်အသန့်အပြန့် ကြိုက်တဲ့လူ။

"ကိုယ် ဒီခန့်နေ့လယ် Break Time မှာကော်ဖီနဲ့မုန့် မြိုးတော့သိချင်းညည်းမိသေးတယ်ကွ။ ဘာသီချင်းလဲ သိချင် ..."

နန္ဒက သူမကို ငုံ့ကြည့်၍ မချိုမချဉ်ပြုံးရင်း မေးလေသည်။

"ဟင့်အင်း မသိချင်ဘူး"

သူက အသံထွက်ရယ်မောရင်း "မရဘူး၊ မသိချင်လဲ ကိုယ် ရမှာပဲ"ဟု ဇွတ်စကားဆက်၏။

"ကဲ. . .ပြောပြော၊ ဒါလောက်တောင် ပြောချင်နေရင်"

သူမ ခပ်စောင့်စောင့် ခွင့်ပြုတော့ သူက စိန်လွင်ရဲ့သီချင်းဟု တိုးလေးပြောသည်။

"ငယ်နုံမည်လေး ခပ်မှေ့မှေ့တဲ့"

"အင်း. . . ထင်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကိုယ်ကတော့ မင်းနာမည်ကို ဘယ်တော့ မမေ့ပါဘူး၊ ကိုယ့်ထမင်းဘူးကို သွန်ချတဲ့ ကောင်မလေးပဲ၊ ဘယ်မေ့ ပါ့မလဲ။ မဟုတ်ဘူးလား"

ဇော် မျက်နှာပူစွာ ရယ်မောလိုက်မိ၏။

ဘုရားရောက်တော့ ဘုရားကို မကန်တော့ဖြစ်ကြသေး လိပ်ကန်သို့ အလျှင်ခေါ်သွားသည်။

"မင်း လိပ်တွေကို သဘောကျသလားလို့"

"အိုး. . . ပေါက်တတ်ကရ. . . တို့အမုန်းဆုံး သတ္တဝါ လိပ်ပဲ. . . သိလား"

နန္ဒက တဟားဟားရယ်လေသည်၊

"နန္ဒ. . .ခဏလေး ဒီမှာထိုင်ရအောင်နော်"

"ထိုင်လေ"

ပေါင်းကူးတံတား၏ တစ်ဘက်ရှိ ဘုရားတန်ဆောင်း သေးသေး၏ မျက်နှာစာက ဝရံတာများကာထားသည့် စကြံ စွန်းလေးမှာ သူမတို့နှစ်ယောက် ထိုင်လိုက်ကြသည်။

"ပြောစမ်းပါဦး၊ ဖြိုးနဲ့ ဘယ်လိုတွေ့တာလဲ"

သူ့လက်ကဲမှာ ကိုင်ထားသော အနက်ရောင် သား မှတ်တမ်းစာအုပ် သေးသေးရှည်ရှည်ကလေးကို သူမ ငေးစိုက်ကြ ရင်း မေးလိုက်သောအခါ သူ့မျက်နှာတည်ကြည် သွား၏။

"မိန်းထဲမှာ တွေ့တာပဲ။ သူက သူ့ ကောင်မလေးနဲ့ တွေ့ ကွန်ဗို့ နောက်ဘက်ကနေ ထွက်အလာ. . ."

ထို့နောက် စကားဖြတ်လိုက်ပြီး သတိရသွားသလို ပုံစံမျိုး သူမ၏ မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်တော့ ဇော် အနည်း ပြုံးလိုက်မိသွားသည်။





"သူ့ကောင်မလေးကို မင်း သိရဲ့လား. . ."

"အင်း. . . မြင်တော့ မမြင်ဘူးပါဘူး၊ မေလွဲမြိုင်. . . တဲ့"

"အေး. . . ဟုတ်မှာပေါ့။ နာမည်တော့ ကိုယ်လဲမသိဘူး။ ကိုယ်က အင်းယားဘက်အထွက်၊ သူတို့က ကွန်ဗို့ ဘေးကနေ အလာ၊ တို့ မျက်နှာချင်းဆိုင် ဆုံမိတာပဲ။ ထူးဆန်းတာက ကိုယ်တို့ တစ်ယောက်ကိုတစ်ယောက် မှတ်မိကြတယ်။ ကိုယ်လဲ သူ့ကို ဖြိုးကျော် နှန်း သိသိချင်း တင်တင်ဇော် ဘယ်ရောက်နေလဲလို့ ချက်ချင်းမေးမိ တော့တာပဲ။ ဒီအထိ မင်းယုံရဲ့လား"

"ဩော်. . . ခက်နေပြီ၊ ယုံပါတယ် နန္ဒရယ်"

"အဲဒီတော့ သူကဘာဖြေတယ်ထင်လဲ၊ တင်တင်ဇော် ရေနံချောင်းမှာ ရှိလိမ့်မယ်တဲ့။ သူနဲ့ အဆက်အသွယ် မရှိတော့တာ နှစ်နှစ်လောက် ရှိနေပြီတဲ့"

"အဲဒါ ညာတာ. ..."

"အေးလေ ကိုယ်လဲထင်ပါတယ်။ ပထမတော့ သူ့ ကောင်မလေးရှေ့မို့ ဒီလိုဖြေတယ်ထင်တာပေါ့။ ဒါနဲ့ကိုယ် သူ့ လိပ်စာ တောင်းလိုက်တယ်။ ဒီကောင်က သူ့လိပ်စာကို မပေးချင် ပေးချင်နဲ့ ပေးတာကွ သိလား၊ ကိုယ်လဲ နောက်တစ်နေ့ည ချက်ချင်း သူ့ဆီ သွားတော့တာပဲ။ အဲဒီမှာ နှစ်ယောက်ချင်းမေးတော့လဲ သူ ဒီလိုပဲ ဖြေတယ်၊ ကိုယ် ရိပ်မိသွားတာပေါ့။ တကယ်ဆို သူ့မှာလဲ သူ့အတွဲနဲ့ သူပဲ။ မင်း လိပ်စာလောက်တော့ ကိုယ့်ကို ပေးသင့်တယ်လို့ ကိုယ်ထင် တယ်လေ၊ ဒါနဲ့ပဲ သူ့ကို သိပ်မခင်မိပေမယ့် သူ့ဆီခဏခဏ ဖုန်းဆက် သွယ် ချိန်းမိတယ်။ မင်းအကြောင်း သဲလွန်စရမလားလို့။ ဒီအထိရော မင်းယုံရဲ့လား. . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မယုံတယ့်ဘဲ"

"ဟာကွာ. . . သေလိုက်ပါတော့"

သူက အသံထွက် ညည်းညူရင်း ရယ်မောနေလေသည်

"အမှန်က နန္ဒအဲတွေးချော်နေတာ။ ရေနံချောင်း ဒေါက်တာတင်တင်ဇော် နာမည်နဲ့ ဆရာဝန် ဘယ်နှစ်ယောက်ရှိမှာ နင်တကယ် စာရေး ဆက်သွယ်ချင်တယ် ဆိုရင်လေ. . ."

သူက တင်တင်ဇော့်ကို မျက်လုံးပြူးလျက် ကြည့်သည်။

"ကိုယ် အဲဒါကို လုံးဝ မတွေးမိဘူး။ ကိုယ့်မှာ မင်းလိပ်စာ သိရပါမယ့်အကြောင်း ဖြိုးကျော်ကို ကပ်ပေါင်းနေရတာ။ သူက မင်းသိတဲ့အတိုင်း သိပ်ကြည်လင်တာမဟုတ်ဘူးလေ၊ သိပ်လဲအ မကပ်ရဲဘူး။ ငယ်ငယ်ကလို လက်သီးထိုး ကျင့်နေရမှာစိုးလို့. . ."

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ပြုံး ကြည့်ကာ ရယ်မောမိသည်။

* * *



အခန်း (၂)

သည်နေ့တော့ အဝတ်အစားလဲပြီး အိမ်မှထွက်ချိန်အထိ ထိ သူ့ကောင်မလေး ဖုန်းမဆက်သေးပါ။ ဖြိုးနှင့်အစ်ကိုကြီးလည်း ရောက်လာသေးပါ။ သူမ အိမ်မှထွက်တော့ ရှစ်နာရီငါးမိနစ်ဖြစ်၏။ အမေးပွဲကို ကိုးနာရီအတိ ဖြေရမည်။ ဘတ်စ်ကားစီးပြီး အနည်းငယ် သမ်းလျှောက်ရဦးမည်တဲ့။

ဇော်သည် ဖြိုး၏ ကမ္ဘောဇလွယ်အိတ် အဖြူနှင့်အနက်ကြား ကလေးကို လွယ်လျက် 'တောလမ်း' တစ်လျှောက် ခပ်သွက်သွက် လျှောက်လာခဲ့သည်။ လမ်းထိပ်ရောက်တော့ အောက်ကြည့်မြင်တိုင် မ်းမကြီးကို မဖြတ်မီ လမ်းဟိုဘက် မျက်စောင်းထိုး သာသာလောက် ဘတ်စ်ကားမှတ်တိုင်မှာ နန္ဒကို မျက်စိဝေ့၍ ရှာကြည့်မိ၏။ ဟို အဝေးကြီးမှာ ရှပ်အကျီအဖြူ လက်ရှည်ပွပွ၊ ရခိုင်လုံချည် မရမ်း ဘက်နှင့် ရှင်းသန့်နေသော နန္ဒကို ချက်ချင်းမြင်ရသည်။ သူက ဇော်



www.burmeseclassic.com

www.burmeseclassic.com



ရှိရာ တောလမ်းထိပ်ဘက်သို့ လှည့်ရပ်လျက် ဇော့်ကိုမြင်တော့ လက်တစ်ဘက် မြှောက်ပြလေသည်။ ဇော် အနည်းငယ် စိတ်အေးသွားပြီး သူ့ဆီ ခပ်သွက်သွက် ကူးသွားမိ၏။

"နင် တော်တော် အချိန်တိကျတာပဲ နန္ဒ"

"ဟုတ်လား၊ ကိုယ် 'အကျင့်ပါနေပြီလေ၊ ဘာစားခဲ့သေးလဲ တင်တင်ဇော်"

"မစားရသေးဘူးပေါ့"

"တစ်ခုခုစားပြီးမှ သွားမလား၊ စောပါသေးတယ်။ ၁၂ ထ မြန်ပါတယ်။ တို့ဟိုကို ရှစ်နာရီခွဲ အရောက်သွားလို့ရတာပဲ၊ လာ..."

သူက ကားမှတ်တိုင်နောက်ထဲရှိ လက်ဖက်ရည်ဆိုင်ထဲသို့ ခေါ်သွားသည်။ မနေ့ကလိုပင် သူ့အတွက် လက်ဖက်ရည်နှင့် ဇော့် အတွက် ကော်ဖီ မှာလေသည်။ ဇော် ဘာကြိုက်သလဲ၊ ဘာသောက် မလဲ လုံးဝမမေးပါ။ ဇော့်တစ်သက်တွင် ကော်ဖီကိုသာ စွဲစွဲမြဲမြဲသောက် ခဲ့သည်ဟု သူ မှတ်ထင်နေသလား မသိပါ။ အနီးကပ်ကြည့်မှ သူ့အင်္ကျီ မှာ အဖြူသက်သက်မဟုတ်ဘဲ အဖြူခံတွင် အဝါနုရောင်အစင်းများဖြင့် အကွက်ကျဲကျဲ ဖော်ထားသော နိုင်ငံခြားက ရယ်ဒီ မိတ်(ဒ်) လာသည့် ရှပ်အင်္ကျီ ဖြစ်ကြောင်းသိရသည်။ အင်္ကျီအိတ် အပေါ်နားတွင် ဟင်နရီ ဟီးလ်ဟု ချည်ဖြင့်ထိုးထားသော စာတန်းလေး တစ်ခုပါသည်။

"ဘယ်လိုလဲ. . . စာတွေကျက်ခဲ့ရဲ့လား"

သူမ ခစ်ခနဲရယ်လျက် ခေါင်းယမ်းလိုက်မိ၏။

"ညက သားကြီးတို့နဲ့အတူ ဟိုဘက်အိမ်မှာ တီဗွီသွားကြည့် နေတာ"

"ကောင်းသားပဲ"





အမှတ် ၁၂ ဘတ်စ်ကားပေါ် တက်တော့မှ သူက ဖြိုးကျော် ရောက်ပြီလားဟု မေးသည်။

"မရောက်သေးဘူး"

"ကိုယ် ထင်သားပဲ၊ သူရောက်လာရင် မင်းနဲ့ကိုယ်နဲ့ နှစ်ယောက်ထဲ လွှတ်မယ်မထင်ဘူး"

"အို. . . ဘာဆိုင်လို့လဲ။ သူ့မှာ အကြာကြီးခွဲနေရတဲ့ ချစ်သူ စည်းစားနဲ့တွေ့ဖို့ လုံးပန်းရဦးမှာပဲ။ တို့နှစ်ယောက်ကို ဟန့်တားဖို့အချိန် ရနိုင်ပါဘူး နန္ဒရယ်။ နောက်ပြီး သူ ဒီလောက်ကြီးလဲ တို့နှစ်ယောက် ကို မရှုဆိတ်နိုင်စရာအကြောင်း မမြင်ပါဘူး"

"အေးလေ. . . စောင့်ကြည့်ကြသေးတာပေါ့"

ဟံသာဝတီအဝိုင်း ကားဂိတ်ဆုံးမှာဆင်းကြတော့ ဘာမှ စကားအဆက်အစပ်မရှိဘဲ နန္ဒက မျက်နှာတည်တည်နှင့် နောက်သေး သည်။ "ဒါနဲ့ ငယ်ငယ်တုန်းက မင်းထက်ပညာ အဆင့်အတန်းနိမ့်တဲ့ လူကိုမစဉ်းစားဘူးဆိုတဲ့ အကြောင်းကြောင်း သတ်မှတ်ချက်ကြီးကို အခုအချိန်အထိ လက်ခံကျင့်သုံးနေတုန်းပဲလား ဟင်"

"နန္ဒကလဲ. . . ဘာမှန်းလဲမသိဘူး" ဇော် တော်တော် မျက်နှာထားရခက်သွားပါသည်၊

စာမေးပွဲခန်းအဆောင်များ၏ ပြင်ပ ကျောက်သင်ပုန်းကြီး ပေါ်မှာ ခုံနံပါတ်နှင့် ဖြေဆိုရမည့် အခန်းနံပါတ်များ စာရွက်ဖြင့်ကပ် ထားသည်ကို နန္ဒက လိုက်ကြည့်စစ်ဆေးပြီး ဇော် ဖြေရမည့်အခန်း အထိ လိုက်ပို့သည်။ မန္တလေးမှ ကျောင်းဆင်းသူ ဆရာဝန်အများစုမှာ မန္တလေးစာစစ်ဌာနတွင် ဖြေဆိုဟန်ရှိ၏။ သူမ၏ အတန်းဖော်များကို လက်ချိုးရေလေးယောက်သာ လှမ်းမြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . သွား၊ ဟောဟိုခြံစည်းရိုးနားက ဇာဒ်ပင်အော
မြက်ခင်းပြင်ပေါ်မှာ ကိုယ်တိုင်စောင့်နေမယ်၊ မင်း ဖြေပြီးတဲ့အခါ
အဲဒီကို လမ်းလျှောက်လာခဲ့. . . နော်. . ."

သူမ မဖြေနိုင်ပါ။ နာရီဝက်စေ့လျှင်ပင် အခန်းတွင်
တစ်ယောက်စ နှစ်ယောက်စ စော၍ထွက်သွားကြသည်။ ဟိုဘက်
ဆီမှလည်း ယောကျ်ားလေး သုံးလေးယောက် ထွက်သွားကြတာ မြ
၏။ ဇော်သည် နာရီဝက်ကျော်ကျော် ဖြေပြီးသည်နှင့် အပြင်မှာ စော
နေမည်ဖြစ်သော နန္ဒရှိရာသို့ ထွက်လာခဲ့သည်။ သူက ဟိုအဝေးမှ
ဇာဒ်ပင်အောက်က စိမ်းလန်းသော မြက်ခင်းပြင်ပေါ်တွင် ထိုင်လျ
လက်ထဲက စာအုပ်ကို စိတ်ဝင်စားစွာ ဖတ်နေသည်။ သူမလျှောက်
နေသည်ကို သူ မမြင်ပါ။ အနီးသို့ နီးကပ်စွာရပ်လိုက်တော့မှ
ဖျတ်ခနဲ မော့ကြည့်သည်။ သူမကို မြင်လိုက်ရတော့ သူ အံ့သြဟန်
နှုတ်ခမ်း မဆိုသလောက် ပွင့်လာပြီးမှ ပြုံးလေသည်။

"ဟ. . . မြန်လှချည်လား"

"ခပ်မြန်မြန်ပဲလေ"

သူမ သူ့အနီးတွင် ဝင်ထိုင်လိုက်ပြီး သူ့ဖတ်လက်စ စာအု
ကို မပြောမဆို ဖျတ်ခနဲ ဆွဲယူကြည့်လိုက်၏။ ပင်ဂွင်စာအုပ်
ငှက်ကလေး၏ တံဆိပ်ပုံကလေးပါသော စာအုပ်ပါးပါး ကလေး
သည်။ မျက်နှာဖုံးမှာ ပန်းချီဆရာတစ်ဦးက ထောက်ထားသော
ကင်းဗတ်စ်ရှေ့တွင် ထိုင်လျက် တစ်ဖက်သို့ကြည့်နေသော ပန်းချီ
နီဝါဝါအရောင်ဖြစ်သည်။ အယ်လ် ဘတ်(တ်)ကမူး၏ မဲဇာနှင့်နိုင်
(Exile and the Kingdom) ဖြစ်လေသည်။





"ဟယ်. . . ကြည့်စမ်း၊ ဒီစာအုပ် ငါ မဖတ်ဖူးဘူး။ ခက်လား
. . . နန္ဒ"

နန္ဒက ရှင်လန်းတက်ကြွနေသော ဇော့်ကို ခပ်ပြုံးပြုံး စိုက်
၍ ခေါင်းခါယမ်းလေသည်။

"နင့်စာအုပ်လား. . . ငါ ဖတ်ကြည့်ချင်တယ်"

"ယူလေ. . . ခဏနေဦး ကိုယ် ဒီတစ်ရက်နှစ်ရက် ဖတ်လိုက်
ယ်၊ မင်း ရေနံချောင်းပြန်တော့ယူသွား"

"တကယ်လို့နားမလည်ရင်. . .နင် ရှင်းပြမလား"

"အေး. . ."

"ဩော်. . . ဒါနဲ့ စကားမစပ်၊ နန္ဒငယ်ငယ်တုန်းက တို့ကို
နဲ့ကိုယ်နဲ့ မပြောဘူးထင်ပါတယ်"

"ဟုတ်လား. . . ဘယ်လိုပြောမိသလဲ"

"နင်နဲ့ငါနဲ့ ပြောသလားလို့. . ."

"ဟုတ်လား. . . အဲဒီတော့ ဘာဖြစ်လဲ. . ."

"ဘာမှမဖြစ်ပါဘူး၊ အခု ပြောတာက ပိုနားထောင်ကောင်း
. . .သိလား"

သူ ရယ်မော၍ ထိုင်ရာမှ ထရပ်လိုက်လေသည်။

"ကဲ. . . မင်းအခု စာမေးပွဲကို အောင်မြင်စွာ ဖြေဆိုပြီးပြီ
တော့ အချိန်တွေအများကြီး ကျန်နေသေးတယ်၊ ဘယ်ကိုသွားမလဲ"

နန္ဒ၏ ပခုံးစွန်းပေါ် တင်နေသည့် အမှုိက်စကလေးတစ်ခုကို
နိုင်မထိုင်နိုင်) လက်ဖြင့် အသာတောက်ပေးလိုက်ပြီးနောက် ဇော်
ကို ငေးမောရင်း ခေါင်းယမ်းလိုက်ပါသည်။

"တို့ မပြောတတ်ဘူး၊ ဘယ်နေရာမှာ ဘာရှိသလဲ ဆိုတာလဲ
မသိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"တောကလာတဲ့ စာရေးဆရာမဆိုတော့ အင်းလျား ဘယ်ရောက်ဖူးမလဲ. . . နော်. . ." နန္ဒ မျက်နှာက မချိုမချဉ်။

"မရောက်ဖူးဘူးပေါ့၊ ဝေးသလား"

"မဝေးပါဘူး၊ ဒီနောက်ဘက်ကထွက်ပြီး အင်းလျားလ အတိုင်း လျှောက်သွားရင် ရောက်တာပဲ။ ဒါပေမယ့် မင်း လျှောက် ပါ့မလား ဒီလိုလုပ်၊ အခု တို့ ပြည်လမ်းအတိုင်း ဘတ်စ်ကား သုံးမ တိုင်လောက်စီး သွားလို့လဲရတယ်၊ ဘယ့်နှယ်လဲ လမ်းလျှောက်ရတာ ဘတ်စ်ကားနဲ့ ဘယ်ဟာရွေးမလဲ"

"လမ်းလျှောက်ရတာ ရွေးမယ်"

"အိုကေ"

သူက လမ်းသွယ်ကလေးအတိုင်း နောက်ဘက်သို့ ထွက် ခြေလှမ်းပြင်သည်။

"ဪ. . . နေဦး နန္ဒ၊ အဲဒီအင်းလျားမှာ နင့်ရည်းစား တွဲပြီး ထိုင်ဖူးသလားဟင်"

ဘေးတိုက်မြင်နေရသော နန္ဒပါးပြင်ရဲသွားမလား ဟု စော ကြည့်နေသော်လည်း ဖြူဝင်းသောပါးပြင်မှာ အရောင်မပြောင်းပါ။ က တိုးတိုးတိတ်တိတ်ရယ်မောလျက် တုံ့ခနဲရပ်သွားပြီး ဖော့ဘက်တ တည့် လှည့်ကြည့်သည်။

"ကဲ. . . ဒါဆိုရင် ဘာထူးခြားသွားမှာမို့လဲ၊ ထိုင်ဖူးတ ဆိုရင်လေ"

"ထူးခြားတာပေါ့၊ ဒါဆိုရင် တို့ အဲဒီကို မသွားကြစို့နဲ့၊ တ သွားမယ်"





နန္ဒ မျက်နှာက ပြုံးစေ့စေ့ အမူအရာမှာ ပျောက်ကွယ်မသွား ပိုမိုပြုံးရယ်လာပြီး နောက်တစ်ကြိမ် အသံထွက် ရယ်မော လသည်။ သည်တစ်ခါ ရယ်သံမှာ နည်းနည်း ပိုကျယ်သည်။

"တင်တင်ဇော်လေး၊ ကိုယ့်ရည်းစားနဲ့ တွဲသွားနေကျနေရာ ကိုသာ ရှောင်ရမယ်ဆိုရင် ဟောဒီ ရန်ကုန်တစ်မြို့လုံး မင်း ဘယ်မှ သို့ မရတော့ဘူး သိလား"

အိုး၊ သူမ ရင်ထဲမှာ ကျင်ခနဲနာသွားပြီး ညို့ယူနေသော လုံးများဆီမှ ဖျတ်ခနဲ မျက်နှာလွှဲပစ်လိုက်သည်။ သူမ ပြုံးပင် င်တော့ဘဲ ပြည်လမ်းဘက်သို့ လျှောက်လာခဲ့သည်။ နန္ဒက ခဏ နေရစ်ခဲ့ရာမှ ခပ်သွက်သွက် လိုက်လာသည်။ ဒါ သူ လိမ်ပြောတာ တ်ဘူး၊ အမှန်အတိုင်း ပြောနေတာပဲ။ သူမ အနည်းငယ် စိတ် ဘိကအောင့်ဖြစ်နေ၍ သူ့ကို လှည့် မကြည့်နိုင်။

"ဒါ. . . မင်းအပြစ်ပဲ တင်တင်ဇော်၊ ကိုယ် ရန်ကုန်ကနေ ဆီကို စာတစ်စောင် ရေးခဲ့သေးတယ်။ မင်းက မာနကြီး တစ်ခွဲသား စာမပြန်ခဲ့ဘူး မဟုတ်လား"

"ဘာဆိုင်လဲ"

"ဆက်နားထောင်ဦး၊ ဆိုင်တဲ့အကြောင်းကို ပြောပြမလို့။ ဆီကို စာမပြန်ဘဲ၊ အကြာကြီး အဆက်အသွယ် ပြတ်နေတဲ့၊ ရောက်လို့ ဘယ်သူနဲ့ရနေမှန်း မသိနိုင်တဲ့ မိန်းမတစ်ယောက်ကို ပေါင်းများစွာ စောင့်နေရလောက်အောင် ကိုယ် မရူးသေးဘူး ဘူး၊ ဒါကို မင်း လက်ခံရမယ်"

ဘာကြောင့် စာမပြန်ဖြစ်သည်ကို ပြောပြလိုက်လျှင် မြိုးကို အကြီးအကျယ် ရန်ငြိုးထားသွားနိုင်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့စာရေးဆရာတွေက သိပ်စိတ်ကူးယဉ်တတ်တာ ကိုး၊ အကြောင်းအရာတစ်ခုကို ဘယ်တော့မှ လက်တွေ့မချဉ်း ကြဘူး"

သူမ ဘာမျှမပြောပါ။ ပြည်လမ်းအတိုင်း အရှေ့ဘက် ဆက်လျှောက်လာခဲ့သည်။

"ဟေ့. . . ဒီအတိုင်းကြီး လမ်းဆက်လျှောက်သွားရမှာလား မင်း ဘယ်သွားမယ် စိတ်ကူးလို့လဲ"

"ဟင်. . . နင်ပဲပြောတယ်၊ ရန်ကုန်တစ်မြို့လုံး ဘယ် သွား မလွတ်ဘူးဆို"

"အေးလေ၊ ပြောရမယ်ဆိုရင် ဟောဒီပြည်လမ်း လျှောက်လဲ ကိုယ်တို့ တွဲလျှောက်ဖူးတာပဲ"

"သွား. . ."

ဇော် သူ့ကို မျက်စောင်းထိုးပစ်ကာ ရယ်မောမိတော့သည်

နန္ဒက စာအုပ်နှင့် ပိုက်ဆံအိတ် အနက်ကလေးကို တစ်ဖက်ကကိုင်၍ လက်ဖဝါး တစ်ဘက်ပေါ် တဖျတ်ဖျတ် ရိုက် ကာ ဇော့်ဘက်သို့ လှည့်ကြည့်သည်။

"ဪ. . . အခုမှ ကိုယ်စဉ်းစားမိတယ်၊ ကိုယ့်အတွဲ မသွားဖူးတဲ့ နေရာတစ်နေရာတော့ရှိတယ်" ဟု မျက်နှာထား ခပ် တည်ဖြင့် ပြော၏။

"ဘယ်နေရာလဲ"

"ကိုယ့် တိုက်ခန်းပဲ"

"ဟား ဟား၊ ယုံစရာကြီး"

ဇော် ရယ်မောသော်လည်း သူကတော့ ခပ်တည်တည်





"တကယ်ပြောတာ တင်တင်ဇော်. . . ကိုယ် သူတို့ကို ယ်တော့မှ ကိုယ့်တိုက်ခန်းကို မခေါ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တို့ကသိပ်လှတော့ ကိုယ့်စိတ်ကိုမထိန်းနိုင်မှာ ကြောက်လို့"

"ဪ. . . ဪ. . . ဒါဖြင့် တို့ကိုရော"

"အင်း၊ မင်းကတော့ သိပ်မလှတော့ ကိုယ့်အခန်းကို ခေါ် ဖို့ ဝန်မလေးပါဘူး"

"စဉ်းစားပါဦး နန္ဒရယ်. . . နင် သိပ်နစ်နာနေပါဦးမယ်"

နန္ဒ၏ ခပ်တည်တည် မျက်နှာမှာ ချက်ချင်း ပြုံးရယ်လာပြီး ၏ ဖူးရှုနက်မှောင်သော မျက်ဝန်းအစုံမှာ နူးညံ့သွားလေသည်။

"ကိုယ် စဉ်းစားပြီးပါပြီ၊ နစ်နာလဲ ကိစ္စမရှိဘူး လိုက်ခဲ့နော်၊ ယ် ဒီတစ်နှစ်အတွင်း ဖေဖေနဲ့မေမေမရှိတော့ ထမင်း ဟင်းချက်တာ တော်တော်တိုးတက်နေပြီ"

သူက လက်မှ ရွှေရောင်နာရီကလေးကို တစ်ချက်ငုံ့ ကြည့်ပြီး ား ဆက်ပြောသည်။

"မင်းကို ကိုယ့်လက်ရာ ထမင်းဟင်းကျွေးမယ်၊ ကိုယ့်စာအုပ် ကို သော့ဖွင့်ပေးမယ်။ မင်းကြိုက်တဲ့ စာအုပ်ယူဖတ်၊ ရှိရှိသမျှ မယ်ဆိုရင် ရေနံချောင်းအထိ ယူသွား။ မင်း တစ်ခုဂုဏ်ယူသင့်တာ ကိုယ့်တိုက်ခန်းလိုပဲ ကိုယ့်ဗီရိုထဲက စာအုပ်တွေကို လဲ ဘယ်မိန်းမမှ ခွင့်ရှိတာ မဟုတ်ဘူး"

"ကောင်းပြီ၊ ဒီတစ်ချက်နဲ့တင် နန္ဒရဲ့ အခန်းကိုလိုက်ဖို့ လောက်သွားပါပြီ"

"သဘောတူပြီဆိုရင် ကိုယ်တို့ ဟိုဘက်ကိုကူးမယ်၊ ၄၈. ောင့်စီးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကားရှင်းနေသဖြင့် ပလက်ဖောင်းမှဆင်း၍ ပြည်သ
အကျယ်ကြီးကို ဖြတ်ကူးကြသည်။

"တင်တင်ဇော်. . . ကိုယ့်လက်ကိုတော့ မတွဲနဲ့နော်၊ ထို
ဘေးကပဲ ကပ်လိုက်ခဲ့. . .ကြားလား"

"အံမာ. . . သူကပဲ ပြောရတယ်ရှိသေး၊ တွဲမယ်၊ တွဲ ဘေ
ဘာဖြစ်လဲ"

ဇော် မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း သူ့ဘယ်ဘ
လက်မောင်းကို တကယ်ဆုပ်ကိုင်လျက် လမ်းဖြတ်ကူးလိုက်တော့
မချိုမချဉ်ပြုံးနေ၏။ တစ်ဘက် ပလက်ဖောင်းကို ရောက်တော့ သူ
လွှတ်တော့ဟု ခပ်တိုးတိုး ဆိုသည်။

"မလွှတ်ဘူး၊ ၄၈ လာတဲ့အထိ ကိုင်ထားမယ်"

သူက အကျယ်ကြီး အော်ရယ်လျက်. . .

"ပိုင်တယ်နော်၊ မင်းကို လက်တွဲရင် ခံမှာမဟုတ်တာ ကို
သိတယ်လေ၊ ဒီတော့ မင်းလက်တွဲလာအောင် လုပ်ဖို့က ဒီ တစ်နည်း
ရှိတာပဲ၊ တွဲထား. . . ဒီအတိုင်း"

သူမ အနည်းငယ် ရှက်သွားကာ သူ့ကို တွန်းလွှတ်လို
တော့ ပလက်ဖောင်းဘေးအထိ သူ ယိုင်သွားလေသည်။ သူက စ
ရယ်မောပြန်သဖြင့် ဇော်လည်း သူ့ကို ငေးကြည့်ရင်း ရယ်မော
တော့သည်။

နန္ဒ၏တိုက်ခန်းမှာ ၃၁ လမ်းမှာရှိသည်။ မဟာဗန္ဓုလလ
နှင့် အနော်ရထာလမ်းအကြား ဖြစ်သည်။ မြေညီထပ်မှစ၍ ရေတွ
သော် တတိယမြောက် အထပ်မှာရှိ၏။





ကျဉ်းမြောင်းမှောင်ပိတ်သည့် မတ်စောက်သော လှေကား
ထစ်များကို သူ့နောက်မှ တက်လိုက်ရင်း သူမ အနည်းငယ် ရင်ခုန်လာ
သသည်။ တတိယထပ်သို့ ရောက်တော့ ညာဘက်သို့ကွေ့၍ အခန်း
ရှေ့မှာရပ်သည်။ သူ့အခန်း၏ ရှေ့နေရာကွက်လပ်ကလေးမှာလေးပေ
တ်လည်လောက်သာ ကျယ်၏။ ကျဉ်းမြောင်း မှောင်ပိတ်သော
ကွက်လပ်ကလေးတွင် သူ သံဆွဲတံခါးသော့ ဖွင့်နေသည်ကို နောက်မှ
ပ်ကြည့်ရင်း ဒီအချိန်မှာ သူနမ်းလိုက်လျှင် မိမိ ဘာမှတတ်နိုင်မှာ
ဟုတ်ဟု တွေးတောကာ ကြက်သီးထသလို ကျောချမ်းသွား၏။
အင်းလေ. . . သူ့အခန်းထိတောင် လိုက်လာပြီးပြီပဲ။ သို့သော် သူ
နမ်းပါ။

သံဆွဲတံခါးဖွင့်ပြီး အထဲတွင် ပေါလစ်ရှိရောင် တောက်နေ
သော ကျွန်းသားပျဉ်တံခါးတစ်ချပ် ရှိသေး၏။ တံခါးလက်ကိုင်ဘုသီး
၏ အောက်မှမြုပ်သော့လုပ်ထားသည်။ သူမ တစ်ချက် ရယ်လိုက်မိ
ဥ်မှာပင် သူ တံခါးဖွင့်ပြီး အထဲဝင်သွား၏။

"ကိုယ့်အခန်းက ဒီလိုပဲ၊ တံခါးနှစ်ထပ်ဖွင့်မှ ရောက်တာကွ။
င်း ဝတ္ထုတွေထဲ ထည့်မရေးဘူးလို့ ကတိပေးစမ်း"

"မပေးဘူး"

အထဲဝင်ဝင်ချင်း တွေ့ရသည်မှာ လက်ဝဲဘက်ရှိ ဖော်မီကာ
င်း ထမင်းစား စားပွဲဖြစ်၏။ လက်ယာဘက်တွင်တော့ အုတ်နံရံသာ
ရှိသည်။ ရှေ့လေးငါးလှမ်း လျှောက်သွားတော့ ဧည့်ခန်းအလယ်မှာ
ဆက်တီဆိုဖာစုံကို တွေ့ရသည်။ လက်ယာဘက် အုတ်နံရံအထက်
တွင် ဘာဘုရားမန်းအိုးမှ ထိုးမထားသော ဘုရားစင်တစ်ခု ရိုက်ထားပြီး
သူ့ အောက်တွင် ဗီရိုနှစ်လုံး ယှဉ်လျက်ရှိသည်။ တစ်လုံးမှာ ခုနစ်ပေ
န်းပါးမြင့်သည့် ဗီရိုအကြီးကြီးဖြစ်ပြီး တစ်လုံးမှာ ငါးပေလောက်



www.burmeseclassic.com

www.burmeseclassic.com



မြင့်သည့် အလတ်စားဗီရိုဖြစ်သည်။ ဗီရိုနှစ်ခုလုံး စာအုပ်များပြည့်လျက် ရှိ၏။

"ထိုင်ဦး. . ."

သူမ ဆိုဖာတွင် ဝင်ထိုင်လျက် လွယ်အိတ်ကို စားပွဲပေါ် တင်ထားလိုက်သည်။ ဇော်နှင့်မျက်နှာချင်းဆိုင်တွင် ကျွန်းသား သုံးထောင့် သားနံရံဖြင့် ဖွဲ့ထားသော အခန်းတစ်ခန်းရှိ၏။ ကျွန်းသားမှာ ပေါ်လစ်ရှိရောင်တောက်၍ လက်နေသည်။ ထိုအခန်းနှင့်ဆက်၍ အစုံ နေရာနှစ်ခုပေါင်း၏ တစ်ဘက်ခြမ်းမှာတော့ (ဘုရားစင်နှင့် မျက်နှာချင်းဆိုင် တည့်တည့်ဆီတွင်) ခြောက်လက်မလောက်သာ အမြင့်ရှိသည့် ကျွန်းသားပြင်ညီ ခုံမြင့်အကျယ်ကြီး ခင်းထားသည်။

"ကိုယ် မီးဖိုဝင်ရဦးမှာ ဆိုတော့ အဝတ်လဲလိုက်ဦးမှနော် မင်း ဒီမှာ ခဏထိုင်နှင့်. . ."

သူက ဇော်နှင့် မျက်နှာချင်းဆိုင်ရှိ တစ်ခုတည်းသော အခန်း၏ တံခါးကို လက်ကိုင်အောက်မှ မြှုပ်သော့ဖြင့် ဖွင့်ဝင်သွား၏။ သူ အခန်းထဲရောက်လျှင် တံခါးမှာ ထပ်ခနဲ ပြန်ပိတ်သွား၏။

သူမ၏လက်ဝဲဘက်သို့ လှည့်ကြည့်မိပြန်သည်။ ထမင်းစားပွဲနှင့်တည့်တည့် တစ်ဘက်တွင် စကြံတစ်ခုကို ခန်းဆီးဖြင့်ပိတ်ထားသည်။ ဟိုမှာဘက်တွင် မီးဖိုချောင်နှင့် ရေချိုးခန်း တွဲလျက်ရှိရမည်။ ထမင်းစားပွဲပေါ်တွင် အဖြူရောင် ဓါတ်ဘူးအကြီး တစ်ခုရှိသည်။ ရေနွေးကြမ်းသောက်သည့် ပန်းကန်လုံးကလေးနှစ်ခု နှင့် ကြွေရည်သုတ် ရေနွေးကရားတစ်ခုကို လင်ပန်းထဲတွင် ထည့်ထား၏။

တံခါး ထပ်ခနဲ ပွင့်သွား၍ သူမ လှမ်းကြည့်လိုက်တော့ အခန်းထဲမှ နန္ဒ ထွက်လာသည်။ သူ့လက်ထဲမှာ ဆောင်းဘောက်(စ်) နှစ်ခုတပ် ကက်ဆက် ရှည်ရှည်လှလှလေးတစ်ခု ပါလာသည်။ သူက ဘုရားစင် အောက်တည့်တည့် ဗီရိုများနှင့် ကွယ်နေသော တစ်ဖက်ရှိ တယ်လီဖုန်းတင်သော ခုံမြင့်ကလေးဆီ လျှောက်သွားသည်။ ထိုနေရာ နံရံမီးခလုပ်တွင် ကက်ဆက်နှင့် ဆက်သွယ်ထားသော ပင်ကလေး ထိုးထည့်လိုက်ပြီး ကက်ဆက်ကို တယ်လီဖုန်းစင်၏ တစ်ဘက်ရှိ ပြားပြားကလေးပေါ် တင်လိုက်သည်။ ထိုခုံကလေး၏ အောက်ရှိ ဆင့်ထပ်ပေါ်တွင် တိတ်ခွေထည့်သည့် သံမဏိစင်ကလေး ရှိသည်။

"မင်း ပျင်းနေမှာစိုးလို့၊ ဒီမှာ မင်းကြိုက်တဲ့အခွေကိုဖွင့် ထောင်နှင့်. . ."

ဇော် သူ ရှိရာသို့ လျှောက်သွားသည်။ ဒူးတုပ်လျက်ထိုင်လိုက်ပြီး စင်ထဲမှ ကက်ဆက် တိပ်ခွေများကို တစ်ခုချင်း ဖတ်ကြည့်သည်။ နိုင်ငံခြားသီချင်း တိပ်ခွေများသာ ဖြစ်သည်။ အက်ဘာ။ ဒီးတဲ(လ်)(စ်)။ ဘီးဂျီး(စ်)။ မက်ဒေါနား။ ရော့ဒ်စတီးဝပ်။ စမုတ်ကီး...

"ဟင်. . . နင့်ဟာက ဘို သီချင်းတွေချည်းပဲ၊ မြန်မာအလွမ်းသီချင်းတွေ မရှိဘူးလား နန္ဒရယ်"

သူက မီးခလုပ်ကိုဖွင့်ရင်း အသံထွက် ရယ်မောလေသည်။

"ခက်တာပဲ ကိုယ်က မလွမ်းတတ်ဘူး တင်တင်ဇော်ရ. .. မြန်မာသီချင်းဆိုရင် စိုင်းထီးဆိုင်ပဲရှိတာပဲ။ စင်ကလေးထဲ မရှိရင် အောက်ဘက်က ပျဉ်ပြားကလေးပေါ်မှာ ရှိလိမ့်မယ်၊ ရှာကြည့်. .."

ထို့နောက် သူမကို ထားခဲ့ပြီး လှည့်ထွက်ရန်ပြင်သည်။ သို့သော် ချက်ချင်းပင် ချာခနဲ ပြန်လှည့်လာ၏။

"ဪ. . . နေဦး၊ ကိုယ် မင်းထိုင်ဖို့ ဒရင်း(မ်)ဘက်(ဒ်) ချပေးမယ်"

"နေပါစေ နန္ဒရယ်. . .တို့ ဒီပျဉ်ကြမ်းခင်းပေါ်မှာ ထိုင်မှာပါ"







www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူကအခန်းတွင်းသို့ နောက်တစ်ခေါက် ဝင်သွား ၏။ ပြန်ထွက်လာသောအခါ ခေါက်ထားသော ဒရင်း(မ်) ဘက်(ဒ် သယ်လာပြီး သူမ အနီးတွင် ချခင်းပေး၏။

"ရော့. . . ဒီမှာထိုင်၊ သက်သက်သာသာဖြစ်အောင်နေ

သူဝတ်လာသော ရှပ်အင်္ကျီမှာ အပွကြီးဖြစ်၏။ အပြာရော လား၊ အဖြူရောင်လား ရုတ်တရက် ခွဲခြားမရအောင် ဖျော့နေသေ သည်။ ဥာဘက်ချိုင်းက ချုပ်ရိုးကလေး ပြေနေသည်။ လုံချည်ကတေ ပလေကပ်လုံချည်အကွက် ခပ်နွမ်းနွမ်း။

"ဒါ မီးဖိုချောင် ဖက်ရှင်လား. . ." ဟု သူမက မေး သေ သူက ခပ်တိုတို ဆံပင်ကို လက်ဖြင့် ဖွသပ်ကာ ရယ်မော၏။

"အခု. . .ကိုယ့်မှာ ဝက်အူချောင်းရှိတယ်၊ ကြက်ဥရှိတ မင်း ကြက်ဥကြိုက်ရဲ့လား၊ ဝက်သား စားရဲ့လား"

"အင်း. . . စားတယ်"

"နောက်ပြီး အရွက်စိမ်း တစ်ခုခုသုပ်ပေးမယ်၊ ဟင်း သောက်ချင်သေးလားဟင်. . ."

"ရပါတယ်. . . အလုပ်ရှုပ်နေပါမယ်၊ ဘာနဲ့ကျွေးကျွေ ဂျိုးမများပါဘူး။ တို့ ဘာကူလုပ်ရမလဲဟင်. . ."

"မလုပ်ပါနဲ့၊ ဒီမှာပဲထိုင်နေ။ ဪ. . . ဆာနေရင် ကော် အလျင်သောက်ထားနှင့်နော်"

ပြောပြောဆိုဆို မီးဖိုချောင်ဘက်သို့ သူ ထွက်သွား၏။ သေ သည် တယ်လီဖုန်း စင်မြင့်ကလေးပေါ်မှ နို့နှစ်စိမ်းရောင် လေးထော တယ်လီဖုန်း ပြားပြားကလေးကို သဘောကျစွာ ကိုင်ကြည့်မိသည်

"အကောင်းနဲ့ အညံ့လဲ ခွဲတတ်တယ်၊ အကောင်းလဲ ကြိ တတ်တယ်. . . "တဲ့။ ဟုတ်မှာပေါ့လေ။





သူမ တိတ်ခွေများကို တစ်ခုချင်းကြည့်၍ သီချင်းနာမည် များ ရှာဖတ်ကြည့်သည်။ ရွေးကူးထားဟန်ရှိသော တိတ်ခွေများလည်း တွေ့ရသည်။ တိတ်ခွေတစ်ခု၏ ကာဗာတွင် ဓာတ်ပြားပေါ်မှာ အပ်ဖြင့် ထောက်တော့မည့်ဆဲဆဲ ဓာတ်စက်ပုံစံဖြစ်ပြီး ခေါင်းစဉ်မှာ အနှစ်နှစ် ဆယ် ရွေးကျူသောခေတ်ဟောင်း သီချင်းများဟု အဓိပ္ပာယ်ရဟန်တူ ပါသည်။ ထိုတိတ်ခွေ၏ သီချင်းအညွှန်းတွင် ဝမ်းနည်းဖွယ်ရာ ရုပ်ရှင် ကားများ၊ မစ်စစ်စပီ၊ ပြန်လမ်းမရှိသောမြစ်၊ သီချင်းတစ်ပုဒ်ဆိုပါ၊ သူမ ကို ဘယ်လိုပြောရမလဲ. . .စသည့် သီချင်းများကိုတွေ့ရ၏။အလွန် ရွေးကျူသော ထို တိတ်ခွေကို သူမ ရွေးပါသည်။

ပထမဆုံးကြားရသော သီချင်းမှာ ပြန်လမ်းမရှိသော မြစ် ဖြစ်သည်။

ထိုရုပ်ရှင်ကို သူမ ကြည့်ဖူးပြီး ကြိုက်လည်း ကြိုက်ပါသည်။ မာရီလင်မွန်ရိုး၏ ရုပ်ရှင်ကားများအနက် သူမ ကြည့်ဖူးသော တစ်ကား တည်းသော ရုပ်ရှင်လည်း ဖြစ်ပါသည်။ ငြိမ့်ညောင်း ပြေပြစ်သော လွမ်းဆွတ်ဖွယ်ရာ သီချင်းကို နားထောင်ရင်း ရေစီး အလွန်ကြမ်းတမ်း ခက်ခဲလှသော လှိုင်းထန်သည့် မြစ်ရေပြင်နှင့် ဘေးက ကျောက်ဆောင် ကမ်းပါးများ၊ သစ်တောစိမ်းများကို မြင်ယောင်လာသည်။ ဇော်သည် နန္ဒ ချပေးထားသော ဒရင်း(မ်)ဘက်(ဒ်)ပေါ်တွင် ဝင်ထိုင်၍ ကျောမှီ ဆန့်လိုက်၏။

"မင်းကတော့ တကယ့်ကို ခေတ်ဟောင်း အလွမ်း သီချင်းမှ ကြိုက်တတ်တာပဲနော်"

လှည့်ကြည့်လိုက်တော့ စားပွဲလင်ပန်းပေါ်မှာ အချိုပန်းကန် အကြီးစားဖြင့်ထည့်လာသော ကော်ဖီအပြည့်ပန်းကန်နှင့်မုန့်ပန်းကန် များသယ်လျက် နန္ဒက ခိုးကပ်စွာ ရပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပေး. . ." သူ့ လက်ထဲမှ လင်ပန်းကို ဇော် လှမ်းယူလိုက်တော့ သူက ထမင်းစားပွဲမှ မတ်ရပ်ကုလားထိုင်တစ်လုံး 'သွားဆွဲပြီး အနားမှာ ချပေးသည်။

"လာ. . . ဒီပေါ် တင်လိုက်"

"အိုတာတင်းတွေက အများကြီးပဲ၊ တို့ ဘယ်ကုန်မလဲ။ခွဲလိုက်လေ၊ နန္ဒနဲ့ တစ်ဝက်စီ သောက်ရအောင်"

"မရဘူး၊ အဲဒါ မင်းဝေစုပဲ။ မင်းကုန်အောင် သောက်ရမှာ ကိုယ့်ဝေစုက မီးဖိုထဲမှာ ရှိတယ်"

"ဟာ. . .ဒါတွေ အကုန်"

"အေး. . . ကုန်အောင်သောက်"

"နန္ဒ အခုပဲ ဆယ်နာရီခွဲနေပြီ. တို့ ကူလုပ်ပေးရမလား အားမနာနဲ့"

"အားမနာပါဘူး။ မြန်ပါတယ်၊ ရိုက်စ်ကွတ်ကာနဲ့ ထမင်းချက်ထားရင်း ဝက်အူချောင်းနဲ့ ကြက်ဥနဲ့ သပ်သပ်စီ ကြော်မယ်လေ။ ဘာမှမကြာဘူး၊ မင်း သီချင်းနားထောင်နေရင် ဘာမှကြာလိုက်မှာ မဟုတ်ဘူး၊ မုန့်လဲစား၊ မင်းကိုခေါ် လာမယ်လို့ အစီအစဉ်မရှိလို့၊ ဒီလိုမှန်းသိရင် မုန့်ကောင်းကောင်းလေးတွေ ဝယ်ထားမိမှာပဲ။ ခုတော့ လော်လော်လတ်လတ် အစီအစဉ်ဖြစ်သွားလို့ ပုလဲက အီကာလဲယားနဲ့ပဲ ကျေနပ်ဦး. . . နော်၊ နောက်မှ နိုင်ငံခြားမုန့်တွေ ဝယ်ထားမယ်"

"အံ့ဩစရာကောင်းတာက တို့ကလဲ ပုလဲက အီကာလဲယားကို အရမ်းကြိုက်တာ. . . နန္ဒရဲ့"

နန္ဒရယ်မောရှ် သူမ ဆံပင်ဖျားကလေးကို လက်ညှိုးဖြင့် ထိဖွပြီး လှည့်ထွက်သွားပါသည်။





နေ့လည်စာထမင်းကို ၁၂ နာရီခွဲပြီးမှစားဖို့ ပြင်ဆင်ကြသည်။

"ကိုယ်တို့ ပူးလိ(စ်)အဖွဲ့နဲ့ ထမင်းစားကြရအောင်"

ဇော် ကြောင်သွား၏။ သူ ဘာပြောလိုက်မှန်း မသိပါ။ သူက ဘက်ဆက်ရှိရာသို့ ထသွားပြီး တိပ်ခွေ တစ်ခုထည့် ဖွင့်လိုက်သည်။ ထို့နောက် အသံခပ်တိုးတိုးညှိကာ ထမင်းစားပွဲရှိရာသို့ ပြန်လာသည်။

"အဲဒီအဖွဲ့ရဲ့ သီချင်းတွေ မင်း ကြားဖူးလား. . ."

"ဟင့်အင်း. . ."

"ဟာ မင်း ဗွီဒီယိုမှာ စတိတ်ရှိုးတွေ မကြည့်ဖူးဘူးလား"

"ကြည့်ဖူးတယ်၊ မက်ဒေါနားပဲ"

"ကောင်းပြီ အခု နားထောင်ကြည့်၊ အဆိုတော်က သိပ်မိုက်တယ်။ စတင်း(ဂ်)တဲ့။ သူ သီချင်းဆိုရင် လည်ချောင်းနဲ့ဆိုတာ. . ."

နှစ်ယောက်စာ ကြော်ထားသော ကြက်ဥမှာ ခြောက်လုံးဖြစ်၏။ သူက ဇော့်ပန်းကန်ထဲသို့ ဇွန်းခက်ရင်းဖြင့် ကိုင်လျက် ကြက်ဥကြော်သုံးချပ် ထည့်ပေးသည်။

"ဟာ. . . မကုန်ဘူး၊ မကုန်ဘူး"

"ကုန်အောင်စား။ မင်း ပိန်နေလို့ ဝအောင်ကျွေးတာ၊ ကိုယ်သုံးချပ်ကုန်ရင် မင်းလဲ သုံးချပ်ကုန်ရမှာပေါ့"

ဘုရားရေ၊ ဇော် သူ့ကို မျက်လုံးပြူး၍ကြည့်တော့ သူက မျက်စိမှိတ်ပြလျက် ထမင်းငုံ့စားနေလေသည်။ ဝက်အူချောင်းမှာ အကွင်းလိုက် ခပ်လျှားလျှားလှီးပြီး နီရဲနေအောင် ကြော်ထားသည်။ ဆလတ်ရွက်လို အရွက်စိမ်းကို ပုစွန်ခြောက်မှုန့်၊ ကြက်သွန်၊ ခရမ်းချဉ်သီးတို့ဖြင့် သုပ်ထားသော ဟင်းပန်းကန်မှာလည်း အပြည့်အလျှံ။ နန္ဒ၏လက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အရွက်စိမ်းသုပ်မှာ စားကောင်းလှသည်။ အင်း သူမနဲ့တော့ တခြားစီပဲ လား။

"ပုစွန်ခြောက်ထောင်းသံလဲ မကြားလိုက်ဘူး"

"ဘယ်ကြားမလဲကွ၊ ထောင်းပြီးသားလေ။ မာမီက တစ်ခေါက်လာတိုင်း ပုလင်းဘူးထဲမှာ အပြည့်ထည့်ပေးသွားတာ"

"နန္ဒတို့ မိဘတွေက ဘယ်မှာနေသလဲ. . ."

"ကလောမှာ. . ."

"ဟင်. . .အဝေးကြီးပဲ၊ ဒီမှာ နန္ဒတစ်ယောက်တည်းလား"

"ကိုယ့်အဒေါ်တစ်ယောက်ကတော့ ပါရမီကနေ တစ်ပတ်တစ်ခါ လာတတ်တယ်၊ ဒါပဲ။ ကျန်တဲ့အပိုင်းက ကိုယ်တစ်ယောက်တည်း။ မနက်ခုနစ်နာရီဆိုရင် သန့်ရှင်းရေးအတွက် အဒေါ်ကြီး တစ်ယောက်လာတယ်။ ရှစ်နာရီအထိ သူ ရှိတယ်။ စနေ၊ တနင်္ဂနွေ ဆိုရင် နည်းနည်းနေမြင့်တဲ့အထိ သူ နေပေးတယ်။ ဈေးဝယ်ပေးတယ်၊ အိပ်ရာခင်းတို့ ခေါင်းအုံးစွပ်တို့ကို သူနဲ့ ဒိုဘီပေးလိုက်တာပဲ။ အင်္ကျီ လုံချည်တော့ ကိုယ့်ဟာကိုယ် လျှော်တယ်"

"အလို. . .တယ်လိမ္မာပါလား"

"မဟုတ်ဘူးကွ၊ ကိုယ်က ဂျီးများတယ်။ အင်္ကျီကိုစွရွကလေး ကိုင်မှ ကြိုက်တယ်၊ သူ အင်္ကျီလျှော်တာ သိပ်ကြမ်းတယ်"

သူမ သူ့ကို ငေးမောနေမိသည်။

"ဒါဖြင့်လဲ နန္ဒရယ် လျှော်ပေးမယ့် မိန်းမလေးဘာလေး ယူလိုက်ရောပေါ့"

"တုံးလှချည်လား တင်တင်ဇော်ရ. . . အဝတ်လျှော်ဖို့ အကြောင်းတစ်ခုတည်းအတွက် ကိုယ့်ဘဝတစ်ခုလုံး လှောင်ပိတ်ခံရ လောက်အောင် ကိုယ် မိုက်မဲသင့်လို့လား။ နောက်ပြီး မင်း မကြားဖူးဘူး





မိန်းမတစ်ယောက်ကို လိုချင်ပြီဆိုရင် ရအောင်ကြိုးစားဖို့ လွယ် ကလေးပဲတဲ့။ ဒါပေမယ့် သူ့ကို မကြိုက်တော့လို့ ကွဲချင်ပြီဆို တော့ ကိုယ့်ဂုဏ်သိက္ခာ မထိခိုက်အောင် စွန့်ပစ်ဖို့ သိပ်ခက်တယ်တဲ့"

"ဘယ်သူက ပြောတာလဲ"

"မော်(မ်)ကလေ။ ဆမ်းမားဆက်(တ်) မော်(မ်)က ပြော ၊ ကိုယ်လဲ အဲဒီလိုပဲကျင့်သုံးပြီး တစ်ယောက်တည်းနေဖို့ အကျင့် နေရတယ်"

"နန္ဒ မိဘတွေနဲ့ သွားနေပေါ့"

"ဩော်. . .ဟုတ်တယ်၊ ဒီ မစ်ဆုအိကုမ္ပဏီမှာ အလုပ်ရဖို့ ဘယ်လောက်ကြိုးစားခဲ့ရတယ် ထင်လဲ။ ဒါကိုပစ်ပြီး မာမီ ရှိရာကို ကိုယ်က နို့နံ့မစင်သေးတဲ့ ကလေးလို လိုက်သွားနေရမှာ နောက်နှစ်နှစ် သုံးနှစ်လောက်ဆို မာမီ ပြန်ပြောင်းလာတော့ ၊ အခု လောလောဆယ်တော့ ဒီလိုပဲ နေရမှာပေါ့။ မင်းစေတနာရှိ ကိုယ့်တိုက်ခန်းမှာ ထမင်းလာချက်ပေး၊ အဝတ်လျှော်ပေးလေ. . ." စကားကောင်းပြောရင်း ဖောက်ကာ ပြုံးစစနှင့် နောက်လေ ။

"ထပ်တရိ. . . တို့တောင် ကိုယ့်အဝတ်ကိုယ် လျှော်မဝတ် ဆရာဝန် ဖြစ်ကတည်းက ထမင်းဟင်းမချက်၊ အဝတ်မလျှော်၊ ကြက်စည်း မလှည်း. . ."

"အမေက လုပ်ပေးသလား. . ."

"ဟင့်အင်း. . .မေမေရှိတုန်းကလဲ မေမေ မလုပ်စေရပါ ဖော့်မေမေ ဆုံးသွားပြီ။ မနှစ်က ဒီလို အချိန်ဆုံးသွားတယ်။ ကောင်မလေးတစ်ယောက် လခနဲ့ငှားထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . .ဟုတ်သားပဲ၊ မင်း မနေ့ကပြောတဲ့ အထဲမှာ မင်းမေမေ ဆုံးသွားတဲ့ အကြောင်းပါတာပဲ။ ကိုယ် မေးမိတာ ဝမ်းနည်းပါတယ်"

"ကိစ္စမရှိပါဘူး"

ထို့နောက် နှစ်ယောက်သား တိတ်ဆိတ် ငြိမ်သက်စွာ ထမင်းကို လက်စသတ် စားကြသည်။ သူမ နားမလည်သော စတင်း(ဂ်)ဒ သီချင်းသံမှာ ထွက်ပေါ်နေဆဲ။

"ကဲ. . .အိမ်မှာ ထမင်းဟင်း မချက်တဲ့ မိန်းကလေးဟာ ထမင်းပန်းကန်လဲ ဆေးတတ်မှာ မဟုတ်ဘူး၊ ဒီမှာနေခဲ့ ကိုယ် သွားဆေးလိုက်မယ်။ ဟာ. . . မင်းတကယ်နောက်တာပဲ၊ ကြက်ဥကြော်ကြော်ဘာလို့ ချန်ထားတာလဲ"

"မကုန်လို့. . ."

"မရဘူး၊ ကုန်အောင်စား။ မစားရင် ကိုယ်ခွံ့ ပေးမှာနော်။ မင်း မစားဘဲ ဒီအတိုင်း ကြည့်နေရင် ကိုယ်ခွံ့ပေးစေချင်လို့ပဲ ယူဆလိုက်တော့မယ်"

တော်တော်ဆိုးတဲ့ နန္ဒပါလား။ သူ ခွံ့ပေးစေချင်လို့ ထင်မှာစိုးသောကြောင့် ကျန်သောကြက်ဥကြော် နှစ်ချပ်ကို ကုန်အောင် ဖျစ်ညှစ် စားလိုက်ရလေသည်။

"ပန်းကန်တွေ ကူသိမ်းပေးမယ်လေ"

"ဟာ. . .မလုပ်နဲ့။ မီးဖိုချောင်က ကျဉ်းကျဉ်းကလေးနော် ပြီး နည်းနည်းမှောင်တယ်။ တစ်ယောက်နဲ့ တစ်ယောက် မရှောင်သာ မတိမ်းသာကြီး မတော်တဆ. . ."

"ဘာလဲ မတော်တဆ"





"ဩော်. . . မဟော်တဆ တင်တင်ဇော် ဒေါက်မြင့်ဖိနပ်နဲ့ ချော်ပြုလဲနေ မစိုးလို့ပါ"

ထို့နောက် မချိုမချဉ်မျက်နှာဖြင့် ဇော့်ကို မျက်စိမှိတ်ပြတော့ ဇော် ရင်တဒိတ်ဒိတ် တုန်ယင်လှုပ်ရှားလျက် သူ့ မျက်ဝန်းများဆီမှ မျက်နှာလွှဲပစ်လိုက်ရလေသည်။

ဒရင်း(မ်)ဘက်(ဒ်)ပေါ် ပြန်လှဲထိုင်လိုက်ပြီး အက်ဘာအဖွဲ့၏ ဆူးပါးထရူးပါး သီချင်းတိပ်ခွေကို ဖွင့်နားထောင်ခိုက် နန္ဒ ရောက်လာသည်။ သူက ဇော့်အနီးရှိ ဗျဉ်ခင်းကြမ်းပြင်ကျယ်ပေါ်မှာ ခြေဆင်းထိုင်လေသည်။

"ဟာ. . .နန္ဒ၊ ဒီမှာထိုင်မလားဟင် တို့က အမြင့်က ဖြစ်နေတယ်"

"ကိစ္စမရှိဘူး၊ ကိုယ်က မင်းထက် အသက်ငယ်တာပဲ"

"ဟုတ်ရဲ့လား. . . နင်က ဘယ်နှစ်ခုနှစ် မွေးတာလဲ"

နန္ဒက တံတောင်ဆစ်ထောက်လျက် ကိုယ်ကိုလှဲရင်း သူမကို ကျေနပ်သလို အမူအရာဖြင့် မော့ကြည့်၏။

"မင်းက ကိုယ့်မွေးနေ့သက္ကရာဇ်ကို မေ့ပစ်လိုက်ပြီပေါ့လေ။ ဟိုတုန်းတုန်းက ကိုယ့်ရဲ့ ၁၅ နှစ်မြောက် မွေးနေ့ဖြစ်ကြောင်း မင်းကို ပြောခဲ့ဖူးတာ ကိုယ်တော့ မှတ်မိနေတယ်။ ၁၉၅၈ ခုနှစ်။ ဒီဇင်ဘာ ၁ ရက်၊ တနင်္လာနေ့ပါခင်ဗျာ"

ဇော် တကယ်မမှတ်မိတော့ချေ။

"အင်း. . .ဒါဆို နန္ဒက ငါ့ထက် သုံးလလောက် ငယ်တာပေါ့. . .နော်၊ ဟုတ်ပြီ. . .နောက်ဆိုရင် မောင်လေးလို့ပဲ ခေါ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ရွှတ်နောက်နောက် အမူအရာဖြင့်စတော့ သူ ဖြုန်း
ဘထိုင်ပြီး လက်သီးဆုပ်ရွယ်သည်။

"မင်း အဲဒီလိုခေါ်ရင် ကိုယ့်လက်သီးစာ မိသွားမှာပေ့"

"ဟား ဟား၊ လက်ဝှေ့ချန်ပီယံကြီးက ပြောရှာတယ်"

သူ လက်သီးဆုပ် ပြန်ဖြေလျက် ရယ်မောရင်း ထိုင်ရာမှ
ိုက်လေသည်။

"မင်းကို စာအုပ်ဗီရိုသော့ဖွင့်ပေးဖို့ မေ့နေတယ်၊ ခ
နေဦး..." သူ့အခန်းထဲ လှစ်ခနဲ ဝင်သွားပြီး ပြန်ထွက်လာ
သော့ပါလာသည်။

"ကိုယ် ဘွဲ့ရကာတည်းက ကိုယ့်ရဲ့ဘဝမှာ အရေးအကြီး
က ဂီတနဲ့ စာအုပ်ပဲကွ"

သူ သော့ဖွင့်ပေးသော ဗီရိုမှာ အကြီးဖြစ်သည်။
စာအုပ်ဗီရိုရှိရာသို့ လျှောက်သွားလိုက်၏။ ဟိုဘက်ဗီရို အလတ်
ထဲမှာတော့ ဆေးပညာဆိုင်ရာကျမ်းစာအုပ်များ၊ ပြဒ္ဒါန်းစာအုပ်များ
ဆေးပညာဆိုင်ရာ ဂျာနယ်များ. . .။ ထိုဗီရိုမှာ သော့ခတ်ထား၏

"အဲဒါ ကိုယ့်ဖေဖေရဲ့ စာအုပ်စင်"

နန္ဒ အဖေမှာ ဆရာဝန်တစ်ဦးဖြစ်ကြောင်း ယခုမှ သ
ပြန်ရသွား၏။ နန္ဒ၏ စာအုပ်စင်မှာ အထပ်လေးထပ်ရှိလျက် တစ်ထ
တွင် စာအုပ်တန်း နှစ်တန်း ဖြစ်သည်။ အပေါ်ဆုံးသုံးထပ်မှာ အင်္ဂလိ
ဘာသာစာအုပ်များဖြစ်ပြီး၊ အောက်ဆုံး တစ်ထပ်မှာ မြန်မာ ဝတ္ထုမျာ
အများစုက မြန်မာဘာသာ ပြန်များဖြစ်သည်။ မြသန်းတင့် ဘာသာပြ
သော စာအုပ်များကို အများဆုံးတွေ့ရသည်။ လေရူးသုန်သုန်နှစ်တွဲ
စစ်နှင့်ငြိမ်းချမ်းရေး ဆယ့်နှစ်တွဲ။ ပါရီကျဆုံးခန်း သုံးတွဲ။ မော်ရုံတော
မှာ မောလှုပြီ။ ကျော်အောင် ဘာသာပြန်သော တောရိုင်းမြေ





မှော်ဂန္ထဝင်တစ်ဆယ်။ ကိုကို၏ ခေါင်းလောင်းသံ။ သူတို့ကြားတွင်
ဘမျှမဆီမဆိုင်သော ဝတ္ထုစာအုပ်ကို တွေ့ရသည်။ တက္ကသိုလ်
န်းနိုင်၏ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်. . . ဖြစ်လေသည်။

"တက္ကသိုလ်ဘုန်းနိုင်ကို မြင်တော့ ငယ်ငယ်တုန်းက အဖြစ်
ပျက်တစ်ခုကို သတိရတယ်၊ နန္ဒ စိတ်ဝင်စားရင် ပြောမယ်"

နန္ဒက ခပ်လှမ်းလှမ်းမှာ ရပ်ကြည့်လျက်က မျက်နှာထား
ည်တည်ဖြင့် "တင်တင်ဇော်နဲ့ ပတ်သက်တာမှန်သမျှ ကိုယ်အားလုံး
တ်ဝင်စားတယ်"ဟု ပြော၏။

သူမ သူ့ကို မျက်စောင်းထိုးမိပြန်ပြီး၊ သူ့မွေးနေ့လက်ဆောင်
ဖြစ် တက္ကသိုလ်ဘုန်းနိုင်၏ 'ချစ်သောဤကမ္ဘာ'ဝတ္ထုကို ရွေးသော်
ည်း ဖြိုးက တားမြစ်သဖြင့် မပေးရကြောင်း ရှင်းပြလိုက်၏။ သူက
တ်ပိုက်လျက် စိမ်းမှောင်သော မျက်လုံးများဖြင့် သူမကို စိုက်ကြည့်
း မျက်နှာထား အနည်းငယ် တင်းသွားသည်။

"အဲဒီ ဖြိုးကျော်ဆိုတဲ့ကောင်ဟာ ကောက်ရိုးပုံစောင့်တဲ့
ပဲ"

လှပသေသပ်သော နှုတ်ခမ်းမှ ဒီလောက် ရိုင်းစိုင်းသော
ား ထွက်လာနိုင်တာကို သူမ တအားအံ့သြပြီး လန့်သွားမိသည်။

"နန္ဒကလဲ ဒီလိုမပြောပါနဲ့. . ."

"ဘာလဲ. . .မင်းက သူ့ဘက်က နာလို့လား၊ ကိုယ် အမှန်
တိုင်း ပြောတာလေ၊ သူနဲ့ အလိုက်ဖက်ဆုံး စကားပုံတစ်ခုကို ကိုယ်
နေတာ ခြောက်လလောက်ရှိပြီ။ အခုမှပဲတွေ့တော့တာပဲ"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ညနေ အိမ်ပြန်ရောက်တော့ ဖြိုးနှင့် အစ်ကိုကြီး ရောက်နှင့်နေပြီ။ ... လှေကားမှ တက်သွားသွားချင်း အစ်ကိုကြီးက တစ်ခွန်းသာ ...၏။

"ဖြေနိုင်လား. . ."

"မဖြေနိုင်ဘူး အစ်ကိုကြီး" သူမ ရိုးသားစွာ ဖြေလိုက်ပါ...။ အစ်ကိုကြီးက ဘာမှမပြောဘဲ ပြုံးရုံသာပြုံး၏။ ဖြိုး ကသာ ...နိုင်မထိုင်နိုင် ဝင်ဟောက်၏။

"နင် ဘယ်တွေလျှောက်သွားနေတာလဲ၊ ဒီလောက် အကြာ ...

"အိုး. . . ဘယ်သွားသွားပေါ့"

ဖြိုး မျက်နှာရှုံ့မဲ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"နှင် စာမေးပွဲခန်းထဲက ဘယ်အချိန်မှာ ထွက်သွားသလဲ" ဖြိုးက အစ်ကိုကြီး မကြားနိုင်လောက်သော ခပ်တိုးတိုး အသံဖြင့် မျက်နှာထား တင်းတင်းလုပ်ကာ မေး၏။

"ငါ တရားရုံး ရောက်နေတာတော့ မဟုတ်ပါဘူးနော်"

သူမ စိတ်အချဉ်ပေါက်ပေါက်ဖြင့် မေးလိုက်မိသည်။ ဖြိုး သူမ၏ ခနဲ့တဲ့တဲ့ လေသံကို ဂရုမစိုက်သလို အဖြေကို ခပ်တည်တည် စောင့်နေသည်။ အမှားတွေ့လျှင် တန်းခနဲ ထောက်မေးမည့် ရှေ့နေ မျက်နှာထားမျိုး ဖြစ်ပါသည်။

"ငါ ဆယ့်တစ်နာရီ ထွက်လာခဲ့တာပဲ"

"နှင် မဖြိုးနဲ့။ မမက ဘီအီးဒီမှာလို့ ပြောလို့ ငါ ဘီအီးဒီ ကို ဆယ်နာရီအတိ ရောက်တယ်။ နှင်တို့ စာမေးပွဲခန်း အပြင်ဘက်မှာ ပေါက်ကနေ လှမ်းကြည့်ရင်း စောင့်နေတာ။ လူအားလုံးကုန်တဲ့အထိ နှင် မပါလာဘူး။ ဒီတော့ နှင် ဆယ်နာရီမတိုင်ခင် စောထွက်သွားတာ ဖြစ်ရမယ်"

သူမ ရင်ထိတ်သွားပြီး မျက်နှာထား မပျက်အောင် မျက်နှာ လွှဲပစ်လိုက်သည်။

'အေးလေ. . .ဒါဆိုလဲ ပြီးရောပေါ့"

ထို့နောက် သူမ သစ်ခွပန်းအိုးများ ချိတ်ထားရာ ဝရန်တာ သို့ လျှောက်သွားပြီး အလုပ်မရှိ အလုပ်ရှာ၍ သစ်ခွအိုးထဲမှ မြက်ပင် ပေါင်းပင်ကလေးများကို နှုတ်နေလိုက်သည်။ ခဏအတွင်း အနီးသို့ ဖြိုး ရောက်လာသည်။ သူမ မော့ကြည့်လိုက်တော့ သူ့မျက်နှာမှာ စိတ်ရှုပ်ထွေးနေဟန်ရှိသည်။

"သဘောကအပြန် ဘာလက်ဆောင်တွေပါသလဲလို့တော့ နှင် မမေးတော့ဘူးနော်. . .မိဇော်. . ."





ဟုတ်သားပဲ။ သူမ ဒီတစ်ချက်လိုသွားသည်။ ခါတိုင်းဆိုလျှင် သူ့ကို တွေ့တွေ့ချင်း လက်ဆောင်အကြောင်း မေးနေကျပါလား။

"ငါ နှင့်အတွက် ဘာတွေဝယ်လာသလဲ ဆိုတာကိုတောင် နှင် စိတ်မဝင်စားတော့ဘူးပေါ့"

"မဟုတ်ပါဘူး ဖြိုးရယ်. . . ငါ ပင်ပန်းလာလို့ပါ"

"မဟုတ်ဘူး၊ နှင့် မျက်နှာမှာ နည်းနည်းလေးမှ ပင်ပန်းတဲ့ အရိပ်မရှိပါဘူး၊ နှင်ပျော်နေတာပါ။ စာမေးပွဲခန်းထဲကနေ တစ်နာရီ မပြည့်ခင် ထွက်သွားတဲ့ လူတစ်ယောက်အနေနဲ့ နှင့် မျက်နှာက စိတ်တက်ကြွလွန်းနေတယ်၊ နှင်ငါ့ကို မညာနဲ့. . ."

သူမ စိတ်ပျက်လက်ပျက် ဖြိုးကို မျက်နှာချင်းဆိုင်ပစ် လိုက်၏။

"ကိုင်း. . .ငါပျော်နေတယ်ဆိုရင် နှင်က ဘာလုပ်မလို့ လဲ"

"ဘာမှမလုပ်ပါဘူး၊ အမှန်ကိုသိချင်တာ တစ်ခုပါပဲ။ ငါ့ လက်ဆောင်တွေကို စိတ်မဝင်စားနိုင်လောက်အောင် ပျော်နေတယ် ဆိုရင်လဲ အဲဒါတွေကို ငါ မြစ်ထဲ သွားလွှင့်ပစ်လိုက်တော့မယ်"

"အမယ်လေး. . .ဖြိုးရယ်၊ အဲဒီလို မလုပ်ပါနဲ့။ ပေးမှာဖြင့် ပေးလေ။ ဘယ်မလဲ လက်ဆောင်တွေ၊ ဒိုရှူးရော. . . ဝယ်လာခဲ့ရဲ့လား၊ မြစ်မ်း"

ဖြိုးမျက်နှာက ညိုမှောင်နေသည်။

"နှင် စိတ်ဝင်စားချင်ယောင်မဆောင်သင့်ဘူး မိဇော်"

"ဟာ. . . သေတော့မှာပဲ မပေးချင်နေဟာ"

ဖြိုးက ငြိမ်သက်စွာရပ်လျက် လမ်းဆီသို့ ငုံ့ကြည့်နေသည်။ ထို့နောက် သူ့ကိုယ်သူ စကားပြောသလိုဖြင့် ခပ်တိုးတိုးပြော၏။



www.burmeseclassic.com

www.burmeseclassic.com



“မြိုင်က ငါ ရောက်ရောက်ချင်း ဖုန်းဆက်ပြီးချိန်းတယ်။ ငါရောက်ထာ ရှစ်နာရီခွဲ၊ သူက ကိုးနာရီခွဲ ချိန်းတယ်၊ ငါ မသွားခဲ့ဘူး နင့် ဘီအီးဒီ တစ်ခါမှမရောက်ဘူးတာ ငါ သိတော့ နင် ယောင်ချာချာ ဖြစ်နေမှာစိုးလို့။ မမကို ငါ အသေအချာ မေးကြည့်တယ်။ နင် သွား တတ်တယ်လို့ ပြောတယ်. . . တဲ့။ ကိုးနာရီ စဖြေရမှာတဲ့။ ဒါနဲ့ အသွားလိုက်မပို့နိုင်တောင် အပြန်တော့ ငါ ကြိုဖို့လိုတယ်ဆိုပြီး ကမန်း ကတန်း ရေချိုးပြီး ဘီအီးဒီကို သွားခဲ့တယ်။ ဆယ်နာရီမထိုးခင် လေး ရောက်တယ်။ အဲဒီကတည်းက အဲဒီရှေ့မှာ ငါ ရပ်စောင့်နေခဲ့ တယ်။ ဟိုဟိုဒီဒီသွားရင် နင်နဲ့လွဲသွားမှာစိုးလို့ စီးကရက်တောင် သွား ခဝယ်ဘူး။ တစ်နေရာတည်း ရပ်နေခဲ့တယ်၊ နင် ထွက်မလာဘူး လူကုန်ပြီး အခန်းတံခါးတွေပိတ်မှ ငါ ပြန်လာခဲ့တာ။ ထမင်းစားချိန် တော့ နင် ရောက်လာမှာပဲဆိုပြီး ငါ အိမ်ပြန်လာခဲ့တယ်။ အိမ်မှာလဲ နင် မရောက်သေးဘူး

“အစ်ကိုကြီးကမေးတော့ ငါ ဘယ်လိုဖြေခဲ့ရတယ်ထင်လဲ။ သူ့သူငယ်ချင်း ကောင်မလေးတစ်ယောက်နဲ့ ထွက်သွားတယ်လို့ အမျိုးသမီးတစ်ယောက်က ပြောလိုက်တယ်ဆိုပြီး ဖြေခဲ့ရတယ်။ နင် မရှိတုန်း ငါက ဒီမှာ စိတ်တွေပူနေတယ်။ နင်နဲ့ ပတ်သက်ရင် ငါ ဘယ်လောက် စိတ်ပူရတယ်ထင်လဲ။ နင်ကတော့ ငါ့ကို ရောက်ရောက် ချင်း ဘယ်သွားသွားပေါ့လို့ ဘုမှတ်တယ်။ နင် ဒီလိုမပြောသင့်ဘူး”

ဖြိုးမျက်နှာမှာ စိတ်ထိခိုက်နေဟန်ရှိ၍ ဇော် စိတ်မကောင်း ဖြစ်သွား၏။ နန္ဒနှင့် တွေ့နေသည့် အကြောင်း တထဲထည့်မရေး ကောင်းလားဟု စိတ်တိုနေသော ဇော်သည် တဖြည်းဖြည်း ဖြိုးကိုငဲ့ညာ သည့်ဘက်မှ တွေးတောစပြုလာသည်။ သူမေ့နေလို့ မပြောတာလည်း





ဖြစ်နိုင်တာပဲလေ။ သူမ ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ဖြိုး၏ လက်မောင်း အကျီစကို အသာဆုပ်ကိုင်လိုက်သည်။

“နင် ငါ့ကို စိတ်ဆိုးနေသလား ဖြိုး. . .”

သူ ဇော့်ဘက်ငုံ့ကြည့်ရင်း မျက်နှာညိုညိုဖြင့် ခေါင်းယမ်း သသည်။

“ငါ နင့်ကို ဘယ်တုန်းက စိတ်ဆိုးဖူးလို့လဲ”

ထို့နောက် သူ့အကျီစကို ဆုပ်ကိုင်ထားဆဲဖြစ်သော သူမ၏ လက်ကို ငုံ့ကြည့်သည်။ မကိုင်စေလိုသော အမူအရာကို ထင်ရှားစွာ ပြရသဖြင့် သူမ လက်လွှတ်လိုက်ပါသည်။

“အေး ဒါဖြင့် ဒီစာမေးပွဲခန်း အကြောင်းမပြောကြစို့နဲ့ဟာ... နော်”

အလိုလိုက်သော အစ်ကိုတစ်ယောက်၏ အပြုံးမျိုးဖြင့် သူ အလွယ်တကူပင် ခေါင်းညိတ်သည်။

“ဖြိုး နင် ငါ့ကို မေးခွန်းတစ်ခုမေးဖို့ ကျန်သေးတယ်”

ဖြိုးက ခပ်မဲ့မဲ့ ပြုံးလျက် “ဘာမေးခွန်းလဲ”ဟု သိပ်စိတ်မ ဝင်စားသော လေသံမျိုးဖြင့် ပြန်မေးလေသည်။

“ငါ မနက်ဆယ်နာရီကနေ ညနေငါးနာရီအထိ ဘယ်သူနဲ့ အတူရှိနေသလဲဆိုတဲ့ မေးခွန်းလေ. . .”

ဖြိုး မျက်နှာပျက်သွားပြီး အနည်းငယ် ခြောက်ကပ်စွာ ရယ် မောပါသည်။

“မမေးပါဘူးဟာ. . . နင် ငယ်ငယ်က ပြောခဲ့ဖူးသလိုပဲ၊ လူ တစ်ယောက်မှာ လုပ်ပိုင်ခွင့် ဆိုတာရှိပါတယ်။ ငါ အဲဒီလောက်အထိ ိုင်းပါဘူး။ နင့်အသက်လဲ အစိတ်ကျော်ခဲ့ပြီပဲ။ နောက်ပြီး ဆရာဝန် တစ်ယောက်လဲ ဖြစ်နေပြီပဲ၊ နင် စဉ်းစားတွေးခေါ် သမျှဟာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့မှ အောက်တန်းမကျနိုင်ဘူး၊ ငါ ယုံထားပါတယ်။ ဒီတော့ ဒီမေးခွန်းကို ငါ မမေးဘူး၊ မလိုဘူးလေ. . .”

“ဒါပေမယ့် ငါကပြောချင်တယ်ဆိုရင်ကော. . . နင် နားထောင်မလားဟင်. . .”

သူ့ မျက်နှာမှာ ဇဝေဇဝါဟန်မျိုး ဖြစ်လာပြန်၏။ ထို့နောက် ချက်ချင်း ပြုံးရယ်သည်။

“နင် ပြောချင်ရင်တော့ ငါစိတ်ဝင်တစား နားထောင်မှာပေါ့”

သူမ အသံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းလျက် ပြောချလိုက်၏။

“ငါ. . . နန္ဒနဲ့အတူ ရှိနေတယ်. . .”

ဖြိုးထံမှ ပင့်သက်တစ်ချက် ရှိုက်သံကြားလိုက်ရပြီး ငြိမ်သက်သွားတော့သည်။ သူ ဘာတစ်ခွန်းမှ မပြောပါ။ ဇော်ကိုလည်း မကြည့်ပါ။ ဝရန်တာမျဉ်တန်းကို တင်းတင်းဆုပ်လျက် ဘာမှ အဓိပ္ပါယ်မဲ့သော မျက်နှာသေဖြင့် ခရမ်းပြာရောင် သစ်ခွပွင့်ကလေးကို မမြင်ဘူးသလို စိုက်ကြည့်နေသည်။ စက္ကန့်များစွာ ကြာသည့်တိုင် သူစကား တစ်ခွန်း မှ မပြောတော့ပါ။ ကြာတော့ ဇော် အနေရခက်လာသည်။

“နင် ဘာမှ မပြောတော့ဘူးလား ဖြိုး. . .”

**ဖြိုးက ဖျက်ခနဲ လှည့်ကြည့်၍ ပြုံးလေသည်။**

**“ငါ ဘာပြောစရာလိုသေးလဲ”**

**“မဟုတ်ဘူးလေ. . .ငါနဲ့ နန္ဒနဲ့ ဘယ်လိုတွေ့တယ်ဆိုတာမျိုး. . .နင် မမေးချင်ဘူးလား”**

**“မမေးချင်ဘူး၊ နင်လဲ မဖြေချင်ပါနဲ့”**

“အေးပါဟာ. . .”





သူ အကြာကြီး ငြိမ်သက်နေပြန်သည်။

“နင် ငါ့အတွက်ဘာလက်ဆောင်တွေ ပါသလဲဟင်. . .ဖြိုး”

“နင် တကယ် စိတ်ဝင်စားလို့လား. . .”

“အင်း. . .”

“သွား၊ အခန်းထဲက မမသေတ္တာပေါ်မှာ ငါတင်ထားတယ်၊ သွားကြည့်ချည်”

သည်တစ်ခါ ဒိုရှားမိတ်ကပ်မှာ ညစ်ဘူးမဟုတ်တော့ဘဲ လင်းခပ်ပြားပြားကလေး ဖြစ်သွား၏။ အရောင်မှာ ယခင် ဒိုရှား မိတ်ကပ်အရောင်လိုပင် အသားရောင်ဖြစ်သည်။ ယိုးဒယား ဆပ်ပြာ ခွက်တစ်ခု။ လာဗီယာ ဆပ်ပြာခဲအဖြူကို စက္ကူအထုပ်အတိုင်း ဆပ်ပြာ ခွက်ထဲမှာ ထည့်ထားပါသည်။ အင်္ဂလန်ပြည်တွင် ပြုလုပ်သည်ဟု ရေးထိုးပါသော ပန်းနုပုလဲရောင် လက်သည်းဆိုးဆေး တစ်ပုလင်း။ ကော်ရိုလာ နှုတ်ခမ်းဆိုးဆေးတောင့် ရောင်စုံပါသော ကတ်ဘူးတစ်ခု။

“ဟာ. . .အများကြီးပါလား ဖြိုးရေ။ နင် တော်တော် ပိုက်ဆံ ထောလာတယ် ထင်တယ်”

သူမ အကျယ်ကြီး အော်ဟစ် ပျော်ရွှင်လိုက်မိတော့ သူ အခန်းတံခါးပေါက်မှာ လာရပ်၏။

“လတ်စသတ်တော့ နင် တကယ်ပျော်သွားတာပါပဲလား။ ဒါဆို ငါ ငွေငါးရာလောက် ကုန်ရကျိုးနပ်သွားပြီ”

သူက ကြည်လင်စွာ ပြုံး၍ မှတ်ချက်ချလေသည်။

“နင်ကချည်း ငါ့ကို လက်ဆောင်ပေးနေတယ်၊ ငါက မပေး ရဘူး။ ငါ နင့်ကို ဘာဝယ်ပေးရမလဲ. . .နေဦး စဉ်းစားလိုက်ဦးမယ်”

**“မပေးပါနဲ့ ဇော်ရာ၊ နင့်ဆေးခန်း လူနာများတော့မှနင့်ဆီက တောင်းပါ့မယ်”**



www.burmeseclassic.com

www.burmeseclassic.com



"အခု ငါ ပြောင်းတဲ့ရပ်ကွက်အသစ်မှာတော့ လူနာများ နေပါပြီဟ။ ဒါနဲ့ နန္ဒဝတ်ထားတဲ့ ရခိုင်လုံချည်လေးတွေ သိပ်လှတာပဲဖြိုး။ နင် မဝတ်ဘူးလားဟင်. . . ငါ ဝယ်ပေးမယ်လေ"

"တစ်ထည်တော့ ရှိတယ်။ အပြာရောင်လေး. . .မြိုင်က လက်ဆောင်ပေးထားတာ"

သူမ ရင်ထဲ လှိုက်ခနဲ ဟာလျက် ငြိမ်သက်သွားတော့သည်။ ဖြိုးက ရိပ်မိဟန်ဖြင့် ချက်ချင်း စကားလွှဲ၏။

"ဩော်. . .နင်မနက်ဖြန် စာမေးပွဲဖြေရဦးမှာ မဟုတ်လား ငါ လိုက်ပို့စရာလိုသေးလား. . . နင် ဘယ်လိုစီစဉ်ထားလဲ"

"အေး. . . နန္ဒနဲ့ ကောလိပ်ရှေ့မှတ်တိုင်မှာ ချိန်းထားတယ် ဒါပေမယ့် နင်ငါ့ကို ကူညီဖို့လိုသေးတယ် ဖြိုး. . ."

"ဘာ ကူညီရမလဲ. . ."

သူမ အားတင်းလိုက်သည်။

"ဟိုလေ. . .အဲ. . .ငါတစ်ယောက်တည်း ဒီက ထွက်သွားလို့ မကောင်းဘူးထင်တယ်၊ နင်ရှိလျက်သားနဲ့ ငါတစ်ယောက်တည်း သွားရင်. . .နောက်ပြီး တစ်နေကုန် ပြန်မလာဘဲလဲ နေမယ်ဆိုရင်... အစ်ကိုကြီးက. . ."

သူ မျက်နှာအနည်းငယ် ညိုးသွားပြန်သည်။

"ဟုတ်ပြီလေ. . .ငါနားလည်ပြီ။ နင် အိမ်အဝင်ကောင်းအောင် ငါနဲ့သွားသလို ဟန်ဆောင်ပေးရမယ်ပေါ့"

"ဟို. . .နင့်အတွက် သိပ်ခက်ခဲနေရင်တော့. . ."

"တော်စမ်းပါ မိဇော်၊ အပိုစကားတွေ လောက္ကတ်လုပ်မနေပါနဲ့။ နင် အဲဒါလိုချင်တယ်ဆိုရင် ငါ အဲဒါ ဖြစ်အောင်လုပ်ပေးမယ်၊ နောက်ပြီး ဘယ်အချိန်မှာ ငါနဲ့ ဆုံချင်သေးသလဲ"





သူမ သူ့ကို အားနာစွာ တစ်ချက်ကြည့်ပြီး အပြောခက်စွာ ငြိမ်သက်နေ၏။

"ပြောလေ. . .နင် ဖြစ်စေချင်တာကို၊ ဒီကို ထမင်းပြန်မစားဘဲ လျှောက်လည်ကြမှာလား"

"အေး. . ."

"ဒီတော့ ညနေ ဘယ်အချိန် ငါ ဘယ်လာပြီး နင့်ကို ကြိုမှာလဲ"

"အဲဒါကို နန္ဒနဲ့တွေ့မှပဲ မေးတော့ဖြိုးရယ်. . ."

သူ ဒေါသဖြစ်သွား၏။

"ဘာလဲ. . . နင်က ဒီကောင့် ဆုံးဖြတ်ချက် အတိုင်းပဲနေတော့မယ်ပေါ့လေ။ အေးလေ. . . ဘာပဲဖြစ်ဖြစ် သူနဲ့ပတ်သက်ပြီး ငါ နင့်ကို တစ်ခုပဲ သတိပေးချင်တယ်။ သူ့မိဘတွေက အဝေးမှာနေတယ်။ သူ့တိုက်ခန်းမှာ သူ တစ်ယောက်တည်းနေတာ။ နင် သူ့အခန်းထိတော့ လိုက်မသွားနဲ့. . . သိလား"

သူမ ထိတ်ခနဲ ရင်ခုန်လျက် သူ့ကို မလုံမလဲ မော့ကြည့်သည်။

"ပြောလေ. . . ဒီကတိကို နင်ပေးမလား၊ ငါ စိတ်ချအောင်"

"အေး. . .အေးပါ ဖြိုးရယ်. . . ငါ လိုက်မသွားပါဘူး"

တစ်သက်လုံးက မလိမ်ညာဘူးသော တင်တင်ဇော်သည် လိမ်ညာရတာ ဒီလောက်လွယ်မှန်း အခုမှပဲ သတိထားမိတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကန်ရေပြင်ကိုဖြတ်၍ တိုက်ခတ်လာသော လေညင်းနုနု
လေးသည် သူမဆီသို့ တိုးတိတ်လတ်ဆတ်စွာ ပြေးဝင်လာခဲ့၏။
အဝေးဆီမှာ သစ်ပင်များ စိမ်းညို့နေသော တစ်ဘက်ကမ်းသည်
ကွေ့အဲကောက် အငူများဖြင့် တွန့်ခေါက်စွာ တည်ရှိသည်။ အဝေး
ဘရိပ်ရိပ်ပြေးလာသော လှိုင်းကလေးများသည် သူမ အောက်တည့်
ည့် ကရဝိတ်အောက်ခြေ အုတ်နံရံကို ညင်သာစွာ ရိုက်ခတ်နေ
ည်။ ဇော် လက်ရန်းမှ မမှီတမှီ ငုံ့ကြည့်လိုက်ချိန်တွင် အနီးသို့ နန္ဒ
ပ်လာသည်။

"နန္ဒ. . .ဟိုးမှာ ဘာရှိလဲ"

သူမ ရှေ့တည့်တည့်ကို လက်ညှိုးညွှန်ပြ၍ မေးလိုက်သည်။

"အဲဒီမှာ ဗိုလ်ချုပ်ပန်းခြံရှိတယ်. .ဗိုလ်ချုပ်ကြေးရုပ်ရှိတယ်"

"အဲဒီကို လိုက်ပို့မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဇော်ဆံပင်များ လေဖြင့်ဖွာလွင့်နေသည်ကို တစ်ခ… မျှ စိုက်ကြည့်ပြီးနောက် ခပ်ပြုံးပြုံး ခေါင်းခါယမ်း၏။

"ဟင်"

"မင်းနဲ့ကိုယ်နဲ့ နှစ်ယောက်တည်းသွားလို့ မကောင်းဘူး"

"ဒါဆို ဖြိုးကိုပါ ခေါ်ခဲ့မှာပေါ့"

"မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးနှစ်ယော… သွားလို့လဲ မကောင်းပါဘူး"

ဇော် သူ့ကို စိတ်တိုသွားသဖြင့် ချာခနဲ တစ်ဘက် လှည့်… လိုက်သည်။ နေပူဒဏ်ကြောင့် မနက်ခင်းက မှိန်ဖျော့စွာ ဆိုးထားသေ… ပါးများ ပိုမိုနီလျက်ရှိသည်။ နန္ဒက ခပ်ဖွဖွ ရယ်မော၏။

"မင်း စိတ်မကောက်နဲ့လေ. . . အဲဒီနေရာက မင်းသွား… ထိုက်တန်အောင် မလှပါဘူး"

"ဘယ်နေရာက လှသလဲ"

"ရန်ကုန်တစ်မြို့လုံး ဘယ်နေရာမှမလှပါဘူး တင်တင်… ရာ၊ လာ. . .နေပူလာပြီ။ ပြန်ဆင်းရအောင်"

နန္ဒက ရှေ့မှ ထွက်သွားသဖြင့် ဇော် မကျေမနပ်နှင့် လို… လာခဲ့ရသည်။ စားသောက်ခန်းမဘေးကဖြတ်တော့ စန္ဒရားသံသဲ့… ကြားရ၏။ အထဲသို့ လှမ်းကြည့်လိုက်သည်ကို နန္ဒက မြင်သွား၏။

"ဟော့. . .သူများ စားသောက်နေတာကို မမျှော်နဲ့ေ… ဆာနေသလား"

"မဆာပါဘူး"

ဇော့်ကို နန္ဒက သည်နေ့နေ့လယ် ကြေးအိုးကြာဇံ တိုက်သ… ပါသည်။

"လာ. . .ရေခဲမုန့် ဝယ်ကျွေးမယ်၊ စားရဲလား"





"စားရဲပါ"

သူက အရောင်းဆိုင် ဗျူဉ်အဆောက်အဦ ပြားပြားကလေး… ၏ တစ်ဘက် သစ်ပင်ရိပ်မှ ခုံတန်းကလေးဆီသို့ ခေါ်သွားပြီး ထိုင်ခိုင်း… ပါသည်။ ထို့နောက် သူ တစ်ယောက်တည်း ရေခဲမုန့်သွားဝယ်သည်။ …ပြန်လာတော့ သူ့ လက်ထဲမှာ ရေခဲမုန့်နှစ်ခု ပါလာ၏။

"ရော့. . . စား. . ." သူက နှစ်ခုလုံးပေးသည်။

"ဟင်. . . နင် တစ်ခုစားလေ"

"ကိုယ် မစားဘူး၊ မင်း စားတာပဲ ကြည့်နေမယ်. . .စား။ …ကာနားချင်သေးလား၊ ပြန်ချင်ပြီလား၊ ဘယ်သွားချင်လဲ"

"အို. . . သွားချင်တဲ့နေရာ ပြောသားပဲ၊ လိုက်မှမပို့တာ"

သူမ စိတ်ကောက်မလို နှုတ်ခမ်းစူ၍ပြောတော့ နန္ဒက …ရယ်မပြုံး ခပ်တည်တည် မျက်နှာထားဖြင့် ခေါင်းယမ်း၏။

"မင်းသွားချင်တဲ့နေရာတွေက မသွားသင့်တဲ့နေရာတွေ… …ဂှာန်ရုံဆိုတာလဲ ကလေးတွေရယ်၊ အတွဲတွေရယ်ပဲ များတာ။ မင်း …ဘိရစ္ဆာန်ရုံသွားပြီး ဘာကြည့်ချင်တာလဲ"

"ကျားတွေ"

နန္ဒက ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

"ကျားတွေကို မင်းမြင်ဖူးတော့ မင်းဝတ္ထုတွေ ပိုကောင်းလာ… မှာလား . . ."

"နန္ဒနော် . . ."

သူမ အငြိုးကြီးစွာဖြင့် ရေခဲမုန့်နှစ်ခုကို ကုန်အောင် …စားပစ်လိုက်၏။

"ကောင်းပြီ မင်း ကျားတွေ မြင်ဖူးချင်ရင် ကျားတွေ အများ… …ကြီးပါတဲ့ ရုပ်ရှင်တွေ ကြည့်နိုင်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ မပြောတော့ဘူး" သူမ တကယ်စိတ်ကျ သွားခြင်းဖြစ်ပါသည်။ အတန်ကြာသည်အထိ သူမ ထိုင်သော ခုံတန်း နောက်နားတွင် သူ မတ်တတ်ရပ်နေသည်။

"မြို့ကျော်နဲ့ ညနေငါးနာရီ ဆူးလေဘုရားပေါ်မှာ ချိန်းထား တယ်နော်. . . တင်တင်ဇော်။ အခု လေးနာရီ ထိုးတော့မယ်၊ ကိုယ်မြို့ မြို့ထဲပြန်သင့်ပြီ ထင်တယ်"

"စောင့်ပစေ"

"ဘယ်ဟုတ်မလဲ. . . ကတိတစ်ခု ဆိုတာ ပေးပြီးရင်တည် မှပေါ့၊ လာ. . . ထ. . ."

သူမ မထသေးပါ။ သူက ပြုံးနေရာမှ တည်သွား၏။

"တင်တင်ဇော်. . .ထ၊ ပြန်မယ်။ ဆရာဝန်မကြီး ဖြစ်နေပြီ ဥလေးလို စိတ်ကောက်မနေနဲ့"

သူမ ငြိမ်သက်စွာ ထိုင်နေဆဲ။

"ကဲ. . . ဒါဖြင့် နေခဲ့တော့ . . ."

သူ ချာခနဲ လှည့်ထွက်သွားသည်။ သူမ မော့မကြည့်ဘဲ ခေါင်းငုံ့ထိုင်နေမိ၏။ သူ ထွက်သွားမှာ မဟုတ်ပါဘူးလေ။ သူ မပါဘဲ သူမ ဘယ်မှမသွားတတ် မလာတတ်တာ သူအသိပဲ။ သို့သော် အတန် ကြာသည်အထိ သူ့ ခြေသံမကြားရ။ သူမ စိတ်နည်းနည်းထင့်သွားပြီး နောက်ဘက် လှည့်ကြည့်တော့ သူ့ကို မတွေ့ရပါ။ ဘေးဘက် ပုဏ္ဏရိတ်ချုံတန်းဆီမှာလည်း သူမရှိ။ ဖော် ဖျတ်ခနဲ ထရပ်လိုက်သည်။ ခြေလှမ်း လေးငါးလှမ်းလျှောက်ပြီးတော့လည်း မရှိ။ သူ တကယ်ပဲ ထွက်သွားပြီဟု သူမ မထင်ပါ။ သို့သော် အရောင်းဆိုင်ပျဉ်အဆောက် အဦကလေး၏တစ်ဘက်ထိ သူမ သွားကြည့်သည်။ သူ့ကို မတွေ့ရ တော့ပါ။ သူမတို့လာလမ်းမှာ သစ်ပင်ရိပ်များ ထူထပ်သော ကျောက်စ





ခင်း လမ်းသွယ်ကလေး ဖြစ်သည်။ ထိုလမ်းဆီမှာလည်း သူ့ကို အရိပ်အယောင်မျှ မတွေ့ရ။ သူမရင်မှာ သောကထုထည်က မြန်းဆို င်ရောက်လာသည်။ လွယ်အိတ်ထဲမှာ ပိုက်ဆံ လုံလောက်စွာပါ သည်။ သို့သော် ဘယ်လမ်းမှ ဘယ်ကားစီးလျှင် မြို့ထဲရောက်မည်ဟု သိပါ။

"နန္ဒရေ. . ."

သူမ အသံနည်းနည်းတုန်လာသည်။ ထူးသံလည်း မကြား ။ သူ့အင်္ကျီရောင်ကိုလည်း မမြင်ရပါ။ သူမ လှိုက်ခနဲ တုန်ယင် မ်းနည်းလာတော့သည်။

"နန္ဒ. . ."

သူမကို ဘေးနားက အတွဲက နားမလည်သလို ကြည့်နေ ကြပြီ။ အရောင်းဆိုင်ထဲမှ ပေါက်ပေါက်လှော် ရောင်းသည့် န်းကလေးပင် ထွက်ကြည့်နေပြီ။ သူမ မျက်နှာများ ပူနွေးလာပြီး ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော မျက်ရည်များက အလိုက် သိစွာ ဖြာဆင်းလာတော့၏။

ဖြစ်ချင်ရာဖြစ်ဟု သူမ လာခဲ့သော တောလမ်းကလေးဆီ က်လာခဲ့သည်။ နောက်ပြန်လှည့်မကြည့်တော့ဘူး ဟု ဆုံးဖြတ် ားသည်။ မျက်ရည်များကို လက်ခုံဖြင့်ပွတ်တိုက် ဖျက်ပစ်လိုက်၏။ သို့သော် ထပ်လိမ့်ကျဆင်းလာပြန်၏။ သူမအနီးသို့ တစ်ယောက် ယောက် ကပ်ရပ်လိုက်ပြီး ချိုမြလတ်ဆတ်သော မွှေးရနံ့က အာရုံထဲ င်လာ၏။

"ဟိတ် . . .ဘာဖြစ်လို့ ငိုနေတာလဲ၊ မရှက်ဘူးလား ..."

နန္ဒ အသံမှာ ရယ်မြူးရိပ်က ထင်းထင်းကြီးပါနေသည်။ သူမ ခါပွသွားပြီး လွယ်အိတ်ကို တင်းတင်း ဆုပ်လျက် အံကြိတ်ထားရင်း ဆက်လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တင်တင်ဇော်. . . မျက်ရည်တွေသုတ်ဦး . . ."

"မသုတ်ဘူး. . ." သူမ စိတ်ရှိလက်ရှိ ကုန်းအော် ပစ်လိုက်တော့ နန္ဒ ပြူးပြူးပျာပျာ ဖြစ်သွား၏။

"ဟာ. . . ဘယ်ဖြစ်မလဲကွ၊ လူမြင်လို့မကောင်းဘူး"

ပြောပြောဆိုဆို သစ်ပင်ရိပ်ရောက်တော့ သူ့အိတ်ထဲက လက်ကိုင်ပဝါကိုထုတ်လျက် သူမဆီ လှမ်းပေးသည်။ ဇော် သူ့လက်ကို တအားပုတ်ချပစ်လိုက်သည်။ နန္ဒက ဟက်ဟက်ပက်ပက် ရယ်တော့၏။ ဘယ်လိုလူလဲ မိန်းကလေးတစ်ယောက် ငိုနေတာကို ချော့ကောင်းမှန်း မသိဘူးလား။ သူမ သူ့ကို ဒေါသမျက်လုံးများဖြင့် စူးစူးစိုက်ကြည့်ပြီး နှုတ်ဆိတ်နေခိုက် သူကတော့ ဇော်နှင့် မျက်နှာချင်းဆိုင် သစ်ပင် ပင်စည်ကို ကျောမှီ၍ ရပ်ကာ မချိုမချဉ် ပြုံးနေလေသည်။

"နောက်ဆိုရင်. . . မင်းဒေါသထွက်အောင် စ, ရတော့ ဖြစ်နေပြီ။ မင်း စိတ်ဆိုးရင် သိပ်ကြည့်လို့ကောင်းတာပဲ"

ထို့နောက် သူမ ကြောင်အ သွားစေမည့် အဖြစ်အပျက်တစ်ခု မြန်းခနဲ ဖြစ်သွားသည်။ သူ ခါးကိုင်းငုံ့ပြီး လွယ်အိတ်ကြိုးကို တင်းတင်းဆုပ်ထားသော သူမ၏ ညာဘက်လက်ခုံကို သူ့လက်ဖြင့် လုံးဝမထိစေဘဲ နှုတ်ခမ်းဖြင့် အသာကပ်နမ်းလိုက်ခြင်း ဖြစ်လေသည်။

"အို. . . နန္ဒ"

သူက ကိုယ်ကို ချက်ချင်းမတ်လိုက်ပြီး ခပ်တည်တည် သူမရှေ့မှ လျှောက်လျက်

"လာ. . ." ဟု တစ်ခွန်းတည်းခေါ်သည်။

ဒါဟာ သူမရဲ့ အငို ကို သူ အတတ်နိုင်ဆုံးချော့ခြင်း ဖြစ်တာတူပါရဲ့။ နောက်တစ်ကြိမ်မူဖို့ သတ္တိနည်းသွားသော ဇော်သည် သူ့နောက်က ခြေလှမ်းခပ်သွက်သွက်ဖြင့် ပြေးသလောက်နီးပါး လိုက်သွားခဲ့ရသည်။





ဆူးလေဘုရားလမ်းမှာ ဘတ်စ်ကားပေါ်က ဆင်းတော့လည်း သူမကို စောင့်တွဲပေးဖော်မရ။ ခပ်လှမ်းလှမ်း မှာသာရပ်ကြည့်သည်။ ဇော် နည်းနည်း စိတ်ကောက်ချင်သလို ရှိသော်လည်း စိတ်ကောက်၍လည်း သူ ချော့မှာမဟုတ်မှန်း သိနေ၍ မကောက်ရဲပါ။

"ကိုယ် ၃၁ လမ်းကို ခဏဝင်ရဦးမယ်"

"ဘာလို့လဲ. . ."

"မင်းကိုပေးဖို့ ကမူး စာအုပ်ဝင်ယူမယ်"

သူမ သဘောတူ မတူ သူ မမေးပါ။ အနော်ရထာလမ်း တစ်ဘက်သို့ သူ မပြောမဆို ဖြတ်ကူးသွားသဖြင့် ဇော်သည် ကားတွေ နေသည့်ကြားမှ (မီးနီကိုမစောင့်ဘဲ) ကျောစိမ့်လျက် ကပ်လိုက်သွား ၏။ ၃၁လမ်းထဲ ချိုးကွေ့ဝင်တော့မှ သူမဘက်သို့ လှည့်သည်။

"မင်း အောက်မှာပဲ ရပ်စောင့်နေခဲ့မလား၊ ကိုယ်အခန်း အထိ တက်လိုက်ခဲ့မလား"

တည်ငြိမ်သော သူ့နှုတ်ခမ်းမှာ အပြုံးရိပ်ရိပ်ကလေးပင်မရှိပါ။ သူ့မျက်လုံးများမှာ သူမကို ရိုဝေစွာ ညို့ငင်နေကြသည်။ ဇော် မော့ကြည့်ရင်း ရင်တလှပ်လှပ်ခုန်ကာ လက်ဖျား ခြေဖျားတွေ အေးစက်သွား၏။သူမပြန်မဖြေဘဲ သည်အတိုင်း ဆက်လျှောက်လာခဲ့သည်။ သူ့အခန်းတည့်တည့်ရောက်တော့ သူတုံ့ခနဲရပ်သည်။ သူမကို နောက်တစ်ကြိမ် လှည့်ကြည့် ပြန်သည်။

"ဘယ်လိုလဲ. . . မင်းလိုက်ခဲ့မလား၊ နေခဲ့မလား"

မေးခွန်းက နှစ်ခွဖြစ်သော်လည်း သူ့မျက်လုံးများက သူမ လိုက်ပါအောင် ဆွဲခေါ်လျှက်ရှိကြသည်။ သူ့အခန်းကို လိုက်မသွားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြိုးက လောလောလတ်လတ် သတိပေးထားပါလျက် သူမ မိုက်မဲစွာ ခေါင်းညိတ်လိုက်သည်။

"လိုက်ခဲ့မယ်. . ."

သူ လှေကားနှစ်ဆင့်ကို သက်သက်သာသာ တက်သွားပြီး ရင်ခုန်လှုပ်ရှားသော ဇော်ကတော့ လက်ရန်းသံပိုက်ကို အားပြုကာ များပြားစွာသော လှေကားထစ်များ တစ်လျှောက် တွန့်ဆုတ်စွာ တက်လိုက်သွားခဲ့သည်။

"ခဏ ထိုင်ဦး. . ." သူက ဆက်တီကုလားထိုင်များကို ညိုးညွှန်လျက် နူးညံ့စွာ အမိန့်ပေး၏။ သူမ မထိုင်ပါ။

သူက သူ့အခန်းကို တံခါးတွန်းဖွင့် ဝင်သွားခိုက် သူမ ကက်လျှောက်ကာ ကက်ဆက်တင်ထားသည့် (တယ်လီဖုန်းဝင် ဘလေး ဟိုဘက်က) ခုနိမ့်ဆီသို့ လျှောက်သွားသည်။

ဒရင်း(မ်)ဘက်(ဒ်)မှာ မနေ့က ပုံစံအတိုင်း၊ ကက်ဆက်ထဲမှာ တိပ်ခွေတစ်ခုထည့်ပြီးသား။ ဇော် မီးခလုတ်ဖွင့်လျက် ကက်ဆက်ကို ဖွင့်လိုက်သည်။ အင်္ဂလိပ်သီချင်းသံသည် ပြေပြစ်ချောမွေ့စွာ ခပ်တိုးတိုး ထွက်လာ၏။ အသံမှာ ခပ်တိမ်တိမ် ညင်သာပြီး အမျိုးသမီးအသံနှင့် တူသည်။ ဇော်သည် ကက်ဆက်ဘေးမှာချထားသော တိပ်ခွေကာဗာကို ကောက်ကိုင်ကြည့်သည်။ အမျိုးသားသုံးယောက် မတ်တတ်ရပ်နေသော ဓာတ်ပုံဖြင့် ဘီးဂျီး(စ်) တဲ့။ သူတို့ မျက်နှာအောက်ပိုင်းမှာ မုတ်ဆိတ်မွေးများ၊ နှုတ်ခမ်းမွေးများ ဖုံးနေသည်။

"နန္ဒ. . .အခုဖွင့်ထားတာ ဘာသီချင်းလဲ"

သူမ ခပ်ကျယ်ကျယ် အော်မေးလိုက်သည်။

တံခါး ထပ်ခန်ဲ ပွင့်သွားပြီး လက်တစ်ဘက်က စာအုပ်ကိုင်လျက် သူမ အနီးသို့ နန္ဒ ရောက်လာ၏။





"ဟောင်း ဒိ(ပ်) အစ် (စ) ရော် လပ်(ဗ်). . .တဲ့"

ထို့နောက် ဇော့်ကို စာအုပ် လှမ်းပေးသည်။ ဇော်သည် စာအုပ်ပါးလေးကို လက်မတုန်အောင် သတိထား၍ ကိုင်လိုက်ရလေသည်။ ထို့နောက် မိုက်မဲစွာပင် မေးခွန်းတစ်ခု မေးလိုက်မိသေးသည်။

"ဒီ အီး အီး ပီ ဒိ(ပ်) လား၊ ဟုတ်လား . . ."

နန္ဒ၏ ခပ်တည်တည် မျက်နှာမှာ အပြုံးရိပ်ရိပ်ကလေး ဆင်လာသည်။ နီးကပ်စွာရပ်နေသော နန္ဒ ပါးပြင်အစွန်းဆီမှ ရွှေရောင်မွေးညင်းနုနုကလေးများကိုပင် သူမ မြင်နေရသည်။

"အေး. . .မင်းရဲ့အချစ်က ဘယ်လောက်နက်ရှိုင်းသလဲလို့ အဓိပ္ပာယ်မရဘူးလား"

သူ့မျက်လုံးများ ခါတိုင်းထက်ပို၍ ရီဝေနေကြသည်။ သူ့ အသက်ရှူထုတ်လိုက်သော ထွက်သက်လေသည် သူမ နဖူးပေါ်က ဆံစများသို့ တိုးဝှေ့လာသည်ဟုပင် ခံစားလိုက်ရ၏။ မကြာခင်ကာလ အတွင်းထူးခြားသော အဖြစ်အပျက်တစ်ခု ဖြစ်တော့မှာကို အာရုံသိစိတ်ဖြင့် အလိုလိုရိပ်မိသွားသော ဇော်သည် အားတင်းလျက် နောက်သို့ ခြေတစ်လှမ်းဆုတ်ဖို့ ဟန်ပြင်သည်။

သို့သော် သူမ နောက်ကျသွားပါသည်။

နန္ဒက သူမကို သူ့ရင်ခွင်တွင်းသို့ ခပ်မြန်မြန် ဆွဲယူလိုက်ပြီး တင်းကျပ်စွာ ဖက်ပွေ့ထားလိုက်လေသည်။ မျှော်လင့်ထားပြီး ဖြစ်လျက် ဇော် တအားလန့်ဖျပ် သွား၏။ သူ့ရင်ဘတ်နှင့် ထိနေသော သူမ၏ ရင်မှာ တဒိတ်ဒိတ် မြန်ဆန်စွာ စည်းမဲ့ကမ်းမဲ့ ခုန်လျက်ရှိသည်။ သူမ ရုန်းထွက်လိုက်ဖို့ လုံးဝ သတိမရလိုက်သေးမီ နန္ဒလက်တစ်ဘက်က သူမ မေးစေ့မှကိုင်လျက် ဆွဲပင့်၍ မော့စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . ."

အင်အားမဲ့စွာ ငြင်းပယ်လိုက်သော သူမ၏ ခပ်အက်အက် အသံမှာ သူ့နှုတ်ခမ်းများအောက်တွင် တိမ်ဝင်သွား၏။ သီချင်း သည်လည်း သူ့အနမ်းအောက်တွင် တိုးတိတ်လွင့်ပျောက်သွားသည်။ တလှပ်လှပ် မှုမိုက်တိမ်းပါးသော အာရုံကြောင့် သူမ၏လက်မှ စာအုပ် ကလေး ခေါက်ခနဲ အောက်လွတ်ကျသွားသည်။ သည်တော့မှ ရှန်းထွက်ဖို့ သတိရပြီး ချည့်နဲ့စွာ သူ့ကို တွန်းဖယ်လိုက်မိလေသည်။ သို့သော် သူ့လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်လျက် ဆွဲကပ်ထားသော သူ့ မျက်နှာမှာ ဘယ်လိုမှ မလှည့်သော မရုန်းသာ ရှိနေ၏။

အချိန်ဆွဲ၍ အကြာကြီးနမ်းပြီးမှ သူမကို အသာအယာ တွန်းထုတ်ပေး၏။ သူမ မျက်စိများကို တအားမှိတ်ထား လိုက်သေး သည်။

"ကြည့်စမ်း. . .မင်းဟာ ဘယ်လောက်အံ့ဩဖို့ ကောင်းသလဲ၊ မင်းကို ဘယ်သူမှ မနမ်းဖူးဘူးလားဟင်"

သူမ ဒူးများညွတ်ခွေလုမတတ်ဖြစ်နေ၍ ဒရင်း(မ်) ဘက်(ဒ်) ပေါ်သို့ လေးပင်စွာ ထိုင်ချလိုက်ရင်း ခေါင်းယမ်းခါပြလိုက်သည်။

"မြို့ကရော. . ."

သူမ မိန်းမောနေရာမှ သတိပြန်ဝင်လာလောက်အောင် ရင်ကိုစူးနစ်စွာ လာထိသော မေးခွန်းတစ်ခု ဖြစ်လေသည်။ ဇော်သည် မှိတ်ထားသော မျက်စိကို ပြန်ဖွင့်ကြည့်လိုက်၏။

"ဘာပြောတယ်. . ." သူမအသံမှာလည်း စူးစူးရှရှ ဖြစ် သွားသည်။ နန္ဒက သူမအနီးတွင် မတ်တတ်ရပ်လျက် ကမူး၏စာအုပ် ကလေးကို ငုံ့ကောက်လိုက်သေး၏။ ပြီးမှ ဇော့်ကို ခပ်တည်တည်





ကြည့်ပြီး စာအုပ်ကို ဇော့် ပေါင်ပေါ် ပစ်တင်ပေးသည်။ ထို့နောက် တိုးတိတ်စွာ စကားတစ်ခွန်းပြော၏။

"မြို့ကျော်. . . မင်းကို ချစ်နေတယ်လေ . . ."

"အို. . ."

သူမ စာအုပ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ရင်ထဲမှာ ဆို့တက်ဟာစွာ ငိုချပစ်လိုက်ချင်လာ၏။

"ဒီနေ့ နင်ပြောသမျှ စကားတွေထဲမှာ ဒီစကား အမိုက်ဆုံးပဲ"

"အိုကေ. . .အိုကေ. . .ဒါဆိုလဲ ပြီးရောပါ၊ ဒါနဲ့ ကိုယ် မင်းကို မနေ့တုန်းက ကိုယ့်လက်ရာ မက်မန်းဝိုင် မတိုက်လိုက်ရဘူး၊ ကိုယ့်လုပ်အားကို ချီးမြှင့်တဲ့အနေနဲ့ သောက်မယ်မဟုတ်လား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ. . ." သူက မီးဖိုဘက်သို့ ခြေလှမ်းရာက လှည့်မေးသည်။

"မူးမှာကြောက်တယ်. . ."

"ဟာ. . . ကြဲကြဲဖန်ဖန် မမူးပါဘူး၊ ဝိုင်လေကွာ၊ နောက်ပြီး ဒီ(စ်)ထည့်မထားဘူး၊ ဒီအတိုင်း ဖျော်ရည်အနေနဲ့သောက်လို့ရတယ်"

သူ ထွက်သွားသောအခါ သူမသည် ခုချိန်အထိခုန်နှုန်းမမှန် သေးသော နှလုံးရှိရာကို လက်နှင့် အသာဖိထားရသည်။ ရှေ့ဆက်ဘာ တွေဖြစ်လာဦးမလဲ။ သူမ ချက်ချင်း ထွက်သွားသင့်ကြောင်း ဦးနှောက်က သတိပေးနေပါလျက် သူမ၏ ကိုယ်ခန္ဓာမှာ ရစ်ငင်ညို့ယူခြင်း ကြောင့် တွယ်ကပ်လျက်ရှိပြီ။

"ရော့. . . တင်တင်ဇော်. ." လက်ဖက်ရည်ပန်းကန် အလတ်စားလောက်သာမြင့်သော ဖန်ခွက် သေးသေးရှည်ရှည်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နီရဲသော အရည်များကို သူ ထည့်လာသည်။

"မသောက်ချင်ဘူး . . ."

"သောက်ကြည့်ပါ၊ မမူးပါဘူး။ ကိုယ် မနှစ်ကစိမ်ထားတာ မူးစေချင်ရင် ကိုယ် မက်မန်းဝိုင် ဘယ်တိုက်မလဲ၊ ဝီစကီ တိုက်မှာပေါ့ ရော့. . ."

သူမ ခေါင်းယမ်း၍ ငြင်းဆဲ။

"သောက်ပါ၊ မသောက်ရင် ကိုယ် အတင်းတိုက်မှာနော်"

သူမ ပထမဆုံးအကြိမ် နန္ဒကို ကြောက်ရွံ့လာသည်။

"ကဲ. . .တစ် နှစ် သုံး တစ်ဆယ်ထိ ရေလို့မှ မသောက်ရင် ကိုယ် ခွက်တိုက်မှာ. . .ဝမ်း. . .တူး. . .သရီး"

ဇော် ထိုင်ရာမှထ၍ တံခါးပေါက်ရှိရာသို့ ပြေးဖို့ ပြင်လိုက်၏။ သို့သော် သူက ဇော့် လက်ကို တင်းကျပ်စွာ ဖမ်းဆွဲလျက် မချိုမချဉ် မျက်နှာဖြင့် ဂဏန်းစဉ်အတိုင်း ဆက်ရေရွတ်နေပြန်သည်။

"ဖိုက်(ဖ်). . .ဆစ်(ခ်)(စ်). . .ဆဲဝင်း(န်) . . ."

"လွှတ်နော်. . .နန္ဒ. . .နင်ငါ့လက်ကို ကိုင်မထားနဲ့"

"အိတ်(ထ်). . .နိုင်း. . .တဲန်း(န်). . .။ သောက်"

တင်းတင်းစေ့ထားသော နှုတ်ခမ်းဘေးမှ အရည်များဖိတ်စင်ယိုကျသွားသည်။

"ကဲ. . .ကြည့်။ မင်းအင်္ကျီ စွန်းထင်းကုန်ပြီ။ သောက်စမ်းပါ ရော့ မျိုချလိုက်. . ."

သူမ ဘယ်လိုမှ ရုန်းထွက်မရ၍ နှုတ်ခမ်းသို့ လာတိုသော ဖန်ခွက်ထဲမှ ဝိုင်များကို သောက်ချပစ်လိုက် ရတော့သည်။ စိမ်ရည်ပြာ၍ ဖူးရှသော အနံ့ရှိသော်လည်း ချိုမြမြ အရသာကလေးမှာ စွဲမက်ဖွယ်





ကောင်းလှ၏။ သူမ နှစ်သက်စွာပင်တုန်အောင် သောက်ပစ်လိုက်သည်။

"ဘယ်လိုလဲ. . .မူးမယ်လို့ ထင်နေသေးသလား"

"ဟင့်အင်း. . ."

"ကောင်းလား. . . အရသာ"

"အင်း . . ."

နန္ဒက ကြည်လင်စွာပြုံးလျက် ဖန်ခွက်ကလေးကို လက်ထဲမှ လှည့်ပတ်ကြည့်နေ၏။ ဖန်ခွက်မှာ ဖန်သားကို ထွင်းထားသော အင်းကြွ ကနုတ်ပန်းခက်ကလေးများဖြင့် ချစ်စရာကလေး. . .။ နောက် သူ ဖန်ခွက်ကို ဆက်တီစားပွဲပေါ် အသာကလေး သွားတင်လိုက်သည်။

"မင်းအင်္ကျီ လျှော်ပစ်ရတော့မယ်"

ဇော် ငုံ့ကြည့်လိုက်တော့ အင်္ကျီအဝါနုရောင် ရင်ဘတ်မှာ ရှိသော အကွက်များ စွန်းထင်းနေလေသည်။

"နင်က ဖွတ်တိုက်တာကိုး. . ."

"မင်းက ငြင်းနေတာကိုးကွ၊ ကိုယ်က မင်းကို သောက်စေချင်တယ်ဆိုရင် သောက်မှ ကြိုက်တယ်။ ကိုယ့်ကိုများ အရက်ညာတိုက်မယ့်လူမျိုး ကျနေတာပဲ။ ကိုယ် လျှော်ပေးပါ့မယ်။ ကိုယ့်ကြောင့်ဖြစ်တာပဲ"

"အို ဘယ်ဖြစ်မလဲ"

"ဒါဖြင့် မင်း ဒီအတိုင်းပြန်မှာလား"

သူမ တွေဝေစွာ နှုတ်ခမ်းတင်းတင်း စေ့ထားလိုက်သည်။ သူက အခန်းထဲသို့ လှစ်ခနဲဝင်သွား၏။ ခဏကြာတော့ ပြန်ထွက်လာသည်။ သူ့လက်ထဲမှာ ရှပ်အင်္ကျီတစ်ထည် ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့... ကိုယ့်အင်္ကျီတွေထဲမှာ ဒီတစ်ထည် အကျပ်ဆုံး မင်းနဲ့ သိပ်မပွလောက်ဘူး။ မင်းအင်္ကျီကို အခန်းထဲ သွားချွတ်လဲလိုက် ဒါ ဝတ်ထားလိုက်နော်"

သူမထံသို့ အင်္ကျီကို ပစ်ပေးလိုက်၏။ ထို့နောက် ဒရင်း ဘက်(ဒ်)ပေါ်မှာ ဝင်ထိုင်ကာ ကက်ဆက်တိပ်ခွေကို ပြန်ရစ်သော ခလုတ်ကိုနှိပ်လိုက်သည်။ ခဏနေတော့ ပြန်ဖွင့်၏။ စောစော သီချင်းသံထွက်လာသည်။ သူက သီချင်းကို ခပ်တိုးတိုးလိုက်ညည်း လျက် နောက်ကျော မှီဆန့်လိုက်လေသည်။ သူမ၏ ပခုံးပေါ်တင်ထား သော အင်္ကျီကို လက်မှာ ဆုပ်ကိုင်ထားရင်းတောင့်တင်းစွာ မတ်တတ် ရပ်နေမိသည်။ သူ ဖျတ်ခနဲ လှည့်ကြည့်ခိုက် တွေဝေစွာ ရပ်နေသော သူမကို မြင်သွား၏။

"ဟာ... မင်း အင်္ကျီသွားမလဲသေးဘူးလား၊ ဘာလဲ ကိုယ် ချွတ်ပေးရဦးမှာလား"

သူမ မျက်နှာမှာ ရှက်သွေးဖြန်းခနဲ ပူထူသွားပြီး ဒေါ ယောင်းခနဲ ထွက်လာ၏။

"လဲ သေလိုက်..."

"ဟား ဟား ဟား... စောစောကလို ကိုယ် ဝမ်း သရီး ရေလိုက်မှာနော် ..."

သူ့စကားမဆုံးမီ သူမ အခန်းတံခါးကို လှည့်ဖွင့်ကာ ဝင်သွားလိုက်လေသည်။ သူ့ရယ်မောသံမှာ အခန်းထဲသို့ လွှင့် လိုက်ပါလာသည်။ သော့ခတ်မထားသောကြောင့် အပြင်မှ လှည့် လျှက်ရမှန်း သူမသိနေသောအခါ သူမ မလုံမလဲ ကျောထဲကစိမ့် သည်။ ဝင်လာလည်း ငါ့ရဲ့ ကံကြမ္မာပဲပေါ့။ ဘယ်တတ်နိုင်မလဲ သို့သော် သူမ အင်္ကျီလဲပြီးသည်အထိ သူ ဝင်မလာပါ။ ရသမျှ





အတွင်း စပ်စုလိုစိတ်ဖြင့် သူ့အခန်းထဲကို ဝေ့ဝဲကြည့်မိသည်။ တစ်ယောက်အိပ် ကျွန်းခုတင်တစ်လုံး၊ တစ်မိုက်ခန့်ရှိသော မွေ့ရာ ပေါ်မှာ အစိမ်းနုရောင်မွေ့ရာဖုံး အိပ်ရာခင်း ခင်းထား၏။ ခေါင်းအုံးက အဖြူရောင်နှစ်လုံးဆင့်။ ခုတင်ခေါင်းရင်း မှန်ခုတင်ခုံပေါ်မှာ ကိုယ် သိမ်းပေါင်ဒါ၊ ရေမွှေးအပြင် အသားအရေချောမွတ် မွှေးပျံ့အောင် သိမ်းဟန်တူသော ကရင်း(မ်)ဘူးရှည်များကို တွေ့ရသည်။ ဒါကြောင့် သူ့ကိုယ်က အနံ့က ချိုချိုကလေး ယဉ်နေတာထင်ပါရဲ့။ သူမကြာကြာ နေရဲပါ။ အနီရောင် စွန်းထင်းနေသော အင်္ကျီကို လက်မှ ကိုင်လျှပဲ ခပ်သုတ်သုတ် ဖွင့်ထွက်ခဲ့သည်။ သူကဒရင်း(မ်) ဘက်(ဒ်) ပေါ်ယှဉ် ကျော်စီမှိတ် လဲလျောင်းနေဆဲ ဖြစ်လေသည်။

"နှနှ..."

သူ လှည့်ကြည့်၏။

"အိုး...။ မင်းသိပ်လှတာပဲ" ပွရောင်းရောင်း သူ့ရှပ် ထားသော သူမကို မျက်စိမှိတ်ပြလျက် အင်္ဂလိပ်စကားဖြင့် နောက်ပြောင်သည်။ ထို့နောက် သူ ထိုင်ရာမှ ထလိုက်၏။

"ပေး...ကိုယ် သွားလျှော်မယ်။ မင်း ဒီမှာထိုင်ပြီး သီချင်း နားထောင်နှင့်"

အင်္ကျီကို သူ့လက်ထဲသို့ ခပ်မြန်မြန် ထည့်ပေးလိုက်တော့ သူ အင်္ကျီကိုယူလျက် လှည့်ထွက်သွားသည်။ သူ ကြိုက်သောဘီးဂျီး(စ်) ကို သူမ မကြိုက်ပါ။ သီချင်းဆိုတာ မြန်လွန်းပြီး အသံကလည်း ဆောက်ဂျားသံမဟုတ်ဘဲ မိန်းမသံလိုလို ခပ်သေးသေး အစ်၍ဆိုတတ် သော ဂ္ဂုအဖွဲ့ကို သူမ ကြိုက်၍မရသေးပါ။ တခြားသီချင်းလဲ ဖွင့်ဖို့ စဉ်းစားသေးသော်လည်း သူကြိုက်၍ဖွင့်ထားသည့် သီချင်းမို့ အသံ ကိုကျယ်ကျယ်ညှိ၍ပင် ပေးလိုက်မိလေသည်။ စာအုပ်ဗီရိုရှေ့မှာ ရပ်



www.burmeseclassic.com

www.burmeseclassic.com



လျက် ထောင်ထားသော စာအုပ်အနှောင့်မှ နာမည်များကို ထောင်လိုက် ဖတ်နေလိုက်၏။ အပေါ်ဆုံးထပ် အပြင်ဘက်တန်းမှာ ပြင်သစ်စာရေးဆရာများ၏ အင်္ဂလိပ်ဘာသာဝတ္ထုများကို တွေ့ရသည်။ ကမူအင်ဒရေမယ်ရော(လ်) (၅) ။ အင်ဒရေဂျိ(၅) ။ အင်း... ဒီလောက်ခေ တဲ့စာအုပ်တွေ သူ ဖတ်ကောဖတ်မှာလား။ သူ ဖတ်နိုင်ပါလိမ့်မည် ကိုးတန်းမှစရေလိုက်လျှင် နှစ်ပေါင်းဆယ့်တစ်နှစ်။ ဆယ့်တစ်နှ ာတွင်း သူ၏ အင်္ဂလိပ်ဘာသာစကား အလွန်တိုးတက်လာနိုင် ၎ာ်။ မနာလိုစရာလည်း ဘာမှရှိပါ။ အံ့သြစရာကောင်းသည်က သူ သော ပြင်သစ်စာရေးဆရာမ ဒက်ဖနီဒူမောရီယား၏ဝတ္ထုတစ်အု ရပ်ခေမှ မတွေ့ရပါ။ နန္ဒသည် ဖြိုးလိုပင် မိန်းမစာရေး ဆရာဆိုမဖ သူမ၊ ပညတ်ချက်ရှိလေသလား။ သို့သော် မျက်စိဝေ့ကြည့်လို

အခါ အောက်တစ်ထပ်တွင် ဗာဂျီးနီးယားဝုလ်(ဖ်) စာအုပ်သုံ ချွတ်အုပ်ကို တွေ့ရတော့ ဤကဲ့သို့ မဟုတ်နိုင်ဟု တွေးမိပြန်၏။

ဘယ်လောက်ကြာအောင် စာအုပ်များကို ငေးမောနေ သလဲ မသိ။ ခြေသံခပ်ဖွဖွဖြင့် နန္ဒ နောက်မှလာရပ်မှ သူမ ကမန်းကတန်း လှည့်ကြည့်လိုက်သည်။ သူ့လက်ထဲမှာ ရေစက်လက်ဖြ သူမအကျီရေစိုကို တွေ့လိုက်ရသည်။

"နန္ဒ. . .အဲဒါခြောက်ဖို့ ဘယ်လောက်ကြာမယ် မသိဘူး နော်"

"ကိုယ် မီးပူထိုးပေးမှာပါ။ မင်းဥစ္စာက အပါးစပဲ၊ မြန်မြန် ခြောက်ပါလိမ့်မယ်။ အခုခဏ ရေတွေခါပြီး လှန်းထားလိုက်ဦးမှနော် ဟိုကောင်တော့ ဘုရားဇော်မှာ ကိုယ်တို့ကိုမျှော်နေလောက်ပြီ။"

အို. . .ဟုတ်ပါရဲ့၊ ဖြိုးကို သတိရသွားတော့ သူမ မျက်နှာ နွေးသွား၏။ ကြည့်စမ်း၊ ဖြိုး အတန်တန်မှာလျက်နဲ့ သူမ ဤတိုက်ခန်း





သို့ လိုက်ခဲ့မိလေခြင်း။ လက်မှ နာရီကို ငုံ့ကြည့်လိုက်တော့ ၅ နာရီ သမိနစ်။ သူ အကျီချိတ်တွင် သူမ၏ အကျီကိုချိတ်လျက် ဝရန်တာ ကြိုးတန်းရှိရာသို့ သွားလှန်းလေသည်။

"ဖြိုး. . .စိတ်ပူနေလိမ့်မယ် နန္ဒ . . ."

သူက ဝရန်တာတံခါးကို နောက်ပြန် အသာစေ့ရင်း သူမကို ငုံ့ငူစူး တစ်ချက်စိုက်ကြည့်၏။ ထို့နောက် ခေါင်းတစ်ချက် ဆတ်ပြ သည်။

"ကိုယ် သိပါတယ်။ ဒါပေမယ့် . . . ဘယ့်နှယ်လုပ်မလဲ၊ င်း ဒီအကျီကြီးနဲ့ သွားလို့ဖြစ်မလား။ ဒါနဲ့ ကိုယ် တစ်ခုမေးချင်တယ် င်း မညာဘဲ ဖြေမလားဟင် . . ." နန္ဒ မျက်နှာမှာ နူးညံ့သိမ်မွေ့နေ သည်။

"မေးလေ. . .အမှန်အတိုင်း ဖြေမှာပါ"

"ကိုယ်နဲ့ဖြိုး . . . ဘယ်သူ့ကို ပိုချစ်သလဲဟင် . . ."

ဘုရားရေ။ သူမ မတ်တတ်ရပ်လျက်က ခွေယိုင်သွားတော့ ဆို မူးဝေသွား၏။ ဘယ့်နှယ့်မေးခွန်းကြီးပါလိမ့်။ သူမ ခေါင်းယမ်း တ်သည်။ သူက တဖြည်းဖြည်း အနားသို့တိုးကပ်လာသည်။

စောစောက နူးညံ့နေသော မျက်လုံးများမှာ သူမနှင့် နီးလာ ာ ညို့ဝင်သော မျက်လုံးများအဖြစ် ပြောင်းလဲသွား၏။

"နင့်မေးခွန်းက အဆင့်ကျော်နေပြီ နန္ဒ . . ."

"ဟုတ်လား...ဒါဆို ကိုယ်တစ်ဆင့်လျှော့လိုက်ပါမယ်" ထို့နောက် သူ ပြုံးလာသည်။

"မင်း ကိုယ့်ကို ချစ်ရဲ့လား . . ."



www.burmeseclassic.com

www.burmeseclassic.com



သူမ ဒေါသဖြင့် တုန်ခိုက်သွား၏။ ကြည့်စမ်း ဒါလဲ တစ်ဆင့် ကျော်နေသေးတာပဲ မဟုတ်လား။ သူမ မာနကြီးမှု ခေါင်းခါယမ်း ပစ်လိုက်၏။ သူ ပိုမိုပြုံးရယ်လာသည်။

"မင်း...ညာနေတာပါ" ဇော် မျက်နှာဖြန်းခနဲ ပူသွား ကြီးစားပမ်းစား ရယ်ချပစ်လိုက်သည်။ ကိုယ့်ကိုယ်ကို တော် အထင်ကြီးလှပါလား နန္ဒရယ်။

"နင် မှားနေပြီ...လုံးဝ နင့်ကို မချစ်ဘူး ..."

သူ သူမကို စူးစူးရှရှ တစ်ချက်ကြည့်ရင်း သူမ၏ စ်ဘက်ကို ဆုပ်ကိုင်လိုက်လေသည်။ ထို့နောက် သူမကို တအား ပွေ့ပြီး နောက်တစ်ကြိမ် ဖွတ်နမ်းပြန်၏။ စောစောကထက် ပိုမို ပြင်း သော သူ့အနမ်းအောက်မှာ သူမ အသက်ရှူဖို့ မေ့လျော့သွားသည် ပို့နောက် သူမ သတိမထားလိုက်မိခင်မှာပင် တုန်ယင် လှုပ်ရှားသော က်များဖြင့် သူ့နောက်ကျောကို ပြန်ဖက်ထားမိလျက်သား ဖြစ်သွား သည်။ နန္ဒက သူမ မျက်နှာကို အနည်းငယ်တွန်းခွာ လိုက်ပြီး မရေ မပြုံးကြည့်သည်။

"ပြော...ကိုယ့်ကို ချစ်တယ်လို့ပြောစမ်း"

သူမ မပြောပါ။ သူ့ရင်ခွင်မှာ မျက်နှာအပ်လျက်က တင် ဒိတ်တုန်ခါနေသော မိမိ၏ နှလုံးခုန်သံကို ပြန်ရှက်လျက်ရှိသည်။

သူ ဇော့်ကို တွန်းခွာပစ်လိုက်ပြီး နောက်တစ်ကြိမ် ထပ် အမိန့်ပေးပြန်၏။

"တင်တင်ဇော်...မင်း ကိုယ့်ကိုချစ်တယ်လို့ ပြောစမ်း"

သူမ ခေါင်းတစ်ချက် ညိတ်ပြလိုက်မိတော့သည်။

"ဘာ... ခေါင်းညိတ်တာလဲ၊ မရဘူး...မင်း နှုတ်ခမ်း ပြောမှ..."





"အိုး...နင် ငါ့ကို တော်တော်အနိုင်ကျင့်ပါလား"

သူက ဇော့်ကို ပွေ့ဖက်လျက်က ခပ်ဖွဖွ ရယ်မောလေသည်။ ဇော့် နဖူးပေါ်မှာ ဝဲကျနေသော ဆံပင်များကို လက်ဖြင့် ပင့်တင်သပ် ရင်း နဖူးကို အညင်သာဆုံး နမ်းလိုက်ပြီးမှ သူမကို လွှတ်ပေးသည်။ သူ့ကို မှိုရပ်နေမိသော ဇော်မှာ နည်းနည်းကလေးယိုင်သွား၏။

"ကဲ...ဖြူးကျော် မောင့်နေရတာ သိပ်ကြာနေလိမ့်မယ်၊ လိုလုပ်၊ မင်းက ဒီမှာအခန်းတံခါးကို သော့ခတ်ပြီးနေခဲ့၊ ကိုယ် ရားကိုသွားပြီး ဖြူးကို ရှာပြီး ခေါ်ခဲ့မယ်။ ဒီကနေ မင်း အကျီချောက် မှ မင်းတို့ပြန်ကြ...နော်၊ သဘောတူလား"

သူမတစ်ဦးတည်း ဤအခန်းမှာနေဖို့ စဉ်းစားတော့ တော် တော် လန့်သွားပါသည်။

"ငါ တစ်ယောက်တည်း နေခဲ့ရမှာလား"

သူ ဟက်ဟက်ပက်ပက် ရယ်လေသည်။

"သြော်... တင်တင်ဇော်လေး၊ မင်းဟာလေ သိပ်ကိုအတာ ပဲလား။ မင်းတစ်ယောက်တည်း ဒီမှာနေခဲ့တာဟာ ကိုယ်နဲ့ ယောက်အတူရှိနေတာထက် မင်းအတွက် ပိုလုံခြုံစိတ်ချရတယ်ကွ"

"နင် ဘာတွေ လျှောက်ပြောနေတာလဲ"

နန္ဒက သူမပခုံးကို ခပ်ဖွဖွပုတ်လျက် "ကဲ... မင်းနေခဲ့နော်" လှည့်ထွက်ရန် ဟန်ပြင်ခိုက် တယ်လီဖုန်းမြည်သံက သီချင်းသံ ထဲမှ ဆူညံစွာ ပေါ်လာသည်။ သူ ကမန်းကတန်း ကက်ဆက်ကို လျက် တယ်လီဖုန်းကို မ ကိုင်လိုက်လေသည်။

"ဟုတ်ကဲ့...ကျွန်တော် နန္ဒပါ။ ဟာ...အေး... အခုပဲ ရားပေါ် ကိုယ်လာတော့မလို့။ ဒီလိုလေ...ဟင်... အဲ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ သူ ဒီမှာရှိတယ်။ နေဦးကွ၊ ကိုယ်ပြောဦးမယ်။ ဟော့. . . ဖြိုးကျော် . . .”

ထို့နောက် သူ တယ်လီဖုန်းကို ခပ်ကြာကြာ စိုက်ကြည့်ပြီး ပြန်တင်ထားလိုက်လေသည်။

“ဘာတဲ့လဲဟင်. . .နန္ဒ”

သူ မျက်နှာမကောင်းပါ။

“ဒီကောင် အရမ်းဒေါပွနေတယ်။ ကိုယ် စိတ်မကောင်း[illegible] ဘူး တင်တင်ဇော်။ အမှန်ကတော့ ဒီအခန်းကို မင်းကိုခေါ်လာ[illegible] မကောင်းဘူး၊ ကိုယ့် မှန်းဆချက်တွေ မှားကုန်ပြီလားမသိဘူး။ မင်း[illegible] နှစ်ယောက်ကြားမှာ ကိုယ်က အမှိုက်စတစ်ခု ဖြစ်နေပြီထင်တယ်”

သူ ပျဉ်ခင်းကြမ်းပြင်မြင့်ပေါ် စိတ်ပျက်လက်ပျက် ထိုင်[illegible] လိုက်၏။

“နန္ဒ. . .အခု ဖြိုးက ဘယ်မှာလဲ . . .”

“သူ လာနေပြီ. . .”

ငါးမိနစ်ကြာမျှ ဇော်က မတ်တတ်ရပ်လျက်၊ နန္ဒက ကြမ်းပြင်[illegible] မှာထိုင်လျက် ငြိမ်သက် ဒေးမောနေပြီးနောက် ခြေသံပြင်းပြင်း[illegible] ဖြိုး ရောက်လာ၏။ ဇော် ချက်ချင်း လှည့်မကြည့်ရဲပါ။ နန္ဒကသာ[illegible] အတတ်နိုင်ဆုံး ပြုံးထားသော မျက်နှာဖြင့် ထိုင်ရာမှ ထကာ ခရီးဦးကြို[illegible] ပြု၏။

“လာ. . .ဖြိုးကျော်. . .”

ဖြိုး ခြေသံခပ်ကြမ်းကြမ်းက သူမ၏နောက်မှာ ရပ်သွား[illegible] သည်။ ထို့နောက် သူမ ပခုံးနှစ်ဘက်ကို ဆွဲယူလှည့်ပစ်လိုက်သပြီး[illegible]





[illegible]ခနဲလည်လျက် ဖြိုးနှင့် မျက်နှာချင်းဆိုင် ဖြစ်သွား၏။ ဖြိုး၏ တင်းမာ[illegible]သော မျက်နှာမှာ သူမ၏ ရီဝေနေသော မျက်ရည်များကြောင့် ခဏ[illegible]င်းပြေလျော့သွားသည်။ သူ အံကြိတ်လိုက်သေး၏။ ပြီးမှ အတတ်နိုင်[illegible] လျှော့ချထားသော လေသံဖြင့်...

“နင့်အကျီရော. . .”ဟု မေးသည်။ သူမမျက်နှာ ဖြန်းခနဲ[illegible]လျက် ခေါင်းယမ်းခါလိုက်သည်။

“မဟုတ်ဘူး ဖြိုး . . .”

“တင်တင်ဇော့်အကျီ မက်မန်းဝိုင်တွေ စွန်းသွားလို့”

“မင်းကို မမေးဘဲနဲ့ ဝင်မပြောပါနဲ့ နန္ဒ”

“ဟုတ်ပါတယ်၊ သူပြောသလိုပါပဲ။ ဝိုင်အနီတွေ [illegible]သွားလို့သူ လျှော်ထားတယ်၊ အပြင်မှာ လှန်းလို့ . . .”သူမ အသံကို [illegible]န်အောင် ကြိုးစားထိန်းချုပ်လျက် ပြောလိုက်ရသည်။

“ကောင်းပြီလေ၊ ဝိုင်အနီတွေ ဘာကြောင့်စွန်းတယ်လို့ ငါ [illegible]းတော့ပါဘူး။ အခုဒါဖြင့် အဲဒီအကျီ မခြောက်မချင်း နင်တို့က [illegible] ထိုင်နေကြမှာပေါ့။ ငါ့ကို ဘုရားပေါ်မှာ တစ်ယောက်တည်း [illegible]ခိုင်း ထားဦးမှာပေါ့”

“ကိုယ်တစ်ခုပြောမယ်. . .”

နန္ဒအသံကြောင့် ဖြိုးက နန္ဒဘက်သို့ ဖျတ်ခနဲ လှည့်ကြည့် [illegible] သူ့မျက်နှာက တင်းမာရိပ်ထက် မလျော့သော မာကျောမှုဖြင့် [illegible] ဖြိုးကို စိုက်ကြည့်ရင်း တစ်လုံးချင်း ပြောလေသည်။

“ကိုယ်အခု မင်းဆီ လာတော့မလို့ဘဲ။ တင်တင်ဇော်ကို [illegible]ထားခဲ့ပြီး ကိုယ်မင်းကို လာခေါ်တော့မလို့ဘဲ”

ဖြိုးက ခပ်လျောင်လျောင် ရယ်လိုက်သောအခါ နန္ဒမျက်နှာ [illegible] နီသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရယ်စရာမလိုဘူး။ ကိုယ်ဟာ ဘယ်တုန်းကမှ ဘယ်သူ့ကြောင့်မှ မညာဖူးဘူး။ ဒါအမှန်အတိုင်း ပြောတာ။ မင်း ယုံချင်ယုံ မယုံချင်နေ။ တစ်ခုတော့ ပြောလိုက်မယ်၊ ကိုယ်ကလိုချင်တာတင်းကို ရအောင်ယူတာတ်တယ်။ မင်းလိုတော့ ကောက်ရိုးပုံစောင့်တဲ့ခွေး နွားမြင်တိုင်း... "

"ဖြိုး. . ."

ဖြိုးက လျှပ်ပြက်သလို နန္ဒရှိရာသို့ လှစ်ခနဲ ပြေးကပ်သွားသဖြင့် သူမ အကျယ်ကြီး အော်ဟစ်ဟန့်တား ပစ်လိုက်မိ၏။ နန္ဒ လုံးဝမရှောင်ဘဲ မတ်မတ်ရပ်လျက် ဖြိုးကို စူးစူးရှရှစိုက် ကြည့်နေသည်။ ဖြိုးက လက်သီးဖြင့် မထိုးပါ။ ဘာမှလည်းမလုပ်ပါ။ တင်းကျစွာ ဆုပ်ထားသော လက်သီးနှစ်ဘက်ကို တဖြည်းဖြည်း လျှော့ချလျက် တက်တစ်ချက် ပြင်းပြင်းခေါက်လိုက်လေသည်။

တစ်ယောက်နှင့် တစ်ယောက်တစ်ခွန်းမျှ စကားမပြောတော့ဘဲ တင်းမာစွာ ရန်ငြိုးထားနေကြသော ယောကျ်ားနှစ်ဦး၏ အလယ်တွင် သူမ ကြာကြာမတ်တတ်ရပ် မနေနိုင်တော့သဖြင့် နီးရာ ကုလားထိုင်တစ်ခုပေါ်သို့ နွမ်းခွေစွာ ထိုင်ချလိုက်တော့သည်။

* * *



အခန်း(၅)

သမဝါယမဆေးခန်းမှ အိမ်ပြန်ရောက်သောအခါ တင်တင်ဖော်၏ စာကြည့်စားပွဲပေါ်တွင် စာနှစ်စောင်တင်ထားသည်ကို တွေ့ရသည်။ တစ်စောင်မှာ ချောမွတ်သော ကြွေစက္ကူဖြင့် အဖြူရောင် သက်သက် စာအိတ်ဖြစ်ပြီး မင်အနက်ရောင် အင်္ဂလိပ်လက်ရေး ခပ်သော့သော့ဖြင့် သူမ လိပ်စာတပ်ထားသည်။ လိပ်စာက ဘယ်လောက်ရှင်းလိုက်သလဲဆိုလျှင် နှစ်ကြောင်းပဲပါသည်။ ဒေါက်တာတင်တင်ဖော် (စာရေးဆရာမ. . .)ရေနံချောင်းမြို့တဲ့။ အောက်တွင် စာတိုက်စာရေးများ ဖြည့်စွက်ထားဟန်ရှိသော ဖော်၏ သမဝါယမဆေးခန်းနာမည် စာကြောင်းတစ်ကြောင်း အပိုပါလာသည်။ နန္ဒ၏စာမှန်း သူမချက်ချင်း ရိပ်မိလိုက်သည်။ နောက်စာတစ်စောင်မှာ ယိုးဒယားကလာသော လေယာဉ်စာအိတ်ဖြစ်သည်။ လက်ရေးမှာ ဘောလ်ပင် အပြာရောင်ဖြင့် ရေးသော သူမ အမြဲတမ်း ရင်းနှီးနေကျ ဖြိုး၏ လက်ရေးစိမ်းပိုင်းလေးများ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် အံ့ဩစရာ ကောင်းလိုက်သလဲ။ငယ်စဉ်က တည်းက ဘယ်တော့မှမတည့်သော ဤလူငယ်နှစ်ယောက်သည် ဒီမိတ် စာရေးသောအခါ တစ်နေ့တည်း ထည့်ဖြစ်ကြပုံရပါသည်။

ဇော်သည် စာနှစ်စောင်ကို ဘယ်သူ့စာ အလျင်ဖတ်ရမည် ဟု အနည်းငယ် တွေဝေစွာ ရွေးချယ်နေလိုက်သေးသည်။ ထို့နောက် ဖြိုး၏စာကို အလျင်ဖွင့်ဖတ်လိုက်လေသည်။

ဇော်. . .

နေကောင်းရဲ့လား။

ဒီတစ်ခေါက် နင် မြန်မြန်ပြန်ဖြစ်တာ ကောင်းပါတယ်။

ဦးလေး စိတ်ပူမနေရတော့ဘူးပေါ့။

သူမ သည်တစ်ခေါက် ရန်ကုန်မှာ သုံးရက်ပဲ ကြာပါသည်။

တနင်္ဂနွေညနေ နန္ဒ၏ တိုက်ခန်းမှာ သုံးယောက်သား ပြဿနာတက်ကြပြီးနောက်၊ နောက်တစ်နေ့ တနင်္လာနေ့ကျတော့ သူမ ဘေးမှာ တစ်ချိန်လုံး ဖြိုး ရှိနေခဲ့သည်။ မနက်ရှစ်နာရီလောက်တွင် ကြည့်မြင်တိုင်အိမ်သို့ နန္ဒ တယ်လီဖုန်း ဆက်သည်။ ဖြိုးက စကားပြော ခွက်ကို သူမ ကိုင်ခွင့်မပေးပါ။ သူ ကောက်ကိုင်နားထောင်သည်။

"ဟဲလို. . ."ဟု နှုတ်ခွန်းဆက်စကား ပြောပြီးပြီးချင်း တစ်ဘက် က ဖုန်းချသွားလေသည်။ ဘေးမှာ ရပ်ကြည့်နေသော ဇော် အနေဖြင့် ဘယ်သူလဲဟုပင် မေးနေစရာ မလိုပါ။ နန္ဒ ဖြစ်ရမည်။ ဖြိုးက တယ်လီဖုန်းကို ခွပ်ခနဲ ဆောင့်ချပြီး ဇော့်ဘက်သို့ မျက်နှာသာ တင်းတင်းဖြင့် လှည့်ကြည့်သည်။





"တွေ့လား. . .ဒီကောင်သာ တကယ်ရိုးသားရင်နင်နဲ့စကား ပြောချင်တယ်လို့ ပွင့်ပွင့်လင်းလင်း အရေးဆိုမှာပေါ့"

ဇော် သူ့ကို ငေးမောကာ အင်အားနည်းပါးစွာ ပြုံးပြလိုက်သည်။

"နင့်ကို ကြောက်လို့ရှိမှာပေါ့ ဖြိုးရယ်"

"အိုး၊ ဒီကောင်လား၊ လောကမှာ ဘယ်သူ့ကိုမှကြောက်တတ်မယ့်ကောင် မဟုတ်ပါဘူး။ ဒါနဲ့ ဇော်. . .နင် ဒီနေ့လက်မှတ်ရရင် နင် ဒီနေ့ပြန်ရမယ်၊ ပြန်မယ်မဟုတ်လား".

မပြန်ဘူး ဟု ဇော် ဘယ်လိုပြောထွက်နိုင်မည်နည်း။လေးလံစွာ ဖြိုးကို ခေါင်းညိတ်ပြလိုက်ရပါသည်။ ဇော့်ထံမှ သဘောတူညီချက်ရလျှင်ရချင်း သူ ကြံ့တိုင်းအောင် ကားဂိတ်သို့ ဖုန်းလှမ်းဆက်တော့၏။ ဇော် တထိတ်ထိတ် ဆုတောင်းနေလိုက်သည်။ ဒီနေ့အတွက် နေရာမကျန်ပါစေနဲ့။ သို့သော် ကံကြမ္မာသည် သူမ ဘက်မှာမရှိတော့ ဘာကြာပြီဖြစ်၍ ထိုင်ခုံနေရာကျန်နေသေးသည်. . . တဲ့။

ကိုးနာရီထိုးတော့ တယ်လီဖုန်းလာပြန်၏။ ဖြိုး အောက်ထပ် သွားနေချိန်ဖြစ်၍ ဖုန်းကို သူမ ကောက်ကိုင်ခွင့်ရသွားသည်။

စကားတစ်ခွန်းမှ မပြောဖြစ်ဘဲ တစ်ဘက်မှ အသံကိုသာ ငြိမ်သက်စွာ နားထောင်နေမိခိုက် တစ်ဘက်ကလည်း ဘာမှမပြောဘဲ ငြိမ်သက်နေသည်။ သူမ စိတ်မရှည်နိုင်စွာ ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

"တင်တင်ဇော်လား . . ."

နန္ဒ၏အသံမှာ ခါတိုင်းလိုပင် နူးညံ့သိမ်မွေ့လျက်ရှိသည်။

"ဟုတ်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



မြုန်းခနဲ အနားသို့ ဖြိုး ရောက်လာသည်။ သူမ အ
တကြားမော့ကြည့်တော့ သူ့မျက်ဝန်းမှာ တင်းမာရိပ် လုံးဝမတွေ့
သူက ပြုံးပင် ပြုံးပြလိုက်သေးပြီး မျက်နှာရိပ် မျက်နှာကဲဖြင့် စကား
ခွက်ကို တောင်း၏။ ဇော် မပေးပါ။

"ကိုယ် ရုံးကအပြန် လာတွေ့နိုင်မလားဟင်. . ."

"ဟင့်အင်း. . .ဒီနေ့. . ."

ဖြိုးက တယ်လီဖုန်းကို အသံလုံးဝ မထွက်စေဘဲ ဆွဲယူ
ပြန်ချ ထားလိုက်လေသည်။

"ဖြိုးကလဲ. . ."

ဇော် မကျေမနပ် ညည်းတော့ သူ ပြုံးလေသည်။

"နင်က မိန်းကလေးပဲ၊ မိန်းကလေးဆိုတာ တန်ဖိုး
အောင် နေရတယ်။ ကိုယ့်ကိုယ်ကို တန်ဖိုးထားမှ ယောကျ်ားတွေ
တန်ဖိုးထားလိမ့်မယ်၊ ယောကျ်ားတွေကို ဖြိုးကျော်နဲ့ အတူတူသ
ထားပြီး ဆဟ်ဆံဖို့ စိတ်မကူးနဲ့ ကြားလား။ နန္ဒကတော့ ငါ သိသ
ယောကျ်ားထဲမှာ ကိုယ့်ကိုယ်ကို အထင်ကြီးဆုံးကောင်ပဲ"

ဤစကားကို ခြွင်းချက်မရှိ သူမ ထောက်ခံဝါသည်။

"နင့်ကို သူ တကယ်ချစ်ရင်. . . သူ နင့်အချစ်ကိုရဖို့ အ
ကြိမ် ကြိုးစားစေရမယ်၊ ငါပြောတာ နင် လက်ခံရဲ့လား"

သူမ တိတ်ဆိတ်စွာ ခေါင်းညိတ်လိုက်သည်။

"အခုရော. . .သူ နင့်ကို ချစ်စကား ပြောပြီးပြီလား"

အတန်ကြာအောင် စဉ်းစားနေပြီးနောက် သူမ ဝမ်းနည်း
ခေါင်းခါယမ်းပစ်လိုက်၏။ နန္ဒသည် သူ့ဘက်က အချစ်ဆိုတာကို
ဖွင့်ပြမည့်သူ မဟုတ်ပါ။ သူသည် တင်တင်ဇော်ကို သူလိုချင်သော





ခံမျိုးသို့ရအောင် ညို့ယူဖန်တီးသွားဖို့သာ ဆုံးဖြတ်ထားဟန်တူပါရဲ့၊
ဆိုသို့ တွေးလိုက်မိတော့ ဇော် နင့်ခနဲ ရင်နာသွားလေသည်။

"ငါ့အပေါ်မှာ တလွဲမထင်နဲ့ မိဇော်၊ နင် သူ့ကို ဒီလောက်
သိက်လျှောဖို့ မကောင်းဘူး၊ နောက်ကို သူက ချစ်တယ်လို့ မပြောမချင်း
သူ့အခန်းကို နင် လိုက်သွားဖို့ စိတ်မကူးနဲ့ကြားလား၊ နင် ကတိပေးနိုင်
မလား

သူမ ခေါင်းညိတ်လိုက်သည်။

"မဟုတ်ဘူး၊ နင် စဉ်းစားပြီးမှဖြေ။ ပထမဆုံးလုပ်ရမှာ ကိုယ့်
ကိုယ်ကို သေချာဖို့ပဲ။ နောက်ပြီး သူနဲ့ပတ်သက်ပြီး ငါ သိထားသ
လောက် သူ့စကားထဲက နိုက်လို့သလောက်တော့ သူဟာ မိန်းကလေး
တစ်ယောက်ကို ဘယ်တော့မှ တစ်နှစ်ပြည့်အောင် မတွဲဘူး"

ဤစကားသည် သူမ ရင်ထဲသို့ပြင်းထန်သော အရှိန်ဖြင့်
စူးနစ်စွာ ဝင်ရောက်ထိပ္ပန် သွားလေသည်။

ထိုနေ့ ညနေ ကြံတိုင်းအောင်ကားပေါ် သူမဝင်ထိုင်ပြီးသည်
အထိ နန္ဒ ရောက်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့မိချေ၊ သူမ ပြန်မည်
ဆိုတာ သူ သိနိုင်လိမ့်မည်ဟုလည်း မထင်ခဲ့ချေ၊ လေးနာရီဆယ်မိနစ်
တွင် ကားစက်နှိုးသည်။ ဖြိုးက ပြတင်းပေါက်ဘေးမှာရပ်လျက် ပြုံးရယ်
ကာ ဂိုပိကောင်းပါစေဟု ရွတ်နောက်နောက် အမူအရာဖြင့် ဆုတောင်း
ပေး၏။ ထို့နောက် ကားဦးခေါင်းဦးတည်ထားသော မဟာဗန္ဓုလလမ်း
ဆီသို့ တစ်ချက်လှမ်းကြည့်ပြီး သူ့ မျက်နှာက အပြုံးရိပ်မှာပျောက်သွား
သည်။

"ဟိုကောင်လာနေတယ်"

သူမကိုယ်သူမ ထိန်းချုပ်၍မရနိုင်ဘဲ ရင်တဒိတ်ဒိတ် မြန်
ဆန်စွာ ခုန်လာသည်။ ဘယ်သူလဲဟု မေးဖို့မလိုပါ။ လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ နန္ဒက ခပ်သွက်သွက် လျှောက်လာနေသည်။ သူမထိုင်ကြဲတိုင်းအောင်ကား၏ ရှေ့တည့်တည့် ကပ်လျက်မှာပင် စက်နိုးပြီးသား၊ ဘီးလိမ့်စပြုသည့် စေတနာကားက ရှိနေသည်။ နန္ဒက စေတနာကားဆီ တစ်ချက်ငေ့ငဲ့ ကြည့်ပြီးမှ ကြဲတိုင်းအောင်ကားဘေးမှာ မတ်တတ်ရပ်နေသော ဖြိုးကို မြင်သွားသည်။ သူအပြေးကလေးရောက်လာ၏။ မေးလ်စပို့(တ်)ရှပ် အပြာနုရောင်နှင့် အနက်ကွက်စိပ်စိပ်ကလေးများပါသော ရခိုင်လုံချည်ကို ဝတ်ထားသည်။သူ့လက်ထဲမှာ စာအုပ်တစ်ထပ် ကိုင်ထားသည်။

ဖြိုး၏ ဘေးမှဖြတ်လျက် ကားပြတင်းနှင့် နီးကပ်စွာလျှောက်လာ၏။ သူ့နဖူးဆံစမှာ ချွေးစက်များ စို့လာက်နေပြီး အမောတကောဇော်ကို ပြုံးပြန္နှုတ်ဆက်သည်။

*"တော်ပါသေးရဲ့ကွာ။ ကားထွက်လောက်ပြီထင်လို့ မောသွားတာပဲ။ ရော့. . .မနေ့က မင်း မေ့ကျန်ခဲ့တဲ့ ကမူးရယ်၊ ဒါက ကိုယ် မင်းကို ဖတ်စေချင်တဲ့ ဂျွန်စတိန်းဗက်(က်)"*

စာအုပ်များကို လှမ်းပေးတော့ သူမ လက်နှင့်မထိအောင် သူ သတိကြီးစွာထားကြောင်း ဇော် ရိပ်မိလိုက်သည်။ ဖြိုး ရှေ့မှာမို့များလား။ ဖြိုးက မျက်နှာထား ခပ်တည်တည်ဖြင့် နောက်ဆုတ်လျက် လက်ပိုက်ရပ်ကြည့်နေသည်။ ထိုအခိုက် ကားက ဖြည်းညင်းစွာ စက်နိုးပြီး ဘီးလိမ့်စပြုလာသည်။

"သြော်. . . မင်းဆီကို ကိုယ် စာသည့်ချင်ရင်. . ."

"ရပါတယ်၊ တို့နာမည်နဲ့ ရေနံချောင်းလိပ်စာတပ်လိုက်ရောက်တယ်"သူနောက်ဆုတ်၍ မတ်တတ်ရပ်၏။ ဖြိုးနှင့်သူ ဘေးချင်းယှဉ်လျက် ဖြစ်သွားသည်။ ကားထွက်လာတော့ နှစ်ယောက်လုံး သူမကို လက်မပြကြပါ။





သည်တစ်ခေါက် ရန်ကုန်မှ ပြန်လာရသည်မှာ ကမန်းကတန်း ပြန်ခဲ့ရလို့လားမသိ။ သူမ ရင်ထဲက တစ်စုံတစ်ခု ရန်ကုန်မှာ ကျန်နေခဲ့သလို ခံစားရသည်။

မဟာဗန္ဓုလလမ်းသို့ ကားချိုးကွေ့လိုက်တော့မှပင် တုန်ယင်နေဆဲဖြစ်သော သူမ လက်ထဲက စာအုပ်များကို ငုံ့ကြည့်လိုက်၏။ ကမူး၏ မဲဇာနှင့်နိုင်ငံစာအုပ်ပါးကလေး။ နောက်တစ်အုပ်မှာ လက်နှစ်လုံးလောက်ထူပြီး ကြွေစက္ကူဖုံးပေါ်က ပန်းချီမှာ နည်းနည်းညှို့၏။ အိပ်ရာပေါ်မှာ လက်ထောက်လျက် ထထိုင်နေသော ယောကျ်ားတစ်ယောက်၏ ရှေ့က တံခါးတစ်ဝက်တစ်ပျက်ဖွင့်လျက်၊ ထိုနေရာတွင် ရပ်နေသော မိန်းမတစ်ယောက်၏ ပန်းချီပုံဖြစ်သည်။ စာအုပ်ညာဘက်ထိပ်တွင် ပင်(န်)စာအုပ်ဟု အမှတ်တံဆိပ်ပါသည်။ ဒီဒင်၏အရှေ့ (*East of Eden*)ဟု ရေးထားပါသည်။ နောက်မျက်နှာဖုံးမှာ ဂျွန်းစတိန်းဗက်(က်)၏ မျက်နှာပိုင်းဓာတ်ပုံ ဖော်ပြထားသည်။

နောက်တစ်အုပ်မှာ အရွယ်ကြီးပြီးထူသည်။ ကမ္ဘာသစ်ဖန်တီးသူများ (Makers of the Modern World) ဖြစ်သည်။

မနေ့က ငါ ဗိုလ်ချုပ်ဈေးသစ်ထဲ ရောက်ထယ်၊ စပို့(တ်)ရှပ်ဆိုက်(ဇ်) အသေးလေးတစ်ခု သိပ်လှတာပဲ။ အရောင်ကတော့ နင် မဝတ်ရဲတဲ့ လိမ္မော်ရောင်တောက်တောက်၊ ရင်ဘတ်မှာ ဖဲစအနက်ရောင်ကလေးနဲ့၊ အရုပ်ကလေးပါတယ်။ ငါ အရမ်းကြိုက်တယ်။ နင့်ကို သတိရသွားတယ်။ ဒါပေမယ့် ငါ့အိတ်ထဲမှာ ပိုက်ဆံတစ်ရာတောင် မပြည့်လို့ မဝယ်ခဲ့ရဘူး။ ဒီတစ်ခေါက် သင်္ဘောအပြန်မှာ ငါ့ လက်ထဲ ပိုက်ဆံရှစ်ရာတောင်မပြည့်တော့ဘူး။နောက်တစ်ခေါက် သင်္ဘောကပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အချိန်အထိ အဲဒီအကျီလေးရှိသေးရင် ငါ ဝယ်ထားလိုက်မယ်၊ နှင် လုံချည်အနက်နဲ့ ဝတ်ရင်ရတယ်။

နှင်ပြန်သွားပြီးမှ ဘိတ်(မြိတ်)က ငါ့သူငယ်ချင်းတစ်ယောက် အိမ်ရောက်လာတယ်၊ နှင့်အကြောင်း မမတို့နဲ့ စကားစပ်မိရင်း ပြောသွားတယ်။ နှင့်ဝတ္ထုတွေကို အရမ်းကြိုက်တာတဲ့။ မဂ္ဂဇင်း ထဲကနေ ဖိုတိုစတက်နဲ့ကူးပြီး စုတောင်ထားသတဲ့။ တချို့ စာပိုဒ်တွေဆို အလွတ်တောင်ရသတဲ့ဗျာ၊ (ရှုးကြောင်ကြောင်နဲ့ ငါဖြင့် နှင့်စာတွေ ဘာမှမကြိုက်တတ်ပါဘူး) ဒါနဲ့ ငါ နှင်နောက် တစ်ခေါက်လာရင်၊ ကြုံရင် မိတ်ဆက်ပေးမယ်လို့ ပြောလိုက်ရတယ်။ နှင်က တော်တော် နာမည်ကြီးနေတာ လား။ ငါဖြင့် နှင် ဒီလောက် နာမည်ကြီးနေတဲ့ စာရေးဆရာ ဖြစ်နေမှန်း မသိပေါင်။

ဖြိုး၏စာထဲတွင် နန္ဒနာမည်နှင့် နန္ဒအကြောင်း တစ်ခွန်း မပါချေ။ သူ့ ထုံးစံအတိုင်း ခပ်သွက်သွက် စကားပြောနေရသလို ရေးထားခြင်းဖြစ်သည်။

နောက်တစ်လလုံးလုံး သူ ရန်ကုန်မှာရှိနေမည်ဖြစ်၍ ဇော် အားသည့်အချိန်မှ စာရေးနိုင်ကြောင်း၊ ဇော့် ကျန်းမာရေးကို ဂရုစိုက် သင့်ကြောင်း၊ အားဆေးစားဖို့ မပျင်းသင့်ကြောင်းရေးပြီး အဆုံးသတ် ထားသည်။ စာအဆုံးသတ်တိုင်း ရေးလေ့ရှိသည့်အတိုင်း '**နှင့်ရဲ့ဖြိုး**' ဟု လက်မှတ်ထိုးထား၏။

နန္ဒ၏စာမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားပါသည်။





**ချစ်သော တင်တင်ဇော်**

ချစ်သောမှာ လွန်ခဲ့သည့် ဆယ့်တစ်နှစ်တုန်းက ရေးသလို ယားစကားလုံးမဟုတ်ဘဲ ဘီလပ်(ဗ်)(ဒ်) စကားလုံးဖြစ်သွား၏။ သူမ ရင်ထဲမှာ သိမ့်ခနဲ လှုပ်ရှားသွားလေသည်။

သတိရခြင်းများစွာနဲ့ ဒီစာကို ရေးလိုက်ပါတယ်။မင်းရဲ့ ဆေးခန်းဘယ်လိုလဲ။ မင်းရဲ့ကြင်နာမှုက အခက်အခဲတွေ ကို အောင်မြင်ကျော်လွှားနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ မင်းရဲ့ခြေအစုံပေါ် မင်း ရပ်နေနိုင်ပြီဖြစ်တဲ့အတွက်၊ မင်းကို အားကျမိတယ်။ ကိုယ် ဒစ်ပလိုမာ အောင်လက်မှတ်တစ်ခု အတွက် စာမေးပွဲဖြေဖို့ ကြိုးစားနေတယ်။ အဲဒီ အောင် လက်မှတ်က အယ်လ်၊ စီ၊ စီ (လန်ဒန်ကူးသန်း ရောင်းဝယ် ရေးအသင်း)က ပေးမှာဖြစ်တယ်၊ ခက်ခဲလိမ့်မယ်လို့ ထင် တယ်။ ဒါပေမယ့် ကိုယ် ဖြေနိုင်ပါလိမ့်မယ်။မင်း ရန်ကုန် မှာနေသွားတဲ့ ရက်တွေဟာ ကိုယ့်အတွက်တော့ အထူး တလည်နေ့တွေပဲ၊ နောက်ပြီး ပျော်ရွှင်ရတဲ့နေ့တွေပဲ။ ဒါပေ မယ့် အချိန်ကာလက တိုတောင်းလွန်းတယ်။ မင်း ပြန်သွား တဲ့အခါ ကိုယ့်အတွက် အဖြူရောင်ညတွေချည်း ဖြစ်နေခဲ့ တယ်။ ပေးလိုက်တဲ့စာအုပ်တွေကို ဖြည်းဖြည်းဖတ်ပါ။ မင်း ဖတ်ချင်တဲ့စာအုပ်တွေကို ကိုယ့်ဆီ လှမ်းမှာနိုင်ပါတယ်။ ကိုယ့်မှာမရှိရင် ရှာဖွေပြီး မင်းဆီ ပို့ပေးနိုင်ပါတယ်။ မင်း ဗွန်စတိန်းဗက်(က်)ကို ဖတ်ဖူးလား။ သူ့ဝါကျတွေက တိုပြီး ဆွဲဆောင်အား ကောင်းတယ်။ မင်း နှစ်သက်လိမ့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မျှော်လင့်ပါတယ်။ အားလပ်တဲ့ အချိန်တွေကို ကျား တွေပါတဲ့ ရုပ်ရှင်ကြည့်ခြင်းအားဖြင့် မဖြုန်းတီးဘဲ စာအုပ် ကောင်းတွေ ဖတ်ဖို့သင့်တယ်။

သူ့ပဲ ရှာရှာဖွေဖွေ သတိတရရေးတတ်ပလေ။ သူမသည် မြို့ထဲက ရုပ်ရှင်ရုံသို့သွားကြည့်ရန် အဖော်လုံးဝမရှိပါ။ အနီးကဗွီဒီယို ပြသော မိတ်ဆွေ၏ အိမ်မှာ ကားကောင်းမှသာ တစ်ခါတစ်ရံ ကြည့် ဖြစ်ပါသည်။ ဆရာဝန်ဘဝတွင် မိမိ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်များစွာ ဆုံးရှုံးသည့်အထဲတွင် ရုပ်ရှင်ကြည့်ချိန်လည်း ပါဝင်၏။ သူမ ဗွီဒီယို တစ်ခါတလေ သွားကြည့်လျှင်လည်း ဖြောင့်ဖြောင့်မကြည့်ရပါ။လူနာ ကလိုက်ခေါ်သဖြင့် တစ်ဝက်တစ်ပျက်ဖြင့် ထပြန်ခဲ့ရသည်က များ ပါသည်။

နောက်တစ်ခေါက် မင်း ရန်ကုန်ကိုလာမယ်ဆိုရင် ကိုယ့်ကို အကြောင်းကြားစေချင်ပါတယ်။ ကိုယ့်ကို အသိပေးပါ။ အချိန်အား ရလျှင်ရချင်း ကိုယ့်ဆီကို စာပြန်စေလိုပါတယ်။ နောက်တစ်ကြိမ် မင်းကို ပြန်တွေ့ဖို့ ကိုယ် မျှော်လင့်နေပါ တယ်။

အနုမ်းများဖြင့်. . .၊ မင်းရဲ့
နိုဝယ်လ်

လိပ်စာ။ ။နန္ဒ (နိုဝယ်လ်)
အခန်း ( )၊ အမှတ် ( )၊ဒုတိယထပ်
(၃၁) လမ်း
ရန်ကုန်မြို့။
ဖုန်း- ၇၀၅၇၁





စာ၏ထိပ်စီး နှုတ်ခွန်းဆက်စကားတွင် ဖော်ပြထားသော ချစ်သော စကားလုံးမှတစ်ပါး စာတစ်စောင်လုံးတွင် ချစ်သည် ဟူ သော စကားတစ်ခွန်းမျှမပါသည်ကို ဝမ်းနည်းခံခက်စွာ သူမ ခံစားမိ သည်။ သူမ စာမပြန်သင့်ဘူး ထင်ပါရဲ့။ သို့သော် နန္ဒ၏ စာကိုဖတ်နေ ခိုက်မှာပင် သူမ ကိုယ်ခန္ဓာထဲရှိသွေးများ ပူနွေးရာမှ ဆူဝေစပြုလာသည် ကို သတိထားမိသည်။ အနမ်းများဖြင့်. . .တဲ့။ စိတ်ကူးထဲမှာ မျှော်မှန်း ထားသော ယောကျ်ားတစ်ယောက်၏ အနမ်းထက် ပိုမိုပြင်းပြပြီး သူမကို စိတ်လှုပ်ရှားအောင် ဖန်တီးပေးနိုင်စွမ်းသော တကယ့်အနမ်း များဖြစ်သည်။ သူမ တစ်သက် ဘယ်တော့မျှမမေ့နိုင်မည်မဟုတ်ပါ။

ဇော် စာမပြန်ဘဲနေလျှင် ဘာတွေဖြစ်လာနိုင်သနည်း။

သူဇော့်ကို အောက်မေ့သတိရ လွမ်းဆွတ်လျက် နောက် တစ်ကြိမ် ကြိုးစားဦးမည်လား။ သို့မဟုတ် မရောက်တာ ဆယ့်တစ်နှစ် ကြာသော ရေနံချောင်းသို့ သူ လိုက်လာမည်လား။

မဖြစ်နိုင်ပါ။ သူမ ဝမ်းနည်းစွာ ခေါင်းခါယမ်းလိုက်မိသည်။ သူ မိန်းမတစ်ယောက်အပေါ်မှာ ဒီလောက် စိတ်ရှည်နိုင်မည်မဟုတ် ပါ။ သူသည် မေ့ပျောက်လွယ်မည့်သူသာ ဖြစ်သည်။ ဇော့်ပတ်ဝန်း ကျင်တွင် ယောကျ်ားများစွာမရှိပေမယ့် သူ့ပတ်ဝန်းကျင်မှာ မိန်းမများ စွာ ရှိနိုင်သည်။ သူ့ချစ်သူများ. . .။ ဘုရား . . ဘုရား။ ဇော်သည်ကို ပြန်ရောက်သည့်အချိန်မှစ၍ သူတစ်ဦးတည်း အထီးကျန်စွာနေလိမ့် မည်ဟု မည်ကဲ့သို့ သူမ ယုံကြည်စိတ်ချနိုင်ပါမည်နည်း။ ဇော် သူ့ကို တွေ့ရသည့်ရက်မှာ သုံးလေးရက်သာဖြစ်၏။ ဤသုံးလေးရက်မျှ သူ တစ်ဦးတည်း တွေ့ရရုံဖြင့် သူ့မှာ လက်ရှိရည်းစားမရှိဟု မပြောနိုင် ပါဘဲလား။

သူမ သူ့အကြောင်းကိုသိရန် များစွာလိုနေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုမှတော့ သူမ နောက်ကျခဲ့ပြီ။ သူမ၏ မသိစိတ်က သူ၏ ညို့ငင်ဆွဲခေါ်မှုနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါ လျက်ရှိပေပြီ။

ယခုတော့ သူ့ကိုသူမ မိန်းမတစ်ယောက်အနေဖြင့် တပ်မက်နိုင်သလောက် အတိုင်းအဆ အကုန်ဖြင့် စွဲမက်မိပါချေပြီ။

နန္ဒ
သတိရစွာ စာပြန်လိုက်ပါတယ်။

သူမ အင်္ဂလိပ်ဘာသာဖြင့် စာပြန်ရန် အကြိမ်ကြိမ် ကြိုးစားသော်လည်း မအောင်မြင်ပါ။ သူမသည် အင်္ဂလိပ်ဘာသာရပ်တွင် ကျွမ်းကျင်လှသည် မဟုတ်ပါ။ အကယ်၍ အမှားတစ်ခုခုဖြင့် စာပြန်လိုက်ပါသည်။

နင်ကပြောတော့ ကမူးက လွယ်တယ်ဆို။ ငါ့အတွက်တော့ မလွယ်ပါဘူး။ စကားလုံးတွေကိုက ခက်တာပဲ။ ငါမြန်မာ ဆရာထင်လင်းကို ထိုင်ထိုင်ရှိခိုးချင်စိတ်ပေါက်လာတယ်။ ဒါနဲ့ ကမူးကိုချထားပြီး ဂျွန်စတိန်းဗက်(က်)ကိုဖတ်နေတယ်။ ဒီတော့မှ စိတ်ချမ်းသာသွားတယ်။ငါ ဒီတစ်ခေါက် ရန်ကုန်ရောက်ရင် ကမူးဝတ္ထုကို နင်တစ်ကြောင်းချင်း ဘာသာပြန်ပေးမလား။

တကယ်တမ်း သူ့ထံမှာ သူမ လိုချင်သောအရာမှာ ကမူး၏ ဘာသာပြန် ပြောပြဖို့သက်သက် ဟုတ်မှဟုတ်ပါ့မလားဟုရေးနေရင်း သံသယ ဖြစ်လာသည်။





ပြောသာပြောရတာပါကွယ်၊ ငါ ရန်ကုန်ကို လာဖို့ ရက်က ဘယ်လိုမှ မမှန်းဆနိုင်သေးပါဘူး။ ပီအက်(စ်)ဒီ စာမေးပွဲ ရေးဖြေ ကလဲကျမှာလေ။နောက်တစ်နှစ် ပို့(စ်) တင်ခေါ်ရင်တော့ ရောက်နိုင်ပါလိမ့်မယ်။ နင့်စာအုပ်တွေ ငါ့ဆီမှာ တစ်နှစ်လောက် သောင်တင်နေရင် ဘယ့်နှယ် သဘောရမလဲ။

ဖခင်နှင့်နှစ်ဦးတည်းနေသော မိန်းကလေးတစ်ဦးအနေဖြင့် ခဆေးခန်းနှင့် ဖခင်ကို ပစ်ပယ်၍ ခရီးထွက်ဖို့ အကြောင်းပြချက်ကောင်းမှ ဖြစ်မည်။ သည်လိုသာ နန္ဒနှင့် ဆုံရမည်မှန်းသိလျှင် ရေးဖြေ စာမေးပွဲအောင်နိုင်ရန် သူမ စာကို ကြိုးစားကျက်မှတ်မိမည် ဖြစ်သည်။ ရေး ဖြေ အောင်၍ အင်တာဗျူးခေါ်လျှင် ရန်ကုန်သို့ နောက်တစ်ခေါက်သွားဖို့ အခွင့်အရေးရမည် မဟုတ်ပါလား။ယခုတော့ သူမ စာတစ်လုံးမျှ မကျက်ဘဲ ဖြေဖူးသည်ရှိအောင် သွားဖြေခြင်းသာ ဖြစ်လေသည်။

သူ ရေးလိုက်သည့် စာကဲ့သို့ပင် သူ့ထံ 'အချစ်' ဟူသော စကားလုံး တစ်လုံးမျှမပါစေဘဲ၊ စာ ခပ်တိုတို ပြန်လိုက်ရမည်။

ငါ့ဆေးခန်း အခြေအနေ ကောင်းပါတယ်။

အခု ငါ ငှားနေတဲ့ အိမ်ကလေးကလဲ သိပ်လှတယ်၊ နင့်ကို မပြောခဲ့ရဘူးနော်။ ကုန်းအမြင့်မှာ ဆောက်ထားတာ၊ တိုက်ခံအိမ်ကလေး။ တစ်ထပ်တည်းဆိုတော့ ဘန်ဂလိုလေးတစ်ခုပါပဲ။ အိမ်က အဝေးပြေး လမ်းမပေါ်မှာတော့ မဟုတ်ဘူး။ လမ်းကြားလေးတစ်ခုထဲ ဝင်ရသေးတယ်။ ဒါပေမယ့် အေးချမ်းပါတယ်၊ အိမ်ရဲ့နောက်ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကွင်းပြင်ကျယ် ကုန်းလျှောကလေးတစ်ခုရှိတယ်။ ...
ကွင်းပြင်ထဲမှာ သစ်ပင်တန်း အုပ်အုပ်ကလေးလဲ ရှိ...
ကြည့်ရတာ နွေညဆိုရင် အရမ်း လေသာမှာပဲ။ အခု...
ဆောင်းတွင်းဝင်ပြီမို့ ချမ်းတယ်။ နင် တစ်ခါလော...
လာလည်ဖို့ ကောင်းတယ်။ နင်တို့ ၃၁ လမ်းလို ...
မရှုပ်ဘူး၊ လူမရှုပ်ဘူး။

သူမ အခန်းသည် ကွင်းပြင်ရှိရာသို့ မျက်နှာမူနေ...
အခန်းဖြစ်ပါသည်။ အဝါရောင် ခေါင်းလောင်းပုံ ပန်းပွင့်ကလေး...
ပွင့်တတ်သော အရွက်ခပ်ချွန်ချွန် ထိုအပင်တန်းကလေး...
ငြိမ်သက် အေးစိမ့်စွာ လှုပနေ၏။ ထိုကုန်းလျှော၏ တစ်ဘက်မှာ...
ခရစ်ယာန်ဘာသာဝင်များ၏ သင်္ချိုင်းသည် နိမ့်ဆင်းစွာ တည်ရှိ...
ဤကုန်းမြင့်တန်းတွင်တော့ သူမနေသည့်အိမ်မှာ အမြင့်ဆုံးအ...
ဖြစ်သည်။

ဤအိမ်ကို ဖြိုးပင်လျှင် တစ်ခါမျှ မရောက်ဘူးပါ။

ထို့နောက် နင် တစ်ခါလောက်လာလည်ဖို့ ကောင်းတ...
ဟူသော စာကြောင်း တစ်ကြောင်းလုံးကို ခြစ်ပစ်လိုက်၏။ အခုမှ...
စာရေးစက္ကူ အသစ်ဖြင့် ကူးရတော့မည်။

နင် လိုချင်တယ်ဆိုတဲ့ ဒစ်ပလိုမာ အောင်လက်မှတ်ရပါ...
ရန်ကုန်မှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစွာ ပျော်ရွှင်နိုင်ပါ...

ချစ်ခင်စွာ...
တင်တင်...





၁၉၈၇ ခုနှစ်၊ နှစ်ဦးပိုင်း လများသည် တင်တင့်ဇော်အတွက် စိတ်ထွေပြား လွမ်းဆွတ်ဖို့ပင် အချိန်မရနိုင်အောင် အလုပ်ရှုပ်သော လများဖြစ်လေသည်။ လုံးချင်းဝတ္ထုရေးခြင်းနှင့် လူနာကုသခြင်းကို တစ်ပြိုင်တည်း ပြုလုပ်နေရသောကြောင့် ဖြစ်သည်။

သည်အတောအတွင်း နန္ဒဆီမှ စာလေးစောင်သာရလျက် ဖြိုးထံမှာ **စာခြောက်စောင်ရသည်။** ဖြိုးက ထုံးစံအတိုင်း သူ့အချစ်ကိစ္စကို **စာထဲဘယ်တော့မှထည့်မရေး။** သူ သင်္ဘောထွက်ရမည့်ရက်များ၊ ပြန်လာမည့်ရက်များ။ သူ့ထံ တင်တင်ဇော် စာရေးရမည့်ရက်များ၊ မရေးရမည့်ရက်များ စသည်တို့ကိုသာ ထည့်ရေးတတ်သည်။ နန္ဒက တော့ တင်တင်ဇော် ရန်ကုန်သို့လာစေလိုသည့်အကြောင်း၊ မတွေ့ရတာကြာပြီဖြစ်၍ အလွန်သတိရသည့်အကြောင်း (သို့သော် တင်တင်ဇော်ကို ချစ်ခွင့်တောင်းသည့်စကားမျိုးကျတော့ ယောင်လို့ပင် ထည့် ရေးဖော်မရချေ) စာအစတွင် ချစ်သော စကားလုံးဖြင့် စထားပြီး စာအဆုံးတွင် 'အနမ်းများစွာဖြင့် နိဂုံးလဲ...'ဟုသာ ထုံးစံအတိုင်း ရေးဖော်ရသည်။

တစ်ခါကတော့ ကြံတိုင်းအောင် ကားဂိတ်မှတစ်ဆင့် ပစ္စည်း ပို့၍ရသည်ဟူသော **တင်တင်ဇော့်စာအရ** သူက ကားဂိတ်မှ **စာအုပ်များ ချောထုပ်လုပ်၍ ပို့ပေးခဲ့ဖူးလေသည်။** ဂျွန်စတိန်းဗက်(က်) ၏ **(The Grapes of Ward )** ဒီ၊ အိတ်(ချ်) လောရင့် (စ်) ၏ သက်တန့် **(The Rainbow )** ၊ အေ၊ ဂျေ ကရိုနင်၏ ကမ္ဘာနှစ်ခုမှ စွန့်စား **ခန်းများ (Adventures** in Two Worlds) ။ အိုင်ဗင်တာဂင်နက(ဗ်) **ရေးမှုဆိုး၏ တပုလွေများ** ဟူသော မြန်မာပြန်စာအုပ်တစ်အုပ်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



တွဲ၍ ဖတ်နိုင်ရန် အမဲလိုက်မှတ်စုများ (The Hunter's sketche[s]) ဟူသော အမည်ဖြင့် တာ်ရဂျနက်(ဗ်)၏ အင်္ဂလိပ်ဘာသာပြန်တစ်အု[ပ်] ပါသည်။ စာအုပ်အားလုံး၏ ဒုတိယစာမျက်နှာ ညာဘက်ထိပ်တွ[င်] 'မင်းအတွက် ထာဝရ ... နီဝယ်လ်' ဟူသော ရည်ညွှန်းချက်ပါသ[ည်]

သည်လိုဆိုပြန်တော့ နန္ဒက တင်တင်ဇော်အပေါ် ဂရုတစိုက် ရှိသားပဲဟု သူမ ကျေနပ်ရပြန်သည်။

* * *



အခန်း (၆)

၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက်၊ ဗုဒ္ဓဟူးနေ့တွင် ၃၁လမ်း [...]နေခင်းသည် ကားငယ်ကလေးများ၏ဟွန်းသံတို့ဖြင့် ဆူညံနေ[...]သည်။ တင်တင်ဇော်၏ နှလုံးခုန်သံကတော့ ကားဟွန်းသံများထက် [...]ယ်လောင်နေသလို ထင်ရလေသည်။ သူမ ရန်ကုန်သို့လာမည့် [...]ကြောင်းကို ဖြိုးကိုသော်လည်းကောင်း၊ နန္ဒကိုသော်လည်းကောင်း [...]ကြောင်းကြားထားခြင်းမရှိပါ။ ထုတ်ဝေသူ၏ စာအရ အစီအစဉ် [...]ဘဲ ရုတ်တရက် ထွက်လာရခြင်း ဖြစ်ပါသည်။

ကားအလွန်နောက်ကျနေသဖြင့် အိမ်ရောက်တော့နေ့လယ် [...]ခ်ိန်ရှိပြီ။ အိမ်ရောက်တော့ အစ်ကိုကြီးကလည်း ရုံးသွားနေသည်။ [...]ဘတော့ နေ့လယ်ထမင်းစားပြီးကတည်းက ထွက်သွားသည်. . . [...] သူ့ကောင်မလေးဆီရှိမှာပေါ့ ဇော်ရယ် ဟု မမမိုးက ရယ်မောစွာ [...]ချ၏။ ဖြိုး၏ ကောင်မလေးနှင့် ပတ်သက်၍ ဇော် ယခင်က[...] [...]က်လှဲစွာ ဝမ်းမနည်းတတ်တော့ဘဲ မမကိုအလိုက်သင့် ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနိုင်ပေပြီ။ အစ်ကိုကြီး ရုံးဆင်းချိန်အထိ စောင့်နေပြီး အစ်ကိုကြီးကို နှုတ်ဆက်ပြီးမှ သူမ ထုတ်ဝေသူထံ သွားမည်ဟူသော အကြောင်းပြချက်ဖြင့် မြို့ထဲသို့ ထွက်လာခဲ့လေသည်။

သူမ၏ စာအုပ်ထုတ်ဝေသော ပုံနှိပ်တိုက်မှာ ၃၃ လမ်းတွင် ရှိသော်လည်း ယခု ဇော် ရောက်နေသည်က ၃၁ လမ်း ဖြစ်သည်။

မဟာဗန္ဓုလလမ်းဘက်မှ ချိုးကွေ့လာကတည်းက ဇော်၏ လက်ယာဘက် တိုက်ခန်းများကိုသာကြည့်၍ လျှောက်လာခဲ့၏။ တိုက်ခန်းနံပါတ်များကို မော့ကြည့်ရေတွက်လာခဲ့၏။ နန္ဒတိုက်ခန်းသို့ တက်သော အုတ်လှေကား ကျဉ်းကျဉ်းကလေးကို ဇော် အလွယ်တကူ မှတ်မိပါသည်။ (၄င်းလှေကားနှင့် မျက်နှာချင်းဆိုင်တွင် စက္ကူရောင်းသော ဆိုင်တစ်ဆိုင်ရှိသည်) လှေကားပေါ် မတက်သေးဘဲ ဟိုးအထက် နှစ်ထပ်ကို မော့ကြည့်လိုက်သည်။

ဟော ဟိုဟာ သူ့အခန်းပဲ။ ဝရန်တာ တံခါးဖွင့်ထားသည်။ ကြိုးတန်းတွင် အကျီချိတ်ဖြင့် ရှပ်အင်္ကျီအကွက်ကျဲနှစ်ထည် လှန်းထားသည်။ ဗိတ်ခနဲရင်ခုန်ကာ လက်ဖျားများ ခအေးစက်သွား၏။ သူ ရှိနေတာပဲ။

သူမသည် လှေကားနှစ်ဆင့်ကို ပျော့ရှင်စွာ တက်သွားလိုက်သည်။

သူ့အခန်း၏ ရှေ့ကွက်လပ် ကျဉ်းကျဉ်းကလေးတွင် မောပန်းစွာ ခဏနားလိုက်သည်။ သံဆွဲတံခါးမှာ ဘေးသို့ ရုပ်ထားပါသည်။ စေ့ထားသော ပျဉ်တံခါးရွက်ကို လက်ဖြင့်ခေါက်ဖို့ စဉ်းစား သေး၏။ သို့သော် သူမ တိတ်တိတ်ကလေး ဝင်သွားချင်သည်။ ဇော် တံခါး မခေါက်တော့ဘဲ လက်ကိုင်ကို လှည့်ဖွင့်လိုက်၏။ အင်္ဂလိပ်ဂီတသံ သည် ခပ်တိုးတိုး ပျံ့လွင့်လာသည်။ သူမ အထဲဝင်လိုက်သောအခါ





ည့်ခန်းမှာ သူ့ကိုမတွေ့ရ။ တံခါးကို အသာပြန်ပိတ်လိုက်ပြီး ...ကပ်မှီကာ ဧည့်ခန်းတွင်း လှည့်ပတ်ကြည့်လိုက်၏။ ထို့နောက် ...ဖျားထောက်လျက် ဝင်သွားသည်။ သူအိပ်ခန်းထဲမှာ ရှိနေပါလိမ့် ...ည်။ တစ်ခန်းလုံးသည် သီချင်းသံမှတစ်ပါး ငြိမ်သက် တိတ်ဆိတ်နေ ...သည်။

ထမင်းစားပွဲပေါ်တွင် ပလတ်စတစ်အုပ်ဆောင်းဖြင့် အုပ် ...ားသော မုန့်ပန်းကန်များနှင့် အချိုပန်းကန်စုံကို တွေ့ရသည်။ကော်ဖီ ...ကန်မှာ တစ်စုံတည်းဖြစ်၍ သူမ ပျော်ရွှင်သွား၏။ သူ့အခန်းအနီး ... လျှောက်သွားပြီး အသာ နားထောင်ကြည့်သည်။ ဘုရား ဘုရား... ...အိပ်ခန်းထဲမှာ သူတစ်ယောက်တည်းမှ ဟုတ်ပါ့မလား။ ဇော်သည် ...ယ်အိတ်ကို စားပွဲပေါ်သို့ အသံမမြည်အောင် ချလိုက်သည်။

ကတ်ဆက်ထဲမှ သီချင်းသံကို သူ လိုက်ညည်းနေသံကြား ...တ်ရ၏။ တော်ပါသေးရဲ့ သူတစ်ယောက်တည်း ဖြစ်ဟန်တူပါရဲ့။ ...အဝတ်လဲနေသလား၊ ခေါင်းဖြီးနေသလား၊ သူ့အခန်းထဲမှ သင်းပျံ့ ...ာ မွှေးရနံ့သည် သုံးထပ်သားနံရံ၏ အထက်မှ သူမဆီအထိ လွင့် ...သည်။

ဇော် ကက်ဆက်ရှိရာသို့လျှောက်သွားပြီး တိတ်ခွေကာဗာ ... ကောက်ကိုင်ကြည့်လိုက်သည်။ ခရစ်(စ်)ဒီဘာ့(ဂ်)တဲ့။ သူမ ဘာမှ ...မလည်ပါ။ပြန်ချထားလိုက်ပြီး ဘီးဂျီး(စ်) တိတ်ခွေအဟောင်း ...လေး လိုက်ရှာသည်။ တွေ့သွားတော့ ခပ်မြန်မြန်ဖွင့်၍ ထုတ်လိုက် ...။ ထို့နောက် ကက်ဆက်ခလုတ်ကို ပိတ်လိုက်သည်။ အထဲက ...တ်ခွေကို မြန်မြန်ထုတ်လိုက်ပြီး ဘီးဂျီး(စ်)တိတ်ခွေကလေး ထည့် ...က်သည်။ သီချင်းသံ ရပ်သွားတာကို နန္ဒ ကြားသွားမှာသေချာ၏။ ...ဆိုက်(ဒ်)ဘက်မှ ပထမဆုံးသီချင်းမှာ (Our love) Don't



www.burmeseclassic.com

www.burmeseclassic.com



throw it all away ဖြစ်သည်။ သီချင်းသံ စထွက်ထွက်ချင်း နောက်ကျောပေးထားသော သူ့အိပ်ခန်းတံခါး ထပ်ခနဲပွင့်သွားသံ ကြားလိုက်ရသည်။ ဇော် လှည့်ကြည့်လိုက်၏။

အခန်းဝမှာ သူ မတ်တတ်ရပ်နေသည်။ ရေစိုကပ်နေသော ဆံပင်များကို နောက်ပြန်လှန်ဖြီးထားသည်။ အိမ်နေရင်း ဝတ်သော ပွရောင်းရောင်း ရှပ်အင်္ကျီ မရမ်းနုရောင်နှင့် ကချင်ပုဆိုးအဟောင်းတစ်ထည်ကို ဝတ်ထားသည်။ သူ့ အံ့ဩငေးမောရာမှ ချက်ချင်းပြုံးရယ်လာ၏။ သူ့မျက်ဝန်းများ လက်ခနဲ တောက်ပသွားလေသည်။

"ကြည့်စမ်း၊ ဘယ်လောက် အံ့ဩဖို့ကောင်းလိုက်သလဲ"

သူ ခပ်သွက်သွက် လျှောက်လာပြီး သူမအား မတ်တတ်ရပ်လျက်သား ခါးမှကိုင်မြှောက်ပွေ့ကာ မွှေ့ယမ်းပစ်လိုက်လေသည်။ ဇော်ရော သူရော နှစ်ယောက်လုံး ချာချာလည်သွား၏။ အသည်းအေးသွားသော တင်တင်ဇော်က စူးစူးရှရှ အော်ပစ်လိုက်သောအခါ သူ အကျယ်ကြီး အော်ဟစ်ရယ်မောလိုက်လေသည်။

"မင်းကိုယ်ခန္ဓာ သေးသေးကွေးကွေးလေးဖြစ်နေတာ ကိုယ်ကံကောင်းတာပဲကွ"

ထို့နောက် သူမ၏ခါးသို့ တစ်ချက်နမ်းပြီးမှ မနိုင်မနင်းမြှောက်ထားရာမှ သူ အောက်ချပေးပါသည်။ အနည်းငယ် မူးသွားသောကြောင့် သူမ ယိုင်နဲ့နဲ့ဖြစ်သွားသည်။

သူက ဇော့် ပခုံးနှစ်ဘက်ကို တင်းတင်းဆုပ်ကိုင်ထားလျက် လက်တစ်ဆန့် တွန်းထားရင်း သူမ မျက်နှာကို ခပ်စူးစူးကြည့်သည်။

"မင်း နည်းနည်းပိန်သွားတယ်"

ထို့နောက် ပြုံးရယ်နေသော တင်တင်ဇော်ကို သူ့ ရင်ခွင်ထဲသို့ဆွဲသွင်း ပွေ့ဖက်လိုက်တော့သည်။ သူ့ ရင်ဘတ်နှင့် ဇော့်ပါးအတွက် သူ့နှလုံးခုန်သံကို သူမ ခံစားမိနေသည်။ ဇော့်လိုပင် သူလည်း သွေးတိုးနှုန်းမြန်လျက် ရှိလေသည်။ ရေချိုးပြီးစအေးမြသော သူ့ ကိုယ်ခန္ဓာမှာ ချိုမြသော ရနံ့ဖျော့ဖျော့ကလေး မွှေးပျံ့လျက်ရှိသည်။





"လာ. . .ခဏလေး ထိုင်ဦး" သူက ရင်ခွင်ထဲမှ မလွှတ်ဘဲ တက်ပွေ့ထားလျက်က ဆက်တီရှိရာသို့ ခေါ်သွားပြီး နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် ထိုင်ခိုင်း၏။

"ဘာသောက်မလဲဟင်. . .အိုဗာတင်းလား၊ ကော်ဖီလား"

ဇော် ဝင်ထိုင်ခိုက် သူက မတ်တတ်ရပ်လျက် မေးသည်။

"ရပါတယ်၊ ဘာဖြစ်ဖြစ်. . ."

သူ မီးဖိုထဲဝင်သွားခိုက်တွင် သူမ ကောင်းကောင်းသိသော အဆိုတော် ဗိ(ပ်)အစ်(စ)ရော်လပ်(ဗ်) သီချင်းသံ စတင်ထွက်ပေါ်လာသည်။ ထိုသီချင်းကို ယခုမှ ဒုတိယအကြိမ်ကြားဖူးခြင်း ဖြစ်သော်လည်း တိုးတိတ်ညင်သာသော ဂီတလှိုင်းမှာနစ်ဝင်လျက် သူမငြိမ်သက်စွာ နားထောင်မိလေသည်။ မိန်းကလေးသံလိုပဲ တိုးတိတ်နူးညံ့သော အသံကလေး ဖြစ်သည်။

သီချင်းဆုံးသောအခါ နန္ဒ စတီး(လ်) လင်ပန်းငယ်လေးဖြင့် ထွက်လာသည်။ မုန့်ပန်းကန်ကို ထမင်းစားပွဲမှ သွားယူချပေးခြင်းဖြစ်သည်။

"ရော့. . .မုန့်ကတော့ ချောကလက်ဝေဖာပဲ။ မင်း သီးမွှေးတွေ သီးစားချင်ရင်တော့ရမယ်"

"ငါ ဘာမှမစားချင်ပါဘူး။ နေ့လယ်စာကို နှစ်နာရီကမှ စားထားတာ"

"ဟာ့. . .ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကားက နှစ်နာရီမှဝင်လို့လေ။ ငါကလဲ လမ်းမှာထမင်း မစားတတ်ဘူး၊ ကြက်ဥပဲ"

နန္ဒက ဇော့် ရှေ့သို့ နက်(စ်)ကော်ဖီ တစ်ပန်းကန်ချပေးပြီး သူက မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်၍ သူ့ရှေ့မှာ ကော်ဖီပန်းကန်တစ်ခု ယူချလိုက်သည်။

"ကိုယ်ကတော့ဆာနေတာ၊ ငါးနာရီဆိုတော့ ညစာ စားဖို့လဲ စောနေသေးတာနဲ့။ ကဲ. . .ပြောစမ်းပါဦး၊ အကြောင်းမကြားဘဲနဲ့ ဘာဖြစ်လို့ ရောက်လာရတာလဲ။ တကယ်လို့များ ကိုယ် ခရီးထွက်နေရင် မခက်ဘူးလား"

ဇော် ပခုံးသာတွန့်ပြလျက်. . .

"နင် ခရီးထွက်လဲ ဘာဆိုင်လို့လဲ၊ ရန်ကုန်လာတာ နင့်ဆီ လာတာမှ မဟုတ်ဘဲ"ဟု ပြောမိသည်။

သူက မချိုမချဉ်ပြုံးလေသည်။

"ဒါဖြင့် ဘယ်သူ့ဆီ လာတာလဲ"

"ထုတ်ဝေသူဆီလေ. . ."

သူမ ခပ်တည်တည် ဖြေပါသည်။

"ငါ့ဝတ္ထု စက်တင်တော့မှာမို့. . ."

"သြော်. . .သြော်၊ မင်းမရှိဘဲ ရိုက်လို့မရဘူးတဲ့လား. . ."

"မရဘူး"

သူက တဟားဟားရယ်တော့ ဇော်ရှက်သွားသည်။

"ဘာလဲ. . .ဘာရယ်တာလဲ"

သူ မဖြေပါ။ ဇော့်ကို ဖောက်ထွင်းကြည့်ဖို့ ကြိုးစားနေသလို ဇော့်မျက်လုံးအစုံကိုသာ စိုက်ကြည့်ပြုံးလျက်ရှိသည်။ သူမ အကာ အကွယ်ယူသည့် သဘောဖြင့် စားပွဲပေါ်မှ လုပ်သားပြည်သူ့နေ့စဉ်





အင်္ဂလိပ်သတင်းစာကို ဖြန့်ကြည့်နေလိုက်သည်။ ဘာစာလုံးမှ မမြင် ပါ။ သူ၏ မချိုမချဉ်အပြုံးကိုသာ မြင်နေဆဲ ဖြစ်၏။

"အခုကော. . . ထုတ်ဝေသူဆီ ရောက်ပြီးပြီလား"

"ဟင့်အင်း. . ."

ထို့နောက် အောင့်အည်းမနေနိုင်တော့ဘဲ ပွင့်လင်းစွာ သူမ ယ်ချလိုက်တော့သည်။ သူက မျက်နှာချင်းဆိုင်နေရာမှ လှစ်ခနဲ သူမ ဆီ ရောက်လာ၏။ သူမထိုင်နေသော နှစ်ယောက်ထိုင်ဆိုဖာပေါ် ခပ် ကျက်သွက် ဝင်ထိုင်လိုက်ပြီး ဇော့်လက်မှ သတင်းစာကို ဆွဲဖယ်ထုတ် လိုက်၏။ သူမ အလွယ်တကူ လွှတ်ပေးလိုက်ပါသည်။

"သိလား နန္ဒ. . .ငါ အစ်ကိုကြီးကို ထုတ်ဝေသူဆီသွားမယ် လို့ ပြောခဲ့တာ"

"ကိုယ်လဲ မင်းရဲ့ ထုတ်ဝေသူလုပ်တော့မလို့ဘဲ"

သူမ သူ့ကို မော့ကြည့်တော့ သူ ပြုံးနေသည်။ ဆွဲငင်အား ကောင်းလှသော သူ့မျက်လုံးအစုံမှ သူမ ရုတ်တရက် မျက်နှာမလွှဲနိုင် ဘဲ ရှိနေသည်။ အိမ်မှာတုန်းက နန္ဒနှင့် ရင်ဆိုင်ဖို့ စဉ်းစားထားသော မ်လိုစကားများကို ဇော် သတိမရတော့ပါ။

"တကယ်ပြောတာ. . . မင်းဝတ္ထုတွေကို ကိုယ် အင်္ဂလိပ် ဘာသာပြန်မယ်။ နောက်ပြီး စုထုတ်မယ်။ မကောင်းဘူးလား"

ထို့နောက် သူမ သူ့ရင်ခွင်ထဲသို့ ရောက်သွားလေသည်။

သူမတို့၏ ကော်ဖီပန်းကန်များကို သတိရလိုက်ချိန်တွင် ကော်ဖီများ အေးစက်လျက်ရှိပြီး သီချင်းသံလည်း ရပ်သွားပြီ။

"နန္ဒ. . .နင် ဆာနေတာဆို"

နန္ဒက ရယ်မောလိုက်ပြီး သူမကို ပွေ့ထားလျက်က သူ့ ကော်ဖီပန်းကန်ကို လှမ်းယူလျက် အသက်ပင်မရှူဘဲ ခပ်မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



မော့သောက်ချလိုက်သည်။ ပြီးမှ ဇော် ပန်းကန်ကိုယူလျက် ကလေးတစ်ယောက်ကို တိုက်သလို ဇော့်ကို ကော်ဖီတိုက်ရန် ကြိုးစားသည်။

"ဖိတ်ကုန်လိမ့်မယ် . . . နန္ဒ"

"မဖိတ်အောင် သောက်ပေါ့။ ဒီတစ်ခါ အကျီကို ကော်ဖီစွန်းလို့လျှော်ထားရရင်တော့ ဖြူးကျော်နဲ့ကိုယ် လက်သီးပြန် ထိုးရတော့မှာ သေချာနေပြီ"

သူမ ရယ်မောရင်း သူ့ပန်းကန်ကို တွန်းထားမိသည်။

"ငါ့ဟာငါ သောက်မယ်"

"အေး . . . ဒါဖြင့်သောက်"

သူမ ကော်ဖီ ကုန်သွားတော့ ချောကလက်ဝေဖာထုပ်များ ဖောက်လျက် ကျွေးသည်။

"ငါမကြိုက်ဘူး နန္ဒ"

"မကြိုက်လဲ စားရမှာပဲ စား။ မစားရင်ခွံ့မှာနော်"

သူ တကယ်ခွံ့မည်ဆိုတာ သူမ သိပါသည်။ ဇော် သူ့ကို မျက်စောင်းထိုးလျက်က အညိုရောင် ချောကလက် ဝေ ဖာကို နှစ်ခုကုန်အောင် စားထိုက်ရလေ့သည်။

"သွား . . . စောစောက ခရစ်(စ်)ဒီဘာ့(ဂ်) ပြန်ဖွင့်ချည်ဦး"

ဇော် ဖျတ်ခနဲ ထလျက် ကက်ဆက်တိပ်ခွေ လဲလိုက်သည်။ ထို့နောက် သူရှိရာသို့ ပြန်မသွားတော့ဘဲ သူနှင့် မျက်နှာချင်းဆိုင် တစ်ယောက်ထိုင်ဆိုဖာတွင် ဝင်ထိုင်လိုက်တော့ သူ မရယ်မပြုံး စိုက်ကြည့်သည်။

"လာ . . . ဒီမှာလာထိုင်"

သူ့ဘေးက နေရာလွတ်ကို လက်ဖြင့်ပုတ်ပြ၏။ သူမပခုံးတွန့်လျက် ခေါင်းယမ်းကာ ရယ်ပါသည်။ "လာကွာ . . . ။မလာဘူး





လား၊ ကိုယ် တစ်နှစ်သုံးတစ်ဆယ်အထိရေမယ်၊ ဆုံးတဲ့အထိ မင်း မလာရင် . . .မင်းကိုယ့်အကြောင်း သိတယ်နော်"

သူ တစ်နှစ်သုံးစ,ရေ၏။ ဇော် ခပ်တေကာ မလှုပ်မယှက် ထိုင်နေလိုက်သည်။ တစ်ဆယ်အထိ ရောက်သွားသော်လည်း သူမ ပေကပ်ထိုင်နေဆဲ။ သူ ခပ်တည်တည်ဖြင့် သူမရှိရာသို့ ထလာ၏။ သူ ဇော့် ကုလားထိုင်၏ နောက်တွင် မတ်တတ်ရပ်၏။ ဇော် အသံထွက်အောင် ရယ်လိုက်တာကိုပင် သူ လိုက်ရယ်ဖော်မရပါ။ ထို့နောက် သူမ၏ နောက်ဘက်အပေါ်မှ ကိုယ်ကိုငုံ့ကိုင်းလိုက်ပြီး ဇော့်မျက်နှာကို လက်နှစ်ဘက်ဖြင့် ဆွဲကိုင်မော့စေကာ အံ့အားသင့်နေသော သူမကို အကြာကြီး အချိန်ဆွဲ၍ နမ်းလေသည်။

သူမ လက်များဖြင့် သူ့ဆံပင်ကို ဆုပ်ကိုင်မိတော့ ရေခြောက်စပြုသော သူ့ဆံပင်များမှာ စိုထိုင်းကြမ်းတမ်းလျက် မွေးပျံ့နေသည်။

"ကိုယ်တို့ကံကောင်းတယ် သိလား၊ နောက်တစ်ပတ်ဆိုရင် ကိုယ် ရန်ကုန်မှာမရှိတော့ဘူး"

"ဘာ . . ."

သူက ဇော့် ဘေးကဆိုဖာမှာ ဝင်ထိုင်သည်။ သူ့အကျီ မှ ပြုတ်နေသော အပေါ်ဆုံးကြယ်သီးကို ဂရုတစိုက်ပြန်တပ်ရင်း နောက်မှီကို ပစ်မှီလိုက်ကာ မျက်စိမှိတ်ထားလိုက်လေသည်။ ခဏနေမှ မျက်စိ ဖွင့်လျက် သူမကိုကြည့်သည်။

"ကိုယ် မင်းကိုမပြောမိလို့ . . . ကိုယ် အလုပ်ဌာနပြောင်း သွားပြီ"

"နေပါဦး၊ ရန်ကုန်မှာ မရှိတော့ဘူးဆိုတော့၊ ဘယ်ကို . . ."

"ဟာ . . .မဟုတ်ဘူး မဟုတ်ဘူး၊ ကိုယ်ဘယ်မှ မပြောင်းရဘူး။ ဒီလိုပါ၊ ကိုယ် ကုမ္ပဏီပြောင်းသွားပြီ။ မင်း အလျင်တစ်ခါလာ



www.burmeseclassic.com

www.burmeseclassic.com



တုန်းက မဂိုလမ်းမှာလေ။ အခု ရှစ်မိုင်မှာ၊ ဂျပန်တော့ ဂျပန်ကုမ္ပဏီ ပဲကွ။ မစ်ဆုအိရဲ့ လက်အောက်ကပဲ။ ဒါပေမယ့် မတူတော့ဘူးလေ ရန်ကုန်မှာမရှိဘူးဆိုတာက ကိုယ် ခရီးထွက်ရမှာကိုပြောတာ"

"ဘယ်နေ့လဲဟင်. . ."

"အတိအကျ မသိသေးဘူး၊ ကိုယ် သိသလောက်တော့ မယ့် ဗုဒ္ဓဟူးပဲ"

"တော်ပါသေးရဲ့. . .အဝေးကြီးလိုပါသေးတယ်"

ဇော် လွတ်ခနဲ ရေရွတ်လိုက်ပြီးမှ နောင်တရသွားပါသည် သို့သော် အခုမှတော့ မထူးတော့ဘူး ထင်ပါရဲ့လေ။ သူမ၏ မက် တွယ်တာမှုကို ဖုံးဖိဖို့ရာ အလွန်နောက်ကျခဲ့ပြီ။

"ဘယ်ကိုသွားရမှာလဲဟင်. . ."

သူက ဇော့် လက်သည်းချွန်ကလေးများကို လက်ညှိုး ဖြင့် လိုက်ထိလျက် မန္တလေးဟု တိုးတိတ်စွာဖြေသည်။

"နန္ဒ. . .နင်ဘာဖြစ်လို့ ဆံပင်တိုတိုလေး ညှပ်ထားတာ ဟင်"

သူက ပြုံးသည်။

"ကိုယ်ငယ်ငယ်ကတည်းက ဆံပင်ရှည်ရင် မနေတတ်ဘူး မျက်နှာပေါ်ထိ ဆံပင်ကျနေရင် ယားတယ်။ အဲဒါနဲ့ ခပ်တိုတို ညှပ်ရင်း ကနေ ပန့်ကေဖြစ်သွားရော။ ဘာဖြစ်လို့လဲ၊ ကြည့်မကောင်းဘူးလား"

"ဟင့်အင်း. . .ကြည့်လို့တော့ ကောင်းပါတယ်။ မျက်နှာ သွားတာပေါ့။ ဒါပေမယ့်. . ."

"ဒါပေမယ့်. . .ဘာဖြစ်လဲ"

"အရှည်ထားပါ"





"ဟာ. . .အရှည်ထားရမယ့် အကြောင်းပြချက်ကို ပြောဦး မှပေါ့၊ မင်း အကြောင်းပြချက်က ခိုင်လုံရင် ကိုယ် အရှည်ထားမှာပေါ့"

သူမ မပြောပါ။ သူက မရမက မေးတော့မည့်ဟန်ဖြင့် ကုလားထိုင်ကို ဇော့်အနီးသို့ ပိုမိုတိုးကပ်ရွှေ့လိုက်သည်။ သူမ ပြုံးရယ် ကာ စကားလွှဲလိုက်တော့သည်။

"မန္တလေး ဘယ်နေရာကို သွားရမှာလဲဟင်. . . နန္ဒ"

"ဟာ. . .စမ့်စုလှ ချည်လား။ ကိုယ့်အလုပ်ကို မင်း နားလည် လို့လား"

"မလည်ဘူး၊ ဒါပေမယ့် သိချင်တယ်"

သူ ခပ်ဟဟရယ်လျက် ဇော့် ဆံပင်များကို လက်ဖြင့်ဖွကာ ဖြေပါသည်။

"မန္တလေးတော့ မဟုတ်ဘူးကွ၊ မန္တလေးကနေ ဆက်သွားရ ဦးမှာ။ ကင်းတားဆိုတာ မင်း ကြားဖူးလား"

"အင်း. . . ကြားဖူးတယ်။ ကင်းတားဆည်ဆိုတာရှိတယ်"

"အေး. . . အဲဒီမှာ ကိုယ်တို့ကုမ္ပဏီက စက်ရုံဆောက်ထား တယ်။ အဲဒီအထိ သွားရမှာ"

"အဲဒီမှာ မိန်းမတွေရှိလား"

နန္ဒက မျက်နှာမော့လှန်လျက် တဟားဟားရယ်လေသည်။

"မရယ်နဲ့ အကောင်းမေးနေတာ"

"ရှိချင်လဲရှိမှာပေါ့၊ ကိုယ် ဘယ်သိမလဲ"

"ဟင်. . ."

"ကိုယ့်ကို ရန်ကုန်မှာ တစ်နှစ်လောက် ခွဲထားပြီးတော့၊ အဲဒီ ဘုန်းက မနာလိုမဖြစ်ဘဲ ဘာမိန်းမမှမရှိတဲ့ စက်ရုံကျကာမှ မင်းက သဝန်တိုပြနေပြန်ပြီ. . . အရူးမ"



www.burmeseclassic.com

www.burmeseclassic.com



သူမ အကျယ်ကြီး အော်ရယ်တော့မလို ဟန်ပြင်လိုက်စဉ် ပင် တိုက်ခန်းတံခါးကို တဒုန်းဒုန်းထုသံ ကြားလိုက်ရသည်။ နန္ဒ ဆိုဖာကို ကျောမှီရာမှ ကိုယ်ကို မတ်လိုက်သည်။

"ဟာ. . . ကြမ်းလှချည်လား"

ထို့နောက် ဖျတ်ခနဲထသွား၏။ ဇော့် ရင်ထဲမှာ ပူပင်သော ရုတ်ခြည်းဝင်လာသည်။ ဖြိုး လိုက်လာခြင်းမဖြစ်ပါစေနဲ့ဟု ဆုတော ရင်း လက်မှနာရီကို ကြည့်သည်။ ၆နာရီ။ သူမ ဆုတောင်းမပြည့် နန္ဒ လှည့်ဖွင့်ပေးလိုက်သော တံခါးရွက်ကို ဝုန်းခနဲတွန်းလျက် ဝင်လာ သူမှာ ဖြိုးကျော် ဖြစ်သည်။ မမြင်ရတာ တစ်နှစ်ကျော်ပြီဖြစ်သော သည် အနည်းငယ်ပွရောင်းသော ဆံပင် မသပ်မရပ်နှင့်ဖြစ်သည် စပို့(တ)ရှပ် လက်တို အပြာစင်းနှင့် စီးကရက်ခဲထားသော ဖြိုးမျက် မှာ တင်းမာရိပ်လုံးဝမရှိပါ။ သို့သော် တည်ကြည်စွာ စိမ်းကားသော မျက်ဝန်းများဖြင့် နန္ဒနှင့်တင်တင်ဇော်ကို တစ်လှည့်စီကြည့်တော့ ဇော် အနည်းငယ် အနေရကျပ်သွား၏။ ထို့ကြောင့် သူမ မတ်တတ်ရပ်လို သည်။

"ဖြိုး. . ."

"ငါ ခုနလမ်းကို ရောက်ခဲ့တယ်"

သူမ မျက်နှာမှာ နွေးပူသွား၏။

"ငါ ဒီကို အလျင်ဝင်လိုက်ဖို့ သတိမရဘူး။ အစ်ကိုကြီး နင့်နောက် လိုက်ခိုင်းတာနဲ့ နောက်ပြီး နင်အစ်ကိုကြီးကို လိမ်ပြောသွား မယ်လို့မှ မထင်ဘဲ"

နန္ဒက ဖြိုးကို စကားတစ်ခွန်းမှမပြောပါ။ မတ်တတ် လျက် ဖြိုးနှင့် ဇော့်ကို အကဲခတ်သလို ကြည့်နေသည်။





"ထိုင်ပါဦးလား ဖြိုး"

"မထိုင်ချင်ဘူး၊ နင့်ကိစ္စပြီးပြီလား၊ ပြီးရင်. . . ပြန်ကြစို့"

ဇော် ကြောင်အစွာ ဖြိုးကို ငေးမောလျက် ဘာစကားမှမပြန် နိုင်ဘဲ ပူထူနေသည်။

"အစ်ကိုကြီးက နင် တစ်ယောက်တည်း မြို့ထဲကို လွှတ်ချင် တာ မဟုတ်ဘူး။ နင့်ထုတ်ဝေသူက အမျိုးသမီးဆိုတာလဲ ယုံပုံမရဘူး။ ငါ အိမ်ပြန်ရောက်ရောက်ချင်း ငါ့ကို ဆူတော့တာပဲ။ ဒီလောက်ကြာ အောင် လည်ရသလားတဲ့။ မိဇော်နောက်ကို လိုက်သွားဖို့ကောင်းတယ် တဲ့။ နင် လာမယ်ဆိုတာ ငါမှမသိတာ။ ဒါတောင် ငါ ဒီနေ့စောပြီး ရောက်တာ။ တစ်ခါတလေ ရှစ်နာရီမှ အိမ်ပြန်ရောက်တာ။ တကယ်လို့ ငါ ရှစ်နာရီအထိလာမခေါ်ရင် နင် ဒီမှာပဲ ဆက်နေဦးမှာလား"

"ဖြိုးကလဲ. . ."

သူမ ခေါင်းငုံ့ရပ်လျက် ငြိမ်သက်နေလေသည်။ နောက်မှ သတိရကာ နန္ဒကို လှမ်းကြည့်တော့ နန္ဒက ဗီရိုနား မှာလက်ပိုက်ရပ် လျက် သူတို့ကို ကြည့်နေဆဲ။ စကားတစ်ခွန်းမှ ဝင်မပြောချေ။

"သွား. . .မိဇော်. . .အစ်ကိုကြီးဆီ ဖုန်းဆက်ချည်။ ပြီးရင် ပြန်မယ်"

"ဘယ်. . .ဘယ်လိုပြောရမှာလဲ"

"နင် လိမ်တတ်ပါတယ်ဟာ. . .စာရေးဆရာမပဲ"

ဖြိုးက ခနဲ့တဲ့တဲ့ပြောတော့ သူမ ရုတ်ခြည်း မျက်ရည်ရစ်ဝိုင်း လာ၏။

နန္ဒကို အားကိုးတကြီးကြည့်တော့ နန္ဒ တော်တော်သနား သွားဟန်တူပါသည်။ သူက အားပေးသလိုပြုံးလျက် ခေါင်းတစ်ချက် ညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"လွယ်ပါတယ် တင်တင်ဇော်ရာ။ ပရု(ဖ်)ဖတ်နေလို့ ကြာသွားတာလို့ပြော။ တချို့စက်တွေ ဒီလိုပဲ လေးနာရီ၊ ငါးနာရီကျော်တဲ့အထိ ခိုးရိုက်နေကြတာ၊ အိမ်ရောက်တော့ ဖြိုးကျော်က မင်းကိုထောက်ခံလိမ့်မယ်"

"ဖြိုး. . .နင် ငါ့ကို ကူလိမ်ပေးနော်"

ဇော် ရှက်ရွံ့စွာ ခပ်တိုးတိုးပြောတော့ ဖြိုး မျက်နှာပျက်စွာပြုံးပါသည်။

"ရပါတယ်၊ နင့်စကားဆို ငါ အမြဲလိုက်လျှောခဲ့တာပဲ။ ဒါပေမယ့် နင်ကတော့ ငါ့စကားကို ဘယ်တော့မှနားမထောင်ဘူး။ ငါက မသွားနဲ့ဆိုတဲ့ နေရာကို နင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင်သွားတယ်။ ဘယ်လိုမဆိုလေ. . .ခုမှတော့ နင် ဖြစ်စေချင်သလို ငါလုပ်ပေးရတော့မှာပေါ့"

* * *



အခန်း (၇)

ကြမ်းပြင် တသိမ့်သိမ့်တုန်အောင် လှေကားကို နင်းလျက်တက်လာသော ခြေသံကို ကြားကြားချင်း ဖြိုးပြန်လာပြီ ဟု သိလိုက်၏။ ်ထဲမှာ ပူလောင်လျက် မျက်နှာချင်းဆိုင်ဖို့ ရှက်ရွံ့စွာ အိပ်ချင်ယောင်ဆောင်နေဖို့ ဆုံးဖြတ်လိုက်သည်။ စောစောကကျခဲ့မိသော မျက်ရည်များလည်း ခြောက်သွေ့ကုန်လောက်ပြီ။

ကလေးများနှင့်အတူအိပ်သော ဖြိုးကျော်၏ နေရာတွင်ထုံးစံအတိုင်း ခဏဝင်အိပ်နေသော တင်တင်ဇော်ကို သူ သိပ်အံ့ဩပုံမရပါ။ အိမ်ရှေ့ဝရန်တာသို့သွား၍ သူ့ဘာသာသူ ထမင်းခူးခပ်စားနေသည်ကိုကြားနေရသည်။ သူ ထမင်းစားတော့မှ ဇော် ညစာထမင်းမစားရသေးကြောင်း သတိရသွား သည်။ သို့သော် သူမ မဆာပါ။ ရင်ထဲတွင်အာရုံကယင်ဖြင့် တလှပ်လှပ် မူးနောက်လျက် အန်ချင်သလိုဖြစ်နေသည်။ အရှေ့ထဲမှာ ကပ်လျက်အိပ်နေသော သားငယ်လေးက သူမရင်ခွင်းနှင့်ရောလျက် ခြေထောက်တင်ထားသေးသည်။ သူ့ကို ဖယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့လှုပ်လိုက်လျှင် ဖြိုးမျက်စိက သူမထံရောက်လာမှာ စိုးသောကြော သူမ မလှုပ်မယှက် ငြိမ်သက်စွာ မျက်စိမှိတ်ထားလိုက်လေသည်။

ဒီနေ့ကျမှ ဘာဖြစ်လို့ လိုက်မခေါ်တာလဲ ဖြိုးရယ်ဟုစိတ် ကသာ ညည်းညူမိလျက် ပိတ်ထားသော မျက်လုံးတွင် မျက်ရည်မျာ စို့စွတ်လာသည်။ ဖြိုး ထမင်းစားပြီးသည်အထိ ဆယ့်ငါးမိနစ်လော ကြာလိမ့်မည် ထင်သည်။

မနှင့်အစ်ကိုကြီးအိပ်သော အခန်းထဲမှာဖြင့် အစ်ကိုကြီး အိပ်ပျော်၍ ဟောက်တောင်နေပြီ။ ဖြိုးဟာ ဘာဖြစ်လို့ ညကိုးနာ အထိ အပြင်သွားနေရတာလဲ။ သူ့ကောင်မလေးဆီ သွားနေလိမ့် ဟု ထင်ရအောင်ကလည်း မိန်းကလေးဘော်ဒါဆောင်တွေက ည ခြောက်နာရီဆို ပိတ်တာပဲ။

အေးလေ ဒါက အရေးမကြီးပါဘူး။ အခုမှတော့ ဘ အရေးမကြီးတော့ပါဘူး။

“ဟောဗျာ. . . ဒီကောင်မလေး အဝတ်အစား မလဲဘဲနဲ့ နေပြန်ပြီ”

ဖြိုး ခပ်တိုးတိုးရေရွတ်သံကို သူမ ကြားသည်။ ဟုတ် ဇော် အင်္ကျီလုံချည်လဲဖို့ လုံးဝပင် သတိမရခဲ့ပါလား။

“ဇော် အိပ်နေကျနေရာတွင် ထုံးစံအတိုင်း ဖြိုး သင်ဖြူ ပေးသံကြားရ၏။ ထို့နောက် အိပ်ရာခင်းသည်။ ခေါင်းအုံးချ စောင်များချပေးသည်။ ထို့နောက် သူ ဇော့်အတွက် ခြင်ထောင် နေလေသည်။ ခဏနေရင် ဇော့်ကို သူ လာနှိုးတော့မှာ။ အတွေ ခင် ဇော့်ပခုံးကို သူ အသာအယာ ပုတ်နှိုးသည်။

“ဇော်. . .မိဇော်၊ ထစမ်း. . .”





ဇော် ဆက်မြဲမနေနိုင်တော့ဘဲ မျက်လုံးဖွင့်ကြည့်လိုက်သည်။ နှုတ်ခမ်းမွှေးရေးရေး မရိတ်ဘဲထားသော ဖြိုးမျက်နှာမှာ လူကြီး တစ်ယောက်ကို စိတ်ရှည်သည်းခံမည့် ပုံစံမျိုးဖြစ်သည်။

“နင် အဝတ်လဲချည်ဦး၊ မမတို့အခန်းတံခါးကို သာသာ အလေး တွန်းဝင်သွား။ ဘာလို့ ဒီအတိုင်း အိပ်နေတာလဲ၊ နင် ရောက် တာမကြာသေးဘူးလား။ နင့်ကို ဒေါ်ခင်စောဝင်းက လိုက်ရောပို့ရဲ့ လား”

မေးခွန်းများစွာ ဆက်တိုက်မေးသော်လည်း သူမ အတွက် အဖြေတစ်ခုမှရှိပါ။ ညနေတုန်းက သူမ၏ ထုတ်ဝေသူထံ ကိုယ်တိုင် အရောက်လိုက်ပို့ပေးခဲ့ပြီးမှ သူနှင့် လမ်းခွဲခဲ့ကြခြင်းဖြစ်၍ သူမ အပေါ် ယုံကြည်စိတ်ချဟန်တူပါသည်။ ဇော် ဘာမှမဖြေဘဲ သူ့အားကြောင် ကြည့်နေသည်ကို သူ သတိထားမိသွားသည်။

“မိဇော် ထမင်းရော စားပြီးပြီးလား”

သူမ ခေါင်းထမ်းဖို့ ခေါင်းညိတ်ဖို့ လုံးဝအားစိုက်၍မရဘဲဖြစ်နေသည်။ အိပ်ရာမှ ဖြည်းညင်းစွာထလျက် ဒယိမ်းဒယိုင်ဖြင့် သူမ အိပ်ရာဆီသို့ သွားမည့်ဟန်ပြင်သည်။ ဖြိုးက အနည်းငယ် အသံတွက် ရယ်လျက်. . .

“အိပ်ပုပ်ကြီးလိုက်တာ၊ အင်္ကျီအကောင်းကြီး ကြေကုန်ပြီ။ သွားလဲချည်ပါဦးဟာ. . . ပြီးမှ ပြန်အိပ်ပါ”

ဇော် ဖြိုးကို လုံးဝ မျက်နှာချင်းမဆိုင်ရဲပါ။ ဒူးထောက်ထိုင်ချ လိုက်၍ သူမ၏ ခြင်ထောင်ထဲသို့ ဝင်ဖို့ဟန်ပြင်မိသည်။

“မိဇော် နင် ဒီနေ့တော့ ဥသလမ်းကို မသွားပါဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းသည် တင်တင်ဇော်၏ ခံနိုင်ရည်စွမ်းအားထက် လွန် သွားသော မေးခွန်းဖြစ်၏။ သူမကိုယ် သူမ ထိန်းချုပ်၍မရလိုက်ဘဲ ရှိုက်သံက ဆောင့်ထွက်သွားသည်။

"ဟာ. . .မိဇော်"

ဖြိုးက ကမန်းကတန်း သူမ အနီးတွင် ဝင်ထိုင်လိုက်သည်။ နောက်ကျောပေးထားသော သူမ၏ပခုံးကို ခပ်ဖွဖွ ဆုပ်ညှစ်လျက် လှုပ်ယမ်း၏။

"နင် ဘာဖြစ်လို့လဲ. . .နင် ဘာဖြစ်ခဲ့တာလဲ"

-ဇော် မဖြေပါ။ မျက်ရည်များစွာ ထိန်းမနိုင်သိမ်းမရထွက်ကျ ကုန်တော့သည်။ ပို၍ကျယ်လာသော ရှိုက်သံကြောင့် ဖြိုးက တင်တင်ဇော့်ပါးစပ်ကို သူ့လက်ဖြင့် အုပ်ပိတ်လိုက်သောအခါ အစ်ခနဲ အသံထွက်လျက် ရှိုက်သံမှာ တိမ်ဝင်သွား၏။

"လာ. . .ဝရန်တာဘက်ကိုလာ။ ဒီက အသံတွေကို မမတို့ အခန်းက ကြားသွားလိမ့်မယ်"

သူက ခပ်တိုးတိုး ခပ်ပြတ်ပြတ်ပြောလျက် ဇော့်ကို ဆွဲထူသည်။ သူမ ပါးစပ်ကိုအုပ်ထားသည့် လက်ကိုမူ ဖြေလျှော့မပေးသေးပါ။

"ဟင့်အင်း. . ."

သူမ ခေါင်းခါယမ်းသည်။

"မရဘူး၊ လာ. . .လိုက်ခဲ့။ နင် ဘာဖြစ်လာတယ်ဆိုတာ ငါမသိရရင် ငါ အိပ်ပျော်မှာမဟုတ်ဘူး"

ဖွင့်ထားသော ခေါက်တံခါးရွက်ချပ်များမှ ဖြတ်လျက် ဝရန်တာသို့ သူမကို တိုးတိတ်စွာ ဆွဲခေါ်သွားသည်။ ထို့နောက် ပိတ်ထားသော တံခါးရွက်များ၏ တစ်ဘက် ခပ်လှမ်းလှမ်းအထိ ခေါ်သွား





ပြီး သစ်ခွပင်များအနီးတွင် မတ်တတ်ရပ်ပြီးမှ သူ့လက်ကိုဖြေလျှော့ပေးသည်။

"ပြော. . .နင်ဘာဖြစ်လာသလဲ။ နင့်ကို ဒေါ်ခင်စောဝင်း ဒီအထိ လိုက်ပို့သလား"

ဇော် ခေါင်းခါယမ်းပစ်လိုက်သည်။ ထို့နောက် မတ်မတ်ရပ် နေနိုင်ရန်အင်အားမရှိတော့၍ ရုတ်တရက် လျှော့ခွေစွာ ထိုင်ကျသွားလေသည်။

ဘာဖြစ်လာသည်ဆိုတာ သူသိဖို့ကောင်းပါသည်။

ခဏနေတော့ သူကပါ အနီး၌ ဝင်ထိုင်လိုက်၏။

"မငိုစမ်းနဲ့ဇော်၊ အားလုံးတိတ်ဆိတ်နေတဲ့အချိန်မှာ နင့်ငိုသံကို အစ်ကိုကြီးတို့ကြားသွားရင် ငါလဲမကောင်းဘူး နင်လဲမကောင်းဘူး။ ပြောစမ်း၊ နင် ဒေါ်ခင်စောဝင်းဆီက ဘယ်တုန်းကပြန်လာခဲ့တာလဲ"

သူမ မဖြေပါ။

"နင် ဟိုကောင့်ဆီ ရောက်ခဲ့သေးလား"

သူ့အသံမှာ ပူပင်သောကရိပ်ဖြင့် ခပ်မြန်မြန် ခပ်အက်အက် ဖြစ်နေသည်။ ဤမေးခွန်းကိုလည်း သူမ မဖြေပြန်ပါ။ ဖြိုးက သူမ၏ မျက်နှာကို လက်ဖြင့်ကိုင်ကာမော့စေ၍ လမ်းမာတ်မီးတိုင်၏ မှုန်ပျပျ အလင်းတွင်မရမက ကြည့်သည်။

"မိဇော်. . .နင် အဲလိုငိုနေတော့ ငါက ဘာသွားလုပ်ရတော့မှာလဲ။ ငါ အရမ်းစိတ်ပူနေတာကို နင် နားမလည်ဘူးလား၊ ပြောပြစမ်း။ ဘာတွေဖြစ်ခဲ့သလဲ။ ဟိုကောင့်ဆီသွားခဲ့သလား"

ဇော် ဘာမှမဖြေဘဲ အတန်ကြာအောင် ငြိမ်းသက်နေတော့ သူ တက်တစ်ချက် ပြင်းစွာခေါက်၏။

"ငါတော့ နင့်ကို ဆွဲထိုးမိတော့မှာပဲ။ ဖြေစမ်းဆို. . ."



www.burmeseclassic.com

www.burmeseclassic.com



သူမ ယခု အတော်အတန် ထိန်းနိုင်သွားပြီဖြစ်သည်။ ရှိုက်သံလည်း ကျဲပါးသွားပြီး မျက်ရည်များကိုလည်း စင်ကြယ်အောင် သုတ်ပစ်ပြီးပြီ။

"ဘာမှ မဖြစ်ပါဘူး၊ ငါ အိပ်တော့မယ် ဖြိုး"

"မအိပ်ရဘူး"

သူ့အသံမှာ အနည်းငယ် စူးရှသွား၏။ ပြီးမှ အသံကိုထိန်းကာ ခပ်တိုးတိုး ပြောသည်။

"နင် ဘာဖြစ်လာသလဲဆိုတာ မပြောမချင်း နင် မအိပ်ရဘူး နားလည်လား။ ပြော. . .နင် ဒီကို ဘယ်ချိန်ပြန်ရောက်သလဲ"

"ရှစ်နာရီ"

"ဘယ်သူလိုက်ပို့လဲ"

"နန္ဒ. . ."

ဇော့်မျက်နှာကို ကိုင်ထားသော သူ့လက်များ ရုတ်တရက် ပြေလျော့သွား၏။ ထို့နောက် အကြာကြီး တိတ်ဆိတ်ငြိမ်သက်သွားသည်။ တင်တင်ဇော်၏ ရှိုက်သံတစ်ချက်သာ တိုးတိတ်စွာ ထွက်သွား၏။ ဖြိုးထံမှ ပင့်သက်ရှိုက်သံကို နိုးကပ်စွာ ကြားလိုက်ရပြီး စကားသံကတော့ လုံးဝ ထွက်ပေါ်လာခြင်းမရှိပါ။ ဘာမေးခွန်းမှလည်း ဆက်မမေးတော့ပါ။ ဇော်သည် နံရံကို နွမ်းဖျော့စွာမှီရင်း သူ့ကို လှည့်ကြည့်လိုက်၏။ သူ ရှေ့တည့်တည့်ကို ငြိမ်သက်စွာ ငေးမောနေသည်။

"ဖြိုး. . .ငါ ဘာဖြစ်လာခဲ့လဲ နင် ထပ်မမေးတော့ဘူးလား"

သူမအသံသည် ကိုယ့်ဘာသာကိုယ်မမှတ်မိလောက်အောင် အက်ကွဲနေလေသည်။

"ငါ နင့်ကို ခဏခဏ ပြောခဲ့ဖူးတယ်။ နင်က ငါ့စကားဆို ဘယ်တော့မှ နားမထောင်ဘူး" ပြောရင်း ဖြိုးအသံမှာ တင်းမာလာ၏။





"အခုကိစ္စကလဲ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ နင့် ဆုံးဖြတ်ချက်နဲ့နင် ဇွတ်တိုးတာ။ ဒီအတွက် နင် မျက်ရည်ကျပြနေဖို့မလိုဘူး မိဇော်"

သူမ ဘေးစောင်းမြင်နေရသော သူ့မျက်နှာကို ငေးမောကြည့်လျက် နှောင်တကြီးစွာဖြင့် ရှက်လာသည်။

"ဒီအဖြစ်မျိုးက မဆန်းပါဘူးဟယ်၊ ငါ မျက်ရည်မကျသင့်တာလဲ ငါသိပါတယ်။ ဒါပေမယ့် အခုချိန်ရောက်တဲ့အထိတောင်. . ."

"ဘာဖြစ်လဲ အခုချိန်ရောက်တဲ့အထိ" သူ့အသံမှာ မာပြတ်ကြမ်းရှနေ၏။

"အခုအချိန်ထိ သူ ငါ့ကို ချစ်စကားတစ်ခွန်းမှ မပြောရသေးဘူး။ အဲဒါ အံ့ဩစရာမကောင်းဘူးလားဟင် . . . ဖြိုး. . ."

သူမ နာကျင်စွာရယ်လိုက်မိသည်။ သို့သော် ရယ်သံက အက်ကွဲပြတ်တောက်သွားသည်။ သူ့ထံမှ ညည်းညူသံလိုလို အာမေဋိတ်သံလိုလို တစ်ခုခုကြားလိုက်ရသော်လည်း ဘာမှန်း မသဲကွဲလိုက်ချေ။ သူမ အံတင်းတင်းကြိတ်ရင်း ခေါင်းတစ်ချက်ဆတ်လျက် ယမ်းခါပစ်လိုက်သောအခါ ဆံပင်များ ဝေ့ခနဲ ဖွာလွင့်သွား၏။

"ငါ့အသက် အခုနှစ်ဆယ့်ကိုးနှစ်ရှိပြီ။ ငါ့ဘဝမှာ ယောကျ်ားဆိုလို့နှစ်ယောက်ပဲကြုံဖူးတယ်။ အဲဒီ ယောကျ်ားနှစ်ယောက်လုံးက ငါ့ကို ချစ်တယ်လို့ပြောဖို့ သိပ်ဝန်လေးနေကြလောက်အောင် ငါ အောက်တန်းကျတဲ့မိန်းမ ဖြစ်နေပြီ. . ."

သူ ငြိမ်သက်နေရာမှ ဝုန်းခနဲထရပ်လိုက်တော့ သူမ လန့်ဖျပ်သွား၏။

"ဖြိုး"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ မတ်တတ်ရပ် တွေဝေနေရာမှ ဝရန်တာ လက်ရန်းကို လက်သီးဖြင့် အားကုန်လွှဲ၍ ထိုးချလိုက်လေသည်။

"ဒိုင်း"ခနဲ မြည်သံသည် လက်ဖက်ရည်ဆိုင်မှ စိုင်းထီးဆိုင်၏မောင့်လပြည့်ဝန်း တီးလုံးအောက်မှာ ပျောက်ကွယ်သွား၏။ သူမ တအံ့တဩ ကြည့်မိတော့ ဖြိုးမျက်ဝန်းမှာ စို့စွတ်နေသော မျက်ရည်များကို တုန်လှုပ်စွာ မြင်လိုက်ရသည်။

ဘုရားရေ. . . ငါဘာတွေ သွားပြောလိုက်မိပြီလဲ။

သူ့မျက်နှာ သူ လက်ဝါးနှစ်ဘက်ဖြင့် အုပ်လျက်၊ဝရန်တာကို တံတောင်ဆစ်ထောက်လျက် ခပ်ယိုင်ယိုင်ရပ်နေသော ဖြိုးအနီးသို့ သူမ တွန့်ဆုတ်စွာ ကပ်သွားမိသည်။

"ဖြိုး. . ."

သူ့နောက်ကျောကို သူမလက်ဖြင့် ထိလိုက်မိတော့ သူ တုန်လှုပ်သွား၏။

"နှင့်ကို ငါ မနေ့ညကတည်းက သတ်ပစ်ချင်နေတာ၊ သတ်ပစ်လိုက်မိရင် ဘယ်လောက်ကောင်းမလဲ"

သူ့အသံက ဒဏ်ရာရထားသူလို ထိခိုက်စွာ မာကျော ပြတ်တောက်နေသောကြောင့် သူမ ကျောစိမ့်သွားသည်။

"ငါ့ကို မတီနဲ့ . . .သွား"

သူ့ကျောမှ သူမ၏လက်ကို လွှတ်ချလိုက်ပြီး နာကျင်စွာ နောက်ဆုတ်လိုက်သည်။ ထိုစကားသည်လည်း ဇော် ဘယ်လိုမှ သည်းခံနိုင်စွမ်းမရှိသော စကားတစ်ခွန်းဖြစ်လေသည်။ သူမသည် နံရံတွင် နောက်ကျောကပ်မှီလျက် စောစောက ကွယ်ပျောက်နေသော မျက်ရည်များ ယခုမှ ပြည့်လျှံလိမ့်ဆင်းလျက် အသံတိတ်ဆိတ်စွာ မတ်မတ်ရပ်နေမိသည်။





ခဏာနေတော့မှ ဖြိုးက လှည့်ကြည့်သည်။

ဇော် ငြိမ်သက်တိတ်ဆိတ်စွာ မျက်ရည်ကျနေသည်ကို သူ မြင်သွားသည်။ သူ အနီးသို့တိုးကပ်လာပြီး ဇော် မှီထားသောနံရံကို လက်ထောက်လျက် သူမကို မျက်နှာချင်းဆိုင် စိုက်ကြည့်လေသည်။

ဇော် မတ်မတ်ရပ်နေနိုင်သည့် အင်အားများ ဆုတ်ယုတ်လျက် ဒူးများညွတ်ခွေကျတော့မလို ဖြစ်သွားသည်။

"မငိုနဲ့၊ မငိုစမ်းပါနဲ့မိဇော်။ ငါ ဘာဆက်လုပ်ရမှန်း မသိတော့အောင် ဖြစ်နေပြီ။ တစ်ဆိတ်လောက် မငိုစမ်းပါနဲ့ဟာ"

ဇော် တိတ်ဆိတ်စွာပင် မျက်ရည်များကို သုတ်ပစ်လိုက်ရင်း ကိုယ်သင်းနံ့နှင့် ချွေးနံ့ရောနေသော သူ့အကျီလက်မောင်းပေါ်တွင် မျက်နှာအပ်ထားလိုက်မိသည်။

"မိဇော်... ဒီ ကမ္ဘာလောကမှာ ငါ တန်ဖိုးထားသလောက် ဘယ်ယောကျ်ားကမှ နင့်အပေါ် တန်ဖိုးထားနိုင်မှာမဟုတ်ဘူး။ အဲဒါကို ငါ ဘုရားရှေ့မှာကျိန်တွယ်ပြီး ပြောရဲတယ်၊ နင် အဲဒါကို ယုံရဲ့လား"

သူမ တိတ်ဆိတ်စွာပင် ခေါင်းညိတ်ပြလိုက်၏။

"နင့်ကို ထိခိုက်နာကျင်အောင်လုပ်တဲ့လူမှန်သမျှ ငါအသက်ချင်းယှဉ်ပြီး သတ်ရဲတယ်၊ အဲဒါကော နင် ယုံလား"

သူ့လက်မောင်းမှ သူမ၏ မျက်နှာကို ပြန်ခွာလိုက်ပြီး ခေါင်းထပ် ညိတ်လိုက်ပြန်၏။

"အေး...ဒါဆို.. နင် သွားအိပ်တော့၊ အောက်ထန်းကျတာတွေ၊ အထက်တန်းကျတာတွေ။ မဟုတ်ကဟုတ်ကအတွေးတွေ နင်လျှောက်မတွေးနဲ့။ မနက်ဖြန် နင် ဘာလုပ်ရမယ်ဆိုတာ ငါ ကူစဉ်းစားပေးမယ်။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်သူမကို ပြုံးကြည့်သည်။ နာကျင်ရိပ်မပျောက်သေးသော သူ့အပြုံးကိုကြည့်ရင်း တင်တင်ဇော် သူ့ကို ကြိုးစားပြုံးပြလိုက်ရလေသည်။

ညက ညဉ့်နက်သည်အထိ တလူးလူး တလိမ့်လိမ့် အိပ်မပျော်သောကြောင့် မနက်မိုးလင်းသောအခါ သူမ အိပ်ရာထနောက်ကျ၏။ ရှစ်နာရီထိုးခါနီး၍ ကလေးတွေ ဝိုင်းနှိုးတော့မှ ဇော် နိုးလာသည်။

"အန်တီဇော်..အန်တီဇော့်အတွက်တဲ့ ဦးလေးကြီးတစ်ယောက် ပန်းတွေလာပို့သွားတယ်"

ခြင်းထောင်ခါက်နေခိုက် သမီးက လှို့ဝှက်သော အပြုံးမှိုးပြုံလျက် တိုးတိုးကလေးလာ၍ သတင်းပေးတော့ ဇော် အံ့သြသွားပါသည်။ ဖြိုးကို မျက်စိဝေ့ဝဲ၍ ရှာကြည့်သောအခါ သူ သောက်ရေအိုးစင် ရေဖြည့်နေသည်ကို မြင်ရသည်။

"ဘယ်က ဦးလေးကြီးလဲ"

"မသိဘူး"

"သား သိပါတယ်၊ လေးဘီးကား ဒရိုက်ဘာလူကြီး၊ အဘိုးကြီး။ ဟိုမှာ ပန်းတွေ သိပ်လှတာပဲ"

တယ်လီဖုန်းစင်ပေါ်မှာ အဖြူရောင် နှင်းဆီပွင့်ခိုင်များအစည်း လိုက်တင်ထား၏။

"ဟယ်. . . အဘိုးကြီးက ငါ့ဖို့ပန်းလာပေးတာ၊ ဟုတ်လားဖြိုး"

ဖြိုးက စတီးလ်ဗာလီချိုင့်ဆွဲလျက် အောက်ဆင်းတော့မည်ဟန်ပြင်နေရာမှ သူမဘက် လှည့်ကြည့်၏။ သူ့မျက်နှာမှာ ညှိုမှောင်နေသည်။





"သူက ဒရိုက်ဘာပဲ၊ အိမ်လိပ်စာပေးပြီး ပို့ခိုင်းရင်၊ ပိုက်ဆံရရင် ပို့မှာပေါ့။ ဘယ်သူကပို့ခိုင်းမယ်လို့ နင် ထင်လို့လဲ"

ဇော် ရိပ်မိစွာ နှုတ်ဆိတ်နေခိုက် သူ အောက်ထပ်သို့ ပြေးဆင်းသွားသည်။ တင်တင်ဇော်၏ နာကျင်သော နှလုံးမှာတဆတ်ဆတ်ခုန်လာပြန်ပြီး ပန်းစည်းရှိရာသို့ တွန့်ဆုတ်စွာ လျှောက်သွားလိုက်၏။

ဖြူဖွေးလွန်း၍ ဖိမ်းလဲ့နေသော နှင်းဆီဖြူများမှာ တချို့အငုံအတိုင်း၊ တချို့ပွင့်အာစ၊ တချို့က ဝင့်ကြွားစွာ ပွင့်နေကြပြီ။ အားလုံးပေါင်း ဆယ့်ငါးပွင့်လောက်ရှိမည်။ အရွက်စိမ်းဖားဖား ရိုးတံရှည်များဖြင့် လှပစွာစည်းထားသော ပန်းစည်းကို ဇော် မဝံ့မရဲ ကောက်ကိုင်လိုက်သည်။ နီရဲသောဖဲကြိုးကလေးဖြင့် စည်းထားပြီးလေဗယ်(လ်)လေးဆွဲထား၏။

အဖြူရောင် ကတ်ပြားလေးပေါ်တွင် ကျနသေသပ်သော မင်အနက်ရောင်ဖြင့် 'မင်းအတွက်. . ထာဝရ နိုဝယ်လ်'ဟု အင်္ဂလိပ်လိုရေးထားပါသည်။

အင်မတန် နိုင်ငံခြားဆန်သော နန္ဒပါတကား။

ဤကဲ့သို့ နှင်းဆီဖြူတစ်စည်းဖြင့် ချော့မော့လိုက်လျှင် မနေ့ညကဖြစ်ပျက်ခဲ့သမျှ အစစအရာရာ ကျေအေးသွားလိမ့်မည်ဟု မိုက်မဲစွာ တွေးထင်ထားဟန် တူပါရဲ့။ မိုက်မဲစွာ. . . မိုက်မဲစွာ မဟုတ်ပါ။ သူ မှန်ကန်စွာ တွေးမြင်တတ်ခြင်း ဖြစ်ပါလိမ့်မည်။ အကြောင်းမှာ နှင်းဆီပန်းစည်းကို ကိုင်ထားသော သူမ၏လက်များ ယခုပင်လျှင် တဒိတ်ဒိတ် သွေးတိုးလျက် တုန်ယင်နေကြလေပြီ။

ဖြိုးတစ်ယောက် နောက်တစ်ခေါက် ရေအပြည့်ပါသော ဗာလီချိုင့်ဖြင့် အပေါ်ထပ်တက်လာချိန်အထိ နှင်းဆီပန်းစည်းကို



www.burmeseclassic.com

www.burmeseclassic.com



မငုံ့မရဲကိုင်လျက် တွေဝေစွာ သူမ ရပ်နေဆဲ။ ဖြိုးက ရေချိုးဇလုံကိုဝရန်တာ ထောင့်စွန်းတွင်ချလိုက်ပြီးမှ သူမ အနီးသို့ ကပ်လာသည်။

"မိဇော်. . . နင် ဆုံးဖြတ်ရခက်နေပြီလား"

"မဟုတ်ပါဘူး ဖြိုးရယ်. . . ဒီပန်းတွေ ဘာလုပ်ပစ်ရမလဲလို့၊ လွှင့်ပစ်ရမှာလဲ နှမြောစရာကြီး"

ဘုရားစင်မှာလည်း ဂန္ဓမာပန်းများ ဝေနေပြီးသားဖြစ်သည်။

"ငါသာဆိုရင်တော့ ဟောဟို ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်မှာပဲ"

ဖြိုးနှင့် သူမ အကြည့်ချင်းဆုံသွားခိုက် ဖြိုး၏ မျက်ဝန်းများတွင် ဇော့် အပေါ် အားမလိုအားမရ အမူအရာမျိုးမြင်နေရသည်။

သူမ အနီးမှာကပ်လျက် တယ်လီဖုန်းသံက မြည်လာသဖြင့် ဇော် လန့်ဖျပ်စွာ နောက်ဆုတ်လိုက်မိ၏။ ဘယ်ကဆက်မယ့်ဖုန်းလဲ တွေးနေစရာမလိုပါ။ ပန်းစည်းကို ဘုရားစင်ဆီသို့ သယ်သွားရင်း "ဖြိုး... နင်ပြောနော်"ဟု အပူကပ်ရသည်။ ဖြိုးက နှုတ်ခမ်းတင်းတင်းစေ့လျက် ခေါင်းတစ်ချက် ယမ်းသည်။

"ဒီပြဿနာထဲ ငါ ကြားဝင်ရင် ငါ ကောက်ရိုးပုံစောင့်တဲ့ခွေး ဖြစ်နေဦးမယ်၊ နင့်ဟာနင်ပြော"

တယ်လီဖုန်းသံက မရပ်မနားမြည်နေ၏။

"ဖြိုးရယ်...ဒီတစ်ခါတော့ နင် ကူညီပါဟယ်။ ငါ...ငါ သူနဲ့ စကားမပြောချင်ဘူး၊ သူ့အသံကို မကြားချင်ဘူး"

နန္ဒအသံကိုကြားလျှင် သူမ တင်းဆည်ထားသမျှ အကုန်ပြေလျော့ကာ သူ့ကို အရှုံးပေး အညံ့ခံမိတော့မည်ဟု သူမထင်နေကြောင်းကိုတော့ ဖြိုးကို ပြောပြဖို့ မဖြစ်နိုင်ပါချေ။





"အေးလေ. . . ဒါဆိုလဲ နင့်သဘောပဲပေါ့"

ထို့နောက် သူက ဆူညံနေသောတယ်လီဖုန်းကိုကောက်ကိုင်လိုက်၏။

"ဦးမောင်မောင်ဦးအိမ်ကပါ ခင်ဗျာ"

ဖြိုး အသံကို ကြားသော်လည်း တစ်ဘက်ကဖုန်းချမသွားပါ။

"ရှိတယ်. . . ဒါပေမယ့် သူက စကားမပြောချင်ဘူးတဲ့"

ထို့နောက် နန္ဒက ဘာပြောလိုက်သလဲမသိ။ ဖြိုးမျက်နှာ မည်းခနဲဖြစ်သွားကာ တက်တစ်ချက် ခေါက်လိုက်လေသည်။

"မိဇော်. . . နင်ကိုယ်တိုင် လာပြောဟာ"

ဇော် ဘာမှ မတတ်နိုင်တော့ပါ။ ဖြိုးလက်ထဲမှ စကားပြောခွက်ကို တုန်ယင်သောလက်ဖြင့် လှမ်းယူလိုက်သည်။

"တင်တင်ဇော်. . ."

သူမ မထူးပါ။ အသက်ပြင်းပြင်း ဘစ်ချက်ရှူလိုက်ပြီး ခြောက်သွေ့လာသော နှုတ်ခမ်းများကို လျှာဖြင့်စိုစွတ်အောင်လုပ်လိုက်ရသည်။

"နှင်းဆီပန်းတွေ ရတယ်မဟုတ်လား"

သူ့အသံမှာ နူးညံ့ရိဝေနေသည်။ သူမ စကားပြောလိုက်တော့မလို နှုတ်ခမ်းပြင်ပြီးမှ မပြောနိုင်ပြန်ပါ။

"မင်း ကိုယ့်ကို စကားမပြောချင်ဘူးလို့ ဖြိုးကျော်က ပြောတယ်၊ အဲဒါ အမှန်ပဲလား"

မဖြေ၍ မဖြစ်တော့ပါ။ မဖြေလျှင် ဖြိုးကို သူ အထင်လွဲသွားနိုင်သည်။

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ မဖြေပါ။

"မင်း ကိုယ့်ကို မုန်းသလား"

သူမ ဘာမှမဖြေပါ။

"မုန်းသလား။ ကိုယ့်ကို တစ်ခွန်းတည်းပဲဖြေပါ။ မင်း မုန်းတယ် ဆိုရင် ကိုယ် ခုချက်ချင်း ဖုန်းချလိုက်တော့မှာပါ"

သူမ တုန်လှုပ်သွားသည်။ မုန်းတယ်...ဟုဖြေဖို့ သူမ အကြိမ်ကြိမ် အားယူလျက် မဖြေနိုင်ပါ။

"တင်တင်ဇော်...အောက်မှာ ဖယ်ရီရောက်နေပြီ၊ ကိုယ် နေ သွားရတော့မယ်။ ဖြေစမ်းပါ။ မင်းကိုယ့်ကို မုန်းသလား"ဖြေမိမည်နီး ၍ နှုတ်ခမ်းတင်းတင်း စေ့ထားလိုက်၏။

ဘုရားရေ...၊ လက်စသတ်တော့ မပြတ်သားတဲ့သူက ငါ ကိုယ်တိုင်ပါပဲလား။ သူမ ခုချက်ချင်း ကမ္ဘာလောကကြီးထဲမှ ပျောက် ကွယ်သွားချင်လိုက်တာ။

"ဟန်နီ. . .၊ ညနေ ကိုယ်အဲဒီကို လာခဲ့မယ်"

ချိုမြနူးညံ့သော သူ့အသံတိုးတိုးကလေးသည် တင်းမာ ကြိုးစားသော သူမ နှလုံးသားထဲသို့ ညင်သာစွာ ထိုးဖောက်ဝင် ရောက်သွားသည်။ သူမ အလန့်တကြား စကားပြောခွက်ကို ပြန်ချ လိုက်ပြီး နောက်သို့ တစ်လှမ်း ဆုတ်လိုက်မိ၏။ စကားပြောခွက်ထဲ အလွန် အင်အားကြီးမားသော တစ်စုံတစ်ရာက သူမကို ဆွဲငင်ခေါ်ယူ သွားတော့မလို ခံစားလိုက်ရလေသည်။

စာလုံးတချို့ကိုပြန်ပြင်ရန် ပုံနှိပ်တိုက်သို့လာဖို့ ချိန်းထား ပြီးဖြစ်ပါလျက် ယနေ့တစ်နေ့လုံး ဇော် မြို့ထဲမထွက်ဘဲ အိမ်မှာသာနေ လိုက်သည်။ နာရီကိုတော့ မကြာခဏကြည့်မိ၏။ သူ့ အလုပ်ဆင်း





ချိန်က ၄ နာရီပဲထား။ ၄ နာရီ ၁၀ မိနစ်၊ ၁၅မိနစ်၊ သို့မဟုတ် ၄နာရီခွဲ ဆိုလျှင် သူ ရောက်လာမည်။

ညနေ ၄ နာရီ ထိုးပြီးချိန်မှစ၍ သူမ အခန်းထဲ ဝင်လိုက် အပြင်ထွက်လိုက် မငြိမ်မသက် ဖြစ်လာသည်။ တစ်နေကုန်ဘယ်မှ မသွားသောဖြိုးက ဇော့်အဖြစ်ကို ရိပ်မိစွာ "ဘာဖြစ်နေတာလဲ" ဟု မေး၏။

"သူလာမယ်...လို့ပြောတယ်"

နောက်ဆုံးတွင် သူမ ဖွင့်ပြောလိုက်ပါသည်။ ဖြိုးက အနည်း ငယ် မျက်နှာထား တင်းသွား၏။

"လာပါစေ၊ ငါ ဘာပြောပေးရမလဲ။ နင် ဖြစ်စေချင်သလို ငါ လုပ်ပေးမယ်။ အစ်ကိုကြီး ရုံးကပြန်လာတော့မယ်။ နင် ရှုတ်ရှုတ် သဲသဲတော့ မဖြစ်စေနဲ့။ ကြားလား။ ကိုယ့်စိတ်ကို ထိန်းနိုင်မယ်ထင်ရင် တွေ့။ မထိန်းနိုင်ဘူးထင်ရင် အခန်းထဲဝင်နေ"

ဤသည်မှာ ဖြိုးအနေနှင့် နန္ဒအပေါ် သမာသမတ် အမြင် ဖြင့် အတာတ်နိုင်ဆုံး မြင်ကြည့်ချင်း ဖြစ်ဟန်တူပါသည်။

"ငါ မတွေ့ချင်ဘူး၊ အခန်းထဲဝင်နေမယ်။ နင်ကရော. . . သူ့ကိုတွေ့ရင် ဘာလုပ်မိမယ်ထင်လဲဟင် ဖြိုး"

ဖြိုးက မရွှင်လန်းစွာ ရယ်မောလျက် ဖြေသည်။

"ငါကတော့ သတ်ပစ်ချင်တာပဲ။ သူ့တင်မကဘူး နင့်ပါ သတ်ပစ်ချင်တယ်။ ဒါပေမယ့်စိတ်ချပါ ငါ မသတ်ပါဘူး"

နန္ဒရောက်လာချိန်မှာ ၄ နာရီ ၄၅ မိနစ်ဖြစ်၏။ အပေါ် ထပ်သို့တက်သွားရန် အောက်ထပ်ကညွှန်လိုက်ဟန် တူပါသည်။ ထိုအချိန်မှာ ဇော် အခန်းထဲ၌ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးကျော်..."

သူ့အသံကိုကြားမှ သူ ရောက်လာမှန်း ဇော် သိသည်။ တစ်စုံတစ်ယောက် လှေကားမှ တက်လာသော အသံကို သူမ မကြားလိုက်ပေ။ သူ့မျက်နှာကို မမြင်ရသော်လည်း အသံကိုမှန်းဆ၍ နားထောင်ကြည့်ရသလောက်တော့ တောင်းပန်တိုးလျှိုးသံမပါ။ တင်းမာဟန်လည်းမပါ။

"တင်တင်ဇော် ရှိလား"

ကြည့်စမ်း၊ ရဲတင်းလှချည်းလား။

"ရှိတယ်...ဒါပေမယ့် မင်းကို သူ မတွေ့ချင်ဘူး"

"ကိုယ့်ကို မတွေ့ချင်ဘူးဆိုလဲ သူကိုယ်တိုင် ငြင်းပါစေလား"

"သူ အခန်းထဲမှာ ရှိနေတာပဲ။ အခန်းတံခါးလဲ ဖွင့်ထားတာပဲ။ မင်းကိုတွေ့ချင်ရင် သူ ထွက်လာမှာပေါ့။ မင်းကို မတွေ့ချင်လို့ ရှောင်နေတာပဲ။ မင်း သိဖို့ကောင်းတယ်"

ဖြိုး၏ ပြတ်သားတင်းမာသော စကားသံအဆုံးတွင် ခဏမျှ ငြိမ်သက်သွား၏။ အိမ်ဘေးလမ်းကြားထဲမှာ ဘောလုံးကန်နေကြသောကလေးများ၏ အသံက အပေါ်ထပ်အထိ လွင့်ပျံ့လာသည်။

"ဟဲ့.... ဖြိုး၊ ညည်းသည်ကို ထိုင်ခိုင်းလေဟယ်။ နင်တို့ကလဲ မတ်တတ်ကြီးတွေ"

ဝရန်တာမှာ ပန်းပင်ရေလောင်းနေဟန်တူသော မမမိုးက ဘာမှမသိဘဲ ဝင်ပြောလိုက်ခြင်း ဖြစ်ပါလိမ့်မည်။ ဇော် ခုတင်ပေါ်မှ ရုတ်ခနဲ ထထိုင်လိုက်၏။

"မဟုတ်ဘူး မမ...သူ ပြန်တော့မှာပါ" ဖြိုးအသံက ခပ်ဆတ်ဆတ်။ သို့သော် နောက်ထပ်ခြေလှမ်းသံလည်း မကြားရပါ။

"ကဲ...မင်းပြန်ဖို့ကောင်းပြီ၊ ဒီအိမ်မှာ မင်းကို လိုလားတဲ့သူ တစ်ယောက်မှမရှိဘူး"





"မပြန်ဘူး၊ တင်တင်ဇော်နဲ့ တွေ့ပြီးမှ ကိုယ်ပြန်မှာ..."

"မင်း အခုထိ အခြေအနေကို သဘောမပေါက်သေးဘူးလား နန္ဒ၊ ပြန်ကွာ"

ထိုအခိုက် အခန်းထဲသို့ မမဝင်လာ၏။ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်လျက် မျက်နှာပျက်နေသော တင်တင်ဇော်ကို တွေ့သွားတော့ မျက်လုံးပြူး၍ မေးဆတ်ပြသည်။ ဇော် ရယ်ကျဲကျဲ ခေါင်းခါပြီး ပခုံး တွန့်ပြလိုက်မိလေသည်။

"အစ်ကိုကြီး မလာသေးဘူးလားဟင်...မမ"

စိတ်ပူပင်စွာ တီးတိုးသံဖြင့် ကျိတ်မေးမိ၏။

"အေး၊ လာရင်တော့ ဒုက္ခပဲဟေ့..."

မမမိုးက သဘောကောင်းစွာကျိတ်၍ ရယ်ရင်း ဇော့် နံဘေး၌ ဝင်ထိုင်လိုက်သည်။

"ဘယ်က ကောင်လေးလဲ ဇော်"

"ဟိုဟာ... ဖြိုးသူငယ်ချင်းပါ။ မနက်က ပန်းစည်းပို့ခိုင်းလိုက်တဲ့လူလေ..."

"သူက နင့်ကို ကြိုက်နေတာလား၊ ဘာလို့ထွက်မတွေ့တာလဲ"

"ဟင့်အင်း... ဇော် မတွေ့ချင်ဘူး"

ထိုခဏ၌ ဝုန်းခနဲ ပြိုလဲသံကြားလိုက်ရ၏။ ဇော် ထိုင်ရာမှ ဖျက်ခနဲ ခုန်ဆင်းလိုက်မိပြီးမှ တွေဝေစွာ ရပ်နေလိုက်သည်။ ပြတင်းပေါက်အနီးက သံသေတ္တာပေါ်သို့ တစ်စုံတစ်ခုပြိုလဲသံဖြစ်သည်။ ဧကန္တ ဖြိုးတော့ နန္ဒကို ကိုယ်ထိလက်ရောက်ထိုးကြိတ်ပြီထင်ပါရဲ့။

"မင်း ရှေ့တစ်လှမ်းမှ မတိုးခဲ့နဲ့၊ အခုပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘာပြောလိုက်မှန်းမသိသော နန္ဒအသံ ခပ်တိုးတိုး အဆုံးတွင် ဖြိုး တက်ခေါက်သံတစ်ချက် ကြားရပြီး နောက်တစ်ကြိမ် ဝုန်းခနဲ ပြိုလဲသံကြားရပြန်သည်။ သည်တစ်ခါတော့ သူတို့အပြန်အလှန်များ ထိုးသတ်နေကြသလားမသိ။ ပျဉ်ခင်းကြမ်းပြင်မှာ တဒုန်းဒုန်း တုန်ခါလျက်ရှိသည်။ ဇော်မျက်နှာကို ယောင်ယမ်းပြီး လက်ဝါးနှင့်အုပ်လိုက်မိပြီးမှ ပြန်ဖယ်လိုက်သည်။ အိမ်ရှေ့ထွက်သွားရန်တံခါးဝ အထိခြေလှမ်းပြင်လိုက်မိသေး၏။ သို့သော် သူမ ဤမျှသတ္တိမကောင်းပါ။

ခဏအတွင်း အပြင်မှ ငြိမ်သက်တိတ်ဆိတ် သွားပြန်၏။

"ဒီမယ် နန္ဒ၊ ငါတို့မိသားစုတစ်စုတည်း ဒီအိမ်မှာနေတာမဟုတ်ဘူး၊ အောက်ထပ်မှာ သူစိမ်းတွေရှိသေးတယ်။ အစ်ကိုကြီးတို့ မမတို့ ဂုဏ်သိက္ခာရယ်၊ မိဇော်ရဲ့ ဂုဏ်သိက္ခာရယ်ကိုငဲ့ပြီး မင်းပြန်ဖို့ကောင်းပြီ။ ငါ သူ့ကို ပိတ်လှောင်ထားတယ်၊ ချုပ်ချယ်ထားတယ်လို့ များထင်နေလို့လား။ သူ့သဘောနဲ့ သူပဲ။ မင်းတို့အကြောင်း ငါ့ကိုသူ အကုန်ပြန်ပြောပြီးသား"

ထိုစကားသည် နန္ဒကို တိုက်ရိုက် ထိမှန်သွားပုံရပါသည်။ တစ်ခဏမျှ အသံတိတ်ဆိတ်သွား၏။

"အိုကေ. . ကိုယ်နားလည်ပါပြီ။ ကိုယ့်ကြောင့် မင်းတို့မိသားစုဂုဏ်သိက္ခာ မထိခိုက်စေရပါဘူး။ ကိုယ်ပြန်မှာပါ"

သူ့အသံမှာလောလောလတ်လတ် ရန်ဖြစ်ထားသူတစ်ဦး မဟုတ် သလို တည်ငြိမ်လှ၏။

"တင်တင်ဇော်. . . ကိုယ်ပြန်မယ်"

ဘုရားရေ. . သူအခန်းဆီသို့ လှမ်းနှုတ်ဆက်ပြီးမှ ပြန်ဆင်းသွားခဲ့လေသည်။





သူ ဆင်းသွားပြီး ခဏနေမှ ဇော် အခန်းထဲမှ ထွက်လာခဲ့သည်။ ဖြိုးတစ်ယောက် မျက်နှာထားတင်းမာစွာ လက်သီးဆုပ် ဖြေချလိုက်သည်ကို မြင်ရသည်။

ညနေမှစ၍ ညအထိ ဤအိမ်သို့ နန္ဒ ဖုန်းမဆက်ပါ။

နောက်တစ်နေ့ စနေနေ့နံနက်တွင် သူမထံသို့ နှင်းဆီဖြူတစ်စည်း ရောက်လာခဲ့ပြန်လေသည်။ မနေ့ကလိုပင် ဖဲကြိုးအနီကလေးဖြင့် သပ်ရပ်စွာချည်လျက် ကတ်ပြားအဖြူလေးပေါ်တွင် 'မင်းအတွက်. . . ထာဝရ နိုဝယ်လ်'ဟူသော မင်အနက်ရောင်အင်္ဂလိပ်လက်ရေးဖြင့် ရေးလျက်။

မမက ပန်းစည်းကို လှည့်ပတ်ကိုင်ကြည့်ရင်း "ဟော့. . မိဇော်ရှိနေသမျှ ငါတော့ ဘုရားပန်းမဝယ်ရတော့ဘူးနဲ့တူတယ်"ဟု နောက်ပြောင်ကာ ရယ်မောပါသည်။

သူ တယ်လီဖုန်းဆက်မလားဟု စောင့်သည်။ သူ လုံးဝဖုန်းမဆက်တော့ပါ။

"ဖြိုး. . . နင် သူ့ကိုဘယ်နှစ်ချက်ထိုးလိုက်တာလဲ ဟင်"ဟု ခပ်တိုးတိုး ကျိတ်မေးသည်။ ဖြိုးက မျက်နှာညိုညိုဖြင့် "မသိဘူး၊ ငါမမှတ်မိဘူး၊ နှစ်ချက် သုံးချက်ပဲ။ အဲဒါ ဘာအရေးကြီးလို့လဲ"

"အရေးမကြီးပါဘူးလေ"

"ပြော. . . ငါ ဘာကမ်းလှမ်းပေးရမှာလဲ။ နင် သူ့ကို တွေ့ချင်နေသလား"

သူမ ရှက်သွေးဖြန်းသွားသည်ကို သူ ရိပ်မိသွား၏။ ဇော့်အနီးသို့ တိုးကပ်လာပြီး ဇော့်ကို စူးစူးစိုက်စိုက် ကြည့်သည်။ သူ့မျက်နှာတွင် မယုံနိုင်ခြင်းနှင့် ကြေကွဲခြင်းတို့ကို တစ်ပြိုင်တည်း တွေ့လိုက်ရလေသည်။ သူမ ရှက်ရွံ့စွာ ခေါင်းငုံ့ပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူများကိစ္စထဲ ဘယ်တော့မှဝင်မပါခဲ့ဖူးဘူး။ အထူးသဖြင့် နင့်ရဲ့ အချစ်ကိစ္စဆိုရင် ငါ ပိုပြီးကို ထိန်းရတယ်။ ငါ ဝင်ပြီး မစွက်ဖက်ရက်ပါဘူး။ ဒါပေမယ့် နင့်ဆုံးဖြတ်ချက်ကိုတော့ မမှားစေချင်ဘူး။ လူတစ်ယောက်ဟာဘဝမှာ တစ်ခါတော့ မှားတတ်ကြတာချည်းပါပဲ။ တစ်လျှောက်လုံးမမှားအောင်တော့ နင် အချိန်ယူပြီးစဉ်းစားဖို့ကောင်းတယ်။ အခုအချိန်မှာ သိပ်နောက်မကျသေးဘူးလို့ ငါ ထင်တာပဲ။ ဒီကိစ္စမျိုးက ကွဲ့မိရင်နုတ်ရခက်တတ်တယ် ဇော်။ မသေချာဘဲနဲ့ဘာမှ မဆုံးဖြတ်နဲ့ဦး။ ဆုံးဖြတ်ချက်တစ်ခုချပြီးပြီဆိုရင် အဲဒါကို တစ်သက်လုံး ထိန်းချုပ်လိုက်နာသွားဖို့ သိပ်ခက်တာပဲ"

ဇော်မော့ကြည့်လိုက်သောအခါ သူ့မျက်ဝန်းမှာ မျက်ရည်များဝေနေသလို စိုလက်နေ၏။

"အဲဒီ ဆုံးဖြတ်ချက်ကရလာတဲ့ အဆိုးအကောင်း၊ အကျိုးအပြစ်တွေကို တစ်သက်လုံး ခါးစည်းခံရတော့တာပဲ"

"ဆုံးဖြတ်ချက်မှားသွားရင်ပြင်လို့ရတာပဲ ဖြိုးရယ်" သူမ မရွှင်လန်းစွာ ရယ်မောရင်း ခပ်ပေါ့ပေါ့ပြောင်းတော့ ဖြိုးမျက်နှာ ပျက်သွားပါသည်။

"အေးပေါ့လေ၊ မမှားဘူးသေးတော့ နင် ဒီလိုပဲ ပြောမှာပေါ့။ နင် ဘာပဲ ဆုံးဖြတ်ဆုံးဖြတ် မမှားပါစေနဲ့လို့ ငါ ဆုတောင်းပါတယ် တကယ်ပါ မိဇော်"

"နင်... မှားဖူးသလားဟင် ... ဖြိုး..."

သူ မဖြေပါ။ သူမထံမှ မျက်နှာလွှဲလျက် ချက်ချင်းရှောင်ထွက် သွားလေသည်။





ဇော်၏ ရှက်ရွံ့လေးကန်သော ခြေလှမ်းများသည် လှေကားနှစ်ဆင့်ကို နှေးကွေးတွန့်ဆုတ်စွာ တက်လာနေခိုက် သူမ ကိုယ်သူမ ဟိုးအောက် မြေကြီးထဲအထိဝင်သွားသလို နိမ့်ကျစွာ ခံစားနေရလေသည်။ ဘယ်လောက်မိုက်မဲလိုက်တဲ့ တင်တင်ဇော်လဲ၊ ဘယ်လောက်ပျော့ညံ့လိုက်တဲ့ တင်တင်ဇော်လဲ။ ယောကျ်ားတစ်ယောက်ကို ဒူးထောက် အညံ့ခံဖို့ လှေကားနှစ်ဆင့်ရှိသော ဒုတိယပ်အထိ တက်လာခဲ့ခြင်းဖြစ်လေသည်။

တစ်နေ့ကလိုပင် သူ့အခန်းရှေ့ သံဆွဲတံခါးမှာဘေးသို့ ရုပ်ထားလေသည်။ ပျဉ်တံခါးရွက်မှာပိတ်လျက်. . .။ သူမ တံခါးခေါက်ဖို့ တွေဝေစွာ ရပ်နေမိခိုက်မှာပင် လှည့်ပြန်သွားစမ်း၊ ပြန်ဆင်းသွားစမ်း၊ အချိန်မီသေးတယ်ဟု ကိုယ့်ကိုယ်ကို မာန်တင်းကြည့်သေး၏။ မရပါ။ သူမ၏ လက်များသည် သူမ၏ဦးနှောက်က စေခိုင်းချက်ကို ဆန့်ကျင်လျက် လက်ကိုင်ကိုလှည့်ဖွင့်လိုက်ပြီးသား ဖြစ်သွားသည်။

ထပ်ခနဲ တံခါး ပွင့်သွားလျှင်သွားချင်း အခန်းထဲသို့ သူမ ဝင်လိုက်၏။ မျက်စိရှေ့တည့်တည့် တယ်လီဖုန်းတင်သည့် စင်မြင့်ကလေးရှေ့တွင် ကက်ဆက်ကိုချထားသော်လည်း သီချင်းဖွင့်မထားပါ။ ဘေးကဒရင်း(မ်) ဘက်(ဒ်) ပေါ်မှာ သူ မျက်စိမှိတ်လျက် လဲလျောင်းနေလေသည်။ တံခါးဖွင့်သံကြောင့် မျက်စိပွင့်လျှက် သူ ဖျတ်ခနဲ လှည့်ကြည့်သည်။

သူမ၏ နှလုံးခုန်ခြင်း ရုတ်တရက် ရပ်ဆိုင်းသွားတော့သလိုပင် အသက်ရှူမှားသွားသည်။

တစ်နေ့ကလိုပင် တံခါးကို ကျောမှီ၍ မတ်မတ်ရပ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရွံ့အားငယ်မှုသည် နိမ့်ကျမှုနှင့်အတူ ဦးခေါင်းဆံဖျားမှ ခြေဖျားအထိ စိမ့်ဝင်သွားသည်။ သူမ ရှေ့သို့တဂျမ်းမျှ မလှမ်းဘဲ ငြိမ်သက်စွာ မျက်လွှာချလျက် ရပ်နေသည်။

နန္ဒက အံ့ဩတွေဝေစွာ ငေးမောနေရာမှ ဝုန်းခနဲမတ်တတ် ရပ်လိုက်လေသည်။ ထို့နောက် သူမရှိရာသို့ နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း လျှောက်လာနေသည်။ သူမကတော့ တံခါးနံရံမှ နောက်ကျောကို လုံးဝမခွာမိဘဲ မှီကပ်ရပ်နေဆဲ။ ရောင်အန်းနေသော သူ့နှုတ်ခမ်းနှင့် နှာခေါင်းကြားမှာ ညှိမည်းသော ဒဏ်ရာဒဏ်ချက်ဖြင့် သူ့မျက်နှာသည် အပြုံးရိပ်လုံးဝ မရှိပါ။ နူးညံ့သော ကြင်နာရိပ်ကို သူ့မျက်နှာတွင် ပထမဆုံးအကြိမ်တွေ့လိုက်ရသည်။

သူ သူမ ရှေ့သို့ နီးကပ်စွာရပ်၏။ တံခါးလက်ကိုင်ကို ယခုထိ ဆုပ်ကိုင်ထားဆဲဖြစ်သာ ဇော်၏ ဘယ်ဘယ်လက်ကို သူ ခါးကိုင်း၍လျက်ညင်သာစွာ နမ်းလိုက်သေး၏။ပြီးမှ ထိုလက်ကို ဖြည်းညင်းစွာ ဖြေလျော့ဆွဲယူလိုက်သည်။ပါးပြင်နှစ်ဘက်ဆီမှာ ပူရှိန်းသောခံစားမှုဖြင့် ဇော် တုန်ယင်စွာ မတ်တတ်ရပ်နေဆဲမှာပင် သူက ဇော့်ကို ပခုံးမှ သိုင်းဖက်လျက် စကားတစ်ခွန်းမှမဆိုဘဲ ညည့်ခန်းဆီသို့ တွဲခေါ်သွား၏။

တုန်လှုပ်သော၊ မမှန်ကန်သော ခြေလှမ်းများဖြင့် သူ ခေါ်ရာသို့ တိတ်ဆိတ်နူးညံ့စွာ ဇော် လိုက်ပါသွားခဲ့သည်။

* * *



# အပိုင်း လေး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

နေ့စွဲ ၁၅-၁-၈၈
သောကြာ

ချစ်သော တင်တင်ဇော်. . .
ကိုယ် သတိရစွာ စာရေးလိုက်ပါတယ်။
ဇန်နဝါရီ ၆ ရက်နေ့ မနက်အမြန်ရထားနဲ့ မန္တလေးကို သွားခဲ့တယ်။ ကိုယ် မနေ့က ပြန်ရောက်ခဲ့တယ်။ မင်း စိုးရိမ်သလို Work Site မှာ ဘာမိန်းမမှမရှိပါဘူး။ စိတ်မပူပါနဲ့ဟန်နီ. . .။ ကင်းတားမှတစ်ပါးအခြား ဘယ်ကိုမှ ကိုယ်တို့ သွားခွင့်မရှိပါဘူး။ ရုံးပိတ်ရက်လည်း မရှိဘူး။ မနက် ၆ နာရီ ကနေ ညနေ ၅ နာရီ ၃၀အထိ ပင်ပန်းစွာ အလုပ်ဝင်ရပါတယ်။ အားလပ်ချိန်တွေမှာ ကိုယ် ဘယ်လိုအချိန်ဖြုန်းသလဲ မင်း သိချင်လိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ ကိုယ်နဲ့အတူ ကင်န္တန်ကင်မရာတစ်လုံးပါ
လာခဲ့တယ်။
သစ်တောထဲက ရှုခင်းတွေကို ဓာတ်ပုံတွေ ရိုက်ခဲ့တယ်
မင်းယုံရဲ့လား။ မင်း ရန်ကုန်ကို ရောက်တဲ့အခါ အဲဒါ
တွေကို ကိုယ် ပြနိုင်ပါတယ် (ကူးပြီးရင်ပေါ့)။ မင်း မရှိတဲ့
ညနေခင်းတွေဟာ ကိုယ့်အတွက် ခြောက်သွေ့တဲ့ ရွက်
ကြွေတောလိုပဲ ဖြစ်တယ်။ ကိုယ်နှစ်သက်လို့ မကြာခဏ
နားထောင်လေ့ရှိတဲ့ ဘီးဂျီး(စ်)ရဲ့ How deep is your
love. . . သီချင်းဟာ မင်းကို ကိုယ် သတိရဖို့ဖန်တီးပေး
နေတယ်။ ဒီသီချင်းကို မင်း သတိရလိမ့်မယ်လို့ ကိုယ်
ထင်တယ်။

သူမ သတိရပါသည်။ ထိုသီချင်းမှာ ဒုတိယအကြိမ် သူ့တိုက်ခန်းသို့ လိုက်သွားစဉ် သူက ပထမဆုံးအကြိမ် ဖော့ကိုနမ်းတုန်းက ဖွင့်ထားသော သီချင်းဖြစ်သည်။ သီချင်းတေးသွားကလေးမှာ ငြိမ့်ငြိမ့်ကလေးညင်သာစွာ စီးဆင်းနေသော စမ်းရေစီးသံကလေးကို နားထောင်နေရသလို ချိုမြလွမ်းဆွတ်ဖွယ်ရာဖြစ်သည်။ သီချင်းဆို အလွန်မြန်သော ဘီးဂျီး(စ်)အဖွဲ့သည် ဤသီချင်းကိုတော့တင်တင်ဖော် ကြိုက်နှစ်သက်ရုံလောက် ခပ်လေးလေးဆွဲငင် သီဆိုသွားသည်။ တချို့စာသားများကို ဘယ်လိုမှလိုက်၍ နားမထောင်တတ်သော်လည်း နားလည်လိုက်သည့် အဓိပ္ပာယ် အနည်းအကျဉ်းမှာ လှပသည်။

နွေလေညင်းကလေးတွေနဲ့အတူ × × မင်းရောက်လာ
ပြန်ပြီ × ×





မင်း အချစ်နဲ့ ကိုယ်နွေးထွေးပါရစေ × ×
နောက်ပြီး × × မင်း ချစ်တယ်ဆိုတဲ့ ကိုယ့်ကိုထားခဲ့ပြီး
× × ညင်သာစွာ ထွက်ခွာသွားပြန်ပြီ × ×
မင်းချစ်တဲ့ × × မင်း လိုချင်တယ်ဆိုတဲ့ ကိုယ်ပါကွယ် × ×
မင်းအချစ်ဟာ ဘယ်လောက်လေးနက်သလဲဆို တာ × ×
ငါ ဆန်းစစ်ဖို့ကောင်းတာပေါ့ × ×
(မင်း အချစ်ဟာ ဘယ်လောက်အထိ လေးနက်သလဲ)?
ကိုယ့်နှလုံးသားတံခါးကို တွန်းဖွင့်ဖို့ × × မင်းသိပါတယ်
မင်းဟာ ကိုယ့်ဘဝကြမ္မာဆိုးကြီးထဲက အလင်းရောင်
လေးပါ × × မင်းဟာ ကိုယ့်ဘဝရဲ့ ကယ်တင်ရှင် × ×
ကိုယ်မင်းကို ဘယ်လောက်အထိ ယုယတယ်ဆိုတာ ×
မင်း မသိဘူးထင်ပါရဲ့ × × ×

ကိုယ် ကင်းတားမှာရှိတုန်းက တစ်ညမှာ မင်းကို အိပ်မက်မက်ခဲ့တယ်။ ဥဒလမ်း တိုက်ခန်းရှေ့ လှေကားအပေါ် ဆုံးအထစ်မှာ မင်း ထိုင်စောင့်နေခဲ့တယ်၊ ကိုယ်အိပ်ရာက နိုးလာတဲ့အခါ မင်းကို အမှတ်ရသွားခဲ့တယ်၊ ကိုယ့်အခန်းကို မင်းရောက်နေမလားလို့တောင် ကိုယ်ထင်သွားခဲ့တယ်။ ဒါပေမယ့် ကိုယ်ခရီးထွက်မယ့်ရက်စွဲကို မင်း သိနေတာပဲ။ အဲဒီအချက်ကြောင့် ကိုယ် စိတ်သက်သာရာရသွားခဲ့တယ်။ အခုတော့ ကိုယ် မင်းကို သော့အပိုတစ်စုံ ပေးထားမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ကိုယ် ရုံးအပြန်မှာ ကိုယ့်ကိုချက်ချင်းမတွေ့ရရင် မင်း မောပန်းသွားမှာကို ကိုယ် စိုးရိမ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ကိုယ် လာမယ့်လဆန်းမှာ ပြင်သစ်စကားပြော သင်တန်းတက်ဖို့ ဆုံးဖြတ်ထားခဲ့တယ်။ ကိုယ်ရုံးကအပြန် အခန်းကို တိုက်ရိုက်မလာတော့ဘူး။ပြင်သစ်သံရုံးကို ပထမသွားမယ်။ အတန်းပြီးမှ အခန်းကို ပြန်လာမယ်။ မင်းမှာ သော့ရှိရင် အခန်းထဲမှာ ခဏနေရင်း ကိုယ့် အပြန်ကို စောင့်နိုင်လိမ့်မယ်။

ဘုရားရေ . . .၊ ရေနံချောင်းကို သူတစ်ကြိမ် တစ်ခါလောက် လာတွေ့နိုင်ဖို့တော့ လုံးဝ စိတ်ကူးပုံမရပါလား။ ဒီလောက် အခြေအနေဆိုရင် ကိုယ့်ကိုယ်ကို တန်ဖိုးဖြတ်တတ်ဖို့ကောင်းနေပြီ မိဇော်။ အင်း. . . တကယ်တမ်း ဒေါက်တာတင်တင်ဇော်ရဲ့တန်ဖိုး အမှန်က ဘယ်လောက်ပါလိမ့်။ သူမ လှုတ်ခနဲ ရင်နာစွာတွေးရင်း ရှက်သွေးဖြန်းကာ မျက်စိခဏ မှိတ်ထားလိုက်မိသည်။

ဒါပေမယ့် သင်တန်းက တစ်ပတ်မှာ နှစ်ကြိမ်ပဲရှိပါတယ်။ မင်းလာတဲ့အချိန်မှာ ကံကောင်းထောက်မစွာ သင်တန်းမရှိတဲ့ရက်လဲ ဖြစ်နိုင်ပါတယ်။အခု ကိုယ် ညနေခင်းတွေမှာ ရံဖန်ရံခါမှ အပြင်ထွက်တော့တယ်။ မင်း လာတတ်တဲ့ အချိန်တွေမှာ ကိုယ် အခန်းထဲမှာ အမြဲနီးပါး ရှိနေပါတယ်။

မင်း ဘယ်တော့ ရန်ကုန်ကိုလာဖြစ်မယ်ဆိုတာ ကိုယ့်ကို သိခွင့်ပေးပါ။ သေချာတာ တစ်ခုကတော့ ပီအက်ဗ်စီ (လက်ထောက်ဆရာဝန်ရာထူးအတွက်) စာမေးပွဲဖြေဖို့





ရန်ကုန်ကို သိပ်မကြာခင် လာရလိမ့်မယ်။ အဲဒီရက်ကို သတိရခြင်းများနဲ့အတူ မျှော်လင့်နေပါတယ်။

ကြည့်စမ်း၊ ငါ ဒီတစ်နှစ်ကို မန္တလေးမှာဖြေဖို့ ဘာဖြစ်လို့ စာရင်းမတင်လိုက်မိပါလိမ့်။ တကယ်ဆို သူနဲ့ ဝေးဝေးပြေးမှ ဖြစ်တော့မယ်ဆိုတာ ငါ ကြိုတင်သိခဲ့ဖို့ကောင်းတယ်။ ငါ သူ့ကိုသိပ်စွဲလမ်းနေမိပြီ။ ကိုယ့်စိတ်ကိုယ် ထိန်းချုပ်ရန် အလွန်ခက်ခဲပင်ပန်းကြောင်း ယခုတော့ သူမ သိပေပြီ။

မင်း မကြိုက်တဲ့ ကိုယ့်အိပ်ရာခင်း အစိမ်းရောင်ကို ဒီနေ့ပဲ ပြောင်းလိုက်တယ်။ မင်း နှစ်သက်တဲ့ မိုးပြာရောင်အိပ်ရာခင်းစကို ကိုယ် အသုံးပြုလိုက်တယ်။ ဟန်နီ. . .၊ မင်းဟာ အလွန်အံ့သြဖို့ကောင်းတဲ့ မိန်းကလေး တစ်ယောက်ပဲ။ ဒီကမ္ဘာလောကမှာ စိတ်ကူးသက်သက် အရာတွေရှိနေသေးကြောင်း မင်းနဲ့တွေ့ပြီးမှ ကိုယ် သတိထားမိလာခဲ့တယ်။

မင်း ယုံမယ်ဆိုရင် မင်းနဲ့ ခွဲခွာနေရတဲ့ ကာလများအတွင်း ဘယ်မိန်းမမှ ကိုယ့်အနီးမှာမရှိစေချင်ဘူးဆိုတာ ပြောပြချင်ပါတယ်။ ကိုယ် တစ်ခုဝန်ခံစရာရှိတာက ကိုယ် ယမကာ အနည်းငယ်တော့ သောက်ချင်ပါတယ်။ အခု ကိုယ့်အနီးမှာ ရှိနေတာကတော့ အိပ်(က်)(စ်)ပို့(တ်) ဘီယာပဲ။

ဟွန်း။ မယုံပါဘူး။ သည်တစ်ခေါက် ဇော် သူ့မီးဖိုထဲမှာ ဟင်းကူချက်ရင်း တွေ့ခဲ့မိတာကတော့ ဂျွန်နီဝေါ့(လ်)ကား ပုလင်းအပွကြီးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီးကရက် မသောက်တတ်တာ မင်းသိသားပဲမဟုတ်လား။ အပျော်စား ယမကာလောက်ကိုတော့ မင်း ခွင့်ပြုလိမ့်မယ်လို့ ကိုယ် ထင်ပါတယ်။

အလကား၊ သူမ ခွင့်မပြုလည်း သူ သောက်မှာပါပဲ။ သက်သက် ပလီပလာလုပ်တာ။ သူမ အနည်းငယ် ပြုံးလိုက်မိသေးသည်။

ကိုယ့်ဆီကို စာပြန်မယ်ဆိုရင် ၂၀ ရက်ကျော်မှ စာပြန်ပါ။ ကိုယ်လာမယ့် ဗုဒ္ဓဟူးနေ့ (၂၀-၁-၈၈)မှာ ပုဂံကိုသွားရလိမ့်မယ်။
ကိုယ်တို့ကုမ္ပဏီက သက်ဆိုင်ရာ ဂျပန်အမျိုးသားနှစ်ဆယ်ယောက်ကို ကိုယ်လမ်းညွှန် လိုက်ပို့ရမယ်လို့ ကိုယ်ထင်တယ်။

အနမ်းများဖြင့် . . . မင်းရဲ့
နိုဝယ်လ်

ကြည့်စမ်း။ ဘယ်လောက်အံ့ဩဖို့ ကောင်းလိုက်တဲ့ နန္ဒလဲဆိုတာ။ ဂျပန်ကုမ္ပဏီတွင် သူ အလုပ်လုပ်နေသည်မှာကြာပြီ။ ပထမတွင် မစ်ဆုဒ်ကုမ္ပဏီ၊ နောက်တွင် ထိုကုမ္ပဏီ၏ လက်အောက်ရှိ အသစ်ဖွင့်သော ယာမာကာကုမ္ပဏီ၊ ထိုနေရာများတွင် ကြာမြင့်စွာ အလုပ်လုပ်ကိုင်နေပါလျက် ဂျပန်စကား မပြောတတ်ချေ။ ဂျပန်စကားပြောသင်တန်း တက်ရန်လည်း စိတ်မကူးချေ။

ယခုပင်လျှင် သူ ပြင်သစ်စကားပြောသင်တန်း တက်တော့မည်။





သစ်လွင်ဖြူဖွေးသော ကြွေစက္ကူစာရွက်ရှည်၏ ထိပ်ပိုင်းတွင် ယာမာကာ လျှပ်စစ်တည်ဆောက်ရေး ကုမ္ပဏီလီမိတက်ဟု သူမအစိမ်းဟာယ်ပြန်တတ်သော အင်္ဂလိပ်စာလုံးများ ခပ်ရေးရေး ပုံနှိပ်ထားသည့် စာရေးစက္ကူကို သူ သုံးပါသည်။ သူသည် မင်အနက်ရောင်တစ်မျိုးတည်းကိုသာ စွဲမြဲစွာသုံးတတ်၏။ လွန်ခဲ့သောနှစ်ပေါင်းဆယ့်နှစ်နှစ်ကျော်က သူမဆီရေးခဲ့သော စာတွင်လည်း မင်အနက်ရောင်သုံးထားသည်။ ထိုစာ အပိုင်းအပြတ်ကလေးကို ယခုစာများနှင့်အတူ သူမ စုသိမ်းထားခဲ့ပါသည်။

သူက ၂၀ ရက်ကျော်မှ စာရေးပါဆိုသော်လည်း သူ့စာရောက်လာတော့ ၂၀ ရက်နေ့ ဗုဒ္ဓဟူးနေ့တွင် ဖြစ်သည်။ ထို့ကြောင့် သူမ (၂၁-၁-၈၈)နေ့စွဲဖြင့် နန္ဒထံ စာပြန်လိုက်ပါသည်။

နန္ဒရေ . . .
နင့်စာကို မနေ့က ရတယ်။ ငါ့စာ နင့်ဆီရောက်တဲ့ရက်ဆိုရင်တော့ နင် ပုဂံကနေ ပြန်ရောက်လောက်ပြီလို့ ထင်တယ်လေ။ ငါ အခု လူနာ နည်းနည်းရှုပ်နေတယ်။ ဒါပေမယ့် ငါ အားလပ်မှ စာရေးရင် နင် မရှိတဲ့ရက် ဖြစ်နေမှာစိုးလို့ သေချာတဲ့ရက်မှာ စာပြန်လိုက်တာပါ။ ငါတို့ ပီအက်စ်စီ စာမေးပွဲက ဖေဖော်ဝါရီ ၂၇ နဲ့ ၂၈ ရက်တွေမှာ ဖြေရမယ်။ အဲဒီရက်မှာ နင် ရန်ကုန်မှာမရှိရင် ကြိုပြောထားဦးနော်။ ဒါပေမယ့် ဒီတစ်ခါဆိုရင်တော့ ဘီအီးဒီကို ငါ ကျွမ်းကျင်သွားပါပြီဟာ။ ဒီတစ်ခေါက် နင်ပေးလိုက်တဲ့ စာအုပ်တွေ တစ်အုပ်မှ မဖတ်ရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ခေါက် သူပေးလိုက်သော စာအုပ်များတွင်ဇော်ဟယ်ရစ်ဆန်ဖို့(ဒ်) ကြိုက်မှန်း သူ သိသောကြောင့် ဟယ်ရစ်ဆန်ဖို့(ဒ်) နှင့် ရုပ်ရှင်ရိုက်လျက်ရှိသော ဝတ္ထုစာအုပ် တစ်အုပ်ပါဝင်သည်။

ပေါ(လ်)သရိုးရေးသော 'ခြင်ကာမ်းခြေ' စာအုပ်ဖြစ်လေသည်။ စာအုပ်၏မျက်နှာဖုံးမှာ ကိုင်းသေးသေးမျှင်မျှင်နှင့် မျက်မှန်ဝိုင်းကလေးတပ်ထားသော ဟယ်ရစ်ဆန်ဖို့(ဒ်)၏ မျက်နှာပိုင်းအပြည့်ဓာတ်ပုံနှင့် ဖြစ်သည်။ ဇော့် ဝတ္ထုများသည် ဗာဂျီးနီးယားဝု(လ်) (ဖ်)၏ စာများနှင့်ဆင်သည်။ မြူးရီယယ်လ်စပါ(က်) ၏စာများနှင့်လည်း ဆင်သည်ဟု ပြောပြီးနောက် မြူရီယယ်လ်စပ့်(က်) ရေးသောရော်ဘင်ဆန် ဝတ္ထု၊ ဗာဂျီးနီးယား ဝု(လ်) (ဖ်) ၏ အော်လန်ဒို စာအုပ်မီးပြတိုက်သို့ စာအုပ်များကိုလည်း ဖတ်ရန်ပေးလိုက်သည်။ ဇော်သည် အသက် ၂၉ နှစ်အရွယ်အထိ ဘုရားထူး မိုးကြိုးပစ် ဗာဂျီးနီးယားဝု(လ်) (ဖ်) ကို နာမည်သာ ကြားဖူးလျက် မြူးရီယယ်လ်စပါ့(က်) ကိုတော့ ကြားပင် မကြားဘူးချေ။

နေစမ်းပါဦး၊ နင် အခုလုပ်နေတဲ့ကုမ္ပဏီမှာ နင့်ရာထူးကဘာလဲ၊ ဘာဖြစ်လို့ ဟိုခရီးသွား ဒီခရီးသွားဖြစ်နေရတာလဲ။ ကောင်းတော့ ကောင်းပါတယ်ဟာ၊ ရထားဆိုလဲ အထက်တန်းတွဲက စီးရမှာ။ နောက်ပြီး ပုဂံဆိုရင် ငါ ထင်တယ်ညောင်ဦးကို လေယာဉ်နဲ့သွားရတာ ဖြစ်လိမ့်မယ်။ အထက်တန်းကျကျလဲသွားရမယ်။ ခရီးစရိတ်လဲရမယ်။ အိုကေလဲငါလဲ အဲဒီလိုရာထူးမျိုး လိုချင်လိုက်တာ။

ဂျပန် ကုမ္ပဏီမှာလုပ်လို့ ဂျပန်တွေကို ချစ်သလားလို့ ငါမေးခဲ့ဖူးပါတယ်။ အခုနင်က ပြင်သစ်စကားပြောသင်တန်း





တက်မယ်ဆိုတော့ ငါ မေးချင်သေးတယ်၊ နင် ပြင်သစ်ကို စိတ်ဝင်စားလို့လား။

ငါ ဖေဖော်ဝါရီ ၂၅ ရက်နေ့ ရန်ကုန်ကို ကြဲတိုင်းအောင်ကားနဲ့လာခဲ့မယ်။ ၂၆ ရက်နေ့ခြောက်ထပ်ရုံးမှာ ကတ်ထုတ်မယ်။

ရန်ကုန်မှာ၊ ကင်းဘားမှာ မင်္ဂလာအပေါင်းနဲ့ပြည့်စုံစွာပျော်ရွှင်ပါစေ။

ချစ်ခင်စွာဖြင့်
တင်တင်ဇော်

နန္ဒထံမှ ပြန်စာမျှော်နေချိန်တွင် မမျှော်လင့်ဘဲ ကြဲတိုင်းအောင်ကားမှတစ်ဆင့် ချောထုပ်တစ်ထုပ် ရောက်လာခဲ့သည်။ ဘိလပ်မြေစက္ကူဖြင့် သပ်ရပ်စွာထုပ်ထားသော စာအုပ်ထုပ်ဖြစ်သည်။ စက္ကူထုပ်ပေါ်တွင် သူ့နာမည်နှင့် နေရပ်လိပ်စာအပြည့်အစုံကို (ယခုတော့ သိပြီမို့) မင်အနက်ဖြင့်ပင် မြန်မာလိုရေးထား၏။ နှစ်ပေါင်းဆယ့်နှစ်နှစ်အတွင်း နန္ဒ၏ မြန်မာလက်ရေးကို ယခုတစ်ကြိမ်သာပြန်မြင်ဖူးခြင်း ဖြစ်ပါသည်။ သူ့မြန်မာလက်ရေးမှာ အင်္ဂလိပ်လက်ရေးဆက်သော့ပြီး အသတ်အပင့်များ ရှည်လျက် သိပ်မလှပါ။ ဟိုတုန်းကထက်ပင် ပိုညံ့သွားသလို စိတ်ထဲမှာထင်မိသည်။

စက္ကူထုပ်ကိုဖွင့်ကြည့်တော့ အထဲမှာ စာအုပ်နှစ်အုပ်နှင့် စာတစ်စောင်။ သံဘူးပြားပြား သေးသေး ကလေး တစ်ခုကိုတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) စာအုပ်တစ်အုပ်မှာကြီးမြတ်သော ရုရှား ဝတ္ထုလတ်များ (Great Russian Short Novels) ဖြစ်သည်။ ကြွေဝက္ကူကတ်ထူဖုံး အနှောင့်အပေါ် နားတွင် ကြက်ရုပ်ကလေးနှင့် တံဆိပ်အပြာအောက်မှာ 'ဘင်တန်ဂွန္တဝင်' ဟု အင်္ဂလိပ် စာလုံးသေးသေးကလေး ရိုက်ထားသည်။ ထိုဝတ္ထုလတ်များ စာအုပ်ဖုံးတွင် စာရေးဆရာနာမည်ကို အပြာရောင်စာလုံးဖြင့် ဝတ္ထုနာမည်ကို အနက်ရောင်စာလုံးဖြင့် တစ်တန်းစီ ရိုက်နှိပ်ဖော်ပြထားပါသည်။

တာဂျနက်(ဗ်)၏ ပထမဆုံးအချစ် (First Love)။ ဒေါ့စတိုယက်ဗ်စကီး၏ ထာဝရလင်ယောကျ်ား(Eternal Husband)။ ဆိုလ်ဇီနစ်(တ်)ဇင်၏ ကရေချီတော့ဗ်ကာ ဘူတာရုံမှ အဖြစ်အပျက်(The Incident At The Krechetovka Station)။ တော်လ်စတွိုင်း၏ အိုင်ဗင်အီလစ်(ခ်ျ)၏ အသုဘ(The Death of Ivan Ilich) ချက်ကော့(ဗ်)၏ လူနာ ဆောင်အမှတ်ခြောက်(Ward Six) တို့ပါဝင်သည်။

နောက်တစ်အုပ်မှာ ထိုစာအုပ်၏ တစ်ဝက်နီးပါးသာရှိပြီး ဇော် ဆေးကျောင်းသူဘဝတုန်းက ဖတ်ဖူးပြီးဖြစ်သည်။ ဖေမြင့် မြန်မာပြန်သော ချက်ကော့(ဗ်)၏ လူနာဆောင် အမှတ်ခြောက်ဖြစ်သည်။

သံဘူးပြားကလေးမှာ ဟိုရှေးရှေးတုန်းက ရေမွှေးပုလင်းသေးသေးကလေးများထည့်သော ဘူးအနီရောင်ကလေးဖြစ်၏။ ဘူးအဖုံးပေါ်မှာ အမျိုးသမီးတစ်ဦးရှေ့တွင် ဒူးထောက်နေသောအနက်ဝတ်စုံဝတ် ယောကျ်ား တစ်ယောက်၏ ပုံရေးထားသည်။ ထိုဘူးထဲမှာ တွေ့ရသည်မှာ သော့သုံးချောင်းဖြစ်၏။ သော့သုံးချောင်း တွဲထားသည့် သော့တွဲတွင် စပိတ်(ဒ်) ဖဲချပ်ပုံ ကနုကမာပြားကလေး ပါဝင်သည်။ သော့သုံးချောင်းအနက် ပထမသော့မှာသတ္တုရောင် ခပ်ကြီးကြီး ဖြစ်





သည်။ သံဆွဲတံခါးရှိ သော့ခလောက်မှ သော့ဖြစ်လိမ့်မည်။ နောက်နှစ်ချောင်းမှာ ရှိုင်ယယ်လ်သော့ ကြေးဝါရောင်ကြီးများဖြစ်သည်။ တိုက်ခန်းအဝင် ပျဉ်ချပ်တံခါးသော့နှင့်သူ့အခန်း တံခါးသော့ ဖြစ်နိုင်သည်။

သော့တွဲများကို လက်ကကိုင်လျက် သူမ မလှုပ်မလဲ ရှက်သွေးဖြန်းရင်း အသံမထွက်အောင် ရယ်မောမိတော့သည်။

ချစ်သော တင်တင်ဇော်...

ကိုယ် ဖေဖော်ဝါရီတစ်လလုံး ကင်းတားကို မသွားဘူး။
ရန်ကုန်မှာရှိနေမယ်။
၂၅ ရက်နေ့လာမယ်လို့ မင်းပြောခဲ့တယ်။ ဒါပေမယ့် ကိုယ်က မင်းကို ၂၄ ရက်နေ့ လာစေချင်တယ်။ လက်မှတ်ကိုနေ့ပြောင်းလဲဖို့ အချိန်ရလိမ့်မယ်လို့ ကိုယ် ထင်ပါတယ်။ ၂၅ ရက်နေ့ မနက် ၉ နာရီခွဲအထိ ကိုယ်ကုန်ဈေးတန်းလမ်းမှာ စောင့် နေမယ်။ (ကိုးနာရီခွဲရင်တော့ အဲဒီနားကတက္ကစီနဲ့ ကိုယ် ရုံးကိုသွား ရလိမ့်မယ်)။ ကိုယ့်ကိုမတွေ့ရင် ကိုယ့်အခန်းကို သော့ဖွင့်ပြီး နေထိုင်နှင့်ပါ။
Break Timeမှာ အခန်းကိုရှုကနေ ကိုယ် ဖုန်းဆက်သွယ်ပါ့မယ်။

မင်း ရောက်မရောက် သေချာချင်လို့ပါ။ ဒါပေမယ့် အခု တစ်ပတ်အတွင်း ဟိုးနိုးကားတွေရန်ကုန်ကို စောပြီး ရောက်လေ့ရှိတယ်။

မင်း ရန်ကုန်ကိုလာမယ့်အကြောင်း မြို့ကျော်ဆီ စာရေး အသိပေးလိမ့်မယ်လို့ ကိုယ် ထင်တယ် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မင်း ၂၄ ရက်နေ့ ညနေ မှာ ထွက်ခွာလာမယ့်အကြောင်း မပြောပြစေချင်ဘူး။

ဘုရားရေ. . .လက်စသတ်တော့ သူ ငါ့ကိုနောက်ထပ်ပြစ်မှု တစ်ခု ကျူးလွန်ခိုင်းနေတာပါပဲလား။

ကုမ္ပဏီမှာ ကိုယ့်ရဲ့ရာထူးက Liaison Officer လို့ခေါ်ပါ တယ်။မင်း ကြားဖူးလိမ့်မယ်လို့ မထင်ဘူး။ အတွင်းရေးမှူး မဟုတ်ဘူး။ လမ်းညွှန်သူ လမ်းပြမဟုတ်ဘူး။ စကားပြန် မဟုတ်ဘူး။ Liaison Officer ရဲ့ အဓိပ္ပာယ်ကို မင်း အဘိဓာန်ထဲမှာ ရှာကြည့်နိုင်ပါတယ်။
ကိုယ့်ရဲ့လခကိုရော မင်း စိတ်ဝင်စားသလား။
တစ်လကို မြန်မာငွေ ၈၀၀ကျပ်။ ခရီးထွက်ရတဲ့ အခါတိုင်း ခရီးစရိတ်အဖြစ် အပိုငွေတစ်ရက်ကို မြန်မာငွေ ၁၀၀ကျပ် ရတယ်။ခရီးတစ်ခေါက်ကို နှစ်ပတ်လောက်ကြာတတ် တယ်။

သူမ စိတ်တွက် တွက်ကြည့်သည်။ တစ်လကို ပုံသေလစာ ၈၀၀ကျပ်။ ခရီးစရိတ်က တစ်နေ့ ၁၀၀ ကျပ်၊ ၁၄ ရက်ဆိုတော့ ၁၄၀၀ ကျပ်။ အားလုံးပေါင်း ၂၂၀၀ ကျပ်။ ဘယ်ဆိုးလို့လဲ၊ သူမတို့ သာမန်ဆရာဝန်တစ်ဦး၏ ဝင်ငွေနီးပါး ရှိနေတာပဲ။ ဆရာဝန်တွေကမှ အကြွေးကျသေး၏။ သူ့ဂျပန်ကုမ္ပဏီကတော့ သူ့ အပေါ်အကြွေး ထားမည့်ပုံမပေါ်ပါ။





ဆရာဝန်တစ်ယောက်ရဲ့ တစ်လဝင်ငွေထက် ဘယ်လိုနည်း နဲ့မှ မများနိုင်ပါဘူး။

သူ့စာကြောင်းကိုဖတ်ပြီး သူမ အသံထွက်အောင် ရယ်မော မိသည်။ သူမအနေဖြင့် သာမန်ဆရာဝင်တစ်ယောက်၏ ဝင်ငွေမျိုးရ သည်မှာ မကြာသေး။ ယခင်က သူမ ဆေးခန်းဝင်ငွေကို ပြောပြလျှင် သူ အတော်အံ့ဩသွားနိုင်သည်။
အနားမှာရှိသည့် လန်းနား(စ်)ဒစ်ရှင်နရီကို လှန်ကြည့်မိ တော့ Liaison Officer ၏ အဓိပ္ပာယ်မှာ စစ်တပ်တစ်ခုအတွင်း အစိတ်အပိုင်းနှစ်ခု သို့မဟုတ် စစ်တပ်တစ်ခုနှင့်တစ်ခုအကြား ထိတွေ့ ဆက်သွယ်ပေးရသူဟု ဖတ်ရသည်။ ကွင်းစကွင်းပိတ်ထဲတွင် (အထူး သဖြင့် မဟာမိတ်နိုင်ငံ အချင်းချင်း တိုက်ခိုက်နေချိန်တွင်) ဆိုလား ထပ်ဖြည့်ထားသေး၏။ သူမ နားမလည်ပါ။ တင်တင်ဇော် တော်တော် ညံ့မှန်း ယခုမှ သဘောပေါက်သွားတော့၏။

ပြင်သစ်ကို စိတ်ဝင်စားသလားဆိုတဲ့ မင်းရဲ့ မေးခွန်းကို Yes လို့ဖြေပါရစေ၊ ကိုယ် နပိုလီယန်ကို စိတ်ဝင်စားတယ်။ ပြင်သစ်တော်လှန်ရေးကို စိတ်ဝင်စားတယ်။ ပြင်သစ် အနုပညာကိုလဲ စိတ်ဝင်စားတယ်။ ပြင်သစ်စာရေးဆရာ များ၊ ပန်းချီဆရာများကိုလဲ နားလည်ခံစားလို့ရချင်ပါတယ်။ ပေါ(လ်)ဂေါ်ဂင်ကို မင်းသိတယ်။ သူက ပြောတယ်။ အနုပညာတစ်ခုကို ချဉ်းကပ်တော့မယ်ဆိုရင်ပြင်သစ်စကား ကို နားလည်တတ်ကျွမ်းဖို့ လိုအပ်တယ်တဲ့။ကမ္ဘာပေါ်မှာ အနုပညာအားလုံးစုဝေးရာ အရပ်ဟာ ပါရီပဲဖြစ်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခြေအနေအရ ပြင်သစ်နိုင်ငံကို မရောက်နိုင်သေးဘူး။ ဒါပေမယ့် ပြင်သစ်စကားကိုတော့ ပြင်သစ်တစ်ယောက်လို ပြောတတ်ချင်တယ်။ ပြင်သစ်စကားကို မင်း နားထောင်ဖူးလား။ သူတို့အသံထွက်တွေက သိမ်လှတယ်။ တစ်ခါနားထောင်ဖူးရင် မင်း စိတ်ဝင်စားသွားလိမ့်မယ်။

စာအုပ်တွေကို ဖြည်းဖြည်းဖတ်နိုင်ပါတယ်။ ပြန်ပေးဖို့ မလိုအပ်ပါဘူး။ မင်း ဝတ္ထုတွေ မဂ္ဂဇင်းထဲမှာ မတွေ့ပြန်ဘူး။ မင်း ဝတ္ထုရေးဖို့ကြိုးစားပါ။ မင်းရဲ့စာရေးဆရာအဖြစ်ကို ကိုယ် ချီးမွမ်းပါရစေ။ မင်း ဝတ္ထုတွေမှာ ဘာသာစကား သိပ်ကောင်းတယ်။ မင်းမှာ. စွမ်းအားရှိတယ် (သူက Talentဆိုသော စကားဖြင့် သုံးထားပါသည်)။

မင်း အလုပ်ထဲဝင်ချင်တယ်လို့ ကိုယ့်ကိုယ်ကို သေချာရဲ့လား။ အလုပ်ထဲရောက်သွားတဲ့အခါ မင်း သည့်ထက်ပိုပြီး စာရေးချိန်နည်းပါးသွားလိမ့်မယ်လို့ ကိုယ်ထင်တယ်။

၂၄ ရက်နေ့ညနေ ကြဲတိုင်းအောင်ကားနဲ့ လာလိမ့်မယ်လို့ ကိုယ် မျှော်လင့်နေပါတယ်။

အနမ်းများဖြင့်. . .မင်းရဲ့
နီဝယ်လ်





စာကြွင်း

"ဟာန်နီ. . .၊ မင်းရဲ့ လက်သည်းတွေကို ဖြတ်ပစ်ဖို့ ကိုယ် အကြံပေးရင် မင်း လိုက်နာမလား။ (သူတို့က ကိုယ့်ကို မကြာခဏခြစ်မိတယ်)။

*   *   *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ရန်ကုန်သို့ တင်တင်ဇော်လာတိုင်း အမြဲတမ်း အချိန်နောက်ကျပြီး ဆိုက်ရောက်လေ့ရှိသည့် ကြံတိုင်းအောင်ကားသည် ဒီတစ်ခါတော့ ထူးထူးခြားခြား စောစီးစွာဝင်လေသည်။ ကုန်ဈေးတန်းကားဂိတ်သို့ ကားရပ်လိုက်ချိန်တွင် နံနက် ရှစ်နာရီထိုးရန် ငါးမိနစ်လိုသေး၏။

အပါးစား ဂျာကင်တစ်ထည်ကိုဝတ်ထားပြီး အကျီအိတ်ထဲသို့ လက်ထိုးထည့်လျက် မတ်တတ်ရပ်စောင့်နေသော နန္ဒကို ကားစောင့်ကြိုသည့် လူအုပ်ကြားထဲမှာ ထင်းခနဲတွေ့ရသည်။ ဇော့်ပြတင်းပေါက်ရှိရာသို့ သူ လှမ်းမြင်သွားသောအခါ လက်ခနဲ ဝင်းပသွားသော မျက်နှာမှာ ကလေးတစ်ယောက်၏ တက်ကြွရွှင်လန်းမှုမျိုးကို တွေ့လိုက်ရသည်။

"မင်း ဒီနေ့ပါမလာရင် ကိုယ် ဘာဖြစ်သွားမယ်ထင်လဲ"

"ဘာဖြစ်သွားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သေများသွားမလားမသိဘူး"

"အိုး. . .တော်တော်ယုံချင်စရာပဲ"

ဇော် လက်ဆွဲအိတ်ကို သူကူဆွဲလျက် နံနက်ခင်းနှင်းငွေ့အောက်မှာ သူ ပျော်ရွှင်စွာ ရယ်မောလိုက်လေသည်။

"တကယ်ပြောတာကွ၊ ကိုယ် ညကတစ်ညလုံး မင်းကို စဉ်းစားနေတာ။ တော်တော်နဲ့ အိပ်မပျော်ဘူး"

နန္ဒ၏တိုက်ခန်းနှင့် ကားဂိတ်မှာ အလွန်နီးသဖြင့် ဆယ်မိနစ်အတွင်း အခန်းသို့ရောက်သွားပါသည်။

"ကိုယ်ပေးလိုက်တဲ့ စာအုပ်တွေနဲ့ သော့ကိုရတယ်နော်"

"ဩော်. . .နင်ကလဲရလို့ပဲ နှင့် စာအရ ၂၄ ရက်နေ့ထွက်ခဲ့တာပဲ ဥစ္စာ"

သူ သတိရသွားသလို ရှက်ကိုးရှက်ကန်း ရယ်၏။

"ဒါပေမယ့် နန္ဒ. . .တကယ်လို့ ကားဂိတ်မှာ နင်နဲ့မတွေ့ဘူးဆိုရင် ငါ အဲဒီသော့တွေနဲ့ ဖွင့်ပြီး ဒီအခန်းမှာနေဖြစ်လိမ့်မယ်လို့ မထင်ပါဘူး"

"ကြည့်မြင်တိုင်ကို တန်းသွားမယ်လို့ ဆိုလိုတာလား"

"အေးပေါ့"

"မဖြစ်နိုင်ပါဘူး၊ မင်း ဒီကိုလာမှာပါ။ ကိုယ်က လာစေချင်ရင် မင်း လာကိုလာမှာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က စိတ်ညို့တတ်တယ်"

သူမ မယုံသလို ရယ်မောပြလိုက်၏။ သို့သော် သူမ ယုံပါသည်။ သူ့မှာ ညို့ငင်နိုင်သော စွမ်းအားတစ်ခု ရှိကိုရှိသည်။

လက်ဆွဲအိတ်ကို သူ၏ အိပ်ခန်းကလေးအထိ သူသယ်သွားပါသည်။ ဧည့်ခန်းဆက်တီစားပွဲပေါ်မှာ နှင်းဆီပန်း ရောင်စုံများစိုက်





ထားသည့် ဖန်ပန်းအိုး ခပ်ကြီးကြီးတစ်ခု တွေ့ရသည်။ အဝါရောင်၊ အဖြူရောင်နှင့် အနီရင့်ရောင်ပန်းများ ဖြစ်ကြသည်။ သူ့ထံမှာဘယ်ဘုန်းကမှ ပန်းစိုက်အိုးဖြစ်စေ၊ ဘုရားပန်းဖြစ်စေ မတွေ့ဘူးပါ။

ခပ်လှမ်းလှမ်း ထမင်းစားပွဲပေါ်မှာ လောလောဆယ် ဖျော်ထားဟန်တူသော ကော်ဖီကရားတစ်ခုနှင့် မှောက်ထားသော ကော်ဖီပန်းကန်တစ်စုံကို တွေ့ရသည်။ ကော်ဖီအိုးမှာ လက်ဖြင့် စမ်းကြည့်တော့ ပူနွေးနေဆဲ။ ထောပတ်များဟန်တူသော ကိတ်မုန့်တစ်လုံးနှင့် စက္ကူဘူးဖြင့်လာသော နိုင်ငံခြားမုန့်ထုပ်များကို တွေ့ရသည်။ ဘာလဲ ဒါ ငါတစ်ယောက်တည်းစားရမယ့် အစားအစာတွေနဲ့တူပါရဲ့။ သူမသည် ပလတ်စတစ်အုပ်ဆောင်းထဲမှ မုန့်မျိုးစုံကိုကြည့်ရင်း အသံထွက်အောင် ရယ်မောမိသည်။

"ဘာတွေ သဘောကျနေလို့လဲ"

သူမ ခါးကို နောက်ဘက်မှ လက်ဖြင့်သိုင်းဖက်လိုက်သည်ကို ခံစားလိုက်ရသည်။ သူ့ကိုယ်ကတော့ အမြဲတမ်း ချိုမြစွာမွှေးလျက်ရှိလေသည်။ သူက ဇော့်လည်ကုပ်ကို နမ်းရန် ငုံ့ခိုက် ဇော် လှစ်ခနဲ ရုန်းထွက်လိုက်သည်။

"ငါ ဒီနေ့မနက် မျက်နှာတောင် မသစ်ခဲ့ရသေးဘူးဟ"

သူက တဟားဟား အော်ရယ်လျက် "ညစ်ပတ်လှပါလား" ဟု ညည်းညူလေသည်။ နောက်မှ သတိရသွားသလို "ကိုယ် ရေနွေးတည်ပေးမယ်၊ မင်း ရေချိုးလိုက်၊ စည်ပိုင်းထဲက ရေက အေးစက်နေတာ"ဟု ပြောပြောဆိုဆို မီးဖိုဘက်ဝင်သွားသည်။ ဇော် ရေချိုးရန် ပလတ်စတစ်ကန်ပိုင်းထဲ၌ ရေကို ခပ်နွေးနွေးဖြစ်အောင် စိတ်ရှည်လက်ရှည်စပ်ပေးခဲ့ပြီးမှ သူ ပြန်ထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . .ရှစ်နာရီခွဲပြီးသွားပြီ၊ ကိုယ်သွားမှပဲ။ လာ. . . မင်း တံခါးလိုက်ပိတ်လှည့်"

"ဟင်. . . ရုံးသွားဦးမှာလား၊ တစ်ရက်တလေလေးများ ခွင့်ယူဖို့ မကြိုးစားဘူး"

သူမ အနည်းငယ် မှုန်ခဲ့သလို သူ့ကို မကျေမနပ် အရေးဆိုတော့ သူက ဇော်ဆံပင်များကို လက်ဖြင့်ဖွ၍ ပြုံးသည်။

"ဩော်. . . ဟန်နီကလဲ၊ ကိုယ်တို့ညနေကျတော့ တွေ့ရမှာပဲဥစ္စာ။ အကြောင်းကြီးငယ်မရှိဘဲနဲ့ ရုံးက ခွင့်ယူလို့မကောင်းဘူးလေ၊ အခုတောင် ကိုယ် ရုံးနောက်ကျနေပြီ၊ တော်တော်ဖြေရှင်းယူရမှာ..."

သူမ အနည်းငယ် မကျေမနပ်ဖြစ်ဆဲ။ နေရာတွင် မတ်မတ်ရပ်လျက် ငေးမောနေမိသည်။

"ငါကတော့ ဟိုကနေ တစ်ရက်စောပြီးလာခဲ့ရတယ်။ ငါ့ရဲ့ တစ်ရက်ဝင်ငွေ ဘယ်လောက်ရှိမယ်လို့ နင် ထင်လဲ"

"ကဲ. . . ကိုယ်သိပါတယ် တင်တင်ဇော်ရာ။ ကျေးဇူးပြုပြီး ကိုယ့်ကို ငွေစကား မပြောစမ်းပါနဲ့။ မင်း တစ်ရက်ဝင်ငွေလျော့သွားတဲ့အတွက် ကိုယ် မင်းကျေနပ်အောင် တောင်းပန်မှာပါ။ ဒီလို လစိတ်ရက်မျိုးကျတော့ ကိုယ်ခွင့်ယူဖို့မကောင်းလို့ပါ။ကြိုတင်ပြောထားရင်လဲ ကိစ္စမရှိဘူး။ အခုဟာက အဲဒီကုမ္ပဏီမှာရှိတဲ့ မြန်မာလူမျိုးဝန်ထမ်းတွေကို လခထုတ်ပေးဖို့ရှိသေး တယ်။ အဲဒီ စာရွက်ပုံစံတွေကို ကိုယ် လက်မှတ်ထိုးမှရမှာကွ. . . နော်။ စိတ်မကောက်နဲ့ကွာ. . . မင်း စိတ်ကောက်နေရင် ကိုယ်ရုံးမှာ အမှားအယွင်းတွေ လုပ်မိကုန်လိမ့်မယ်"

"လဲ သေလိုက်"





ဇော် ချာခနဲ လှည့်၍ အခန်းထဲမှ လက်ဆွဲအိတ်ကို သွားယူပြီး ပြန်ထွက်လာခဲ့သည်။ သူက အခန်းပေါက်ဝမှာ ရပ်စောင့်လျက် စိတ်ရှုပ်ထွေးသွားသော မျက်နှာထားမျိုးဖြင့် ဇော့် ကို ပခုံးလာဖက်သည်။ ဇော့် သူ့လက်ကို ခပ်ပြင်းပြင်းပုတ်ချလိုက်၏။

"ဟန်နီ. . . မင်း ကလေးလဲမဟုတ်ဘူး။ အခု ဘာလဲ ကြည့်မြင်တိုင်ကို သွားမှာလား"

"ဒါပေါ့၊ နင်က ငါ့အတွက် တစ်ရက်တောင် ရုံးမဖျက်နိုင်ဘူးဆိုရင် ငါ ပြန်ရုံပဲရှိတော့တာပေါ့။ နင် စဉ်းစားကြည့်စမ်း၊ ငါကတော့ နင် မှာတဲ့အတိုင်း ဟိုးအဝေးကြီးကနေ လူနာတွေကို တစ်ရက်ကြိုပြင်ပယ်ပြီး လာခဲ့ရတယ်၊ နင်က. . ."

သူက စိတ်မရှည်သလို တစ်ချက်စုတ်သပ်ပြီး ဇော့် လက်ဆွဲအိတ်ကို ဆွဲယူရန်ပြင်၏။ သူမ နောက်ဆုတ်လိုက်သည်။

"ကဲ. . .ကောင်းပြီ။ မင်းက ကိုယ့်ကို ရုံးတစ်ရက်ပျက်စေချင်တယ်ဆိုရင် ကိုယ် ပျက်ပေးမယ်။ အဲဒီ အဓိပ္ပာယ်မရှိတဲ့ အမြှာအပျက်မျိုး မင်း ဖြစ်စေချင်တယ်ဆိုရင်ပေါ့။ ကဲ. . . မင်းအိတ်ကိုပြန်ထားပါ"

သူမ၏ လက်ထဲမှ လက်ဆွဲအိတ်ကို ဖျတ်ခနဲယူလျက် အခန်းထဲသို့ သူ ကိုယ်တိုင်သွားထားလေသည်။ ထို့နောက် နှုတ်ခမ်းစူနေသော ဇော့်ကို မျက်စိတစ်ဘက် မှိတ်ပြလျက်. . .

"ဟာ. . .မင်းဘာဖြစ်လို့ နှုတ်ခမ်းစူနေတာလဲ။ မင်း ဆန္ဒအတိုင်း ကိုယ် လိုက်လျောမယ်လေကွာ၊ ပြုံးပြုံးကလေးနေစမ်းပါ"

ဇော် မပြုံးနိုင်ပါ။

"ကဲ. . . ကိုယ့်နာမည်ကို မင်နီတားဖို့ကိစ္စလေး ဖုန်းနဲ့ လှမ်းအကြောင်းကြားလိုက်ဦးမှ။ ပြောစမ်းပါဦး ဆရာဝန်မကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက်ချက်ချင်း ကောက်ရသလိုဖြစ်တတ်တဲ့ရောဂါတွေ ဘာတွေ ရှိလဲ ဟင်. . .''

သူက တယ်လီဖုန်းရှိရာသို့ လျှောက်သွားလျက် ပေါလစ်ရှ် ရောင်တောက်နေသော ဖျဉ်ခင်းကြမ်းပြင် အမြင့်လေးပေါ် ဒူးထောက် ထိုင်လိုက်၏။

''ကြည့်မြင်တိုင်အိမ်မှာရှိတဲ့ မင်းဆီကို ဒီကနေ ကိုယ် ဖုန်း ဆက်တိုင်း ဒူးထောက်ပြီး စကားပြောရဘယ်ဆိုတာ မင်း ယုံပြီလား ဟင်''ဟူ မချိုမချဉ်ပြုံးရင်း ဇော်ဘက် လှည့်ကြည့်မေးသည်။ သူ တယ်လီဖုန်းတင်သည့် စင်မြင့်ကလေးမှာ မတ်တတ်ရပ်ရလောက် အောင်လည်း မမြင့်၊ တင်ပျဉ်ခွေ ထိုင်ရအောင်လည်း မနိမ့်လှဘဲ ဒူး ထောက် ထိုင်ရုံလောက်သာ မြင့်လေသည်။ ဇော် စိတ်ဆိုးပြေသွားပြီး ဟက်ခနဲ အသံထွက် ရယ်လိုက်မိသည်။

''ကိုယ် ဝမ်းလျှောနေတယ်လို့ ပြောလိုက်မယ်နော်. . . ဟန်နီ''

သူက ဇော့်ကို မော့ကြည့်တိုင်ပင်သည်။ ထို့နောက် တယ်လီဖုန်းကို မ,ယူလိုက်၏။

''မဆက်နဲ့''

ဒိုင်ခွက်ကို လှည့်တော့မည့်လက်များ ရပ်တန့်သွား၏။ သူ ဇော့်ကို နားမလည်သလို မော့ကြည့်ပြန်သည်။ ဇော် သူ့ဆီ ခပ်သွက် သွက် လျှောက်သွားပြီး ပြုံးပြလိုက်မိသည်။

''ငါ အလကား အဓိပ္ပာယ်မရှိလျှောက်ပြီး ရန်တွေ့နေမိ တယ်။ နင် ရုံးမဖျက်ပါနဲ့ဟာ။ ဒီအလုပ်တစ်ခုရဖို့ လူတွေ အများကြီး ထဲကနေ ယှဉ်ပြိုင်ကြိုးစားလာခဲ့ရတာ ငါ သိပါတယ်''





သူက မယုံနိုင်သလို တင်တင်ဇော့်ကိုမျက်နှာပင့်ကြည့်တော့ သူမ ခေါင်းတစ်ချက်ညိတ်ကာ ရယ်မောလိုက်သည်။

''တကယ်ပါဟ။ ငါ စိတ်မဆိုးပါဘူး၊ ကားပေါ်မှာ ငါ တစ်ည လုံး အိပ်ပျက်လာတာ။ နင် ဒီမှာတစ်မနက်ခင်းလုံးရှိနေလဲ ငါ စိတ်ဝင် တစား စကားပြောနိုင်မှာမဟုတ်ဘူး။ အိပ်ပျော်သွားမှာပဲ။ ဒီတော့ နင် ရုံးသွားကိုသွားမှ ဖြစ်မယ်''

''အရှုံးမလေး''

သူ စိတ်ချမ်းသာစွာ ရယ်မောပြီး ဒူးထောက်ထိုင်ရာမှထ လိုက်၏။

''ဖယ်ရီ လာကြိုတယ်ဆိုလား. . .လို့''

''လာတယ်နှလေ၊ ရှစ်နာရီဆိုရောက်တာ။ ကိုယ် မင်းကို ကားဂိတ်မှာလာစောင့်မှာမို့ တမင် ဒီနေ့ဖျက်လိုက်တာ။ အခု ကိုယ် ဘတ်(စ်)နဲ့ လိမ့်ရမှာ''

ထို့နောက် ဇော့်ပါးတစ်ဘက်ကို ခပ်ဖွဖွ နမ်းပြီးမှ သူ ထွက် သွား ပါသည်။

သူ့တိုက်ခန်းမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သော တင်တင်ဇော်သည် စိတ်ပေါ့ပါး လွတ်လပ်လျက်ရှိသည်။ ရေချိုး ခေါင်း လျှော်ခြင်းပြီးစီးတော့ နံနက် ကိုးနာရီခွဲပြီးပြီဖြစ်သည်။ သူ့ ခေါင်းလျှော် ရည်မှာ နိုင်ငံခြားကလာသော ခေါင်းလျှော်ရည်မို့ အနံ့ကသင်းပျံ့ လှ သည်။ ခေါင်းလျှော်ရည်ဆိုလျှင် ယိုးဒယားကလာသော ပလတ်စတစ် ပုလင်းပြားကလေးတွေကိုသာ သုံးဖူးသော တင်တင်ဇော်သည် သူ့ ခေါင်းလျှော်ရည် စိမ်းဖန့်ဖန့်လေးကို သဘောကျမဆုံးရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အလျှင်တစ်ခေါက် လာစဉ်ကတည်းက သူမ တွေ့ပြီး၍ အထူးအဆန်း ဖြစ်နေတော့ သူ ပခုံးတွန့်၍ ရယ်မောခဲ့၏။

"အဲဒါ မာမီ့ပစ္စည်းတွေလေ၊ မနှစ်က အလုပ်ပြောင်းရတော့ ပါမသွားဘဲ မေ့ကျန်နေခဲ့တာ။ ကိုယ့်အတွက်အဆင်သင့် ဖြစ်သွားတာပေါ့"

"သားအတွက် တမင်ထားခဲ့တာလဲ ဖြစ်နိုင်တာပဲ"ဟု သူမ စတော့ သူ ပြုံး၍ ခေါင်းညိတ်သည်။

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့၊ ကိုယ် အလှအပ အသန့်အပြန့် ကြိုက်တာ မာမီ သိနေတာပဲ"

အကျီအဝတ်အစားလဲပြီးတော့ သူ ဖျော်ထားခဲ့သည့်ကော်ဖီကို ကရားထဲမှငှဲ့၍သောက်သည်။ ကော်ဖီများ အေးစက်လျက် ရှိပေပြီ။ နိုင်ငံခြား ဘီစကစ်မုန့်များကို မဖေါက်တော့ဘဲ ကိတ်မုန့်ကိုသာ ခပ်ပါးပါးနှစ်ချပ်လှီး၍ စားလိုက်၏။ ကိတ်မုန့်ထည့်သော ပန်းကန်ပြား၏ အောက်တွင် တင်တင်ဇော်ဟု အင်္ဂလိပ်လက်ရေးအနက်ဖြင့် ရေးထားသော စာခေါက်ကလေး တစ်ခုဖိထားသည်။ ဇော် ဖျတ်ခနဲ ဆွဲထုတ်၍ ဖြန့်ကြည့်လိုက်သည်။

ဟန်နီ . . .
မင်းအတွက် ထမင်းနဲ့ဟင်း အဆင်သင့်ပဲ။
ရေခဲသေတ္တာထဲမှာ စပျစ်သီးတွေ ရှိတယ်။
ကျိုချက်ပြီးသား ရေနွေးစ်ပုလင်းလဲ ထည့်ထားတယ်။
ဒီနေ့ ကိုယ်အတန်းမရှိဘူး။ ၄ နာရီခွဲမှာ ပြန်ရောက်မယ်။
အချိန်အားရရင် မင်းဆီကို နားချိန်မှာ ဖုန်းဆက်မယ်။
အနမ်းများဖြင့် မင်းရဲ့
နီဝယ်လ်





ဇော်သည် မီးဖိုထဲဝင်ကာ အိုးခွက်ပန်းကန်များ လှန်လှော ကြည့်မိသည်။ ရိုက်စ်ကွတ်ကာထဲမှာ ထမင်းနပ်ပြီးသား မီးပိတ်ပြီးသား ဖြစ်လေသည်။ ကြောင်အိမ်အပုကလေးထဲမှာ ပန်းကန်ပြားနှင့်အပြည့် ပုစွန်ကြော်များ တွေ့ရသဖြင့် ဇော် ပြုံးမိသေး၏။ (မမမိုးသည်လည်း ဇော် ရန်ကုန်ရောက်လျှင် ပုစွန်ပဲ ကျွေးလေ့ရှိပါသည်)။ ငါးပိဆီကြော် ပုလင်းထဲမှာ အကြော်တွေတစ်ဝက်လောက် ကျန်သေးတာတွေ့ရ၏။ ပန်းကန်လုံးတစ်ခုထဲမှာတော့ ပုစွန်ဆိတ်ကလေးများနှင့်ရော၍ ကြော်ထားသော ချဉ်ပေါင်ရွက်ကြော်ကို တွေ့ရသည်။ ဘယ်ဆိုးလို့လဲ၊ သူမ ကိုယ်တိုင်ချက်ရလျှင် ဤမျှ ဖွယ်ရာလိမ့်မည်မဟုတ်ပါ။ ထို့နောက် ပလတ်စတစ် ဆန်ခါသေးသေးကလေးထဲမှာ ကြက်ဥအစိမ်းခြောက် လုံးခန့် တွေ့ရသည်။

ထမင်းချက်ဖို့မလိုတော့သဖြင့် သူမ အေးအေးဆေးဆေးပင် အိပ်ခန်းထဲသို့ ဝင်ခဲ့၏။

မွေ့ရာခင်း အပြာနုရောင်ပေါ်မှာ သူမ ခဏလှဲအိပ်လိုက်သည်။ အိမ်မှာသင်ဖြူးပေါ်မှာ သည်အတိုင်း အိပ်လေ့ရှိသော တင်တင်ဇော်အတွက် နန္ဒ အိပ်ရာမှာ နူးညံ့လွန်းသည်။ ခေါင်းအုံးနှစ်လုံးကိုဆင့်မထားဘဲ နှစ်ခုယှဉ်ချထားသည်။ သူ ဘာခေါင်းလိမ်းဆီ သုံးပါလိမ့်၊ သူ့ ခေါင်းအုံးမှာ အနံ့ယဉ်ယဉ်ကလေးတစ်ခု မွှေးပျံ့နေပါသည်။ ခေါင်းအုံးအောက်မှာ တစ်ခုခုကိုစမ်းမိသဖြင့် ဆွဲထုတ်ယူလိုက်တော့ သားရေဖုံးအနက်နှင့် ဒိုင်ယာရီစာအုပ် အသစ်ကလေး။ ၁၉၈၈ ခုနှစ်အတွက် ယူနီဆက်ဖ်ကထုတ်သော စာအုပ်ပါးပါးရှည်ရှည် သေးသေးကလေး ဖြစ်သည်။ ဇော် စပ်စုလိုသောစိတ်ဖြင့် လှန်လှော ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်လက်ရေးအနက်များဖြင့် နေ့စွဲအလိုက် မှတ်ထားသည်။ ဇန်နဝါရီလအတွင်း သူခရီးထွက်သည့်ရက်များ၊ ပြန်လာသည့်ရက်များ၊ ဖလင်ဝယ်သည့်နေ့၊ ဓာတ်ပုံကူးရန် ဂျပန်သို့ ဖလင်ပို့သည့်နေ့၊ ဂျပန်မှလာသော ဧည့်သည်များကို ကုမ္ပဏီမန်နေဂျာနှင့်အတူ မင်္ဂလာဒုံလေဆိပ်သို့ သွားကြိုသောနေ့၊ တင်တင်ဇော်ထံစာရေးသောနေ့၊ တင်တင်ဇော့်ထံမှ စာရသောနေ့ (သူကတင်တင်ဇော်၏ နာမည်အတိုင်းမရေးဘဲ တီ-တီ-ဇက် ဟု အတိုရေးထားပါသည်)။

သူ မလွမ်းတတ်ဘူးဆိုတာ ဟုတ်မှာပဲ။ သူ့ ဒိုင်ယာရီမှာ နှစ်လအတွင်း အလုပ်ကိစ္စမှတ်တမ်းများဖြင့် ပြည့်နေပြီး အချစ်ကိစ္စ အလွမ်းကိစ္စ ဘာမှမပါချေ။ သူ့ ဒိုင်ယာရီဖတ်ရတာ ပျင်းစရာကြီး။

သူ့ခုတင်ခေါင်းရင်း စားပွဲပေါ်မှာတင်ထားသောကက်ဆက်သည် မီးခလုတ်ရှိ ပလတ်ပေါက်နှင့် ဆက်သွယ်ပြီးသားဖြစ်၏။ အထဲတွင် တိပ်ခွေတစ်ခုထည့်ပြီးသား။ ဘေးမှာချထားသော တိပ်ခွေအဖုံးကို ကောက်ကိုင်ကြည့်လိုက်သည်။ သူဖွင့်နေကျ ဘီးဂျီး(စ်) တိပ်ခွေကလေးဖြစ်သည်။ ဇော် အိပ်ရာမှလက်ထောက်ထိုင်ကာ နံရံရှိ မီးခလုတ်ကို ဖွင့်လိုက်သည်။ ထို့နောက် ကက်ဆက်ခလုတ်ကို ဖွင့်သည်။

တိုးညင်းတိမ်အက်သော အသံက ချိုချိုရှရှလေး ပထမထွက်ပေါ်လာသည်။ နောက်ပိုင်း တဖြည်းဖြည်းမြန်၍ အသံကျယ်စူးလာသည်။ ဇော် ဤသီချင်းများတွင် How deep is your love သီချင်းမှလွဲ၍ ဘာကိုမှသိပ်မသိပါ။ ယခုဖွင့်ထားသည်မှာ ဘီဆိုက်(ဒ်) ဖြစ်၏။ အလယ်နားကျကျ ရောက်နေပြီဖြစ်သောကြောင့် ကာဗာရှိ အညွှန်းနှင့် သီချင်းစာသားနှင့် တိုက်ကြည့်သည်။ ထရီဂျီတီ (အလွမ်းဇာတ်) သီချင်းပဲဖြစ်ရမည်။





မိန်းကလေးသံလို ခပ်စူးစူး ချိုမြစွာသီဆိုထားတာ ဘယ်လောက် အံ့ဩဖို့ကောင်းသလဲ၊ နန္ဒ ပြောတော့ အဲဒါ ညီအစ်ကိုတစ်တွေတဲ့၊ မုတ်ဆိတ်မွေးပါးမြိုင်းမွေးတွေနဲ့ ကျားကျားလျားလျား ရုပ်ရည်တွေ ဖြစ်သော်လည်း အသံကြည်လင်စွာ တိုးညင်းချိုမြအောင် သူတို့မှာ ဆိုတတ်လေသည်။

နူးညံ့သောမွေ့ရာပေါ်မှာ လဲလျောင်းလျက် မျက်စိမှိတ်ကာ သီချင်းနားထောင်ရင်း ဇော် တကယ်အိပ်ချင်လာသည်။

ယခုအချိန်ဆို ဖြိုး ဘာလုပ်နေပါလိမ့်။

ဖြိုးထံရေးလိုက်သည့် သူမ စာထဲတွင် လကုန်ခါနီး ရန်ကုန်သို့ လာမည်ဖြစ်ကြောင်းသာ ရေးထားခဲ့သည်။ ဖြိုးကို လိမ်ရသည်ကို မိမိ၏ မိခင်ကိုလိမ်ရသလိုပင် မလုံမလဲ ဖြစ်လျက်ရှိသည်။

ဇော်နှင့်နန္ဒ အခြေအနေကို အစအဆုံးရိပ်မိ နားလည်ပြီးသား ဖြိုးက နန္ဒနှင့်ပတ်သက်၍ တစ်ခွန်းသာ ပြောခဲ့၏။

"ဒီအခြေအနေထိဖြစ်လျက်သားနဲ့ ဒီကောင် နင့်ကို လက်မထပ်ဘူးဆိုရင် ငါ့လက်နဲ့ သတ်ပစ်မယ်"

ဘုရား. . . ဘုရား. . .။ အခုအချိန်အထိတော့ နန္ဒသည် တင်တင်ဇော်ကို လက်ထပ်ဖို့မဆိုထားနှင့်၊ ချစ်လှချည်ရဲ့ဟု တစ်ခွန်းမျှပင် ညည်းတွားဖော်မရချေ။

ကြည့်စမ်း၊ ငါ ဘယ်လောက်များ စွန့်စားလိုက်သလဲ၊ ငါက စပြောဖို့များ စောင့်နေသလား၊ မဖြစ်နိုင်ပါ။ သူမကို သူ လက်ထပ်ဖို့ ပြောကိုပြောရမည်၊ သူမ ဘယ်တော့မှစပြောလိမ့်မည် မဟုတ်ပါ။

မှေးခနဲ အိပ်ပျော်သွားသည်မှာ တော်တော်ကြာသွား၏။ ဇော် အိပ်ပျော်ရာမှနိုးလာချိန်တွင် သီချင်းသံ ရပ်လျက်ရှိသည်။ အိပ်ချင်မူးတူး ရီဝေစွာပစ်လှဲ၍ လိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အိမ်ရှေ့ခန်းမှ ဆူညံသော တယ်လီဖုန်းသံကို ကြားလိုက်ရသည်။ ဇော် ခုတင်ပေါ်မှ အပြေးအလွှားဆင်း၍ အပြင်ခန်းသို့ ထွက်လာခဲ့သော်လည်း တယ်လီဖုန်းနားရောက်ပြန်တော့ သူမ မကိုင်ရဲ မထိရဲ ဖြစ်နေပြန်သည်။

ဒါ ဘယ်သူ့ဆီက ဖုန်းပါလိမ့်။ သူ့ မိဘတွေများဖုန်းဆက်တတ်သလား၊ ဒါမှမဟုတ် သူ့အလျှင် အမျိုးသမီးတွေများလား။ ငါ အသံကြားသွားရင် သူတို့ ဘယ်လိုတွေးကြမှာပါလိမ့်။

သို့သော် နန္ဒဖြစ်ဖို့များပါသည်။ ရုံးပိတ်ရက်မဟုတ်သော နေ့လယ်များတွင် နန္ဒ တိုက်ခန်းမှာမရှိကြောင်း ခင်မင်သူ၊ သက်ဆိုင်သူများ သိထားပေလိမ့်မည်။

အဆက်မပြတ်မြည်နေသော တယ်လီဖုန်းကို သူမ ကောက်ကိုင် လိုက်၏။

"ဟန်နီ . . ."

သူမ၏ ရင်မောပူပန်နေမှုများ ပျောက်ကွယ်သွား၏။

"မင်း အိပ်ပျော်နေလို့လား"

"မဟုတ်ဘူး ၊ ဟိုလေ. . . ဘယ်ကဆက်မှန်း မသိတော့ မကိုင်ရဲဘူး"

ဖုန်းထဲမှာ ရယ်မောသံ သဲ့သဲ့လေးကြားလိုက်ရသည်။

"ဖြစ်ရလေ. . . ကိုယ် ဒီအချိန်မှာအခန်းမှာ မရှိမှန်း အားလုံးသိကြပါတယ်ကွာ၊ နောက်ပြီး မင်းစိုးရိမ်နေသလို ကိုယ့်ဆီ ခဏခဏ ဖုန်းဆက်မယ့် မိန်းမတွေလဲမရှိပါဘူး တင်တင်ဇော်ရဲ့"

ဇော် နှုတ်ခမ်းစူပစ်လိုက်သည်။ သူပဲ . . . သူမ၏ စိတ်ကို သိနေပြန်ပြီ။





"မင်း ထမင်းမစားရသေးဘူးလား"

"အင်း . . ."

လက်မှ နာရီကို ငုံ့ကြည့်လိုက်တော့ ၁၂ နာရီထိုးနေပြီ။

"ကိုယ့်စာ တွေ့ရဲ့လား၊ ကိုယ် မင်းအတွက် ထမင်းချက်ခဲ့ပြီးသားလေ၊ မင်း နွှးစားရုံပဲ။ ပန်းကန်တွေတော့ ကိုယ်လာမှဆေးပေးပါ့မယ်"

"နန္ဒရော ဘာစားလဲဟင်"

"ကိုယ့်အတွက် ဒီက ဝေစုရတယ်လေ၊ ဒီမှာ လန့်(ချ်)အတွက် အမြဲတမ်း ခေါက်ဆွဲထုပ်ဝေတယ်၊ သိလား။ ရယ်ဒီမိတ်လေ၊ ရေနွေးနဲ့ စိမ်စားရုံပဲ။ ကိုယ့်အတွက် မပူပါနဲ့။ မင်း အဆင်ပြေရဲ့လားလို့ စိတ်ပူလို့ပါ"

"အင်း အင်း. . .ပြေပါတယ်၊ ညနေ ဘယ်အချိန်လာမလဲဟင်. . ."

"ဒီနေ့ကလပ်စ်မရှိဘူးလေ၊ လေးနာရီမှာပြန်လာမယ်၊ ဟော့. . မင်း စိတ်မကောက်နှင့်နဲ့ဦးနော်"

"အင်းပါ"

"ဖုန်းချလိုက်တော့နော်"

သူ့အမိန့်အတိုင်း တယ်လီဖုန်းကို ပြန်တင်ထားလိုက်သည်။

ညနေ သူ ပြန်လာချိန်တွင် အိပ်ခန်းထဲက ခုတင်ပေါ်တွင် လဲလျောင်းရင်း သီချင်းနားထောင်နေခိုက်ဖြစ်၏။ နှစ်ခေါက်တိတိ နားထောင်ပြီးသော ဘီးဂျီး(စ်)ကို သူမ ကြိုက်နှစ်သက်ရုံမျှမက အနည်းအကျဉ်း အဓိပ္ပာယ်ဖော်၍ပင် ရနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သံဆွဲတံခါးရုပ်သံ၊ အိမ်ရှေ့တံခါးဖွင့်သံကို သူမ သုံးဝမကြားလိုက်မိပါ။

အလွန်မှန်ကန်သောအချစ်(Love so right) ကို ငေးမောနားထောင်နေခိုက်မှာ သူ အိပ်ခန်းထဲသို့ ဝင်လာခြင်းဖြစ်သည်။

ပြီးပြည့်စုံတဲ့ အချစ်တစ်ခုဟာ ×× အလွန်မှားယွင်းတာတွေကိုတောင် ×× ဘယ်လောက်အထိ သွေဖယ်သွားစေနိုင်တယ်ဆိုတာ ×× မင်း ကိုယ့်ကိုပြောပြပါလားကွယ် ×××

"ဟဲလို. . ."

သူ ပြုံးရယ်စွာရောက်လာပြီး ခါးကိုင်းငုံ့၍ သူမ၏ မေးစေ့ကို သူ့နှုတ်ခမ်းဖြင့် ထိကပ်ရုံဖွဖွနမ်းကာ နှုတ်ဆက်လေသည်။ ပြီးမှ သူ့လက်ထဲမှ ပိုက်ဆံအိတ်နှင့် စာအုပ်များကို စားပွဲပေါ် ပစ်တင်လိုက်၏။

"ပျင်းနေပြီလား"

ပြောပြောဆိုဆို ဇော့်ဘေးမှာ တင်ပါးလွှဲဝင်ထိုင်လိုက်သည်။ ဇော့်ဆံပင်ဖျားမှ ခြေဖျားအထိ ခြေဆုံးခေါင်းဆုံး မျက်လုံးဝေကြည့်တော့ သူမ အနည်းငယ် မနေတတ် မထိုင်တတ်သလိုဖြစ်ကာရယ်မောလိုက်လေသည်။ ရင်တဖျပ်ဖျပ်ခုန်လာပြီး ချက်ချင်း အသက်ရှူနှုန်းမြန်ဆန်လာ၏။

"ကိုယ် ဟိုမှာနေရပေမယ့် စိတ်မပျော်ဘူး။ မင်း ချက်ချင်းစိတ်ကောက်ပြီး ကြည့်မြင်တိုင်ကို ပြန်သွားမလား . . . စိတ်ပူနေမိတာ"

"အိုး. . . ဒီအချိန်ကျကာမှ အိမ်ကိုရောက်သွားရင် အစ်ကိုကြီးက ဆီးပြီးရိုက်မှာပေါ့။ ငါ ဘယ်သွားရဲမလဲ"





နန္ဒက သူမ၏ ဘယ်ဘက်လက်ကို ခပ်ဖွဖွ ဆုပ်ညှစ်လျက် ငုံ့ကိုင်းကာ နှုတ်ခမ်းနှင့်ထိသည်။

"မင်း သိမှာတယ်၊ လက်သည်းတွေဖြတ်လာတယ်။ ကိုယ့်စကားကို နားထောင်ဖော်ရသားပဲ"

"နင်ကတော့ ငါ့စကားကို နားထောင်ဖော်မရဘူးနော်"

သူ လန့်ဖျပ်သလို မျက်လုံးပြူးသွား၏။

"ဟာ. . .ဘာစကားလဲ၊ ဘာလိုက်နာစရာရှိလို့လဲ၊ ကိုယ်လဲမသိလိုက်ပါလား"

"နင့်ဆံပင်ကို ရှည်ရှည်ထားပါဆိုတာ ခုထိတိုနံ့နံ့လေးပဲ။ ရုပ်ကိုက တစ်နေ့တစ်ခြား ချာလီရှီး(န်)နဲ့ တူလာပြီ"

"အိုး. . ."

သူ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

"ဒါဖြင့် မလှဘူးလား"

"မလှပေါင်၊ ပြောင်စပ်စပ်နဲ့. . ."

"ကဲ. . . ကိုယ် ဆံပင်ရှည်ထားရမယ့် အကြောင်းပြချက်ကို ပြောပါဦး၊ ရုပ်မလှလို့လား ဆံပင်ရှည်တော့ ကိုယ် ပိုလှလာမယ်ထင်လို့လား"

သူမ မဖြေပါ။

"ပြောလေကွာ"

"ဟင့်အင်း။ မပြောဘူး မထားချင်နေ"

"ဒါနဲ့ နေပါဦး၊ ဒီတစ်ခါ စာမေးပွဲကို မင်း တကယ်အောင်အောင်ဖြေမလို့လား ဟင်"

ခေါင်းအုံးဘေးမှာချထားသည့် မေးခွန်းဟောင်းများနှင့် အဖြေများ မှတ်စုစာအုပ်ကို သူ မြင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . တကယ်ဖြေမှာ"

"မင်းအလုပ်ရသွားရင် ဝတ္ထုတွေဆက်မရေးနိုင်ဘဲ နေလိမ့်မယ်"

"အိုး. . . ဒါ နှင့်အပူမဟုတ်ပါဘူး" သူမ ရယ်သလို မောသလို ရန်စလိုက်သော်လည်း သူ စိတ်ဆိုးဟန်မပြပါ။

"ကိုယ် ပူပင်ရတာလဲ တစ်ခုတော့ပါပါတယ်။ မင်း အလုပ်ထဲဝင်သွားရင် ခုလိုရန်ကုန်ကို ခဏခဏ မလာနိုင်တော့ဘူးလေ"

"အဲဒါမကောင်းဘူးလား"

"ဘယ်ကောင်းမလဲကွာ. . .၊ ကိုယ်မင်းကို သိပ်တွေ့ချင်တာ၊ မင်းကို ကိုယ် အရာရာအတွက် လိုအပ်နေတာ မင်း မသိချင်ယောင်မဆောင်နဲ့ ဟန်နီ"

ထို့နောက် သူမ မျက်နှာဆီသို့ သူ့မျက်နှာကို ငုံ့လိုက်သည်၊ ဇော် သူ့မေးစေ့ကို လက်နှစ်ဘက်ဖြင့် တွန်းထားလိုက်၏။

"အဲလိုဆိုရင် ငါရှိတဲ့နေရာကို နင်ခဏခဏလိုက်လာခဲ့ပေါ့"

"ဒါပေမယ့် အခုလို လွတ်လွတ်လပ်လပ် ဘယ်တွေ့ရတော့မလဲ။ မင်းဖားသားကြီးက မင်းအနားမှာ တစ်ချိန်လုံးရှိနေမှာမဟုတ်လား"

သူ့အသံက မလိုတမာ၊ ဇော် သဘောကျစွာ ရယ်မောလိုက်မိသည်။

"သိပ်သေချာတာပေါ့"

"မဖြစ်ဘူး၊ မင်းဒီစာမေးပွဲကို ကျကိုကျမှဖြစ်မယ်"





"ဟင့်အင်း၊ အောင်ကို အောင်စေရမယ်"

"မင်း စာမေးပွဲကျအောင် ကိုယ် တတ်နိုင်ပါတယ်ကွာ" သူ မချိုမချဉ်ပြုံးလျက် သူမကို ငုံ့နမ်းလိုက်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

"မနက်ဖြန်ကတ်ထုတ်ဖို့ ကိုယ် လိုက်မပို့တော့ဘူးနော်"

"ဟင်. . .ဘာဖြစ်လို့"

"ဖြိုးကျော်ကို လိုက်ပို့ခိုင်းလိုက်တော့. . .၊ ကိုယ် ရုံးစောစော သွားချင်တယ်"

သူမ နာကြည်းစွာ ငြိမ်သက်သွားသည်။ ဒါပေါ့လေ. . . ရုံးပျက်ကွက်ဖို့မလိုဘဲ၊ ရုံးနောက်ကျဖို့တောင် မလိုဘဲ သူ လိုချင်တာကို အမြဲရယူနေနိုင်တာပဲ။ သူ့အတွက် ဘယ်အရာမှမခက်ခဲလှပါဘူး။ သူမ အံကြိတ်ရင်း မျက်စိမှိတ်ထားလိုက်မိသည်။

"ဘယ်လိုလဲ. . . မင်း စိတ်ကောက်ဦးမှာလား"

"မကောက်ပါဘူး"

သို့သော် သူမ ရင်မှာနာကျင်စွာ တဆတ်ဆတ်တုန်နေသည်။ မှားမိပြီမှန်းသိလျက် ခြေတစ်လှမ်းချင်း ထပ်ကျွံမိသော



www.burmeseclassic.com

www.burmeseclassic.com



တင်တင်ဖော့်အတွက် အရှက်နှင့် နာကြည်းခြင်းသည်သာ နောက်ဆုံး ရလဒ်ဖြစ်နိုင်ကြောင်း ယခုတော့ သူမ အတိအကျသိလိုက်ရပေပြီ။

"မင်းနဲ့ ကိုယ်နဲ့ မနက်ဖြန် ညနေ ၄ နာရီခွဲမှာ ပြန်တွေ့ကြရအောင်"

သူမ အားတင်းလိုက်သည်။

"ငါ မနက်ဖြန် အားမှာမဟုတ်ဘူး"

"ဘာပြောတယ်"

သူ့လေသံမှာ မခံမရပ်နိုင်သလို ခပ်ရှရှဖြစ်သွား၏။

"မနက်ဖြန် တစ်နေ့လုံး ငါ စာကျက်ရဦးမှာ"

"နေ့လယ် တစ်နေ့လယ်လုံးကျက်ပေါ့။ ကိုယ် ရုံးသွားချိန်မှာ မင်း စာကျက်နေလေ။ နောက်ပြီး ညတစ်ညလုံးကျက်ဖို့ အချိန်ရသေးတာပဲ၊ ညနေခင်းလေးတော့ နားဦးပေါ့"

သူမ ခါးသီးစွာ ပြုံးလိုက်မိသည်။

"မနားဘူး"

သူ ခပ်ဖွဖွ ရယ်မောပြန်၍ ဖော့်ပါးကိုအသာလိမ်ဆွဲပါသည်။

"မင်းစိတ်ကောက်နေပြီ"

ဖော် မငြင်းပါ။

"မနက်ဖြန်ညနေ သံရုံးမှာ ကိုယ် ရုပ်ရှင်သွားကြည့်မယ်၊ မင်းလိုက်ခဲ့လို့ရတယ်။ မင်း ပြင်သစ်သံရုံးကို ရောက်ဖူးလား"

"ဟင့်အင်း. . ."

"မင်း အလန်ဒီလွန်ကို ကြည့်ဖူးသလား၊ ကြိုက်သလား"

သူမ သူ့ကို စူးစူးဝါးဝါး တစ်ချက်ကြည့်လိုက်မိ၏။ ဖော် 'အေလိန်းဒီလွန်'ကို အလွန်ကြိုက်မှန်း သူ သိလို့ ဖြားယောင်းတာများလား. . .။ သူ အသံထွက်ရယ်မော၍ သူမ နှုတ်ခမ်းကို လက်ညှိုးဖြင့် ခပ်ဖွဖွလေးတို့၏။





"မနက်ဖြန်ညနေ ငါးနာရီမှာ အလန်ဒီလွန်ပါတဲ့ ပြင်သစ်ရုပ်ရှင်ပြမယ်၊ ပြင်သစ်စကားပြော၊ အင်္ဂလိပ်စာတန်းထိုး"

"နင် လိမ်တာ"

"ဩော်. . ဒုက္ခပါလား"

သူ ဖော့်ကို ပခုံးမှသိမ်းကျုံးပွေ့ဖက်ကာ ရယ်မောနေပြန်သည်။ ထို့နောက် စားပွဲပေါ်က စာအုပ်ကြားထဲမှ စာရွက်တစ်ရွက်ထုတ်ပြသည်။ အင်္ဂလိပ်ပုံနှိပ်စာလုံး အသေးဖြင့် ရိုက်နှိပ်ဝေငှသော စာရွက်ဖြစ်သည်။

၂၅ ရက်နှင့် ၂၆ ရက်၊ ဖေဖော်ဝါရီ ၁၉၈၈။
ရုပ်ရှင်ကားအမည် - စွန့်စားသူများ။
သရုပ်ဆောင် - အေလိန်းဒီလွန်၊ လိနိုဗင်ကျူရာ၊
ဆေးရောင်စုံ၊ ၁၉၆၇ ခုနှစ်ထုတ် ဇာတ်ကား။
ရုပ်ရှင်ပြချိန် - ၁ နာရီ ၄၀ မိနစ်။

ထို့နောက် အောက်တွင် ဇာတ်လမ်းအကျဉ်းချုပ်ကို ဖော်ပြထားသေးသည်။

"ဘယ်လိုလဲဟင်. . . မင်း နှစ်နာရီလောက် အလန်ဒီလွန်အတွက် အချိန်မပေးချင်ဘူးလား"

"ဒါဆိုရင်တော့ ကြည့်ဖြစ်မှာပေါ့"

"အိုကေ. . .ညနေ ငါးနာရီအတိပြတာဆိုတော့ ကိုယ်တို့ လေးနာရီခွဲမှာ ဆုံပြီးသွားမှဖြစ်မယ်။ ကိုယ့်ရုံးအပြန် မင်းကို လာခေါ်ရမလား"

"မခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ လျှင်မြန်စွာ ဟန့်တားလိုက်မိ၏။ အစ်ကိုကြီးရှေ့တွင် သူစိမ်းယောကျ်ားတစ်ယောက်နောက်သို့ သူမ လိုက်မသွားရဲပါ။

"ဒါဖြင့် စမ်းချောင်းမှာ ဆုံရအောင်"

"စမ်းချောင်း. . ."

"အေးလေ၊ မင်းနဲ့ ကိုယ်နဲ့ စမ်းချောင်းထဲက လက်ဖက်ရည်ဆိုင် တစ်ခုခုဖြစ်ဖြစ်၊ ရုပ်ရှင်ရုံရှေ့ဖြစ်ဖြစ်၊ မင်းရွှေမန်းရုံကို သိလား"

"မသိဘူး"

"တော်တော်နဲ့စပ်တာပဲ။ ဟား

ကရာလမ်းအတိုင်း တည့်တည့် တက်လာရင်ပြည်လမ်းနဲ့ဆုံတဲ့နေရာကို ရောက်လိမ့်မယ်။ ဒီလို လုပ်ကွာ၊ ကြည့်မြင်တိုင်ကောလိပ်ရှေ့ကနေ ၁၂ စောင့်စီး၊ ရွှေမန်း မှတ်တိုင်လို့ပြော။ ပြည်လမ်းကိုချိုးမကွေ့ခင် မင်း ဆင်းလိုက်ပေါ့။ မင်း ရုပ်ရှင်ရုံကို မြင်ရလိမ့်မယ်။ အဲဒီနားမှာ ကြံရည်ဆိုင်ကလေးတစ်ခု ရှိတယ်။ သူနဲ့ကပ်လျက် လက်ဖက်ရည်ဆိုင်လဲရှိတယ်။ အဲဒီနှစ်ဆိုင်မှာ မင်းကြိုက်တဲ့ဆိုင်က ထိုင်စောင့်. . ."

ဇော်မျက်စိထဲမှာတော့ ဟားကရာချောက်ကလွဲပြီး ဘာမှမြင်မလာချေ။ သူမ၏ အူကြောင်ကြောင် အမူအရာကို သူ အကဲခတ်မိသွား၏။

"နေစမ်းပါဦး၊ ကြည့်မြင်တိုင်ကနေ ရွှေတိဂုံဘုရားကိုသွားရင် မင်း ဘယ်ကနေကားစောင့်စီးသလဲ။ စမ်းချောင်းကနေ မစီးဘူးလား"

"စမ်းချောင်းလား၊ ဘာလားတော့မသိဘူး။ အမှတ် ၂၈ ဂိတ်ဆုံး ခတ်ဆီဆိုင်ရှေ့ကနေစီးတာပဲ"

"ကောင်းကွာ၊ နေဦး. . .ဒါဖြင့် ကိုယ် စဉ်းစားပါရစေဦး"





ဖြိုးကို လိုက်ပို့ခိုင်းလျှင်ရသော်လည်း ဇော် မခိုင်းရက်ပါ။ ဖြိုးကတော့ ဇော် လိုက်ပို့ခိုင်းလျှင် ကြိုကြိုင်စွာဖြစ်စေ၊ လိုက်တော့ပို့မှာပဲ။

"ကဲ. . . မင်းကျောင်းရှေ့မှတ်တိုင်ကပဲစောင့်၊ ဘီအီးဒီ သွားတုန်းကလိုဆုံရအောင်၊ အဲဒါမင်းအတွက် ပိုလွယ်လိမ့်မယ်၊ လေးနာရီခွဲအတိ မင်း အဲဒီရှေ့ကစောင့်၊ ဟုတ်ပြီလား"

ပြာလဲ့လဲ့ မီးရောင်ဖျော့ဖျော့ အောက်မှာ အလိုဆန္ဒကင်းမဲ့စွာ၊ အပူအပင်ကင်းမဲ့စွာ အိပ်ပျော်နေသည့် နန္ဒ၏ နုနယ်သောမျက်နှာကို သူမ တိတ်ဆိတ်စွာ ငေးမောနေမိသည်။

ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းသော၊ လိုချင်တာကိုတကယ်လည်း ဘာမဆိုရနိုင်သော၊ အတ္တအလွန်ကြီးမားသော နန္ဒသည် တင်တင်ဇော်ကို ချစ်မြတ်နိုးပါရဲ့လား။ ဤမေးခွန်းကို သူ့အား မေးဖို့ တစ်နှစ်ကျော်ကျော်လောက် နောက်ကျခဲ့ပြီဖြစ်သည်။

အကောင်းနှင့်အညံ့ကို ခွဲခြားတတ်သော၊ အကောင်းလည်း အလွန်ကြိုက်တတ်သည်ဆိုသော နန္ဒတစ်ယောက် တင်တင်ဇော်ကို ရာသက်ပန် လက်ထပ်ဖို့မှ ရည်ရွယ်ပါရဲ့လား။ ဤမေးခွန်းသည်လည်း သူမအတွက် နောက်ကျခဲ့ပြီ။

အခုမှတော့ အရာရာ နောက်ကျခဲ့လေပြီ။

အလွန် ခေ့စပ်သေချာလှသော နန္ဒသည် သောကြာနေ့ နံနက်၊ ကြံတိုင်းအောင်ကားဝင်ချိန်အတိအကျကို ကားဂိတ်အနီးက သူ့အသိ ကောင်လေးတစ်ယောက်အား ဖုန်းဆက်ခိုင်းထားသောကြောင့် နံနက်ရှစ်နာရီခွဲတွင် တိုက်ခန်းသို့ ထိုကောင်လေးက ကားဝင်ပြီဖြစ်ကြောင်း ဖုန်းဆက် အကြောင်းကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ နန္ဒက ဖယ်ရီကားဖြင့် ရုံးသို့သွားပြီ။

သူ့တိုက်ခန်းတံခါးကို သော့ခတ်ပိတ်ပေးခဲ့ပြီးမှ ကြည့်မြင်တိုင်သို့ အမှတ် ၃၂စီး၍ လာခဲ့ခြင်းဖြစ်သည်။ ဇော် ရောက်သွားတော့ အစ်ကိုကြီး ရုံးသို့သွားဖို့ အိမ်ထဲက အထွက်နှင့်ဆုံမိသည်။

"မိဇော် ဒီနေ့လာလိမ့်မယ်လို့ ငါ ထင်သားပဲ။ စာမေးပွဲက မနက်ဖြန် ဖြေရမှာလို့ သတင်းစာထဲ ဖတ်လိုက်ရတယ်။ နင် ဘာကားနဲ့ လာတာလဲ"

"ကြံတိုင်းအောင်"

ကိုယ့်အဖြေ ကိုယ် မလုံမလဲဖြစ်နေသော ဇော့်အသံမှာ တိုးတိုးကလေးဖြစ်သွား၏။

အပေါ်ထပ် ဝရန်တာမှ လှမ်းမြင်တွေ့ရဟန်တူသော ဖြိုး တစ်ယောက် ကမန်းကတန်း ပြေးထွက်လာပြီး ဇော့်ထံမှ လက်ဆွဲအိတ်ကို လက်လွှဲပြောင်းသယ်သည်။

"မိဇော်. . .နင့်စာကလဲ မသေမချာနဲ့၊ မပြည့်မစုံကြီး။ ဘာကားနဲ့လာမှန်းလဲမသိ၊ ဘယ်နေ့လာမယ်လဲမပြော၊ ငါ ဘယ်လိုလုပ်ပြီး ကြိုရတော့မှာလဲ"

တော်ပါသေးရဲ့၊ စိတ်မှန်းဆချက်ဖြင့် ကားဂိတ်သို့ ဖြိုး သွားမကြိုပေလို့။ မကြိုဖြစ်အောင်လည်း သူမ တမင်ချန်၍ စာရေးခဲ့ ခြင်းဖြစ်ပါသည်။

"မနက်ဖြန် ဖြေရမှာဆို. . .ကတ်ပြား ဒီနေ့ထုတ်ရမှာပေါ့"

"အေး. . . နင်လိုက်ပို့မလား"

"ရတယ်လေ"





ဇော် သူ့ကို မျက်လုံးချင်းမဆုံမိအောင် ရှောင်နေရသည်။ သူကလည်း ဇော့်ကို နန္ဒအကြောင်းမမေးမိအောင် ရှောင်လွှဲနေကြောင်း သိသာပါသည်။ ဇော်တို့နှစ်ယောက်လုံး အနေခက်လျက်ရှိသည်။

ညနေ ၄ နာရီခွဲရန် ၅ မိနစ်အလိုတွင် သူမ အိမ်မှထွက်လာခဲ့သည်။ ထိုအချိန်တွင် ဖြိုး မရှိငကာ့ချေ။ ဖြိုးက ညနေ ၃ နာရီခွဲကတည်းက ထွက်သွားပြီဖြစ်သည်။ ဝတ္ထုရေးကျေပွန်စွာ ဘယ်သွားစရာရှိသေးလဲ၊ လိုက်ပို့ရဦးမလားဟု မေးပါသေးသည်။ ဇော် ကျေနပ်တင်စွာ စိတ်မလုံစွာ ခေါင်းခါပြီးရယ်လျက် စာကျက်ချင်ယောင်ဆောင်နေခဲ့သည်။ အစ်ကိုကြီး ပြန်မလာသေးပါ။ မမကိုတော့ မြေနီကုန်းက သူငယ်ချင်းတစ်ဦးထံ စာအုပ်သွားငှားမလို့ဟု အကြောင်းပြ၍ထွက်လာခြင်းဖြစ်သည်။ နန္ဒနှင့် တွေ့ပြီးမှ အလွန်ရိုးအဖြောင့်မတ်သော တင်တင်ဇော်တစ်ယောက် အကွေ့အပတ် အလိမ်အညာများစွာ တတ်ခဲ့ပြီ။

ဇော်တို့နှစ်ယောက် အမှတ် ၁၂ စီး၍ စမ်းချောင်းပဒုမ္မာကွင်းတွင်ဆင်းသောအခါ နန္ဒက ရှေ့တည့်တည့်က ရုပ်ရှင်ရုံကိုမေးငေါ့ပြ၏။

"ဒီလောက်ကြီးမားတဲ့ ရုပ်ရှင်ရုံကြီးတောင် မင်း သတိမထားမိဘူးလား"

ဇော် သူ့ကို မျက်စောင်းထိုးမိသော်လည်း ကိုယ့်ကိုယ်ကို နှံ့အ, လှမှန်းတော့ ဝန်ခံလိုက်ရလေသည်။ ဆန်းသီရိရုပ်ရှင်ရုံရှေ့မှာ ငှေ စောင့်နေခိုက် သူက စိတ်ပူပင်သော မျက်နှာဖြင့်. . .

"ဘယ်လိုလဲ တင်တင်ဇော်၊ အိမ်ကလူတွေ မရိပ်မိဘူး မဟုတ်လား။ မင်း အမူအရာတွေ အိုကေရဲ့လား" ဟုမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဒါပေမယ့် နန္ဒရယ်။ ငါ အရမ်းရင်ထိတ်နေတာပဲ။ နောက်ကို အဲဒီလိုမလုပ်ချင်တော့ဘူး သိသွားရင် ငါ့အစ်ကိုကြီးကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ဘူး"

ပြင်သစ်သံရုံးသည် ပြည်ထောင်စုရိပ်သာလမ်း ဟု ယခုပြောင်းလဲခေါ်နေပြီဖြစ်သော ဟယ်လ်ပင်လမ်းမှာ ရှိလေသည်။

ဟယ်လ်ပင်လမ်းသည် အလွန်အေးဆေး တိတ်ဆိတ်သော လမ်းတစ်လမ်းဖြစ်သည်။ ခြံဝန်းအကျယ်များနှင့် လူနေအိမ်ခြေ ရှင်းလင်းကျဲပါးပုံရသည်။ ကားမှဆင်းဆင်းခြင်း ပြည်လမ်းကို ဖြတ်ကူးခိုက် စတွေ့ရသည်မှာ အင်ဒိုနီးရှားသံရုံးဖြစ်သည်။ ထောင့်စွန်းရှိ ငှင်း အဆောက်အဦကိုကျော်ပြီး သိပ်မသားနားလှသော ပြင်သစ်သံရုံးကို တွေ့ရသည်။

ခြံစည်းရိုးမှာ သစ်သားတိုင်များဖြစ်ပြီး ဝင်းတံခါးအကျယ်ကြီး၏ တစ်ဘက်တစ်ချက်တွင် သစ်ပင်မြင့်ကြီးနှစ်ပင်ရှိသည်။ အင်ဒိုနီးရှားသံရုံး၏ အုတ်တံတိုင်းနှင့်ကပ်လျက်မှာ မန်ကျည်းပင်အမြင့်ကြီးဖြစ်ပြီး၊ တခြားဘက်မှာ စိန်ပန်းပင် ဖြစ်လေသည်။ ဟယ်လ်ပင်လမ်း၏ ဟိုဘက်ခြမ်း မျက်စောင်းထိုး သာသာလောက်ဆီ၌ ပြည်ထောင်စုရိပ်သာ တိုက်ခန်းများ ရှိသည်။

"ဟန်နီ. . . မှတ်ပုံတင်ပေး"

သူမ တိတ်ဆိတ်စွာ မှတ်ပုံတင်ကို ထုတ်ပေးလိုက်သည်။ သူက ဇော်မှတ်ပုံတင်ကို ကြည့်၍ အသံထွက်ရယ်မော၏။

"ဘာရယ်တာလဲ"

"ကလေး ကလေးပဲ"

မှတ်ပုံတင်မှာ ဆယ်ကန်းနှစ်က ရိုက်ထားသော ဓာတ်ပုံနှင့် ဖြစ်လေသည်။





စေ့ထားသော ခြံတံခါးအကျယ်ကြီးဘေးမှာ လူဝင်သာရုံ မလွယ်ပေါက် တံခါးသေးသေးကလေးရှိသည်။ ထိုတံခါးမှ သူမတို့နှစ်ယောက် ဝင်ခဲ့ကြသည်။ ဝင်ဝင်ချင်း တိုက်ခန်းသေးသေးကျဉ်းကျဉ်းကလေး ရှေ့ခြမ်းသို့ရောက်သွား၏။ အပေါ်ပိုင်းတွင် မှန်ချပ်ဖြင့် တစ်ဝက်ကာထားသော ဂိတ်ပေါက်ကောင်တာ ကျွန်းပြားခုံပေါ်မှာ နန္ဒ က သူ့သင်တန်းဝင် ခွင့်ကတ်ပြားနှင့် ဇော့် မှတ်ပုံတင်ကို ယှဉ်လျက်ချလိုက်သည်။ ထိုနေရာတွင် တန်းစီတင်ထားသော ပလတ်စတစ်လောင်းပြီးသား ဝင်ခွင့်ကတ်ပြားလေးများ ဆယ်ခုကျော်ကျော်လောက်တွေ့ရ၏။ ထို့နောက် မှန်ချပ်၏နောက်ဘက် ထိုအခန်းလေးထဲမှ အသားခပ်မည်းမည်းနှင့် အပူပိုင်းဒေသ တိုင်းပြည်တစ်ခုခုက နိုင်ငံခြားသားပုံစံမျိုး လူတစ်ယောက်ကို နန္ဒက တစ်ခုခုပြောလိုက်သည်။ အင်္ဂလိပ်စကားမဟုတ်ပါ။ ထိုလူက အနည်းငယ်ပြုံးယောင်ယောင်ဖြင့် ကောင်းသော ညနေခင်းပါဟု အင်္ဂလိပ်လို နှုတ်ဆက်လေသည်။

နန္ဒက ဇော်ဘက်သို့ လှည့်၍ ခေါင်းတစ်ချက်ဆတ်ပြကာ ရှေ့မှ ထွက်သွားသည်။ သူမသည် ပုဏ္ဏရိတ်ပင်တန်းကြားနေရာ လွတ်တစ်ခုမှဖြတ်လျက် သူ့နောက်သို့ လိုက်ပါသွားသည်။ တံခါးပေါက်အကျယ်ကြီးနှင့် တည့်တည့် အတွင်းလမ်းတစ်လျှောက် မညီမညာ ကျောက်စရစ်ခဲအရွယ် အမျိုးမျိုးဖြင့် ခင်းထားသည်။

လမ်း၏တည့်တည့် အဖြူရောင် အဆောက်အဦ ခပ်ပုပုကလေးဆီသို့ နန္ဒက ခေါ်သွားသည်။

"အဲဒါ စာကြည့်တိုက်လေ. . .အောက်ထပ်မှာ စာသင်ခန်းရှိတယ်၊ အပေါ်ထပ်က စာကြည့်ခန်း"

"စာသင်တော့ ပြင်သစ်ဆရာတွေက သင်တာလားဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"ပြင်သစ် လူမျိုးတွေလဲသင်တယ်၊ မြန်မာအမျိုးသမီးဆရာမတွေလဲသင်တယ်။ မင်း. . . မင်းသားလေးဆိုတဲ့ မြန်မာပြန် ပြင်သစ်စာအုပ်တစ်အုပ်ကို ဖတ်ဖူးသလား"

"ဩော် . . .အေး၊ ဟို. . . စန်တက်ဇူပေရီရဲ့ဝတ္ထုကိုဘာသာပြန်တာလေ၊ အဲဒီ စာအုပ်လား"

"အေး၊ အဲဒီစာအုပ်ကို ဘာသာပြန်တဲ့ ဒေါက်တာဒေါ်ခင်လေးမြင့်လဲတို့ကို စာသင်တယ်ကွ"

"ဟယ်. . .မြင်ဖူးချင်လိုက်တာ။ ဂျာနယ်ကျော်မမလေးသမီးဆိုတော့ ချောမှာပဲနော်"

နန္ဒက သူမကို ခပ်စောင်းစောင်းကြည့်လျက် ရယ်မော၍ ခေါင်းညိတ်လေသည်။

တစ်ဆစ်ချိုး အုတ်လှေကားထစ်အတိုင်း တက်သွားရပြီး ပေါလစ်ရှိရောင်တောက်နေသော တံခါးရွက်လက်ကိုင်ကို လှည့်ဖွင့်လျက် နန္ဒ တွန်းဝင်သွားသောအခါ ဇော် ကပ်လိုက်သွားသည်။ အခန်းထဲမှာ ဖန်ချောင်းထွန်းထားသော်လည်း အနည်းငယ် မှောင်နေသလို ထင်ရသည်။ အဝင်တံခါးဘက်သို့ မျက်နှာမူ၍ စီခင်းထားသော အနီရောင် ဆိုဖာတပ် သံမဏိခေါက်ကုလားထိုင်များစွာ တွေ့ရ၏၊ တချို့နေရာများတွင် လူပြည့်လျက်ရှိပြီး၊ တချို့ခုံများတွင် နေရာလွတ်များစွာ ကျန်သေးသည်။

ရှေ့ဆုံးခုံတန်းမှာထိုင်နေသော ဘိုကပြား ရုပ်ရည်နှင့် ချစ်စဖွယ်အမျိုးသမီးလေးက နန္ဒကို ပြုံးရွှင်စွာ လက်မြှောက်ပြ နှုတ်ဆက်လေသည်။ ထို့နောက် နန္ဒနောက်က ကပ်လိုက်လာသော တင်တင်ဇော့်ကို စူးစမ်းသလိုကြည့်၏။ နန္ဒက ပြုံးရယ်ကာ အင်္ဂလိပ်လို နှုတ်ဆက်သော်လည်း တင်တင်ဇော်နှင့် မိတ်ဆက်မပေးချေ။





"လာ. . ."

သူက နောက်ခုံတန်းတစ်တန်းကျော်ရှိ နံရံနှင့် ကပ်လျက်နေရာသို့ လျှောက်သွားသည်။ ဇော့်ကို ထောင့်စွန်းတွင် ဝင်ထိုင်စေပြီးမှ သူက ဇော့် ညာဘက်တွင် ဝင်ထိုင်ပါသည်။ နောက်ခုံတန်းမှ မျက်မှန်တပ်ထားသော လူငယ်တစ်ယောက်က နန္ဒကို လှမ်းခေါ် နှုတ်ဆက်ပြန်သည်။

မွန်ဆီယာဆိုသော စကားလုံးကို ပြင်သစ်လို အသံထွက်မှာ ခပ်ဆန်းဆန်းလေးနားထောင်၍ကောင်းသည်မက်(ဇ)ယာဆိုလားမာ(ဇ)ယာဆိုလား။

ဇော်တို့ ဆေးကျောင်းမှာရောဂါဗေဒဌာနက တစ်သျှူးဆလိုက်များကိုပြသောအခါသုံးသော စက္ကူဖြူ ကားလိပ် အကြီးစားမျိုးကို ရုပ်ရှင်ပိတ်ကားအဖြစ် အသုံးပြုကာ ပြသခြင်း ဖြစ်လေသည်။

ရုပ်ရှင်ကြည့်စဉ် နံဘေးမှ စကားပြောခြင်းကို အလွန်မုန်းသော နန္ဒ အကြောင်း သူမ သိပြီးသားမို့ တိတ်ဆိတ်ငြိမ်သက်စွာ ရုပ်ရှင်ကြည့်ဖို့ သူမ ကြိုးစားရသည်။ အေလိန်းဒီလွန် ငယ်စဉ်က ရုပ်ရှင်မို့ အလွန်ချောမော နုနယ်လျက်ရှိသည်။

ရုပ်ရှင်ထဲမှာ ရိုလန်(ဒ်)ဟု နာမည်ခေါ်၍ စကားပြောလိုက်တိုင်း ဇော့် နားထဲမှာ နိုဝယ်လ်ဟုသာ ကြားမိလျက် နန္ဒ လက်ဖျားကို အသာဆုပ်ညှစ်ကာ "နိုဝယ်လ်တဲ့. . . သိလား"ဟု တစ်ခွန်းတော့ ပြောမိသေး၏။ လူရှေ့သူရှေ့ သူ့ လက်ကိုကိုင်လျှင် နန္ဒက ရှက်တတ်သလားမသိ။ ဇော့် လက်ကို ခဏခဏ ဖြေပစ်လေ့ရှိသည်။သည် တစ်ခါလည်း မှောင်ချထားသော အခန်းပေမယ့် သူ့လက်ဖျားကို ဇော် ဆုပ်ကိုင်ထားတာ သူ မကြိုက်ဘူးထင်ရဲ့။ ဇော့် လက်ကို ခပ်ဖွဖွ ဆွဲဖြေလျက် "နာမည် အသေအချာ ဖတ်ကြည့်စမ်းပါဦး။ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



စာတန်းထိုးထားသားပဲ၊ ရိုလဲန်(ဒ်)ပါ” ဟု ခပ်တိုးတိုး အပြစ်ဆိုလေသည်။

ယောက်ျားတန်မဲ့ အမှောင်ထဲမှာ လက်ဖျားလေးဆုပ်ကိုင်မိတာ မကြိုက်ရကောင်းလားဟု စိတ်တိုသွားမိသော ဇော်သည် လက်နှစ်ဘက် ပိုက်ထားလိုက်သည်။ ရုပ်ရှင်ပြီးသည်အထိ သူ့ဘက်လည်း လှည့်မကြည့်တော့၊ စကားလည်း မပြောမိတော့ချေ။

ရုပ်ရှင်ပြီးသွားတော့ ၇ နာရီထိုးရန် ၁၅ မိနစ် လိုသေးသည်။

စာကြည့်တိုက်မှဆင်းခဲ့ကြသည်အထိ ဇော် သူ့ကို စကားပြောဖို့ မကြိုးစားသလို သူကလည်း စကားမပြောချေ။ ဂိတ်ပေါက်ကောင်တာတွင် မှတ်ပုံတင်ကတ်နှင့် ဝင်ခွင့်ကတ်ယူတော့လည်း တိတ်ဆိတ် ငြိမ်သက်နေကြသည်။ ပြည်လမ်းဘက်သို့ ကွေ့လာတော့မှ သူက ဇော့်ဘက်ဆီသို့ လှည့်မေးသည်။

“ဟန်နီ. . . ရုပ်ရှင်ကောင်းရဲ့လား”

သူမ မဖြေပါ။

သူက ယခုမှ ဇော် စိတ်ကောက်မှန်းသိသွားကာ အသံထွက်အောင် ရယ်မောသည်။ ချော့ဖို့တော့ စိတ်ကူးဟန်မတူပါ။

“ခုနှစ်နာရီ ထိုးတော့မယ်။ ကိုယ်တို့ တက္ကစီနဲ့သွားကြစို့။ မင်း စာကျက်ရဦးမှာလေ။ ဘုရားမ,လို့ တက္ကစီမြန်မြန်ရပါစေ ဆုတောင်းရမှာပဲ။ မင်း ဘုရားကို ယုံသလား”

သူမ မဖြေပါ။

သူ နောက်တစ်ကြိမ် ရယ်မော၍ ဇော့် ဆံပင်ကို လက်ဖြင့်ဖွကာ “ကလေးလိုပဲ”ဟု အပြစ်တင်သည်။





“ကဲ. . . ကောင်းပြီ၊ ဒီလောက်တောင် မင်း ကိုယ့်လက်ကို တွဲချင်ရင်လဲ တွဲထားကွာ”

သူက ဇော့်လက်ထဲသို့ သူ့ လက်ဖျားကို ထည့်ပေးသည်။ ဇော် ခပ်ကြမ်းကြမ်း ပုတ်ချဝစ်လိုက်၏။

“လဲသေလိုက်. . .”

သူ တဟားဟား အော်ရယ်လေသည်။

“ဒါနဲ့ မနက်ဖြန်နေ့ခင်း စာမေးပွဲအပြီးမှာ မင်းကို ကိုယ် ဓာတ်ပုံရိုက်မယ်။ အင်္ကျီအရောင် စိုစိုလှလှလေး ဝတ်လာခဲ့နော်၊ ကြားလား။ နောက်ပြီး ညတစ်ညလုံးလဲ မအိပ်ဘဲ စာကျက်မနေနဲ့ဦး၊ မျက်လုံးတွေချောင်ကြပြီး နေ့ခင်း ဓာတ်ပုံရိုက်တော့ မလှဘဲ နေလိမ့်မယ်”

အင်္ဂါးကားကို အောက်ကြည့်မြင်တိုင်လမ်းမတော် လမ်းထိပ် တွင်သာ ရပ်ခိုင်းပြီး သူမ လမ်းလျှောက်လာခဲ့သည်။

အိမ်ရှေ့မှာ ဖြိုး ရပ်စောင့်နေသည်ကို အဝေးကတည်း ကမြင်ရ၏။

ဇော် အိမ်ရှေ့ရောက်သွားတော့မှ အိမ်ထဲမှ ကွက်တိကွက်ကျား ဖြာထွက်နေသော ဖန်ချောင်းမီးရောင်အောက်တွင် သူ့မျက်နှာမှာ တစ်ခုခု အလိုမကျသူတစ်ဦး၏ အမူအရာ အတိုင်း ညှိုမှိုင်းလျက်ရှိသည်ကို သတိထားမိသည်။

“ထမင်းစားပြီးပြီလား ဖြိုး”

ဖြိုးက ဇော့် မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည်။ သူ့မျက်လုံးအစုံတွင် ထိခိုက်ရှနာထားသူ တစ်ယောက်၏ ဝေဒနာအရိပ်အယောင်များ စွန်းထင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူး. . . နင် ဘာဖြစ်နေလဲ"

"ဟိုကောင်ရော. . ."

ဘုရားရေ ၊ ဘာပြဿနာတွေ ဖြစ်ကုန်ပြန်ပြီလဲ။

"သူလား. . . သူ . . . ပြန်ပြီပေါ့"

"နင် အခု ဘယ်ကလာတာလဲ"

သူမ ထောင်းခနဲ ဒေါပွသွား၏။ နန္ဒအပေါ် အခဲမကျေသော ဇော်၏ဒေါသသည် သူ့ဆီသို့ ချက်ချင်း ကူးပြောင်းသွားသည်။

"ဘယ်ကလာတော့၊ နင် ဘာလုပ်နိုင်မှာမို့လို့လဲ"

ခပ်ဆောင့်ဆောင့်အော်၍ ဖြေလိုက်သောစကားအဆုံးတွင် ရှေ့သို့တိုး၍ သူ လက်သီးတင်းကျပ်နေအောင် ဆုပ်ပစ်လိုက်လေသည်။ သူမ လန့်ဖျပ်ကာ နောက်သို့ ကမန်းကတန်း ဆုတ်လိုက်မိ၏။

ဖြူးက ဇော့် နောက်မှာရှိသော ပိန္နဲပင်စည်ကို လက်သီးဖြင့် တအား ထိုးချလိုက်သည်။

"ဟုတ်တယ်။ နင် သိပ်မှန်တယ်။ နင် ဘယ်ကလာလာ ငါဘာမှ မတတ်နိုင်ဘူး၊ ငါ့ အလုပ်လဲမဟုတ်ဘူး။ နင် ရန်ကုန်ကို ဘယ်နေ့က ရောက်တယ်ဆိုတာလဲ ငါ့အလုပ်မဟုတ်ပါဘူး"

ဒေါသကြောင့် တုန်ယင်နေသော ဖြူး စကားသံအဆုံးတွင် သူမ ထိတ်လန့်တကြား ငြိမ်သက်သွား၏။

ဘုရား ဘုရား။ မဖြစ်နိုင်ဘူး။ သူ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။

"ငါ့မှာတော့ မမတို့ အစ်ကိုကြီးတို့ မသိအောင်၊ မရိပ်မိအောင် နင့်ဘက်ကနေ အမြဲတမ်း ကာကွယ်ဖုံးဖိပေးရတယ်။ တကယ် တမ်းသိသွားရင် ငါ ဒီအိမ်မှာနေဖို့တောင် မကောင်းတော့ဘူး။ အခုလို နင့်ဘက်က ကာကွယ်ပြောဆိုနေရတဲ့ဘဝကြီးကို ငါ မက်မောလွန်း





တယ်များထင်နေသလား။ နင် ယောကျ်ားတစ်ယောက်နဲ့ ဖြစ်ချင် တိုင်းဖြစ်နေတာကို အစ်ကိုကြီးတို့ မသိအောင်ကူညီပြီး လိမ်ပေးနေရ တာကို ငါ ပျော်လွန်းလို့များ နင် ထင်နေလား မိဇော်"

သူမ အင်အားချည့်နဲ့စွာ ခွေယိုင်လျက် ပိန္နဲပင်စည်ကို မှီချ လိုက်ရလေသည်။

"ဒါဖြင့်. . . အခု. . . ငါ့အကြောင်းကို အစ်ကိုကြီး သိသွား ပြီလား"

လေသံသဲ့သဲ့ကလေးဖြင့် သူ့ကို မေးလိုက်မိ၏။

"မသိသေးပါဘူး။ မနက်က ကြံတိုင်းအောင် ကားနဲ့ပါလာ တဲ့ ရေနံချောင်းက ကောင်မလေးတစ်ယောက် အခုညနေ ဒီအိမ်ကို အလည်လာတယ်။ မမသူငယ်ချင်းရဲ့ညီမလေး၊ သူက ကားပေါ်မှာ နင် မပါပါဘူးလို့ ဇွတ်ငြင်းနေတာ။ အစ်ကိုကြီး မျက်နှာပျက်သွားတော့ ပေါ့။ အစ်ကိုကြီးကလဲ ပွဟ်ငြင်း၊ ကောင်မလေးကလဲ ဇွတ်ငြင်းတာပဲ၊ ဆရာမကို ကျွန်မသိပါတယ်တဲ့။ ကားရပ်ပြီး ထမင်းစားတော့လဲ မတွေ့ဘူး၊ မှော်ဘီမှာ ဓာတ်ဆီထည့်တော့လဲ တစ်ကားလုံးဆင်းကြ တာပဲ၊ ပါရင်တွေ့မှာပေါ့တဲ့။ အဲဒီမှာ ဒီဇာတ်ထဲ ငါ ဝင်ရတော့တာပေါ့။ ထုံးစံအတိုင်းလေ။ ကောင်မလေးကို ငါ ပြောရတယ်။ နင်က ကုန်ဈေး တန်းဆိုက်တဲ့ ကြံတိုင်းအောင်မှာ လိုက်လာလို့ဖြစ်မှာပေါ့လို့။ သူက ကီလိုမှာဆိုက်တဲ့ ကြံတိုင်းအောင်နဲ့ လာတာလို့။ လက်မှတ်မရလို့ မကွေးကားကို စီးလာတာလို့ လှည့်ပတ်ပြောလိုက်ရတယ်။ အဲဒီတော့မှ အစ်ကိုကြီး မျက်နှာ နည်းနည်းကြည်လင်သွားတယ်။ ငါဘာသာ ငါ အဲလို လိမ်ပြောလိုက်ပေမယ့် တကယ် အဲဒီလိုဖြစ်နေမလား ဆိုပြီး နင့်အပေါ် ယုံကြည်ချင်တဲ့စိတ်နဲ့ ကီလိုက ကြံတိုင်းအောင်ဂိတ်အထိ ငါ သွားမေးခဲ့သေးတယ်။ ငါ့ အခုလေးပဲ ပြန်ရောက်တယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကြံ့တိုင်းအောင်က ကားပျက်နေလို့ နေ့လယ် နှစ်နာရီမှကို ဝင်တာတဲ့။ နင် ဘာပြောချင်သေးလဲ"

ဇော် ဘာမှမပြောနိုင်ပါ။ တွေဝေရှက်ရွံ့စွာ မျက်နှာငုံ့ချလျက် လျှံကျလုဆဲဆဲ မျက်ရည်များကို မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်၍ပြန်သွင်းဖို့ ကြိုးစားမိသည်။

"နင် တော်တော်မိုက်တာပဲ မိဇော်။ နင် ဒီလောက်မိုက်မဲလိမ့်မယ်လို့ ငါ မထင်ဘူး။ မငိုနဲ့ အခုမှတော့ ငိုမနေနဲ့။ နင် ဒါတွေမလုပ်ခင်က အဘက်ဘက်က စဉ်းစားဖို့ကောင်းတယ်။ နင့် မျက်ရည်တွေ သုတ်ပစ်စမ်း။ အပေါ်မှာ အစ်ကိုကြီး သဘော်သားတွေကိုကျူရှင်ပြနေတုန်းရှိသေးတယ်။ လာ. . . အခုနေ နင် တိတ်တိတ်ကလေး အခန်းထဲဝင်လိုက်"

သူက ရှေ့မှ လှည့်ထွက်သွားသဖြင့် သူမ သူ့နောက်မှ ကပ်လျက် အိမ်ထဲဝင်လာခဲ့လေသည်။

ယောက်ျားတစ်ယောက်ကို ဂုဏ်သိက္ခာ အကျခံ၍ ခွဲမက်လိုက်လျှောမိသော တင်တင်ဇော်အဖို့ ဤအမှားဒဏ်ကို တစ်သက်လုံး ခံစားသွားရတော့မလားမသိ။ ယခုအချိန်အထိ တော့ ကံကြမ္မာသည် သူမဘက်မှာ မရှိပါချေ။

လောကမှာ ကိုယ်လိုချင်သည့် အရာကိုတိကျစွာသိ၍ လိုချင်တာကို ရအောင်ယူလေ့ရှိသော နန္ဒလိုလူစားမျိုးယက်၊ ကိုယ်လိုချင်သည့်အရာကို သိသော်လည်း လိုချင်တာကိုရအောင်ယူဖို့ တွန့်ဆုတ်နှောင့်နှေးသော ဖြိုးလိုလူမျိုးက ပို၍ စိတ်မောပင်ပန်းရလိမ့်မည်ကို တင်တင်ဇော် ရိပ်မိပါသည်။ သို့သော် ကိုယ့်ဘာသာကိုယ် ဘာကိုလိုချင်မှန်း တိကျစွာ မသိသော တင်တင်ဇော်လို လူစားမျိုးကိုတော့ မည်သူမှ ကိုယ်ချင်းစာတတ်လိမ့်မည် မဟုတ်ပါ။





ပီအက်စ်စီရေး ဖြေ စာမေးပွဲအပြီး ရန်ကုန်မှ မပြန်မီတစ်ညဖြိုးနှင့်သူမ ဝရန်တာသို့ထွက်၍ ညဉ့်နက်သည်အထိ စကားထိုင်ပြောကြသည့်အထဲတွင် ယခုထိ ဇော် မမြင်ဘူးသေးသော မေလဲ့မြင့်အကြောင်း တစ်ခွန်းမှမပါချေ။

"ဟိုကောင်က နင့်ကို လက်ထပ်မယ်. . .လို့ ကတိပေးပြီးသားလား"

ဤမေးခွန်းကို ဖြိုးက သူမနှင့် မျက်နှာချင်းဆိုင်တည့်တည့်ကြည့်၍ မေးခြင်းမဟုတ်ပါ။ ချိတ်ဆွဲထားသော သစ်ခွပန်းအိုးများကို ငေးကြည့်ရင်း မေးခြင်းဖြစ်ပါသည်။ ဇော် သည် သူ စိတ်ချမ်းသာအောင် အင်း ဟု ဖြေလိုက်ချင်သော်လည်း ရင်ထဲမှာ ကျပ်ဆို့နင့်သီးလျက် ခေါင်းခါယမ်းလိုက်၏။ ဖြိုးက ပင့်သက်ကို လေးပင်စွာရှိုက်လျက် သူ့ဆံပင် ဖွာဖွာထဲသို့ လက်ချောင်းများထိုးသည့်ကာ ဖွဆုပ်ရင်းခေါင်းငိုက်စိုက်ကျကာ အကြာကြီး ငြိမ်သက် တွေဝေသွားသည်။ ဇော်စကားတစ်ခွန်းမှ မပြောနိုင်ဘဲ ကွေးထားသော လက်မောင်းနှင့်လက်ဖျံအကြားမှ တစ်ပိုင်းတစ်စ မြင်နေရသော နှုတ်ခမ်းမွေးရေးရေးအထက်က စင်းလုံးသောနှာတံကို ငေးမောနေမိသည်။ ဖြိုးကငြိမ်သက်စွာ တွေဝေရာမှ ဖျတ်ခနဲ ခေါင်းထောင်လာ၏။

"အဲဒီကောင်ကို ငါ နံရံမှာကပ်ပြီး သူ့မျက်ခွက်ကို စိမ်ပြေနပြေ ဆွဲထိုးပစ်ချင်တယ်. . .သိလား မိဇော်"

သူမ သူ့ပခုံးကိုနှစ်သိမ့်သလို အသာအယာ ထိကိုင် လိုက်တော့ သူ ဆတ်ခနဲ တုန်သွားသည်။

"ဒီကောင့်ဆီ ငါ မနက်ဖြန်သွားပြီး ဆွေးနွေးလိုက်မယ်နင့်ကို လက်မထပ်ဘူး ဘာညာ ဂျီဂျောင်လုပ်နေရင် အသေသတ်ပစ်ခဲ့မယ်။ ဒါမှပဲ အေးသွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုး. . .နင် အဲဒီလို မလုပ်ရဘူး"

သူ တကယ်သွားပြောမည်ဖြစ်ကြောင်း ယုံမှားစရာမရှိပါ။

"ဘာလို့မလုပ်ရမှာလဲဟ။ ငါ့ ဘဝမှာ ငါ အင်မတန် တန်ဖိုးထားပြီး အရိပ်တကြည့်ကြည့်နေတဲ့ မိန်းမတစ်ယောက်ကို သူက ခြေနင်းပတ်ရောက်အောင် နင်းခြေပစ်ပြီးတဲ့နောက် ငါ ဘာထိန်းသိမ်းနေစရာလိုသေးလဲ"

"ဘယ်သူက ခြေနင်းအောက် ရောက်နေလို့လဲ ဖြိုးရဲ့"

ဖြိုးက ဖျတ်ခနဲလှည့်ကြည့်ကာ သူ့ ပခုံးပေါ် မှ ဇော့် လက်ကို ပုတ်ချပစ်လိုက်၏။

"နင်လေ. . .နင် အခု နန္ဒရဲ့ ခြေဖဝါးအောက်မှာရောက်နေပြီ၊ ဒါကို နင်မသိဘူးလား။ နင်က အခု ဒီကောင်လာဆိုလာ၊ ပြန်ဆိုပြန်။ သူကြိုးဆွဲရာကတဲ့ အရုပ်တစ်ရုပ်ဖြစ်နေပြီလေ။ နင် ငြင်းချင်သေးလား"

သူမ မငြင်းနိုင်ပါ။ လွင့်မျောလုမတတ် မငြိမ်မသက် ဖြစ်နေသော စိတ်အစဉ်ကို ပြန်လည်ထိန်းချုပ်ရင်း ခက်ခဲစွာ ရယ်မောလိုက်မိလေသည်။

"ဒါပေမယ့် ဖြိုး၊ နင် ရိုက်မောင်းပုတ်မောင်းသွား ရန်တွေ့မှ ငါ့ကို လက်ထပ်မယ့်အဖြစ်မျိုးနဲ့စာရင်တော့ ကိုယ့်ကိုယ်ကိုသတ်သေလိုက်တာကမှ ကောင်းပါသေးတယ် ဟာ။ မိန်းမတစ်ယောက်အနေနဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ချင်လာအောင်အထိ မဆွဲဆောင်နိုင်ရင် အဲဒီမိန်းမညံ့လို့ပဲ။ ညံ့တဲ့ ဒဏ်ကို ခံထိုက်ပါတယ်။ နင်ငါတို့ကြားထဲမှာ ဝင်မပါချင်စမ်းပါ နဲ့ ဖြိုး"





သူ ဇော့်ကိုကြည့်သော မျက်လုံးများမှာ မျက်ရည်ရစ်ဝဲနေရာမှ ချက်ချင်း တင်းမာတောက်ပြောင်သွား၏။

"အေးပေါ့၊ နင် လိုအပ်တဲ့အချိန်မှာ ဒီကကောင်ကို နင်တို့ဇာတ်ထဲဆွဲသွင်း၊ မလိုတဲ့အချိန်မှာ ကန်ထုတ်။ သိပ်ကောင်းတာပေါ့။ ငါကလဲ နင် သေဆိုသေ၊ ရှင်ဆိုရှင်လေ"

"မဟုတ်ပါဘူး ဖြိုးရယ်. . .။ ငါက ဒီသဘောမျိုး ပြောတာမဟုတ်ပါဘူး၊ အခုဟာက နင် ဒီလိုသွားကြမ်းလိုက်ရင် အခြေအနေတွေ ပိုဆိုးကုန်တော့မှာ ကြောက်ရတာယ်။ သူ့ မာနကိုထိခိုက်သွားရင်"

"ကြော်. . .နင့် မာနကိုတော့ နင် ထည့်မတွက်ဘူးပေါ့"

တင်တင်ဇော့်မှာ မာန ရှိသေးရဲ့လား။ မာနအကြောင်း သူမ မတွေးခဲ့မိတာကြာပြီ။ ဇော် စိတ်ရှုပ်ထွေးစွာ ခေါင်းယမ်းခါလျက် ပင့်သက် ရှိုက်လိုက်မိပြန်သည်။ ဤဇာတ်မျောကြီးထဲမှ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သူမ ရုန်းထွက်ချင်လှပါပြီ။

"နောက်ပြီး ငါကရော သူ့ကို လက်ထပ်ချင်ရဲ့လား ဆိုတာကိုယ့်ကိုယ်ကို မသေချာသေးပါဘူး"

"ဘာ"

သူ့အသံမှာ ကြမ်းတမ်း၍ မာထန်လှ၏။ သူ ဇော့်ကို ကြည့်သော မျက်လုံးများထဲတွင် အံ့သြစက်ဆုပ်သည့် အရိပ်အယောင်ကို ပထမဦးဆုံးအကြိမ် သူမ မြင်တွေ့လိုက်ရသည်။

"ဒီအခြေအနေကိုရောက်တဲ့အထိ. . . ဟုတ်လားမိဇော်. . ."

"အေး. . ."

သူ ဘုရားတ လိုက်ဟန်တူပါရဲ့။ သူ အကြာကြီး အံ့ဩတွေငြိမ်သက်သွားသည်။ တော်တော်ကြီးကြာမှ ဇော့်ဘက် လှည့်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်သူ့အပေါ်မှ ဘာအာဃာတမှမရှိဘဲ မေးခွန်းတစ်ခု မေးရဦးမယ်၊ နင် ဖြေမလား"

"ဖြေမှာပေါ့"

"နင် နန္ဒကို ချစ်တယ်မဟုတ်လား"

သူ သူမကို လှည့်မကြည့်ဘဲ မေးလိုက်ခြင်း ဖြစ်လေသည်။ သူ့ ဘေးတစောင်းမျက်နှာကို ကြည့်ရတာတော့ ဤမေးခွန်း၏ အဖြေကို သူ ကြားရဲဟန်မတူပါ။

"နန္ဒကို. . . ဟုတ်လား၊ သူနဲ့မတွေ့ဘဲ မနေနိုင်တာ သူ့ကို စွဲမက်နေမိတာဟာ အချစ်ဆိုရင်တော့ ဟုတ်တာပေါ့။ ငါ နန္ဒကို ချစ်မိတာ ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမယ့် ဖြိုးရယ် အဲဒီလို မဟုတ်ဘူးဆိုတာ နင်လဲသိနေမှာပါ။ ငါလဲသိပါတယ်။ ဒါဟာ အချစ်မဟုတ်ပါဘူး။ အချစ်ဆိုတာ ဒါထက် လေးနက်ပါတယ်။ နင် လက်ခံလား"

သူ တွန့်ဆုတ်စွာ ဇော့်ကိုကြည့်၍ နှုတ်ဆိတ်နေသည်။ စကားတစ်ခွန်း ပြောပြီးလျှင် ထိုစကားကို နုတ်လို့မရအောင် ကျွံသွားတော့မှာကို အစိုးရိမ်ပိုနေလို ထိန်းချုပ်ထားသော သူ့ အမူအရာမှာ ထင်ရှားနေသည်။ သူ ဟန်ဆောင်မကောင်းပါ။

"နောက်ပြီး နင် ကြားရဲမယ်ဆိုရင် ငါ စကားတစ်ခွန်း ပြောချင်တယ်။ အဲဒီ စကားနောက်ကွယ်မှာ ဘာနှောင်ကြိုးမျိုးမှ မပါပါဘူး။ နင် နားထောင်မလား ဖြိုး"

သူ ချက်ချင်း လှုပ်ရှားလာပြီး လျင်မြန်စွာ ခေါင်းခါယမ်းလိုက်၏။

"မပြောနဲ့. . . ငါ နားမထောင်ချင်ဘူး"

"ငါ ဘာပြောမယ်ဆိုတာ နင် သိလို့လား"





"မသိပါဘူး။ ဒါပေမယ့် နင်အခုပြောမယ့် စကားဟာ နင်နဲ့ ငါအတွက် ဘယ်လိုမှထူးထူးခြားခြား အကျိုးရှိမယ့်စကားမျိုး မဟုတ်နိုင်ဘူး"

ပြောရင်းဆိုရင်း သူ ဝုန်းခနဲ ထရပ်ကာ လှည့်ထွက်သွား၏။

"ဇော်. . ."

သူမ ငိုချင်ခြင်း ပြင်းပြစွာ ဒေသံထွက် ရယ်မောရင်း ကျန်ခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နန္ဒက ကျစေချင်လွန်းသော ပီအက်စ်စီ ရေးဖြေစာမေးပွဲကို တင်တင်ဇော် အောင်မြင်ခဲ့၏။ ရေးဖြေစာမေးပွဲ အောင်မြင်၍ လူတွေ့ဖြေဆိုရန် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးရုံးမှ အကြောင်းကြားစာ ရောက်လာခဲ့သောအခါ တင်တင်ဇော် အလွန်ကျေနပ်ပျော်ရွှင်မဆုံး ရှိလှသည်။ အလုပ်ဝင်ချင်လွန်း၍မဟုတ်ဘဲ နန္ဒ ကျစေချင်လွန်းသော စာမေးပွဲအောင်ရသောကြောင့် ပျော်ရွှင်ခြင်း ဖြစ်လေသည်။

မေလ ၂ ရက်နေ့တွင် သတင်းပို့ရမည်ဖြစ်၍ မေလ ၁ ရက်နေ့တွင် ရန်ကုန်သို့ ပြန်းခနဲ ထွက်လာခဲ့ရသောအခါ နန္ဒဆီလည်း စာမရေးဖြစ်။ ဖြိုးဆီလည်း စာမရေးဖြစ်ချေ။

သည်တစ်ခေါက် ဇော် ကြည့်မြင်တိုင်အိမ် ရောက်တော့ အစ်ကိုကြီးက မယုံသင်္ကာဟန်မျိုးဖြင့်. . . "မိဇော် ရန်ကုန်ကိုခဏခဏ လာလှချည်လား။ ဦးလေးက ဘာမှ မပြောဘူးလား" ဟု စစ်မေးလေသည်။ ဇော် ရင်ထိတ်ခနဲ ခုန်ရာမှ မျက်နှာမပျက်အောင်ထိန်းချုပ်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ အစ်ကိုကြီး၊ တွေ့လား" ရေးဖြေအောင်မြင်၍ လူတွေ့ နှုတ်ဖြေဖြေရမည့် အကြောင်းကြားစာကို ပြလိုက်ရသည်။

"အစ်ကိုကြီးတို့ ရန်ကုန်ကိုများ လာချင်လွန်းလို့။ ဇော် မှာ လူနာတွေနဲ့ အလုပ်ရှုပ်နေတာကြီးကို"ဟု မှန့်စွာ ရန်တွေ့တော့ အစ်ကိုကြီးက သူ့ညီမ သူ ယုံကြည်စိတ်ချသွားသလို တဟားဟား ရယ်လေသည်။

မယုံကြည်သူမှာ ဖြိုးကျော်ဖြစ်၏။ အစ်ကိုကြီးနှင့်မမ မကြားနိုင်လောက်သော အသံဖြင့်. . . "မိဇော် နှင့် အကြောင်း ကြားစာက အတုကြီး ဖြစ်နေဦးမယ်" ဟု နောက်ပြောင်နေသေးသည်။

"ခြောက်ထပ်ရုံးကို နင် လိုက်ခဲ့လေ ဖြိုး"

"အလကားပြောတာပါဟာ။ ငါ ယုံပါတယ်။ နင်နဲ့ဟိုကောင်ကြားမှာ ငါ မရှုပ်ချင်ပါဘူး"

"မဟုတ်ဘူး ဖြိုး၊ သူက ဒီနေ့ ရုံးတက်ရမှာ။ ငါ့အတွက်နဲ့ သူ ရုံးဖျက်ပြီး လိုက်ပေးမယ်ထင်ရင် မှားသွားမှာပေါ့"

သည်လိုဆိုပြန်တော့ ဖြိုး မျက်နှာညိုပြန်လေသည်။ နန္ဒက ဇော့်အပေါ် ဘယ်တုန်းကမှ အလိုမလိုက်သူပီပီ ဈေးသို့ အကျီဝယ်ခြင်း၊ မဂ္ဂဇင်းတိုက်သို့ စာမူပို့ခြင်း၊ စာမူခထုတ်ခြင်းတို့တွင် ဘယ်တော့မျှ လိုက်ဖော်မရ။ ဖြိုး ကသာ စိတ်ရှည်လက်ရှည်တကောက်ကောက် လိုက်ပါမြဲဖြစ်သည်။ ဆံပင်ပြင်ချင်လို့ လိုက်ခဲ့စမ်းပါဆိုလည်း ဖြိုး။ ပရု(ဖ်)ဖတ်ချင်လို့ လိုက်ခဲ့စမ်းပါ ဆိုလည်း ဖြိုး ပါပဲ။

"ဖြိုး. . .သူ ရန်ကုန်မှာရှိရဲ့လားဟင်. ." လွှတ်ခနဲမေးမိတော့ ဖြိုးက မျက်နှာရှုံ့မဲ့သွား၏။

"မရှိတော့ဘူး၊ သေပြီ"ဟု ဖြိုးက နာကြည်းစွာ ဖြေလေသည်။ ဇော် သူ့ကို စိတ်မဆိုးရက်ဘဲ မျက်စောင်းသာထိုးမိလျက် ပြုံးမိ၏။





ခြောက်ထပ်ရုံးသွားရင်း နန္ဒ အခန်းဝင်ဖို့မဖြစ်နိုင်။ ရန်ကုန်မှာ ရှိလျှင်လည်း သူ ရုံးရောက်နေမှာပဲ။ ဖုန်းဆက်မေးဖို့ကျတော့ သူ့ရုံးဖုန်းနံပါတ်ကို တစ်ခါမျှ မပေးဘူးချေ။ ရုံးသို့ဖုန်းမဆက်စေလိုဘူး ထင်ပါရဲ့။ နောက်ပြီး သည်ကနေ့ တနင်္လာနေ့ဖြစ်၍ သူ သင်တန်းသွားရမည်။ သင်တန်းက ညနေ ၆ နာရီမှ ပြီးသောကြောင့် ညနေ ၆နာရီခွဲခါနီး အချိန်အထိ ဇော် စိတ်ရှည်စွာ စောင့်နေရသည်။

ညနေ ၆ နာရီခွဲမှ သူ့ အခန်းသို့ ဖုန်းဆက်ကြည့်၏။

ဖုန်းကို သူ ချက်ချင်း ကောက်မကိုင်ပါ။ ရေချိုးခန်းရောက်နေသလားမသိ။ တစ်မိနစ်ခွဲလောက်စောင့်ရ၏။

"ကျွန်တော် နန္ဒပါ ခင်ဗျာ. . ."

အမြဲတမ်း လတ်ဆတ်နူးညံ့သော သူ့အသံကို ကြားရတော့ ရေနံချောင်းမှာတုန်းကရှိခဲ့သော အာယာတများ ချက်ချင်း ပြေပျောက်သွားသည်။ သူမ ဘာမှမပြောဘဲ ပြုံးလျက် ငြိမ်သက်နေမိ၏၊ နောက်ထပ်ကြားရဦးမည့် သူ့အသံကို မျှော်လင့်နေလိုက်သည်။

"ဟဲလို. . ." သည်တစ်ခါ သူ့အသံမှာ စိတ်ရှုပ်သွားသလို၊ ဇော် အသံတိတ်ရယ်မော၍ ဖုန်းချလိုက်မည်ဆဲဆဲ အမျိုးသမီးသံ တစ်ခု သဲ့သဲ့ကြားလိုက်ရလေသည်။ သူမ မယုံကြည်နိုင်စွာ စကားပြောခွက်ကို နားနှင့်ကပ်၍ နားထောင်ကြည့်မိ၏။ ဘာပြောလိုက်မှန်း မသိသော်လည်း အမျိုးသမီးအသံတော့ သေချာသည်။ နန္ဒနှင့် ခပ်လှမ်းလှမ်းမှာ အမျိုးသမီးတစ်ယောက်ရှိနေတာ သေချာသည်။ ပို၍သေချာသည်မှာ တစ်ဘက်က စကားပြောခွက်ကို လက်ဖြင့်ပိတ်လိုက်ခြင်း ဖြစ်၏။

သူမသည် စကားပြောခွက်ကို ကြောင်အအ,စွာ ဒေကြည့်နေရာမှ ဖြုန်းခနဲ ဒေါသစိတ်တွေ ဆူဝေလာပြီး ဆောင့်ချပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နေရင်းဝတ်ထားသည့် ချည်ထည်ဝတ်စုံ ခပ်နွမ်းနွမ်းကိုပင် မလဲလှယ်မိတော့ဘဲ ပိုက်ဆံအိတ်ကို ကောက်ကိုင်ကာ လှေကားမှ တဒိုင်းဒိုင်း ပြေးဆင်းသွားလိုက်သည်။ အောက်ထပ်မီးဖိုထဲမှာ ဟင်းအိုးစောင့်ကြည့်နေသော မမအား "မမ ဇော် မြို့ထဲသွားဦးမယ်၊ ချက်ချင်းပြန်လာမှာ"ဟု သွားရင်းလာရင်း အော်ပြောခဲ့ပြီး ချက်ချင်း ပြေးထွက်လာခဲ့လေသည်။

မေလ၏ ပူပြင်းသောနေရောင်သည် ညနေခင်းကို လွှမ်းခြုံထားဆဲဖြစ်သည်။ ဇော့်နဖူးမှာ ချွေးစက်များ စို့စွတ်လျက် လက်ဖျားများအေးစက်လာသည်။ သူ့ အခန်းကိုရောက်လျှင် ဇော် ဘယ်လိုမြင်ကွင်းမျိုး မြင်တွေ့လိုက်ရမလဲ၊ ကြို့တင်ရိပ်မိကာ တစ်ကိုယ်လုံး တုန်ယင်လာ၏။ ရင်ဆိုင်ဖို့ သတ္တိနည်းပါးစွာ နောက်ဆုတ်လိုသော်လည်း တင်တင်ဇော် ဆိုတာ အလွန်ခေါင်းမာသည့်မိန်းမပါ။ တစ်ခုခုကို မသေချာစွာ စိတ်မောနေရမည့်အစား သေချာစွာ ရင်နင့်ကြေကွဲပစ်လိုက်ချင်သည်။ ပြီးကာမှ ငိုရှိုက်ရင်း သေချင်သေသွားပါစေ။

သူ့ တိုက်ခန်းလှေကားထစ်ရှေ့တည့်တည့်တွင် ပိတ်ရပ်ထားသော ငွေရောင်စပရင်တာကားလေးကို မြင်လိုက်တော့ တခြားတိုက်ခန်း၊ တခြားအထပ်မှ လူများနှင့်လုံးဝ ဆက်စပ်မကြည့်မိဘဲနန္ဒနှင့်သာဆက်စပ်၍ တွေးလိုက်မိသည်။ ဇော်သည် စိတ်ဒေါသကို မထိန်းချုပ်ဘဲ လှေကားကို တစ်ထစ်ကျော် ခုန်တက်လာပြီးမှ သူ့ အခန်းရှေ့ ကွက်လပ်ရောက်တော့ မောပန်းနေတော့သည်။ ပျဉ်ချပ်တံခါးမှာ အကျယ်ကြီးဆွဲ ဖွင့်ချိတ်ချိတ်ထားသောကြောင့် တံခါးဝမှာ ရပ်ရပ်ချင်း ဧည့်ခန်းကို ထင်းခနဲ မြင်လိုက်ရသည်။

နန္ဒနှင့် မျက်နှာချင်းဆိုင် ထိုင်နေသော ဆံပင်ကျော့လယ် ခန့်ရှည်သည့် အမျိုးသမီး၏ နောက်ကျောပေး အနေအထားကို





မြင်လိုက်ရသောကြောင့် ဇော့် သွေးကြောထဲမှာ သွေးများတဒိန်ဒိန် ဆူဝေလှုပ်ရှားလာ၏။ အိပ်ခန်းနံရံနှင့် ကပ်လျက် နှစ်ယောက်ထိုင်ဆိုဖာမှာထိုင်နေသော နန္ဒက အပေါက်ဝဘက်သို့ လှမ်းကြည့်သည်။ ဇော့်ကို မြင်သွားတော့ ထိုင်ရာမှ ဖြုန်းခနဲထရပ်၏။ အမျိုးသမီးက နောက်ကျောပေးထားရာမှ နန္ဒ မျက်စိကြည့်ရာသို့ လှည့်ကြည့်သည်၊

ဘုရားရေ. . .၊ သိပ်လှတဲ့ မိန်းမပါလား။ ဇော် ၏ ဒေါသများ ရုတ်ခနဲလျှော့ကျသွားပြီး မိမိကိုယ်ကို အားငယ်နိမ့်ကျစွာ ဝမ်းနည်းမှုက ချက်ချင်း ဝင်ရောက်လာသည်။

"တင်တင်ဇော်. . . မင်း ဘယ်လိုရောက်လာခဲ့တာလဲ"

နန္ဒက ပြုံးရယ်လျက် တံခါးဆီသို့ လျှောက်လာသည်။

"ဘယ်လို ရောက်လာတာလဲဆိုတော့ ဘတ်စ်ကားနဲ့ပဲ"

ဇော် သည် မာပြတ်သောလေသံနှင့် ခပ်တိုတို ပြောလျက် ဆီးကြိုသည့် နန္ဒထံမှ ရှောင်တိမ်းကာ ပျဉ်ခင်းကြမ်းပြင် ခုံမြင့်ဆီသို့ လျှောက်သွားလိုက်သည်။ တယ်လီဖုန်းစင်ရှေ့ ကြမ်းပြင်မှာ ကတ်ဆက်ကိုချထားသည်။ မျက်လုံးထောင့်မှ ဖျတ်ခနဲအကြည့်တွင် အမျိုးသမီးရှေ့မှ သောက်လက်စ ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်များကို မြင်မိအောင်မြင်၍ ငြိမ်ကျသွားသော ဒေါသများ ရုတ်တရက် ဆူပွက်လာပြန်သည်။

"အေးအေးဆေးဆေးပဲ မဟုတ်လား၊ ထိုင်ဦးနော်။ ကိုယ်တို့ကိစ္စလေးရှိနေသေးလို့"

နန္ဒက ပြောပြောဆိုဆို ဆက်တီရှိရာ လျှောက်သွားပြီး သူ့ နေရာသူ ဝင်ထိုင်ကာ စားပွဲပေါ်မှ လျှောက်လွှာစာရွက်အထပ်ကြီးကို ငုံ့ကြည့်လှန်လှောလိုက်သည်။ ဘယ်လောက်များ မခံချင်ဖြစ်ဖို့ ကောင်းလိုက်သလဲဆိုလျှင် ဇော်နှင့် ထိုမိန်းမကို လုံးဝမိတ်ဆက်မပေးချေ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖျဉ်ခင်းကြမ်းပြင်ပေါ် ဝင်ထိုင်ခိုက်မှာ အမျိုးသမီး၏ စကားသံနှင့် ရယ်မောသံ ခပ်သဲ့သဲ့ကို ကြားလိုက်ရ၏။ မြန်မာစကား ဖြစ်ပါလျက် ဘာပြောမှန်း မသဲကွဲလိုက်ပါ။

ဇော်သည် တဆတ်ဆတ်တုန်အောင် ဒေါသကြီးလျက် ကက်ဆက်တိပ်ခွေထဲမှ အဆူညံဆုံးဖြစ်မည့် သီချင်းတိပ်ခွေ တစ်ခုခုကို လိုက်ရွေးရှာကြည့်သည်။ ဘယ်သီချင်းဟာ နားအငြီးဆုံးဖြစ်မလဲ။ ဒိုင်ယာစထရိတ်(တ်)(စ်)တဲ့။ သူမ ထိုတိပ်ခွေကို ကောက်ကိုင်ဖွင့်လိုက်သည်။ ဝမ်းနည်းပါတယ် မာ့(ခ်)နော့(ဖ်)လာ. . .။

အပျော့စား ရော့(ခ်)ဂီတဟု နန္ဒ တစ်ခါရှင်းပြခဲ့ဖူးသော ဒိုင်ယာစထရိတ်(တ်) (စ်)အဖွဲ့၏ ရော့(ခ်) တေးသံသည် ဒရမ်ရိုက် ချက်ပြင်းပြင်းနှင့် အတူထွက်ပေါ်လာ၏။ ဇော်သည် ကက်ဆက်အသံ ဗော်လျူး(မ်)ကို မြှင့်လိုက်သည်။ မန်းနီးဖော် နပ်သင်း. . . တဲ့။

"တင်တင်ဇော်. . ."

သီချင်းသံအောက်တွင် ခပ်သဲ့သဲ့သာ ကြားရသော နန္ဒ အသံမှာ ဒေါသရိပ်နည်းနည်းပါနေ၏။ ဇော် မကြားဟန်ဆောင်လျက် ကြမ်းပြင်ပေါ်မှာ အလျားမှောက်ကာ တံတောင်ဆစ်နှစ်ဘက် စုံ ထောက်လျက်၊ လက်ဖဝါးနှစ်ဘက်ပေါ် မေးစေ့တင်ကာ ငြိမ်သက်နေ လိုက်၏။ အနီးသို့ သူ လာရပ်သည်ကို သိလိုက်ပြီး အသံဗော်လျူး(မ်) ကို လက်တစ်ဘက်ကလာ၍ လှည့်သည်၊ ထိုလက်ကို ဇော် ပုတ်ချပစ် လိုက်၏။

"ကိုယ်တို့ စကားပြောလို့ မရတော့ဘူးကွ"

နန္ဒက ခပ်ဆတ်ဆတ် အော်ပြောသည်။

"လဲ သေလိုက်"





သူမ ခလုတ်ဝိုင်းကလေးကို ညာဘက်သို့ပြန်လှည့်၍ အသံ မြှင့် ပစ်လိုက်ပြန်သည်။

"ကိုနန္ဒ. . .နွယ် သွားတော့မယ်"

အမျိုးသမီးအသံမှာ ခပ်နွဲ့နွဲ့ အထက်တန်းစား လေသံမျိုး ဖြစ်၏။

နန္ဒ ချာခနဲလှည့်၍ ကမန်းကတန်း နှုတ်ဆက်လေသည်။ အမျိုးသမီးကပြန်မလှည့်မီ ဇော်နှင့် ကက်ဆက်ရှိရာသို့ တစ်ချက်လှည့် ကြည့်၍ ဘာအပြုံးမှန်း ဇော် မခွဲခြားတတ်သော မျက်နှာလှုပ်ရှားမှု တစ်မျိုး ပြုလုပ်လိုက်သေး၏။ အလွန်လှပသော မျက်နှာပါတကား။

နှုတ်ခမ်းက နီထွေး၍ ထူအန်းကာလှပသည်။ ကိုယ်လုံးက တော့ ဇော့်အကြိုက်ကိုလျှင် နည်းနည်းထွားလွန်းသည်။ နန္ဒနှင့်ယှဉ်ရပ် နေသောအခါ အရပ်ချင်း မတိမ်းမယိမ်းဘဲဖြစ်၏။ တစ်ခဏ မျက်လုံး ချင်းဆုံလိုက်ရသော ထိုအမျိုးသမီး၏အကြည့်ထဲတွင် နန္ဒအပေါ် မက်မောတွယ်တာရိပ်များကို မိန်းမချင်းမို့ ထင်ရှားစွာမြင်ဖြစ်အောင် မြင်လိုက်မိတော့သည်။

"မင်း ရှိင်းလှချည်လား တင်တင်ဇော်. . ."

ဘယ်တုန်းကမှမကြားဘူးသော ဒေါသစကားသံကို နန္ဒထံမှ ပထမဆုံးအကြိမ် ဇော် ကြားလိုက်ရခြင်း ဖြစ်လေသည်။ ထိုခဏမှာပင် အောက်ထပ်လမ်းဆီမှ ကားစက်နှိုးသံ ခပ်ညက်ညက်ကို ကြားလိုက် ရသလို စိတ်ထဲထင်သွား၏။ ဇော် ဒေါပွသွား ပြီး အလျားမှောက်ရာမှ လူးလဲထလိုက်သည်။

"ရိုင်းတော့ ဘာလုပ်ချင်လဲ၊ ဒါထက်ရိုင်းတဲ့နည်း မသိလို့၊ သိရင် ဒါထက် ပိုရိုင်းပြချင်သေးတယ်"

နန္ဒက တင်းမာသော မျက်နှာကိုလှော့ချလျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် စောစောက ဖုန်းဆက်ပြီး ဘာမှမပြောဘဲငြိမ်နေတာ မင်းပဲပေါ့" ဟု ခပ်တည်တည် မေးသည်။ ဇော် မဖြေပါ။

"မင်း အခန်းဝမှာရပ်ကတည်းက မင်း မျက်နှာပေါ်မှာ မနာလိုရိပ်တွေကို ကိုယ် မြင်တယ်"

"နာလိုစရာကောရှိလို့လား။ နင် ပြောတုန်းက နင့်အခန်းထဲကို ဘယ်မိန်းမမှ မခေါ်ဘူးဆို။ လျှာအရိုးမရှိတိုင်း"

"ဟာကွာ၊ အခုကော ကိုယ်ခေါ်လို့လားကွ။ သူ့ ဘာသာသူ အလုပ်ကိစ္စနဲ့လာတာ။ ယူအဲန်ဓော်လံဘ်ယာ လျှောက်လွှာမဖြည့်တတ်လို့ ကိုယ့်ကို လာမေးတာ"

"ဩော်. . . ဩော်" ဖြူး ရေရွတ်နေကျ အောက်ကလိအောက်ကလာသံမျိုးဖြင့် ရေရွတ်ကာ ဇော် မဲ့ပြုံး ပြုံးမိလေသည်။

"ကဲ လိမ်စမ်း၊ ငါ ယုံအောင်လိမ်စမ်း၊ အဲဒီ ကောင်မနဲ့နင် ဘာမှမရှုပ်ခဲ့ကြဘူးလို့ လိမ်စမ်း"

နန္ဒက တအံ့တသြငေးမောရာက ဟက်ခနဲတစ်ချက် ရယ်တော့သည်။

"တင်တင်ဇော်. . .မင်း တော်တော်အောက်တန်းကျတဲ့ အပြောတွေ ပြောတတ်နေပြီပဲ။ ဟုတ်တယ်. . . ကိုယ် မင်းကို မလိမ်ဘူး။ သူနဲ့ကိုယ်နဲ့ဟိုတုန်းက ရည်းစားဖြစ်ခဲ့ဖူးတယ်။ မင်း ကျေနပ်ပြီလား"

ဇော့်ရင်ထဲမှာ ပူပြင်းသောဒေါသဖြင့် ချက်ချင်း လောင်မြိုက်သွားသည်။

"မင်း ယုံမယ်ဆိုရင် အခုအချိန်မှာ ကိုယ်နဲ့သူ ရိုးရိုးသားသားပဲလို့ ပြောပြချင်တယ်"

"မယုံဘူး"





"မယုံတာ ယုံတာက မင်းသဘောပါ။ ကဲ...မင်း နှောင့်ယှက်ရမယ့်သူလဲ ပြန်သွားပြီ။ တက်ဆက်ကို ပိတ်လိုက်ပါတော့"

ဇော် မပိတ်ပါ။ သူက ဆက်တီစားပွဲရှိရာသို့ လျှောက်သွားပြီး စားပွဲပေါ်က ကိတ်မုန့်တစ်ချပ်ကို ကောက်စားလိုက်၏။ ဇော် နောက်က လိုက်ပါသွားသည်။

"ကိုယ့်အထင်တော့၊ မင်း ပီအက်စ်စီ စာမေးပွဲအောင်ခဲ့ပြီဖြစ်ရမယ်၊ ဟုတ်လား"

တင်တင်ဇော်သည် ချောမောနုနယ်သော သူ့ မျက်နှာကိုစိုက်ကြည့်လျက် ရင်ထဲကဒေါသများကို ကြိုးစားပမ်းစား မျိုချပစ်နေရသည်။

"ကော်ဖီသောက်မလား၊ ကိုယ် ထပ်ဖျော်လိုက်မယ်"

"မသောက်ဘူး"

တက်ဆက်ထဲက သီချင်းသံကိုလွှမ်းသွားအောင် သူမ အော်ဟစ်ပစ်လိုက်၏။ ထို့နောက် နှုတ်ခမ်းဆိုးဆေး တစ်စွန်းထင်းနေသော အချိုပန်းကန်စုံကို ကိုင်မြှောက်ကာ ထမင်းစား စားပွဲအနီးအုတ်နံရံဆီသို့ အရှိန်ပြင်းစွာ ပစ်ပေါက် ရိုက်ခွဲပစ်လိုက်၏။ ခွမ်း ခနဲကွဲဖြတ်သွားသော ပန်းကန်ကွဲစများ တံခါးပေါက်ဝတွင် ပြန့်ကျဲသွားလေသည်။

"ဟာ. . . မင်း ဘယ်လိုလုပ်လိုက်တာလဲ"နန္ဒအသံက ဒေါသကို အတတ်နိုင်ဆုံး မျိုသိပ်ထားရသော အသံဖြစ်၏။

"နောက်တစ်ခါ ဒီအခန်းကိုမိန်းမတစ်ယောက် ခေါ်တင်ကြည့်၊ အဲဒီ မိန်းမမျက်နှာကို အဲဒီပန်းကန်ကွဲစတွေနဲ့ ထိုးခွဲပစ်မယ်"

ဒေါသဖြင့် နီရဲနေသော နန္ဒမျက်နှာမှာ တဖြည်းဖြည်း ပြုံးလာပြီး ဟက်ဟက်ပက်ပက် ရယ်မောလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . . တင်တင်ဇော်လေး"

"မရယ်နဲ့"

သူ အရယ်မရပ်ပါ။ ပို၍ပင် အသံကျယ်လာပြီး ဆိုဖာပေါ် ဖင်ထိုင်ချလျက် ခွက်ထိုးခွက်လန် အော်ရယ်လေတော့သည်။ စားပွဲပေါ်မှာတွေ့သော အီကလဲယားမုန့်များ၊ ကိတ်မုန့်ချပ်များဖြင့် တစ်ခုပြီးတစ်ခု ဇော် သူ့ကို ကောက်ပေါက်ပစ်သည်။ သူက လက်နှစ်ဘက်ကာရင်း ရှောင်တိမ်းလျက် ရယ်မောနေဆဲ။ မုန့်များကုန်သွားသောအခါ ကက်ဆက်ရှိရာသို့ လျှောက်သွားမိပြီး ကက်ဆက်တိပ်ခွေတစ်ခု ဆွဲယူလျက် ပေါက်ပစ်လိုက်သည်။ သူ ကျွမ်းကျင်စွာ ရှောင်လိုက်သောကြောင့် နံရံနှင့်ထိမှန်ကာ ဒေါက်ခနဲ အောက်ကျသွား၏။

"ဟေ့. . .မလုပ်နဲ့လေ၊ ဒီတိပ်ခွေက သံရုံးကတိပ်ခွေကွ၊ ပြန်ပေးရမှာ"

ဇော် နောက်တစ်ခု ကောက်ကိုင်လိုက်စဉ် သူ အနီးသို့ အပြေးအလွှား ရောက်လာသည်။ ဇော့်လက်ထဲမှ တိပ်ခွေကို ဆွဲယူလျက် လက်ကိုဖမ်းဆုပ်ထားသည်။

"မပေါက်နဲ့တော့. . .ကိုယ် မရယ်တော့ဘူး"

ဇော် သူ့လက်ထဲမှ ရုန်းထွက်လိုက်၏။

"နောက် ဒီကောင်မကို ကိုက်ခန်းထဲမှာ ခေါ်မတွေ့နဲ့"

"ဒါ ပထမအကြိမ်ပဲကွ၊ ကိုယ်တို့ ရိုးရိုးသားသားပါ။မရိုးသားရင် တံခါးဖွင့်ထားပါ့မလား"

"ပထမဆုံးအကြိမ်ပြီးရင် ဒုတိယအကြိမ်လာမယ်။ ဒုတိယအကြိမ်ပြီးရင် တတိယအကြိမ်၊ ဒီလိုနဲ့တကြိမ်ကြိမ်မှာ တစ်ခုခုမဖြစ်ဘူး လို့နင့်ကို ဘယ်လိုလုပ်ယုံရတော့မှာလဲ"

သူ့ မျက်နှာ နီရဲသွားသည်။





"ဒါတော့ မင်း ကိုယ့်ကို စော်ကားတာပဲ"

"စော်ကားတာ ဟုတ်လား။ ငါ့စကားက နင့်ကို စော်ကားတာဆိုရင် ငါ သိပ်ပျော်မိမှာပဲ။ နင့်ကို ထိခိုက်အောင် ငါ စော်ကားချင်နေတာကြာပြီ သိလား နန္ဒ။ နင့်ကို ငါယုံနေတာလို့ မထင်လိုက်နဲ့။ ယုံချင်ယောင်ဆောင်နေတာ"

နန္ဒက တက်တစ်ချက်ခေါက်ကာ ဇော့်ပခုံးကို ဆွဲကိုင်လှုပ်ယမ်း၏။

"မင်း ဘာတွေလျှောက်ပြောနေတာလဲ"

"အဲဒီ နွယ်ဆိုတဲ့ ကောင်မနဲ့ နင့်အကြောင်းလေ"

"ဟာကွာ"

သူ ဒေါသတကြီး ဇော့်ကို ရိုက်ရန် လက်ရွယ်လိုက်တော့ ဇော် ဆတ်ဆတ်ခါအောင် နာကျင်သွားပြီး သူ့မျက်နှာကို ရှိုက်မဲ့စု လက်သည်းအစုံဖြင့် ကုတ်ခြစ်ချလိုက်သည်။ နန္ဒက 'အား'ခနဲ အော်ညည်းကာ ဇော့် ပခုံးကိုလွှတ်လိုက်ပြီး သူ့မျက်နှာကို လက်ဖြင့် အုပ်လိုက်၏။ သူ သိပ်နာမှာမဟုတ်ပါ။ ဇော့် လက်သည်းရှည်များကို သူ့ အမိန့်ဖြင့် ခပ်တိုတိုညှိထားသည့် အလေ့အကျင့်ရသည်မှာ ကြာခဲ့ပြီ။

"ငါလို ဘာမှမလှတဲ့ မိန်းမတစ်ယောက်ကိုတောင် နင် သုံးလေးခါ အတူတွေ့ရုံနဲ့ စိတ်မထိန်းနိုင်သေးရင် သူလို သိပ်လှတဲ့ မိန်းမကို ဘယ်လောက်ကြာအောင် ထိန်းချုပ်ထားနိုင်မှာလဲ"

သူ မျက်နှာကို အုပ်ထားသော လက်တို့ကို ဘေးဖယ်ပစ်လိုက်ပြီး တင်တင်ဇော်ကို ရီဝေစွာကြည့်သည်။ နူဖတ်သော သူ့မျက်နှာမှာ ပန်းသွေးရောင်အစင်းများက ထင်ရှားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲကွ။ မင်းနဲ့ကိုယ်နဲ့က အချစ်ကြောင့်ဖြစ်သွားတာ ပဲ။ လူတာတွေ့တိုင်း ကိုယ် မဖြစ်မှားပါဘူး"

တင်တင်ဇော် ခါးထောက်လျက် သူ့ကို စေ့စေ့စပ်စပ်ကြည့်မိသည်။ ယခုတော့ သူ 'အချစ်'ဆိုသော စကားကိုပြောနေပါပြီကောလား။

"အချစ်. . . ဟုတ်လား"

ထို့နောက် သူမ မရယ်ချင့်ရယ်ချင် ရယ်လိုက်တော့ သူ့မျက်နှာဖြန်းခနဲ နီရဲသွားပြန်သည်။

"ဘာမှမဆိုင်တဲ့ အချစ်ဆိုတာကို တံတိုင်းတစ်ခုလို အကာအကွယ် ယူမနေစမ်းပါနဲ့ နန္ဒ။ နင်နဲ့ငါဖြစ်တဲ့ကိစ္စမှာ အချစ်ကို ဆွဲမသွင်းပါနဲ့။ အချစ်ဆိုတာ အလွန် နူးညံ့သိမ်မွေ့တယ်၊ နားလည်လား"

နန္ဒ မျက်နှာက နာကျင်စွာ အရိုက်ခံလိုက်ရသလို ယိုင်သွားသည်။

"မင်းနဲ့ ကိုယ်နဲ့ဖြစ်တဲ့ကိစ္စမှာ အချစ်မပါဘူး ဟုတ်လား။ အဲဒါ မင်းဘက်က ခံစားချက်ကို အမှန်အတိုင်း ရင်ဖွင့်တာလို့ ကိုယ် ယူဆရမှာလား"

ဇော် ရုတ်တရက် ကြောင်အ,သွားသည်။ ဘာမှမပြောတတ်ဘဲ သူ့ မျက်နှာကို ငေးမောနေမိ၏။

"မင်း ကိုယ့်ကို မချစ်ဘူးပေါ့"

"ငါ ချစ်တယ် မချစ်ဘူးဆိုတာ နင် အသိဆုံးဖြစ်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ နင် ငါ့ကို မချစ်ဘူးဆိုတာလဲ ငါ အသိဆုံးဖြစ်နေတာကိုး"

သူ ရှေ့သို့ တစ်လှမ်းတိုးလာသည်။





"မင်းကို ကိုယ် မချစ်ဘူး ဟုတ်လား။ ဘယ်လောက် အံ့ဩစရာကောင်းလိုက်တဲ့ စကားလဲ။ ဟန်နီ. . .မင်းဘဝမှာ ယောကျ်ားဘယ်နှစ်ယောက်တွေ့ဖူးလို့ မင်းက ယတိပြတ် ပြောနိုင်တာလဲ။ အချစ်မပါဘဲနဲ့ မင်းနဲ့ကိုယ် ဒီအခြေအနေထိ ဖြစ်ပျက်သွားအောင် မင်း ရုပ်က ဘယ်လောက်လှနေလို့လဲ။ မင်း ကိုယ်ခန္ဓာက ဘယ်လောက်ဆွဲဆောင်အားကောင်းနေလို့လဲ။ လက်စသတ်တော့ မင်းဟာ ကိုယ့်ကို စိတ်ထဲကနေ တစ်လျှောက်လုံး စော်ကားနေခဲ့တာပါပဲလား"

"နင် အစော်ကားခံရတယ်ဆိုရင် ငါ သိပ်ဝမ်းသာပါတယ်"

မမျှော်လင့်ဘဲ နန္ဒလက်ဝါးက ဇော့် မျက်နှာပေါ်သို့ ခပ်ဆတ်ဆတ် ရိုက်ချလိုက်လေသည်။ ဇော့် ပါးပြင်မှာ ကျိန်းစပ်ပူထူသွားပြီး ကိုယ်က ယိုင်ခနဲဖြစ်သွား၏။ ဆွဲမိဆွဲရာ သူ့ အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲထားလိုက်မိသည်။ ထို့နောက် လက်သည်းဖြင့် နောက်တစ်ကြိမ် ကုတ်ခြစ်ဖို့ ကြိုးစားမိပြန်သည်။ သူမ လက်ကို သူက ဆွဲယမ်းလျက် ဆုပ်ညှစ်ကာ လိမ်ထား၏။

"လွှတ်စမ်း နန္ဒ"

"မလွှတ်ဘူး၊ လွှတ်ရင် မင်း ကိုယ့်ကိုကုတ်ဦးမှာပဲ"

"ငါ နင့်ကိုမုန်းတယ်၊ သိလား နန္ဒ။ နင့်ကို ငါ မုန်းတယ်"

သူ သူမကို အင်အားသုံးကာ ဆောင့်တွန်းလိုက်သဖြင့် သမံတလင်းပေါ် ယိုင်လဲကျသွားလေသည်။ ဒေါသနှင့် နာကျင်မှုပေါင်းကာ ဇော် မျက်ရည်ဖြာခနဲ ဆင်းကျလာသည်။ လဲရာမှထသေးဘဲ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ စိတ်ရှိလက်ရှိ အော်ငိုပစ်လိုက်သည်။ ခဏနေတော့ သူ ဇော့် အနီးသို့ ရောက်လာပြီး ဒူးမှာထောက်ထိုင်၏။

"တင်တင်ဇော်. . .ထ၊ ကိုယ့်မျက်နှာကို ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ဘူး"

"ကြည့်ရမယ်ကွာ. . . ကြည့်"

သူ ဇွတ်ဆွဲထူတော့ သူမ အကြောက်အကန် ရုန်းလျက် လက်လှမ်းမိသရွေ့ သူ့ကို ရိုက်ပုတ်ပစ်သည်။ သူက ရှောင်ရင်း တိမ်းရင်း ဇော့် လက်ကို ဖမ်းဆွဲထိန်းချုပ်ထားသည်။

"ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ပြီး စောစောကစကားကို ပြန်ပြောစမ်း။ မင်း ကိုယ့်ကို မုန်းတယ်လို့ ပြန်ပြောစမ်း"

အက်ကွဲတိမ်ဝင်သော သူ့ စကားအဆုံးတွင် ဇော်သည် ဆံပင်ကပိုကရိုကို သပ်သိမ်းလျက် တစ်ချက်ရှိုက်ကာ သူ့မျက်နှာကို တင်းမာစွာ ကြည့်ပစ်လိုက်၏။

ပါးပြင်နှစ်ဘက်မှာ သွေးစို့နေသော အစင်းကြောင်းနီနီ ကလေးများဖြင့်၊ ရီဝေသော မျက်လုံးအစုံဖြင့် ညှိုးမှိုင်းနေသော သူ့ မျက်နှာမှာ ရိုင်းစိုင်းခက်ထန်နေသည်။ ကြောင်အ, လျက် ငေးမော တွေဝေသွားသော ဇော့်ကို မမျှော်လင့်စွာ သူ ပြုန်းခနဲ တင်းကျပ်စွာ ဖက်၍ ပွေ့ချီလိုက်သောအခါ သူမ ရင်ထဲမှာ တဒိတ်ဒိတ်တုန်ခါ လှုပ်ရှားသွား၏။

သူ့ ပါးပြင်မှသွေးစို့နေသော ဒဏ်ရာကလေးတစ်ခုကို သူမ ၏ နှုတ်ခမ်းဖြင့် ခပ်ဖွဖွလေး ထိကပ်နမ်းလိုက်မိလေသည်။

* * *



အခန်း (၅)

"ဘယ်နှယ်လဲ. . . ဒါ ကိုယ့်မင်းသမီးလေ၊ မလှဘူးလား"

နောက်ခံမိုးသားပြာပြာတွင် ဆံပင်များကပိုကရို ဝဲလွင့်လျက် နှစ်မြို့က်စွာ ပြုံးရယ်နေသော ဓာတ်ပုံထဲမှ မိန်းကလေးကိုကြည့်ရင်း ဇော် မယုံချင်သလို ဖြစ်နေ၏။

"ဒါ ဇော်. . . ပေါ့နော်"

နန္ဒ ဓာတ်ပုံရိုက် ဒီလောက်ကောင်းမှန်း ယခုမှပဲ ဇော် သိတော့သည်။

"ဒါ. . .တင်တင်ဇော်ပေါ့၊ မင်းက နွယ်နွယ်ငြိမ်းအောင်ထင် လို့လား"

"အဲဒီနာမည် ငါ့ရှေ့မှာတစ်ခါပြောရင် နင့်မျက်နှာကို ငါ တစ်ခါ ကုတ်ခြစ်ပစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာထားတင်းမာစွာ ခပ်ပြတ်ပြတ် ပြောမိသည်။ သူက ပခုံးတွန့်လျက် ပြုံးရယ်ကာ သူ့ပါးပြင်ကို စမ်းသပ်ကြည့်၏။ ခပ်ညိုညိုအနာရွတ် အစင်းကလေးများမှာ မှိန်ဖျော့လျက်ရှိပြီ။

"တော်တော်အဆိပ်ပြင်းတဲ့ လက်သည်းတွေပဲ"သူကညည်းညူကာ ရယ်မောလေသည်။

ဇော်ကတော့ မျက်နှာပိုင်းအပြည့် ပုံကြီးချဲ့ထားသော မိမိဓာတ်ပုံကိုကြည့်၍မဝအောင် ရှိတော့သည်။

"ကြည့်စမ်း ဘယ်လောက်နူးညံ့တဲ့မျက်လုံးတွေလဲ. . . နော် နန္ဒ"

"အေး အပြင်မှာနဲ့တော့ တခြားစီပဲ" နန္ဒက မချိုမချဉ်အပြုံးဖြင့် ဖြည့်စွက်သည်။

ဓာတ်ပုံမှာ ဂျပန်သို့ ဖလင်ပို့၍ ကူးထားခြင်းဖြစ်သည်တဲ့။ ဇော်တော့ သိပ်နားမလည်ပါဘူး။ နောက်ခံမိုးသားပြာပြာတွင် ကော်လံအနီရဲရဲကလေးပေါ် လွင်လျက် ပန်းနုရောင်နှုတ်ခမ်းများ စိုလက်နေသည်ကိုသာ သဘောကျလျက်ရှိသည်။ ဓာတ်ပုံထောင်သည့် စတင်း(န်)(ဒ်)ကလေးမှာ ၈ လက်မ × ၆ လက်မ နီးပါးခန့် (ဗလာစာရွက်ကို အလျားလိုက်ထောင်ထားသလို) ရှိမည်။

"ဒီဓာတ်ပုံက မင်းနဲ့ကိုယ်နဲ့ ရန်ဖြစ်တဲ့နေ့ကမှ ရထားတာ။ ပြဖို့မေ့နေလို့ အခုမှ ထုတ်ပြရတာ"

ထိုနေ့က အဖြစ်အပျက်ကို ပြန်တွေးမိတော့ သူမ ရှက်အမ်းစွာ ပြုံးမိ၏။ စကားမဆက်ချင်တော့သဖြင့် သူ့အယ်လ်ဘမ်ထဲက သူ့ပုဂံမှာ၊ ကင်းတားမှာ ရိုက်ထားခဲ့သော ရှုခင်းပုံများကို တစ်ခုချင်း လှန်လှောကြည့်မိသည်။

"ဒီဓာတ်ပုံတွေဟာ ပြိုင်ပွဲဝင် ဓာတ်ပုံတွေပဲ၊ သိလား နန္ဒ"





"အေး. . .ဒီလိုလဲ မြှောက်ပင့်ပေးဦးမှပေါ့ကွ" သူ ရှက်ကိုးရှက်ကန်း ရယ်မောပါသည်။

"မိန်းမပုံလဲ မပါဘူးနော်. . .နန္ဒ"

သူ့ပုံတွေမှာ ကောင်းကင်တွင် အုပ်စုလိုက်ပျံသွားသော စင်ရော်များ၏ပုံ။ အစာကို လှမ်းဟပ်လိုက်သည့် စင်ရော်၏အနီးကပ်ပုံ။ ဟိုး ထန်းပင်အမြင့်ပေါ်မှ လူကို ဆွဲယူရိုက်ထားသည့်ပုံ။ မြစ်ပြင်ကျယ်ဖွေးဖွေးထဲမှာ ရေခပ်နေသော လူသားတစ်ယောက်သာပါသည့် လှေကလေးတစ်စင်း၏ အဝေးရှုခင်းပုံ၊ ပုဂံက ဘုရားစေတီပေါင်းများစွာ၏ အတွင်းအပြင် ရိုက်ချက်အမျိုးမျိုးသာဖြစ်၏။

"မင်း တစ်ခုဂုဏ်ယူသင့်တာက ကိုယ့်ဘဝမှာ ပထမဆုံး ဓာတ်ပုံရိုက်ဖူးတဲ့ မိန်းကလေးက မင်းပဲ သိလား"

"သွား. . . အဲဒါတော့ မယုံဘူး"

သူ့ခါးကို လိမ်ဆွဲဖို့ ကြိုးစားသည့် တင်တင်ဇော့်လက်ကို သူ ဖမ်းဆွဲလျက် ခပ်ဖွဖွ ရယ်မောလေသည်။ ဇော် သူ့ကိုယ်ခန္ဓာကို မှီတွယ်လျက် မျက်စိမှိတ်ထားလိုက်မိသည်။

"ဒါနဲ့ စကားမစပ်၊ ကိုယ်တို့ လက်ထပ်သင့်ပြီလို့ မင်း ခုထိ မထင်သေးဘူးလားဟင်"

ကြားလိုက်ရသော စကားသံကို မယုံကြည်နိုင်စွာ နွဲ့မှီနေသော သူမ၏ ကိုယ်ခန္ဓာက တင်းခနဲဖြစ်သွားသည်။ သူ့ရင်ခွင်မှ ခေါင်းဖယ်သိမ်းလျက် သူ့ကို အံ့ဩစွာငေးကြည့်ခိုက် ဇော့် နှလုံးခုန်သံများ မြန်ဆန်လာကြသည်။

"ကိုယ်တို့ လက်ထပ်ကြစို့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဇော့်ပခုံးကို လက်ဖြင့်ထိန်းပွေ့ထားရင်း ဇော့်ဆံပင်များ အကြားသို့ သူ့မျက်နှာကို ငုံ့ကပ်ကာ တစ်လုံးချင်း တောက်လျှောက် စကားဆက်ပြောသွားသည်။

"ကိုယ်နဲ့ လက်ထပ်ပြီးရင် မင်း ရန်ကုန်လာနေရမယ်။ ညနေခင်း ဆေးခန်းဖွင့်ချင်ရင် ခဏတော့သွားဖွင့်ပေါ့။ ဒါပေမယ့် စာတွေ အများကြီးဖတ်ရမယ်၊ ဆက်ရေးရမယ်။ လိန်းငွေ့(ရှ်)တစ်ခုခု ဆက်သင်ရမယ်။ ကိုယ့်အတွက်လဲ သားတစ်ယောက် သမီးတစ်ယောက် မွေးပေးရမယ်။ ဆားဗစ်(စ်)ထဲ မဝင်ရဘူး။ ဟန်နီ. . . မင်း ဟိုနယ် ဒီနယ်ပြောင်းတဲ့အချိန်မှာ ကိုယ်က ဒီတိုက်ခန်းမှာ တစ်ယောက်တည်း ယောင်ချာချာနေရင်း မင်းကို ကခြားဆရာဝန်တွေနဲ့ မနာလို ဖြစ်မကျန်ရစ်ခဲ့ချင်ဘူး"

ဇော် မိန်းမောနေရာမှ သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ သူက ခပ်လျော့လျော့ ဖြေပေးလိုက်၏။

"အခု မေလမဟုတ်လား။ နိုဝင်ဘာလောက်မှာ ကိုယ်တို့ လက်ထပ်ကြမယ်နော်။ ဒါပေမယ့် မင်္ဂလာဆောင်ဖို့တော့ မင်း ကိုယ့်ကို မပူဆာနဲ့။ ကိုယ် အဲဒါမျိုး အရမ်းမုန်းတယ်။ ထုံးတမ်းစဉ်လာ အတိုင်း ရုံးမှာပဲ လက်မှတ်ထိုးမယ်။ သိပ်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းလောက်ကိုတော့ ညစ်ခံပွဲကလေး အကျဉ်းလုပ်ပေးမယ်။ နောက်ပြီးအသက်၃၀ ဆိုတာ မိန်းမတစ်ယောက် ကလေးယူဖို့ နည်းနည်းတောင် ကြီးနေပြီ။ တို့ လက်ထပ်ပြီးရင် ကလေးတန်းယူရအောင်၊ ကြားလား"

ဇော် သူ့ကို မော့ကြည့်မိတော့ သူအနည်းငယ် ရီဝေစွာပြုံး၍ သူမကို ငုံ့ကြည့်နေသည်ကို တွေ့ရသည်။ ဇော် ရင်တလှပ်လှပ်ခုန်၍ မူးနောက်လာသည်။ ဒါဟာ သူ တိုင်ပင် ဆွေးနွေးနေတာမှ မဟုတ် ပါဘဲလား။ အမိန့်ပေးနေတာပါလား။ ဟင့်အင်း. . . သူ့ဆီက





လက်ထပ်စကားကို ကြာရှည်စွာစောင့်နေခဲ့သော်လည်း၊ သည်လို စည်းကမ်းမျိုး၊ သည်လို အမိန့်မျိုး မဟုတ်ပါ။

"နေပါဦး နန္ဒရယ်၊ နင် ဒါတွေ ဘယ်တုန်းကစဉ်းစားထားတာလဲ"

"လက်ထပ်ဖို့လား၊ မင်းနဲ့ မတွေ့ခင်ကတည်းကလေ"

သူ ခပ်ဖွဖွ ရယ်မောပြီးမှ ဆက်ပြောပါသည်။

"ဖြိုးကျော်ကို မင်း အိမ်ထောင်ကျပြီလားမေးတော့ သူက မကျသေးဘူးလို့ ဖြေတယ်။ အဲဒီကတည်းက ကိုယ် မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသား။ ကိုယ်က လိုချင်တာတစ်ခုကို ဘယ်လောက်စောင့်ခဲ့နေပါစေရအောင်ယူချင်တယ်လေ။ မင်းနဲ့ လက်ထပ်ဖို့ကတော့ ကိုယ် မျှော်လင့်ထားတာထက်တောင် ချောမွေ့ခဲ့တာပဲ"

ဇော့် မျက်နှာ ဖြန်းခနဲ ပူနွေးသွားသည်။

"ဘာ ဘာဖြစ်လို့ ချောမွေ့နေတယ်လို့ ထင်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်း ဟန်မဆောင်တတ်ဘူး။ရိုးသားတယ်၊ ပွင့်လင်းတယ်။ ကိုယ့်အလျင်လဲ ရည်းစားတစ်ယောက်မှတောင် ထားဖူးတာမဟုတ်ဘူး။ ကိုယ်က အဲလိုမိန်းမမျိုးကိုသိပ်သဘောကျတယ်။ ဒါထက် ပိုချောမွေ့စေတာကတော့ မင်း ကိုယ့်ကိုချစ်နေမှန်းလည်း ကိုယ် သိနေတယ်လေ"

သူမ ငေးမောတွေဝေစွာ သူ့ကို စူးစိုက်ကြည့်လိုက်မိ၏။

ဘုရားရေ. . .၊ သူ သူမကိုကြည့်သော အကြည့်ကို ခုမှသရုပ်ခွဲကြည့်မိသည်။

မြှုံးထဲက ငါးတစ်ကောင်ကိုကြည့်သော တံငါသည်၏ အကြည့်မျိုးပါတကား။သူမကိုယ်သူမ သတိထားလိုက်မိချိန်မှာပင် ခပ်ဟက်တက် ရယ်မောလိုက်ပြီးသား ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ လက်ထပ်ဖို့က နင် ထင်သလောက် မချောမွေ့ပါဘူး။ နန္ဒရယ်။ ပြောရတာတော့ အားနာပါတယ်"

သူမနှင့် ထိကပ်နေသော နွေးထွေးသည့် သူ့ကိုယ်လုံးမှာ အနည်းငယ် တောင့်တင်းသွားပြီး သူမကို နားမလည်စွာ ကြည့်သည်။

"ဟန်နီ. . .ဘာပြဿနာ ပေါ်လို့လဲဟင်"

သူမ အံကြိတ်ထားမိသည်။ ဇော် စိတ်ကူးယဉ်ထားသော ဇာတ်လမ်းထဲမှာ ဇော်၏ ခင်ပွန်းလောင်းက ဇော့်ကို လက်ထပ်ပါရစေဟု နူးညံ့သိမ်မွေ့စွာ ခွင့်တောင်းရမည်။ ယခုလို တထစ်ချစီစဉ်ထားသော ဇာတ်လမ်း ဇာတ်ကွက်ထဲသို့ ဆွဲခေါ်သွားတာမျိုး မဟုတ်ပါ။

"ပြဿနာကတော့ ငါ လက်ထပ်မယ့် ယောကျ်ားဟာ၊ ငါ့ကို သိပ်ချစ်ပြီး သိပ်တန်ဖိုးထားစေချင်တယ်။ ကိုယ့်ကိုယ်ကို တအား အံထင်မကြီးရဘူး။ အတ္တမကြီးရဘူး။ ကိုယ့်ဘက် တစ်ခုတည်းကို မကြည့်ရဘူး။ အရေးအကြီးဆုံးက ငါ့အနွံအတာကို ခံရမယ်။ ငါ သတ်မှတ်ထားတဲ့ ခင်ပွန်းတစ်ယောက်မှာ ရှိရမယ့် အချက်အလက်တွေနဲ့ နင်နဲ့ တစ်ခုမှမကိုက်ညီဘူး။ အဲဒါ ပြဿနာပဲ"

ထိုစကားများကို ကိုယ့်ဘာသာကိုယ် မယုံကြည်ဘဲ ခက်ခဲပင်ပန်းစွာ ပြောလိုက်ပြီးသောအခါ နွမ်းခွေသွား၏။ ဆိုဖာနောက်မှီကို မောပန်းစွာ မှီထားလိုက်ရသည်။ သူက သူမ၏ ပခုံးနှစ်ဘက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လျက် မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်သည်။ သူ့မျက်နှာမှာ နားမလည်နိုင်သူတစ်ဦး၏ ပူပင်သောကမျိုးကို ပထမဦးဆုံးအကြိမ် မြင်လိုက်ရ၍ ဇော် ကျေနပ်သွား၏။

"ပြောစမ်းပါဦး၊ မင်း အခုပြောသွားတဲ့စကားရဲ့အဓိပ္ပာယ်ကို ကိုယ် နားလည်အောင် ရှင်းရှင်းကလေး ပြောပါဦး"

"အဓိပ္ပါယ်က နင့်ကို ငါ လက်မထပ်ချင်ဘူးလေ"





ထိုစကားကိုတော့ သူမ မျက်စိမှိတ်ပြီး ပြောချလိုက်ခြင်းဖြစ်ပါသည်။ သူ သူမပခုံးကို ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်ပြီး အကြာကြီး ငြိမ်သက်သွား၏။

သူမ မျက်စိဖွင့်ကြည့်လိုက်တော့ သူ ဇော့်ကို ငေးမောနေသည်ကို တွေ့ရသည်။ သူ့နှုတ်ခမ်းမှာ တစ်ခုခုပြောလိုက်တော့မလို ခဏခဏပြင်လျက် စကားလည်းတစ်ခွန်းမှ မပြောဖြစ်ဘဲ ငြိမ်သက်နေမြဲ။ သူ့မျက်နှာထားကို တိတ်ဆိတ်စွာ အကဲခတ်လျက် ရင်ထဲမှာ နာကျင်လာ၏။ ကိုယ့်စိတ် ကိုယ်မထိန်းနိုင်ဘဲ သူ့ကို ဖက်ပွေ့နှစ်သိမ့်မိတော့မလို ဖြစ်သွားသေးသည်။

နေစမ်းပါစေ။ တစ်နှစ်ကျော်ကျော် ငါ တိတ်တဆိတ် ပူပန်စိတ်သောကရောက်ရတာကို သူ ဒီလောက်တော့ ပြန်ပေးဆပ်ရမှာပေါ့။ တကယ်သာ သူမကို သူ လက်ထပ်ဖို့ မျှော်လင့်ထားလျှင် သူ နောက်တစ်ကြိမ် ကြိုးစား၍ ခွင့်တောင်းရမည်။

"မင်း နောက်နေတာများလားဟင်"

အိုး. . .။ တိတ်ဆိတ်စွာပင် သူမ ခေါင်းယမ်းလိုက်သည်။

"မနောက်ပါဘူး။ နင်က ငါ့ဘဝတစ်ခုလုံးကို စိတ်ရှိလက်ရှိ ခြေမွှဆွဲယူဖို့ပဲ သိတာ။ နင့်ဘဝကိုကျတော့ ငါ့ကို နည်းနည်းကလေးမှ ဖွဲ့ပေးချင်တာ မဟုတ်ဘူး။ နင် တစ်ကိုယ်ကောင်းစိတ် သိပ်များလွန်းတယ်"

"နေစမ်းပါဦး တင်တင်ဇော်။ အဲဒီ ဘဝဆိုတာကြီးတွေဘာ ဘယ်ကနေပါလာတာလဲ။ ဘဝဆိုတာ တစ်ယောက်ကို တစ်ယောက် ပေးလို့ ယူလို့ရသလား၊ ကိုယ်နားမလည်ဘူး။ ကိုယ် နားလည်တာကတော့ မင်းကို ကိုယ်လိုအပ်တယ်၊ တင်တင်ဇော်ဆိုတဲ့ မိန်းမကို ကိုယ် တစ်သက်လုံးအတွက် လိုချင်တယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်ဆောင့်ဆောင့်ပြောပြီး ဇော့်ကို သိမ်းကျုံးပွေ့ဖက်၍ နမ်းလေသည်။ သူ့အနမ်းအောက်တွင် ဇော်တစ်ယောက် အမြဲတမ်း ပျော့ခွေ၍ညွတ်ကျသည့် ထုံးစံအတိုင်းယခုလည်း တလုပ်လုပ်မောပန်း ညွတ်နူးလာသည်။ သူ့ကို တင်းကျပ်စွာ ပြန်ဖက်ထားရင်း က ခေါင်းခါ ယမ်းဖို့ ကြိုးစားမိသည်။

ဒီတစ်ချက်တော့ ဒီလောက် လွယ်လွယ်ကူကူ မလိုက်လျော သင့်ဘူး။ နည်းနည်းကြိုးစားပြီး တင်းမာလိုက်စမ်းပါ။ မဟုတ်သေး ဘူးလေ. . .တင်းမာပြဖို့ဆိုတာ အလွန်အမင်း နောက်ကျခဲ့ပြီ။ ရယ်စရာ ကောင်းလောက်အောင်ကို နောက်ကျနေခဲ့ ပြီ။ ခုမှတော့ တင်တင်ဇော် ဆိုတာ သူ့ပင်လယ်ထဲက ငါးတစ်ကောင်ပဲ။

သူက ဇော့်မျက်နှာမှခွာကာ ထုံးစံအတိုင်း ညို့ငင်သော မျက်လုံးများဖြင့် ကြည့်သည်။

"ဟန်နီ. . .မင်း ကိုယ့်ကို လက်ထပ်မယ် မဟုတ်လား"

"ဟင့်အင်း. . ."

သူ့မျက်နှာမှာ ပထမဦးဆုံးအကြိမ် အံ့ဩတုန်လှုပ် သွား သည်။

"မင်းကိုယ့်ကို လက်မထပ်ဘူး. . . ဟုတ်လား. . .ဒါဖြင့်မင်း ဒီအခန်းကို ဘာဖြစ်လို့လာလာနေတာလဲ။ မင်း ကိုယ့်ဆီကို ဘာဖြစ်လို့ လာနေတာလဲ"

သူမ ကြိုးစားပမ်းစား ပြုံးလိုက်ပါသည်။

"ဘာဖြစ်လို့ လာနေတာလဲဆိုတော့ နင်နဲ့မတွေ့ရရင် မနေ နိုင်လို့ပေါ့ နန္ဒရယ်"

နန္ဒ ကိုယ်ခန္ဓာမှာ တောင့်တင်းသွား၏။





"ဒါဖြင့် မင်း ကိုယ့်ဆီကလိုချင်တာ အဲဒါပဲလားဟင် . ..ဖြေ စမ်းပါဦး၊ မင်းနဲ့ ကိုယ်ရဲ့ကြားမှာ အချစ်က ဘယ်မှာလဲ"

သူမ မဖြေပါ။ သူ ဇော့်ကို ဖက်ထားရာမှ ဖြုန်းခနဲ ခွာထွက် ကာ ခပ်လှမ်းလှမ်း ကုလားထိုင်သို့ သွားထိုင်၏။ ထို့နောက် သူ ခေါင်းငိုက်စိုက်ကျသွား၏။ ဒူးဆစ်ပေါ် တံတောင်နှစ်ဘက်ထောက် ကာ သူ့လက်ချောင်းများကို ဆံပင်ထဲထိုးသွင်းဖွလျက် အကြာကြီး ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။ ဇော် လွန်သွားကြောင်း သူမ ဘာသာသိလိုက်၏။ သူမ ဤအထိ ရည်ရွယ်ခြင်းမဟုတ်ပါ။

"နိုဝယ်လ်. . ."

သူ မော့မကြည့်ပါ။ သူမ နွေးကွေးစွာ မတ်တတ်ရပ်၍ သူ့ ထံ လျှောက်သွားလိုက်သည်။ သူ့ကုလားထိုင်ရှေ့မှာ မတ်တတ်ရပ်ပြီး သူ့ပခုံးကို အသာကလေး ထိကိုင်လိုက်၏။ သူက ကူးစက် တတ်သော ရောဂါဝေဒနာသည်တစ်ယောက်က သူ့ကို လာထိလိုက်သလို တွန့်ခနဲ ဖြစ်သွားကာ နောက်သို့ ကိုယ်ကို ယို့လိုက်သည်။

"နင် ငါ့ကို ချစ်လားဟင် . . ."

သူမ တစ်သက်တွင် ပထမဦးဆုံးအကြိမ် စွန့်စားစွာ မေး လိုက်သော မေးခွန်းကို နန္ဒမဖြေပါ။ ခေါင်းငိုက်စိုက်ချထားရာမှ ဇော့်ကို ခေါင်းထောင်ကြည့်သည်။

"အခုမှတော့ အချစ်အကြောင်းပြောဖို့ သိပ်နောက်ကျသွား ပြီ တင်တင်ဇော်"

သူ့မျက်နှာမှာ အကြီးအကျယ် စော်ကားခံလိုက်ရသူလို ရှက်သွေးဖြင့် နီရဲလျက်ရှိသည်။

ဟင့်အင်း. . . နောက်မကျသေးပါဘူးကွယ်။ အခုမှ အချိန် ကျတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဇော် စိတ်ထွေပြားစွာ ပြုံးရယ်လိုက်မိပြီး သူ့မျက်နှာကို လက်ဖဝါးနှစ်ဘက်ဖြင့် ညှပ်၍ ကိုင်လိုက်၏။ သူက မမျှော်လင့်စွာ ဇော့်လက်ကို ပုတ်ချပစ်လိုက်သည်။

"ခဏလေး တစ်ဆိတ်လောက်။ ကိုယ် ဘာကောင်ဖြစ်နေပြီလဲဆိုတာ အရှိကိုအရှိအတိုင်း စဉ်းစားဝေဖန်ကြည့်ပါရစေဦး။ ဒီကြားထဲမှာ ကျေးဇူးပြုပြီး ကိုယ်နဲ့ ဝေးဝေးနေပေးပါ"

သူ့အသံမှာ တိုးညင်းအက်ကွဲလွန်း၍ ဇော် နားစိုက်ထောင်ရသည်။ သူ့မျက်လုံးများမှာ ဒဏ်ရာအကြီးအကျယ် ခံစားနေရဟန်ဖြင့် ထိုင်းမှိုင်းရီဝေလျက်ရှိသည်။ သူ တားမြစ်နေသည့်ကြားမှ ဇော်သည် သူ့မျက်နှာကို မရမက ပွေ့ကိုင်လိုက်တော့ သူက လန့်ဖျပ်သွားသလို ဖြုန်းခနဲ မတ်တတ်ရပ်လိုက်သည်။ နီရဲသော သူ့မျက်နှာမှာ မယုံကြည်နိုင်လောက်အောင် တင်းမာနေ၏။

"ကိုယ်က မင်းကို ချစ်သူတစ်ယောက်လို၊ ဇနီးတစ်ယောက်လို သဘောထားခဲ့တယ်။ ဒါပေမယ့် မင်းက. . ."

သူ စကားမဆက်ဘဲရပ်ထားပြီး ဇော့်မျက်နှာကို နာကြည်းစွာ စေ့စေ့ကြည့်၏။

"ကိုယ့်ကို စော်ကားရရင် သိပ်ပျော်တယ်ဆိုလို့၊ တစ်ခုတော့ ကိုယ်ဝန်ခံပါ့မယ်။ ကိုယ့်ဘဝတစ်လျှောက်လုံးမှာ ကိုယ့်ရဲ့ယောကျ်ားအဖြစ်ကို ဒီတစ်ခါ အစော်ကားခံရဆုံးပဲ"

"ဒါပေမယ့် နိုဝယ်လ် ငါထင်တာက. . ."

သူ ဖြုန်းခနဲ လက်ကို ဝှေ့ယမ်း၍ အော်ဟစ်လိုက်၏။

"မင်း ဘာထင်တယ်ဆိုတာ ကိုယ် သောက်ဂရုမစိုက်ဘူး။ ကိုယ် ဂရုစိုက်တာတစ်ခုတည်းပဲရှိတယ်။ မင်းကိုယ့်ကိုလက်ထပ်မလား၊





လက်မထပ်ဘူးလား၊ တစ်ခွန်းပဲဖြေ။ ဖြေစမ်း။ ဒါ နောက်ဆုံးအကြိမ်မေးခြင်းပဲ"

နောက်ဆုံးအကြိမ်. . .။ သူမကို နောက်ဆုံးအခွင့်အရေးပေးခြင်းဟု ယူဆရမည့် စကားအဓိပ္ပာယ်ပါလား။ ဒီထက် နူးညံ့ညင်သာတဲ့စကားမျိုးနဲ့ လက်ထပ်ခွင့် မတောင်းတတ်တော့ဘူးလား နန္ဒရယ်။

သည်တစ်ခါ ခေါင်းငိုက်စိုက်ကျရသူမှာ တင်တင်ဇော်သာဖြစ်၏။

ဘယ်လောက်ရူးနှမ်းလိုက်သည့် ဇော်လဲ။ နန္ဒထံမှ သိမ်မွေ့နိမ့်ချစွာ တောင်းပန်သည့် လက်ထပ်ခွင့်ကို စိတ်ကူးယဉ်စွာ လိုချင်ခဲ့မိသည်။ ယခုတော့ ဇော်ကပဲ ဒူးထောက်၍ လက်ထပ်ပါမယ်ဟု ဖြေရတော့မည့် အဖြစ်မျိုးပါတကား။

မိန်းမတစ်ယောက်မှာ ရှိသင့်သော ဂုဏ်သိက္ခာနှင့် မာနကို လျှော့ချ၍ သူ့ကို အစွမ်းကုန်လိုက်လျောခဲ့မိပြီးပြီဟု သူမ ထင်ခဲ့တာမှား၏။ ယခုတစ်ကြိမ် ခေါင်းညိတ်လက်ခံဖို့အရေးမှာ ကျန်ရှိနေသေးသော မာနကို နောက်တစ်ကြိမ် လျှော့ချရဦးမည်။

"ကောင်းပြီ၊ ဒီလောက်ဆိုရင် ကိုယ့်ဇာတ်သိမ်းခန်း ဘယ်လိုဖြစ်လာမယ်ဆိုတာ. . . ရိပ်မိပါပြီ"

တိုးတိတ်သော နန္ဒ၏စကားသံကြောင့် သူမ မော့ကြည့်လိုက်မိသည်။ နန္ဒသည် နှစ်ယောက်ထိုင် ဆိုဖာပေါ်သို့ လေးပင်စွာ ထိုင်ချလိုက်ပြီး သူမကို ငေးမောကြည့်နေသည်။ နှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ငေးကြည့်၍ အတန်ကြာအောင် တွေဝေနှုတ်ဆိတ်နေကြသည်။ ငြိမ်သက်မှုကို စတင်ဖြိုခွဲလိုက်သူမှာ နန္ဒ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒီမှာရပ်ပြီး ဘာလုပ်နေတာလဲ။ မင်း ပြန်ဖို့ကောင်းပြီ"

ဇော် ထိန်းချုပ်ထားသမျှ အကုန်ပြေလျော့ ညွတ်ကျသွားသည်။

"ငါ ပြောဦးမယ်လေ. . . နို့ဝယ်လ. . ."

သူမ သူ့အနီးသို့ တိုးကပ်သွားမိသည်။

"ကျေးဇူးပြုပြီး မင်းကိုယ့်ကို မယိန္နဲနော်" သူ တုန်လှုပ်စွာ ငြင်းနေဆဲမှာပင် ဇော် ဘေးနေရာလွတ်သို့ ဝင်ထိုင်လိုက်၏။

"မင်း မှားနေပြီ၊ ကိုယ့်ကို လက်မထပ်မချင်း ကိုယ် မင်းကို လက်ဖျားနဲ့တောင်ထိတော့မှာမဟုတ်ဘူး နားလည်လား။ ဒီလောက်တော့. . . ယောက်ျားမာန ရှိသင့်သေးတယ် မဟုတ်လားဟင်. . ."

ညင်သာပျော့ညံ့သော သူ့အသံမှာ ယူကျုံးမရဟန် ပေါက်နေသည်။

"မာနအကြောင်း မေ့ထားကြစို့ကွယ်. . .နော်. . ."

သူမ တုန်ခိုက်စွာ ရယ်မော၍ ငြင်းပယ်ရှောင်တိမ်းနေသော သူ့ကို နောက်ကျောမှ သိုင်းဖက်လိုက်သည်။ သူ ဒေါသတကြီး ဆောင့်တွန်းပစ်လိုက်သည်ကို အံ့ဩစွာ သိလိုက်ရပြီး သူ့ လက်ဝါးတစ်ဘက်က ဇော့် မျက်နှာတစ်ခြမ်းကို ပြင်းထန်စွာ ဖြတ်ရိုက်မိသွား၏။ နာကျင်မှုနှင့်ရှက်ရွံ့မှု နှစ်မျိုးလုံး ရောထွေးကာ မျက်နှာတစ်ခုလုံး ပူထူသွားပြီး ဆိုဖာလက်ရန်းပေါ် ခေါင်းစိုက်လျက် ကျသွားလေသည်။

"မင်းဘာသာ မင်း ပြန်မလား၊ ကိုယ် ဆွဲထုတ်ရမလား"

သူမ နာကြည်းစွာ မျက်စိဖွင့်ကြည့်လိုက်တော့ သူ အနီးမှာ မတ်တတ်ရပ်ပြီး ဇော့်ကို တင်းမာစွာ စိုက်ကြည့်လျက်ရှိသည်။ သူ့ကို





ကြည့်ရင်းကြည့်ရင်း ကျလုဆဲဆဲ ဇော့်မျက်ရည်များ ပျောက်ကွယ်ခန်းခြောက်သွားလေသည်။

"တင်တင်ဇော်. . . မင်း ပြန်တော့၊ ကိုယ် မင်းကိုဆွဲ မထုတ်ချင်ဘူး။ ညတစ်ညလုံး သေွးအေးအေးနဲ့ စဉ်းစားပါဦး။ မနက်ကိုယ် ရုံးမသွားခင် ကိုယ့်ဆီ ဖုန်းဆက်ပြီးအဖြေပေးပါ"

သူမ အားတင်း၍ မတ်မတ်ရပ်လိုက်၏။ ဇော့်အတွက်အခွင့်အရေး တစ်ညပေးဦးမည်ဆိုသော အဓိပ္ပာယ်ပေါ့လေ။ သူမ နာကြည်းစွာ အသံထွက်ရယ်မောလိုက်မိသည်။

"အခုဖြေလို့ရရင် ဖြေခဲ့ချင်ပါတယ်။ ငါ နင့်ကို ဘယ်တော့မှ လက်မထပ်ဘူး၊ သိလားနန္ဒ။ ငါ နင့်ကို သိပ်မုန်းတယ်"

* * *

ပြည်ထောင်စုရိပ်သာလမ်းသည် ဖေဖော်ဝါရီလကထက်ပင် ပိုမို တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။ မိုးရွာပြီးစ လတ်ဆတ်သော ရေငွေ့အနံ့နှင့် မြေသင်းနံ့မှာ မွှေးပျံ့နေဆဲဖြစ်သည်။

ပူနွေးရှက်ရွံ့သောမျက်နှာကို အောက်စိုက်ငုံ့လျက်မန်ကျည်းပင်အောက်က ပလက်ဖောင်းအုတ်ခုံနိမ့် အကွေးလေးပေါ်မှာ တင်တင်ဇော် တွန့်ဆုတ်စွာ ဝင်ထိုင်လိုက်၏။ နန္ဒတို့၏ သင်တန်းဆင်းချိန်ကို ၆ နာရီဟု သိထားသည်။ သူ ဘယ်လောက်ပဲ စိတ်ထိခိုက်နာကြည်းနေပါစေ၊ သင်တန်းကို အလွတ်ခံမည့်သူ မဟုတ်မှန်း ဇော်သိထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညတစ်ညလုံး တိတ်ဆိတ်စွာ ငိုကြွေးနာကြည်းပြီးနောက် မနက်မိုးလင်းသောအခါ နန္ဒအပေါ် ယစ်မူးစိတ်တို့ဖြင့် အိပ်ရာမှနိုးထလာခဲ့သည်။ သို့သော် နန္ဒထံမှ နှင်းဆီပန်းစည်း လာမပို့တော့ပါ။ နံနက်ရှစ်နာရီခွဲအထိ ဇော် တယ်လီဖုန်းစင်နားမှာ စောင့်နေခဲ့ပါလျက် သူ့ထံမှ တယ်လီဖုန်းလည်း မလာတော့ပါ။

မနက်ရုံးမသွားခင် တယ်လီဖုန်းဆက်၍ အဖြေပေးပါ ဟူသော သူပေးသည့် အခွင့်အရေးကို သူမကိုယ်တိုင် နာကြည်းစွာ ပုတ်ထုတ်ပစ်ခဲ့ပြီးသော်လည်း ဇော် ဖုန်းဆက်ရန် အကြိမ်ကြိမ် အားယူခဲ့မိသေး၏။ သူမ မအောင်မြင်ပါ။ တစ်နေကုန် မျိုသိပ်အားတင်းထားခဲ့ရပြီးနောက် ညနေလေးနာရီထိုးသွားသောအခါ ဇော် ဘယ်လိုမှ သည်းခံနိုင်စွမ်း မရှိတော့ပါ။ မနက်ဖြန်ညနေ ရေနံချောင်းသို့ ပြန်ဖို့ လက်မှတ်ဖြတ်ထားပြီးပြီ။ သည်တစ်ခါ ရေနံချောင်းသို့ပြန်ခြင်းသည် နန္ဒနှင့် အပြီးအပိုင် ခွဲခြင်းဖြစ်သွားမှာကို သူမ မလိုလားနိုင်ဘဲရှိနေသည်။ အလွန်ပြတ်သားသော နန္ဒ တစ်ယောက် သူမကို နောက်တစ်ကြိမ် ကြိုးစားတော့မည် မဟုတ်မှန်းလည်း သေချာနေပေပြီ။

လေးနာရီခွဲခါနီးအချိန်တွင် သူမ တယ်လီဖုန်းခွက်ကို ကောက်ကိုင်မိလျက်သားဖြစ်သွားသည်။ အလွတ်ရနေသော သူ့နံပါတ်ကို နှစ်ကြိမ်တိုင်တိုင် လှည့်ယူနားထောင်ကြည့်ပြီးမှ ဇော် ဖြူန်းခနဲ သတိရသွား၏။ ဒီနေ့ တနင်္လာနေ့ပါလား။ သူ သင်တန်းရှိနေတာပဲ။ ပထမတော့ သူ့တိုက်ခန်းမှာသွားစောင့်ဖို့ သူမ တွေးလိုက်သေးသည်။ သို့သော် သင်တန်းပြီးပြီးချင်း ပြန်လာဖို့ မသေချာပေ။ ဇော်နှင့်သူ ပြတ်တောက်စွာ လမ်းခွဲခဲ့ပြီးပြီဟု သူ ထင်နေသမျှ သူ့တိုက်ခန်းကို ယခင်လိုအချိန်မှန် ပြန်လာမှာဟုတ်။ သူငယ်ချင်းတွေနဲ့ သွားချင်သွားမည်။ သို့မဟုတ် ယခုအချိန်တွင် ရှိုးသားစွာ ခင်မင်နေကြပြီဟု





သူ ပြောခဲ့သော နွယ်နွယ်ငြိမ်းအောင်ဆီ ရောက်ချင်ရောက်သွားမည်။ ဤကဲ့သို့ တွေးလိုက်မိတော့ မနာလိုဝန်တိုစိတ်က ဖြုန်းခနဲ သွေးများဆူပွက်သွားစေ၏။ ထိုအတွေးကြောင့်ပင် သင်တန်းမှာ လာစောင့်ရန် စိတ်ကူးရသွားခြင်း ဖြစ်လေသည်။

သုံးရုံးဂိတ်ပေါက် တံခါးအကျယ်ကြီးကိုအတွင်းမှ သူတစ်ယောက် လာဖွင့်သွားပြီး မကြာမီမှာပင် ဘာအမျိုးအစားမှန်း ဖော်မခွဲခြားတတ်သော ဆီးရောင် ကားကလေး ငြိမ့်ခနဲဘီးလိမ့်ထွက်ခွာလာ၏။ သူမ နောက်သို့ ကိုယ်ကိုယို့၍ ကားထဲသို့လှမ်း ကြည့်လိုက်သည်။ နိုင်ငံခြားသားစုံတွဲက ကားရှေ့ခန်းမှာ ပြုံးရယ်စကားပြောရင်းပါသွား၏။ ထို့နောက်ခြံဝင်းတံခါးကြီးပြန် ပိတ်သွားပြန်ငေသယည်။

သင်တန်းပြီးပြီ ထင်ပါရဲ့။ နာရီကို ငုံ့ကြည့်လိုက်တော့ ၆နာရီထိုးနေပြီ။

ခဏအကြာတွင် လှမ်းမြင်နေရသော သုံးရုံးကြည့်တိုက်ဆီမှ တစ်စုချင်းလျှောက်လာသော လူများကို လှမ်းမြင်လိုက်ရလေသည်။ နှစ်ယောက်၊ငါးယောက်။ သူတို့သည် ဇော်နှင့် မျက်နှာချင်းဆိုင်ရှိနေသော စုံစမ်းစစ်ဆေးရေးဂိတ်ပေါက်ရှေ့က မလှမ်းတံခါးမှတစ်ယောက်ချင်းထွက်လာနေသည်။ ဇော် ထိုင်နေရာမှ တုန့်ဆုတ်စွာမတ်တတ်ရပ်လိုက်၏။

ခြံဝင်းအထဲတွင် ကျောက်စရစ်လမ်းအတိုင်း နန္ဒ လျှောက်လာနေသည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။ နန္ဒဘေးမှာ အသားခပ်ညိုညို လူငယ်တစ်ယောက်ပါလာ၏။ သူတို့နှစ်ယောက် ပြုံးရယ်စွာ စကားပြောလာကြသည်။ ထို့နောက် နန္ဒက ထိုလူ၏ပခုံးကို သိုင်းဖက်၍ အသံထွက်ရယ်မောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်သည် နေရာမှာ မြဲမြဲစွာ ရပ်နေခိုက် ရင်ထဲမှာ မခံချင်စိတ်ဖြင့် နာကြည်းလာသည်။ သူမ စိတ်ကူးယဉ် မျှော်လင့်ထားသလို ဇော့်ကို တမ်းတစိတ်ဖြင့် သူ နာကျင်ကြေကွဲမနေပါဘဲလား။ ထိုအသိသည် ဇော်၏ ဆံဖျားမှခြေဖျားအထိ ကြောက်စရာကောင်းလောက်အောင် စိမ့်ဝင်ပျံ့နှံ့သွားသည်။ ဘယ်လောက်များ ရှုံးမိုက်လိုက်သည့်ဇော် ပါလိမ့်။ သူ့အာရုံထဲတွင် တင်တင်ဇော်ဆိုသောမိန်းမတစ်ယောက်ပင် ရှိတော့ဟန်မတူပါ။

ဘုရား. . . ဘုရား၊ သူမ မှားယွင်းစွာ အညှံ့ခံမိတော့ မလို့ပါလား။

တွေဝေစွာရပ်နေသော ဇော် ရှိရာသို့ နန္ဒ မျက်လုံးများ စိုက်ငေးသွား၏။ လုံးဝ မမျှော်လင့်မထားသူတစ်ဦးကို မြင်လိုက်ရသောသူ့မျက်ဝန်းမှာ အံ့ဩရိပ်နှင့် အတူ ချက်ချင်း ရွှန်းစိုတောက်ပသွား၏။ သူငယ်ချင်းပခုံးကို ဖက်ထားသော သူ့လက်များပြုတ်သွားသည်။ သို့သော် ခဏအတွင်းတွင် သူ့မျက်ဝန်းမှာ ပြန်လည်ဖျော့မှိန်သွားသည်။ ထို့နောက်သူမ ရှိရာသို့ တွန့်ဆုတ်နှေးကွေးစွာ လျှောက်လာနေလေသည်။

ထောင်ချောက်တစ်ခုမှန်းသိစွာ သတိထား၍ ရှေ့တိုးလာသော သားကောင်၏ ခြေလှမ်းမျိုးဖြစ်သည်။

"မင်း. . . ဘာလိုချင်လို့လဲ"

ပြည်လမ်းတစ်လျှောက်လုံး စဉ်းစားစီစဉ်ထားခဲ့သော တောင်းပန်စကားများသည် ဇော့် ရင်တွင်းသို့ ဆို့နင့်စွာပြန်လည် ဝင်ရောက်သွားကြသည်။ သူမ အားယူ၍ ပြုံးလိုက်ပြီး လုပ်မိလုပ်ရာလွယ်အိတ်ထဲ အဆင်သင့်ပါလာသော နန္ဒ၏ စာအုပ်ကလေးကို ထုတ်ယူလိုက်၏။ စာအုပ်မှာ အပြာရောင်ကတ်ထူဖုံးစာအုပ် တစ်အုပ်





ဖြစ်ပြီး သံရုံးက ငှားဖတ်ထားခြင်း ဖြစ်သောကြောင့် ပြန်ပေးရမည်ဟု နန္ဒ ပြော၍ငှားခဲ့သော ကမူး၏ ကျဆုံးခြင်း (The Fall) ဖြစ်လေသည်။ ထို့နောက် တိတ်ဆိတ်စွာပင် သူ့ကို လှမ်းပေးလိုက်၏။ သူ တွန့်ဆုတ်စွာ လက်လှမ်းယူလိုက်လေသည်။

သူမ အားတင်း၍ နောက်ဘက်သို့ ခြေလှမ်းပြင်လှည့်လိုက်သောအခါ သူ နေရာတွင် ကျွန်နေရစ်ခဲ့၏။ ပြီးတော့ သူ့အသံ တိုးတိတ်စွာ ထွက်ပေါ်လာသည်။

"ဪ. . တင်တင်ဇော်၊ မင်းရဲ့ လော့ကက်ကလေး ကိုယ့်အခန်းမှာ ကျန်နေခဲ့တယ်"

သူမ တုံ့ခနဲရပ်လိုက်ပြီး သူ့ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ကမူး၏စာအုပ်ကို လက်ထဲရှိပြီးသား စာအုပ်နှင့်ရော၍ ဖွဖွကိုင်လျက် ဇော့်ကို သူ စူးစိုက်စွာကြည့်နေသည်။ သူမသည် အင်္ကျီအောက်၌ထား၍ ဆွဲလေ့ရှိသော ဆွဲကြိုးမျှင်မျှင်ကလေးကို ဆွဲထုတ်မ, ကြည့်သည်။ အသည်းပုံရွှေပြား လော့ကက်သီးလေး မရှိတော့ပါ။

"ကိုယ် လာပေးရမလား။ ဒါမှမဟုတ် ဖြိုးကျော်ကို လွှတ်ပြီး ယူခိုင်းမလား"

ပြတ်တောက်သော သူ့စကားကြောင့် သူမ ရင်နင့်စွာ ရယ်မောလိုက်၏။ ဇော့်ကို သူ့အခန်းသို့ မလာစေလိုသော သဘောပေါ့လေ။

"နေပါစေ နန္ဒရယ်၊ အသစ်တစ်ခု ပြန်လုပ်မှာပေါ့။ တစ်မတ်သားထက်မရှိပါဘူး"

အနည်းငယ်စဉ်းစားပြီးမှ နောက်တစ်ခွန်း ထပ်ပြောလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ဆီက ငါ ရယူထားသမျှတွေက ဒါ့ထက်မက တန်ဖိုးကြီးခဲ့ပါတယ်။ ကျေးဇူးပါပဲ"

သူ အာမေဋိတ်သံ တစ်ခုခုရွတ်လိုက်ပြီး ဇော့်ကို စူးစူးဝါးဝါး တစ်ချက်ကြည့်ကာ ဇော်နှင့် ဆန့်ကျင်ဘက် ဘတ်(ဒ်) လမ်းဘက်သို့ ချာခနဲ လှည့်ထွက်သွားသည်။

ဇော် ခါးခါးသီးသီး ပြုံးရင်း ရှေ့နားက ကျောက်စရစ်ခဲကလေးတစ်လုံးကို အရှိန်ပြင်းစွာ ကန်ထည့်လိုက်၏။

ပြည်ထောင်ရိပ်သာလမ်းမှ တိတ်ဆိတ်စွာ၊ လေးကန်စွာ ထွက်လာ သော ဇော်သည် ပြည်လမ်းမ ပလက်ဖောင်းရောက်တော့ ဘယ်သွားရမှန်း မသိသလို ရပ်နေလိုက်မိ၏။ မြေသင်းနံ့ပါသော မိုးသက်လေ ခပ်ရိုင်းရိုင်းသည် ဇော့်ဆံပင်များ အကျႌအနားစများ ကို ဝဲလွင့်သွားအောင် တိုက်ခတ်လိုက်၏။ တောင်ဘက်သွားတဲ့ ကားကိုစီးပြီး မြို့ထဲသွားရ မလား၊ မြောက်ဘက်သွားတဲ့ ကားကိုစီးပြီး စမ်းချောင်းကနေ ကြည့်မြင်တိုင်ကိုသွားရမလား။ ကားနှစ်ဆင့်စီးပြန်ရမည့် အတူတူ ပထမဆုံးရောက်လာသည့် ကားဖြင့်လိုက်သွားမည်။

ပထမဆုံးရောက်လာသည့်ကားမှာ တောင်ဘက်သို့သွားမည့် ၄၈ ကားဖြစ်သည်။ ကားပေါ်ထိုင်မိမှ ဇော် သတိရသွားသည်မှာ မနေ့က သူ့အခန်းမှာတွေ့ခဲ့ရသော ဇော်၏ ဓာတ်ပုံဖြစ်၏။ ဇော့် ဓာတ်ပုံမှာ ယခုတော့ နန္ဒအတွက် အပိုပစ္စည်းဖြစ်သွားပေပြီ။ထို ဓာတ်ပုံကို ဇော် ယူသွားမှဖြစ်မည်။ သူမ လွယ်အိတ်ထဲမှာ စပိတ်(ဒ်) ဖဲချပ်သော့တွဲကလေး ပါလာသည်။ သူ မသိမီ အခန်းသို့သွားပြီး တိ... တဆိတ်ယူလို့ ရနေတာပဲ။

၄၈ ဂိတ်ဆုံးမှ ၃၁ လမ်းသို့ နွေးကွေးလေးလံသော ခြေလှမ်းများနှင့် ဇော် လျှောက်လာခဲ့သည်။ ညနေ ၆ နာရီ ပတ်ဝန်းကျင်သည်





မဟာဗန္ဓုလလမ်းတစ်လျှောက် လူစည်ကားဆုံး အချိန်များဖြစ်နေသလားမသိ။ စိတ်ထွေပြားစွာ လှမ်းလာသော ခြေအစုံသည် လူတွေနှင့် ခဏခဏ တိုက်မိပြီးမှ ပြန်ဆုတ်ခဲ့ရလေသည်။

သူ့တိုက်ခန်းရှေ့ရောက်တော့ လှေကားမှမတက်မီသူ့အခန်း ဝရန်တာသို့ မော့ကြည့်လိုက်သေး၏။ ဝရန်တာတံခါးများ ပိတ်နေသည်။ သူ ဘယ်လိုနည်းနှင့်မျှ ပြန်ရောက်နိုင်ဦးမှာ မဟုတ်။

သူမ လှေကားတစ်လျှောက် လေးပင်စွာ တက်လာခဲ့၏။ သော့ခတ်ထားသော သံဆွဲတံခါးနှင့် ဖျဉ်တံခါး နှစ်ခုလုံးဖွင့်ပြီး အထဲသို့ တွန့်ဆုတ်စွာ ဝင်လိုက်သည်။ မနေ့က ညနေ ၆ နာရီ အထိ ဤအခန်းထဲတွင် သူမ ရှိနေခဲ့သော်လည်း ယခုမူ ဤအခန်းသို့ မရောက်ဖြစ်သည်မှာ ရက်ပေါင်းများစွာ ကြာမြင့်ခဲ့သလို ခံစားရသည်။

ရောက်ရောက်ချင်း တွေ့ရသည်မှာ ထမင်းစားပွဲအောက်မှာ စုလှည်းထားသော ဖန်ခွက်ကွဲစများ ဖြစ်၏။ ကြည့်ရသည်မှာတော့ ညက အရက်မူးမူးဖြင့် ပေါက်ခွဲပစ်ခဲ့ဟန် တူပါရဲ့။

သူမ ပခုံးတွန့်ကာ တစ်လှမ်းချင်း ဆက်လျှောက်သွားလိုက်သည်။ ဧည့်ခန်းစားပွဲပေါ်တွင် သောက်လက်စ ဖန်ခွက်တစ်ခု၊ ရေခဲသေတ္တာထဲမှ ရေခဲပြုလုပ်သော ပုံစံခွက်ကလေးများစွာပါသော ခွက်ကလေးတစ်ခု၊ ရေခဲညှပ်ယူသော သံမဏိညှပ်ကလေး တစ်ခုနှ ဇော် သူ့အိပ်ခန်းတံခါးကို သော့ဖွင့်၍ ဝင်လိုက်သည်။

ခုတင်ခေါင်းရင်းတွင် ခေါင်းအုံးနှစ်လုံးမှာ ခါတိုင်းလို ဘေးချင်းယှဉ်လျက် ထားဆဲပါလား။ သူ့ခုတင်ခေါင်းရင်း စားပွဲပေါ်မှာ သူမ ဓာတ်ပုံကို ထောင်လျက်သားတွေ့ရသည်။ ဓာတ်ပုံထဲက တင်တင်ဇော်သည် အပူအပင်ကင်းစွာ၊ နာကြည်းမှုကင်းစွာ ပြုံးနေ



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်။ ဓာတ်ပုံကို ကောက်ယူလိုက်ပြီး လှည့်ထွက်ရန်ပြင်ပြီးမှ သူ အိပ်နေကျ သည်ဘက်စွန်းက ခေါင်းအုံးလေးကို စိတ်မှတ်မထင် ငုံ့နမ်းလိုက်မိ၏။ မွှေးပျံ့သော ရနံ့တစ်ခုက နှာခေါင်းဝမှတစ်ဆင့် ရင်ထဲအထိ ဆို့နင့်စွာ ဝင်ရောက်သွားလေသည်။ ဇော် အပြင်သို့ ခပ်မြန်မြန် ထွက်လိုက်ရသည်။

ထိုအချိန်မှာပင် သူမ ပြန်ပိတ်ထားခဲ့သော တိုက်ခန်း ဖျဉ်ချပ်တံခါးလက်ကိုင်မှာ လည်လာပြီး တံခါးကို အပြင်မှ ဖွင့်လိုက်သည်ကို မြင်ရ၏။ သူမသည်နေရာတွင် မတ်မတ်ရပ်လျက် နှလုံးခုန်ရပ်လုနီးပါး ဖြစ်သွားသည်။

အခန်းထဲသို့ ဝင်လာသူမှာ နန္ဒဖြစ်လေသည်။ သော့ဖွင့်ထားသောတံခါးမို့ သူ မျှော်လင့်ထားပြီးသားဖြစ်မှာပေါ့။ သူ့မျက်နှာတွင် အံ့ဩရိပ် လုံးဝမရှိပါ။ သူမကို မြင်တော့ သူ့မျက်နှာထားက မဆိုစလောက် တင်းမာသွား၏။ သူမလက်ထဲက ဓာတ်ပုံကိုငေးကြည့်၍. . .

"မင်း မှားနေပြီ။ အဲဒါ မင်းပစ္စည်း မဟုတ်ဘူး" ဟု တားမြစ်သည်။ ဇော် တစ်ခွန်းမှပြန်မပြောပါ။ အခန်းဝမှာသာ မတ်တတ်ရပ်လျက်ရှိသည်။

သူက သူ့လက်ထဲမှာ ကိုင်ထားသော ပိုက်ဆံအိတ်အနက်၊ မှတ်စုစာအုပ်နှင့် 'ကျဆုံးခြင်း' စာအုပ်တို့ကို စားပွဲပေါ် အသာချပြီးသူမရှိရာသို့ လျှောက်လာသည်။

"ခဏလေး၊ ကိုယ် အခန်းထဲဝင်မလို့" သူမကို သူစိမ်းတစ်ယောက်လို အခန်းဝမှ ဖယ်ခိုင်းတော့ သူမ ရင်ထဲမှာနာကျင်သွား၏။ တကယ်ဆို 'မင်း ကိုယ့်ကို လက်ထပ်မယ်မဟုတ်လား' ဆိုသည့် မေးခွန်းလောက်ကိုတော့ နောက်တစ်ကြိမ်မေးဖို့ မကောင်း





ဘူးလား။ ဇော် နေရာဖယ်မပေးဘဲ နေရာမှာ တွေဝေစွာ ရပ်နေမိသည်။ အထပ်ထပ်ချထားခဲ့ပြီးသော ဆုံးဖြတ်ချက်များကို ပြန်လည်ပြင်ဆင်လို စိတ်ဖြင့် သူ့ကို ရီဝေစွာ ကြည့်မိသည်။

"မင်း ဖြိုးကျော်ကို ဖုန်းဆက်ပြီး လာခေါ်ခိုင်းဖို့ကောင်းတယ်။ အပြင်မှာ မိုးတွေရွာနေပြီ"

သူ့အဝတ်အစားများ မိုးစွန်း၍ အနည်းငယ်စိုထိုင်းနေသည်ကို အနီးကပ်မြင်ရ၏။

"ဟုတ်လား. . . ကျေးဇူးတင်ပါတယ်"

သူမ နေရာမရွှေ့ပါ။ သူ ပခုံးတွန့်လျက် ပြန်လှည့်ထွက်ကာ တယ်လီဖုန်းရှိရာသို့ လျှောက်သွားသည်။ ထို့နောက် စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး ဂဏန်းများကို စတင်လှည့်တော့သည်။ စကားပြောခွက်ကို လက်ဖြင့်ပိတ်လျက် ကိုင်ထားရင်း ဇော့်ဘက် လှည့်ကြည့်သည်။

"လာ. . .။ သူလာခေါ်ဖို့ မင်း ကိုယ်တိုင်လာပြောရင် ပိုကောင်းမယ်"

"ဘာထူးခြားမှာလဲ"

"မင်းအတွက် ထူးခြားတာပေါ့၊ မင်းရဲ့ ဂုဏ်သိက္ခာအတွက်လေ. . ."

ဂုဏ်သိက္ခာ။ မနေ့ကပင်၊ ဤအခန်းထဲမှာ သူမ၏ ဂုဏ်သိက္ခာကို သူ နင်းခြေပစ်ခဲ့ပြီ။ ယခု သူမ၏ ဂုဏ်သိက္ခာ အကြောင်းကို သူ ပြောပြန်ပြီ။

ဇော် ခေါင်းတစ်ချက် ခါယမ်းပြီး လက်ထဲက ဓာတ်ပုံကို စားပွဲပေါ် အသာအယာ သွားတင်ထားလိုက်သည်။ လွယ်အိတ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ထည့်ဖို့မလိုပါ။ ဤဓာတ်ပုံသည် သူမ ပစ္စည်းမဟုတ်ဟု သူ ပြောပြီးပြီ ဆိုမှတော့ သူ့ဘာသူ ဘာပဲလုပ်ပစ် ပစ် ဤပုံကို ပြန်မယူချင်တော့ပါ။

သူ ဖြူးထံ ဖုန်းဆက်စကားပြောနေစဉ် သူမသည် အေးစက်သော လက်ဖျားအချင်းချင်း ဆုပ်နယ်လျက် မတ်တတ်ရပ်နေမိသည်။

"အေး. . . မင်းတက္ကစီနဲ့ လာချင်ရင်လာ။ ဒါမှမဟုတ် ထီးနှစ်ချောင်း ယူချင်ယူခဲ့"

ခဏအကြာတွင် သူ တယ်လီဖုန်းပြန်ချလျက် အိပ်ခန်းဆီသို့ လျှောက်လာသည်။ သူမရှိရာသို့ တစ်ချက်မှ မျက်လုံးဝေ့မကြည့်ဘဲ အိပ်ခန်းတံခါးကို ဖွင့်ဝင်သွား၏။

သူမ မျက်လုံးများက တယ်လီဖုန်းစင်အောက် ကြမ်းပြင်ပေါ်မှာချထားသော ကက်ဆက်ဆီရောက်သွား၏။ ကက်ဆက် ထိုနေရာတွင် ရှိနေခဲ့သည်မှာ (ဇော် သိသလောက်) တစ်ပတ်ပင် ရှိချေပြီ။ နန္ဒဘယ်လောက် စိတ်ရှုပ်ထွေးနေသလဲဆိုလျှင် နံရံက မီးခလုတ်ကိုပင် မပိတ်ခဲ့ချေ။ ဇော်ခလုတ်ဖွင့်လျှင် ဖွင့်လိုက်ချင်း အကြိမ်ကြိမ်ကြားဖူးနေကျ ဘီးဂျီး(စ်)၏ အလွန်မှန်ကန်သော အချစ် (လပ်ဗ်ဆိုးရီးက်တ်) သီချင်းသံ တစ်ဝက်တစ်ပျက် ထွက်ပေါ်လာ၏။

အိုး. . . ကိုယ့်အချစ်ရယ်××ပြီးပြည့်စုံတဲ့အချစ်ဟာ အလွန်မှားယွင်းတာတွေကိုတောင် ဘယ်လောက်အထိ သွေဖည်သွားစေနိုင်တယ်ဆိုတာ××ပြောပြပါလား ကိုယ့်အချစ်ရယ်××တရင်းတနှီးရှိနေစေချင်တဲ့အချိန်မှာ××သူမက ကိုယ်နဲ့ဝေးရာကို ထွက်သွားပြီ××ဒီလိုနဲ့ ကိုယ်တို့ရဲ့ အချစ်ဇာတ်လမ်းလေးဟာ နိဒါန်းကတည်းက နိဂုံးချုပ်ခဲ့ပြီပဲ လေ×× မင်းကိုယ့်ဆီ ပြန်လာဦးမယ် ဆိုတာ××ကိုယ်တွေးမိပါရဲ့လေ ××အခုတော့××ကိုယ့်ဆီကို ပြန်လာစေမယ့် ကံတရားတစ်ခုသာ××ကိုယ်မျှော်လင့်စရာ ရှိတော့တယ်လေ×××





မိုးနံ့ပါသော လေခပ်ပြင်းပြင်းကြောင့် စိမ့်ခနဲ အေးမြသွားသော သူမသည် လက်နှစ်ဘက်ပိုက်လျက် သီချင်းသံကို ငေးငိုင်နားထောင်နေခိုက်မှာ အနီးသို့ နန္ဒလာရပ်၏။ သူက ကက်ဆက်ခလုတ်ကို မပြောမဆို ပိတ်ပစ်လိုက်၏။ ထို့နောက် စိမ်းမှောင်သော မျက်ဝန်းများဖြင့် သူမကိုကြည့်ကာ သူ့လက်ထဲက ပစ္စည်းတစ်ခုကို သူမအား ကမ်းပေး၏။ သူ့လက်ဖဝါးထဲမှာ အသည်းပုံရွှေလော့ကက်ပြားကလေး ရှိလေသည်။

"ကိုယ်မင်းကို ပေးခဲ့တာတွေထဲမှာ ဘာနဲ့မှတန်ဖိုးဖြတ်လို့မရတဲ့ ချစ်ခြင်းမေတ္တာတွေပါတယ်။ မင်းရဲ့ ဒီပစ္စည်းကို မင်းပြန်မယူရင် ကိုယ် မြစ်ထဲသွားချပစ်လိုက်မယ်"

သူ့အသံမှာ ခပ်တိမ်တိမ်၊ ခပ်အေးအေးဖြစ်နေ၏။ ဇော်သည် သူ့ကို စကားတစ်ခွန်းပြောဖို့ နှုတ်ခမ်းပြင်လိုက်ပြီးမှ ဘာမှမပြောတော့ဘဲ ငြိမ်သက်စွာ လှမ်းယူလိုက်သည်။ တတ်နိုင်သမျှသူ့လက်ဖဝါးနှင့် မထိမိအောင် ဂရုတစိုက်ယူလိုက်ခြင်းဖြစ်ပါသည်။

သူမတို့နှစ်ယောက် အလွန်နီးကပ်စွာရှိနေကြသော်လည်း သူ့ကိုယ်ခန္ဓာမှာ နွေးထွေးလှိုက်လှဲခြင်း ကင်းမဲ့လျက်ရှိသည်။ မိုးစိုထိုင်း၍ နောက်ပြန်လှန်ဖြီးထားသော ဆံပင်များမှာ ယခင်ကထက်ပို၍ ရှည်လျားနေသည်ကို ပထမဆုံးအကြိမ်သတိထားမိသည်။ ပန်းသွေးဖြင့် စိုလက်နေကျ သူ့နှုတ်ခမ်းများမှာ ဖြူဖျော့ခြောက်သွေ့နေကြသည်။

"ဒါဖြင့်. . . နင် ငါ့ကို တစ်လျှောက်လုံး ချစ်လာခဲ့တယ်. . . လို့ ဆိုချင်တာလား"

သူမ တိုးတိတ်စွာမေးတော့လည်း သူ မဖြေဘဲ ပန်းထိမ်းသာတွန့်ကျလျက် သူမအနီးမှ ထွက်ခွာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမားရိုးကျ သမီးရည်းစားများ၊ချစ်သူများ တစ်ယောက်ကိုတစ်ယောက် အမုန်းဖြင့် ခွဲခွာကြဖို့ ဘယ်လောက်သတ္တိကောင်းလိုက်ကြပါသလဲ။ ဇော်ဖြင့် နန္ဒကို အမုန်းဖြင့် ထားရစ်ခဲ့ဖို့ တွေးလိုက်လျှင်ပင် ရင်ထဲမှာ နာကျင်ဆွတ်ပျံ့လျက်ရှိသည်။ သူမ လေးပင်တွန့်ဆုတ်စွာ သူ ရှိရာဘက်သို့ လှည့်ကြည့်လိုက်သည်။

သူ ဧည့်ခန်းမှာ ရှိမနေပါ။ အိပ်ခန်းထဲမှာ ရောက်သွားပြီထင်ပါရဲ့။ ဧည့်ခန်းဆိုဖာမှာ သွားထိုင်လိုက်၍ နောက်မှီကို ကျောဆန့်မှီကာ မျက်စိ တအားမှိတ်ထားလိုက်၏။

ဤကဲ့သို့ ဇာတ်သိမ်းမျိုးဖြင့် ဖြစ်လာလိမ့်မည်ဟု မနေ့က အထိ သူမ မထင်ခဲ့ပါ။ နှလုံးသည် နူးညံ့ကြေကွဲစွာ ခပ်ဖြည်းဖြည်း ခုန်နေသည်။

ဤအဖြစ်အပျက်ကို ဖြိုးသိသွားလျှင် ဇော့်ကိုပဲ အပြစ်ဆိုလိမ့်မည်။ မိန်းမတစ်ယောက်ဖြစ်ပါလျက်နှင့်ရသည့် အခွင့်အရေးကို ပုတ်ထုတ်ပစ်ပယ်သူဟု ကရုဏာဒေါသဖြင့် ဆူပူလိမ့်မည်။

'နင်က သူ့ကို လက်မထပ်ချင်ရင် ဘယ်သူ့ကိုများလက်ထပ်ချင်သေးတာလဲ' ဟူသည့် မေးခွန်းမျိုးကိုတော့ လွှတ်ခနဲပင် မေးလိမ့်မည်မဟုတ်။ ဖြိုးသည် ဇော်နှင့် စကားပြောလျှင် အလွန်အမင်း ထိန်းချုပ်ရှောင်ရှားတတ်သူသာ ဖြစ်လေသည်။

ငြိမ်သက်တိတ်ဆိတ်သော အခန်း၌ ပတ်ဝန်းကျင်ကို မေ့လျော့ကာ စိတ်ထိခိုက် ကြေကွဲနေမိသော ဇော်သည် အနီးသို့ ဖြိုးလာရပ်နှုတ်ဆက်တော့မှ မျက်လုံးဖွင့်ကြည့်မိသည်။

"မိဇော်. . . ဟိုကောင်ရော. . ."

ဖြိုးသည် အပြာရောင် ဖီးလ်(ဒ်) ဂျက်ကက်ဘေးအိတ်များထဲသို့ လက်နှစ်ဘက် ထိုးသွင်းလျက် မတ်တတ်ရပ်နေ၏။





"အခန်းထဲမှာ ထင်ပါရဲ့၊ ထီးပါလား"

"မပါဘူး၊ ငါ တက္ကစီနဲ့လာတာ၊ အောက်မှာစောင့်လို့. . .၊ နင် ဘာပြဿနာဖြစ်လို့လဲ"

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူး၊ ရှေ့ဆက်ပြီး နင် ငါ့အတွက် ဘယ်သူ့ကိုမှ လိမ်ညာဖုံးဖိပေးစရာ မလိုတော့ဘူး။ ဘယ်သူ့ကိုမှလဲ လည်ပင်းညှစ်သတ်ပစ်ချင်စိတ်ပေါ်တော့မှာ မဟုတ်တော့ဘူး...သိလား"

သူမ နာကြည်းစွာ အသံထွက် ရယ်မောလိုက်မိသေးသည်။

"ဝမ်းသာစရာမကောင်းဘူးလား ဖြိုး"

ဖြိုးက နားမလည်နိုင်သလို မျက်မှောင်တွန့်ချိုးလျက် သူမကို ကြည့်သည် ဇော် ဖျတ်ခနဲ မတ်တတ်ရပ်လိုက်၏။

"စာထိုင်နေဦးနော်၊ ငါ နန္ဒကို နှုတ်ဆက်လိုက်ဦးမယ်"

ဖြိုးကျော် မထိုင်ပါ။

ဇော် အခန်းတံခါးလက်ကိုင်ကို လှည့်ဖွင့်၍ သူ့အခန်းထဲသို့ ဖြည်းညင်းစွာ ဝင်ခဲ့သည်။ ခုတင်ပေါ်မှာ နန္ဒ နဖူးပေါ် လက်တင်လျက် လဲလျောင်းနေလေသည်။ သူ မျက်စိမှိတ်မထားပါ။ သူ့မျက်လုံးများ မျက်နှာကျက်ရှိရာသို့ စိုက်ငေးနေကြသည်။ ဇော် သူ့ခုတင်ဘေးသို့ ညင်သာသော ခြေလှမ်းများဖြင့် ရောက်လာ၏။

"ငါ မနက်ဖြန် ညနေ ပြန်တော့မယ် နန္ဒ"

သူ သူမဘက်သို့ လှည့်မကြည့်ပါ။ နီးကပ်စွာရပ်နေသော သူမကိုယ်မှ နွေးထွေးလှိုက်လှဲမှုကိုလည်း သူ ခံစားရဟန်မတူပါ။

"နင် ငါ့ကို တစ်ခုခုပြောစရာရှိသေးလား"

ဤသည်မှာ ဇော်၏ မိန်းမမာနကို အဘတ်နိုင်ဆုံး သူ့ခြေဖဝါးအောက်သို့ ချပေးလိုက်ခြင်းဖြစ်ကြောင်း သူ ရိပ်မိပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အကြာကြီး ငြိမ်သက်နေပြီးမှ နဖူးပေါ်မှလက်ကိုဖယ်ကာ သူမ ရှိရာသို့ ခေါင်းလှည့်ကြည့်သည်။ လုံးဝ ပြုံးရယ်ခြင်းမရှိသော သူ့ မျက်နှာက တည်ကြည့်ရှုံ့မှုမက နာကြည်းမှုပါ ဖွက်ဖက်နေသလို ထင်ရသည်။ သူ စကားတစ်ခွန်းသာ ပြောပါသည်။

"ဂွတ်ဒ်ဘိုင်..."

ထိုစကားတစ်ခွန်းသည် တင်တင်ဇော်၏ နှလုံးသားကို အရှိန်ပြင်းစွာ ရိုက်နှက်ထုချေပစ်လိုက်၏။ သူမ မျက်ရည်များချက်ချင်း ပြည့်လျှံလာသဖြင့် နောက်ဘက်သို့ လှည့်ထွက်လိုက်ပြီး ခေါင်းကို ဆတ်ခနဲ ယမ်းခါပစ်လိုက်သောအခါ မျက်ရည်စက်များ ဘေးသို့ လွင့်စဉ်သွား၏။ ဇော် ခြေလှမ်းပြင်လိုက်ပြီးမှ သတိရသွားပြီး လွယ်အိတ်ထဲမှာ ယခုတိုင်ရှိနေသော သော့သုံးချောင်းပါသည့် ဘော့တွဲကလေးကို ထုတ်ယူလိုက်၏။

သူ့ဘက်သို့ ပြန်လှည့်လိုက်သောအခါ သူမ ငေးမောနေသော သူ့မျက်လုံးများနှင့် ရင်ဆိုင်လိုက်ရတော့သည်။ သူမသည် သော့တွဲကလေးကို လက်က တန်းလန်းမြောက်ကိုင်လျက် သူ့မွေ့ရာပေါ်သို့ အညင်သာဆုံး ချပေးလိုက်မိသည်။ ထို့နောက် သူ့ကို တစ်ချက် ပြုံးပြပြီးမှ လှည့်ထွက်လာခဲ့လေသည်။

အပြင်သို့ရောက်တော့ မျက်ရည်ပြည့်လျှံနေသော မျက်လုံးများကို ဖြိုးက တုန်လှုပ်စွာကြည့်၍ တစ်ခုခုပြောတော့မလို နှုတ်ခမ်းပြင်၏။ ဇော် သူ့နှုတ်ခမ်းကို လက်ဝါးဖြင့် အသာပိတ်ပေးလိုက်သည်။

"ဘာမှမပြောပါနဲ့ ဖြိုး၊ ဒါ မဆန်းပါဘူး။ လောကဟာ ငါ့ကို ဘယ်တုန်းကမှ လိုက်လျောခဲ့တာမဟုတ်ပါဘူး"

* * *



## အခန်း(၆)

ဤညအဖို့ ဒုတိယအကြိမ်မြောက် ခေါင်းလောင်းသံကို ကြားလိုက်ရသောအခါ ဌာန် ၁၈ရက် နံနက်သို့ ကူးပြောင်း၍ နံနက် ၁နာရီပင် ထိုးလုပေပြီ။

ပထမတော့ အိပ်မက်ထဲကအသံလို ခပ်တိုးတိုး ...။ နောက် အိပ်ရာမှ လန့်နိုးလာတော့ ခေါင်းလောင်းသံမှန်း ဧသချာသွားသည်။ ရီဝေ မှုးနောက်နေသော အာရုံကို ကြိုးစား ထိန်းချုပ်ပြီး စူးစိုက်ကြည့် သော်လည်း မေ့ခနဲ ပြန်အိပ်ပျော်သွားပြန်၏။ သို့သော် အဆက် မပြတ် ကျယ်လောင်စွာ ဆူညံလာသောအသံကြောင့် ရုတ်ချည်းနိုး လာပြန်သည်။ ခေါင်းလောင်းသံကို ဘယ်တုန်းကမှ မကြားဘူးသလို နားထောင်နေရင်း မျက်စိဖွင့်ဖို့ ကြိုးစားသည်။ သေတော့မှာပဲ... ဒီခေါင်းလောင်းကြီးကို မနက်ဖြန်ကျ သတိတရ ဖြုတ်ကိုပစ်လိုက်ဦး မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အိမ်ရှေ့တံခါးပွင့်သံ ကြားရ၏။ ဖေဖေ နိုးသွားပြီထင်ပါရဲ့။

ဆရာဝန်တစ်ယောက်၏ အဖေအဖြစ် ရင်ဆိုင်ရမည့် အခက်အခဲများကို ကြိုတင်တွက်ဆထားစဉ်က နှစ်နာရီအတွင်းအိပ်ရာမှ နှစ်ကြိမ်တိုင်တိုင် အနိုးခံရခြင်းမျိုး မပါနိုင်...ဟု တင်တင်ဇော် လောင်းရဲသည်။ လေးလံ ထိုင်းမှိုင်းနေသော တစ်ကိုယ်လုံးကို ခုတင်ပေါ်မှ တရွတ်ဆွဲ ဆင်းလိုက်ရ၏။

အခန်းတံခါးကိုဖွင့်ပြီး အပြင်ထွက်လိုက်တော့ အိမ်ရှေ့ခန်း ဖန်ချောင်း မီးလင်းနေသည်။ ခဏနေမှ ဖေဖေက အိမ်အပြင်ဘက်မှ ပြန်ဝင်လာသည်။ နောက်တွင် မည်သည့်လူနာမျှ မပါပါ။

"ဓားထိုးခံရတာပါတဲ့ သမီးရာ။ သမီး လုပ်ပေးလို့မှမဖြစ်တာ။ ဆေးရုံသွားဖို့ ပြောလိုက်တယ်"

ရဲအရေးပိုင်သော အမှုအခင်း ဒဏ်ရာများကို ပြင်ပဆေးခန်းများတွင် ကုသခွင့် မရှိကြောင်း လေးနှစ်တာအတွေ့အကြုံအရ ဖေဖေ သိခဲ့ပြီဖြစ်သည်။

"သွား...သွား...သမီး အိပ်ချည်တော့"

ဖေဖေ တံခါးပြန်ပိတ်ပြီး အိပ်ရာဝင်မှ သူမ အခန်းထဲသို့ ပြန်ဝင်ခဲ့ပါသည်။

တင်တင်ဇော်သည် အခန်းမီး မပိတ်ဘဲနှင့် အိပ်ပျော်သွားမိခြင်းဖြစ်၏။ ဇော့် ခေါင်းအုံးဘေးတွင် နန္ဒ ပေးထားသော ဗာဂျီးနီးယားဝုဲ(လ်)(ဖ်)၏ 'မီးပြတိုက်သို့' ဝတ္ထုစာအုပ်ချထား၏။ စာအုပ်၏ ဒုတိယစာမျက်နှာ ညာဘက်ထိပ်တွင် 'မင်းအတွက် ထာဝရနိုဝယ်လ်' ဟူသော အနက်ရောင် အင်္ဂလိပ်လက်ရေး ရှိနေလိမ့်မည်။ထိုလက်မှတ်များကို သူမ ဖွင့်မကြည့်ချင်တော့ပါ။





ရန်ကုန်မှ မေလ ၁၀ရက်နေ့က ပြန်လာခဲ့ပြီးနောက် နန္ဒနှင့် သူမ လုံးဝ အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။ ယစ်မူးတမ်းတစိတ်များ ပြည့်လျှံလာသည့်အခါ ပြတင်းပေါက် ပေါင်များ၊ စားပွဲခွန်းများကို လက်သီးဖြင့် တအားထိုး၍ မိမိကိုယ်မိမိ နာကျင်အောင် နှိပ်စက်ပြီး ဝေဒနာချင်းလွှဲပြောင်းယူလေ့ရှိပါသည်။ ယခင်က မက်မောစွာ နားထောင်ခံစားခဲ့သော ဂီတနက်သန် ကိုဇေညိန်း၏ သီချင်းတိပ်ခွေများ၊ ကိုသန်းလှိုင်၏ သီချင်းတိပ်ခွေများနှင့် ခင်ညွန့်ရီ ပြန်ဆိုသော ပန်းပန်လျက်ပါ သီချင်းတိပ်ခွေတို့ကို စာအုပ်ဗီရိုအောက်ဆုံးမှာ သော့ခတ် သိမ်းဆည်းထားလိုက်ပြီ။

မီးပိတ်ပြီး အိပ်ရန် မီးခလုပ်ရှိရာသို့ လက်လှမ်းလိုက်ခဲ့ မိုးစက်ဖွဲဖွဲကလေးများပါသော လေပြင်းတစ်ချက် သည်းပက်လိုက်သဖြင့် ခန်းဆီးစများ လွင့်လူးသွား၏။ ပြတင်းပေါက် မပိတ်ဘဲ အိပ်ပျော်သွားခဲ့သောကြောင့် သူမ တစ်ကိုယ်လုံး ထိုင်းမှိုင်းလေးပင်နေခြင်း ဖြစ်ရမည်။ ခန်းဆီးကို သိမ်းဖယ်လျက် ပြတင်းပေါက်ပိတ်ရန် ပြင်ဆင်လိုက်သောအခါ လရောင်လုံးဝမရှိသော အပြင်မှာ မိုးစက်ခပ်ကျဲကျဲ တဖြောက်ဖြောက် ကျနေသည်ကို အခန်းတွင်းမှ ဖြာထွက်နေသော ဖန်ချောင်းမီးအလင်းရောင်ဖြင့် မြင်ရ၏။ ထိုနောက် အမြဲဘမ်းကြည့်နေကျ တောင်ဘက်ကုန်းနိမ့် ဆင်ခြေလျှောတစ်လျှောက်မှ သစ်ပင်တန်းဆီသို့ အလိုအလျောက် မျက်စိအာရုံရောက်သွားသည်။ ခန်းဆီးကို ပင့်တင်ထားသော ဇော့်လက်များ တင်းကျပ်စွာ ဆုပ်မိလျက်သား ဖြစ်သွား၏။

ဆယ့်နှစ်ရာသီပင်တန်းတွင် တစ်စုံတစ်ယောက် ရှိနေပြီး ဤအိမ်ဘက်သို့ လှမ်းကြည့်နေသည်။ မိုးက တဖြည်းဖြည်း စိပ်လာ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ထိုတစ်စုံတစ်ယောက်က သစ်ပင်အောက်တွင် မလှုပ်မယှက် မတ်တတ်ရပ်လျက်...။

ဘုရားရေ .. ဘယ်လိုပါလိမ့်။ ဇော်တို့ ခြံစည်းရိုးတိုင်များမှာ အနည်းငယ်နိမ့်ပြီး ဇော့် အခန်းက အမြင့်ပိုင်းမှာရှိသောကြောင့် မှုန်ဝါးဝါး မီးရောင်အလင်းဖြင့် သူ့တစ်ကိုယ်လုံး ၏သဏ္ဍာန်ကို အကဲဖမ်း၍ရသည်။ ယောကျ်ားတစ်ယောက်ပဲ။ ပုဆိုးဝတ်ထားခြင်း မဟုတ်။ ဘောင်းဘီအရှည်နှင့် (သူမ စိတ်အထင်တော့) ဂျာကင်အကျႌလို ခပ်ထူထူ ခပ်ပွပွကို ဝတ်ထားသည်။ နှုတ်ခမ်းမှာ ဆေးလိပ်မီး ရဲခနဲ နီသွားတာ မြင်လိုက်ရသေး၏။ ဇော် ရင်တထိတ်ထိတ်ခုန်လျက် ပြတင်းပေါက်ကို ကပျာကယာ ပိတ်ဖို့ပြင်လိုက်သည်။

ထိုအခိုက်မှာပင် ပြိုးပြက်သော လျှစ်စီးတစ်ချက် ဝင်းလက်သွားသဖြင့် ထို အရိပ်သဏ္ဍာန်ကို သူမ မထင်မရှား ပုံဖမ်းလိုက်မိသည်။

ဖြိုး... ။

မဖြစ်နိုင်ပါ။ ဖြိုးက ရန်ကုန်မှာ ကျန်နေခဲ့သည်ပဲ။ ဇော့်ကို ကားဂိတ်လိုက်ပို့သည့်နေ့က ဖြိုး မျက်နှာမကောင်းလှပါ။

"ညကျမှ ဟိုကောင့်အခန်းကို ငါ သွားလိုက်ဦးမယ်" ဟု တစ်ခွန်းသာ ပြောခဲ့သည်။ သူမ ခါးခါးသီးသီး ငြင်းပယ်ခဲ့၏။

"မလုပ်ပါနဲ့၊ တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မလိုအပ်ကြတော့ပါဘူး။ ဒီအတိုင်းပဲ နေပါစေတော့ ဖြိုးရာ"

သူ ခေါင်းယမ်း၍ ပြုံးရယ်လေသည်။

"မပူပါနဲ့ ဇော်၊ ငါ နင့်အကြောင်း တစ်ခွန်းမှမပြောပါဘူး တို့အရက်သောက်ကြမှာပါ"





သူမ ပိတ်တော့မည့်ဆဲဆဲ တံခါးကို အကျယ်ကြီးဆွဲဖွင့်လျက် ထိုနေရာဆီသို့ လှမ်းကြည့်မိပြန်သည်။ ထိုတစ်ယောက်က အပင်ရိပ်မှခွာကာ ခရစ်ယာန်သချိုင်းဘက်သို့ တရွေ့ရွေ့လျှောက်သွားသည်။ ခေါင်းငုံ့၍ လက်လွဲလမ်းလျှောက်ပုံ၊ လေးနွဲ့နွဲ့ ခြေလှမ်းကျယ်ကျယ် လှမ်းပုံတို့မှာ ဖြိုး၏ ထုံးစံအတိုင်းဖြစ်၏။ သူမ ချက်ချင်း အခန်းအပြင်သို့ ထွက်လိုက်သည်။

နောက်ဖေးတံခါးပေါက်ကို အသံမမြည်အောင် ဖွင့်လျက် မိုးဖွဲများအကြားတွင် ခပ်သွက်သွက် ပြေးဆင်းလာခဲ့သည်။ အံ့သြစရာပင်၊ ထိုအချိန်၌ သူမ ကြောက်စိတ်လုံးဝမရှိချေ။ ခြံစည်းရိုးအနားအထိ ခြေသံဖွဖွဖြင့် ပြေးဆင်းလာခဲ့ပြီး ဂလန့်ထိုးပိတ်ထားသော တံခါးကို ကသောကမျောဖွင့်လိုက်၏။ ထိုအရိပ်သဏ္ဍာန်မှာ တောတန်းမှလွန်လျက် လက်ဝါးကပ်တိုင်စိုက်ထားသော သချိုင်းအုတ်ဂူတစ်ခုအနီးသို့ပင် ရောက်ချေပြီ။

မျက်နှာပေါ် လာ၍ စင်သော မိုးစက်မိုးပေါက်များအကြားမှ ဝိုးတဝါးအမြင်ဖြင့် ဖြိုးဟု သူမ သေချာသွားသည်။

တံခါးကို ဆွဲအဖွင့်မှာ ကျီခနဲ မြည်သွားသဖြင့် သူက တုံ့ရပ်ကာ သည်ဘက် လှည့်ကြည့်သည်။ လျှပ်စီးတစ်ချက်လက်သွားပြန်သည်။

"ဖြိုး ...." သူမ အသံမှာ တိုးတိုးကလေးဖြစ်သွား၏။ မယုံကြည်နိုင်သော ခြေလှမ်းများဖြင့် သူရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားစဉ် ဖြိုးက သူမဆီသို့ ခပ်သွက်သွက်လျှောက်လာသည်။ နီးကပ်လာသောအခါ အံ့သြတုန်လှုပ်နေသော သူမအား သူ နှုတ်ဆက်၏။

"မအိပ်သေးဘူးလား ဇော် ...."



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား ...၊ ဖြိုး ပါပဲလား။

"နင် ဘယ်လိုဖြစ်လာတာလဲ။ နင် ရေနံချောင်းကို ဘယ်တုန်းကရောက်လဲ၊ ဘာလာလုပ်တာလဲ"

"ငါရောက်နေတာ နှစ်ရက်ရှိပြီ"

"ဟယ် .... နင်နေနိုင်လိုက်တာ၊ ဘာလို့မလာတာလဲ"

သူ ဇော့် အနားသို့ တိုးကပ်လာသောအခါ ဖွာလိမ် စိုစွတ်နေသော ဆံပင်များအောက်မှာ မိုးစက်စွန်းထင်းသောမျက်နှာ ခပ်တည်တည်ကို မသဲမကွဲမြင်ရသည်။

"ငါလား၊ ငါ နင့်ဆီ လာရကောင်းမလား၊ မလာဘဲနေရကောင်းမလားလို့ ဝေခွဲမရဖြစ်နေလို့ပါ။မနေ့ညကလဲ ငါ ဒီအပင်အောက်ကနေ နင်တို့အိမ်ကို ခဏ လှမ်းကြည့်သေးတယ်။ ညဆယ်နာရီလောက်တုန်းက..."

သူမ အံ့သြသွား၏။

"တကယ်လို့ ငါ မနိုးလို့ တံခါးပိတ်ဖို့လဲ မကြိုးစားမိဘူးဆိုရင် နင့်ကိုလဲ မမြင်ဘူးဆိုရင် နင် ဘာလုပ်မှာလဲ"

"မနေ့ညကလိုပဲ ငါ ပြန်သွားမှာပေါ့"

သူ့ မျက်နှာတွင် နောက်ပြောင်သော အမူအရာမျိုး မတွေ့ရပါ။

"အဲဒါ ဘာအဓိပ္ပာယ်လဲဟင်..."

သူ ဘာမှမဖြေဘဲ စီးကရက်ကို တအားရှိုက်ဖွာလိုက်သည်။ နောက်ပြီး စီးကရက်ကို ရေစိုမှာ စိုး၍သလို လက်နှစ်ဘက်ဖြင့် ကာထားလိုက်သေးသည်။ သူမ၏ မေးခွန်းကို ဖြေမည့်ပုံမပေါ်ပါ။

"နင် ဘာဖြစ်လို့ ရေနံချောင်းကို လာတာလဲ ဖြိုး"

"နင့်ကို လာနှုတ်ဆက်တာ"





"ဘာ..."

"နေပါဦးဟာ၊ ငါ ဒီည နင်နဲ့တွေ့မယ်လို့မထင်လို့ စကားတွေကို မစီစဉ်ခဲ့ရဘူး။ နင် နားထောင်လို့ အဆင်ပြေအောင် ငါစဉ်းစားလိုက်ပါရစေဦး"

"မစဉ်းစားနဲ့ ငါ မေးတာဖြေ။ နင် ငါ့ဆီကို ဘာဖြစ်လို့ စာမပြန်တာလဲ"

"ငါ နင့်စာကို နန္ဒဆီ သွားပြလိုက်တယ်"

ဘုရားရေ...။

ဇော် ထိတ်လန့်တုန်လှုပ်စွာ ရေစိုနေသော သူ့အင်္ကျီကို စုဆုပ်ထားလိုက်မိသည်။

"နင် ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ" သူမ အသံမှာ လွှတ်ခနဲ ကျယ်လောင်သွား၏။

သူ သူမလက်ကို အသာဖြေယူ၍ နောက်သို့ တစ်လှမ်း ဆုတ်လိုက်လေသည်။

"ဘာလို့ လုပ်ရတာလဲဆိုတော့ ဒီလောကမှာ နင်နဲ့ငါနဲ့ ဆက်ဆံရေးကို မရိုးသားဘူးလို့ထင်တဲ့ လူတစ်ယောက် ကိုးလာလို့ပေါ့"

"နင် ဘာတွေ ပြောနေတာလဲ"

"နင် နဲ့ ငါ့ကို စွပ်စွဲနေကြတဲ့ လူတွေထဲမှာ နန္ဒ ပါ ပါနေပြီ...လို့ ပြောတာ"

သူမ ကြောင်အ, စွာ ငေးမောနေဆဲ။

"ဒီကောင့်ကို ငါ ဆွဲထိုးပစ်ခဲ့တယ်"

လူတစ်ယောက်ကို လောလောလတ်လတ် လက်သီးနှင့် ထိုးခဲ့သူလို သူက သူ့ လက်နှစ်ဘက်ကို ဖြန့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ထားပါတော့၊ ဒါနဲ့ စာမပြန်တာနဲ့ ဘာဆိုင်သလဲ"

"အဲဒီ စာကို ဖတ်ပြီး စဉ်းစားမိတာ တစ်ခုပဲရှိတယ်။ ဒီစာကို ပြန်ဖို့ ငါ့မှာတာဝန်မရှိဘူး၊ ငါ့မှာရှိတဲ့ တာဝန်က ဒီစာကို နန္ဒကို သွားပြဖို့ပဲလို့။ ဒါပေမယ့် ဇော်... နင် ယုံချင်မှ ယုံပါ၊ အဲဒီအချိန်ဟာ ဒီကောင့်ကို ငါ အမုန်းဆုံး အချိန်ပါပဲ"

ဦးခေါင်းပေါ်သို့ တစ်စက်ခြင်း ကျဲပါးပြတ်တောက်စွာ ကျနေသော မိုးစက်များကို လက်ဖြင့်သပ်ချပြီး သူမ တိတ်ဆိတ်စွာ တွေဝေနေတော့သည်။ ဖြိုးထံ ရေးလိုက်သော စာထဲမှ တစ်ပိုဒ်ကို သူမ အလွတ်ရပါသည်။

ဘေးကတစ်ယောက်ယောက် တိုက်တွန်း မြှမ်းခြောက်ပေးမှရမယ့် ယောက်ျားတစ်ယောက်ကို ငါ ဘယ်တော့မှမလိုချင်ဘူးဆိုတာ နင် သိဖို့ကောင်းတာပေါ့ ဖြိုး။ နင် သူ့ကိုဘာစကားမှ မတိုက်တွန်းပါနဲ့။ ကျေးဇူးပြုပြီး ငါ့ကို အဲဒီတစ်ခုတော့ ကူညီပါ။

ဟိုအလျှင် လပေါင်းများစွာကတည်းက ငါဟာ သူ့အတွက်တော့ တစ်စုံတစ်ခုရဲ့ နောက်မှာထားရမယ့် အရာတစ်ခုပဲဖြစ်ခဲ့ကြောင်း ရိပ်မိပြီးသားပါ။ အလုပ်ချိန်တိကျမှုရဲ့နောက်၊ သူ့ရာထူးရဲ့နောက်၊ ပြင်သစ်စကားပြောသင်တန်းရဲ့နောက်၊ ဆာလောင်မှုရဲ့နောက်၊ ငွေကြေးရဲ့နောက်...၊ငါ ဟာ အရာရာရဲ့ နောက်မှာသာ ရှိနေခဲ့တယ်။ နာကြည်းတတ်မယ်ဆိုရင်တော့ သိပ်နာကြည်းဖို့ကောင်းတာပေါ့ ဖြိုး...ရယ်။ ဒါပေမယ့် သူ့ကို ကြာရှည် နာကြည်းလို့မရဘူးလို့ နင့်ကို





ပြောရင် နင် သိပ်များ အံ့သြသွားမလား..။

ရယ်စရာကြီးနော်... ဖြိုး...။

ဇော် ခေါင်းငိုက်စိုက်ချလျက် မိုးစိုစွတ်သော သဲပြင်ကို ငုံ့ကြည့်တွေဝေနေ၏။

ဖြိုးရယ်၊ ငါ့စာကို သူ့ကိုမှ သွားပြရ[illegible]

"သူ ငါ့ကို ဘာပြန်ပြောတယ်ဆိုတာ နင် [illegible]ချင်ရဲ့လား မိဇော်"

သူ့ကို မော့ကြည့်လိုက်တော့ သူ သူမကို ငုံ့[illegible] မီးလင်းနေသော၊ ခန်းဆီးစလွင့်နေသော သူမ၏ [illegible] လှမ်းငေးနေခြင်း ဖြစ်သည်။

"မပြောနဲ့တော့ဖြိုး၊ သူ ဘာပြောတယ်ဆိုတာ ငါ [illegible] တော့ပါဘူး။ ငါ သိချင်တာ တစ်ခုတည်းပဲ ရှိပါတယ်၊ [illegible] နင် ငါ့ကို လာနှုတ်ဆက်တာလို့ပြောခဲ့တယ်။ နင် ဘယ်သွား[illegible]"

"ငါ လက်ထပ်ရတော့မယ်"

ဇော် အံ့သြစွာ၊ စိတ်ထိခိုက်သွား၏။ လက်ထပ်ရ[illegible] လက်ထပ်တော့မယ်လို့ သူ မပြောပါလား။

"ဘာဖြစ်လို့လဲဖြိုး... မြို့င့်မှာ...ဟိုဒင်း..."

"ငတုံး"

သူက ဇော့်ကို တစ်ခွန်းဆဲလျက် ခြောက်သွေ့စွာ [illegible] သည်။

"နင်က လက်ထပ်ရတော့မယ်...လို့ပြောတာကိုး 'ရ' [illegible] တဲ့ ကြိယာထောက်ကြီး ထည့်ပြောတော့ မလုပ်မဖြစ် [illegible] သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခပ်ပေါ့ပေါ့ ရယ်မောပြန်၏။

"သြော်...အရေးထဲမှာ စာရေးဆရာမနဲ့ လာတွေ့နေပြန်ပြီ၊ ကောင်းပြီ ငါ စကားအသုံးမှားသွားလို့၊ လက်ထပ်တော့မယ်"

"ဘယ်တော့လဲ"

"နောက်တစ်ပတ်"

ဟာ...၊ ဇော် နောက်သို့ တစ်လှမ်းဆုတ်၍ သူ့ကို စေ့စေ့ကြည့်မိသည်။ လက်ထပ်ခါနီး သတို့သားလောင်းတစ်ယောက်၏ ရင်ခုန် လှိုက်လှဲမှုများကို မနာလို ဝန်တိုစွာ ရှာကြည့်မိ၏။ ညအမှောင် မှိုးစက်စိုစိုအောက်တွင် သူမ သဲကွဲစွာ မမြင်ရပါ။

"ငါ့ဘဝမှာ ပထမဦးဆုံးအကြိမ် ဘက်လိုက်မှု ကင်းကင်းနဲ့ ပြောရရင် နင် ရေနံချောင်းကို မလာသင့်ဘူး မြို့း"

"အေးဟာ...ငါ စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဒီကိစ္စလေးကို ဒီလောက် ရှုပ်ရှုပ်ထွေးထွေး မတွေးကြစမ်းပါနဲ့။ ငါလက်ထပ်ပြီးရင် ဘိတ်ကို လိုက်သွားရမယ်။ ဒီတော့ ငါ့ဘဝမှာ အရေးကြီးဆုံး မိန်းမတစ်ယောက်ကို ငါ မနှုတ်ဆက်ရတော့ဘူးလား"

ဇော် သူ့ကို အံ့သြငေးမောစွာ ကြည့်မိပြန်သည်။

"နင့်ဘဝမှာ ငါဟာ အခုချိန်အထိ အရေးကြီးနေသေးသလားဟင်...."

သူ ဇော့်ကို မကြည့်ဘဲ ခေါင်းတစ်ချက်ညိတ်၏။

"ဟုတ်တယ်... ဒါကို နင် ယုံရဲ့လား"

ယုံရဲ့လား။ ဘုရားရေ...၊ နောက်တစ်ပတ်မှာ တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်တော့မယ့် ယောကျာ်းတစ်ယောက်က သူ့ဘဝမှာ အရေးကြီးဆုံးမိန်းမဟာ တင်တင်ဇော်လို့ ပြောတယ်။နောက်ပြီးတော့ အဲဒါကို ယုံရဲ့လား...တဲ့။ ဘယ်လောက်များ သဘာဝမကျ





လိုက်သည့် မေးခွန်းပါလိမ့်။ ဘယ်လောက်များ မိုက်မဲလိုက်သည့် မေးခွန်းပါလိမ့်။ ထို့ထက်ပို၍ မိုက်မဲသည်မှာ သူမ၏ အဖြေဖြစ်သည်။

"ယုံပါတယ်"

မိုးစက်စိပ်စိပ်များဖြင့် စိုထိုင်း အေးစက်လာသောအကျႌလက်မောင်းများကို ဆုပ်ကိုင်ခြေမွရင်း သူမ ခေါင်းငုံ့ငြိမ်သက်နေလိုက်သည်။

"အချိန်မတော်ကြီးကျမှ နင့်အိမ်နားကို ငါ ရောက်လာရတာနဲ့ ပတ်သက်ပြီး နင် အပြစ်မတင်ပေမယ့် ငါ ဖြေရှင်းချင်သေးတယ်။ ငါနင်နဲ့ တွေ့ရဖို့ လုံးဝမရည်ရွယ်ပါဘူး။ ဒီလိုဟာ ငါနဲ့အတူ ရေနံချောင်းကို မြို့င် ပါလာတယ်"

သူမ အံ့သြ တုန်လှုပ်စွာ သူ့ကို မော့ကြည့်လိုက်၏။

"ရေနံချောင်းကို မလိုက်ခဲ့ပါနဲ့လို့ တားရင် သူ ပိုပြီး မယုံသင်္ကာဖြစ်တော့မယ်။ ငါ မြို့င့်ကို ခေါ်လာခဲ့တာ မှားသလား မှန်သလား မိဇော်"

"ခေါ်ရမှာပေါ့ မြို့း.. နင် မှန်ပါတယ်"

ရင်ထဲက တကယ် ယုံကြည်စိတ်ချစွာ ပြောလိုက်သောစကား ဟုတ်မဟုတ် သူမ ကိုယ်တိုင် မသေချာပါ။ ယခုအချိန်တွင် သူမ၏ အသိအာရုံများ ရီဝေနောက်ကျိလျက်ရှိသည်။

"နင့်ဆီကို ငါလာဖို့ နှစ်ရက်လုံးလုံး ကြိုးစားတယ်။ သူက ငါတစ်ယောက်တည်း မသွားရဘူးတဲ့။ သူပါ လိုက်ခဲ့မယ်. . တဲ့"

ဘုရား...ဘုရား...။

"နင့်ဆီကို ငါ ဘယ်မိန်းမနဲ့မှ နှစ်ယောက်တွဲပြီး မလာချင်ဘူး။ အဲဒါအခုမှ မဟုတ်ဘူး။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်ကတည်းက ငါ့ စိတ်ထဲမှာ ဒီလိုပဲ ဆန္ဒရှိခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်... ဖြိုးရယ်။

သူမ အသံတိတ်စွာ သူ့ကို မော့ကြည့်ပြီး ပြုံးပြလိုက်မိသည်။ မမျှော်လင့်သော မျက်ရည်များသည် မျက်ဝန်းမှာ ချက်ချင်းပြည့်လျှံ လိမ့်ဆင်းကျလာခဲ့သည်။ ဖြိုး၏ အချစ်ကိစ္စနှင့် ပတ်သက်၍ ဇော့်ဘဝမှာ နှစ်ကြိမ်တိတိ မျက်ရည်ကျဖူးပြီ။ တစ်ကြိမ်မှာ ၁၉၇၄ ခုနှစ်က ဖြိုး၏ ပထမဆုံး ရည်းစားထားမည့်သတင်းကို ကြားလိုက်ရသောညမှာ ဖြစ်ပြီး ဒုတိယအကြိမ်မှာ ယခု ဖြစ်သည်။

ခပ်ဝေးဝေး ဇော့်အခန်းဆီမှလာသော အလင်းမှိန်မှိန်အောက်မှာ မျက်ရည်စများကို သူ မမြင်အောင် ကွယ်ဝှက်ဖို့ နောက်ကျခဲ့ပြီ။

သူ မနေတတ် မထိုင်တတ်သလို နေရာအနည်းငယ်ရွှေ့ပြင်၏။ မိုးစက်များကြားမှာပင် လက်တစ်လုံးလောက် တိုနေပြီဖြစ်သော စီးကရက်မှ နောက်အသစ်တစ်လိပ် မီးကူးလိုက်၏။ ထို့နောက် အညင်သာဆုံးသော အသံဖြင့် ခပ်ပျော့ပျော့စကား ပြောသည်။

"နင့် ဘဝမှာ နင် ပျော်ရွှင်နေတာကိုပဲ ငါ မြင်ချင်တယ်။ လောကကြီးမှာ ငါ အကြောက်ဆုံးက နင့် မျက်ရည်တွေပဲ။ နင့်မျက်ရည်တွေက ငါ့ကို မီးလိုပဲ ပူလောင်လွန်းလို့။ နင် တစ်သက်လုံးပျော်ဖို့အတွက်ဆိုရင် ငါ ဘာပဲ လုပ်ပေးရပေးရပါ။ နင့်အပေါ်မှာ ငါ ဘယ်လောက် စေတနာထားခဲ့တယ်ဆိုတာ အခုမသိရင်တောင် တစ်နေ့နေ့မှာတော့ နင် သိလာပါလိမ့်မယ်"

သူက မိုးစက်နှင့်ရောနေသော မျက်ရည်များကို လက်ဖြင့် ညင်သာစွာ သုတ်ပေး၏။

"တို့နှစ်ယောက်ကြားမှာ ရှိတဲ့ ဆက်သွယ်မှုဟာ လိုအပ်တာထက်ပိုပြီး မရှုပ်ထွေးခဲ့ဘူး ဆိုတာ နင်လဲသိတယ်၊ ငါလဲသိတယ်။





နောက်ပြီး ဘုရားလဲသိမှာပါ။ ဒီအတွက် နင် မငိုပါနဲ့မိဇော်။ နင်ငိုနေရင် ငါ့ဆုံးဖြတ်ချက်က မှန်သလား မှားသလား ငါ ဘယ်လိုဝေခွဲတတ်တော့မှာလဲ"

ထိန်းချုပ်မှု ကင်းမဲ့စွာ မိုးစိုရွှဲနေသော သူ့ ကိုယ်ခန္ဓာကိုဖက်တွယ်၍ သူမ ငိုချပစ်လိုက်လေသည်။သူ့ကိုယ်ခန္ဓာကို ဖက်တွယ်ထားခိုက်မှာ ရင်ခုန် မက်မောမှုများ ကွယ်ပျောက်နေပြီး ငြိမ်သက်သောကြေကွဲနင့်သီးခြင်းများသာရှိနေကြောင်း ပထမဦးဆုံးအကြိမ်သတိထားလိုက်မိသည်။

သူက ဇော့်ကို လုံးဝ ပြန်မပွေ့ဖက်ဘဲ တောင့်တင်းစွာမတ်တတ်ရပ်လျက်ရှိသည်။ အေးစက်စိုစွတ်သော သူ့ အင်္ကျီအောက်က သူ့ရင်ခွင်မှာ အသက်ပြင်းပြင်းရှူလျက် လှုပ်ရှားနေသလိုရှိသော်လည်း ရင်ခုန်နှုန်း မမြန်ဆန်ပါ။

"ဟိုတုန်းက နင် နန္ဒကို ချစ်သလားလို့ ငါ မေးခွန်းတစ်ခုမိုက်မိုက်မဲမဲ မေးခဲ့မိပါတယ်။ အခုအချိန်အထိ မေငြိမ်းကို ချစ်သလားလို့ ငါ့ကို တစ်ခါမှ မမေးတဲ့အတွက် နင့်ကို သိပ်ကျေးဇူးတင်တယ်မိဇော်၊ သိလား"

ပိုမိုသည်းထန်လာသော မိုးပေါက်စိပ်စိပ်များသည် သူမ၏တစ်ကိုယ်လုံးကို ကြမ်းတမ်းစွာ ထိမှန် စိုရွှဲကုန်တော့သည်။

"မိဇော် နင် ဖျားလိမ့်မယ်။ အိမ်ထဲပြန်ဝင်တော့၊ မိုးတအားသည်းနေပြီ"

သူ သူမကို ရင်ခွင်ထဲမှ ညင်သာစွာ တွန်းထုတ်သည်။ ဒိုးစိုကပ်နေသော ဝတ်စုံပါးပါးကလေးကို ဖောက်ထွင်းလျက် အေးစိမ့်



www.burmeseclassic.com

www.burmeseclassic.com



သော လေသည် တစ်ချက်တစ်ချက် ကြက်သီးထအောင် တိုက်ခတ်လျက်ရှိလေသည်။

"အိမ်ထဲပြန်ဝင်...နွေးနွေးထွေးထွေးနေ.. ကြားလား။ လာ... ငါ နင့်ကို ခြံတံခါးဝအထိ လိုက်ပို့မယ်"

သူ လက်တွဲလျက် သူမကို ခေါ်လာခိုက် သူမသည် အသိတရား ကင်းမဲ့သူပမာ။ အိပ်မက်ထဲ လမ်းလျှောက်လာသူပမာ ထုံထိုင်းစွာ လျှောက်နေရသည်။

"ငါ... မနက်ဖြန် ပြန်ဖြစ်လိမ့်မယ် ထင်တယ်။ နင့် အိမ်ကို ငါလာ မနှုတ်ဆက်တော့ဘူး။ နင် နားလည်တယ် မဟုတ်လား"

သူမ ခေါင်းညိတ်ပြလိုက်မိသည် ထင်သည်။

ဖြိုးက သူ ဆုပ်ကိုင်ထားသော မိုးစက် စိုစွတ်နေသော သူမ၏ လက်ခုံကို သူ့နှုတ်ခမ်းဖြင့် အသာကလေး ထိကပ်နမ်း၍ နှုတ်ဆက်၏။ သူ့ နှုတ်ခမ်းမှာ အေးစက်တုန်ခိုက်လျက် ရှိလေသည်။ထို့နောက် သူ လက်လွှတ်လိုက်သည်။

သူမ ခြံတံခါးကို ဆွဲဖွင့်လိုက်ပြီးမှ ရုတ်တရက် သူ့ဘက်သို့ လှည့်ကြည့်သည်။ အိပ်ခန်းပြတင်းဆီမှ မီးရောင်ဖြင့် ဆံပင်စိုကပ်နေသော၊ မိုးစက်များ ထိမှန် စိုရွှဲလျက်ရှိသော သူ့ မျက်နှာမှာ ဟိုတုန်းကလိုပင် အစီပွာယ်ဖော်ရခက်သော အပြုံးမျိုးရှိနေသည်။

"ဖြိုး...နင့် ဘဝမှာ မကြားချင်ဆုံး စကားတစ်ခွန်းကို ငါ အကြိမ်ကြိမ်ပြောဖို့ ကြိုးစားခဲ့မိတဲ့အတွက် ငါ့ကို ခွင့်လွှတ်တယ် မဟုတ်လားဟင်"

သူ ခေါင်းညိတ်လိုက်သည်ဟု ဇော် ထင်သည်။

"အေးပါ... ငါကလဲ နင့်ကို တောင်းပန်စရာရှိသေးတယ်။ ဒါပေမယ့် အခု မတောင်းပန်သေးပါဘူး နောက်မှ...။ ကဲ... ငါ သွားတော့မယ်"





သူ နှာတစ်ချက် ချေလိုက်ပြီးမှ ခပ်သွက်သွက် လှည့်ထွက်သွား၏။

သဲမဲစွာ ရွာချလိုက်သော မိုး၏ ပိတ်ဆီးမှုကြောင့် သချိုင်းအစွန်းက လက်ဝါးကပ်တိုင်တစ်ခုဘေးမှာ သူဝင်ရောက် ပျောက်ကွယ်သွားသည်အထိ မသဲမကွဲသာ မြင်လိုက်ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ဇွန်လ ၂၄ ရက် သောကြာနေ့ နံနက် သမဝါယမဆေးခန်း ဖွင့်ပြီးကာစ ၉နာရီ မိနစ် ၃၀အချိန်တွင် မိုး စတင်ရွာလာသည်။ မိုးသည်းသည်းတွင် တစ်ဦးတည်းသော လူနာအား ဆေးကုသပေးပြီးနောက် မဂ္ဂဇင်း တစ်အုပ်ကို ဖတ်နေခိုက် ဆေးခန်းရှေ့တည့်တည့် မြေကွက်လပ်တွင် မြင်းလှည်းရပ်သောအခါ အလိုအလျောက် အာရုံသိစိတ်ဖြင့် ဇော့်မျက်စိက ထိုနေရာသို့ ရောက်သွားသည်။

ဘယ်တော့မှ လူအများနှင့် ရောထွေးမသွားဘဲ သီးသန့်ဆင်ရှားစွာ ရှင်းသန့်နေသည့် နန္ဒကို ဖျတ်ခနဲ မြင်မိကာ ရင်ထဲမှာ ပူလောင် မောနွမ်းသွားတော့သည်။ မိုးသည်းသောတစ်ညက ဖြိုးနှင့်တွေ့ဆုံပြီးနောက် တစ်နေ့နေ့တွင် နန္ဒ ရောက်လာနိုင်လေမလားဟု



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေခဲ့ပြီး ဖြစ်သော်လည်း တကယ်တမ်း သူမ ရှိရာသို့ နန္ဒ ရောက်လာသောအခါ အံ့ဩတုန်လှုပ်ဆဲ ဖြစ်လေသည်။

နန္ဒသည် မြင်းလှည်းပေါ်မှ ခပ်သွက်သွက် ခုန်ဆင်း၍ခေါင်းပေါ် သို့ သားရေအိတ် အနက်ကလေး အုပ်မိုးကာ ဇော် ရှိရာ ဆေးခန်းထဲသို့ ပြေးဝင်လာခဲ့သည်။ ရင်ဘတ်မှာ ကန့်လန့်စင်း သေးသေး သုံးစင်းပါသော အဝါနုရောင်ဖျော့ဖျော့ စပို့(တ်)ရှပ်နှင့် ရှားရောင်အကွက်စိပ်စိပ် ရခိုင်လုံချည်ကို ဝတ်ထားသည်။ သူ စီးနေကျ ပန်းသီးသားရေဖိနပ်၏ အနက်ရောင်ကတ္တီပါ သည်းကြိုးအောက်မှ ခြေဖမိုးများမှာ ဇော် မနာလိုစရာ ကောင်းလောက်အောင် ဖြူဝင်းလျက်ရှိ၏။

ဇော့်ကို ဘယ်တုန်းကမှ မရိုက်ပုတ်ခဲ့ဘူးသလို၊ မနာကြည်းခဲ့ဘူးသလို ကြည်လင်စွာ ပြုံးပြတော့ ရင်ထဲမှာ နာကျင်စွာ မျက်နှာလွှဲလိုက်မိ၏။ ထို့နောက် သူမ၏ နှလုံးသည် ထိန်းချုပ်၍မရမိ တဒိတ်ဒိတ် မြန်ဆန်စွာ လှုပ်ရှားလာတော့သည်။

သူ သူမအနီး ကုလားထိုင်တွင် ဝင်ထိုင်သည်။

"ကိုယ် လာတာကို ဝမ်းသာအားရ မကြိုလောက်ဘူးဆိုတာတော့ ကိုယ် တွေးမိပါရဲ့။ ဒါပေမယ့် ဒီလို မျက်နှာလွှဲပစ်လိုက်တာတော့ ကိုယ် တကယ်စိတ်မကောင်းပါဘူး"

သူမ စကားတစ်ခွန်းမှမပြောပါ။ ခပ်လှမ်းလှမ်းမှာ ဆေးခန်းတာဝန်ခံနှင့် သူနာပြု ဆရာမလေးတို့စားပွဲမှာ စာရင်းတွက်နေကြသည်ကို မျက်စိက ဝေ့ဝဲကြည့်ပြီးမှ နန္ဒကို လှည့်ကြည့်လိုက်သည်။ သူမ၏ ဟန့်တားလိုသောအကြည့်ကို သူ ရိပ်မိဟန်ဖြင့် ပြုံးလိုက်ပြီးမှ အသံကို ခပ်တိုးတိုးနှိမ့်၍ ပြောသည်။

"ကိုယ် ဘာလို့လာတာလဲလို့ မမေးတော့ဘူးလား"

"ဘာလို့လာတာလဲ"





"မင်းဟာ ကိုယ့်အတွက် အရာရာရဲ့နောက် မဟုတ်ဘဲ အရာရာထက် အလျင်ဖြစ်တယ်ဆိုတာ သက်သေပြဖို့ လာခဲ့တာလေ"

ဖြိုးဆီ သူမ ရေးလိုက်သော စာကို သူ အလွတ်များ ရလေသလား မသိပါ။ သူမ အနည်းငယ် ရှက်ရွံ့စွာ မျက်နှာထား တင်းပစ်လိုက်မိသည်။

"ကိုယ် ရုံးကနေ ခွင့်ယူလာခဲ့တာ။ မင်းနိုတားမှာ ကိုယ် သိပ်ကြောက်တယ်လို့ မင်း ထင်တုန်းပဲလားဟင်..."

သူမ မဖြေပါ။

"ရန်ကုန်တုန်းက ပြောခဲ့တဲ့ မင်းရဲ့ဆုံးဖြတ်ချက်ကြီး ပြောင်းသွားဖို့ဆိုရင် ဘယ်လိုနည်းနဲ့ပဲရရ ကိုယ် ကြိုးစားမှာပဲ။ ကိုယ့်မှာ အဲဒီလို ကြိုးစားခွင့်တော့ ရှိတယ်မဟုတ်လား"

"ဘာနည်းတွေရခဲ့ပြီလဲ"

"ပထမဆုံး ခြိမ်းခြောက်တဲ့နည်းကို သုံးမယ်၊ သိလား"

သူမ အနည်းငယ် ရယ်ချင်သွား၏။

"မင်း ကိုယ့်ကို လက်မထပ်ဘဲ တစ်ကိုယ်တည်း နေသွားရင် ဖြစ်ပေါ်လာမယ့် အခက်အခဲတွေကို တွေးမိရဲ့လား"

"ပြောစမ်းပါဦး"

"အပျိုကြီးဆိုတာတွေကို ဘယ်ယောကျ်ားကမှ လေးစားဘာတ်တာမဟုတ်ဘူး။ နောက်ပြီး မင်းကို ဘေးပတ်ဝန်းကျင်က ထိခိုက်စော်ကားတဲ့ စကားတင်းတွေ မပြောဘူးလို့ မင်း သေချာလို့လား။ မင်းမှာ မွေးချင်းလုံးဝမရှိတဲ့အတွက် တူတွေ တူမတွေတောင် ရှိတာမဟုတ်ဘူး။ မင်း အသက်ကြီးလာလို့ အိုးမင်းမစွမ်း ဖြစ်လာတဲ့အခါ၊ မင်း နေမကောင်းတဲ့အခါ မင်းကို ဘယ်သူက ပြုစုမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဤအချက်များပြောပြရန် ဘယ်သူကများ ညွှန်ကြားသင်ပြပေးလိုက်ပါလိမ့်။ သူပဲ ရှာရှာဖွေဖွေ တွေးတတ်ပလေ။

"အရာရာဟာ ပိုက်ဆံရှိတိုင်း အလုပ်ဖြစ်မယ်လို့ မင်းထင်ရင် အလွန်မိုက်မဲလို့ပဲ။ နောက်ပြီး အခြေအနေအရ မင်း တခြားဘယ်သူ့ကို ယူစရာရှိသေးလို့လဲ။ ဖြိုးကျော်လဲ လက်ထပ်သွားပြီ"

လက်စသတ်တော့ ဖြိုးကို မိန်းမယူဖို့ တိုက်တွန်းလိုက်တာနင် ပါပဲလား။

သူမ ဒေါသ ထောင်းခနဲ ထသွားပြီး သူ့ဘက်သို့ လှည့်ကြည့်လိုက်၏။ သူ့ မျက်နှာတွင် လှောင်ပြောင်ရယ်မြူးရိပ် လုံးဝမရှိဘဲ တည်ကြည်နေသောကြောင့် ပြောတော့မည့် စကားလုံးများ ရင်ထဲမှာ ပျောက်ကွယ်သွားကြသည်။ သူ မျက်ဝန်းများတွင် သူမကို အမြဲတမ်း နားလည်၍ ဖောက်ထွင်းသိမြင်ခဲ့သော အရိပ်အယောင်များကို နွေးထွေးမှုနှင့်အတူ တွေ့လိုက်ရလေသည်။

"ထားပါတော့၊ ခြိမ်းခြောက်တဲ့နည်းက အလုပ်မဖြစ်ရင် ဘယ်နည်းသုံးဦးမှာလဲ"

"ကိုယ်လား။ တောင်းပန်တဲ့နည်းကို သုံးရမှာပေါ့"

သူ့ လေသံက ချက်ချင်းပျော့ညံ့သွားသဖြင့် သူမ အသံထွက် ရယ်မောလိုက်မိသည်။

"ဘယ်လိုတောင်းပန်မှာလဲ"

"မင်း တောင်းပန်စေချင်သလို ဖြစ်စေရမယ်လေ။ မင်းက ကိုယ့်ကို ဒူးထောက် တောင်းပန်စေချင်သလား"

သူမသည် မဂ္ဂဇင်း စာရွက်များကို တဖျပ်ဖျပ် လှန်ကာ ရှက်ရွံ့စွာ ပြုံးနေမိ၏။



BURMESE CLASSIC .com



"တကယ်ပြောတာ ဟန်နီ...ကိုယ် မင်းကို တောင်းပန်ဖို့ စကားလုံးတွေ အလွတ်ကျက်လာခဲ့ရတယ်"

"ဟုတ်လား၊ ဘာတွေကျက်ခဲ့ရတာလဲ"

"အနောက်တိုင်း ဒဿနပညာလေ"

"အို..."

သူမ ရယ်လိုက်သောအခါ သူက ခပ်တည်တည် တားမြစ်၏။

"မရယ်နဲ့။ ကိုယ် အကြောင်းပြောမလို့၊ ဒိန်းမတ်နိုင်ငံသား ဆိုရင်(န်)ကီးယဲ့(ခ်)ကို မင်း ကြားဖူးလား"

အံမယ်... ။

"သူက လူ့ဘဝကို အဆင့်သုံးဆင့်နဲ့ ခွဲပြထားတယ်။ ပထမအဆင့်က ရသခံစားမှုအဆင့်၊ ဒုတိယအဆင့်က ကိုယ်ကျင့်တရားအဆင့်၊ တတိယ ဘာသာရေးအဆင့်တဲ့။ အခုကိုယ်က ရသခံစားမှုအဆင့်မှာပဲ ရှိသေးတယ် မဟုတ်လား။ ကိုယ့်အလုပ်ကလွဲပြီး ဘာတာဝန်မှမရှိဘူး။ ဖေဖေတို့ မာမီတို့အတွက်လည်း ကိုယ့်မှာ တာဝန်မရှိဘူး။ သူ ပြောသလိုဆိုရင် လူဟာ ဒုတိယအဆင့်မှာ တာဝန်ကို ယူတတ်ပြီး အဲဒီတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမယ်တဲ့။ အိမ်ထောင်ရေးက အဲဒီမှာ စကားပြောလာတယ်။ အိမ်ထောင်တာဝန်ကိုယူပြီး အဲဒီတာဝန်နဲ့ ပတ်သက်တဲ့ အဆိုးအကောင်း အကျိုးအပြစ်တွေကို ကိုယ့်ဆုံးဖြတ်ချက်နဲ့ ခံစားရမယ်တဲ့။ မင်း ကိုယ့်ကို လက်ထပ်ခြင်းအားဖြင့် ကိုယ့်ကို ရသခံစားမှု အဆင့်ကနေ ကိုယ်ကျင့်တရားအဆင့်ကို မြှင့်တင်ပေးဖို့ ကိုယ် တောင်းပန်ရမှာပေါ့"

ကြီးကြီးကျယ်ကျယ်...။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလုပ်ငန်းက ငါ လုပ်မှရတဲ့ လုပ်ငန်းမဟုတ်ပါဘူး။ ဘယ်မိန်းမ မဆိုလုပ်နိုင်တာပဲ။ ဥပမာ နွယ်နွယ်ငြိမ်းအောင်"

သူ ခပ်ဖွဖွ ရယ်မော၍ ဆံပင်ကို လက်ဖြင့် ထိုးဖွလေသည်။

"နေဦး ဒါဖြင့် နောက်တစ်မျိုး တောင်းပန်ကြည့်ဦးမယ်။ ကိုယ် အတ္တကြီးတယ်လို့ မင်း ပြောဖူးတာ ကိုယ် ဘယ်တော့မှမေ့မှာ မဟုတ်တော့ဘူး။ ကိုယ် အတ္တမကြီးအောင် ဂရုစိုက်ရမယ်။ မင်းကို အနစ်နာခံပြီး လိုက်လျောဖို့ ကြိုးစားမယ်လေ။ မင်း ဘယ်လိုဖြစ်စေချင်တယ်ဆိုတာ၊ ဘယ်လို လေ့ကျင့်ရမယ်ဆိုတာ မင်းက ပြောပြပေါ့။ ဟင်...တင်တင်ဇော်၊ အဲလိုဆိုရင်ကော..."

"အိုး... စွန့်လွှတ် အနစ်နာခံတယ်ဆိုတာ ဒီလို လွယ်လွယ်ကူကူ ပြုပြင်ယူလို့ရတာမျိုးမှ မဟုတ်တာ။ တစ်သက်လုံးက တစ်ကိုယ်ကောင်းဆန်လာတဲ့လူပဲ၊ နင်ဟာ သေတဲ့အထိ တစ်ကိုယ်ကောင်းဆန်နေဦးမှာပဲ"

သုမ လေသံ ခပ်မာမာထဲမှ ရယ်မြူးရိပ်ကို သူ သတိထားမိပါလိမ့်မည်။ သူ့ဆံပင်များကို ဖွနေရာမှ ထိုလက်ဖြင့် ကုလားထိုင်လက်ရန်းကို တဒေါက်ဒေါက် ခေါက်နေသည်။

"ကဲ... နောက်ထပ် ဘာနည်းသုံးဖို့ရှိသေးလဲ နန္ဒ"

သူ ပြုံးရယ်ကာ သုမ ဘက်သို့ လှည့်ကြည့်၏။

"အေးကွ၊ တစ်နည်းပဲ ကျန်တော့တယ်။ ဖြိုးကျော်က ကိုယ့်ကိုအဆောင်လက်ဖွဲ့တစ်ခု ပေးလိုက်တယ်။ ကိုယ် ပထမ နှစ်နည်းမအောင်မြင်မှ ထုတ်သုံးပါလို့ ပြောတာပဲ"

ဇော် အံ့ဩစွာ ရယ်မိခိုက် သူက သားရေအိတ်အနက်ကလေးထဲမှ စာတစ်စောင်ကို ထုတ်လိုက်သည်။ စာအိတ်မှာ ဖြိုး





သုမထံ ထည့်နေကျ ယိုးဒယား လေယာဉ်စာအိတ်မျိုးဖြစ်သည်။ သူက ဇော့်ထံ ထိုစာအိတ်ကို လှမ်းပေး၏။

"ဘာလဲ... ငါ ဖတ်ရမှာလားဟင်"

"အေး... ဖြိုးကျော်က မင်း ဖတ်ဖို့ပေးလိုက်တာပဲ"

သုမ ရယ်ချင်စိတ်များ ပျောက်ကွယ်သွားကာ ရင် တလှပ်လှပ် တုန်လာသည်။ စာအိတ်ဘေးစွန်း ကော်ကပ်သည့်နေရာ တစ်ခုကို ဘောလ်ပင်ထိပ်ဖျားဖြင့် ထိုးသွင်း လိမ့်ကော်၍ စာအိတ်ဖောက်လိုက်သည်။

အတွင်းမှ စာရွက်ဖြူခေါက် သေးသေးတစ်ခုနှင့် စာရွက်ပြာခေါက် ပါးပါးကလေးတစ်ခု ထွက်လာ၏။ စာရွက်ပြာကို အလျင်ဖွင့်ဖတ်လိုက်သည်။ သုမ ကောင်းကောင်းသိခဲ့ဖူးသော အင်္ဂလိပ်လက်ရေး အနက်ရောင်များဖြစ်သည်။ စာရွက်မှာ ထက်ဝက်ဆုတ်ဖြဲထားသောကြောင့် အောက်ပိုင်းတစ်ခြမ်းသာ ပါလေသည်။

စာမေးပွဲ နောက်ဆုံးနေ့က ကိုယ့်ကို ကြည့်လိုက်တဲ့ မင်းမျက်လုံးတွေ၊ အဲဒီ မျက်လုံးတွေဟာ ကိုယ် ရက်ပေါင်းများစွာ မင်းကို သတိရဖို့ ဖန်တီးနေကြတယ်။ မင်းနဲ့အတူ ဘိုင်အိုသင်ခန်းစာ မဖတ်ချင်ဘူးလို့ ကိုယ် ပြောခဲ့တာကို မင်း မှတ်မိလိမ့်မယ် ထင်ပါတယ်။

ကိုယ် မင်းဆီ ဒုတိယစာကို ရေးတဲ့အခါ အဲဒီ အကြောင်းရင်းကို ပြောပြမယ်။ ကျေးဇူးပြု၍ ကိုယ့်ဆီကို စာပြန်ပါ။

မင်းရဲ့ အမှတ်စုစုပေါင်းဟာ ဆေးတက္ကသိုလ်မှာ စာသင်နိုင်ဖို့အတွက် လုံလောက်လိမ့်မယ်လို့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ မင်းကို ဆရာဝန်တစ်ယောက်အဖြစ်နဲ့ ကိုယ်တွေ့မြင်နိုင်ဖို့ မျှော်လင့်ပါတယ်။

ပျော်ရွှင်သော ကျောင်းပိတ်ရက်များ ဖြစ်ပါစေ။

မင်းရဲ့ ချစ်သော သူငယ်ချင်း
နီဝယ်လ်
၁၉-၆-၇၅

လိပ်စာ
နီဝယ်လ်
တစ်ဆင့်-ဒေါက်တာ ဦးထွန်းဝေ၊ ဒေါ်မေဘယ်လ်
အမှတ်... ၊ ဒုတိယထပ်၊ ၃၁လမ်း
ရန်ကုန်မြို့။

ဘုရား...ဘုရား။

အနည်းငယ် အဝါရောင် သန်းနေပြီဖြစ်သော လွန်ခဲ့သည့် ၁၃နှစ်က စာရွက်ကလေးကို သူမ ထိတ်လန့်တကြား ကိုင်ထားရင်း မူးနောက်နောက် ဖြစ်လာသည်။

ဖြိုး။ ဤစာရွက်ကလေးကို သူ ဘယ်ကရပါလိမ့်။ သူမ၏ တုန်ယင်သော လက်များဖြင့် စာရွက်ကို ကြေသွားမှာစိုးသလို ခပ်ဖွဖွလေး ပြန်ခေါက်လိုက်ပြီး စာအိတ်ထဲထည့်လိုက်သည်။ စာရွက်ခေါက်အဖြူကလေးကို သူမ ဖွင့်ဖတ်လိုက်၏။ သေသပ်သော ဖြိုး၏ လက်ရေး စောင်းစောင်းကလေးများဖြင့် စာတစ်ကြောင်းတည်း ရေးထားသည်။





ဇော်

နင်တို့ နှစ်ယောက်ကို ၁၁နှစ်တိတိ ခွဲထားခဲ့မိတဲ့ ငါ့ရဲ့ တစ်ကိုယ်ကောင်း စိတ်ဓါတ် အတွက် နင့်ကို တောင်းပန်ပါတယ်.....

နင့်ရဲ့ ထာဝရ သူငယ်ချင်း
ဖြိုး

သူမ မျက်လုံးမှာ မျက်ရည်များဖြင့် စိုစွတ်ရီဝေလာသည်။ မတ်မတ် ထိုင်မနေနိုင်တော့သဖြင့် ကုလားထိုင် နောက်မှီကို ကျောမှီ၍ ထိုင်လိုက်ရ၏။ စာအိတ်ထဲသို့ စာခေါက်အဖြူကလေးကို ပြန်ထည့်ပြီး မျက်တောင် တဖျတ်ဖျတ် ခတ်ပစ်လိုက်လေသည်။

"တင်တင်ဇော် အဲဒီ လက်ဖွဲ့က ကိုယ့်အတွက်စွမ်းရဲ့လား"

ဘေးမှာထိုင်နေသော နန္ဒက စိတ်ပူပင်သလို ခပ်တိုးတိုး စပ်စု၏။ သူမ တုန်ခိုက်စွာ ပြုံး၍ ထိုစာအိတ်ကလေးကို ကမ်းပေးလိုက်သည်။

"အစွမ်းထက်လား မထက်လား မပြောတတ်တော့ပါဘူး ကွယ်၊သိပ်ကို အံ့ဩစရာကောင်းတာတော့အမှန်ပဲ။ဖတ်ကြည့်ပါ။"

သူ စာနှစ်စောင်ကို ဖတ်ကြည့်နေခိုက် သူမ ရင်ထဲမှာ နုးညံ့ သိမ်မွေ့သော ဝမ်းနည်းမှုက တဖြည်းဖြည်း ဝင်ရောက်လာသည်။ ဘယ်သူ့ အတွက် ဝမ်းနည်းမိပါလိမ့်။ ဖြိုး အတွက်လား၊ နန္ဒ အတွက်လား သို့မဟုတ် သူမ အတွက်လား။

"ဒါ...ကိုယ် ငယ်ငယ်တုန်းက လက်ရေးပဲ၊ မင်းဆီကို..."

"ငါ့ အိမ်ကိုလိုက်ခဲ့လေ အဲဒီကျတော့ နင် နားလည်သွားပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးစဲစ ပြုချိန်တွင် ဆေးခန်းပိတ်၍ နန္ဒကို ဘေးမှာခေါ်လာခဲ့ပြီး အိမ်သို့ ပြန်ခဲ့သည်။

အိမ်ရောက်တော့ ဖေဖေ့ကို နန္ဒနှင့် မိတ်ဆက်ပေးလိုက်၏။

"ဖေဖေ၊ သူက သမီးနဲ့ ကိုးတန်းတုန်းကတည်းက သူငယ်ချင်းလေ၊ နန္ဒတဲ့။ အိမ်ကို ခဏခဏ လာဖူးတယ်၊ မေမေကတော့ သူ့ကို ကောင်းကောင်း သိခဲ့ပါတယ်။ သူက အခု ယာမာကာ လျှပ်စစ်ကုမ္ပဏီမှာ ညှိနှိုင်းရေးအရာရှိ လုပ်နေတယ်"

လည်ပတ်သော နန္ဒသည် သူမ ဖခင်ကို ဂျပန်ကုမ္ပဏီအကြောင်း၊ ဂျပန်လူမျိုးများ အချိန်တိကျ လေးစားသည့်အကြောင်းများကို ခပ်သွက်သွက်ပြော၍ မိတ်ဖွဲ့တော့သည်။

စာအုပ်ဗီရို အောက်ဆုံးထပ်မှ နန္ဒ၏ စာများကို စုသိမ်းထည့်ထားသော ရိုက်စ်တာနားကြပ်ထည့်သည့် ကတ်ဘူးရှည်ကလေးကို သူမ ထုတ်ယူလိုက်သည်။ ကတ်ဘူး၏ အောက်ဆုံးမှာ လွန်ခဲ့သော ၁၃နှစ်က နန္ဒ၏ စာရွက်ပြာခေါက်ကလေး ကံကောင်း ထောက်မစွာ ရှိနေသေးသည်။ ထိုစာရွက်ကလေးကို တုန်ယင်သောလက်များဖြင့် ဖြန့်ကြည့်လိုက်၏။ ထို့နောက် ဖြိုးထည့်ပေးလိုက်သော စာအိတ်ထဲမှ စာရွက်ပြာ အပိုင်းကလေးကို သူမထံတွင်ရှိသည့် စာရွက်ပိုင်းကလေး အောက်မှာ ဆက်စပ်လိုက်၏။ ပြီးမှ တိပ်(ပ်)ဖြင့် လိုက်ကပ်၍ စာရွက်ပိုင်း နှစ်ခုကို တွဲလိုက်လေသည်။

သူမ လုပ်ကိုင်နေသည်ကို အစအဆုံး မြင်နေရသော နန္ဒက ဖေဖေ အိမ်ထဲ ခဏဝင်သွားခိုက် လှစ်ခနဲ အနီးသို့ ရောက်လာပြီး ဝင်ကြည့်သည်။

"ရော့..."





စာတစ်စောင်အဖြစ် ဆက်စပ်သွားပြီးသော စာရွက်ပြာကလေးကို သူ့ထံ လှမ်းပေးတော့ သူ အံ့ဩစွာ ဖတ်လေသည်။ ဖတ်ပြီးသွားသောအခါ သူမကို ငေးစိုက်ကြည့်နေ၏။

"ငါ မှတ်မိသလောက်တော့ အဲဒီနေ့က နင့်စာကို ဖြိုး ဖတ်ကြည့်တယ်။ သူ နားမလည်အောင် အင်္ဂလိပ်လိုရေးတယ်ဆိုပြီး မနာလိုစိတ်နဲ့ ဆွဲဖြဲပစ်လိုက်တာ။ ငါ လုလိုက်တော့ ငါ့ဆီမှာ ကျန်နေတာက အပေါ်ပိုင်း။ သူ့ဆီ ပါသွားတာက အောက်ပိုင်း။ သူက ငါ့ကိုညာထားတယ်။ ဒီစာရွက်ပိုင်းကို လုံးခြေလွှင့်ပစ်လိုက်ပြီ...တဲ့။ ငါကလဲ ယုံလိုက်တယ်လေ။ တကယ်တမ်းတော့ သူ့ဆီမှာ ၁၃ နှစ်ကြာအောင် ရှိနေခဲ့တာပဲ"

နန္ဒက စာရွက်ကို ရွရွကလေးခေါက်သိမ်းပြီး ဖြိုး၏ စာအိတ်ထဲသို့ ညင်သာစွာ ထည့်လိုက်၏။

"ဘုရား ဘုရား...၊ မင်းနဲ့ကိုယ် ကံကောင်းလို့ ပြန်ဆုံတာပါလား တင်တင်ဇော်"

"နင့်ဆီကို ဆယ်တန်းတုန်းက ဘာဖြစ်လို့ စာမပြန်တာလဲ ဆိုတာ နင် သိပြီလားဟင်"

သူ ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်ပါသည်။

"လျှို့ဝှက်ချက်တစ်ခု ၁၃ နှစ်ကြာအောင် ထိန်းချုပ် ထွယ်ဝှက်ထားနိုင်ဖို့ တော်ရုံတန်ရုံ မနာလိုမှုမျိုးနဲ့မရဘူး၊ သိလား တာနီ..."

ရင်ထဲမှာ ဝမ်းနည်းလျက်ရှိသော တင်တင်ဇော်သည် သူ့ရှေ့မှာပင် စာအိတ်ကို နှုတ်ခမ်းဖြင့် ထိကပ် နမ်းခိုက် မျက်ရည်တစ်စက် နှစ်စက် လိမ့်ဆင်းကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာကိုယ် ဘာလိုချင်မှန်း မသိခဲ့သော ဇော်သည် ထိုမျက်ရည်များ မည်သူ့အတွက်ကျရကြောင်း ဘယ်တော့မှ သိနိုင်လိမ့်မည်မဟုတ်ပါ။

* * *

ဂျူး

ဂျူးစာပေ

www.burmeseclassic.com